ဆဋ္ဌသံဂါယနာ ဒုတိယသုတ္တန်ပါဠိတော်


သုတ္တန်ကိုဓိဋ္ဌက

မဇ္ဈိမနိကာယ်

သံဂါယနာအာဓေးအာဓေးဖြေ

ဒုတိယအုပ်

မဇ္ဈိမပဏ္ဏာသ ပါဠိတော်
လဋ္ဌကိကောပမသုတ်မှ သင်္ဂါရဝသုတ်အထိ နှင့်
ဥပရိပဏ္ဏာသပါဠိတော် အမေးအဖြေများ ပါဝင်သည်။



နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

သာသနာနှစ် ၂၅၀၁ ခုနှစ် ကောဇာနှစ် ဝါဆို

၂၈၆၆

ဆဋ္ဌသံဂါယနာ ဒုတိယသုန္ဒိပါတ သုတ္တန်္တပိဋကတော်

မဇ္ဈိမနိကာယ်

သံဂါယနာအာဓေးအာဓေါ


ဒုတိယအုပ်

မဇ္ဈိမပဏ္ဏာသ ပါဠိတော်
လဋ္ဌကိကောပမသုတ်မှ သင်္ဂါရဝသုတ်အထိ နှင့်
ဥပရိပဏ္ဏာသပါဠိတော် အမေးအဖြေများ ပါဝင်သည်။



နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

သာသနာနှစ် ၂၅၀၁ ကောဇာနှစ် ၁၃၁၉




ဆဋ္ဌသံဂီတိ သံဃနာယက အဘိဓဇမဟာရဋ္ဌဂုရု
ကျေးဇူးတော်ရှင် ညောင်ရမ်းဆရာတော်ဘုရားကြီး၏ပုံတော်



ဆဋ္ဌသံဂီတိပုစ္ဆာ

အဂ္ဂမဟာပဏ္ဍိတ ဘဒန္တသောဘန (မဟာစည်) ဆရာတော်၏ပုံ



ဆင်ဒသဂတဝဿဇာတက

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒန္တ ဝိစိတ္တသာရာဘိဝံသ ဆရာတော်၏ပုံ

ဆဋ္ဌသံဂါယနာ အမေးအဖြေ

နိဒါန်း

ဤမည်သော ဆဋ္ဌသံဂါယနာ အမေးအဖြေ ကျမ်းတဆူ ထုတ်ပြူလာခြင်း၏ အကြောင်းရင်း နိဒါန်းမှာ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်သော လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာတို့ကို ပေးတော်မူနိုင်သည့် သုတ်, အဘိဓမ္မာ, ဝိနည်း ဒေသနာတော်တို့ကို အနှစ်ငါးထောင်မက ကြာမြင့်သည်တိုင်အောင် တည်ရစ်ရန် အလို့ငှါ အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် ညောင်ရမ်းဆရာတော်ဘုရားကြီးကို အမှူးထား၍ ပြည်ထောင်စု မြန်မာနိုင်ငံ, ယိုးဒယားနိုင်ငံ, သီဟိုဠ်နိုင်ငံ, ကမ္ဘောဒီးယား နိုင်ငံနှင့် လောနိုင်ငံ အပါအဝင် ထေရဝါဒ ဗုဒ္ဓဘာသာ ငါးနိုင်ငံတို့မှ လက်ဦပေသလ သိက္ခာကာမ ပရိယတ္တိဝိသာရဒ ဖြစ်တော်မူကြသော သံဃနာယက, သံဃရာဇာ, သံဃုက္ကဋ္ဌ မထေရ်မြတ်ကြီးတို့ ဦးစီးရွေဆောင်သော သံဂီတိကာရကမထေရ် ၂၅၀၀ ကျော်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရကို သာသနာ့ဒါယကာ အဖြစ် အမှီပြု၍ငင်း နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့နှင့် ပြည်ထောင်စု နိုင်ငံတော်သူ နိုင်ငံတော်သားများကို စတုပစ္စယဒါယကာအဖြစ် အမှီပြု၍ငင်း ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေ ဆဋ္ဌသံဂီတိမဟာပါသာဏ ကျောက်လိုဏ်ဂူတော်ကြီး အတွင်းဝယ် သာသနာနှစ် ၂၄၉၀-ခုနှစ် ကောဇာနှစ် ၁၃၁၄-ခုနှစ် ကဆုန်လပြည့်နေ့မှစ၍ ခြောက်ကြိမ်မြောက် သံဂါယနာသဘင်ကို စတင်တော်မူခဲ့ကြလေသည်၊

ဤသို့ ခြောက်ကြိမ်မြောက် သံဂါယနာ တင်တော်မူကြရာဝယ် ရှေးပဌမ သံဂါယနာ တင်တော်မူစဉ် အခါကာလက သံဃမဟာနာယက အရှင်မဟာ ကဿပ မထေရ်မြတ်ကြီးက တခုတခုသော သိက္ခာပုဒ်, တခုတခုသော တရားဒေသနာတော်ကို "ဘယ်မြို့ ဒေသ ဘယ်ဌာနဌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုအခင်း အကြောင်းရင်း ဝတ္ထုကြောင့် ပညတ်ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင် " စသည်ဖြင့် မေးမြန်းတော်မူသောအခါ ဝိနည်းဆိုင်ရာ၌ အရှင်ဥပါလိ မထေရ်မြတ်က ပညတ်ရာဌာန စသည်တို့ကို ရှင်းလင်းစွာ ဖြေကြား၍ သုတ်, အဘိဓမ္မာဆိုင်ရာ၌ အရှင်အာနန္ဒာ မထေရ်မြတ်က ဟောရာဌာန စသည်တို့ကို ရှင်းလင်းစွာ ဖြေကြားတော်မူကြသကဲ့သို့ ဆိုင်ရာဆိုင်ရာ သုတ်, အဘိဓမ္မာ, ဝိနည်း ဒေသနာတို့ကို မေးရန်, ဖြေရန် ကိစ္စအတွက်လည်း ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃ အဖွဲ့ကြီးက ကြိုတင်၍ စီစဉ်ခဲ့လေသည်၊

သံဂါယနာတင်ရာ၌ သုတ်, အဘိဓမ္မာ, ဝိနည်းတရားတို့ကို အမေးအဖြေ ပြုလုပ်ရန် တာဝန်ကား လွယ်ကူလှသည် မဟုတ်ချေ၊ ပဋ္ဌာန ကျမ်းဂန်အရပ်ရပ်တို့၌

နှံ့စပ် ကျေပြန် မေ့နှောက် ချောက်ချားနိုင်သော တိကွဉာဏ်, ဇဝနဉာဏ်, ဂမ္ဘီရဉာဏ် ထက်သန်အားကောင်း၍ သံဃပရိသတ် လူပရိသတ် အလည်တွင် နှုတ်တက် ရရ တိကျပြတ်သားစွာ ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ ရဲတင်းသောစိတ်ဖြင့် မေးစ့မ်းနိုင်, ဖြေစ့မ်းနိုင်သော ဗျတ္တ, ပဋိဗလဂုဏ် ကုံလုံကြွယ်ဝသည့် ပဂ္ဂလဝိသေသ တို့၏ အရာသာ ဖြစ်ချေသည်၊

ထို့ကြောင့်ပင် ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃအဖွဲ့ကြီးက မဇ္ဈိမနိကာယ် ကြီးကိုမေးတော်မူရန် ပုစ္ဆကပုဂ္ဂိုလ်အဖြစ် ရန်ကုန်မြို့ သာသနရိပ်သာ အဂ္ဂ မဟာပဏ္ဍိတ ဘဒန္တသောဘနထေရ် (မဟာစည်) ကိုဌင်း မဇ္ဈိမနိကာယ်ကြီးကို ဖြေကြားတော်မူရန် ဝိဿဇ္ဇကပုဂ္ဂိုလ်အဖြစ် စစ်ကိုင်းမြို့ မင်းကွန်းဓမ္မနာဒတိုက် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသထေရ် ကိုဌင်း ရွေးကောက် တင်မြှောက်တော်မူခဲ့ကြလေသည်၊

ဤသို့ ရွေးကောက် တင်မြှောက်ခဲ့သည့်အတိုင်း ဆဋ္ဌသံဂီတိ မဟာပါဌာဏ ကျောက်လိုဏ်ဂူတော်ကြီးအတွင်း၌ ထေရဝါဒ ဗုဒ္ဓဘာသာ ငါးနိုင်ငံမှ ကြွရောက် လာကြကုန်သော သံဂီတိကာရက သံဃပရိသတ် လူပရိသတ်တို့၏ အလည်တွင် သံဃမဟာနာယက ဖြစ်တော်မူသော ဘဒန္တ ရေဝတာဘိဓမ္မမဟာရဋ္ဌဂုရု မထေရ် မြတ်ကြီးက ဩကာသဒါနကထာ မြွက်ကြားတော်မူ၍ ပုစ္ဆကထေရ်က ပုစ္ဆနဉာတ်ကိုထားပြီးလျှင် ရွေ့ပလျင်ထက်သို့ တက်ခါ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၍ဌင်း ဝိဿဇ္ဇကထေရ်က ဝိဿဇ္ဇနဉာတ်ကိုထားပြီးလျှင် ဆင်စ့ယ်ဖြင့်စီအပ်သော ယပဝနီးကို ကိုင်လျက် ရွှေ့ပလျင်ထက်သို့ တက်ကာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၍ဌင်း ရွှံ့ရွဲ့ခြင်းကင်း ရဲတင်းသော စိတ်ဖြင့် ရွေးရွေးသော သံဂါယနာ အစဉ်အလာနှင့် အညီ မြတ်စွာဘုရား၏ **အာဟစ္စဘာသိတ** ဒေသနာတော်တို့ကို ပါဠိဗြဟ္မဏမာ နှစ်ဘာသာတို့ဖြင့် တိကျပြတ်သားရှင်းလင်းစွာ နှုတ်တက်ရရ မေးဖြေတော်မူခဲ့ကြလေပြီ၊ မေးဖြေတိုင်းသော ဒေသနာ အစဉ်တို့ကိုလည်း နိုင်ငံတော်အသံလွှင့်ဌာနမှ အသံသွင်းစက်ဖြင့် အသံသွင်းယူပြီးလျှင် မြန်မာ့အသံမှ တဆင့် အသံလွှင့်ခဲ့လေသည်၊ ထို့သို့ အသံလွှင့်ခဲ့သည်ကို ကြားနာကြရသော ရဟန်းရှင်လူ ဒဲပေါင်းတို့သည် အားရတင်းတိမ်ခြင်း မရှိကြသဖြင့် ကျမ်းစာအုပ်တဆူအနေ စက်တင်ပုံနှိပ် ထုတ်ဝေပါရန် တောင်းပန်ကြလေသည်၊

နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကလည်း ပိဋကတော်၏ အဆိုအနှစ် သဖွယ်ဖြစ်သော ဤ သံဂါယနာ အမေးအဖြေတို့ကို မပျောက်မပျက်ရန် အလို့ငှါဌင်း လေ့လာကျင့်သုံး ပွါးများလိုကြသူတို့အဘို့ လွယ်လင့်တကူ ကြည့်ရှု နိုင်ရန် အလို့ငှါဌင်း

၁။ ကျမ်းစာအုပ်အဖြစ် စက်တင်ပုံနှိပ်ရန်

၂။ ဓာတ်ပြားသွင်းရန်

အစီအစဉ် ရှိခဲ့သည့်အတိုင်း အမေးအဖြေ ဒေသနာတော် အသံတိုးကို အသံသွင်းဓာတ်ကြိုးမှ ကူးယူ၍ စက်တင်ပုံနှိပ်ခဲ့သောကြောင့် သံဂါယနာ အမေးအဖြေဟူသော ဤကျမ်းစာတဆူ ထွက်ပြူလာခဲ့ခြင်း ဖြစ်ပါသည်၊

အထူးအားဖြင့် ဤသံဂါယနာ အမေးအဖြေကျမ်း၌ ဆရာတော်နှစ်ပါးမေးဖြေတော်မူကြသော အချက်အလက် များမှာ နာရီပိုင်းမျှ အခွင့်ရသော အချိန်ကာလအတွင်း၌ "အမြတ်ရတနာ အစုအပုံထည်းမှ သင့်ရာသင့်ရာ ရတနာတို့ကို ထုတ်ဆောင်ပြသကဲ့သို့" ဆိုင်ရာဆိုင်ရာ ပိဋကတို့မှ အရေးကြီးသော အချက်အလက်များကိုသာ အချိန်ကာလနှင့် နှိုင်းချိန်၍ မေးဖြေတော် မူကြခြင်း ဖြစ်ပါသောကြောင့် ထို့ထက် ကျယ်ဝန်းပြည့်စုံသော အနက်အဓိပ္ပါယ် မြတ်စွာဘုရား၏ စကားတော်များကို သိလိုကြပါသော သူတော်စင် အပေါင်းတို့သည် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှ ပုံနှိပ် ထုတ်ဝေ ဖြန့်ဖြူးလျက်ရှိပြီဖြစ်ပါသော **ပိဋကမြန်မာပြန်** ကျမ်းကြီးများ၌ ဘတ်ရှုကြည့်ညိုနိုင်ကြပါသည်၊

သို့ဖြစ်၍ အံ့ဘွယ် ရှစ်ပါးနှင့် ပြည့်စုံသော မဟာသမ္ဒရာအတွင်း၌ နစ်မြုပ်၍ နေကြကုန်သော ရတနာ ခုနစ်ပါးတို့ကို ယူဆောင်၍ ပြလိုက်သကဲ့သို့ အံ့ဘွယ် ရှစ်ဖြာ သာသနာမှ ဝိမုတ္တိရသ အမတမြိုက် ချမ်းသာတည်းဟူသော အဆီအနှစ် ဒေသနာတို့ကို ထုတ်ဆောင်၍ ပြရာဖြစ်သော ဤ **သံဂါယနာ အမေးအဖြေ** ကျမ်းကို ရဟန်းရှင်လူ ခပ်သိမ်းသူတို့ ဘတ်ရှုလေ့လာ ကျင့်သုံးနိုင်ကြ ပါစေကုန်သတည်း။

[ပုံ] အသျှင်နာဂဝံသာဘိဝံသ

[ပုံ] အသျှင်ဝိသုဒ္ဓါဘိဝံသ

အကျိုးတော်ဆောင်ဆရာတော်များ

ဆဋ္ဌသံဂါယနာဝန်ဆောင်သံဃအဖွဲ့

၁၃၁၈-ခု၊ နယုန်လဆန်း ၆-ရက် ကြာသပတေးနေ့

မဇ္ဈိမပဏ္ဏာသပါဠိတော် အမေးအဖြေ

မာတိကာ

အကြောင်းအရာ					စာမျက်နှာအမှတ်
လဋ္ဌကိကောပမသုတ်	....	....	....	....	၁
စာတုမသုတ်	....	....	....	....	၁၀
နဠကပါနသုတ်	....	....	....	....	၁၇
ဂေါလိယာနိသုတ်	....	....	....	....	၁၈
ကီဋာဂိရိသုတ်	....	....	....	....	၁၉
တေဝိဇ္ဇဝစ္ဆသုတ်	....	....	....	....	၂၁
အဂ္ဂိဝစ္ဆသုတ	....	....	....	....	၂၃
မဟာဝစ္ဆသုတ်	....	....	....	....	၂၃
ဒီဃနခသုတ်	....	....	....	....	၂၈
မာဂဏ္ဍိယသုတ်	....	....	....	....	၃၃
သန္ဓကသုတ်	....	....	....	....	၄၃
မဟာသကုလုဒါယီသုတ်	....	....	....	....	၅၈
သမဏမုဏ္ဍိကသုတ်	....	....	....	....	၆၂
စူဠသကုလုဒါယီသုတ်	....	....	....	....	၆၃
ဝေခနသသုတ်	....	....	....	....	၆၅
ဃဋိကာရသုတ်	....	....	....	....	၆၆
ရဋ္ဌပါလသုတ်	....	....	....	....	၆၇
မဃဒေဝသုတ်	....	....	....	....	၇၀
မဓုရသုတ်	....	....	....	....	၇၁
ဗောဓိရာဇကုမာရသုတ်	....	....	....	....	၇၃
အင်္ဂုလိမာလသုတ်	....	....	....	....	၉၁
ပယာဇာတိကသုတ	....	....	....	....	၉၂
ဗာဟိတိကသုတ်	....	....	....	....	၉၃
ဓမ္မစေတိယသုတ်	....	....	....	....	၉၆

[ခ] မင်္ဂျိမပဏ္ဏာသပါဠိတော် အမေးအဖြေ

အကြောင်းအရာ					စာမျက်နှာအမှတ်
ကဏ္ဏကတ္ထလသုတ်	....	....	....	....	၉၅
ဖြဟ္မာယုသုတ်	....	....	....	....	၉၅
သေလသုတ်	....	....	....	....	၁၁၄
အဿလာယနသုတ်	....	....	....	....	၁၁၆
ဃောဋမုခသုတ်	....	....	....	....	၁၁၉
စင်္ကီသုတ်	....	....	....	....	၁၂၀
သေကာရိသုတ်	....	....	....	....	၁၂၂
ဓနဉ္ဉာနိသုတ်	....	....	....	....	၁၂၅
ဝါသေဋ္ဌသုတ်	....	....	....	....	၁၃၅
သုဘသုတ်	....	....	....	....	၁၃၇
သင်္ခါရဝသုတ်	....	....	....	....	၁၄၁

မင်္ဂျိမပဏ္ဏာသပါဠိတော် အမေးအဖြေ မာတိကာ ပြီးပြီ။

ဥပရိပဏ္ဏာသပါဠိတော် အမေးအဖြေ

မဇ္ဈိမကာ

အကြောင်းအရာ					စာမျက်နှာအမှတ်
ဒေဝဒဟသုတ်	....	....	....	....	၁၄၅
ပဉ္စတ္တယသုတ်	....	....	....	....	၁၄၅
ကိန္နိသုတ်	....	....	....	....	၁၄၆
သာမဂါမသုတ်	....	....	....	....	၁၅၅
သုနက္ခတ္တသုတ်	....	....	....	....	၁၅၈
အာနဉ္ဇသပ္ပါယသုတ်	....	....	....	....	၁၆၁
ဂဏကမောဂ္ဂလ္လာနသုတ်	....	....	....	....	၁၆၂
ဂေါပကမောဂ္ဂလ္လာနသုတ်	....	....	....	....	၁၇၀
မဟာပုဏ္ဏမသုတ်	....	....	....	....	၁၈၂
စူဠပုဏ္ဏမသုတ်	....	....	....	....	၁၈၄
အနုပဒသုတ်	....	....	....	....	၁၈၈
ဆဗ္ဗိသောဓနသုတ်	....	....	....	....	၁၉၂
သပ္ပုရိသသုတ်	....	....	....	....	၁၉၃
သေဝိတဗ္ဗာသေဝိတဗ္ဗသုတ်	....	....	....	....	၁၉၄
ဗဟုဓာတုကသုတ်	....	....	....	....	၁၉၅
ဣသိဂိလိသုတ်	....	....	....	....	၁၉၅
မဟာစတ္တာရီသကသုတ်	....	....	....	....	၁၉၆
အာနာပါနဿတိသုတ်	....	....	....	....	၁၉၇
ကာယဂတာသတိသုတ်	....	....	....	....	၁၉၈
သင်္ခါရုပပတ္တိသုတ်	....	....	....	....	၂၀၀
စူဠသုညတသုတ်	....	....	....	....	၂၀၂

ဥပရိပဏ္ဏာသပါဠိတော် အမေးအဖြေ

အကြောင်းအရာ					စာမျက်နှာအမှတ်
မဟာသုညတသုတ်	....	....	....	....	၂၀၄
အစ္ဆရိယအဗ္ဘုတသုတ်	....	....	....	....	၂၀၅
ဗာကုလသုတ်	....	....	....	....	၂၀၇
ဒန္တဘူမိသုတ	....	....	....	....	၂၀၇
ဘူမိဇသုတ်	....	....	....	....	၂၁၆
အနုရုဒ္ဓသုတ်	....	....	....	....	၂၂၄
ဥပက္ကိလေသသုတ်	....	....	....	....	၂၂၅
ဗာလပဏ္ဍိတသုတ်	....	....	....	....	၂၂၆
စူဠကမ္မဝိဘင်္ဂသုတ်	....	....	....	....	၂၄၄
ကုန္ဒိယဘာဝနာသုတ်	....	....	....	....	၂၆၀

ဥပရိပဏ္ဏာသပါဠိတော် အမေးအဖြေ ပြီးပြီ။

သင်္ဂါယနာအဖေးအဖြေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

လဋ္ဌကိကောပမသုတ်

ပုစ္ဆာ။ ။လဋ္ဌကိကောပမသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ
ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။အင်္ဂုတ္တရာပေသု ဘန္တေ အာပဏော နာမ အင်္ဂုတ္တရာပါနံ နိဂမေ
အာယသ္မန္တံ ဥဒါယိံ အာရဗ္ဘ ဘာသိတံ။ အာယသ္မာ ဘန္တေ
ဥဒါယီ ဘဂဝန္တံ ဥပသင်္ကမိတ္ဝာ ဧတဒဝေါစ "ဣဓ မယှံ
ဘန္တေ ရဟောဂတဿ ပဋိသလ္လီနဿ ဧဝံ စေတသော ပရိ-
ဝိတက္ကော ဥဒပါဒိ "ဗဟူနံ ဝတ နော ဘဂဝါ ဒုက္ခဓမ္မာနံ
အပဟတ္တာ၊ ဗဟူနံ ဝတ နော ဘဂဝါ သုခဓမ္မာနံ ဥပဟတ္တာ၊
ဗဟူနံ ဝတ နော ဘဂဝါ အကုသလာနံ ဓမ္မာနံ အပဟတ္တာ၊
ဗဟူနံ ဝတ နော ဘဂဝါ ကုသလာနံ ဓမ္မာနံ ဥပဟတ္တာ'တိ"။
တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ ။

အမေး။ ။ဗီလုံးဌက်ငယ် ဥပမာကို ပြု၍ ဆုံးမရာ ဖြစ်သောကြောင့်
လဋ္ဌကိကောပမ မည်သော သုတ္တန် တရားဒေသနာတော်ကို သဗ္ဗညု မြတ်စွာ
ဘုရားသည် အဘယ် အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်
သို့သော အင္ဂုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အမေးအဖြေ ၅–၁

အဖြေ။ ။အင်္ဂုတ္တရာပတိုင်း အဝင်အပါ အာပဏနိုဂုံးအရပ်၌ အရှင်ဥဒါယီမထေရ်သူမြတ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

အရှင်ဥဒါယီ မထေရ်သူမြတ်သည် အင်္ဂုတ္တရာပတိုင်း အာပဏနိုဂုံး၏ အနီးအပါး တောအုပ်အရပ်ဝယ် သစ်ပင်ရင်းတခု၌ နေ့သန့်တော်မူပြီးသော သဗ္ဗညူမြတ်စွာဘုရား ထံမှောက်သို့ သွားရောက်၍ ဘုန်းတော်အလှန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား .... တပည့်တော်အား ယနေ့အခါ ဆိတ်ငြိမ်ရာကပ်၍ တယောက်ထည်းတည်း ကိန်းအောင်းစဉ် ဤသို့ အကြံ ဖြစ်ပါသည်။

ဘုန်းတော်အလှန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားသည် ငါတို့၏ များစွာသော ဆင်းရဲဒုက္ခကို ပယ်ရှားတော် မူတတ်ပါပေသည်၊ များစွာသော ချမ်းသာ သုခသို့ရောက်အောင် ပို့ဆောင်တော်မူတတ်ပါပေသည်၊ များစွာသော အကုသိုလ်တရားတို့ကို ပယ်ရှားတော်မူတတ်ပါပေသည်၊ များစွာသော ကုသိုလ်တရားတို့နှင့် ပြည့်စုံအောင် စောင့်ဆောင်တော်မူတတ်ပါပေသည်။

ဘုန်းတော် အလှန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... အခါတပါးက ရှင်တော်ဘုရားသည် တပည့်သား သာဝကတို့အား နေမှန်းလွဲပြီးသောအခါ နေ့လည်စာ စားခြင်းမှ ရှောင်ကြဉ်ကြရန် တိုက်တွန်းတော်မူပါသည်၊ ထိုစဉ်က ဘုရားတပည့်တော်၏ စိတ်ဝယ် တပါးသော အခြင်းအရာအားဖြင့် ဖောက်ပြန်ခြင်း နှလုံးမသာယာခြင်း ဖြစ်ခဲ့ရပါသည်။

သို့စေကာမူ ရှင်တော်ဘုရား အပေါ်၌ ချစ်ခင်ခြင်း ပေမ, ရိုသေခြင်း ဂါရဝ, ရှက်ခြင်း ဟိရိ, ထိတ်လန့်ခြင်း ဩတ္တပ္ပတို့ကို ရှုမြော်ပြီးလျှင် တပည့်တော်တို့သည် ရှင်တော်ဘုရား ပယ်ရှားရမည်ဆိုသော မှန်းလွဲနေ့စာ စားခြင်းကို ပယ်ရှားခဲ့ပါသည်။

ဘုန်းတော် အလှန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... နောက်အခါ၌လည်း ရှင်တော်ဘုရားသည် ညစာ စားမှုကို ပယ်ရှားရန် ရဟန်းတော်တို့အား တိုက်တွန်းတော် မူခဲ့ပါသည်၊ ထိုအခါမှာလည်း တပည့်တော်၏ စိတ်မှာ ဖောက်ဖောက်ပြန်ပြန် ထွေထွေမှားမှား နှလုံးမသာမယာ ဖြစ်ခဲ့ရပါသည်။

ဤလောကဝယ် မွန်မြတ်သော ခဲ့ဖွယ် ဘောဇဉ်တို့သည်ကား ညအခါ မှာမှ ဖြစ်ချေသည်၊ ထိုသို့ ညအခါမှာမှ ဖြစ်သော ခဲ့ဖွယ်ဘောဇဉ်တို့ကို သော်လည်း သဗ္ဗညုမြတ်စွာဘုရားသည် မစားဘို့ရန် ပယ်မြစ်တော်မူခဲ့ချေပြီဟု စိတ်နှလုံး ဖောက်ဖောက်ပြန်ပြန် ထွေထွေပြားပြား စိတ်နှလုံး မသာမယာ ဖြစ်ခဲ့ရပါသည်။

ဘုန်းတော်အလှန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ညစာ စားမှုကို ရှင်တော်ဘုရား ဟန့်တားတော် မမူမီ ရှေးအဘို့က ရဟန်း တော်တို့သည် ညအခါဝယ် ဆွမ်းခံ ကြွကြသဖြင့် ဆူးတွင်းသို့လည်း ကျခဲ့ကြပါသည်၊ တံစည်းတွင်း အမိုက်သရိုက်တွင်း အညစ်အကြေးတွင်းသို့လည်း ကျခဲ့ကြပါကုန်သည်၊ ညမှောင်ကြီးထည်း၌ အိပ်ရှိနေသော နွားတို့ကိုလည်း နင်းမိခဲ့ကြပါကုန်သည်၊ ခိုးမှု တိုက်မှု ပြု၍ ပြီး မပြီးသေးသော ခိုးသားတို့နှင့် လည်း တွေ့ဆုံခဲ့ကြရပါသည်၊ ဤသို့ စသည့် များစွာသော ဘေးရန်တို့နှင့် တွေ့ကြုံခဲ့ရပါသည်။

တပည့်တော် ကိုယ်တိုင်ပင် ရှေးအခါက ညအခါဝယ် လျှပ်နွယ်တို့၏ အကြားမှ ဆွမ်းခံသွားခဲ့ပါသည်၊ ထိုအခါ အမျိုးသမီးတယောက်သည် လျှပ်နွယ်အကြားမှ မိမိတို့၏ အိမ်၌ရှိသော အိုးခွက်တို့ကို ဆေးကြော၍ ဘုရားတပည့်တော်ကို မြင်သည်တွင် ပြင်းစွာထိတ်လန့်၍ **မြေဘုတ်ဘီလူး** ဟူသော အမှတ်ဖြင့် လန့်ဖြန့်၍ အော်ခဲ့ပါသည်၊ ထိုအခါ ဘုရားတပည့်တော်က မြေဘုတ်ဘီလူး မဟုတ်ကြောင်း ရဟန်းတော် ဖြစ်ကြောင်း ပြန်ပြော ပြောဆို သည်တွင်....

ဘိက္ခုဿ အာတုမာရီ၊ ဘိက္ခုဿ မာတုမာရီ အစရှိသည်ဖြင့်-ရဟန်း တော်ရဲ့ ဘခင် သေလို့လား.... ရဟန်းတော်ရဲ့ မိခင် သေလို့လား.... အစရှိသည်ဖြင့် များစွာရေရွတ်ခဲ့ပါသည်။

ထိုအကြောင်းအရာ အလုံးစုံကို စဉ်းစားမိသော ဘုရားတပည့်တော်၏ စိတ်သန္တာန်ဝယ် ဤသို့ အကြံ ဖြစ်ပါသည် "ဘုန်းတော် အလှန်တရာ ကြီး မြတ်တော်မူလှသော သဗ္ဗညုမြတ်စွာဘုရားသည် ငါတို့အား များစွာသော ဆင်းရဲဒုက္ခမှ လွတ်အောင် ပယ်ရှားတော်မူပါပေသည်၊ ငါတို့၏ များစွာသော ချမ်းသာသုခရအောင် ရွက်ဆောင်တော်မူပါပေသည်၊ ငါတို့အား များစွာ သော အကုသိုလ်တရားတို့မှ လွတ်အောင်ပယ်ရှား ဟန့်တားတော်မူပါပေ

သည်၊ ငါတို့အား မျှားစ့ဉ်သော ကုသိုလ်တရားတို့၌ တည်အောင် စောင့်ဆောင်တော်မူပါပေသည်”ဟု အကြံအစည် ဖြစ်ခဲ့ပါသည် ဟု လျှောက်ထားပါသည်။

ဤသို့လျှင် ရှင်ဥဒါယီ မထေရ်သူမြတ် ကောင်းမြတ်သော သမ္မာသင်္ကပ္ပ အကြံအစည် ဖြစ်ပုံကို လျှောက်ထားသော အဋ္ဌုပ္ပတ်ကြောင့် ဤသုတ္တန် ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စ့ဉ်ဘုရား ဟောကြားတော်မူအပ်ပါသည့် အရှင်ဘုရား။

ပုစ္ဆာ။ ။အထ ခေါ အာဝုသော ဘဂဝါ ကီဒိသီ ဥပမာယော ဒဿေတ့ဉ် ဘိက္ခူနံ သြဝါဒံ အဒါသိ။

ဝိဿဇ္ဇနာ။ ။အထ ခေါ ဘဒ္ဓေ ဘဂဝါ လဋုကိကောပမံ ဟတ္ထိ-နာဂေါပမံ ဒလိဒ္ဒပုရိသောပမံ ဂဟပတိကောပမဉ္စီ စတဿော ဥပမာယော ဒဿေတ့ဉ် ဘိက္ခူနံ သြဝါဒ-မဒါသိ။

အမေး။ ။ထိုအခါ ကာလ၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စ့ဉ်ဘုရားသခင်သည် အဘယ်သို့သော ဥပမာတို့ကို ဆောင်ပြတော်မူပြီးလျှင် ရဟန်းတော်တို့အား ကရုဏာတော်၌ ရှေထားလျက် အဆုံးအမ သြဝါဒကို ပေးသနားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုအခါ သဗ္ဗညုမြတ်စ့ဉ်ဘုရားသည် ဤလောကဝယ် နှံစုတ်ငှက်ငယ်သည် ရှိပေ၏။ ထိုနှံစုတ်ငှက်ငယ်အား ဆင်သမန္နယ် တည်းဟူသော အနည်းငယ်မျှသော နွယ်ဖြင့် နှောင်မိ ဖဲ့မိသည်ရှိသော် ထိုနွယ်အနှောင်အဖဲ့ကိုပင် လွတ်အောင် မရုန်းနိုင်ဘဲ ထိုဖဲ့မိ နှောင်မိရာမှာပင်လျှင် သေခြင်းသို့ရောက်ရာပေသည်။ ချစ်သား ဥဒါယီ....ထိုသို့ရောက်သည်ကို ထိုနှံစုတ် ငှက်ငယ်အား ဖဲ့မိသော အနှောင်အဖဲ့သည် ထိုနှံစုတ်ငှက်ငယ်အဘို့ ကြီးကြယ်သော အနှောင်အဖဲ့မဟုတ်၊ သေးငယ်လှသော အနှောင်အဖဲ့ ဟု ဆိုနိုင်မည်လော ဟု မိန့်ကြားတော်မူပါသည်။

ကြီးကြယ်သော အနှောင်အဖဲ့မဟုတ်၊ သေးငယ်သော အနှောင်အဖဲ့ ဟု မဆိုနိုင်ပါကြောင်း။ စင်စစ်မှာမူ ထိုနှံစုတ်ငှက်ငယ်အဘို့ ထိုဆင်သမန္နယ် တည်းဟူသော သေးသ့ယ်သော အနှောင်အဖဲ့သည်ပင်လျှင် ကြီးကျယ်သော အနှောင်အဖဲ့ဖြစ်၍နေကြောင်း ပြန်ပြောင်းလျှောက်ထားပါသည်။

ထို့အခါ သဗ္ဗညုမြတ်စွာဘုရားက ဤအတူပင်လျှင် ဤငါဘုရား သာသနာတော်၌ နှံစုတ်ငှက်ငယ်ပမာ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ တည်းဟူသော ဗိုလ်ငါးပါး အားကြီးငါးခုတို့ နည်းပါးလှသော အခ္ခါအခ္ခါသော သံဃာတော် ရဟန်းတော်တို့ အဘိုရန်မှာ မပြောပလောက်သည့် နေ့လဲ့ညစာ စားခြင်းကို ပယ်ရှားဘို့ရန် ငါဘုရားက ဟန့်တားပါသော်လည်း မပယ်ရှားနိုင်ဘဲရှိကြသည်၊ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ တည်းဟူသော ဗိုလ်ငါးပါး အားနည်းလှသဖြင့် ထိုမျှလောက်သော မပြောပလောက်သော ရှောင်ကြဉ်ဘွယ်ကိစ္စကိုပင်လျှင် အကြီးအကြယ် အနှောင်အဖွဲ့ ဖြစ်၍ နေကြပေသည်။

ချစ်သား ဥဒါယီ .... ထိုမှတပါး ဥပမာတနည်းသော်ကား ဤလောကငယ် စစ်မြေပြင်အရပ်၌ ကျက်စားသော မင်းစီးဆင်သည် ရှိရာ၏၊ ထိုမင်းစီးဆင်ကို ကြီးစွာသော သံကြိုးအနှောင်အဖွဲ့တို့ဖြင့် နှောင်ဖွဲ့ပါသော်လည်း ကိုယ်ကို ညှတ်ခါမျှ တကြိမ်တဖန် တရံတခါမျှ ရုန်းခါမျှဖြင့် ထိုသံကြိုးကို အထုံးလိုက် အပိုင်းလိုက် ပြတ်စေရာပေသည်၊ ဤသို့ ပြတ်စေခြင်းဖြင့် ဤဆင်ပြောင်ကြီး အဘိုရန်မှာ ဤကြီးစွာသော သံကြိုးသည် ကြီးစွာသော အနှောင်အဖွဲ့ဟူ၍ ဆိုရပါမည်လော၊ သေးသွယ်သော အနှောင်အဖွဲ့ ဟူ၍သာ ဆိုရပါမည်လော ဟု မေးမြန်းတော်မူသောအခါ——

ခွန်အားဗလ ကြီးမားလှသော ဆင်ပြောင်ကြီး အဘိုရန် ဤကြီးစွာသော သံကြိုးအနှောင်အဖွဲ့ပင် ဖြစ်လင့်ကစား ကြီးစွာသော အနှောင်အဖွဲ့ဟူ၍ မဆိုစလောက် သေးငယ်သော အနှောင်အဖွဲ့ဟူ၍သာလျှင် ဆိုရပါမည် ဖြစ်ကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင်——

ချစ်သား ဥဒါယီ....ထို့အတူပင်လျှင် ဆင်ပြောင်ကြီးဥပမာ ကြီးလှစွာသော သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ တည်းဟူသော ဗိုလ်ငါးပါး အားကြီး ငါးခုတို့နှင့် ပြည့်စုံသော ငါဘုရား၏ တပည့်သား သာဝကတို့သည် နေ့လဲ့ညစာ စားခြင်း တည်းဟူသော အနည်းငယ်မျှကို မဆိုထားပါဘိ အနမတဂ္ဂ သံသရာကပင် အထုံဝါသနာပါခဲ့၍ ထို့ထက်ပင် ဖြတ်တောက်ရန် ရှောင်ကြဉ်ရန် ခဲယဉ်းလှစွာသော အထက် အထက် ဖြစ်သော သိက္ခာပုဒ်တို့ကိုပင် ပညတ်သော်လည်း ဤမျှလောက်သော ရှောင်ကြဉ်ဘွယ်ကို ငါတို့ အဘယ်မှုစအံ့နည်းဟု ဆင်ပြောင်ကြီးပမာ ကြီးစွာသော သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ ဗိုလ်ကြီးငါးပါး အားကြီး ငါးခုတို့ဖြင့် အနမတဂ္ဂ သံသရာတခွင်က ပါလာခဲ့

သော အနှောင်အဖွဲ့တို့ကို အလွယ်တကူနှင့်ပင် ဖြတ်တောက်ပစ်နိုင်ကြပေသည်။

ချစ်သား ဥဒါယီ.... ထိုမှတပါး ဥပမာ တနည်းသော်ကား ဤလောကဝယ် လွန်စွ လွန်စွာ ဆင်းရဲလှသော ဆင်းရဲသား ယောကျ်ားတယောက် ရှိရာသည်၊ ထိုဆင်းရဲသား အဘို့ရန်မှာ မိုးမလုံသောအိမ်တခု ဖရိုဖရဲ ကဲ့သော ခုတင်တခု အရုပ်အဆင်းမလှပသော အိမ့်ရှင်ဇနီးတယောက် ရှိသည်ဆိုပါစို့။

ထိုဆင်းရဲသား ယောကျ်ားသည် ကျောင်းတော်သို့ သွားရောက်ပြီးလျှင် ရဟန်းတော်တပါး ချမ်းချမ်းသာသာနှင့် ရဟန်းတရား ပွါးများ အားထုတ်သည်ကို မြင်၍ ငါသည်လည်း ထို့အတူပင် ရဟန်းပြုပါသော်ကော ဟု ရဟန်းပြုမည့်ကြံလျှင် မိမိမှာ ရှိရင်းစွဲဖြစ်သော မိုးမလုံသော အိမ်သည်ပင်လျှင် သိကြားမင်း၏ စည်းစိမ်ပမာ မိမိရှိရင်းစွဲဖြစ်သည့် အိမ်သူဇနီးကိုပင်လျှင် နတ်သမီးပမာ ထင်မှတ်၍ ထိုသံယောဇဉ် အနှောင်အဖွဲ့ကလေးကို မဖြတ်နိုင် မတောက်နိုင်ရာ၊ ဤယောကျ်ားအပေါ် ဝယ် ဤမျှ အနည်းငယ်သော အနှောင်အဖွဲ့သည် သေးသွယ်သော အနှောင်အဖွဲ့ဟူ၍ ဆိုနိုင်ရာပါသလော။

မဆိုနိုင်ရာပါ သဗ္ဗညုမြတ်စွာဘုရား.... ဤမျှ ခွန်အားနည်းသော ယောကျ်ားအဘို့ရန် ဤမျှသေးသွယ်သော အနှောင်အဖွဲ့သည် ပင်လျှင် ကြီးစွာသော အနှောင်အဖွဲ့ဖြစ်၍ နေပါပေသည် ဟု လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ထို့နည်းအတူပင် ဤသာသနာတော်ဝယ် သဒ္ဓါ ဝိရိယ သတိ သမာဓိ ပညာ တည်းဟူသော ဗိုလ်ငါးပါး အာနည်းကြသော အခြို့အခြို့သော ဘဒ္ဒါလိတို့ကဲ့သို့သော ရဟန်းတော်တို့သည် မပြောပလောက်သည့် နေလဲ့ ညစာ စားဘို့ရန် ရှောင်ကြဉ်ဘို့ရန် ငါဘုရား ဟောကြားသည်ကိုပင် ငါဘုရား၏ အပေါ်ဝယ် မကျေနိုင် မချမ်းနိုင် ဖြစ်၍ ထိုအနှောင်အဖွဲ့ ထိုနေလဲ့ညစာ စားခြင်း ကိစ္စမှ ရှောင်ကြဉ်ဘို့ရန် ခဲယဉ်းကြပေသည်။

ထိုသို့ ဘဒ္ဒါလိ အစရှိသော ရဟန်းများကဲ့သို့ သဒ္ဓါ ဝိရိယ သတိ သမာဓိ ပညာတည်းဟူသော ဗိုလ်ငါးပါး အာနည်းသော ပုဂ္ဂိုလ်တို့ အဘို့ရန် ထိုနေလဲ့ ညစာ စားခြင်း အစရှိသော အနည်းငယ်မျှသော အနှောင်အဖွဲ့သည်ပင် ကြီးစွာသော အနှောင်အဖွဲ့ဖြစ်၍ နေချေသည်။

ချစ်သား ဥဒါယီ.... ထိမှတပါး ဥပမာတနည်းသော်ကား ဤလောကဃယ် များစွာသော ရွှေ ငွေ များစွာသော လယ် ယာ မြေ များစွာသော ကျွန်ယောကျ်ား ကျွန်မိန်းမ များစွာသော အိမ်သူ ဇနီးတို့နှင့် ပြည့်စုံသော သူကြွယ်ဖြစ်စေ သူကြွယ့်သားတယောက်ဖြစ်စေ ရှိသည်ဆိုပါစို့။

ထိုသူကြွယ် ထိုသူကြွယ့်သားသည် ကျောင်းတော်သို့ သွား၍ ရဟန်းတော် တပါး ရဟန်းတရား ပွါးများ အားထုတ်နေသည်ကို မြင်၍ အားကျခါ ရဟန်းတရားကို ပွါးများအားထုတ်ရန် အလို့ငှါ မိမိရှိရင်းစဲ့ ဖြစ်သော များစွာသော ရွှေစင် များစွာသော ဆန်ရေစပါး များစွာသော အိမ်သူသက်ထား များစွာသော ကျွန်ယောကျ်ား ကျွန်မိန်းမ များစွာသော လယ်မြေတို့ကို စွန့်ပစ်ကာ သာသနာတော်ဝန်ထမ်း ရဟန်းပြု၍ အရဟတ္တဖိုလ်ပေါက် အားထုတ် နိုင်သည် ဆိုပါစို့။ ထိုအမျိုးကောင်းသား သူကြွယ် သူကြွယ့်သား အဘို့ရန် ထိုများစွာသော စည်းစိမ်ဥစ္စာ လယ်မြေတို့သည် ကြီးစွာသော အနှောင်အဖဲ့ ဖြစ်ရပါသလော ချစ်သားဥဒါယီ....ဤသို့ မေးမြန်းသောအခါ

သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ တည်းဟူသော ဗိုလ်ငါးပါး အားကြီး ငါးခု ပြင်းထန်လှသဖြင့် ထိုအမျိုးကောင်းသား သူကြွယ် သူကြွယ့်သားအဘို့ ရန်မှာ ထိုမျှ များပြားလှစွာသော စည်းစိမ်ဥစ္စာတို့သည် ကြီးကျယ်သော အနှောင်အဖဲ့ မဖြစ်နိုင်ကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင်—

ချစ်သား ဥဒါယီ.... ဤနည်းအလားတူပင် ဤငါဘုရားသာသနာတော်၌ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ တည်းဟူသော ဗိုလ်ငါးပါး အားကြီးငါးခု စွမ်းစွမ်းတမန်နှင့် ပြည့်စုံကြသော သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တာ အမျိုးကောင်းသားတို့သည် ငါဘုရားက ဤအရာ ဤအရာကို ပယ်စွန့်ရမည်ဟု မိန့်ကြားတော်မူလိုက်လျှင်ပင် ဤမျှသော အရာကို ပယ်စွန့်ရန် အဘယ်မှာလျှင် ဝန်လေးအံ့နည်းဟု ဝန်မလေးဘဲ လျင်မြန်စွာလျှင် ပယ်စွန့်ကြပေသည်၊ ငါဘုရား အပေါ် ဝယ် မနှစ်သက်ခြင်း အမျက်ထွက်ခြင်းကိုလည်း မပြကြပေကုန်။

ဤသို့လျှင် သဗ္ဗညုမြတ်စွာဘုရားသည် နှံစုတ်ငယ် ဥပမာ ဆင်ပြောင်ကြီး ဥပမာ ဆင်းရဲသားယောကျ်ားဥပမာ များစွာသော စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသော သူကြွယ် သူကြွယ့်သားဥပမာ ဤဥပမာလေးပါးဖြင့် ရဟန်းတော် အရှင်သူမြတ်တို့အား အရှင်ဥဒါယီမထေရ်ကို အမှူးထား၍ သြဝါဒစကား မိန့်ကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဝေဠုဝုသော ဘဂဝါ စတူဟိ ဥပမာဟိ ဘိက္ခူနံ ဩဝါဒံ ဒတွာ ကထံ ဥတ္တရိ မမ္မဒေသနံ ပဝတ္တေသိ။

ဝိဿဇ္ဇနာ။ ။ဝေံ ခေါ ဘန္တေ ဘဂဝါ စတူဟိ ဥပမာဟိ ဘိက္ခူနံ ဩဝါဒံ ဒတွာ "စတ္တာရော မေ ဥဒါယိ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိ"န္တိ ဧဝမာဒိနာ ဥတ္တရိ ဘိက္ခူနံ မမ္မကထံ ပဝတ္တေသိ။

အမေး။ ။ဤသို့ ငါ့ရှင် ဖြေကြားသည့်အတိုင်းပင် သဗ္ဗညုမြတ်စွာဘုရားသခင်သည် လေးခုသော ဥပမာတို့ဖြင့် ရဟန်းတော်တို့အား အဆုံးအမ ဩဝါဒကို ပေးတော်မူပြီးလျှင် ထိုမှ နောက်ကာလ၌ အဘယ်သို့သော တရားဒေသနာတော်မြတ်ကို ဆက်လက်၍ တိုးပွါးကာ ဟောကြားပြန်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုသို့ ဥပမာလေးရပ်တို့ဖြင့် ရဟန်းတော်တိအား အဆုံးအမ ဩဝါဒ ပေးတော်မူပြီးလျှင် သဗ္ဗညုမြတ်စွာဘုရားသည် စတ္တာရောမေ ဥဒါယိ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိ ံ အစရှိသည်ဖြင့် ချစ်သား ဥဒါယီ....ဤငါဘုရား သာသနာတော်ငယ် ပုဂ္ဂိုလ်လေးမျိုးရှိကြပေသည်။

၁။ ပဌမပုဂ္ဂိုလ်မှာ ဥပဓိ လေးတန်ကို ပယ်စွန့်ရန် ကြိုးစား အားထုတ်ပါသော်လည်း ဥပဓိလေးပါးကို မပယ်ရှားနိုင်ဘဲ ဥပဓိလေးပါး နောက်သို့ လိုက်သည့် အကြံအစည်တို့ ဖြစ်၍ နေပေသည်၊ ထို ဖြစ်သော အကြံအစည်တို့ကို လည်း မပယ်ရှားနိုင်သည့် ပုဂ္ဂိုလ် တပါး။

၂။ ထို ဖြစ်ပေါ်လာသော ဥပဓိ လေးပါးနှင့် စပ်လျဉ်းသည့် အကြံအစည်ကို ပယ်ရှားနိုင်သည့် ပုဂ္ဂိုလ်တပါး။

၃။ ထိုဖြစ်ပေါ်လာသော ဥပဓိ လေးပါးနှင့် စပ်သွယ်သည့် အကြံအစည်တို့ကို တခဏအတွင်း လျှင်လျှင် မြန်မြန် ပယ်ရှားနိုင်သော ပုဂ္ဂိုလ်တပါး။

၄။ ဥပဓိလေးပါး ပယ်ရှားရန် ကျင့်ကြံရာတွင် ဥပဓိလေးပါးသို့ လိုက်သော အကြံအစည်မဖြစ်ဘဲ၊ ဥပဓိလေးပါး ခန္ဓာတရားတို့သည်ကား ဒုက္ခ၏ အကြောင်းရင်းဖြစ်သည် ဟု ပိုင်းပိုင်း ခြားခြားသိပြီးလျှင် ဥပဓိလေးတန် လွှတ်ရာမှန်ကည့် နိဗ္ဗာန်၌ အာရုံပြုသောအားဖြင့် လွှတ်မြောက်သော ပုဂ္ဂိုလ်တပါးဟူ၍ ပုဂ္ဂိုလ်လေးမျိုး လေးစားရှိပေသည်။

ချစ်သား ဥဒါယီ.... ဤလောကဝယ် သုခ နှစ်မျိုး ရှိပါသည်၊ ၁-ကာမသုခ၊ ၂-အရိယသုခ ဟူ၍ သုခ နှစ်မျိုး ရှိပေသည်။ အာရုံငါးပါးကို စွဲ၍ ဖြစ်သော သုခကို ကာမသုခ ဟူ၍ ဆိုရပေသည်၊ ပဌမစျာန် ဒုတိယ တတိယ စတုတ္ထစျာန် တည်းဟူသော စျာန်ချမ်းသာကိုကား အရိယသုခ ဟူ၍ ဆိုရပေသည်။

ချစ်သား ဥဒါယီ.... အရိယာတို့ မှီဝဲသုံးစွဲသည့် စျာန်ချမ်းသာပင်သော်လည်း ပဌမစျာန် ဒုတိယစျာန် တတိယစျာန်တို့မှာ တုန်လှုပ်သည့် ဣဇိတ တရားဟူ၍သာလျှင် ငါဘုရား ဟောဆိုပေသည်။ စတုတ္ထစျာန်မှာမှ မတုန်လှုပ်သည့် အနိဇိတ တရားဟူ၍ ငါဘုရားဟောဆိုပေသည်။

ချစ်သား ဥဒါယီ.... ပဌမစျာန် ချမ်းသာကိုပင် ရသော်လည်း ဤမျှဖြင့် ပြည့်စုံပြီ ဟူ၍ ငါဘုရား မဟော၊ ဤပဌမစျာန်ကိုလည်း စွန့်ပစ်ရမည်၊ ဤပဌမစျာန်ကို လွှန်မြောက်အောင် အားထုတ်ရမည် ဟူ၍ ငါဘုရားဟောပေသည်။

ဤပဌမစျာန်ကို လွှန်မြောက်၍ ဒုတိယစျာန် ရသော်လည်း ထို့အတူ တတိယစျာန် စတုတ္ထစျာန် အာကာသာနဉ္စာယတနစျာန် ဝိညာဏဉ္စာယတနစျာန် အာကိဉ္စညာယတနစျာန် နေဝသညာနာသညာယတနစျာန်ကိုပင် ရသော်လည်း ငါဘုရားသည် ဤမျှဖြင့် သုခကို တင်းတိမ်၍ နေရမည် ဟု မဟော၊ ဤနေဝသညာနာသညာယတန ချမ်းသာကိုပင်သော်လည်း စွန့်ရမည်၊ ဤနေဝသညာနာသညာယတန ချမ်းသာကိုလည်း လွှန်မြောက်အောင် ပွါးများ၍ ထို့ထက် မြတ်သော ချမ်းသာကို ရအောင် အားထုတ်ရမည် ဟူ၍ သာလျှင် ဟောဆိုပေသည်။ နေဝသညာနာသညာယတန ချမ်းသာထက်

လှန်မြတ်သော ချမ်းသာဟူသည်မှာ ဘာသည်ဝေဒယိတ နိဗ္ဗာနချမ်းသာပင် ဖြစ်သည်။

ချစ်သား ဥဒါယီ.... ငါဘုရားသည် လောကီချမ်းသာတို့တွင် အမြင့်ဆုံး အမြတ်ဆုံး ဖြစ်သည့် နေဝသညာ နာသညာယတန ချမ်းသာကိုပင်သော်မှ စွန့်ဘို့ရန် ပယ်ဘို့ရန် လွှန်မြောက်ဘို့ရန်သာလျှင် ဟောခဲ့ပေသည်ဟု သဗ္ဗညုမြတ်စွာဘုရားသည် လောကီသုခ ချမ်းသာဟူသမျှတို့ကို ပယ်ရှားရန် အထက် အထက်ဝယ် ဒေသနာကို ပွါးစေ၍ ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

လင်္ကာကောပမသုတ် ပြီး၏

စာတုမသုတ်

ပုစ္ဆာ။ ။စာတုမသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။စာတုမာယံ ဘန္တေ အာယသ္မန္တာနံ သာရိပုတ္တမောဂ္ဂလ္လာနတ္ထေရာနံ သဒ္ဒိဂိဟာရိကေ အခုနာ ပဗ္ဗဇိတေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ။ သာရိပုတ္တမောဂ္ဂလ္လာနပ္ပမုခါနိ ဘန္တေ ပဥ္စမတ္တာနိ ဘိက္ခုသတာနိ စာတုမံ အနုပ္ပတ္တာနိ ဟောန္တိ ဘဂဝန္တံ ဒဿနာယ၊ တေ စ အာဂန္တုကာ ဘိက္ခူ။ နေဝါသိကေဟိ ဘိက္ခူဟိ သဒ္ဒိံ ပဋိသမ္မောဒမာနာ သေနာသနာနိ ပညာပယမာနာ ပတ္တစီဝရာနိ ပဋိသာမယမာနာ ဥစ္စာသဒ္ဒါ မဟာသဒ္ဒါ အဟေသုံ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။စာတုမ မည်သော သုတ္တန် တရားဒေသနာတော်ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် အဘယ

၁။ နာမ်တရားများနှင့် စိတ္တဇရုပ်တရားများ ချုပ်ငြိမ်းလျက် ကမ္မဇ, ဥတုဇ, အာဟာရဇရုပ် သုံးမျိုး ချည့် သက်သက်ဖြစ်ပေါ်စေကာ၊ မျက်မှောက်ခန္ဓာကိုယ်၌ပင် သင်္ခါရအဒ္ဓါ ချုပ်ငြိမ်းမှုဟူသော နိဗ္ဗာန်အရသာကို ခုနစ်ရက်တိတိ ခံစားမှုကို နိဗ္ဗာနသမာပတ်ဝင်စားသည်ဟုဆိုင်း သညာဝေဒယိတနိရောဓ ချမ်းသာခံစားသည်ဟုဆိုင်း ခေါ်ဆိုသည်။

အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိ ကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။စာတမ်မြို့အရပ်ဝယ် ရှင်သာရိပုတ္တရာ ရှင်မဟာမောဂ္ဂလ္လာန် တို၏ သဒ္ဓိဝိဟာရိက တပည့် ဖြစ်ကြသည့် ယခုမှ ရဟန်း ဖြစ်စ ငါးရာသော ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား စာတမ်မြို့အရပ်ဝယ် သီတင်းသုံးနေတော်မူသော အခါ ရှင်သာရိပုတ္တရာ ရှင်မဟာမောဂ္ဂလ္လာန် အမှူးပြုသော ငါးရာသော ရဟန်းတို့သည် စာတမ်အရပ်သို့ ဘုရားဖူးမျှော်ရန် ရောက်လာကြပါသည်၊ ထိုသို့ရောက်လာသောအခါ ယခုမှ ရဟန်းပြုသစ်စ ဝါနုလ္လသေးသော အာဂန္တု ရဟန်းငယ် အရှင်သူမြတ်တို့သည် ကျောင်းနေအာဝါသိက အရှင်သူမြတ်တို့ နှင့် ဝမ်းမြောက်ဝမ်းသာ စကားနှိုးနှော ပြောဆိုကြကုန်လျက် မိမိ မိမိတို၏ အသီး အသီးသော နေရာထိုင်ခင်းကို ခင်းကြကုန်လျက် မိမိတို့ ပါလာသော သပိတ် သင်္ကန်း အစရှိသော ရဟန်းတို့၏ ပရိက္ခရာ အသုံးအဆောင်တို့ကို သိုမှီးကြကုန်သည်ရှိသော် ကျယ်သောအသံ မြင့်သောအသံ ဖြစ်ရှိ၍ နေကြပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ယခု ကျယ်သောအသံ မြင့်သောအသံ ကို ပြုကြသော ပုဂ္ဂိုလ်တို့သည်ကား အဘယ်သူတို့နည်း ဟု မေးမြန်းသည်တွင် အကြောင်းအရာ အလုံးစုံကို ရှင်အာနန္ဒာက သဗ္ဗညုမြတ်စွာဘုရားအား လျှောက်ထားသဖြင့် ထိုရဟန်းတို့ကို ခေါ်စေတော်မူပြီးလျှင် ဂစ္ဆထ ဘိက္ခဝေ ပဏ္ဍာမေမိ ဝေါ— အစရှိသည်ဖြင့် ချစ်သားတို့.... သင်ချစ်သားတို့ကို ငါဘုရားနှင့်ထုတ်သည်၊ ငါဘုရား၏ ဤအရပ်၌ မနေကြလင့် ဟူ၍ ငါးရာသော ရဟန်းတော်တို့ကို သဗ္ဗညု မြတ်စွာဘုရား နှင့်ထုတ်တော်မူခဲ့ပါသည်။

ထိုအခါ ငါးရာသော ရဟန်းတော်တို့သည် ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂ လ္လာန်တို့နှင့် အတူပင် ဧဝံ ဘန္တေ—ကောင်းပါပြီ ဘုရား ဟူ၍ မြတ်စွာဘုရား ထံမှောက် ဝန်ခံပြီးလျှင် မိမိတို့ သပိတ် သင်္ကန်းကို ယူခဲ့၍ နေရာတို့ကို သိုမှီး သိမ်းဆည်းပြီးလျှင် ဖဲခဲ့ကြပါကုန်သည်။

ထိုအခြင်းအရာကို စာတမ်မြို့သား သာကီဝင် မင်းအပေါင်းတို့ မြင် သဖြင့် အကြောင်းအရာကို မေးမြန်းကြပြီးလျှင် “ဤမှာပင် ခေတ္တခဏ ဆိုင်း

တွ၍ နေကြပါဦး၊ သဗ္ဗညုမြတ်စွာဘုရားထံမှောက် တပည့်တော်တို့ သွားရောက်၍ ခွင့်တောင်းလျှောက်ထားပါမည်” ဟု ပြောကြားပြီး သဗ္ဗညုဘုရားထံမှောက်သို့ လာရောက်ကြပြီးလျှင်

ရေကို မရသည် ရှိသော် ယခုမှ စိုက်သစ်စ ဖြစ်သော မျိုးစေ့ငယ်တို့သည် ပျက်စီးရာသကဲ့သို့ ယခုမှ ရဟန်းပြုသစ်စ ရဟန်းငယ်တို့သည် ရှင်တော်ဘုရား အား ဖူးမျှော်ခွင့် မရခဲ့လျှင် ဤသာသနာတော်၌ အကျိုးမဲ့ ပျက်စီးဘို့ရန်သာ ရှိကြောင်း။

ဥပမာတနည်းအားဖြင့် မိခင်ပျောက်သော နွားသူငယ်သည် အမိကို မမြင်ရသဖြင့် စိတ်နှလုံး ဖောက်ဖောက်ပြန်ပြန် ထွေထွေပြားပြား ဖြစ်ရာသကဲ့သို့ မိခင်ပျောက်သော နွားငယ်ပမာ သဗ္ဗညုမြတ်စွာဘုရားကို မမြင်ရ မဖူးရသေးသော ယခုမှ ရဟန်းပြုသစ်စ ဖြစ်သော ရဟန်းငယ်တို့သည် သဗ္ဗညုမြတ်စွာဘုရားကို ဖူးမျှော်ခွင့် မရသဖြင့် စိတ်နှလုံး ဖောက်ဖောက်ပြန်ပြန် ထွေထွေပြားပြား ဖြစ်ဘွယ်ရာ အကြောင်းရှိကြောင်း တောင်းပန်လျှောက် ထားသည်တွင်

ထို့အတူ သဟမ္မတိဗြဟ္မာ တောင်းပန်လျှောက်ထားသည်တွင် စာတုမ္မရာသား သာကီဝင်မင်းတို့နှင့်တကွ သဟမ္မတိ ဗြဟ္မာမင်းတို့၏ တောင်းပန် လျှောက်ထားချက်အရ ရဟန်းတော်တို့ ပြန်လည်၍ နေခွင့်ရပြန်ပါသည်။ ထို့ငါးရာသော ရဟန်းတော်တို့ကို ရှင်သာရိပုတ္တရာ ရှင်မဟာမောဂ္ဂလ္လာန်တို့ ဦးဆောင်၍ ကျောင်းတော်သို့ တဖန် ခေါ်ခဲ့ပြန်ပါသည်။

သဗ္ဗညုထံမှောက် ရောက်လတ်သောအခါ သဗ္ဗညုမြတ်စွာဘုရားက ရှေး ဦးစွာ ရှင်သာရိပုတ္တရာကို “ငါဘုရားက ရဟန်းတော်တို့ကို နှင်ထုတ်သော အခါ သင်ချစ်သား စိတ်ဝယ် အဘယ်သို့ အကြံအစည် ဖြစ်သနည်း” ဟု မေးမြန်းတော်မူသောအခါ

ဘုန်းတော် အလွန် တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားသည် ယခုအခါဝယ် ဂိုဏ်းဂဏမှ ခွါရှောင်၍ ဖလသမာပတ် ချမ်းသာဖြင့် ၁ နေတော်

၁။ အရိယာပုဂ္ဂိုလ်အရှင်သူမြတ်တို့သည် မိမိတို့ရောက်ရှိပြီး, ရရှိပြီးသောဖိုလ်ကို အလိုရှိသလောက် အချိန်ပိုင်းခြားမှတ်သား၍ အခြားစိတ်တစုံတခုမျှမဖြစ်စေဘဲ ဖိုလ်စိတ်ချည့်အကြိမ်မရေမတွက် နိုင်အောင် ဆက်ကာဆက်ကာ ဖြစ်စေ၍ မျက်မှောက်ပစ္စုပ္ပန် ချမ်းသာခံစားမှုကို ဖိုလ်ဝင်စား သည့် ဖလသမာပတ်ချမ်းသာဟုခေါ်သည်။

မူလိုရိပ် ရှိသည်၊ ငါတို့သည် လည်း ထို့အတူပင် ဂိုဏ်းဂဏကို စွန့်ပယ်၍ သဗ္ဗညူ မြတ်စွာဘုရားကို အတုလိုက်၍ ဖလသမာပတ် ချမ်းသာဖြင့်ပင် နေကုန်အံ့ ဟု အကြံဖြစ်ကြောင်း လျှောက်ထားပါသည်။

ထို့အခါ သဗ္ဗညူမြတ်စွာဘုရားက အာဂမေဟိ တုံ သာရိပုတ္တ၊ အာဂမေဟိ တုံ သာရိပုတ္တ၊ ဒဋ္ဌမ္မေသုခင်ဟာရ—ချစ်သားသာရိပုတ္တရာ.... ဖလသမာပတ် ချမ်းသာနှင့် နေဘို့ရန်ကို ခေတ္တဆိုင်းပါဦး ဟူ၍ ဟန့်တားတော်မူပြီးလျှင် ရှင်မဟာမောဂ္ဂလ္လာန်ကို "ငါဘုရားက သံဃာတော်တို့ကို နှင်ထုတ်သောအခါ သင်ချစ်သားစိတ်ဝယ် အဘယ်သို့ အကြံဖြစ်သနည်း" ဟု မေးမြန်းတော်မူသောအခါ

ရှင်မဟာမောဂ္ဂလ္လာန်က ဘုန်းတော်အလှန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားသည် ဂိုဏ်းဂဏမှ ခွါရှောင်၍ တပါးတည်း ဖလသမာပတ် ချမ်းသာဖြင့် ချမ်းသာစွာ နေတော်မူလိုရိပ်ရှိသည်၊ ငါတို့သည် သဗ္ဗညူ မြတ်စွာဘုရား ဂိုဏ်းဂဏမှ ခွါရှောင်၍ ဖလသမာပတ် ချမ်းသာဖြင့် အချိန်ကို ကုန်လွန်စေတော်မူသော အခါဝယ် ငါနှင့် သာရိပုတ္တရာ မထေရ်သူမြတ်တို့သည် သဗ္ဗညူမြတ်စွာဘုရား၏ ကိုယ်စား ဤရဟန်းသံဃာတော်တို့ကို စောင့်ရှောက်ရမှာဘဲဟူ၍ အကြံအစည် ဖြစ်ပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင် သဗ္ဗညူမြတ်စွာဘုရား ကောင်းခြီး နှုမော် သာဓုခေါ်ခဲ့ပါသည်။

ဤသို့လျှင် စာတုမမြို့သို့ ယခုမှ ရဟန်းပြုသစ်စ ရောက်လာကြသော ငါးရာသော ရဟန်းတို့၏ မြင့်သောအသံ ကျယ်လောင်သော အသံကို ပြုခြင်းဟူသော အင်္ဂုပ္ပတ်ကြောင့် ဤစာတုမသုတ္တန် ဒေသနာတော်မြတ်ကို သဗ္ဗညူမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝါ ဘိက္ခူနံ ဩဝါဒံ အဒါသိ။

ဝိဿဇ္ဇနာ။ ။စတ္တာရိမာနိ ဘိက္ခဝေ ဘယာနိဉဒကောရောဟန္တေ ပါတိကင်္ခိ-တဗ္ဗာနိတိ ဧဝမာဒိနာ ဘန္တေ ဘဂဝါ တတ္ထ ဘိက္ခူနံ ဩဝါဒံ အဒါသိ။

အမေး။ ။ထို စာတုမသုတ္တန် ဒေသနာတော်မြတ်၌ သဗ္ဗညူမြတ်စွာဘုရားသခင်သည် ရဟန်းတော်တို့အား အဘယ်သို့သော အဆုံးအမ ဩဝါဒကို ပေးသနားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုစာတုမသုတ္တန် ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် စတ္တာရိမာနိ ဘိက္ခဝေ ဘယာနိ ဥဒကောရောဟန္တေ ပါတိကဉ်-တပ္ပာနိ အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့....ရေသို သက်ဆင်းသော ပုဂ္ဂိုလ်တို့၌ ဘေးလေးမျိုးရှိသည်၊ ထိုဘေးလေးမျိုးတို့မှာ

(၁) ဥမိဘယ-လှိုင်းတံပိုးဘေး၊ (၂) ကုဇ္ဈီလဘယ-မိကျောင်းဘေး၊ (၃) အာဝဋ္ဋဘယ-ဝဲဘေး၊ (၄) သုသုကာဘယ- ငမန်း ငဆင် အစရှိသော ကြမ်းတမ်းသော ငါးတို့၏ ဘေးဟူ၍ ဘေးကြီး လေးပါးရှိသည်။

ထို့အတူပင် ဤသာသနာတော်၌လည်း ဥမိဘယ-လှိုင်းဘေး၊ ကုဇ္ဈီလဘယ-မိကျောင်းဘေး၊ အာဝဋ္ဋဘယ-ဝဲကြီးဘေး၊ သုသုကာဘယ-ငမန်း ငဆင် အစရှိသော ကြမ်းတမ်းသော ငါးတို့၏ ဘေးဟူ၍ ဘေးကြီး လေးပါးရှိသည်။

ချစ်သား ရဟန်းတို့.... အချို့သော အမျိုးကောင်းသား ပုဂ္ဂိုလ်တို့သည် သံသရာဝဋ်မှ ကျွတ်လွတ်ရန် အလို့ငှါ ဤသာသနာတော်ဝယ် ဝင်ရောက်၍ အိမ်ရာတည်ထောင် လူတို့ဘောင်မှ အိမ်ရာမထောင် ရဟန်းဘောင်သို့ ရဟန်းပြုကြသည်၊ ထိုသို့ ရဟန်းပြုသော သဒ္ဓါပဗ္ဗဇိတ အမျိုးကောင်းသားကိုပင် သီတင်းသုံးဖော် သံဃာတော်တို့က "ငါ့ရှင် ဤသို့ ရွေသို့ တက်ရမည်၊ ဤသို့ နောက်သို့ ဆုတ်ရမည်၊ ဤပုံ ဤပန်း တူတူတဲ့တဲ့ ကြည့်ရမည်၊ ဤပုံ ဤပန်း တစောင်းကြည့်ရမည်၊ ဤပုံ ဤပန်း ရဟန်းတို့၏ ဣန္ဒြေဖြင့် လက်ကို ကွေးရမည် ဆန့်ရမည်၊ ဤပုံ ဤပန်း သပိတ် သင်္ကန်းကို ကိုင်ရမည်" စသည်ဖြင့် ရဟန်းတို့၏ အသွားအလာ အနေအထိုင် အပြောအဆို အပြုအမူတို့ကို သင်ကြားလေသည်။

၁။ ထိုအခါ ထိုရဟန်း ပုဂ္ဂိုလ်၏ စိတ်ဝယ် ဤသို့သော စိတ်အကြံ ဖြစ်ရာသည် "ငါတို့သည် ရွေးလူဖြစ်စဉ် အခါက ငါတို့ကိုယ်တိုင်ကပင် ဆရာ ပြုလုပ်ကာ သူတပါးတို့အား အဆုံးအမ သြဝါဒကိုပေးခဲ့ကြပါသည်၊ ယခု သာသနာတော် ရောက်ခါမှ ငါတို့၏ မြေးလောက် ငါတို့၏ သားလောက်မျှသော ဤကိုယ်တော်ကလေးတို့က အဆုံးအမ သြဝါဒပေးရသလား" ဟု ကြီးမားသော အမျက်ဒေါသ ထွက်၍ သိက္ခာကို စွန့်ချပြီးလျှင် ဤသာသနာတော်မှ လျှောကျကြသည်။

ချစ်သား ရဟန်းတို့.... ဤသို့သော ပုဂ္ဂိုလ်ကို ငါဘုရား၏ သာသနာတော်ဝယ် အဆုံးအမ ဩဝါဒကို မလိုက်နာနိုင်ခြင်း တည်းဟူသော လှိုင်းတံပိုးဘေးသင့်သဖြင့် ဤသာသနာတော်မှ ကြောက်ရွံ့၍ စွန့်ပစ်ပယ်ခွါသွားသောသူဟူ၍ ဆိုရပေသည်။

ချစ်သား ရဟန်းတို့.... အမျက် ဒေါသ တည်းဟူသော တရားကို ဤသာသနာတော်၌ လှိုင်းတံပိုးဘေး ဟူ၍ ခေါ်ဆိုရသည်၊ လှိုင်းတံပိုးဘေးဟူသည်မှာ အမျက်ဒေါသ ပြင်းထန်ခြင်း၏ အမည်ပင် ဖြစ်ပေသည်။

၂။ ချစ်သား ရဟန်းတို့.... ထိုမှတပါးလည်း အခြို့သော ပုဂ္ဂိုလ်သည် သံသရာဝဋ်မှ လွတ်ရန် အလို့ငှါ ဤသာသနာတော်သို့ ဝင်ရောက်၍ ရဟန်းပြုကြသည်၊ ထိုရဟန်းကို သီတင်းသုံးဖော် သံဃာတော်တို့က "ငါ့ရှင်.... ဤမည် ဤမည်သော စားဖွယ် ခဲဖွယ် လျက်ဖွယ် သောက်ဖွယ်တို့ကို စားအပ် ခဲအပ် လျက်အပ် သောက်အပ်ပါသည်၊ ဤမည် ဤမည်သော စားဖွယ် ခဲဖွယ် လျက်ဖွယ် သောက်ဖွယ်တို့ကိုကား မစားအပ် မခဲအပ် မလျက်အပ် မသောက်အပ်၊ ဤမည် ဤမည်သော ကပ်ပိယ စားဖွယ် ခဲဖွယ် လျက်ဖွယ် သောက်ဖွယ်တို့ကို စားအပ် ခဲအပ် လျက်အပ် သောက်အပ်ပါသည်၊ ဤမည် ဤမည်သော စားဖွယ် ခဲဖွယ် လျက်ဖွယ် သောက်ဖွယ်တို့ကိုကား အကပ်ပိယ ရဟန်းတော်အား မအပ်သဖြင့် မစားအပ် မခဲအပ် မလျက်အပ် မသောက်အပ်ပါ၊ နေ့အခါဝယ် စားအပ်ပါသည်၊ နေလွဲသောအခါဝယ် မစားအပ်ပါ" စသည်ဖြင့် စားပုံသောက်ပုံ အပ် မအပ် အစရှိသည့် ခြင်းရာဥဿုံ အလုံးစုံကို သင်ပြကြပေသည်။

ထိုအခါ ထိုရဟန်း၏ စိတ်ဝယ် ဤသို့ အကြံ ဖြစ်လေရာသည် "ငါတို့သည် ရှေးအခါက လူဖြစ်စဉ် လူ့ဘဝဝယ် အလိုရှိသလို စားကြ ခဲကြ လျက်ကြ သောက်ခဲ့ကြပါသည်၊ အကြင် အချိန်၌ အလိုရှိသည် ထိုအချိန်မှာ စားရပါသည်၊ အကြင် အချိန်၌ အလိုမရှိ ထိုအချိန်၌ မစားကြပါ၊ နံနက်အံ့ခါ ဖြစ်စေ မွန်းလွဲအခါဖြစ်စေ အလိုရှိသော အချိန်မှာပင် စားကြ ခဲကြ လျက်ကြ သောက်ကြပါသည်၊ ယခု ဤသာသနာတော်ကိုဝင်ရောက်ခါမှ ငါတို့၏ ခံတွင်းကို ပိတ်ဆို့ဘိသည့်ပမာ ဤရဟန်းတို့သည် များစွာပင် အပိတ်အပင် အဟန့်အတားတွေ့ များလှသည်" ဟု ဝမ်းရေးကြောင့်ကြ၍ မိမိရရှိပြီးသော သိက္ခာကို စွန့်ပယ်၍ သွားကြသည်၊ သာသနာတော်မှ လျော့ကျ၍ သွားကြသည်။

ချစ်သားတို့ ဤသို့ သဘောရှိသော ပဋိပုဒ်ကို ဤသာသနာတော်ဝယ် မိကျောင်းဘေးမှ ကြောက်လန့်သဖြင့် သာသနာတော်မှ လျောကျသော ပဋိပုဒ်ဟူ၍ ငါဘုရား ဟောဆိုအပ်ပေသည်၊ချစ်သား ရဟန်းတို့....ဤသာသနာတော်ဝယ် ကုဇ္ဇီလဘယ မိကျောင်းဘေး ဟူသည်မှာကား ဝမ်းရေးကြောင့်ကြမ္မကိုပင် ဆိုလိုသည်။

၃။ ထို့မှတပါး ချစ်သား ရဟန်းတို့ .... ဤသာသနာတော်ဝယ် အချို့သော အမျိုးကောင်းသားသည် သံသရာဝဋ်မှ ကျွတ်လွတ်ရန် ရည်သန်၍ ရဟန်းပြုခဲ့သည်၊ သို့ရဟန်းပြုပင်ပြုငြားသော်လည်း မစောင့်စည်းအပ်သော ကာယိန္ဒြေ မစောင့်စည်းအပ်သော နှုတ်ဣန္ဒြေ မထင်သောသတိ မစောင့်စည်းအပ်သော စက္ခုသောတ အစရှိသော ဣန္ဒြေရှိ၍ ရှာတွင်းသို့ ဆွမ်းခံသွားသောအခါ သူကြွယ်ကိုဖြစ်စေ သူကြွယ်သားကိုဖြစ်စေ အာရုံငါးပါး ကာမဂုဏ်တရားတို့နှင့် တင့်တယ်စံပယ်၍ နေသည်ကို စက္ခုန္ဒြေ မစောင့်စည်းမှု သောတိန္ဒြေကို မစောင့်စည်းမှုကြောင့် မြင်သည် ကြားသည် ဖြစ်ရာ၏။

သို့ မြင်ခြင်း ကြားခြင်းကြောင့် ထိုစက္ခုန္ဒြေ သောတိန္ဒြေကို မစောင့်စည်းသော ရဟန်း၏စိတ်ဝယ် ဤသို့အကြံ ဖြစ်ရာသည် "ငါတို့သည် လူ့ဘောင်လောကဝယ် နေစဉ်ကာလက အာရုံငါးပါး ကာမတရားတို့ကို သုံးစားခံစားလျက် တင့်တယ်စံပယ်လျက် နေနိုင်ကြပါပေသည်။ ငါတို့၏အိမ်၌ များစွသော စည်းစိမ် ဥစ္စာတော့ ရှိကြပါသည်၊ ငါတို့ကား စည်းစိမ်ဥစ္စာတော့ကိုလည်း ခံစားနိုင်ပါပေသည်၊ ကောင်းမှုကုသိုလ်တို့ကိုလည်း ပြုနိုင်ပါပေသည်" ဟု အကြံ ဖြစ်ပြီးလျှင် ထိုမြင်ခဲ့ရ ကြားခဲ့ရသော သူကြွယ် သူကြွယ်သားတို့ကိုပင် အားကျ၍ ဤသာသနာတော်ဝယ် ရရှိသည့် အဘိုးအနှဿထိုက်တန်သော သိက္ခာကို စွန့်ပယ်၍ သာသနာတော်မှ လျောကျခဲ့ပေသည်။

ချစ်သား ရဟန်းတို့.... ဤသို့ သဘောရှိသော ပဋိပုဒ်ကို ဤသာသနာတော်၌ ဝဲဘေးမှ ကြောက်သောကြောင့် ဤသာသနာတော်မှ လျှောကျသော ပဋိပုဒ်ဟူ၍ ငါဘုရား မိန့်ဆိုအပ်ပေသည်။ ချစ်သား ရဟန်းတို့.... ဤသာသနာတော်ဝယ် အာဝဋ္ဋဘယ ဝဲကြီးဘေး ဟူသည်မှာ အာရုံငါးပါး ကာမဂုဏ်တရားပင် ဖြစ်ချေတော့သည်။

၄။ ထိုမှတပါး ချစ်သား ရဟန်းတို့.... ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် သံသရာဝဋ်မှ ကျွတ်ဘို့ရန် ရည်သန်လျက် ရဟန်းအဖြစ်သို့ ရောက်ခဲ့ပေသည်၊ ထိုရဟန်းသည် မစောင့်စည်းအပ်သော ကိုယ်နှုတ် မစောင့်စည်းအပ်သော စကျွ သောတ အစရှိသော ဣန္ဒြေရှိ၍ သတိမမူဘဲ ရှာတွင်းမြို့တွင်းသို့ ဆွမ်းခံသွားသောအခါ ရောရိုရောရဲ ဝတ်ဆင်၍ ထားသော မာတုဂါမကို မြင်သဖြင့် လောဘ သဟဂုတ် စိတ္တုပ္ပါဒ်တို့ သောင်းကျန်းသဖြင့် ဤသာသနာတော်မှ သိက္ခာကို စွန့်ပယ်၍ လျှောကျခဲ့ပေသည်။ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်မျိုးကိုကား ဤသာသနာတော်၌ သုသုကာဘယတည်းဟူသော ငမန်း ငဆင် အစရှိသော ကြမ်းထမ်းသော ငါးတို့၏ ဘေးမှ ကြောက်လန့်သဖြင့် ထွက်ပြေးသော ပုဂ္ဂိုလ်ဟူ၍ ငါဘုရား ခေါ်ဆိုအပ်ချေသည်။

ချစ်သား ရဟန်းတို့.... သုသုကာဘယတည်းဟူသော ငမန်း ငဆင် အစရှိသော ကြမ်းထမ်းသော ငါးတို့၏ ဘေးဟူသည်မှာ ဤသာသနာတော်၌ မာတုဂါမပင် ဖြစ်ပေတော့သည်ဟု သဗ္ဗညုမြတ်စွာဘုရားသည် ဤသာသနာတော်၌ ဘေးကြီးလေးပါးကို ဖော်ပြ၍ ထိုဘေးကြီးလေးပါးတို့မှ လွတ်မြောက်အောင် ကျင့်ဆောင်နိုင်ကြရန် အဆုံးအမ သြဝါဒစကား မိန့်ကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

စာတုမသုတ် ပြီး၏

နဠကပါနသုတ်

ပုစ္ဆာ။ ။နဠကပါနသုတ်တံ့ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။နဠကပါနေ ဘန္တေ အနုရုဒ္ဓတ္ထေရပ္ပမုခေ သမ္မဟုလေ အဘိ-ညာတေ အဘိညာတေ ကုလပုတ္တေ အာရဗ္ဘ ဘာသိတံ။

အမေး။ ။နဠကပါနမည်သော် သုတ္တန်တရားဒေသနာတော်မြတ်ကို ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည်

အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။နဠကပါနအရပ်၌ အရှင်အနုရုဒ္ဓါထေရ် အမှူးရှိကုန်သော ထင်ရှားကျော်စော ထင်ရှားကျော်စောကုန်သော များစွာသော အမျိုးကောင်းသားတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည့် အရှင်ဘုရား။

နဠကပါနသုတ် ပြီး၏

ဂေါလိယာနိသုတ်

ပုစ္ဆာ။ ။ဂေါလိယာနိသုတ္တံ ပနာဝုသော ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘဂ္ဂေ အာယသ္မန္တံ ဂေါလိယာနိံ အာရဗ္ဘ အာယသ္မတာ သာရိပုတ္တတ္ထေရေန ဓမ္မသေနာပတိနာ ဘာသိတံ။ အာယသ္မာ ဘဂ္ဂေ ဂေါလိယာနိ အာရညိကော ပဒသမာစာရော သံဃမဇ္ဈေ ဩသဋ္ဌော ဟောတိ ကေနစိဒေဝ ကရဏီယေန၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ဂေါလိယာနိ မည်သော သူတော်တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သောပုဂ္ဂိုလ်က ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် တောရကျောင်းနေ အရှင်ဂေါလိယာနိ မထေရ်ကို အကြောင်းပြု၍ တရားစစ်မှူးဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ် ဟောကြားတော်မူအပ်ပါသည်။ အရှင်ဂေါလိယာနိ မထေရ်သည် တောရကျောင်းနေ ရဟန်းတော်ဖြစ်ပါလျက် ရော့ရိရော့ရဲ အားနည်းသော ရဟန်းအကျင့်ရှိ ရွံ့ရင်းသော အကျင့်ရှိ၍ တစုံတခု ပြုဘွယ်ကိစ္စဖြင့် သံဃာတော်၌ သက်ရောက်ခဲ့ပါသည်။ ထိုသို့သော အကြောင်းအဋ္ဌုပ္ပတ္တိကြောင့် ဓမ္မသေနာပတိ သာရိပုတ္တရာ မဟာထေရ်မြတ်သည် (၁၈)

ရပ်သော လိုက်နာဘဲ့ယ် တောနေရဟန်းတို့ ကျင့်ကြံဘဲ့ယ်တို့ကို ဖော်ပြသည့် ဤဂေါလိယာနိ သုတ္တန်တရားတော်မြတ်ကို ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဂေါလိယာနိသုတ်ပြီး၏

ကိင္ခၤဂိရိသုတ်

ပုစ္ဆာ။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန ကိင္ခၤဂိရိသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ကာသီသု ဘန္တေ ကိင္ခၤဂိရိသ္မိံ ကာသီနံ နိဂမေ အဿဇိ-ပုံနဗ္ဗသုကေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ။ အဿဇိပုနဗ္ဗသုကာ ဘန္တေ ဘိက္ခူ။ ဘိက္ခူ။ဟိ သဟမ္ပိကံ ဝုစ္စမာနာ ဧဝမာဟံသု “မယံ ခေါ အာဝုသော သာယန္ဟေ ဘုဉ္ဇာမ ပါတော စ ဒိဝါ စ ဝိကာလေ၊ တေ မယံ သာယန္ဟေ ဘုဉ္ဇမာနာ ပါတော စ ဒိဝါ စ ဝိကာလေ အပွါဗာဓတ္တ သဉ္ဇာနာမ အပွါတက်ံတဉ္ဇ လဟုဋ္ဌာနဉ္ဇ ဗလဉ္ဇ ဖာသုဝိဟာရဉ္ဇ၊ တေ မယံ ကိံ သန္ဒိဋ္ဌိကံ ဟိတ္ဝာ ကာလိကံ အနုဓာဝိဿာမ၊ သာယန္ဟေ မယံ ဘုဉ္ဇိဿာမ ပါတော စ ဒိဝါ စ ဝိကာလေ”တိ။ တသ္မိံ ဘန္တေ ဇတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။သိတေ၎မူ မြင်တော်မူ၍။ပ။ ထိုဘုရားရှင်သည် ကိင္ခၤဂိရိမည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ကာသီတိုင်း အဝင်အပါ ကိင္ခၤဂိရိနိဂုံး၌ အဿဇိပုနဗ္ဗသုက ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် များစွာသော ရဟန်းအပေါင်းခြံရုံလျက် ကာသိတိုင်းဝယ် ဒေသစာရီ ကြွချီတော်မူသောအခါ “ချစ်သား ရဟန်းတို့.... ငါဘုရားသည် ညဉ့်စာ စားခြင်းမှ ရှောင်ကြဉ်၍ စားခဲ့ပေသည်၊ ညဉ့်စာ စားခြင်းမှ ရှောင်ကြဉ်၍ စားသော ငါဘုရားအား ငါးပါးသော အကျိုး

အာနိသင်တို့ကို ရရှိခဲ့သည်၊ ချစ်သားတို့သည်လည်း ညဉ့်စာ စားခြင်းမှ ရှောင်ကြဉ်ကြကုန်၊ ညဉ့်စာ စားခြင်းမှ ရှောင်ကြဉ်ခဲ့သည်ရှိသော် ငါဘုရားအတူ ငါးပါးသော အကျိုးတို့ကို ရကြလိမ့်မည် ဟူ၍ မိန့်ကြားတော်မူသည်တွင် များစွာသော ရဟန်းတော်တို့သည် ဧဝံ ဘန္တေ ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ကောင်းပါပြီဘုရား ဟူ၍ ပဋိညာဉ်ဝန်ခံကြပြီးလျှင် ရတို့ဘောဇန အမည်ရသည့် ညအခါ စားခြင်းမှ ရှောင်ကြဉ်ကြပါကုန်သည်။

ဤနည်းဖြင့် သဗ္ဗညုမြတ်စွာဘုရားသည် ခရီးဒေသစာရီ အစဉ်သဖြင့် ကြွချီတော်မူလတ်သည်ရှိသော် ကာသိတိုင်း အဝင်အပါ ကိဋ္ဌာဂိရိနိဂုံးသို့ ရောက်ရှိပါသည်၊ ထိုကိဋ္ဌာဂိရိနိဂုံးအရပ်၌ အဿဇိရဟန်း ပုနဗ္ဗသုကရဟန်းတို့သည် ကျောင်းနေ အာဝါသိက ရဟန်းတို့ ဖြစ်ကြပါသည်။

ထိုအခါ များစွာသော ရဟန်းတို့သည် အဿဇိပုနဗ္ဗသုက ရဟန်းတို့ထံသွားရောက်၍ ဘဂဝါ ခေါ် အာဝုသော အညတြဝ ရတို့ဘောဇနာ ဘုဥ္ဇတိဘိက္ခုသံဃော စ အစရှိသည်ဖြင့် "ငါ့ရှင်တို့.... ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော သဗ္ဗညုမြတ်စွာဘုရားသည်၎င်း · ရဟန်းသံဃာတော် အပေါင်းသည်၎င်း ညဉ့်စာစားခြင်းကို ရှောင်ကြဉ်၍ နံနက်အခါ၌သာလျှင် စားကြပါကုန်သည်၊ သို့ညဉ့်စာကို ရှောင်ကြဉ်၍ နံနက်အစာကို စားကြသည့် ဘုရားနှင့်တကွ တပည့်သား သာဝက အပေါင်းတို့သည် အနာကင်းခြင်း အစရှိသော ငါးပါးသော အကျိုး အာနိသင်ကို ရကြပါကုန်သည်၊ ငါ့ရှင်တို့သည်လည်း ညဉ့်စာစားခြင်းမှ ရှောင်ကြဉ်ကြပါကုန်၊ ညဉ့်စာစားခြင်းမှ ရှောင်ကြဉ်၍ နံနက်အခါ၌သာ စားကြကုန်သည်ရှိသော် အနာကင်းခြင်း အစရှိသော ငါးပါးသော အကျိုးအာနိသင်တို့ကို ရကြပါလိမ့်မည်" ဟု ပြောဆိုကြသည်တွင်——

အဿဇိပုနဗ္ဗသုကရဟန်းတို့သည် မယံ ခေါ် အာဝုသော သာယန္ဟဝေ ဘုဥ္ဇာမ ပါတော စ ဒိဝါ စ ဝိကာလေ အစရှိသည်ဖြင့် "ငါ့ရှင်တို့.... ငါတို့သည် ညချမ်းအခါ၌လည်း စားကြပါကုန်သည်၊ နံနက်အခါ၌လည်း စားကြပါကုန်သည်၊ နေမွန်းလွဲ အခါ၌လည်း နေ့လည်စာ စားကြပါကုန်သည်၊ ဤသို့ ညချမ်းအခါ နံနက်အခါ နေမွန်းလွဲအခါ၌ စားကြသော ငါတို့သည် အနာကင်းခြင်း အစရှိသော ငါးပါးသော အကျိုးအာနိသင်တို့ကို ရရှိကြပါသည်၊ ငါတို့

သည် မျက်မှောက် ပစ္စုပ္ပန် ခံစံနေရသော ဒိဋ္ဌဓမ္မ အကျိုးကို စွန့်ပယ်၍ အခါနှင်ကာလ စောင့်ဆိုင်းရမည့် အကျိုးကို အဘယ်မှာလျှင် ငါတို့ လိုက်နာ နိုင်ပါကုန်အံ့နည်း၊ ငါတို့သည် ညချမ်းအခါ၌ဌင်း နံနက်အခါ၌ဌင်း နေမွန်းလွဲ အခါ၌ဌင်း စားကြကုန်အံ့" ဟု ပြန်ပြောကြပါကုန်သည်။

ထိုအခါ များစွာသော ရဟန်းတို့သည် အာသဇပုန္နမသုကရဟန်း တို့အား ဆုံးမခြင်းငှါ မတတ်နိုင်ကြသဖြင့် သမ္မာညူမြတ်စွာဘုရားထံမှောက်သို့ ပြန်ကြား လျှောက်ထားကြပါသည်။ ဤသို့သောအကြောင်း အဋ္ဌုပ္ပတ်ကြောင့် ဤကိဋ္ဌာ ဂိရိသုတ္တန်ဒေသနာတော်မြတ်ကို သမ္မာညူမြတ်စွာဘုရားဟောကြားတော်မူအပ် ပါသည်အချင်ဘုရား။

ကိဋ္ဌာဂိရိသုတ် ပြီး၏

တေဝိဇ္ဇဝစ္ဆသုတ်

ပုစ္ဆာ။ ။တေဝိဇ္ဇဝစ္ဆသုတ္တ ပနာဝုသော ဘဂဝတာ ကတ္ထ က အာရဗ္ဘ ကသ္မ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ဝေသာလိယံ ဘန္တေ ဝစ္ဆဂေါတ္တံ ပရိဗ္ဗာဇကံ အာရဗ္ဘ ဘာသိတံ။ ဝစ္ဆဂေါတ္တော ဘန္တေ ပရိဗ္ဗာဇကော ဘဂဝန္တံ ဧတဒဝေါစ "သုတံ မေ ဘန္တေ သမဏော ဂေါတမော သဗ္ဗညူ။ သဗ္ဗ-ဒဿာဝီ အပရိသေသံ ဉာဏဒဿနံ ပဋိဇာနာတိ၊ စရတော စ မေ တိဋ္ဌတော စ သုတ္တဿ စ ဇာဂရဿ စ သတတံ သမိတံ ဉာဏဒဿနံ ပစ္စုပဋ္ဌိတ" န္တိ။ ယေ တေ ဘန္တေ ဧဝမာဟံသု "သမဏော ဂေါတမော သဗ္ဗညူ။ သဗ္ဗဒဿာဝီ အပရိသေသံ ဉာဏဒဿနံ ပဋိဇာနာတိ၊ စရတော စ မေ တိဋ္ဌတော စ သုတ္တဿ စ ဇာဂရဿ စ သတတံ သမိတံ ဉာဏဒဿနံ ပစ္စုပဋ္ဌိတ" န္တိ။ ကစ္စိ တေ ဘန္တေ ဘဂဝတော ဝုတ္တဝါဒိနော၊ န စ ဘဂဝန္တံ အဘူတေန အဗ္ဘာစိက္ခန္တိ၊ ဓမ္မဿ စာနုဓမ္မံ ဗျာကရောန္တိ၊ န စ ကောစိ သဟဓမ္မိကော ဝါဒါနုဝါဒေါ ဂါရယှံ ဌာနံ အာဂစ္ဆတီ" တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။တဝိဇ္ဇမည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ အဘယ်သို့သော အင္ဂုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ ။ဝေသာလီပြည်အရပ်ဝယ်ဝစ္ဆဂေါတ္တ ပရိဗိုဇ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

မြတ်စွာဘုရားသခင် ဝေသာလီပြည် မဟာဝုန်တော၌ သီတင်းသုံးနေတော်မူစဉ် တနေ့သ၌ ဝေသာလီပြည်တွင်းသို့ဆွမ်းခံကြွတော်မူသည်ရှိသော် အချိန်စောလှသေးသဖြင့် ဝစ္ဆဂေါတ္တပရိဗိုဇ်နေထိုင်ရာ ဧကပုဏ္ဍရိက အရာမ်သို့ ကြွရောက်တော်မူလာသည်ကို ဝစ္ဆဂေါတ္တပရိဗိုဇ်သည်လည်း ပဋိသန္ဓာရစကား ပြောကြားပြီးလျှင်....သုတံ မေတံ ဘန္တေ သမဏော ဂေါတမော သဗ္ဗညူ သဗ္ဗ-ဒဿာဝီ အစရှိသည်ဖြင့် ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား.... ရဟန်းကြီးဂေါတမသည် အလုံးစုံသောတရားကိုသိမြင်သော သဗ္ဗညူပုဂ္ဂိုလ် သဗ္ဗဒဿာဝီပုဂ္ဂိုလ်ဖြစ်၍ အကြွင်းမရှိသိမြင်သောသဗ္ဗညုတဉာဏ်ကို ဝန်ခံ၏ ဟူ၍ငှင်း ငါ့အားသွားစဉ် ရပ်စဉ် အိပ်စဉ် နိုးကြားစဉ် ဣရိယာပုထ်တိုင်းမှာပင် အမြဲမပြတ် သဗ္ဗညုတဉာဏ်သည် အမြဲထင်၍ ဖြစ်၍ နေ၏ဟု ဝန်ခံသည်ဟူ၍ ငှင်း ဤစကားကို တပည့်တော်ကြားရဘူးပါသည်။ တပည့်တော်ကြားဘူးသည့်အတိုင်း ပြောသောပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရားဟောကြားတော်မူသည့်အတိုင်း ပြောဆိုကြသူတို့ ဟုတ်မဟုတ် စသည် မေးမြန်းလျှောက်ထားခဲ့ပါသည်။ ယင်းသို့ ဝစ္ဆဂေါတ္တပရိဗိုဇ်မေးမြန်းလျှောက်ထားခြင်း ဟူသော အကြောင်းအင္ဂုပ္ပတ္တိကြောင့် ကိုယ်တော်မြတ်ကို အမြဲမပြတ် အချိန်စပ်အောင် သဗ္ဗညုတဉာဏ် သန္တာန်ဆက်ကာ ဖြစ်နေသည်ဟု မဆိုသင့်ကြောင်း ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူဟူ၍သာ ဆိုသင့်ကြောင်း စသည်ကိုဖော်ပြ၍ ဤတဝိဇ္ဇပစ္ဆာသုတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

တဝိဇ္ဇဝစ္ဆာသုတ် ပြီး၏

၁။ မြတ်စွာဘုရားသည် ဆင်ခြင်တော်မူသောအခါ အလုံးစုံသော တရားတို့ကို သိမြင်သော သဗ္ဗညုတဉာဏ်ဖြစ်၏ ရှိ၏ ဟူ၍သာ ခွင့်ပြုဝန်ခံတော်မူသည်။ သွားစဉ် ရပ်စဉ် အိပ်စဉ် နိုးစဉ် ဣရိယာပုထ်တိုင်းမှာပင် အမြဲမပြတ် အချိန်စပ်အောင် သဗ္ဗညုတဉာဏ်ချည်း (ဒလစပ်) ဖြစ်နေသည် ဟု ခွင့်ပြုဝန်ခံတော်မမူ။

အဂ္ဂိဝစ္ဆသုတ်

ပုစ္ဆာ။ ။အဂ္ဂိဝစ္ဆသုတ္တံ ပနာဝုသော ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ ဝစ္ဆဂေါတ္တံ ပရိဗ္ဗာဇကံ အာရဗ္ဘ ဘာသိတံ။ ဝစ္ဆဂေါတ္တော ဘဒ္ဒေ ပရိဗ္ဗာဇကော ဘဂဝန္တံ ဥပသင်္ကမိတ္ဝာ "ကိံ နု ခေါ ဘော ဂေါတမ 'သဿတော လောကော ဣဒမေဝ သစ္စံ မောဃမညံ'န္တိ ဧဝံဒိဋ္ဌိ ဘဝံ ဂေါတမော"တိ ဧဝမာဒိကံ ပဉ်ှံ အပုစ္ဆိ။ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။အဂ္ဂိဝစ္ဆမည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော် ၎-ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် ဝစ္ဆဂေါတ္တပရိဗိုဇ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်၊ ဝစ္ဆဂေါတ္တပရိဗိုဇ်သည် "ကိံ နု ခေါ ဘော ဂေါတမ သဿတော လောကော" အစရှိသည်ဖြင့် "အိုအရှင်ဂေါတမ.... အရှင်သည် 'လောကသည် မြဲ၏၊ ဤငါ၏ အယူသာလျှင် မှန်၏၊ တပါးသော အယူသည် အချည်းနှီးတည်း' ဟု အယူရှိသလော" ဤသို့ စသည် မေးမြန်းသော အကြောင်း အဋ္ဌုပ္ပတ်ကြောင့် ဤအဂ္ဂိဝစ္ဆသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အဂ္ဂိဝစ္ဆသုတ် ပြီး၏

မဟာဝစ္ဆသုတ်

ပုစ္ဆာ။ ။မဟာဝစ္ဆသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘဒ္ဒေ ဝစ္ဆဂေါတ္တံယေဝ ပရိဗ္ဗာဇကံ အာရဗ္ဘ ဘာသိတံ။ ဝစ္ဆဂေါတ္တော ဘဒ္ဒေ ပရိဗ္ဗာဇကော ဘဂဝန္တံ

ဥပသက်မိတ္ဝာ တေဒဝေါစ "ဒီဃရတ္တာဟံ ဘောတာ ဂေါတမေန သဟာကထိ၊ သာဓု မေ ဘဝံ ဂေါတမော သံခိတ္တေန ကုသလာကုသလံ ဒေသေတူ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ ။

အမေး။ ။မဟာဝစ္ဆမည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် ဝစ္ဆဂေါတ္တပရိဗိုဇ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

ဝစ္ဆဂေါတ္တပရိဗိုဇ်သည် သဗ္ဗညုမြတ်စွာဘုရားထံပါးသို့ သွားရောက်ပြီးလျှင် ဒီဃရတ္တာဟံ ဘောတာ ဂေါတမေန သဟာကထိ အစရှိသည်ဖြင့် အို အရှင်ကြီးဂေါတမ.... အကျွန်ုပ်သည် ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး အရှင်ကြီးဂေါတမနှင့် အတူတကွ စကားနှီးနော ပြောဆိုခဲ့ရသည်မှာ အကြိမ်ပေါင်း များလှပါပြီ၊ အကျွန်ုပ်တောင်းပန်လိုပါသည် အရှင်ကြီးဂေါတမသည် အကျွန်ုပ်အား အပြစ်မရှိသော ကုသိုလ်တရား အပြစ်ရှိသော အကုသိုလ်တရား ဤနှစ်ပါးကို အကျဉ်းချုပ်အားဖြင့် ဟောကြားတော်မူစေချင်ပါသည်" ဟု တောင်းပန်လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက သံခိတ္တေန ပိ ခေါ တေ အဟံ ဝစ္ဆ ကုသလာကုသလံ ဒေသေယျံ၊ ဝိတ္ထာရေန ပိ ခေါ တေ အဟံ ဝစ္ဆ ကုသလာကုသလံ ဒေသေယျံ အစရှိသည်ဖြင့် "ဝစ္ဆ.... ငါဘုရားသည် အသင့်အားအကျဉ်းချုပ်အားဖြင့်လည်း ကုသိုလ် အကုသိုလ်တရားတို့ကို ဟောကြားနိုင်ပေသည်၊ အကျယ်အားဖြင့်လည်း ကုသိုလ် အကုသိုလ်တရားတို့ကို ဟောကြားနိုင်ပေသည်၊ စင်စစ်သော်မူ သင့်အား ဤအရာဝယ် အကျဉ်းချုပ်အားဖြင့် ကုသိုလ် အကုသိုလ်တရားကို ငါဘုရားဟောကြားပေမည်၊ ထိုတရားကို ကြားနာလော့၊ ကောင်းစွာ နှလုံးသွင်းလော့" ဟု မိန့်ကြားတော်မူပြီးလျှင် လောဘဒေါသ မောဟ တည်းဟူသော အကုသိုလ်တရား အကျဉ်းသုံးပါး၊ အလောဘ အဒေါသ အမောဟ တည်းဟူသော ကုသိုလ်တရား အကျဉ်းသုံးပါး၊ ပါဏာတိ

ပါတ အစရှိသော ဒုစရိုက်ဆယ်ပါး တည်းဟူသော အကုသိုလ်တရား အကျဉ်း ဆယ်ပါး၊ ပါဏာတိပါတာဝိရတီ အစရှိသော သုစရိုက်ဆယ်ပါး တည်းဟူသော ကုသိုလ်တရား အကျဉ်းဆယ်မျိုး ဤဒုစရိုက် သုစရိုက် တည်းဟူသော ကုသိုလ် အကုသိုလ် အကျဉ်းတရားတို့ကို ဟောကြားတော်မူပြီးသည်၏ အဆုံးဌိ တဏှာကို အကြွင်းမဲ့ ပယ်ဆ တ်ပြီးသော ရဟန်းတော်အရှင်သူမြတ်သည် ဤသာသနာတော်၌ ရဟန္တာ ဖြစ်ကြောင်း မိန့်ကြားတော်မူခဲ့ပါသည်။

ဤသို့လျှင် ဝစ္ဆဂေါတ္တ ပရိဗိုဇ်၏ ကုသိုလ် အကုသိုလ် တရားနှစ်ပါးကို အကျဉ်းချုပ် ဟောကြားရန် တောင်းပန်လျှောက်ထားသော အဋ္ဌုပ္ပတ်ကြောင့် ဤမဟာဝစ္ဆသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဧဝံ ဝုတ္တေ ခေါ အာဝုသော ဝစ္ဆဂေါတ္တော ပရိဗ္ဗာဇကော ဘဂဝန္တံ ဧတဒဝေါစ၊ ကထံ ဘန္တေ ဘဂဝါ ဟောတိ၊ ကိဒိသံ ဘဂဝန္တာရံ အကာသိ၊ ကထဉ္စဿ ဓမ္မာဘိသမယော အဟောသိ။

ဝိဿဇ္ဇနာ။ ။ဧဝံ ဝုတ္တေ ဘဂဝါ ဝစ္ဆဂေါတ္တော ပရိဗ္ဗာဇကော "သစေ ဟိ ဘော ဂေါတမ ဘဘံ ဓမ္မံ ဘဝံယေဝ ဂေါတမော အာရာဓကော အဘဝိဿ၊ နော စ ခေါ ဘိက္ခု။ အာရာဓကော အဘဝိဿံသု၊ ဧဝမိဒံ ဗြဟ္မစရိယံ အပရိပူရံ အဘဝိဿ တေနဂ်ေန"တိ ဧဝ-မာဒိနာ ဘဘံ ဓမ္မံ ဓမ္မဝိနယေ ပဿန္နော ပဿန္နာကာရမကာသိ၊ ယာဝ အရဟတ္တံ စဿ ဓမ္မာဘိသမယော အဟောသိ။

အမေး။ ။ဤသို့ မြတ်စွာဘုရားသခင်က ဟောကြားတော်မူသော အခါဝယ် ဝစ္ဆဂေါတ္တ အမည်ရှိသော ပရိဗိုဇ်သည် မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်၌ ကြည်ညိုသဒ္ဓါ ဖြစ်ပေါ်လာသည် ဖြစ်၍ ကြည်ညိုသဒ္ဓါ ဖြစ်ပေါ်လာသော ပုဂ္ဂိုလ်တို့၏ ပြုမြဲဖြစ်သော အခြင်းအရာကို အဘယ်သို့လျှင် ပြုခဲ့ပါသနည်း၊ ဝစ္ဆဂေါတ္တ ပရိဗိုဇ်အား တရားအထူးကိုသိခြင်း တရားအထူးကို ရခြင်းသည် အဘယ်ပုံ အဘယ်နည်းဖြင့် ဖြစ်ခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤသို့ သဗ္ဗညုမြတ်စွာဘုရားဟောကြားတော်မူသောအခါ ဝစ္ဆဂေါတ္တပရိဗိုဇ်သည် သစေ ဟိ ဘော ဂေါတမ ဘမံ ဓမ္မံ ဘဝံယေဝ ဂေါတ-မော အာရာဓကော အဘဝိဿ အစရှိသည်ဖြင့် "ရှင်ကြီးဂေါတမ.... ဤယခု

ရှင်ကြီးဂေါတမ ဟောပြအပ်သော အရဟတ္တဖိုလ်တိုင်မြောက်သော တရား အစုကို အရှင်ကြီးဂေါတမ တဦးတည်းသာလျှင် အကယ်၍ အရဟတ္တဖိုလ် ပေါက် ပြီးမြောက်စေသည်ဖြစ်၍ ရဟန်းသံဃာတော်တို့ အရဟတ္တဖိုလ်ပေါက် အရဟတ္တဖိုလ်ရောက် မပြီးမြောက်စေခဲ့ပါမူ ရဟန်းသံဃာတော်တို့၏ အရဟတ္တ ဖိုလ်သို့ မပေါက်ရောက်ခြင်း မပြီးမြောက်ခြင်း တည်းဟူသော ဤအကြောင်း အင်္ဂါဖြင့် ဤရှင်ကြီးဂေါတမ၏ သာသနာသည် မပြည့်စုံ မလုံလောက်ဘဲ ရှိရာပါသည်။

ယခုမူကား ရှင်ကြီးဂေါတမသည်ငင်း ရဟန်းတော် အရှင်သူမြတ်တို့သည် ငင်း အရဟတ္တဖိုလ်ပေါက် ပြီးမြောက်တော်မူစေကြပါသဖြင့် ဤသာသနာ သည် ပြည့်စုံလှပါပေသည်။

အို အရှင်ကြီးဂေါတမ.... အကယ်၍ အရှင်ကြီးဂေါတမနှင့် ရဟန်း ပရိသတ်တို့သာလျှင် ဤသာသနာ၌ အရဟတ္တဖိုလ်ပေါက် ပြီးမြောက်စေကြ သည် ဖြစ်၍ ဘိက္ခုနီတို့သည် အကယ်၍ အရဟတ္တဖိုလ်ပေါက် ရဟန်းကိစ္စ မပြီးမြောက်ကြသည် ဖြစ်ပါမူကား ထို့သို့ ဘိက္ခုနီတို့၏ မပြီးမြောက်ခြင်း တည်းဟူသော အကြောင်းအင်္ဂါအစိတ်အပိုင်းအားဖြင့် ဤဗြဟ္မစရိယ သာ သနာသည် မပြည့်စုံ မလုံလောက်ဘဲ ရှိရာပါသည်။

ယခုမူကား ရှင်ကြီးဂေါတမရော ဘိက္ခု ဘိက္ခုနီ နှစ်မျိုးစုံတို့ပါ အရဟတ္တ ဖိုလ်ပေါက် ပြီးမြောက်တော်မူကြသဖြင့် ဤသာသနာသည် လွန်စွာ လွန်စွာ ပြည့်စုံ၍ နေခဲ့ပါသည်။

အိုအရှင်ကြီးဂေါတမ.... အရှင်ကြီးဂေါတမနှင့်တကွ ဘိက္ခု ဘိက္ခုနီ သံဃာနှစ်မျိုးသာလျှင် အရဟတ္တဖိုလ်ပေါက် ပြီးမြောက်စေကြသည်ဖြစ်၍ မြတ်သောအကျင့်ကို ကျင့်သုံးကြသည့် လူဝတ်ကြောင် ဒါယကာတို့ဘက်မှ အနာဂါမိမဂ်ဖိုလ်တိုင်အောင် အကယ်၍ မပေါက်ရောက်ဘူးပဆိုလျှင် မြတ် သော အကျင့်ကို ကျင့်သုံးသူ ဝတ်ဖြူစင်ကြယ် ဝတ်ကြသူ လူဒါယကာတို့၏ အနာဂါမိ မဂ်ဖိုလ်တိုင်ရောက် မသိခြင်း တည်းဟူသော ဤအစိတ် အင်္ဂါတပါး ဖြင့် ဤသာသနာသည် မပြည့်မစုံ မလုံ လောက်ဘဲ ရှိရာပါသည်။

ယခုမူကား မြတ်သောအကျင့်ကို ကျင့်သုံးကြသည့် ဝတ်ဖြူဆင်ယင် လူ ဝတ်ကြောင်တိပင်လည်း အနာဂါမိမဂ်ဖိုလ်တိုင်ရောက်အောင် သာသနာမူ

ကိစ္စကို ပြီးစေကြသဖြင့် ဤအစိတ်အပိုင်းအင်္ဂါအား ဖြင့်လည်း ဤရှင်တော်ဘုရား၏ သာသနာသည် ပြည့်စုံလျက် ရှိပါပေသည်။ ဤသို့ စသည်ဖြင့်—

အို အရှင်ကြီး ဂေါတမ.... အကယ်၍ အရှင်ကြီးဂေါတမနှင့် တကွ ဘိက္ခု, ဘိက္ခုနီ, မြတ်သော အကျင့်ကို ကျင့်သုံးသော ဥပါသကာ, ကာမစည်းစိမ်ကို ခံစားသော ဥပါသကာ,မြတ်သောအကျင့်ကို ကျင့်သုံးသော ဥပါသိကာ တို့သာလျှင် ဤသာသနာဝယ် မင်္ဂိုလ်တိုင်ရောက် ပေါက်ကြ၍ ကာမဘောဂီ လူဝတ်ကြောင် ဥပါသိကာ သာမညတို့သည် သောတာပတ္တိဖိုလ် သကဒါဂါမိဖိုလ် တိုင်မြောက် အကယ်၍ မပေါက်ရောက်ပါမူကား ထိုလူဝတ်ကြောင် ဥပါသိကာ ကာမဘောဂီ ပဂိုလ်တို့၏ မင်္ဂိုလ်ကို ထိုက်ရာ သင့်ရာ မရခြင်းတည်းဟူသော အစိတ်အပိုင်းအင်္ဂါအားဖြင့် ဤသာသနာသည် ပြည့်စုံနိုင်ဘွယ်ရာ မရှိပါ။

ယခုမှာမူ အရှင်ကြီးဂေါတမသည်ရင်း ရဟန်းအပေါင်းသည်ရင်း ဘိက္ခုနီ သံဃာတော် အပေါင်းသည်ရင်း ဥပါသကာ ဒါယကာနှစ်မျိုးတို့သည်ရင်း ဥပါသိကာ ဒါယိကာမ နှစ်မျိုးတို့သည်ရင်း မိမိတို့ ရသင့်ရထိုက် သိသင့် သိထိုက်သော မင်္ဂိုလ်တရားထူးတို့ကို ရစေကြ ပြီးစေကြ သိကြသဖြင့် ဤသာသနာသည် လွန်စွာ့ လွန်စွာ ပြည့်စုံ၍ နေပါသည်။

အို အရှင်ကြီးဂေါတမ....လောကဥပမာအားဖြင့် ဂင်္ဂါမြစ်ရေသည် သမုဒ္ဒရာသို့ သာ ညွတ်သည် ကိုင်းသည် ရှိုင်းသည် ဖြစ်၍ သမုဒ္ဒရာနှင့် တဆက်တည်း ဆက်၍သာ တည်သကဲ့သို့ ထို့အတူ အရှင်ဘုရား၏ ရဟန်းပရိသတ် လူပရိသတ်နှင့်တကွသော ပရိသတ် အပေါင်းသည်လည်း နိဗ္ဗာန်သို့သာ ညွတ်သည် ကိုင်းသည် ရှိုင်းသည် ဖြစ်၍ နိဗ္ဗာန်နှင့်တဆက်တည်း ဆက်၍ တည်နေပါသည်။

အဘိက္ကန္တံ ဘော ဂေါတမ အဘိက္ကန္တံ ဘော ဂေါတမ အစရှိသည်ဖြင့် မြတ်စွာဘုရားကိုရင်း ဒေသနာတော်ကိုရင်း ခြီးမှမ်း၍ သရဏဂုံ ခံယူပြီးလျှင် ဤသာသနာဝယ် ရဟန်းအဖြစ်ကို တောင်းခံပါသည်၊ ရဟန်းအဖြစ်ကို သဗ္ဗညုမြတ်စွာဘုရားအထံ၌ ထိုဝစ္ဆဂေါတ္တ ပရိဗိုဇ် ရရှိခဲ့ပါသည်၊ ရရှိပြီး၍ တပက္ခအကြာတွင် အနာဂါမိဖိုလ် တိုင်မြောက် ပေါက်ရောက်တော်မူခဲ့ပါသည်။

ထိုအခါ အရဟတ္တဖိုလ်ရောက်အောင် ဆုံးမတော်မူပါမည့်အကြောင်း ဘုရားထံမှောက် လာရောက်၍ တောင်းပန်သည်တွင် သဗ္ဗညုမြတ်စွာဘုရားက

ဆဋ္ဌဘိညပုဂ္ဂိုလ်ဖြစ်မည့်အရေး တွေးတောဆင်ခြင် သိမြင်တော်မူသဖြင့် သမထဝိပဿနာ နှစ်ပါးကို အစုံဖွဲ့၍ ပွါးများရမည့်အကြောင်း ပြန်ပြောင်း မိန့်မှာတော်မူပါသည်။

ထိုအခါ ဝစ္ဆဂေါတ္တ မထေရ်သူမြတ်သည် မြတ်စွာဘုရား ညွှန်ကြားသည့် နည်းလမ်းအတိုင်း သမထဝိပဿနာ ဘာဝနာတို့ကို ပွါးများတော်မူသဖြင့် ဣဒ္ဓိဝိဓအဘိညာဉ် ဒိဗ္ဗစက္ခုအဘိညာဉ် ဒိဗ္ဗသောတအဘိညာဉ် စေတော-ပရိယအဘိညာဉ် ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် အာသဝက္ခယဉာဏ် တည်းဟူသော အဘိညာဉ် ခြောက်ပါးနှင့် ပြည့်စုံသည့် ရဟန္တာစင်စစ် ဖြစ် တော်မူခဲ့ပါသည်။

ဤသို့လျှင် ထိုဝစ္ဆဂေါတ္တ အမည်ရှိသော ပရိဗိုဇ်သည် မြတ်စွာဘုရား၏ တရားစကားကို ကြားနာရသဖြင့် ဤဓမ္မဝိနယ သာသနာဝယ် လွန်စွာ့ လွန်စွာ ကြည်ညိုလှသဖြင့် ကြည်ညိုသော ပုဂ္ဂိုလ်တို့ ပူမြဲ ပြောမြဲဖြစ်သော အခြင်း အရာ ပြောဆိုပုံကို ပြောဆိုပြုစုခဲ့ပါသည်၊ ဤသို့လျှင် အရဟတ္တဖိုလ်ရောက် ထိုဝစ္ဆဂေါတ္တ မထေရ်မြတ်၏ မြတ်သော တရားအထူးကို ပေါက်ရောက် သိမြင် ခြင်း ဖြစ်ခဲ့ပါသည် အရှင်ဘုရား။

မဟာဝစ္ဆသုတ် ပြီး၏

ဒီဃနခသုတ်

ပုစ္ဆာ။ ။ဒီဃနခသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘဂ္ဂေ ဒီဃနခံ ပရိဗ္ဗာဇကံ အာရဗ္ဘ ဘာသိတံ။ ဒီဃနခေါ ဘဂ္ဂေ ပရိဗ္ဗာဇကော ဘဂဝန္တံ ဥပသင်္ကမိတ္ဝာ တေဒဝေါစ "အဟံ ဟိ ဘော ဂေါတမ ဧဝံဝါဒီ ဧဝံဒိဋ္ဌိ သဗ္ဗံ မေ နက္ခမတီ"တိ။ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ဒီဃနခ မည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်း တော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အဘယ်

အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ် အရပ်ဝယ် သူကရခတ အမည်ရသော ဝက်တူးလိုဏ်၌ **ဒီဃနခ** အမည်ရှိသော ရှင်သာရိပုတ္တရာ၏ တူ ပရိဗိုဇ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဂိဇ္ဈကူဋ်တောင်၏ အနီး သူကရခတ အမည်ရသော ဝက်တူးလိုဏ်၌ သီတင်းသုံးနေတော်မူသော အခါ ရှင်သာရိပုတ္တရာ၏ တူဖြစ်သော ဒီဃနခ ပရိဗိုဇ်သည် ဘုရားထံမှောက် လာရောက်၍ အဟံ ဟိ ဘော ဂေါတမ ဧဝံဝါဒီ ဧဝံဒိဋ္ဌိ သဗ္ဗံ မေ နက္ခမတိ ဟု "အို အရှင်ကြီး ဂေါတမ.... အကျွန်ုပ်သည် အလုံးစုံသော ပစ္စုပ္ပန်ဘဝ တမလွန်ဘဝရှိသည်ဆိုသော အယူဝါဒကို မနှစ်သက်သူ ဖြစ်ပါသည်" ဟု ဥစ္ဆေဒဒိဋ္ဌိ နတ္ထိကဒိဋ္ဌိ မိမိအယူကို ကွယ်ဝှက်လျက် မြတ်စွာဘုရားအား လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "အဂ္ဂိဝေဿန အနွယ်၌ ဖြစ်သော ဒီဃနခပရိဗိုဇ်.... သဗ္ဗံ မေ နက္ခမတိ အလုံးစုံသော ဘဝကို မနှစ်သက်ဘူးဆုတ့သင်၏အယူကိုကော သင်မနှစ်သက်ဘူးလား" ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ ဒီဃနခပရိဗိုဇ်က တပည့်တော်သည် အကယ်၍ သဗ္ဗံ မေ နက္ခမတိ လို့ ဆိုသည့် တပည့်တော်အယူကို နှစ်သက်သည် ဖြစ်ပါမူကား သို့နှစ်သက်သည်ဟု ပြောဆိုသော စကားသည်လည်း ထိုအတိုင်းသာလျှင် ဖြစ်ရာပါ၏၊ ထိုအတိုင်းသာလျှင် ဖြစ်ရာပါ၏" ဟု စကားကို ဖြတ်၍ ပစ်ခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဤလောကဝယ် တံ ပဿ တာဒိသမေဝ၊ တံ ပဿ တာဒိသမေဝ ဟု "ဒီစကားလည်း ဒီလိုဖြစ်မှာပေါ့ ဒီစကားလည်း ဒီလိုဖြစ်မှာပေါ့" ဟု ပြောဆိုကြသည့် အညတိတ္ထိယ သာသနာပြင်ပ ပုဂ္ဂိုလ်တို့သည် အများကြီးရှိကြပေသည်၊ ထိုများစွာသော ပုဂ္ဂိုလ်တို့အနက် မိမိတို့ ယူရင်းစွဲ မှားသောအယူကို စွန့်ပစ်၍ သမ္မာအယူကို ယူမိကြသည့် ပုဂ္ဂိုလ်တို့ကား အနည်းထက်အနည်း နည်းလှပါတော့သည်။

မိမိယူရင်းစွဲ အယူထက် မိမိတို့ ယူရင်းစွဲ မိစ္ဆာအယူပေါ် တဆတို့၍ စောစောက ရူပက္ခန္ဓာကိုသာ သဿတဟု ယူမိသော်လည်း ကြာလေ ကြာလေ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ တည်းဟူသော ခန္ဓာ

တို့ကိုပါ တိုးတက်၍ တိုးတက်၍ သဿတအယူကိုသာ ယူကြသည့် အညတိတ္ထိယ ပုဂ္ဂိုလ်တို့ကသာလျှင် များပြားလှကြောင်း။ ဤလောကဝယ် အချို့သဿတ အယူရှိ၍ အချို့ ဥစ္ဆေဒအယူရှိကြောင်း အချို့ကား ကေစ္စသဿတ ကေစ္စအသဿတ အယူရှိကြကြောင်း ပုဂ္ဂိုလ်သုံးမျိုးရှိသည်။

ဤပုဂ္ဂိုလ်သုံးမျိုးတို့တွင် ပုဂ္ဂိုလ်သတ္တဝါသည်ရင်း လောကသည်ရင်းမြဲ၏ ဟု ယူသော သဿတဝါဒပုဂ္ဂိုလ်တို့၏ မိစ္ဆာအယူသည် ရာဂ၏ နည်းစွာသော အကြောင်း ဖြစ်ကြောင်း သံယောဇဉ်၏ နီးစွာသော အကြောင်း ဖြစ်ကြောင်း။ ဥစ္ဆေဒ အယူရှိသော ပုဂ္ဂိုလ်တို့၏ အယူသည်ကား ရာဂကင်းဘို့ရန် နီးကပ်ကြောင်း သံယောဇဉ်မှ ကင်းဘို့ရန် နီးကပ်ကြောင်း မိန့်ကြားတော်မူလိုက်သည်တွင် ဒီဃနခပရိဗ္ဗိဇ်သည်လည်း မိမိ၏ ဥစ္ဆေဒ အယူကို သဗ္ဗညုမြတ်စွာဘုရား ခြီးမွမ်းသည် မြောက်စားသည် ထင်မှတ်၍—

ဥက္ကံသေတိ မေ ဘဝံ ဂေါတမော၊ သမုက္ကံသေတိ မေ ဘဝံ ဂေါတမော ဒိဋ္ဌဂတံ ဟု အရှင်ကြီးဂေါတမသည် အကျွန်ုပ်၏ ဥစ္ဆေဒအယူကို ခြီးမြောက် တော်မူပါပေသည်၊ အလွန့် အလွန် ခြီးမြောက်တော်မူပါပေသည် ဟု မိမိ၏ ဥစ္ဆေဒဝါဒကို ထင်ရှားပြခဲ့ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် ဟောတော်မူမြဲ ဒေသနာ အစဉ်အတိုင်း အချို့ မြဲသည် အချို့ မမြဲ ဟု ယူကြသော ကေစ္စသဿတပုဂ္ဂိုလ်တို့ အဘို့ရန်မှာ မြဲသည် ဟု ယူသော အယူတခြမ်းအတွက် ရာဂ၏ နီးစွာသော အကြောင်း ဖြစ်ကြောင်း မမြဲ ဟု ယူသော အယူတခြမ်းအတွက် ရာဂကင်းဘို့ နီးကပ်ကြောင်းကို ဟောကြားတော်မူပြီးလျှင်—

ဤလောက၌ သဿတအယူ ဥစ္ဆေဒအယူ ကေစ္စသဿတအယူ ဟူ၍ မိစ္ဆာအယူသုံးပါး ရှိသည့်အနက် သဿတအယူရှိသော ပုဂ္ဂိုလ်တို့တွင် ဉာဏ်ပညာရှိသော အချို့သော ပုဂ္ဂိုလ်တို့သည် ငါသည် သဿတအယူကို သာ စွဲမြဲ၍ ယူခဲ့သည်ရှိသော် ကျန်သော ဥစ္ဆေဒ, ကေစ္စသဿတ အယူသမားတို့နှင့် ခိုက်ရန်စကား ပွါးများလေရာပါသည် ဟု အပြစ်ကို မြင်၍ မိမိ၏ မိစ္ဆာအယူကို လည်း စွန့်ပစ်လေသည်၊ ဥစ္ဆေဒ, ကေစ္စသဿတ တည်းဟူသော အယူကိုလည်း မယူဘဲ ရှိကြပေသည်၊ ဤပုံ ဤပန်းအားဖြင့် မိစ္ဆာအယူကို စွန့်ပစ်ကြပေသည်။

ဥစ္ဆေဒ အယူ ကေစ့သဿတအယူ တို့ အထည်းမှ ဥာဏ်အမြင်ရှိကြသော ပုဂ္ဂိုလ်တို့သည်လည်း ထို့အတူပင် ငြင်းခုံခိုက်ရန်ခြင်း ဘေးကို မြင်ကြ၍ မိမိတို့ ယူရင်းစွဲ ဖြစ်သော မိစ္ဆာအယူကို စွန့်ပစ်ပြီးလျှင် တပါးသော မိစ္ဆာအယူကို လည်း မယူဘဲ **သမ္မာ**အယူသို့သာ ကူးပြောင်းကြကြောင်း မိန့်ကြားတော်မူပါသည်။

ထို့အခါ ဒီဃနခ ပရိဗိုဇ်၏ သန္တောန်ဝယ် မိမိ၏ ဥစ္ဆေဒ အယူကို စွန့်သွန်လိုသော စိတ်သည် တဖွားဖွား ပေါ်ပါသဖြင့် အာသယကို[1] ကြည့်တော်မူပြီးလျှင် သဗ္ဗညုမြတ်စွာဘုရားသည်—

အယံ ခေါ ပနဂ္ဂိဝေဿန ကာယော ရူပီ စာတုမဟာဘူတိကော—အစရှိ သည်ဖြင့် ရုပ်ကမ္မဋ္ဌာန်းကိုဂင်း တိသော ခေါ ဣမာ အဂ္ဂိဝေဿန ဝေဒနာ၊ သုခါ ဝေဒနာ ဒုက္ခာ ဝေဒနာ အဒုက္ခမသုခါ ဝေဒနာ—အစရှိသည်ဖြင့် နာမ်နှင့်ဆိုင်ရာ ဝေဒနာကမ္မဋ္ဌာန်းကိုဂင်း အစုံအစုံ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

ဤသို့လျှင် ဒီဃနခ အမည်ရသော ရှင်သာရိပုတ္တရာ၏တူ ပရိဗိုဇ်ကို အကြောင်းပြု၍ ထိုပရိဗိုဇ်၏ သဗ္ဗံ မေ နက္ခမတိ—ဟု မထိ တထိ မိမိ၏ ဝါဒစကားကို သဗ္ဗညုမြတ်စွာဘုရားအား မပုံ့မလင်း လျှောက်ထားသော အကြောင်း အဋ္ဌုပ္ပတ်ကြောင့် ဤဒီဃနခ သုတ္တန် ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဣမသ္မိံ စ ပနာဝုသော ဝေယျာကရဏသ္မိံ ဘညမာနေ ကေသံ ပုဂ္ဂလာနံ ဝိသေသာဓိဂမော အဟောသိ။

ဝိဿဇ္ဇနာ။ ။ဣမသ္မိံ စ ပန ဘန္တေ ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော သာရိပုတ္တဿ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စိ၊ ဒီဃနခဿ ပန ပရိဗ္ဗာဇကဿ တသ္မိံ ယေဝ အာသနေ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ”န္တိ။

၁။ အာသယ = ကျွတ်တန်းဝင်မည့်သတ္တဝါတို့၏ လိုအင်ဆန္ဒ စရိုက်သဘာဝကို ကြည့်၍ မြတ်စွာဘုရားတို့ တရားဟောတော်မူသည်။
သို့ ကြည့်ရှုတော်မူသည့် ကျွတ်တန်းဝင်သတ္တဝါတို့၏ လိုအင်ဆန္ဒကို **အာသယ** ဟု ခေါ်သည်။

အမေး။ ။ဤဒီဃနခ သုတ္တန်တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူသောအခါ ကာလဝယ် အဘယ်ပုဂ္ဂိုလ်တို့အား တရားထူး တရားမြတ်ကို ရခြင်း သိခြင်း ပေါက်ရောက်ခြင်းသည် ဖြစ်ခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဂါထာမဘာက် စုဏ္ဏိယ [၁] သက်သက်မျှ ဖြစ်သော ဤဒီဃနခ သုတ္တန်တရားဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ရုပ်ကမ္မဋ္ဌာန်း ဝေဒနာကမ္မဋ္ဌာန်း အစုံအစုံ ခွဲခြမ်း၍ ဟောကြားတော်မူလတ်သည်ရှိသော် ထိုသို့ဟောကြားတော်မူခိုက် သဗ္ဗညုမြတ်စွာဘုရား၏ နောက်တော်ပါးမှ ရှင်တော်ဘုရားကို ယပ်လေခပ်၍ မတ်မတ်တည်နေသော အရှင်သာရိပုတ္တရာ မထေရ် သူမြတ်သည် တေသံ တေသံ ကိရ နော ဘဂဝါ ဓမ္မာနံ အဘိညာ-ပဟာနမာဟ—အစရှိသည်ဖြင့် ငါတို့၏ ဆရာဖြစ်တော်မူသော ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော သဗ္ဗညုမြတ်စွာဘုရားသည် ထိုထို မိစ္ဆာအယူဝါဒ အစရှိသော တရားတို့ကို ကိုယ်တော်တိုင်ပင်လျှင် ထိုးထွင်း၍ သဗ္ဗညုတဉာဏ်တော်ဖြင့် ကြွင်းမဲ့ကုန်စင် သိမြင်တော်မူပြီးမှ ပယ်သင့် ပယ်ထိုက် စွန့်သင့် စွန့်ထိုက်သော တရားတို့ကို ပယ်စေ စွန့်စေ ပယ်ဘိရန် စွန့်ဘို့ရန် ဟောကြားတော်မူပါပေသည်။

ဤသို့ ဘုရားဂုဏ်ကို အာရုံပြုလျက် ဤသုတ္တန်ဝယ် ပါရှိသော ဝေဒနာ နှုပသနာ ကမ္မဋ္ဌာန်းကို ဆင်ခြင် စီးဖြန်း နှလုံးသွင်းတော်မူရင်းပင် အရှင်သာရိပုတ္တရာ မဟာထေရ်သူမြတ်၏ စိတ်တော်သည် အာသဝေါတရားတို့မှ တစုံတရာ ဥပါဒါန်တို့ဖြင့် မစွဲယူဘဲ မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းကြသော အာသဝေါ လေးတန်တို့မှ လွတ်မြောက်တော်မူခဲ့ကြပါသည်၊ ရှင်သာရိပုတ္တရာသည် အာသဝေါ ကုန်ခန်းသော ရဟန္တာအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

ရှင်သာရိပုတ္တရာ၏ တူ ဒီဃနခပရိဗိုဇ်အားကား ထိုတရားနာသော နေရာ၌ပင်လျှင် ဖြစ်ဖြစ်သမျှ ကြွင်းမဲ့ညဿုံ အလုံးစုံသော တဏှာမက သခ်္ခါရ တရား အစုသည် ချုပ်မြဲသဘောသာလျှင် ရှိခြေ၏တကား ဟု မည်သူ တဦး တယောက်မျှ ဖျက်၍ မရသော အသိဉာဏ် အောက်မဂ်ဉာဏ် အောက်ဖိုလ်ဉာဏ် သောတာပတ္တိမဂ်ဉာဏ်သို့ ဆိုက်ရောက်ခဲ့ပါသည်။

၁။ စုဏ္ဏိယ ဂါထာခေါ်သော ပါဠိကဗျာအဖွဲ့အနွဲ့မျိုးမပါစေဘဲ စကားပြေသက်သက်ဖြင့် ဟော တော်မူခြင်းကို စုဏ္ဏိယ ဟု ခေါ်သည်။

ဤသို့လျှင် ဤသုတ္တန်ဒေသနာတော်မြတ်ကို ဟောကြားတော်မူသော အခါ အရှင်သာရိပုတ္တရာအား အရဟတ္တမဂ် အရဟတ္တဖိုလ်ဉာဏ် ဒီဃနခ ပရိဗိုဇ်အား သောတာပတ္တိ မဂ်ဖိုလ်ဉာဏ် တည်းဟူသော တရားထူး တရားမြတ်ကို ရခြင်း သိခြင်း ပေါက်ရောက်ခြင်း ဖြစ်ခဲ့ပါသည် အရှင်ဘုရား။

ဒီဃနခသုတ် ပြီး၏

မာဂဏ္ဍိယသုတ်

ပုစ္ဆာ။ ။မာဂဏ္ဍိယသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ကုရူသု ဘန္တေ ကမ္မာသဓမ္မေ နာမ ကုရူနံ နိဂမေ ဘာရဒ္ဒါဇ ဂေါတ္တဿ ဗြာဟ္မဏဿ အဂ္ဂါဂါရေ တိဏသန္ထာရကေ မာ-ဂဏ္ဍိယံ ပရိဗ္ဗာဇကံ အာရဗ္ဘ ဘာသိတံ။ မာဂဏ္ဍိယော ဘန္တေ ပရိဗ္ဗာဇကော ဘဂဝန္တံ “ဘူနဟု သမဏော ဂေါတမော”တိ ဝဒေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။မာဂဏ္ဍိယ မည်သော သုတ္တန်တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ကုရုတိုင်း အဝင်အပါ ကမ္မာသဓမ္မနိဂုံးအရပ်၌ ဘာရဒ္ဒါဇဂေါတ္တ ပုဏ္ဏား၏ မီးတင်းကုပ်[1] မြက်အခင်းပေါ်ဝယ် မာဂဏ္ဍိယ ပရိဗ္ဗိုဇ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် မာဂဏ္ဍိယ ပရိဗ္ဗိုဇ်၏ ကျွတ်တမ်းဝင်မည့် အရေးကို သိမြင်တော်မူသဖြင့် ကုရုတိုင်း အဝင်အပါ ကမ္မာသဓမ္မနိဂုံးအရပ် ဘာရဒ္ဒါဇဂေါတ္တ ပုဏ္ဏား၏ ကျပ်တည်းကျဉ်းမြောင်းလှသော မီးတင်းကုပ်ဝယ် မြက်အခင်း၌ ဆင်းရဲပင်ပန်းစွာ နေတော်မူခဲ့ပါသည်။

၁။ ဤအဂ္ဂါဂါရ မီးတင်းကုပ်မှာ ချက်ပြုတ်သောဌာနမဟုတ် ပူဇော်သောမီးထားရာ အရပ်ကို မီးတင်းကုပ် ဟု ခေါ်လေသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ကမ္မာသမမ္မနိဂုံးအတွင်းသို့ နံနက်အခါ ဆွမ်းခံကြွတော်မူ၍ တခုသော တောအုပ်သို့ သွားရောက်တော်မူပြီးလျှင် သစ်ပင်ရင်းတခုဌာ ဖလသမာပတ် ချမ်းသာဖြင့် နေ့သန့်စင်၍ နေတော်မူခဲ့ပါသည်။

ထိုအခါ မာဂဏ္ဍိယ ပရိဗိုဇ်သည် ဘာရဒ္ဒါဇ ဂေါတ္တ ပဏ္ဍား၏ မီးတင်းကုပ်အရပ်သို့ အညောင်းအညာပြေ လာရောက်သည်ရှိသော် သဗ္ဗညုမြတ်စွာဘုရားအတွက် ခင်းထားအပ်သော မြက်အခင်းကို မြင်သည်တွင် ဘာရဒ္ဒါဇ ဂေါတ္တ ပဏ္ဍားအား "မည်သူ့အတွက် ခင်းထားအပ်သော အခင်းဖြစ်ပါသနည်း၊ ရဟန်းတော်အတွက် ခင်းထားအပ်သော အခင်းနှင့်တူချေတကား" ဟု မေးမြန်းသည်တွင်—

သကျသာကီဝင် မင်းမျိုးမှ ရဟန်းပြုသော ရဟန်းကြီးဂေါတမအတွက် ခင်းထားအပ်သော မြက်အခင်း ဖြစ်ပါကြောင်း ပြန်ပြောင်းပြောဆိုသည်တွင်—

ဒုဒ္ဒိဋ္ဌံ ဝတဘော ဘာရဒ္ဒါဇ အဒ္ဒသာမ—အစရှိသည်ဖြင့် "အို ဘာရဒ္ဒါဇ ငါတို့သည် မကောင်းသော မြင်ခြင်းကို မြင်မိကုန်စွတကား။ ကြီးပွါးရေးတရားကို ဖျက်ဆီးတတ်တဲ့ ထိုရဟန်းကြီးဂေါတမအတွက် ခင်းထားသော မြက်အခင်းကို မြင်ရသည်မှာ မကောင်းသော မြင်ခြင်း ဖြစ်စွတကား ဟု ပြောဆိုပါသည်။

ထိုအခါ ဘာရဒ္ဒါဇ ဂေါတ္တပဏ္ဍားက ဤစကားကို ခေတ္တခဏ ဆိုင်းတွစေလိုကြောင်း၊ သဗ္ဗညုမြတ်စွာဘုရားကို မင်း ပဏ္ဍား သူဌေး သူကြွယ် ရဟန်းပညာရှိ တည်းဟူသော ပညာရှိလေးဦးလုံးကပင် ကြည်ညိုကြကြောင်း ပြောဆိုသည်တွင်—

ငါတို့ကား ငါတို့၏ သုတ္တန်၌ လာရှိသည့် အတိုင်း ပြောဆိုခြင်းဖြစ်သည် ရဟန်းကြီးဂေါတမ၏ မျက်မှောက်မှာပင် ဖြစ်စေ မျက်ကွယ်မှာပင် ဖြစ်စေ ဘူနဟု သမဏော ဂေါတမော "ရဟန်းကြီးဂေါတမသည် ကြီးပွါးရေးကို ဖျက်ဆီးတဲ့ ပဂ္ဂိုလ်ကြီးတပါး ဟူ၍သာလျှင် ရဲရဲဝံ့ဝံ့ ငါတို့ ပြောကြားမည်" ဟု ပြောဆိုသည်တွင်—

ဘာရဒ္ဒါဇ ဂေါတ္တပုဏ္ဏား က အကယ်၍ အရှင်မာဂဏ္ဍိယပရိဗိုဇ်အား ဝန်မလေးပါမူ အကျွန်ုပ်သည် ရဟန်းကြီးဂေါတမအား ဤပုံ ဤပန်း မာဂဏ္ဍိ ယ ပရိဗိုဇ် ပြောကြားသည်ဟု .ပြောဆိုလိုက်မည်ဟု ဆိုသောအခါ ရဲရဲဝံ့ဝံ့ သာ အကျွန်ုပ် ပြောဆိုသည့် အနေနှင့် ပြောဆိုပါဟု ပြောဆိုပြီးလျှင် မာဂဏ္ဍိ ယ ပရိဗိုဇ်သည် ခေတ္တခဏမျှ ရှောင်ရှားသွားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ဘာရဒ္ဒါဇဂေါတ္တ ပုဏ္ဏားနှင့် မာဂဏ္ဍိ ယ ပရိဗိုဇ်တို့၏ မြက်အခင်းကို အကြောင်းပြု၍ စကားနှိုးနှောပြောဆိုသည့် အခြင်းအရာကို ကြားတော်မူပါသည်၊ ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ညချမ်းအခါ ဖလသမာပတ်မှ ထတော်မူပြီး၍ ဘာရဒ္ဒါဇ ဂေါတ္တပုဏ္ဏား၏ မီးတင်းကုပ် မြက်အခင်းရှိရာ အရပ်သို့ ကြွရောက်တော်မူပြီး ထိုင်နေတော်မူပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဘာရဒ္ဒါဇဂေါတ္တ ပုဏ္ဏားအား ဤ မြက်အခင်းကို အကြောင်းပြု၍ မာဂဏ္ဍိယ ပရိဗိုဇ်နှင့် အသင်တို့ စကားအခြေ အတင် ပြောဆိုမှု ဖြစ်သည် မဟုတ်လော ဟု မေးမြန်းသည်တွင် ဘာရဒ္ဒါဇ ဂေါတ္တပုဏ္ဏားသည်လည်း ထိတ်လန့် ကြက်သီးမွေးညင်း ထပြီးလျှင် “တပည့် တော်သည် ယခုအခါ ဤအကြောင်းကို အရှင်ကြီးဂေါတမအား လျှောက်ထား မလို့ပင်၊ မလျှောက်ထားခင်ပင် အရှင်ဘုရားသည် မေးမြန်းပါပေသည်” ဟု ပြန်ပြောင်းလျှောက်ဆိုခဲ့ပါသည်။

ဤသို့ စကားပြောဆိုနေစဉ် အတွင်းမှာ ပင် မာဂဏ္ဍိယ ပရိဗိုဇ်သည် တဖန်ထပ်၍ ဘာရဒ္ဒါဇဂေါတ္တပုဏ္ဏား၏ မီးတင်းကုပ်အရပ်သို့ ရောက်ရှိပြီးလျှင် မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ စကားနှိုးနှော ပြောဆို၍ တင့်အပ် လျောက်ပတ်သော အရပ်၌ ထိုင်နေပါသည်။

ဤသို့လျှင် မာဂဏ္ဍိယပရိဗိုဇ်၏ ဘူနဟု သမဏော ဂေါတမော——ရဟန်း ကြီး ဂေါတမသည်ကား ကြီးပွါးရေးကို ဖျက်ဆီးတဲ့ ပုဂ္ဂိုလ်ကြီးတည်းဟု မဟုတ်မလျှား စွပ်စွဲပြောကြားသော အကြောင်းအဋ္ဌုပ္ပတ်ကြောင့် ဤ မာဂဏ္ဍိယသုတ္တန် ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြား တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော ဘဂဝါ တတ္ထ မာဂဏ္ဍိယဿ ပရိဗ္ဗာဇကဿ သမနုယုဉ္ဇိတ္ဝာ သမနုယုဉ္ဇိတ္ဝာ ဓမ္မံ ဒေသေသိ။

ဝိဿဇ္ဇနာ။ ။“စက္ခုံ ခေါ မာဂဏ္ဍိယ ရူပါရာမံ ရူပရတံ ရူပသမ္မုဒိတံ၊ တံ တထာဂတဿ ဒန္တံ ဂုတ္တံ ရက္ခိတံ သံဝုတံ၊တဿ စ သံဝရာယ ဓမ္မံ ဒေသေတီ”တိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝါ မာဂဏ္ဍိယဿ ပရိဗ္ဗာဇကဿ သမနုယုဉ္ဇိတ္ဝာ သမနုယုဉ္ဇိတ္ဝာ ဓမ္မံ ဒေသေသိ။

အမေး။ ။ထိုမာဂဏ္ဍိယ သုတ္တန်တရားဒေသနာတော်မြတ်၌ ဘုန်းတော်ခြောက်ပါး နှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် မာဂဏ္ဍိယ မည်သော ပရိဗိုဇ်ကို မေးမြန်းစစ်ဆေး၍ မေးမြန်းစစ်ဆေး၍ အဘယ်ပုံ အဘယ်နည်းဖြင့် တရားတော်ကို ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုမာဂဏ္ဍိယသုတ္တန် တရားဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် စက္ခုံ ခေါ မာဂဏ္ဍိယ ရူပါရာမံ ရူပရတံ ရူပသမ္မုဒိတံ အစရှိသည်ဖြင့်—

မာဂဏ္ဍိယ ပရိဗိုဇ်....၊စက္ခုဒ္ဒါရသည် ရူပါရုံလျှင် မွေ့လျော်ရာရှိ၏၊ ရူပါရုံ၌ မွေ့လျော်တတ်ပေ၏၊ ရူပါရုံလျှင် နှစ်လိုအားရမ်း ဝမ်းမြောက်ဝမ်းသာ ပျော်မြူးရာရှိပေ၏၊ ထိုစက္ခုဒ္ဒါရကို ရှေးဘုရားတို့အတူ လာခြင်းကောင်းတော်မူသော ငါဘုရားသည် ယဉ်ကျေးအောင် ဆုံးမအပ်ပေပြီ၊ ထိုစက္ခုဒ္ဒါရကို လုံခြုံအောင် ပိတ်ဆို့အပ်လေပြီ၊ ထိုစက္ခုဒ္ဒါရဝယ် အကုသိုလ်ခိုးသားတို့ ဝင်ရောက်၍ မဖျက်ဆီးအောင် ငါဘုရားသည် စောင့်ရှောက်အပ်လေပြီ၊ စောင့်စည်းအပ်လေပြီ၊ စက္ခုဒ္ဒါရကို စောင့်စည်းရန် အလို့ငှါ ငါဘုရားသည် တရားကို ဟောဆိုပေသည်။

မာဂဏ္ဍိယ ပရိဗိုဇ်....၊ ဤသို့ စက္ခုဒ္ဒါရ၌ အကုသိုလ်တရားတို့ ဝင်ရောက်၍ မနှိပ်စက်အောင် စောင့်ရှောက်ရန် တရားဟောခြင်းကို ရည်စူး၍ အသင်သည် ဘူနဟု သမဏော ဂေါတမော—ရဟန်းကြီးဂေါတမသည် စက္ခုဒ္ဒါရဝယ် ကြီးပွါးရေး တရား အကုသိုလ်မှု ပွါးစည်းရေးတရားကို ဖျက်ဆီးတဲ့ ပုဂ္ဂိုလ်တည်းဟု ပြောဆိုပါသလောဟု မေးမြန်းတော်မူပါသည်။

ထိုအခါ မာဂဏ္ဍိယသည် စက္ခုဒ္ဒါရ၌ စောင့်စည်းဘို့ရန် တရားဟောသည်ကို အကြောင်းပြု၍ အကျွန်ုပ်သည် ရှင်ကြီးဂေါတမအား ဘူနဟု သမဏော

ဂေါတမော—ရဟန်းကြီးဂေါတမသည် ကြီးပွါးရေးကို ဖျက်ဆီးတဲ့ ပဋိပက္ခိုလ်တည်းဟု ပြောကြားပါကြောင်း၊ အကျွန်ုပ်တို့၏ ဗေဒင်ကျမ်းများမှာလည်း ဤအတိုင်း လာရှိပါကြောင်း ပြန်ပြောင်းလျှောက်ဆိုပါသည်။

ဤနည်းအတူ သဗ္ဗညုမြတ်စွာဘုရားသည်—

သောတဒ္ဓါရ။ ။

ဃာနဒ္ဓါရ။ ။

ဇိဝှါဒ္ဓါရ။ ။

ကာယဒ္ဓါရ။ ။

မနောဒ္ဓါရတို့၌လည်း မာဂဏ္ဍိယပရိဗိုဇ်....၊ မနောဒ္ဓါရ အမည်ရသော ဤဒ္ဓါရသည် ဓမ္မာရုံလျှင် မွေ့လျော်ရာရှိသည်၊ ဓမ္မာရုံ၌ မွေ့လျော်တတ်သည်၊ ထိုမနောဒ္ဓါရကိုလည်း ငါဘုရားသည် ယဉ်ကျေးအောင် ဆုံးမအပ်ပေပြီ၊ ထို မနောဒ္ဓါရ၌ အကုသိုလ်တရားတို့ ဝင်ရောက်၍ မဖျက်ဆီးနိုင်အောင် သတိတည်းဟူသော အစောင့်အရှောက်ကို ကောင်းစွာချထားအပ်လေပြီ၊ မနောဒ္ဓါရကို စောင့်ရှောက်ရန်အလို့ငှါ ငါဘုရားသည် တရားဒေသနာကို ဟောပေသည်။

ဤသို့ မနောဒ္ဓါရ လုံခြုံရန် တရားဒေသနာကို ဟောသည်ကို အကြောင်းပြု၍ ဘူနဟု သမဏော ဂေါတမော—ရဟန်းကြီးဂေါတမသည် မနောဒ္ဓါရ၌ ကြီးပွါးရေးတရားကို ဖျက်ဆီးတဲ့ ပဋိပက္ခိုလ်ကြီးတည်းဟု ပြောဆိုပါသလောဟု မေးမြန်းသည်တွင်—

မနောဒ္ဓါရ၌ စောင့်စည်းရန် တရားဟောသည်ကို အစဲပြု၍ ဘူနဟု သမဏော ဂေါတမော—ရဟန်းကြီးဂေါတမသည် ကြီးပွါးရေးတရားကို ဖျက်ဆီးတဲ့ ပဋိပက္ခိုလ်တည်းဟု ပြောဆိုပါသည်၊ အကျွန်ုပ်တို့၏ ဗေဒင်သုတ္တန်များ၌လည်း ထိုနည်းအတိုင်း လာရှိပါသည်ဟု ပြန်ပြောင်းလျှောက်ဆိုပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက မာဂဏ္ဍိယပရိဗိုဇ်....၊ ယခု ငါဘုရား ပြောမည့်စကား မေးမည့်စကား ကို သင် အသို့မှတ်ပါသနည်း၊ သင်အသို့ ဖြေဆိုပါမည်နည်း။

ဤလောကဝယ် တစုံတယောက်သော ရဟန်းပုဏ္ဏားသည် ရှေးအခါက နှစ်သက်ဖွယ်ရှိသော ရူပါရုံတို့ကို ခံစား သုံးဆောင်ခဲ့ပါသည်၊ ထိုပဋိပက္ခိုလ်သည်ပင်

နောက်အချိန်အခါဝယ် ထိုရူပါရုံတို့ အပေါ်ဝယ် ရူပါရုံတို့၏ ဖြစ်ခြင်း တည်းဟူသော သမုဒယ၊ ရူပါရုံတို့၏ ပျက်ခြင်းတည်းဟူသော အတ္ထင်္ဂမ၊ ရူပါရုံဝယ် အနည်းငယ်မျှ မပြောပလောက်သည့် သာယာမှု သာယာဖွယ် တည်းဟူသော အဿာဒ၊ ရူပါရုံကို အကြောင်းပြု၍ များလှစွာသော အပြစ်ဒေါသ အာဒီနဝ၊ထိုရူပါရုံမှ လွတ်မြောက်ရာ နိဗ္ဗာန်တည်းဟူသော နိဿရဏ၊ရူပါရုံနှင့် စပ်၍ ဤဆိုအပ်ပြီးသော သမုဒယ, အတ္ထင်္ဂမ, အဿာဒ, အာဒီနဝ, နိဿရဏ ဤငါးချက်ကို ပရိညာကိစ္စ မြောက်၍ ပေါက်ပေါက်ထင်ထင် သိမြင်ပြီးလျှင် ထိုရူပါရုံ၌ တဏှာ တပ်မက်သော တဏှာကို ပယ်စွန့်၍ ထိုရူပါရုံ၌ တဏှာ တပ်မက်သော တဏှာ တည်းဟူသော အပူကို ငြိမ်းသတ်ပြီးလျှင် ထိုရူပါရုံ၌ တဏှာတပ်မက်ခြင်း တည်းဟူသော ဆာလောင်မွတ်သိပ်ခြင်း ကင်းသည် ဖြစ်၍ နိယကဇ္ဈတ္တ အမည်ရသော ဖလသမာပတ်၌ ပင်လျှင် အဇ္ဈတ္တသန္တာန်၌ နိဗ္ဗာန်ချမ်းသာကို ခံစား၍ နေရာသည်၊ ထိုပုဂ္ဂိုလ်ကိုကော အသင်မာဂဏ္ဍိယ ပရိဗိုဇ် မည်သို့ ပြောဆိုဦးမည်နည်း ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ မာဂဏ္ဍိယပရိဗိုဇ်က နှ ကိုဠဲ ဘော ဂေါတမ—ထိုပုဂ္ဂိုလ်ကိုကား တစုံတရာ ပြောဆိုဖွယ်မရှိ ဟု ပြန်ပြောင်း လျှောက်ထားပါသည်။

ထိုအတူ သဗ္ဗညုမြတ်စွာဘုရားသည် သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ ဤအာရုံငါးပါး စုံအောင်ပင်လျှင် မေးကာ မေးကာဖြင့် မာဂဏ္ဍိယ ပရိဗိုဇ်ကို ဖြေစေပါသည်။

မာဂဏ္ဍိယ ပရိဗိုဇ်သည်လည်း အာရုံငါးပါး စုံအောင်ပင် နှ ကိုဠဲ ဘော ဂေါတမ—ထိုသို့ အာရုံငါးပါး၌ သမုဒယ, အတ္ထင်္ဂမ, အဿာဒ, အာဒီနဝ, နိဿရဏ ငါးဌာနကို ပရိညာကိစ္စမြောက် ပေါက်ရောက်သိမြင်၍ ကာမတဏှာကို ပယ်စွန့်ပြီးရကား ဖလသမာပတ် ချမ်းသာဖြင့် နေထိုင်တော်မူကြသော ပုဂ္ဂိုလ်တို့အဘို့ တစုံတရာ ပြောရန် မရှိကြောင်း ပြန်ပြောင်းလျှောက်ထားခဲ့ပါသည်။

ဤသို့လျှင် ဤသုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် မာဂဏ္ဍိယ ပရိဗိုဇ်အား မေးမြန်းကာ မေးမြန်းကာ နဲနက်လှစွာသော ဓမ္မဒေသနာ တရား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဧဝံ ဓေါ အာဝုသော မာဂဏ္ဍိယေန ပရိဗ္ဗာဇကေန "နကိဉ္စိ ဘော ဂေါတမာ"တိ ယထာဘူတံ ပဋိဿုတေ ကထံ ဘဂဝါ အတ္တနော ပိ န ကိဉ္စိ ကေနစိ ပိ ဝတ္တာဗ္ဗတံ ပကာသေသိ။

ဝိဿဇ္ဇနာ။ ။ဧဝံ ဓေါ ဘဒ္ဒန္တေ မာဂဏ္ဍိယေန ပရိဗ္ဗာဇကေန နကိဉ္စိ ဘော-ဂေါတမာတိ ယထာဘူတံ ပဋိဿုတေ "အဟံ ဓေါ ပန မာဂဏ္ဍိယ ပုဗ္ဗေ အဂါရိယဘူတော သမာနော ပဉ္စဟိ ကာမဂုဏေဟိ သမပ္ပိတော သမင်္ဂီဘူတော ပရိစာရေသိံ စက္ခုဝိညေယ္ယေဟိ ရူပေဟိ ဣဋ္ဌေဟိ ကန္တေဟိ မနာပေဟိ ပိယရူပေဟိ ကာမူပသံဟိတေဟိ ရဇနီယေဟိ"တိ ဧဝမာဒိနာ ဘဂဝါ အတ္တနော ပိ န ကိဉ္စိ ကေနစိ ပိ ဝတ္တာဗ္ဗတံ ပကာသေသိ။

အမေး။ ။ဤသို့ ငါ့ရှင်ဖြေဆိုခဲ့သည့်အတိုင်း ပင် မြတ်စွာဘုရားသခင်က မေးမြန်းတော်မူသောအခါ ကာမဂုဏ်တရားတို့မှ လုံးဝလွတ်မြောက်၍ ကာမဂုဏ်တရားတို့၌ သာယာခြင်းတဏှာကို လုံးဝပယ်ပြီးသည်ဖြစ်၍ နိဗ္ဗာန်တည်းဟူသော အမြတ်ဆုံးချမ်းသာ၌ အရဟတ္တဖိုလ်ဖြင့် ဆိုက်ရောက်လျက်နေသော ပုဂ္ဂိုလ်အား တစုံတရာ အပြစ်ဆိုရန် မရှိကြောင်းကို မှန်ကန်သည့် အတိုင်း မာဂဏ္ဍိယပရိဗ္ဗိုဇ်က ဝန်ခံဖြကြားသော အခါကာလဝယ် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် မိမိကိုယ်တော်တိုင်ကိုလည်း ထိုသို့ပင် ကာမဂုဏ်ငါးပါးတို့မှ လုံးဝလွန်မြောက်၍ ကာမဂုဏ်တို့၌ သာယာခြင်းတဏှာမှ လုံးဝကင်းစင်၍ နိဗ္ဗာန်ချမ်းသာမြတ်၌ ဖလသမာပတ်ဖြင့် ခံစားလျက်နေသော ပုဂ္ဂိုလ်ဖြစ်သောကြောင့် တစုံတယောက်သော ပုဂ္ဂိုလ်ကမျှ တစုံတရာမျှ အပြစ်မတင်ထိုက် မပြောဆိုထိုက်ကြောင်းကို အဘယ်ပုံ အဘယ်နည်းဖြင့် ထုတ်ဖော်၍ ဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သဗ္ဗညုမြတ်စွာဘုရားသည် မာဂဏ္ဍိယပရိဗ္ဗိုဇ်က နကိဉ္စိ ဘော ဂေါတမ—ဟု ဟုတ်မှန်သည့်အတိုင်း ဝန်ခံလတ်သည်ရှိသော် အဟံ ဓေါ ပန မာဂဏ္ဍိယ ပုဗ္ဗေ အဂါရိယဘူတော သမာနော ပဉ္စဟိ ကာမဂုဏေဟိ သမပ္ပိတော သမင်္ဂီဘူတော ပရိစာရေသိံ အစရှိသည်ဖြင့်—

မာဂဏ္ဍိယ ပရိဗ္ဗိုဇ်....၊ ငါဘုရားသည်လည်း ဘုရားမဖြစ်မီ ရှေးလူဖြစ်စဉ် အခါက ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော အာရုံငါးပါး

ကာမဂုဏ်တရားတို့နှင့် ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် တင့်တယ်စံပယ်ခဲ့ကြောင်း၊

ငါဘုရားမှာ အလောင်းတော်ဘဝဆီက ရမ္မ သုဘ သုရမ္မ တည်းဟူသော ဥတုသုံးပါးအား လျောက်ပတ်သည့် နန်းမ ပြာသာဒ် သုံးဆောင် ရှိကြောင်း၊ ထိုပြာသာဒ်သုံးဆောင်ဝယ် မိုဃ်းဥတုအား လျောက်ပတ်သော ပြာသာဒ်၌ မိုဃ်းလေးလပတ်လုံးပင် ယောကျ်းဟူ၍ တစုံတရာမဖက်သက်သက်အမျိုးသမီးတို့ဖြင့် ပြီးသော အခွေအရံပရိသတ်တို့ဖြင့် အာရုံငါးပါး ကာမဂုဏ်တရားတို့ကို တင့်တယ်စံပယ်စွာ သုံးဆောင်တော်မူခဲ့ဘူးကြောင်း။

ထိုငါဘုရားသည် နောက်ကာလဝယ် ထိုအာရုံငါးပါး ကာမဂုဏ်တရားတို့၌ အပြစ်ကိုမြင်ပြီးလျှင် ထိုအာရုံငါးပါး ကာမဂုဏ်တရားတို့၏ ဖြစ်ပုံ ပျက်ပုံ သမုဒယ, အတ္ထင်္ဂမကိုလည်း ထိုအာရုံငါးပါး ကာမဂုဏ်တရားတို့၏ အနည်းငယ်မျှသာ သာယာဖွယ်ရှိသည့် အဿာဒကိုလည်း များစွာသော အပြစ်ဖုံးလွှမ်းသည့် အာဒီနဝကိုလည်း ထိုအာရုံငါးပါး ကာမဂုဏ်တရားတို့မှ လွတ်ရာ နိဿာန် တည်းဟူသော နိဿရဏကိုလည်း ပရိညာဉာဏ်ဖြင့် ပိုင်းပိုင်းခြားခြား ဝေဘန်သိမြင်၍ ကာမတဏှာကို ပယ်ပြီးလျှင် ကာမတည်းဟူသော အပူခပ်သိမ်းကို ငြိမ်းစေ၍ ကာမတည်းဟူသော မွတ်သိပ်ခြင်း ကင်းပြီးလျှင် စတုတ္ထစျာန် အရဟတ္တဖိုလ် သမာပတ်ဖြင့် ချမ်းသာစွာ ယခုအခါ ငါဘုရား နေပြီဖြစ်ကြောင်း။

သို့ ယခုနေဆဲအခါ ဤလူ့လောကဝယ် အာရုံငါးပါး ကာမဂုဏ်တရားတို့ဖြင့် ကာမတဏှာ မကင်းကြသေး၍ ထိုအာရုံငါးပါး ကာမဂုဏ်တရားတို့ကို သုံးစားသောပုဂ္ဂိုလ်တို့ကို မြင်ပင်မြင်သော်လည်း ငါဘုရား၏ စိတ်သည် ဝတ္ထုအာရုံ ကာမဂုဏ်တို့မှ ကင်းဆိတ်၍ ၎င်း အကုသိုလ်တရားတို့မှ လွတ်မြောက်၍ ၎င်း နတ်၏ချမ်းသာထက်လည်း အဆအရာ အဆအထောင်မက သာလွန်မြင့်မြတ်လှသည့် ဖလသမာပတ်ချမ်းသာ၌ မွေ့လျော်နေပြီဖြစ်၍ ထိုလူ့ဌာနရှိသော ကာမချမ်းသာတို့ကို မတောင့်တကြောင်း ထိုလူ့ဌာနဖြစ်သော ကာမချမ်းသာတို့ဝယ် မမွေ့လျော်တော့ကြောင်း။

လောကဥပမာအားဖြင့် တစုံတယောက်သော သူကြွယ် သို့မဟုတ် သူကြွယ်သားသည် အာရုံငါးပါး ကာမဂုဏ်တရားတို့ဖြင့် တင့်တယ်စံပယ်စွာ

နေလေရာ၏၊ ထိုသူကြွယ် သူကြွယ့်သားသည် ကာယ ဝစီ မနောတည်းဟူသော သုစရိုက်တရားတို့ကို ပွါးများ၍ ကိုယ်ခန္ဓာပျက်သည်မှ နောက်ကာလဝယ် တာဝတိံသာ နတ်ပြည်သို့ ရောက်ရှိ၍ နန္ဒဝန်ဥယျာဉ်အတွင်းဝယ် နတ်သမီး အပေါင်းခြံရုံလျက် နတ်၌ဖြစ်သော အာရုံငါးပါး ကာမဂုဏ်တရားတို့ဖြင့် တင့်တယ်စံပယ်၍ နေသောအခါ လူ့ပြည်လောက၌ မိမိနှင့် အလားတူ တစုံတယောက်သော သူကြွယ် သူကြွယ့်သားတို့ အာရုံငါးပါးကာမဂုဏ်တရားတို့ဖြင့် ခံစံ၍ နေသည်ကို မြင်ပါသော်လည်း တစုံတရာမျှ တောင့်တခြင်း ရှိပါဦးမည်လား ဟု သဗ္ဗညုမြတ်စွာဘုရား မေးမြန်းတော် မူပါသည်။

တောင့်တခြင်း မရှိရာပါ အရှင်ကြီးဂေါတမ၊ အကြောင်းသော်ကား နတ်၌ဖြစ်သော အာရုံငါးပါးတို့သည် လူ၌ဖြစ်သော အာရုံငါးပါးတို့ထက် အဆ အရာ အထောင်မက လွန်မြတ်လှပါသည် ဟု မာဂဏ္ဍိယ ပရိဗိုဇ် ပြန်ပြောင်း လျှောက်ထားသည်တွင် သဗ္ဗညုမြတ်စွာဘုရားက—

ဤနည်းအတူပင် မာဂဏ္ဍိယ ပရိဗိုဇ်....၊ ငါဘုရားသည်လည်း မွေးလူဖြစ် စဉ်အခါက အာရုံငါးပါး ကာမဂုဏ်တရားတို့နှင့် ပြည့်ပြည့်စုံစုံ လုံလုံ လောက်လောက် ရမ္မ သုဘ သုရမ္မတည်းဟူသော နန်းမသုံးဆောင်ဝယ် ခံစံခဲ့လေပြီ၊ ထိုငါသည် နောက်ကာလဝယ် ထိုအာရုံငါးပါး ကာမဂုဏ်တရားတို့၏ အဿာဒ, အာဒီနဝ, နိဿရဏ, သမုဒယ, အတ္ထင်္ဂမ တည်းဟူသော ဆိုင်ရာဆိုင်ရာ အချက်အလက်တို့ကို ပရိညာကိစ္စ ပေါက်မြောက်အောင် ကြွင်းမဲ့ကုန်စင် သိမြင်၍ ကာမတဏှာကိုပယ်ပြီးလျှင် ကာမတည်းဟူသော အပူကို ပယ်ဖျောက်၍ ကာမတည်းဟူသော မွတ်သိပ်ဆာလောင်ခြင်း ကင်းလျက် အဇ္ဈတ္တ သန္တာန်ဝယ် နိယကဇ္ဈတ္တ အမည်ရသော ဖလသမာပတ်၌ ချမ်းသာစွာ ယခု ငါဘုရားနေပေသည်။

သို့ ချမ်းသာစွာနေသော ငါဘုရားသည် ဒိဗ္ဗသုခထက်လည်း အဆ အရာမက သာလွန်မြင့်မြတ်လှသော ဖလသမာပတ်နှင့် နေရကား ဤလူ့ပြည် လောကဝယ် အာရုံငါးပါး ကာမဂုဏ်တရားတို့ဖြင့် သုံးစားမှီဝဲနေကြသည့် လူတို့၏ ကာမချမ်းသာကို အဘယ်မှာလျှင် တောင့်တပါတော့အံ့နည်း။

ဥပမာ တနည်းအားဖြင့် မာဂဏ္ဍိယပရိဗိုဇ်.... ဤလောကဝယ် တယောက်သော နူနာစွဲသော ပဂ္ဂိုလ်သည် ရှိရာသည်၊ ထိုပဂ္ဂိုလ်အား ပိုးတို့သည် ကိုက်ခဲအပ်ကုန်သည်ဖြစ်၍ အလွန်အလွန် မနေသာ မထိုင်သာ ယားယံလှသည်

ဖြစ်၍ လက်သည်းတို့ဖြင့် မိမိ၏ ခန္ဓာကိုယ်ဝယ် ရှိသော အိုင်းအမာတို့ကို ဖဲ့ကာယဲ့ကာဖြင့် မိမိ၏ ရူပကာယကို မီးကျီးအစုဝယ် ကင်၍ နေရာပါသည်၊ ထိုနှုနာရှိသော ပဂ္ဂိုလ်ကို ဆွေရင်း မျိုးရင်း သားချင်းအပေါင်းတို့က ဆေးဆရာဖြင့်ကု၍ ထိုနှုနာရောဂါ ပျောက်သည် ဆိုပါစို့။

ထိုနှုနာရောဂါမှ ပျောက်ပြီးသော ပဂ္ဂိုလ်သည် မိမိနှင့် အလားတူ တစုံတယောက်သော နှုနာရောဂါရှိသော ပဂ္ဂိုလ်သည် အနာတို့ကို ဖဲ့ကာ ယဲ့ကာဖြင့် မီးကျီးအစု၌ ကိုယ်ကိုကင်၍ နေသည်ကို တွေ့မြင်သောအခါ ရှေးနည်းအတူ မီးပူကို တောင့်တရာအံ့လော ဟု မေးမြန်းတော်မူပါသည်။

မတောင့်တရာပါ၊ အကြောင်းကား အနာရှိစဉ်သာလျှင် မီးကင်ရန် အနာရှိစဉ်သာလျှင် ဆေးစာရန် လိုပါသည်၊ ယခုအခါမှာမူ အနာမှ ကင်းပြီ၊ ထပြီ၊ ပျောက်ပြီ၊ ဖြစ်၍ တောင့်တရန် မလိုကြောင်း မာဂဏ္ဍိယ ပရိဗိုဇ်ဖြေကြားသည်တွင် သဗ္ဗညုမြတ်စွာဘုရားက—

ထိုအတူပင်လျှင် သဗ္ဗညုဉာဏ်ရှင် ဖြစ်တော်မူသော ငါဘုရားသည်လည်း ရှေးအခါ ကာမတဏှာ တည်းဟူသော နှုနာမကင်းသဖြင့် အာရုံငါးပါး ကာမဂုဏ်တရားတို့ဝယ် သုံးစွဲခံစားခဲ့ရကြောင်း အာရုံငါးပါး ကာမဂုဏ်တရား တည်းဟူသော မီးပူတို့ဖြင့် ခန္ဓာကိုယ်ကို ပူပင်စေခဲ့ရကြောင်း ယခုအခါမှာမူ သဗ္ဗညုတဉာဏ် အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ် တည်းဟူသော ဆေးကို ရသဖြင့် အရဟတ္တဖလသမာပတ် ချမ်းသာဖြင့် ချမ်းချမ်းသာသာ နေပြီဖြစ်ရကား ရှေးကာလ နုစဉ်ကာလက ရရှိသည့် သုခမျိုးနှင့် အလားတူသော ကာမချမ်းသာကို အဘယ်မှာလျှင် တောင့်တပါအံ့နည်း၊ မတောင့်တသည် သာတည်း ဟု သဗ္ဗညုမြတ်စွာဘုရားသည် ကိုယ်တော်မြတ်၏ အပေါ်ဝယ် သူတပါးတို့ တစုံတရာ စွပ်စွဲပြောဆိုဘွယ် မရှိသည်ကို နှစ်ပါးသော ဥပမာရပ်တို့ဖြင့် ထင်ရှားစွာ ဖော်ပြတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကျွမသို့ သုတ္တေ ပရိယောသာနပုစ္ဆံ ပုစ္ဆိဿာမိ ဘဲ ကျွံ စ ပနာဝုသော ဓမ္မဒေသနံ သုတ္ဝာ မာဂဏ္ဍိယော ပရိဗ္ဗာဇကော ကျွမသို့ ဓမ္မဝိနယေ ပဿန္နော ဟုတ္ဝာ ကီဒိသံ ပဿန္နာကာရမကာသိ။

၁။ ဤသတိပေးစကားဖြင့် "မူလက ရည်ရွယ်ထားသော အခြားပုစ္ဆာ ၂-ခုကို အချိန်မရှိတော့သဖြင့် မမေးတော့ဘဲ ၎င်းတို့ကို ချန်လှပ်၍ နောက်ဆုံးပုစ္ဆာကိုးမေးတော့မည်" ဟု ဝိသဇ္ဇကမထေရ်အား သိစေသည်။ ထို့ကြောင့် မြန်မာအမေး၌ ၎င်းစကားကို ထပ်၍ မပြောဘဲ မေးခွန်းမျှကိုသာ မေးသွားသည်။

ဝိဿဇ္ဇနာ။ ။ကျမံ စ ပန ဘန္တေ မေမ္မဒေဿနံ သုတ္ဝာ မာဂဏ္ဍိယော ပရိဗ္ဗာ-
ဇကော 'အဘိက္ကန္တံ ဘော ဂေါတမ အဘိက္ကန္တံ ဘော
ဂေါတမာ"တိ ဧဝမာဒိနာ ဣမသ္မိံ မေမ္မဝိနယေ ပဿန္နော
ပသန္နာကာရမကာသိ။

အမေး။ ။ဤမာဂဏ္ဍိယ သုတ္တန် တရားဒေသနာတော်ကို ကြားနာရ
သဖြင့် မာဂဏ္ဍိယပရိဗိုဇ်သည် ဤမြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်
၌ ကြည်ညိုသည်ဖြစ်၍ ကြည်ညိုသောသူတို့၏ ပြုမြဲဖြစ်သော အဘယ်သို့သော
အခြင်းအရာကို ပြုခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ ။ဤမာဂဏ္ဍိယ သုတ္တန်တရားဒေသနာတော်မြတ်ကို ကြားနာ
ရ၍ မာဂဏ္ဍိယ ပရိဗိုဇ်သည် အဘိက္ကန္တံ ဘော ဂေါတမ အဘိက္ကန္တံ ဘော
ဂေါတမ အစရှိသည်ဖြင့် မြတ်စွာဘုရားကိုဂုဏ်း အကြိမ်ကြိမ် အထပ်ထပ်
ခြီးမွမ်းပြီးလျှင် သရဏကုံ ခံယူပြီး၍—

လဘေယျာဟံ ဘောတော ဂေါတမဿ သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယ္ယံ ဥပ-
သမ္ပဒံ ဟု ဘုန်းတော်အလှန်တရာ ကြီးမြတ်တော်မူလှသော သဗ္ဗညုမြတ်စွာ
ဘုရား အထံတော်၌ ရှင်အဖြစ် ရဟန်း အဖြစ်ကို ရလိုပါကြောင်း ခွင့်တောင်း
သည်တွင် သဗ္ဗညုမြတ်စွာဘုရားအထံ၌ ရှင် ရဟန်း အဖြစ်ကို ရယူခဲ့ပါသည်။
ရယူပြီးသည့်နောက် များမကြာမီပင်လျှင် အရဟတ္တဖိုလ်တိုင်မြောက် ရောက်
တော်မူခဲ့ပါသည်။

ဤသို့လျှင် မာဂဏ္ဍိယပရိဗိုဇ်သည် ဤသုတ္တန်ဒေသနာတော်မြတ်ကို
ကြားနာရ၍ တရားသဖြင့် ဆုံးမရာ ဤဘုရားသာသနာတော်၌ လွန်စွာ လွန်စွာ
အရဟတ္တဖိုလ်တိုင်မြောက် ကြည်ညိုခြင်း ဖြစ်လှပါ၍ ကြည်ညိုသော သူတို့
ပြုမြဲ ပြောမြဲဖြစ်သော အခြင်းအရာအစုကို ပြုတော်မူခဲ့ပါသည် အရှင်ဘုရား။

မာဂဏ္ဍိယသုတ် ပြီး၏

သန္ဒကသုတ်

ပုစ္ဆာ။ ။သန္ဒကသုတ္တံ ပနာဝုသော ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ
ကေန ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ကောသမ္မိယံ ဘဂ္ဂေ သဒ္ဒကံ ပရိဗ္ဗာဇကံ အာရဗ္ဘ အာယသ္မတာ အာနန္ဒတ္ထေရေန ဓမ္မဘဏ္ဍာဂါရိကေန ဘာသိတံ။ သဒ္ဒကော ဘဂ္ဂေ ပရိဗ္ဗာဇကော အာယသ္မန္တံ အာနန္ဒံ ဧတဒဝေါစ “သာဓု၀တ ဘ၀န္တံယေ၀ အာနန္ဒံ ပဋိဘာတု သကေ အာစရိယကေ ဓမ္မိကထာ”တိ၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။မြတ်သောအကျင့်ကို ကျင့်သုံးရာ မဟုတ်သော **အဖြဟ္မစရိယဝါသ** လေးပါးတို့ကိုဂုဏ်း ကျင့်သုံးသော သူအား သက်သာရာကို မရစေနိုင်သော **အနဿာသိက ဖြဟ္မစရိယ** လေးပါးတို့ကိုဂုဏ်း မြတ်သောအကျင့်ကို ကျင့်သုံးရာ အစစ်အမှန် ဖြစ်သော **ဖြဟ္မစရိယာဝါသ**နှင့် ကျင့်သုံးသောပုဂ္ဂိုလ်အား သက်သာရာကို ရစေလျက် လိုအပ်သော အကျိုးထူးကို ပြီးစေနိုင်သော **ဖြဟ္မစရိယ**တို့ကိုဂုဏ်း ဖော်ပြရာ ဖြစ်သော သဒ္ဒကမည်သော သူတွန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သောပုဂ္ဂိုလ်က ဟောကြားခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ ။ကောသမ္မီပြည်အရပ်ဝယ် တရားဘဏ္ဍာစိုး ဖြစ်တော်မူသော ရှင်အာနန္ဒာမထေရ်သူမြတ်သည် သဒ္ဒကပရိဗိုဇ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား ဃောသိတာရုံကျောင်း၀ယ် ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ သဒ္ဒကပရိဗိုဇ်သည် ပိလက္ခလိုဏ်ဂူ၌ များစွာသော ပရိဗိုဇ် အခြံအရံဖြင့် နေဆဲရှိပါသည်။

တနေ့သောအခါ ရှင်အာနန္ဒာသည် များစွာသော ရဟန်းအပေါင်းတို့နှင့် တကွ ညနေချမ်းအခါ၀ယ် သဒ္ဒကပရိဗိုဇ်နေရာ ပိလက္ခလိုဏ်ဂူသို့ ကြွရောက်တော်မူပါသည်။

ထိုအခိုက် သဒ္ဒကပရိဗိုဇ်သည် တိရစ္ဆာနကထာ စကားကို များစွာ ပြောကြားလျက်ရှိသော ပရိသတ်ဖြင့် ထိုင်နေဆဲရှိပါသည်၊ ရှင်အာနန္ဒာ ကြွလာသည်ကို မြင်လတ်သည်ရှိသော် သဒ္ဒကပရိဗိုဇ်သည် မိမိပရိသတ်ကို ဆိတ်ငြိမ်အောင်ပြု၍ ရှင်အာနန္ဒာအား နေရာထိုင်ခင်း ပေးခဲ့ပါသည်၊ ရှင်အာနန္ဒာသည် ခင်းအပ်သောနေရာ၌ ထိုင်နေပြီးလျှင်—

ကာယနုတ္ထ သန္ဒက ဧတရဟိ ကထာယ သန္ဒိသိန္နာ၊ ကာ စ ပန ဝေါ အန္တရာကထာ ဝိပ္ပကတာ ဟု သန္ဒကပရိဗ္ဗိဇ်.... ယခု ငါတို့လာသောအခါ သင်တို့သည့် အဘယ်မည်သော စကားဖြင့် စည်းဝေးနေထိုင်ကြပါသနည်း၊ ငါတို့လာသောအခိုက် ပြော၍ မပြီးသေး မပြတ်သေးသော စကားကား အဘယ်စကားပါနည်းဟု မေးမြန်းတော်မူပါသည်။

ထိုအခါ သန္ဒကပရိဗ္ဗိဇ်က—

တိဋ္ဌတေသာ ဘော အာနန္ဒကထာ၊ ယာယ မယံ ဧတရဟိ ကထာယ သန္ဒိသိန္နာ အစရှိသည်ဖြင့် အိုအရှင်အာနန္ဒာ.... အကျွန်ုတို့ ယခုပြောကြားနေသောစကား စည်းဝေးနေသောစကားသည် ရှိပါစေ၊ အကျွန်ုပ်တို့ ပြောတဲ့စကားသည် နောက်အခါကာလမှာလည်း အရှင် အာနန္ဒာအား ရခဲသည် မဟုတ်ပါ၊ ရခဲသည် မဖြစ်လတ္တံ့ပါ၊ အကျွန်ုပ် တောင်းပန်လိုပါသည် မိမိ၏ ဆရာဖြစ်သော သဗ္ဗညုမြတ်စွာဘုရား၏ ဝါဒတော်၌ တရားနှင့်ယှဉ်သော စကားကို အရှင်အာနန္ဒာ၏ ဉာဏ်၌ပင် လျှင် ထင်စေလိုပါသည်ဟု တောင်းပန်စကား လျှောက်ထားခဲ့ပါသည်။

ထိုသို့ သန္ဒကပရိဗ္ဗိဇ် တောင်းပန်လျှောက်ထားသော အဋ္ဌုပ္ပတ်ကြောင့် ဗြဟ္မစရိယဝါသ အမည်ခံ အဗြဟ္မစရိယလေးမျိုးကိုလုံး သက်သာရာ မှီခိုရာ အားထားရာ လုံးလုံးလျားလျားမရှိသည့် ဗြဟ္မစရိယအမည်ခံ အယူဝါဒ လေးမျိုးကိုလုံး စင်စစ် မှီခိုအားထားရာ ဖြစ်သော ဗြဟ္မစရိယအစစ်ကိုလုံး ထင်ရှားဖော်ပြရာ ဖြစ်သော ဤသန္ဒက သုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသည့် အဋ္ဌုပ္ပတ်ကြောင့် အာနန္ဒာမထေရ်သူမြတ်သည် ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ စတ္တာရော အဗြဟ္မစရိယဝါသာ အာယသ္မတာ အာနန္ဒတ္ထေရေန ဓမ္မဘဏ္ဍာဂါရိကေန ဝိစာရေတ္ဝာ ပကာသိတာ။

ဝိဿဇ္ဇနာ။ ။ဣဓ သန္ဒက ကေစ္စော သတ္ထာ ဧဝံဝါဒီ ဟောတိ ဧဝံဒိဋ္ဌိ နတ္ထိ ဒိန္နံ၊ နတ္ထိ ယိဋ္ဌံ၊ နတ္ထိ ဟုတံ၊ နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံဝိပါကော၊ နတ္ထိ အယံလောကော၊ နတ္ထိ ပရောလောကော၊ နတ္ထိ မာတာ၊ နတ္ထိ ပိတာ၊ နတ္ထိ သတ္တာ သြပပါတိကာတိ

ဧဝမာဒိနာ ဘန္တေ တတ္ထ အာယသ္မတာ အာနန္ဒတ္ထေရေန ဓမ္မဘဏ္ဍာဂါရိကေန စတ္တာရော အဗြဟ္မစရိယဝါသာ ဝိစာရေတ္ဝာ ပကာသိတာ။

အမေး။ ။တရား ဘဏ္ဍာစိုး ဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ် မြတ်သည် ထိုသန္ဓကသုတ္တန် တရားဒေသနာတော်၌ မြတ်သောအကျင့်ကို ကျင့်သုံးရာ မဟုတ်သော ဘာသာ အယူဝါဒကြီးလေးမျိုးတို့ကို အဘယ်သို့လျှင် စီစစ်၍ ဟောပြတော်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုသန္ဓကသုတ္တန် ဒေသနာတော်မြတ်၌ ဣဓ သန္ဓက ကေစ္စော သတ္ထာ ဧဝံဝါဒီ ဟောတိ ဧဝံဒိဋ္ဌိ အစရှိသည်ဖြင့် ဓမ္မဘဏ္ဍာဂါရိက အာနန္ဒာမထေရ်သူမြတ်သည် သန္ဓကပရိဗိုဇ်....၊ ဤလောကဝယ် အချို့သော ဘုရားအမည်ခံ ပုဂ္ဂိုလ်ဆရာတို့သည် ဤသို့ပြောကြား ဤသို့ယူလေ့ရှိပါသည်။

လှူအပ်သော အလှူဒါန၏ အကျိုးဟူ၍ မရှိ၊ ပူဇော်အပ်သော ပူဇာဒါန၏ အကျိုးဟူ၍မရှိ၊ ခပ်သိမ်းသောသတ္တဝါတို့သည်ပင် လူမိုက်ရော ပညာရှိပါ ကိုယ်ခန္ဓာပျက်ပြားသည်မှ နောက်ကာလ၌ ပြတ်တော့သည် ဟူ၍ ဥစ္ဆေဒအယူဝါဒစကား ပြောကြားကြပါသည်၊ ဥစ္ဆေဒအယူရှိကြပါသည်၊ ဤသည်လည်း ဝါဒတပါးပင် ဖြစ်ပါသည်။

ထိုဥစ္ဆေဒ ဝါဒ နတ္ထိကဝါဒ၌ ဉာဏ်ပညာအဆင်ခြင်ရှိသော ယောကျ်ားသည် ဤသို့ စဉ်းစားလေရာသည်၊ ဘုရားအမည်ခံ ဤရဟန်းပုဏ္ဏား ဤဆရာဖြစ်သော ပုဂ္ဂိုလ်သည် နတ္ထိ ဒိန္နံ နတ္ထိ ယိဋ္ဌံ အစရှိသည်ဖြင့် မိမိအယူဝါဒစကား ပြောကြားခဲ့သည်၊ အကယ်၍ ဤဆရာပြောသည့်အတိုင်း သတ္တဝါသည် စုတေသည်မှ နောက်ကာလ၌ အကယ်၍ ခန္ဓာဇာတ် ပြတ်သည် ဖြစ်ပါမူကား ငါသည်လည်း တစုံတရာမျှ မပြုရဘဲ အာရုံငါးပါး ကာမဂုဏ်တရားခံစားရင်းပင် လျှင် စုတေသည်မှ နောက်ကာလဝယ် ဘဝဇာတ် ပြတ်ရမည် ငြိမ်းရမည် ဖြစ်ချေသည်။

သို့ဖြစ်လျှင် ဆရာ ဘုရားအမည်ခံ ပုဂ္ဂိုလ်၏ အဝတ်မဆီး အချည်းနှီး နေခြင်း ဦးပြည်းကတုံး တုံးခြင်း ဆောင့်ကြောင့်ထိုင်ခြင်း အစရှိသော ခဲခဲယဉ်းယဉ်း ကျင့်ရသော အကျင့်စုသည် ဘာအကျိုးရှိပါအံ့နည်း၊ ဤဆရာဘုရားအမည်ခံ ပုဂ္ဂိုလ် ပြောကြားသည့် အလိုမှာမူ ပင်ပန်းဆင်းရဲစွာ ကျင့်ကြံ

သော သူတို့သည်၎င်း ပင်ပန်းဆင်းရဲစွာ မကျင့်မကြံဘဲ အာရုံငါးပါးကို ခံစား သုံးဆောင်လျက်ရှိသော ငါတို့သည်၎င်း အချင်းချင်း ညီမျှလျက်ရှိချေ သည်။

သို့တပြီးကား ဤဆရာပြောကြားသော ဗြဟ္မစရိယဝါသအမည်ခံ ဖြစ် သော မြတ်သော အကျင့်ကို ကျင့်သုံးရာ ဟူသော ဤဆရာ၏ သာသနာသည် စင်စစ် ဗြဟ္မစရိယဝါသ မြတ်သော အကျင့်ကို ကျင့်သုံးရာ မဟုတ်ချေ၊ ဗြဟ္မ စရိယဝါသ မြတ်သော အကျင့်ကို ကျင့်သုံးရာဟု အမည်ပညတ်လောက်သာ တင်ထားသော အရာဖြစ်သည်ဟု ထိုသာသနာမှ ဖဲခွါခဲ့ရာ၏၊ ဤသည်လည်း အဗြဟ္မစရိယ အယူကြီးတပါး ဖြစ်သည်။

သန္ဓကပရိဗိုဇ်....၊ထိုမှတပါး ဤလောက၌ ဘုရား ဟု အမည်ခံသော ပူရဏကဿပ အစရှိသော အခြို့သော ဆရာများက ကရောတော ကာရယ-တော ဆိန္ဒတော ဆေဒါပယတော အစရှိသည်ဖြင့် ကောင်းမှု မကောင်းမှု ဒုစရိုက် သုစရိုက် အဝဝကို ပြုပင် ပြုသော်လည်း ကုသိုလ်ကံ အကုသိုလ်ကံ ဟူ၍ မဖြစ်နိုင် ဤသို့ ကုသိုလ်ကံ အကုသိုလ်ကံကို ပယ်သော အကိရိယဝါဒ စကားကို ပြောကြားကြချေသည်၊ ထိုအကိရိယဝါဒ ဘာသာကြီးတခုလည်း လောကမှာရှိချေသည်။

ဤအရာဝယ် ဥာဏ်ပညာအမြင်ရှိသော အမျိုးကောင်းသားသည် ဤသို့ ဆင်ခြင်သည် “ဤလောက၌ ဘုရားအမည်ခံ အခြို့သော ဆရာကြီးများက ကုသိုလ် အကုသိုလ်ကံ မရှိ ဟူ၍ ပြောကြဟောကြပေသည်၊ ထိုဆရာတို့ ဟောပြောသော စကား မှန်ပါမူကား ငါတို့နှင့် ထိုဆရာတို့သည် ထပ်မျှ ညီတူ ဖြစ်လေရာ၏၊ ငါတမူကား အာရုံငါးပါး ကာမဂုဏ်တရားတို့ကို သုံးစွဲ ခံစား လျက် ရှိချေသည်၊ ထပ်မျှ ညီတူ ဖြစ်ဘိမူကား ထိုဆရာတို့၏ အဝတ်မဆီး အချည်းနှီးနေခြင်း အစရှိသော တက္ကတ္ဒန်းတို့၏ အကျင့်ဖြင့် အဘယ်မှုစအံ့ နည်း၊ ငါသည်လည်း အာရုံငါးပါး သုံးစားလျက်ပင်လျှင် ကောင်းမှုမကောင်း မှုကံ ဟူ၍ လုံးလုံးမရှိ ဖြစ်ချေပြီ။ သို့ဖြစ်လျှင် ဤဆရာတို့ ပြောကြားသော ဤဝါဒစကားသည် မြတ်သောအကျင့်ကို ကျင့်သုံးရာ ဗြဟ္မစရိယဝါသ စင်စစ် မဟုတ်ချေတကား” ဟု စဉ်းစားပြီးလျှင် ထိုဆရာတို့၏ အယူဝါဒမှ ဥာဏ် အမြင်ရှိသော အမျိုးကောင်းသားသည် ဖယ်ရှားတိမ်းရှောင်လေရာသည်၊ ဤသည်လည်း အဗြဟ္မစရိယဝါသ တပါးပင် ဖြစ်ပါသည်။

သန္ဒကပရိဗိုဇ်....၊ ထိုမှတပါး ဤလောက၌ အခ္ခါသော ဆရာ ဘုရားအမည်ခံ ပုဂ္ဂိုလ်တို့သည် နတ္ထိ ဟေတု နတ္ထိ ပစ္စယော သတ္တာနံ သံကိလေသာယ အစရှိသည်ဖြင့် သတ္တဝါတို့ ညစ်နွမ်းဘို့ရန် ဆင်းရဲဘို့ရန် အကုသိုလ်ကံ အကြောင်းတရား ဟူ၍ မရှိခဲ့ချေ၊ သတ္တဝါတို့ ဖြူစင်ဘို့ရန် အကုသိုလ်ကံ အကြောင်းတရား ဟူ၍ လုံးလုံးမရှိ မဟာကပ်ပေါင်း တသန်းလေးသိန်း ကာလပတ်လုံး သူမိုက်ရော သူလိမ္မာပါ သံသရာကျင်လည်ပြီးမှ ဘဝဇာတ်သိမ်းရမည်ဟု အကိရိယဝါဒစကား ဖြန့်ကြပါသည်၊ ထိုဝါဒသည်လည်း ဤလောကဝယ် ဝါဒကြီးတရပ်အနေဖြင့် တည်လျက်ရှိချေပါသည်၊ ဤဝါဒအရာ၌ ဉာဏ်ပညာရှိသော အမျိုးကောင်းသားသည် ဤသို့ ဆင်ခြင်ပါသည်။

ဆရာ ဘုရား အမည်ခံ ဤပုဂ္ဂိုလ်ကား သတ္တဝါတို့ စင်ကြယ်ရန် အကြောင်းမရှိ သတ္တဝါတို့ မည်းညစ်ရန် အကြောင်းမရှိ ဟူ၍ အကြောင်းကို ပယ်ရှားသော ဝါဒစကားကို ပြောကြား့သည်၊ အကယ်၍ ဤဆရာပြောသည့် အတိုင်း မှန်ကန်ပါမူ ငါနှင့် ဤဆရာတို့ အယူဝါဒရှိသော ပုဂ္ဂိုလ်တို့သည် ထပ်မျှ ညီတူ ဖြစ်လေရာသည်၊ ပစ္စက္ခအားဖြင့်ပင် ငါနှင့် ထိုဆရာတို့ ဂိုဏ်းဝင် ပုဂ္ဂိုလ်တို့သည် မတူခဲ့ချေ။

ငါတမူကား အာရုံငါးပါး ကာမဂုဏ်တရားတို့ကို သုံးစားလျက်ရှိချေသည်၊ ထိုဆရာတို့ ကျင့်ကြံသည့် အညတိတ္ထိယ ပရိဗိုဇ်တို့၏ အကျင့်အကြံကား အဘယ်မူစအံ့နည်း၊ ထိုဆရာတို့ ပြောသော ဗြဟ္မစရိယဝါသ ဟူသော မြတ်သောအကျင့်ကို ကျင့်သုံးရာ ဟူသော ဝါဒသည် အပြောမျှ အမည်မျှသာ ဖြစ်ချေသည်၊ စင်စစ် ဗြဟ္မစရိယဝါသ မဟုတ်ချေတကား ဟု စဉ်းစားဆင်ခြင်ပြီး လျှင် ထိုအယူဝါဒ ဗြဟ္မစရိယဝါသ အမည်ခံမှ ဉာဏ်ပညာအမြော်အမြင်ရှိသော အမျိုးကောင်းသားသည် ဖဲရှားရှောင်တိမ်းခဲ့ရာသည်၊ ဤသည်လည်း အဗြဟ္မစရိယဝါသ တပါးပင် ဖြစ်ချေသည်။

သန္ဒက ပရိဗိုဇ်....၊ဤလောက၌ အခ္ခါသော ဆရာ ဘုရားအမည်ခံ ပုဂ္ဂိုလ်တို့သည် ဤသို့ ဝါဒစကား ပြောကြားလေ့ရှိကြသည်၊ ဤသို့ ယူလေ့ရှိကြသည် ဓာတ်ကြီး ကိုယ်ကြီး ကိုယ်ကာယကြီး ခုနစ်ပါး ရှိချေသည် ပထဝီကာယ, အာပေါကာယ, တေဇောကာယ, ဝါယောကာယ, သုခ, ဒုက္ခ, အသက်ဇီဝ ဟူ၍ ကာယခုနစ်ပါး ရှိချေသည်။

ထိုကာယ ခုနစ်ပါးတို့၏ အကြားမှပင် ကျရောက်သော လက်နက်တို့သည် ပဲစေ့ နှမ်းစေ့တို့၏ အကြားသို့ လက်နက်တခုကို ပစ်သွင်းသောအခါ ပဲစေ့ နှမ်းစေ့တို့၏ အကြားမှ လက်နက်သည် ထိုးဖောက် ထွက်သွားဘိသကဲ့သို့ တဦးတယောက်သော ပုဂ္ဂိုလ်က တဦးတယောက်သော ပုဂ္ဂိုလ်အား ဓား လက်နက် စသည်ဖြင့် ခုတ်သော် ထိုးသော်လည်း ဓာတ်ခုနှစ်ပါးတို့၏ အကြား ဖြင့်သာလျှင် ဓားလက်နက်သည် ဝင်၍ သွားခြေသည်၊ တစုံတယောက်မျှ ပါဏာတိပါတကံ မထိုက်ဟူ၍ ပြောဆိုသော အယူဝါဒကြီးလည်း ဤလောက၌ ရှိပါသည်။

ဥာဏ် ပညာ အမြော်အမြင်ရှိသော အမျိုးကောင်းသားသည် ကား ဤသို့ ဆင်ခြင်ပါသည်၊ ဤဆရာဘုရား အမည်ခံ ပုဂ္ဂိုလ်တို့သည်ကား ဓာတ် ခုနစ်ပါးရှိကြောင်း ဓာတ်ခုနစ်ပါး အကြားမှ ပင်လျှင် ထိုထိုလက်နက်မျိုးတို့ တိုးလျက် ဝှေ့လျက် ထွက်သွားသည် ဖြစ်သောကြောင့် တစုံတယောက်မျှ ပါဏာတိပါတကံဖြင့် မဖွဲ့မိကြောင်း ပြောဆိုကြသည်။

ထိုဆရာတို့ ပြောသော အလို ကောင်းမှု မကောင်းမှု ပြုပြုသမျှသော ပုဂ္ဂိုလ်တို့သည်ပင် ထပ်မျှ ညီတူ ဖြစ်လေရာ၏၊ ငါတမူကား အာရုံငါးပါး ကာမဂုဏ် တရားတို့ကို သုံးစားလျက်ရှိချေသည်၊ ထိုဆရာ ဘုရားအမည်ခံ ပုဂ္ဂိုလ်တို့သည်ကား အဝတ်မဆီး အချည်းနှီးနေခြင်း အစရှိသော တက္ကတွန်းတို့၏ ပင်ပန်းသော အကျင့်ကို ကျင့်ကြံလျက် ရှိချေသည်၊ သို့ကျင့်ခြင်းဖြင့် ထိုဆရာတို့၏ အကျင့်သည် အဘယ်မှုစအံ့နည်း။

ထိုဆရာတို့၏ ဗြဟ္မစရိယဝါသ အမည်ခံ ဝါဒသည်ကား စင်စစ် ဗြဟ္မစရိယဝါသ မြတ်သောအကျင့်ကို ကျင့်သုံးရာ မဟုတ်ချေတကား ဟု စဉ်းစား ဆင်ခြင်ပြီးလျှင် ထိုဆရာတို့၏ အယူဝါဒ ဗြဟ္မစရိယဝါသ အမည်ခံမှ ရှောင်လွှဲ တိမ်းဖယ်ခဲ့လေရာသည်။ ဤသည်လည်း စတုတ္ထမြောက်ဖြစ်သော အဗြဟ္မစရိယဝါသတည်းဟူသော ဒုတိယ သန္ဓကပရိဗိုဇ်အား ဤလေးပါးသော အဗြဟ္မစရိယဝါသတို့ကို စိစစ်ခဲ့ခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ စတ္တာရိ အနဿာသိကာနိ ဗြဟ္မစရိယာနိ အာယသ္မတာ အာနန္ဒတ္ထေရေန ဓမ္မဘဏ္ဍာဂါရိကေန ဝိစာရေတ္ဝာ ပကာသိတာနိ။

အမေးအဖြေ ၅-၄

ဝိဿဇ္ဇနာ။ ။ဣမ သန္ဒက ကေစ္စော သတ္ထာ သဗ္ဗညူ။။ သဗ္ဗဒဿာဝီ အပရိ-
သေသံ ဉာဏဒဿနံ ပဋိဇာနာတိ "စရတော စ မေ
တိဋ္ဌတော စ သုတ္တဿ စ ဇာဂရဿ စ သတတံ သမိတံ
ဉာဏဒဿနံ ပစ္စုပဋ္ဌိတ" န္တိ ဧဝမာဒိနာ ဘန္တေ တတ္ထ
အာယသ္မတာ အာနန္ဒတ္ထေရေန ဓမ္မဘဏ္ဍာဂါရိကေန စတ္တာရိ
အနဿာသိကာနိ ဗြဟ္မစရိယာနိ ဝိဘဇိတ္ဝာ ပကာသိတာနိ။

အမေး။ ။ဤမြတ်စွာဘုရား သာသနာတော်၌ တရား ဘဏ္ဍာစိုး
ဖြစ်တော်မူသော အရှင်အာနန္ဒာ မထေရ်သူမြတ်သည် ထိုသန္ဒကသုတ္တန်ဒေသ
နာတော်၌ တရားကျင့်သုံးသောသူအား သက်သာရာကို မရစေနိုင်သော ဗြဟ္မ
စရိယ ဟု အမည်ခံထားသော်လည်း ဗြဟ္မစရိယ် အစစ် မဟုတ်သော လေးမျိုး
သော အကျင့်တို့ကို အဘယ်သို့လျှင် ဝေဘန် စိစစ်၍ ဟောပြတော်မူခဲ့ပါ
သနည်း ငါ့ရှင်။

အဖြေ။ ။ဤသန္ဒကသုတ္တန်၌ ဓမ္မဘဏ္ဍာဂါရိက ဖြစ်တော်မူသော
အာနန္ဒာမထေရ်သူမြတ်သည် ဣမ သန္ဒက ကေစ္စော သတ္ထာ သဗ္ဗညူ။။ သဗ္ဗ-
ဒဿာဝီ အပရိသေသံ ဉာဏဒဿနံ ပဋိဇာနာတိ——အစရှိသည်ဖြင့်——

သန္ဒကပရိဗိုဇ်....ဤလောက၌ အချို့သော ဆရာ ဘုရားအမည်ခံ ပုဂ္ဂိုလ်
တစုသည် ငါကား အလုံးစုံသော တရားကို သိသည့် သဗ္ဗညူ စင်စစ် တည်း၊
ငါကား အလုံးစုံသော တရားကို မြင်သိသည့် ကြွင်းမဲ့ညဏ် အလုံးစုံသော ဉာဏ်
အမြင် သဗ္ဗညုတဉာဏ်ကို ဝန်ခံခဲ့သည်၊ သွားသောအခါ ရပ်သောအခါ အိပ်
သောအခါ နိုးချပ်သောအခါ ခပ်သိမ်းမျှပင်လျှင် အမြဲမပြတ် ဒလစပ် ငါ့အား
သိမြင်သော သဗ္ဗညုတဉာဏ် အမြင်သည် ထင်လျက်ရှိချေသည်ဟု ဝန်ခံခဲ့
ပါသည်။

သို့တစေကာ ထိုသို့ သဗ္ဗညုဝန်ခံသော ဆရာ ဘုရား အမည်ခံ ပုဂ္ဂိုလ်
များသည် တစုံတခု ဘာမျှမရှိသော ဆိတ်ငြိမ်သော အိမ်သို့လည်း ဝင်ခဲ့ပါ
သည်၊ မသင့် မလျော်ပတ်သော အရပ်သို့ သွားမိသဖြင့် ခွေးအကိုက်လည်း
ခံခဲ့ရပါသည်၊ ကြမ်းသောဆင် ကြမ်းသောမြင်း ကြမ်းသောနွားတို့နှင့်လည်း
တွေ့ရှိခဲ့ရပါသည်၊ တရားနှင့် မလျော်ပတ်သည့် တွေ့တွေ့သမျှသော
ယောကျ်ား မိန်းမတို့၏ အမည် နာမ အမျိုး အနွယ် စသည်ကိုလည်း မေးမြန်း

ကြပါသည်၊ ရောက်လေရာရာ မြို့ရွာတို့၏ အမည်နာမ စသည်ကို လည်း မေးမြန်းကြပါသည်။

ဤအရာ၌ ဥာဏ်အမြင်ရှိသော အမျိုးကောင်းသားသည် ဤသို့ ဆင်ခြင်ပါသည်၊ ဤပုဂ္ဂိုလ်သည်ကား မိမိကိုယ်ကို သဗ္ဗညုအမည်ခံ ဖြစ်ပါလျက် လူမရှိသော ဆိတ်ငြိမ်သော အိမ်သို့လည်း ဝင်ခဲ့ချေသည်၊ သွားလေရာအရပ်၌ ခွေးကိုက်လည်း ခံရခဲ့ပေသည်၊ ကြမ်းသော ဆင် မြင်း နွား စသည်တို့နှင့်လည်း တွေ့ကြုံရသည်၊ သဗ္ဗညုစင်စစ် ဖြစ်ပါမူကား ထိုထိုယောကျ်ား မိန်းမတို့၏ အမည်ကို မေးရန်ပင် မရှိ၊ ယခုမူ သဗ္ဗညူအမည်ခံလျက် ထိုထိုယောကျ်ားတို့၏ အမည် အမျိုးအနွယ် စသည်ကို မေးပါသည်၊ ရွာနိုဂုံးတို့၏ အမည်ကိုလည်း မေးမြန်းလျက်ရှိချေသည်၊ ထိုဆရာကို ဤသို့မေးမြန်းခြင်း ဤသို့ တွေ့ကြုံရခြင်းသည် အဘယ်ကြောင့်နည်း ဟု ဆရာဘုရား သဗ္ဗညုအမည်ခံ ပုဂ္ဂိုလ်ကို အခွါသော ပုဂ္ဂိုလ်တို့က ပြန်၍ မေးမြန်းကြပါသည်။

သို့မေးမြန်းသောအခါ ဆိတ်ငြိမ်သောအိမ်သည် ဝင်အပ်သော သဘော ရှိ၍ ငါဝင်မိသည်၊ ဆွမ်းခံသွားသော်လည်း မရအပ်သော သဘောရှိ၍ ငါ့မှာ ဆွမ်းမရဘဲရှိသည်၊ ခွေးကိုက်အပ်သော သဘောရှိ၍ ငါခွေးကိုက်ခံရသည် စသည်ဖြင့် သဗ္ဗညုဘုရားတို့ မပြောအပ်သည့် မပြောထိုက်သည့် မလျောက်ပတ်သော အဖြေကိုသာ ဖြေလေ့ရှိပါသည်။

ဤအချက်ကို စဉ်းစားမိသော ဥာဏ်အမြင်ရှိသော အမျိုးကောင်းသားသည် ဤဆရာတို့၏ ပြဟ္မစရိယ ဟူသော အမည်သည် အမည်ခံမျှသာ ဖြစ်ချေသည်၊ စင်စစ်လျှင် မြတ်သောအကျင့်မဟုတ်၊ မြတ်သော အကျင့် စင်စစ် လုံးဝမဟုတ်ချေတကား ဟု စဉ်းစားဆင်ခြင်ပြီးလျှင် ထိုဆရာတို့၏ ပြဟ္မစရိယ အမည်ခံဝါဒမှ ရှောင်လွဲတိမ်းဖယ်ခဲ့ရာပါသည်၊ ဤသည်လည်း သက်သာရာ မရသည့် ကိုးကွယ်ရာ အားထားရာ မှီခိုရာမရသည့် ပြဟ္မစရိယ အမည်ဒံဝါဒ ကြီး တပါးပင် ဖြစ်ပါသည်။

သန္ဓကပရိဗိုဇ်.... ထိုမှတပါး ဤလောကငယ် အခွါသော ဘုရားအမည် ခံ ပုဂ္ဂိုလ်တစုသည် သူတပါးတို့ထံမှ တဆင့်ကြားအားဖြင့် အမှန်ယူဆကာ ဟောကြားလေ့ရှိပါသည်၊ တဆင့်ကြားအားဖြင့် ပြောဆိုအပ်သောစကား

သည် မှန်ရာလည်းရှိ မှားသည်လည်းရှိပါသည်၊ ပြောသည့်အတိုင်းလည်း ဖြစ်ပါသည်၊ တပါးသော အခြင်းအားဖြင့် လည်း ဖြစ်ပါသည်။

ဥာဏ်ပညာ အမြော်အမြင်ရှိသော ပုဂ္ဂိုလ်ကမူ ဤဆရာတို့၏ ဝါဒကို ဤသို့ စဉ်းစားပါသည်၊ဤဘုရား အမည်ခံ ပုဂ္ဂိုလ်များသည်ကား တဆင့်ကြား အမှန်အနေနှင့် သစ္စာအနေနှင့် ပြောဆိုကြသည်၊ တဆင့်ကြား စကားသည် မှန်သည်လည်းရှိသည် မှားသည်လည်းရှိသည်၊ သို့ရကား ဤဆရာတို့၏ ဗြဟ္မစရိယ အမည်ခံ ဝါဒသည် သက်သာရာ အားထားရာ မှီခိုရာ လုံးဝမရှိ အမည်မျှသာဖြစ်သော ဗြဟ္မစရိယပေတည်းဟု စဉ်းစားပြီးလျှင် ထိုဆရာတို့၏ အယူဝါဒ ဗြဟ္မစရိယမှ ရှောင်လွဲတိမ်းဖယ်ခဲ့ပါသည်၊ ဤသည်လည်း အနဿာသိက ဗြဟ္မစရိယတခုဖြစ်ပါသည်။

သန္ဒကပရိဗိုဇ်.... ထိုမှတပါး ဤလောက၌ အခြို့သော ဘုရားအမည်ခံ ပုဂ္ဂိုလ်သည် တက္ကီ,ဝိမံသီခေါ်သော အကြံသမား တက္ကီသမားများ ဖြစ်ကြပါသည်၊ မိမိတို့ ကြံမိကြံရာ စည်မိစည်ရာ စဉ်းစားမိ စဉ်းစားရာ ရောက်တတ်ရာရာ တရားစကားကို ဟောပါသည်။

ဥာဏ်ပညာ အမြော်အမြင်ရှိသော အမျိုးကောင်းသားသည်ကား ဤသို့ ဆင်ခြင်ပါသည်၊ ဤဆရာ ဘုရား အမည်ခံ ပုဂ္ဂိုလ်သည် မိမိကြံမိကြံရာ စည်မိစည်ရာ စဉ်းစားမိရာ တရားဒေသနာကို ရောက်တတ်ရာရာ ဟောခဲ့ချေသည်၊ ကြံမိ ကြံရာ ဟောကြားသောစကားသည် မှန်ချင်လည်း မှန်တတ်ပါသည်၊ မှားလျှင်လည်း မှားတတ်ပါသည်၊ ဟောသည့်အတိုင်းလည်း ဖြစ်တတ်သည်၊ တပါးသော အခြင်းအရာအားဖြင့်လည်း ဖြစ်တတ်သည်။

သို့ရကား ဤဆရာတို့၏ ဗြဟ္မစရိယသည် စင်စစ် ကောန် အမှန်သက်သာရာ မရှိသော ဗြဟ္မစရိယ အမည်ခံမျှသာ ဖြစ်သည်ဟု စဉ်းစားဆင်ခြင်ပြီးလျှင် ထိုဆရာတို့၏ ဗြဟ္မစရိယ အမည်ခံ ဝါဒမှ ဥာဏ်ပညာရှိသော အမျိုးကောင်းသားသည် ရှောင်လွဲတိမ်းဖယ်ခဲ့ရပါသည်၊ ဤသည်လည်း အနဿာသိက ဗြဟ္မစရိယတပါး ဖြစ်ပါသည်။

သန္ဒကပရိဗိုဇ်.... ထိုမှတပါး ဤလောက၌ အခြို့သော ဆရာဘုရား အမည်ခံ ပုဂ္ဂိုလ်များသည် အစစအရာရာ ကုသိုလ်ကံဖြစ်စေ အကုသိုလ်ကံ

ဖြစ်စေ ဤကား ကုသိုလ်လေလား ဟု မေးမြန်းသည်ရှိသော် ဝေဒနိပိ မေ နော ကုသိုလ်ဟူ၍လည်း ငါအယူမရှိပါ၊ ဤသို့ ဖြေဆိုပါသည်။

ကုသိုလ်မဟုတ်လျှင် အကုသိုလ်လေလော....ဟု မေးမြန်းသောအခါ တထာတိပိ မေ နော အကုသိုလ် ဟူ၍လည်း ဤအမှုမျိုးကို ငါသည် မယူဆပါ ဟူ၍ ဖြေကြားပါသည်။

ထိုအခါ ကုသိုလ် အကုသိုလ် မဟုတ်လျှင် ကုသိုလ် အကုသိုလ်မှ တပါး လေလော ဟု တဖန် ထပ်ဆင့်၍ မေးမြန်းသောအခါ အညထာတိပိ မေ နော ဤတရားမျိုးကို ငါတို့သည် ကုသိုလ် အကုသိုလ်မှ တပါးသော တရားဟူ၍ လည်း အယူမရှိ မပြော မဟောပါ ဟု ဖြေဆိုပြန်ပါသည်။

တဖန် ထပ်ဆင့်၍ သင်၏အယူဝါဒ အလိုမှာ ဤကဲ့သို့သော သဘော ရှိသော တရားသည် ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်းမဟုတ် ကုသိုလ် အကုသိုလ်မှ တပါးသောတရားလည်း မဟုတ်လား....ဟု မဟုတ်လောဟု မေးမြန်းသည်ရှိသော် ဤကဲ့သို့ မဟုတ်ဟူ၍လည်း ငါတို့ အယူမရှိပါ ဟု ဖြေဆိုပြန်ပါသည်။

တဖန် ထပ်ဆင့်၍ သင်၏အယူမှာ ကုသိုလ် အကုသိုလ်, ကုသိုလ် အ ကုသိုလ်မှ တပါးသော တရားမဟုတ်ဟူ၍လည်း မယူ။ မဟုတ်သည် မဟုတ် ဟူ၍လည်း အယူမရှိဟု အယူရှိပါသလောဟု မေးမြန်းသောအခါ ထိုသို့လည်း အယူမရှိကြောင်း ပြန်ပြောင်း၍ ဖြေဆိုပြန်ပါသည်။

ဤသို့လျှင် အမရာဝိက္ခေပ အမည်ရှိသော ငါးကဲ့သို့ ဖမ်းမရ ဆီးမရသော ဝါဒစကား အယူများလည်း ဤလောကဝယ် ထင်ရှားရှိကြပါသည်၊ ဤအယူ ဝါဒကိုပင် ထိုဆရာတို့သည် ဗြဟ္မစရိယ ဟူ၍ ခေါ်ယူပညတ်လျက် ရှိကြပါ သည်။

ဥာဏ်ပညာ အမြော်အမြင်ရှိသော ပဂ္ဂိုလ်သည်ကား ဤသို့ ဖမ်းမရ ဆီးမရ တစုံတခုသော နေရာမှာမှ ကုသိုလ်မှာမှ ကောင်းမှုမှာမှ မကောင်းမှု မှာမှ ထောက်ရာ တည်ရာ မရသော အမရာဝိက္ခေပငါးနှင့်တူသော ဤအယူ ဝါဒသည် စင်စစ်လျှင် သက်သာရာမရ ကိုးကွယ်ရာမရ ကိုးကွယ်ရာဟူ၍ မှီခို ပါသော်လည်း ကိုးကွယ်ရာစင်စစ် မဖြစ်နိုင်သည့် ဗြဟ္မစရိယ အမည်ခံမျှ သာတည်းဟု စဉ်းစားပြီးလျှင် ထိုဆရာတို့၏ သာသနာမှ ရှောင်လွဲ တိမ်းဖယ် ခဲ့ပါသည်။

ဤသည်လည်း အနဿာသိက ဗြဟ္မစရိယတပါး ဖြစ်ပါသည်ဟု ဓမ္မဘဏ္ဍာဂါရိက အာနန္ဒာမထေရ်သူမြတ်သည် သန္ဒကပရိဗိုဇ်အား အနဿာသိက ဗြဟ္မစရိယ လေးမျိုးကို စိတ်ဖြာခဲ့ခြားပြတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အထ ခေါ အာဝုသော သန္ဒကော ပရိဗ္ဗာဇကော အာယသ္မန္တံ အာနန္ဒတ္ထေရံ ကထံ ပုစ္ဆိ၊ ကထဉ္စသာယသ္မာနန္ဒတ္ထေရော ဗျာကာသိ။

ဝိဿဇ္ဇနာ။ ။အထ ခေါ ဘဒ္ဒေ သန္ဒကော ပရိဗ္ဗာဇကော "သော ပန ဘော အာနန္ဒ သတ္ထာ ကိံဝါဒီ ကိံ အက္ခာယီ"တိ ဧဝမာဒိနာ အာယသ္မန္တံ အာနန္ဒတ္ထေရံ ပုစ္ဆိ၊ အာယသ္မာ စ ဘဒ္ဒေ အာနန္ဒတ္ထေရော "ဣဓ သန္ဒက တထာဂတော လောကေ ဥပ္ပဇ္ဇတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော"တိ ဧဝမာဒိနာ သန္ဒကဿ ပရိဗ္ဗာဇကဿ ဝိဘဇိတ္ဝာ ဝိဘဇိတ္ဝာ ဗျာကာသိ။

အမေး။ ။ဤသို့ ငါ့ရှင် ဖြေဆိုသည့်အတိုင်း အဗြဟ္မစရိယဝါသ လေးပါးတို့ကိုလည်း အနဿာသိက ဗြဟ္မစရိယ လေးပါးတို့ကိုလည်း ကြားနာရသော အခါကာလ၌ သန္ဒကမည်သော ပရိဗိုဇ်သည် အရှင်အာနန္ဒာ မထေရ်သူမြတ်ကို အဘယ်သို့ မေးမြန်းလျှောက်ထားပါသနည်း၊ အရှင်အာနန္ဒာမထေရ်မြတ်ကလည်း သန္ဒကပရိဗိုဇ်အား အဘယ်သို့လျှင် ဖြေကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤသို့ ဓမ္မဘဏ္ဍာဂါရိက အာနန္ဒာ မထေရ်သူမြတ်က အဗြဟ္မစရိယဝါသလေးပါး အနဿာသိက ဗြဟ္မစရိယလေးပါးကို ခွဲခြမ်း စိတ်ဖြာ ဖြေဆိုတော်မူပြီးသောအခါ၌ သန္ဒကပရိဗိုဇ်သည် အာနန္ဒာမထေရ်သူမြတ်ကို သော့် ပန ဘော အာနန္ဒ သတ္ထာ ကိံဝါဒီ ကိံ အက္ခာယီ အစရှိသည်ဖြင့် "အို အရှင်အာနန္ဒာ.... လူနတ်တို့၏ ဆရာ ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်ကား အဘယ်ကို ဟောကြားတော်မူလေ့ရှိပါသနည်း၊ အဘယ်သို့ အယူရှိတော်မူပါသနည်း၊ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော အကြင် ဗြဟ္မစရိယ၌ အမျိုးကောင်းသားသည် မချွတ်ကေန် ကျင့်သုံးရာပါသည်၊ ကျင့်သုံးလျှင်လည်း နိဗ္ဗာန် မဂ်ဖိုလ်တိုင်အောင် ရောက်ရာပါသည်၊ **အဘယ်မည်**

သော ဖြဟ္မစရိယကို ထိုမြတ်စွာဘုရားသည် ဟောကြားတော်မူပါသနည်း” ဟု လျှောက်ထားပါသည်။

ထိုအခါ အရှင်အာနန္ဒာ မထေရ်သူမြတ်က ဤမ သန္ဓက တထာဂတော လောကေ ဥပ္ပဇ္ဇတိ အစရှိသည်ဖြင့် သဗ္ဗညုမြတ်စွာဘုရား ပဋ္ဌင်တော်မူသည်မှ အစ သဒ္ဓါပဗ္ဗဇိတ အမျိုးကောင်းသား၏ သာသနာတော် ဝင်ရောက်၍ ရဟန်း ပြုပုံ၊ သီလသိက္ခာကို ကျင့်သုံးပုံ ဤန္ဒြေ ခြောက်ပါးကို လုံခြုံအောင် စောင့် သုံးပုံ ပဌမဈာန်စုဒြို ခေါ် သော ရောင့်ရဲခြင်းတရားနှင့် ပြည့်စုံပုံ သတိသမ္ပဇညနှင့် ပြည့်စုံပုံ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ရောက်၍ နီဝရဏတရားတို့ကို သမထ ဝိပဿနာ ဘာဝနာတို့နှင့် ခွါပစ်ပုံ ပဌမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် အစရှိသော စျာန်သမာပတ်တို့ကို ရအောင် ပွါးများပုံ ဝိဇ္ဇာ ခြောက်ပါး တရားတို့ကို ရအောင်ပွါးများပုံတို့ကို အကျယ်တဝင့် ဖွင့်ပြ ဟော ကြားတော်မူခဲ့ပါသည်။

ထိုအခါ၌ သန္ဓကပရိဗိုဇ်သည် တဖန် ထပ်ဆင့်၍ အရဟတ္တဖိုလ်သို့ ပေါက်ရောက်ပြီးသည့် အာသဝေါကုန်ခန်းပြီးသော ရဟန္တာအရှင်သူမြတ်သည် မိမိ၏ ကုန်ခန်းပြီးသော အာသဝေါတို့ကို ရပ်သောအခါ သွားသောအခါ အိပ်သောအခါ နိုးသောအခါ အခါရှိသမျှ ခပ်သိမ်းသော အချိန်ဥပင်လျှင် ဤမည်သော အာသဝတို့သည် ငါ့မှာ ကုန်လေပြီ ဟု အချိန်တိုင်း အချိန်တိုင်း သိ၍ နေပါသလော ဟု မေးမြန်းပြန်ပါသည်။

ထိုအခါ အရှင်အာနန္ဒာမထေရ်က သို့တပြီးကား သန္ဓက..., ဤအရာ၌ သင့်ကိုပင်လျှင် ငါတဖန်ပြန်၍ မေးမြန်းပါမည်၊ သင် နှစ်သက်သည့်အတိုင်း ဖြေဆိုနိုင်ခွင့်ရှိပါသည်။

ဤလောက၌ ပယ်ဖြတ်အပ်ပြီးသော လက် ပယ်ဖြတ်ပြီးသော ခြေ ရှိသော လူတယောက်ရှိသည်ဆိုပါစို့....၊ ထိုလက်ခြေပြတ်ပြီးသော ပုဂ္ဂိုလ်သည် ရပ်သောအခါ သွားသောအခါ အိပ်သောအခါ နိုးသောအခါ အခါခပ်သိမ်း အခါတိုင်း အခါတိုင်းမှာပင် မိမိ၏ ပြတ်သော လက် ပြတ်သောခြေတို့ကို သိပါသလော ဟု မေးမြန်းတော်မူသောအခါ....

သန္ဓကပရိဗိုဇ်သည် ထိုသို့ အချိန်မရွေး အခဲ့ချိန်တိုင်း သိနိုင်သည် မဟုတ်ပါ၊ အကြင် အခါ၌ ဆင်ခြင် စဉ်းစား၏ ထိုသို့ ဆင်ခြင် စဉ်းစားသောအခါ၌ သာလျှင် ငါ့မှာ ဤမည်သော လက်ချောင်းကလေး ပြတ်၍ နေသည်၊ ဤမည်

သော ခြေချောင်း ပြတ်၍နေသည် ဟု စဉ်းစားသောအခါ စဉ်းစားသောအခါ များမှ သိန့်ငြောင်း ဣရိယာပုထ်လေးပါး သွားတိုင်း လာတိုင်း ရပ်တိုင်း ထိုင်တိုင်း လျောင်းတိုင်း အိပ်တိုင်း အခါခပ်သိမ်း မသိန့်ငြောင်း ပြန်ပြောင်း လျှောက်ထားသည်တွင်....

ထိုအတူပင် သန္ဒကပရိဗိုဇ်.... ဤသာသနာတော်၌ ရဟန္တာသခင် အာသဝေါ ကုန်စင်သော အရှင်သူမြတ်တို့သည်လည်း အကြင်အခါ၌ "ငါ့အား မည်သို့ သဘောရှိသော အာသဝတရားတို့သည် ကုန်ပြီနည်း" ဟု စဉ်းစားတော်မူကြ၏၊ ထိုသို့ စဉ်းစားတော်မူသောအခါ ဤမည် ဤမည်သော ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝတို့သည် ကုန်လေပြီဟု သိမြင်တော်မူသည်၊ ပစ္စဝေက္ခနာတင် မဆင်ခြင်သောအခါ၌ သိမြင်တော်မူကြသည် မဟုတ်ဟု ပြန်ကြား ဖြေဆိုတော်မူပြန်ပါသည်။

ထိုအခါ သန္ဒကပရိဗိုဇ်က တဖန် ထပ်ဆင့်၍ တရားသဖြင့် ဆုံးမရာ ဤဓမ္မဝိနယသာသနာတော်၌ သံသရာဝဋ်မှ ကျွတ်လွတ်ကြသော ပုဂ္ဂိုလ်တို့ သည်ကား မည်၍ မည်မျှ ရှိပါသနည်း ဟု ဆက်၍ လျှောက်ထားပြန်ပါသည်။

ထိုအခါ အရှင်အာနန္ဒာမထေရ်သူမြတ်က သံသရာဝဋ်မှ ကျွတ်လွတ် သည့် **နိယျာတု** အမည် ခံယူကြပြီးသော အရိယာသခင် အရှင်သူမြတ်တို့သည် ဤသာသနာတော်ဝယ် တရာလည်းမက နှစ်ရာလည်းမက သုံးရာလည်းမက လေးရာ ငါးရာ လည်းမက မရေနိုင် မတွက်နိုင်လောက်အောင်ပင် များလှပါသည်ဟု ပြန်ကြားမိန့်ဆိုတော်မူပါသည်။

ဤသို့လျှင် သန္ဒကပရိဗိုဇ်သည် တဖန်ထပ်ဆင့်၍ ဤသာသနာတော်၌ စင်စစ် အမှန်ဖြစ်သော ဗြဟ္မစရိယ တရားကို မေးမြန်းလျှောက်ထားခဲ့ပါသည်၊ မေးမြန်းတိုင်း မေးမြန်းတိုင်းလည်း ဓမ္မဘဏ္ဍာဂါရိက ဖြစ်တော်မူသော အာနန္ဒာ မထေရ်သူမြတ်သည် သဗ္ဗညုမြတ်စွာဘုရား ပင့်တော်မူသည်မှအစ အရဟတ္တဖိုလ်တိုင်ကျအောင်ပင် ဗြဟ္မစရိယဝါသ အစစ် တကယ်စင်စစ် သက်သာ ခိုးကိုး အားထားရာဖြစ်သော ဗြဟ္မစရိယ အစစ်တို့ကို စိတ်ဖြာ ခွဲခြားဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဣမဉ္စ ပနာဝုသော ဓမ္မဒေသနံ သုတ္ဝာ သန္ဒကော ပရိဗ္ဗာဇကော ဣမသ္မိံ ဓမ္မဝိနယေ ပသန္နော ကိဒိသံ ပသန္နာကာရမကာသိ။

ဝိဿဇ္ဇနာ။ ။ကျွမဉ္စ ဘန္တေ ဓမ္မဒေဿနံ သုတ္ဝာ သန္ဒကော ပရိဗ္ဗာဇကော “အစ္ဆရိယံ ဘော အာနန္ဒ၊ အဗ္ဘုတံ ဘော အာနန္ဒ၊ န စ နာမ သဓမ္မော ကွံသနာ ဘဝိဿတိ၊ န ပရဓမ္မဝမ္ဘနာ၊ အာယတနေ စ ဓမ္မဒေဿနာ၊ တာဝ ဗဟုကာ စ နိယျာတာရော ပညာ-ယိဿန္တိ”တိ ဧဝမာဒိနာ ကျွမသ္မိံ ဓမ္မဝိနယေ ပသန္နော ပသန္နာကာရမကာသိ။

အမေး။ ။ဤသန္ဒက သုတ္တန် တရားဒေသနာတော်ကို ကြားနာရသဖြင့် သန္ဒကပရိဗိုဇ်သည် ဤမြတ်စွာဘုရား၏ အဆုံးအမသာသနာတော်၌ ကြည်ညိုသဒ္ဓါ ဖြစ်ပေါ်လာ၍ ကြည်ညိုသဒ္ဓါ ဖြစ်ပေါ်လာသော ပုဂ္ဂိုလ်တို့၏ ပြုမြဲဖြစ်သော အဘယ်သို့သော အခြင်းအရာကို ပြုခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤသန္ဒက သုတ္တန် တရားဒေသနာမြတ်ကို ကြားနာရ၍ သန္ဒကပရိဗိုဇ်သည် အစ္ဆရိယံ ဘော အာနန္ဒ၊ အဗ္ဘုတံ ဘော အာနန္ဒ အစရှိသည်ဖြင့် အို အရှင်ဘုရား အာနန္ဒာ.... လက်ဖျစ်တီး၍ အံ့ခြိုးထိုက်ပါပေစ့၊ အို အရှင်ဘုရား အာနန္ဒာ....မဖြစ်စဘူး အထူး ဖြစ်ပါပေစ့။

ဤဓမ္မဝိနယ သာသနာတော်မြတ်၌ မိမိ၏ တရားကိုလည်း အလွန်ကြီးမြောက်ပင့်၍ မဟောကြားခဲ့ပါ၊ သူတပါး တရားကိုလည်း နှိမ်နင်းခြင်းမရှိပါ၊ စင်စစ်မှာမူ အကြောင်းဟုတ်မှန်သည်၌သာလျှင် တရားဒေသနာသည် ဖြစ်ခဲ့ပါချေသည်၊ သို့စင်ကလောက် မရေနိုင်အောင် များမြောက်လှစွာသော သံသရာဝဋ်မှ ကျွတ်လွတ်ကြသော အရိယာပုဂ္ဂိုလ်တို့သည်လည်း ဤသာသနာတော်၌ များစွာပင် ထင်ရှားရှိကြပါပေကုန်သည်။

ကျွန်ုပ်တို့ ဂိုဏ်းဝင် ဤအာဇီဝက တက္ကဒ္ဒန်းတို့သည်ကား သားသေပြီးသော မိခင်၏ သားတို့သည် သားသေပြီးသော မိခင်၏ သားဖြစ်ကြသည့် ဤတက္ကဒ္ဒန်းတို့သည် မသိ မလိမ်မာသော သူတို့ပိပိ မိမိ၏ ဝါဒကိုသာ လွန်စွဲလွန်စွာ မြောက်ပင့်ကြပါကုန်သည်၊ သဗ္ဗညုမြတ်စွာဘုရား၏ ဝါဒကိုကား လွန်စွဲ လွန်စွာ ရှိုလေရာ ရောက်လေရာ အရပ်မှာပင် နှိမ့်ချ ပြောဆိုကြပါပေသည်။

ထိုဆရာတို့၏ ဗြဟ္မစရိယခေါ်သော အယူဝါဒမှာ မည်မျှပင် တရားဟောကြားသော်လည်း နန္ဒ ဝစ္ဆ ကိသ သံကိစ္စ မက္ခလိဂေါသာလဆိုသော

ဆရာကြီး သုံးယောက်သာလျှင် သံသရာဝဋ်မှ ကျွတ်လွတ်သည့် ပုဂ္ဂိုလ်ဟူ၍ သူတို့ ခေါ်ယူပညတ်ကြပါသည်ဟု ဤသာသနာတော်၌ သဒ္ဓါသက်ဝင်ကြည်ညိုသည့် အတိုင်း ဤသာသနာတော်ဝယ် သဒ္ဓါသက်ဝင် ကြည်ညိုသော ပုဂ္ဂိုလ်တို့ ပြုမြဲ ပြောမြဲ ဖြစ်သော အခြင်းအရာကို ဤလျှောက်ဆိုအပ်ပြီးသော အခြင်းအရာအတိုင်း အစ္ဆရိယံ ဘော အာနန္ဒ အဗ္ဘုတံ ဘော အာနန္ဒ အစ ရှိသည်ဖြင့် သန္ဒကာ ပရိဗိုဇ်သည် ပြုခဲ့ပြောခဲ့ပါသည် အရှင်ဘုရား။

သန္ဒကသုတ် ပြီး၏

မဟာသကုလုဒါယိသုတ်

ပုစ္ဆာ။ ။မဟာသကုလုဒါယိသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သကုလုဒါယိံ ပရိဗ္ဗာဇကံ အာရဗ္ဘ ဘာသိတံ။ သကုလုဒါယိ ဘန္တေ ပရိဗ္ဗာဇကော ပုရိမာနိ ဒိဝသာနိ ပုရိမတရာနိ ကောတူဟလသာလာယံ နာနာတိတ္ထိယာနံ သမဏဗြာဟ္မဏာနံ ယာဝတကော အဟောသိ ဘဂဝန္တဉ္စ ဆ စ သတ္ထာရော အာရဗ္ဘ ကထာသလ္လာပေါ၊ တံ သဗ္ဗံ ဘဂဝတော အာရောစေသိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။မဟာသကုလုဒါယိ မည်သော သုတ္တန် တရား ဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သည် အဘယ်အရပ် ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်၌ သကုလုဒါယိ ပရိဗိုဇ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညု မြတ်စွာဘုရားသည် သကုလုဒါယိ ပရိဗိုဇ်၏ အရံသိ သွားရောက်တော်မူသောအခါ သကုလုဒါယိ ပရိဗိုဇ်သည် သဗ္ဗညုမြတ်စွာဘုရားအား နေရာထိုင်ခင်းပေး၍ သင့်တင့်လျောက်ပတ်သော အရပ်၌ ထိုင်နေပါသည်၊

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက သကုလုဒါယိပရိဗိုဇ်အား ကာယ နုတ္ထ ဥဒါယီ ဧတရဟိ ကထာယ သန္နိသိန္နာ အစရှိသည်ဖြင့် မေးမြန်းပြီးသောအခါ သကုလုဒါယီ ပရိဗိုဇ်က——

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ရွေးလွန်ခဲ့လွန်ခဲ့သော ရက်များက ကောတူဟလသာလာ အမည်ရှိသည့် ဝါဒစကား ဆွေးနွေးစည်းဝေးငြင်းခုံရာ ဖြစ်သော စရပ်တခုဝယ် အမျိုးမျိုး အယူဝါဒ ရှိသော ရဟန်း ပုဏ္ဏားတို့ စကားနှီးနှော ပြောဆိုကြခြင်း ဖြစ်ပါသည်၊ ထို အစည်းအဝေးဝင် ပုဂ္ဂိုလ်တို့သည် ဤသို့ ပြောဆိုကြပါသည်။

ဤအင်္ဂါတိုင်းသူ မဂဓတိုင်းသူတို့သည် အရတော်ပါပေစ.... ဤအင်္ဂါတိုင်း မဂဓတိုင်း၌ ပူရဏကဿပ မက္ခလိဂေါသာလ အစရှိသော ဆယသတ္ထာရ ဆရာ ကြီးတို့သည်ငင်း ရဟန်းကြီးဂေါတမသည်ငင်း ဆိုင်ရာ ဆိုင်ရာ မိမိတို့၏ ဂိုဏ်း သံဃာတို့ဖြင့် ဤမဂဓတိုင်း ရာဇဂြိုဟ်ဝယ် ဝါကပ်၍ နေကြပါပေသည်၊ ဤသို့ ပြောဆိုပြီးလျှင် ထိုအစည်းအဝေးဝယ် စကားတခု အကြောင်းဖြစ်ပေါ်သည် မှာ——

ဤလောကဝယ် ဘုရားအမည်ခံ ဘုရားဟု အမည်ရသော ပုဂ္ဂိုလ်ခုနစ် မျိုး ရှိသည့်အနက် မည်သည့်ပုဂ္ဂိုလ်ကို တပည့်သား သာဝကတို့က ရိုသေကြ မြတ်နိုးကြ အလေးပြုကြ ပူဇော်ကြသနည်း။ မည်သည့်ဘုရားကို တပည့်သား သာဝကတို့သည် အရိုအသေပြုကာ အလေးအမြတ်ပြုကာ မှီ၍ နေကြသနည်း ဟု စကားတခု ဖြစ်ပေါ်လာသောအခါ——

အခြို့သော ပုဂ္ဂိုလ်များက အိုဆရာတို့.... ပူရဏကဿပဆရာကြီးသည် လည်း များစွာသော ဂိုဏ်းရှိသော ဆရာကြီးပင် ဖြစ်ပါပေသည်။ ဘုရား အမည်ခံ ပုဂ္ဂိုလ်ပင် ဖြစ်ပါပေသည်။ သို့စေကာမူ ပူရဏကဿပဆရာကြီးကို ပူရဏကဿပဆရာကြီး၏ တပည့်တို့သည် အရိုအသေပြုခြင်း အလေးအမြတ် ပြုခြင်း မြတ်နိုးခြင်း ပူဇော်ခြင်း မရှိကြပါကုန်။

တချိန်က ပူရဏကဿပဆရာကြီးသည် အရာမက များလှစွာသော ပရိသတ်၌ တရားဟောရ၍ နေပါသည်၊ ထိုအခါ ထိုဆရာကြီး၏ တပည့်ထည်းမှ ပင် တယောက်ကထ၍ ဆို ဆရာတို့....အိုပရိသတ်တို့....ဤအကြောင်းအရာ ကို ပူရဏကဿပဆရာကြီးကို မမေးပါလင့်၊ ပူရဏကဿပဆရာကြီးသည် ဤ

အကြောင်းကို မသိပါ၊ ငါတို့သာ သိပါသည်၊ ငါတို့ကိုသာ မေးကြပါကုန် ငါတို့သည် ဖြေဆိုပါအံ့ ဟူ၍ ထ၍ ပြောဆိုခဲ့ပါသည်။

တခါန်က ပုရဏကဿပဆရာကြီးသည် မိမိ၏ ပရိသတ်ကို တိတ်ဆိတ်အောင် စကားမပြောအောင် ပြောဆို၍ မရသဖြင့် လက်ရုံးကိုပင်မြှောက်၍ ငိုခဲ့ရသည့် အခြေသို့ ရောက်ခဲ့ရပါသည်။

ဤတွင်မျှမက ပုရာဏကဿပဆရာကြီး၏ တပည့်သားတို့သည် ပုရဏကဿပ ဆရာကြီးအပေါ်မှာ **ဝိဂ္ဂါဟိကကထာ** ခေါ်သော ဆန့်ကျင်ဘက်စကားကိုပြော၍ ပုရဏကဿပ သာသနာမှ ရှောင်ဖဲထွက်ခွါသွားကြသူတို့လည်း မနည်းလှပါ။

ဤသို့ အခွျေသော ဆရာများက ပြောကြပါသည်။

တခွျေဆရာများကလည်း မကွေ့လိုဂေါသာလအစရှိသော ကျန်သော သတ္ထာရ အမည်ခံ ပုဂ္ဂိုလ်တို့၏ မိမိတို့ ပရိသတ် အပေါ်ဝယ် မစိုးပိုင်ပုံ၊ မဆုံးမနိုင်ပုံကို ကိုယ်စီကိုယ်ငှ ပြောကြားကြပါသည်။

တခွျေသော ဆရာပုဏ္ဏား တခွျေသော ရဟန်းပုဏ္ဏား တို့ ပြောကြားကြသည်မှာ အိုဆရာတို့.... ဤလောကဝယ် ရဟန်းကြီးဂေါတမသည် များစွာသော ဂိုဏ်းသံဃာရှိသော ပုဂ္ဂိုလ်ဖြစ်ပါပေသည်၊ ရဟန်းကြီးဂေါတမကို သူ၏ ဂိုဏ်းသံဃာပုဂ္ဂိုလ်တို့သည် လွန်စွာ့ လွန်စွာ ရိုသေကြပါသည်၊ အလေးအမြတ်ပြုကြပါပေသည်၊ မြတ်နိုးကြပါပေသည်၊ ပူဇော်ကြပါပေကုန်သည်၊ အရှိအသေပြုကာ အလေးအမြတ်ပြုကာ ရဟန်းကြီးဂေါတမကို အမှီပြု၍ နေကြပါပေသည်။

ကျန်ုပ် တွေ့ခဲ့ရဘူးသော အကြောင်းထူး တခုမှာ တချိန်က ရဟန်းကြီးဂေါတမသည် အရာမက များစွာသော ပရိသတ်၌ တရားဟောဆိုနေဆဲ ရှိပါသည်၊ ထိုအခါဝယ် ရဟန်းတော်တပါးသည် အကြောင်းမညီညွတ် ဓာတ်မငြိမ်သက်သဖြင့် ချောင်းညှံ့မိပါသည်၊ ထိုအခါ သီတင်းသုံးဘော် သံဃာတော် တပါးက နှုတ်ဖြင့်ပြောဆိုကဲ့သော် အသံရောခြင်း ရှုတ်ထွေးခြင်း ဖြစ်မည် စိုးသဖြင့် မသိမသာ မိမိဒူးဖြင့် တို့ပြီးလျှင် "အရှင်....သဗ္ဗညုမြတ်စွာဘုရားသည် တရားကို ဟောတော်မူနေပါသည်၊ အရှင်သည် အသံကို မပြုပါလင့်ဟု" တိုးတိုးတိတ်တိတ် ဆုံးမသည်ကို ငါတွေ့ခဲ့ရပါသည်။

လောက ဥပမာ အားဖြင့် တစုံတစုံတယောက်သော အမျိုးကောင်း သားသည် လွန်စွာမြိန်ရှက်ဖွယ်ရှိသော အရာသာရှိသော ပျားအုံ ပျားဘို့ကို လမ်းလေးခွဲ၍ ချ၍ ညှစ်သည့်အခါ ထက်ဝန်းကျင် မြင်မြင်သမျှသော ပုဂ္ဂိုလ်တို့သည် ပတ်ဝန်းကျင် တောင့်တ၍ ထိုသူသို့သော ရွေရွှတည်ကြကုန် သကဲ့သို့ ထို့အတူ ရဟန်းကြီးဂေါတမ တရားဟောသော အခါ၌လည်း "သဗ္ဗညူ မြတ်စွာဘုရား ဟောကြားသည့် တရားစကားကို ငါတို့နာကုန်အံ့" ဟု အမြဲ တစေ ချထားသော နားရှိကြ၍ တရားတော်ကိုသာအာရုံပြု၍ နေကြပါသည်။

ဤတွင်မျှမကသေး ရဟန်းကြီးဂေါတမ၏ တပည့်သား သာဝကထည်းမှ သာသနာတော်ဝယ် မပျော်ပိုက်၍ သိက္ခာကိုစွန့်ခွါ လူဝတ်ဘောင်သို့လျောကြသော်လည်း ထိုတပည့်သား သာဝကတို့သည် သဗ္ဗညူမြတ်စွာဘုရားအပေါ်၌ ထောလောက်နှလုံး ဝိဂ္ဂါဟိက ကထာ စကားကို မပြောကြားကြပါ၊ စင်စစ် မှာမူ မိမိကိုယ်ကိုသာ မိမိအဆိုးချ၍ မယမေဝမှာ အလက္ခိကာ မယံ အပ္ပပုညာ ငါတို့ကိုယ်က ဘုန်းကံနည်းတဲ့ ပုဂ္ဂိုလ်တွေ ငါတို့ကိုယ်က ကြက်သရေနည်းပါးတဲ့ ပုဂ္ဂိုလ်တွေ အာဒိကလျာဏ,မဇ္ဈေကလျာဏ,ပရိယောသာန ကလျာဏ တည်း ဟူသော အစ အလည် အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားတဲ့ဒေသနာ တရားတော် ဤသာသနာတော်မှာ အသက်ထက်ဆုံး မြတ်သော အကျင့်မှာ မကျင့်သုံးနိုင်ခြင်းမှာ ငါတို့ကိုယ်က ဘုန်းကံနည်းလို့ဘဲ ဟူ၍ ကိုယ်ဆိုးချကာသာ တွက်ကြပါပေသည်၊ သဗ္ဗညူမြတ်စွာဘုရားကိုဂုဏ်း တရားတော်ကိုဂုဏ်း သံဃာတော်ကိုဂုဏ်း အပြစ်စကား မပြောကြားကြပါ၊ သဗ္ဗညူမြတ်စွာဘုရား တရား သံဃာတော်တို့၏ ကျေးဇူးစကားကိုသာလျှင် သာသနာမှ လျောကျကြသော်လည်း ပြောကြားကြပါသည်။

ဤတွင်မျှမကသေး ထိုတပည့်သား သာဝကတို့သည် သာသနာတော်မှ လျောကျသော်လည်း အရုံစောင့်အဖြစ်ဖြင့်ဂုဏ်း ဥပါသကာ ဒါယကာ အဖြစ် ဖြင့်ဂုဏ်း သဗ္ဗညူမြတ်စွာဘုရား၏ အဆုံးအမ သြဝါဒစကားကိုနာယူကြပါသည်။

ဤသို့လျှင် ဤလောက၌ ဘုရားအမည်ခံ ပုဂ္ဂိုလ်ကြီးခုနစ်ဦး ရှိသည့် အနက် ရဟန်းကြီးဂေါတမသည်သာလျှင် မိမိသာဝကတို့၏ အရိုအသေပြု အလေးပြု မြတ်နိုးမှု ပူဇော်မှုကို ခံယူရကြောင်း၊ ရဟန်းကြီးဂေါတမကို သာလျှင် တပည့်သား သာဝကတို့သည် အရိုအသေပြုကာ အလေးအမြတ်

ပြုကာ မှီတွယ်၍ နေကြကြောင်း စကားနှိုးနှောပြောဆိုမှု ဖြစ်ခဲ့ပါသည်ဟု သဗ္ဗညုမြတ်စွာဘုရားအား သကုလုဒါယီ ပရိဗိုဇ် လျှောက်ထားခဲ့ပါသည်၊ထို့ကို လျှောက်ထားသော အကြောင်းအဋ္ဌုပ္ပတ်ကြောင့် ဤမဟာသကုလုဒါယီသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

မဟာသကုလုဒါယီသုတ် ပြီး၏

သမဏမုဏ္ဍိကသုတ်

ပုစ္ဆာ။ ။သမဏမုဏ္ဍိကသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဥဂ္ဂါဟမာနံ ပရိဗ္ဗာဇကံ သမဏမုဏ္ဍိကာ-ပုတ္တံ အာရဗ္ဘ ဘာသိတံ။ဥဂ္ဂါဟမာနော ဘန္တေ ပရိဗ္ဗာဇကော သမဏမုဏ္ဍိကာပုတ္တော ပဉ္စကဂ်ံ ထပတိံ ဧတဒဝေါစ "စတုဟိ ခေါ အဟံ ဂဟပတိ ဓမ္မေဟိ သမန္နာဂတံ ပုရိသ-ပုဂ္ဂလံ ပညပေမိ သမ္ပန္နကုသလံ ပရမကုသလံ ဥတ္တမပတ္တိပတ္တံ သမဏံ အယောဇ္ဈ"န္တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။သမဏမုဏ္ဍိက မည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် ဥဂ္ဂါဟမာန အမည်ရှိသော ပရိဗိုဇ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမှေ့လျော် နေတော်မူသောအခါ သာဝတ္ထိပြည်သား ပဉ္စကဂ်လက်သမားသည် နေမှန်းတိမ်းသောအခါ ကျောင်းတော်သို့ လာသည်တွင် အခါ မတန်သေးသည်ကို ဆင်ခြင် စဉ်းစား မိ၍ ဥဂ္ဂါဟမာနပရိဗိုဇ်နေထိုင်ရာ ကောသာလက မည်သော မလ္လိကာမိဖုရား၏

အရံသို့ သွားရောက်၍ တင့်အပ်လျောက်ပတ်သော နေရာ၌ နေထိုင်ဆဲ ရှိပါသည်။

ထိုအခါ ဥဂ္ဂါဟမာနပရိဗိုဇ်က ပဥ္စကင် လက်သမားကို "စတ္တဟိ ခေါ အဟံ ဂဟပတိ ဓမ္မေဟိ သမန္နာဂတံ ပုရိသပုဂ္ဂလံ ပညပေမိ သမ္မုန္နကုသလံ ပရမကုသလံ ဥတ္တမပတ္တိပတ္တံ သမဏံ အဟောဇ္ဈံ" အစရှိသည်ဖြင့် ပဥ္စကင် ဒါယကာ....ငါသည် (၁)ကိုယ်ဖြင့် ယုတ်မာသော အမှုကို မပြုခြင်း၊ (၂) ယုတ်မာသော စကားကို မဆိုခြင်း၊ (၃) ယုတ်မာသော အကြံကို မကြံခြင်း၊ (၄) ယုတ်မာသော အသက်မွေးမှုကို အသက်မမွေးခြင်း ဤတရားလေးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ခြေဖြင့်ကန်ကြောက်၍လည်း လှုပ်ချောက်ချားစေခြင်းငှါ မတတ်နိုင်သည့် မြတ်သော အရဟတ္တဖိုလ်သို့ ရောက်ပြီးသူ ဟူ၍ ဟောဆို၏ ဟု ပြောဆိုပါသည်။

ထိုအကြောင်းကို ပဥ္စကင်ဒါယကာ ဘုရားထံမှောက် ရောက်၍ လျှောက်ထားသောအခါ မြတ်စွာဘုရားက ဥဂ္ဂါဟမာန ပရိဗိုဇ်ပြောသည့်အတိုင်း ကာယဒုစရိုက် ဝစီဒုစရိုက် မိစ္ဆာဝိတက် မိစ္ဆာဇီဝတို့ကို (မင်္ဂဖြင့် ပယ်သတ်ခြင်းမျိုး မဟုတ်ဘဲ) မပြုရုံမျှဖြင့် အရဟတ္တဖိုလ်သို့ရောက်ပြီးသူ ဖြစ်ပါမူ ပင်္ကလက် အိပ်သော သူငယ်ပင်လျှင် အရဟတ္တဖိုလ် ရောက်ပြီးသူ ဖြစ်ခြင်း တည်းဟူသော အပြစ်ဒေါသရောက်ရှိခြင်း၊ တရားလေးမျိုးနှင့် ပြည့်စုံသူကို သေက္ခအရိယာဟု ဟောတော်မူကြောင်း တရားဆယ်ပါးနှင့် ပြည့်စုံသူကိုမှ အရဟတ္တဖိုလ် ပေါက် ရောက်ပြီးသူ မည်ကြောင်း အကျယ်ဟောပြတော်မူပါသည်။

ဤသို့လျှင် လျှောက်ဆိုအပ်ပြီးသော အကြောင်း အဋ္ဌုပ္ပတ်ကြောင့် သာဝတ္ထိပြည်အရပ်ဝယ် ဤသမဏမုဏ္ဍိကသုတ္တန်ဒေသနာတော်မြတ်ကို ဥဂ္ဂါဟမာနပရိဗိုဇ်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

သမဏမုဏ္ဍိကသုတ် ပြီး၏

စူဠသကုလုဒါယိသုတ်

ပုစ္ဆာ။ ။စူဠသကုလုဒါယိသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သကုလုဒါယိ ံ ပရိဗ္ဗာဇကံ အာရဗ္ဘ ဘာသိတံ၊ သကုလုဒါယိ ဘန္တေ ပရိဗ္ဗာဇကော ဘဂဝန္တံ ဧတဒဝေါစ "ယဒါဟံ ဘန္တေ ဣမံ ပရိသံ အနုပသင်္ကန္တော ဟောမိ၊ အထာယံ ပရိသာ အနေကဝိဟိတံ တိရစ္ဆာနကထံ ကထေန္တီ နိသိန္နာ ဟောတိ။ ယဒါ စ ခေါ အဟံ ဘန္တေ ဣမံ ပရိသံ ဥပသင်္ကမန္တော ဟောမိ၊ အထာယံ ပရိသာ မမညေဝ မုခံ ဥလ္လောကေန္တီ နိသိန္နာ ဟောတိ 'ယံ နော သမဏော ဥဒါယီ ဓမ္မံ ဘာသိဿတိ၊ တံ သောဿာမာ'တိ၊ ယဒါ ပန ဘန္တေ ဘဂဝါ ဣမံ ပရိသံ ဥပသင်္ကန္တော ဟောတိ၊ အထာဟဉ္စေဝ အယဉ္စ ပရိသာ ဘဂဝတော မုခံ ဥလ္လောကေန္တာ နိသိန္နာ ဟောမ ယံ နော ဘဂဝါ ဓမ္မံ ဘာသိဿတိ၊ တံ သောဿာမာ"တိ၊ တသ္မိ ံ ဘန္တေ ဝတ္ထုသ္မိ ံ ဘာသိတံ။

အမေး။ ။စူဠဒုက္ခက္ခန္ဓသကုလုဒါယိ မည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အဘယ်အရပ်၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် သကုလုဒါယိပရိဗိုဇ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

တနေ့သောအခါ သကုလုဒါယိ ပရိဗိုဇ်သည် မိမိနေရာ မောရနိဝါပ ပရိဗိုဇ်အရံသို့ ဆွမ်းခံကြွခါနီး သဗ္ဗညုမြတ်စွာဘုရား ကြွလာသည်ကို နေရာပေး၍ တင့်အပ်လျောက်ပတ်ရာအရပ်၌ ထိုင်နေ၍ မြတ်စွာဘုရားကို ယဒါယံ ဘန္တေ ဣမံ ပရိသံ အနုပသင်္ကန္တော ဟောမိ-အစရှိသည်ဖြင့်—

ဘုန်းတော် ကြီးမြတ်တော်မူသော မြတ်စွာဘုရား....အကျွန်ုပ်၏ တပည့်ဣပရိဗိုဇ်ပရိသတ်သည် အကျွန်ုပ် မလာရောက်သောအခါ အထူးထူးအပြားပြား သော မင်္ဂိုလ်မှ ဖီလာကန့်လန့်ဖြစ်သော စကားကို ပြောကြား စည်းဝေးပါသည်၊ အကျွန်ုပ် လာရောက်သောအခါ အကျွန်ုပ်ဟောသောတရားကို နာယူအံ့ဟု အကျွန်ုပ်၏ မျက်နှာကိုသာ မော်၍ ကြည့်နေပါသည်၊ ဣပရိဗိုဇ်ပရိသတ်သို့ ရှင်တော်ဘုရား ကြွလာတော်မူသောအခါ၌ကား ရှင်တော်ဘုရား

ဟောကြားသော တရားကို နာကြားကြကုန်အံ့ဟု အကျွန်ုပ်ရော ဤပရိသတ်ပါ မြတ်စွာဘုရား၏ မျက်နှာတော်ကို မော်၍ ဖူးမြော်နေကြပါကုန်သည် ဟု လျှောက်ထားခဲ့ပါသည်။

ထိုသို့ သကုလုဒါယီ ပရိဗိုဇ် လျှောက်ဆိုသော အကြောင်းအဲဒြပုတ် ကြောင့် ဤစူဠသကုလုဒါယိသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာ ဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

စူဠသကုလုဒါယီသုတ် ပြီး၏

ဝေခနသသုတ်

ပုစ္ဆာ။ ။ဝေခနသသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဝေခနသံ ပရိဗ္ဗာဇကံ အာရဗ္ဘ ဘာသိတံ၊ ဝေခနသော ဘန္တေ ပရိဗ္ဗာဇကော ဘဂဝတော သန္တိကေ ဥဒါနံ ဥဒါနေသိ "အယံ ပရမော ဝဏ္ဏော အယံ ပရမော ဝဏ္ဏော"တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ဝေခနသမည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အဘယ်အရပ် ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိ ကြောင့် ဟောကြားတော်မူခဲ့ပါသနည်းဘုရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် ဝေခနသပရိဗိုဇ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

ဝေခနသ ပရိဗိုဇ်သည် ဘုရားသီတင်းသုံးရာ ဇေတဝန်ကျောင်းတော်သို့ သွားရောက်၍ ဝမ်းမြောက်စကား ပြောကြားပြီးလျှင် တင့်အပ်လျှောက်ပတ်ရာ နေရာ၌ ရပ်၍ အယံ ပရမော ဝဏ္ဏော အယံ ပရမော ဝဏ္ဏော-ဟု ဘုရားရှင်၏ အနိုး၌ ဥဒါန်းစကား ကျူးရင့်ပြောဆိုပါသည်။

အမေးအဖြေ ၅-၅

ထိုသို့ ဝေခနသပရိဗိုင် ဉဒါန်းကျူးရင့်သော အဋ္ဌုပ္ပတ်ကြောင့် ဤဝေခနသသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဝေခနသသုတ် ပြီး၏

ဃဋိကာရသုတ်

ပုစ္ဆာ။ ။ဃဋိကာရသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ကောသလေသု ဘဒ္ဓေ ဃဋိကာရဿ ကုမ္ဘကာရဿ ဃရ-ဝတ္ထုပဒေသေ အာယသ္မန္တံ အာနန္ဒံ အာရဗ္ဘ ဘာသိတံ။ ဘဂဝါ ဘဒ္ဓေ တသိံ ဘမိပဒေသေ သိတံ ပါတာကာသိ၊ အာယသ္မာ စ အာနန္ဒော ဘဂဝန္တံ ဇေတဒေါစ “ကော နု ခေါ ဘဒ္ဓေ ဟေတု ကော ပစ္စယော ဘဂဝတော သိတဿ ပါတု-ကမ္မာယ၊ န အကာရဏေန တထာဂတော သိတံ ပါတု-ကရောန္တီ”တိ၊ တသ္မိံ ဘဒ္ဓေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ဤဂေါတမ မြတ်စွာဘုရား၏ လက်ထက်၌ ဃဋိကာရဟု ထင်ရှားသော ဗြဟ္မာကြီးသည် ကဿပမြတ်စွာဘုရားရှင်၏ လက်ထက်ကာလက ဃဋိကာရ အမည်ရှိသော အိုးထိန်းသည်ဖြစ်၍ ထိုကဿပမြတ်စွာဘုရား၏ သာသနာတော်၌ အနာဂါမိ မဂ်ဖိုလ်တိုင်အောင် ကျင့်သုံးခဲ့ပုံ စသည်ကို ဖော်ပြရာဖြစ်သောကြောင့် ဃဋိကာရ မည်သော သုတ္တန်တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သိသော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ကောသလတိုင်း အဝင်အပါ ဃဋိကာရ အိုးထိန်းသည်၏ အိမ်နေရာအရပ်၌ ရှင်အာနန္ဒာ မထေရ်မြတ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် ကောသလတိုင်းဌ် ခရီးဒေသစာရီ ကြွချီတော်မူသောအခါ ခရီးမမှ ဖဲခဲ့တော်မူ၍ ဃဋီကာရ အိုးထိန်းသည်၏ အိမ်နေရာအရပ်ကို မြင်တော်မူသောအခါ ပြုံးတော်မူပါသည်။

ထိုအခါ အရှင်အာနန္ဒာမထေရ်သူမြတ်က "ဘုန်းတော်ခြောက်ပါးသခင် ရှင်တော်ဘုရား ပြုံးရှင်မှုကို ထင်စွာပြုခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အကြောင်းမရှိဘဲ သဗ္ဗညုမြတ်စွာဘုရားတို့သည် ပြုံးရှင်တော်မူကြရိုး ထုံးစံမရှိပါ" ဟု သဗ္ဗညုမြတ်စွာဘုရားအား လျှောက်ထားခဲ့ပါသည်။

ထိုသို့ ရှင်အာနန္ဒာ လျှောက်ထားတောင်းပန်သော အကြောင်းအဋ္ဌုပ္ပတ်ကြောင့် ဤဃဋီကာရသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဃဋီကာရသုတ် ပြီး၏

ရဋ္ဌပါလသုတ်

ပုစ္ဆာ။ ။ရဋ္ဌပါလသုတ္တံ ပနာဝုသော ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ကုရုသု ဘန္တေ ရာဇာနံ ကောရဗ္ယ အာရဗ္ဘ အာယသ္မတာ ရဋ္ဌပါလတ္ထေရေန ဘာသိတံ။ ရာဇာ ဘန္တေ ကောရဗ္ယော အာယသ္မန္တံ ရဋ္ဌပါလံ ဧတဒဝေါစ "စတ္တာရိမာနိ ဘော ရဋ္ဌပါလ ပါရိဇုညာနိ၊ ယေဟိ ပါရိဇုညေဟိ သမန္နာဂတာ ဣဓေကစ္စေ ကေသမဿုံ ဩဟာရေတ္ဝာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတ္ဝာ အဂါရသ္မာ အနာဂါရိယံ ပဗ္ဗဇန္တိ" တိ ဧဝမာဒိကံ ဝစနံ အဝေါစ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။သဘာဝဓမ္မ သဘောတရားတို့ကား မိမိတို့၏ မှန်ကန်သော သဘောသဘာဝကို မှန်ကန်သည့်အတိုင်း ဝန်ခံဖော်ပြရာဖြစ်သောကြောင့် **ဓမ္မဒ္ဒေသ** ဟူ၍ ခေါ်ဆိုအပ်သော မှန်ကန်သော အချက်ကြီးလေးပါးတို့ကို ဟောပြရာ ဖြစ်သော ရဋ္ဌပါလ မည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော

အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သောပုဂ္ဂိုလ်က ဟောကြားထားခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ကုရုတိုင်း အဝင်အပါ ထုလ္လကောဋ္ဌိက နိဂုံးအရပ်၌ ကောရဗျ မင်းကို အကြောင်းပြု၍ ရဋ္ဌပါလ မထေရ်သူမြတ်ဟောကြားတော်မူအပ်ပါသည်။

ကုရုတိုင်းကို အစိုးရသော ကောရဗျမင်းတရားသည် ရဋ္ဌပါလမထေရ်နေ့သန့်တော်မူရာ မိဂစီရဉယျာဥ်အရပ်သို့ သွားရောက်ပြီးလျှင် စတ္တာရိမာနိဘော ရဋ္ဌပါလ ပါရိဇုညာနိ-အစရှိသည်ဖြင့် အို အရှင် ဘုရား ရဋ္ဌပါလ....၊ဤလောကဌ် ဆုံးရှုံးခြင်း ပျက်စီးခြင်းတို့သည် လေးမျိုးတို့ ရှိကြပါသည်၊ ယင်းလေးမျိုးသော ဆုံးရှုံးပျက်စီးခြင်းတို့ဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ဆုံးရှုံးပျက်စီးခြင်းတို့နှင့် ပြည့်စုံကြသော ပုဂ္ဂိုလ်လေးမျိုးတို့သည် ဆံမုတ်ဆိတ်ကို ပယ်စွန့်၍ ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ဆင်ပြီးလျှင် အိမ်ရာတည်ထောင်လူတို့ဘောင်မှ အိမ်ရာမထောင် ရဟန်းဘောင်သို့ ထွက်မြောက်ကြပါကုန်သည်။ ထိုလေးပါးသော ပါရိဇုညတရား ဆုံးရှုံးခြင်း ပျက်စီးခြင်းတရားတို့ဟူသည်မှာ—

၁။ အို အရှင် ရဋ္ဌပါလ....၊ ဤလောကဌ် အခြို့သော ပုဂ္ဂိုလ်သည် အိုမင်းမစွမ်းသော အရွယ်သို့ ရောက်ရှိခဲ့ပါသည်၊ ထိုအခါ ထိုပုဂ္ဂိုလ်သည် ဤသို့ ဆင်ခြင် စဉ်းစားပါသည်၊ “ငါတမူကား အိုမင်းမစွမ်း ရင့်ရော်ကြီးရင့်ခဲ့လေပြီ။ မဖြစ်သေး မရသေးသော စည်းစိမ်ချမ်းသာတို့ကို ဖြစ်စေခြင်း ရစေခြင်းငှါငင်း ဖြစ်ပြီး ရပြီးသော စည်းစိမ်ချမ်းသာတို့ကို တိုးပွါးစေခြင်းငှါငင်း ငါကား မစွမ်းနိုင်ချေပြီ၊ ငါသည် ဆံမုတ်ဆိတ်ပယ်စွန့်၍ ဖန်ရည်စွန်းသောအဝတ်တို့ကို ဝတ်ဆင်လျက် ရဟန်းပြုရမူ ကောင်းလေစွ” ဟု အကြံဖြစ်ပြီးလျှင် ဆံမုတ်ဆိတ်တို့ကို ပယ်စွန့်၍ ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ဆင်လျက် ရဟန်းပြုပါသည်။

အိုအရှင်ရဋ္ဌပါလ....၊ ဤဆိုအပ်ပြီးသည်ကား **ဇရာပါရိဇုည**ခေါ် သဒ္ဓါတရားတည်းဟူသော ဆုံးရှုံးမှု ယုတ်လျော့မှု ပျက်စီးမှု ဖြစ်ပါသည်၊ ဤဇရာပါရိဇုညကြောင့် ဤလောကဌ် အခြို့သော ပုဂ္ဂိုလ်တို့သည် သာသနာဝင်ရောက်၍ ရဟန်းပြုကြပါသည်။

အရှင်ဘုရားမှာမူ ပဌမအရွယ်နှင့် ပြည့်စုံသူ ဖြစ်၍ အသက်အရွယ် နုနယ်ပျိုမြစ်လှသေးပါသည်၊ ဇရာပါရိဇုညလည်း အရှင်ဘုရား၌ မရှိသေးပါ၊ သို့ပါလျက် အရှင်ဘုရားသည် အဘယ်သို့ သဘောရှိသော တရားအချက်ကို သိ၍ဖြစ်စေ မြင်၍ဖြစ်စေ ကြား၍ဖြစ်စေ အိမ်ရာတည်ထောင် လူ့ဘောင်မှ အိမ်ရာမထောင် ရဟန်းဘောင်၌ ရဟန်းပြု၍နေပါသနည်း။

၂။ အိုအရှင်ရဋ္ဌပါလ....၊ ဤလောက၌ အခြို့သော ပုဂ္ဂိုလ်သည် အနာရောဂါ ကပ်ရောက်နှိပ်စက်လျက်ရှိပါသည်၊ ထိုအနာရောဂါနှိပ်စက်ခံရသော ပုဂ္ဂိုလ်သည် ရှေးနည်းအတူ ကြံပြီးလျှင် သာသနာဝန်ထမ်း ရဟန်းပြုခဲ့ပါသည်။ ဤသည်ကား **ဗျာဓိပါရိဇုည** အနာရောဂါတည်းဟူသော ဆုံးရှုံးခြင်း ပျက်စီးခြင်း ဖြစ်ပါသည်။

ဤပါရိဇုညတရားလည်း အရှင်ရဋ္ဌသန္တာန်မှာ မရှိပါ၊ သို့ပါလျက် အရှင်ရဋ္ဌပါလသည် အဘယ်တရားကို သိမြင်ကြားရသဖြင့် အိမ်ရာတည်ထောင် လူ့ဘောင်မှ ထွက်မြောက်၍ အိမ်ရာမထောင် ရဟန်းဘောင်၌ ရဟန်းပြု၍နေပါသနည်း။

၃။ အိုအရှင်ရဋ္ဌပါလ....၊ ဤလောက၌ အခြို့သော ပုဂ္ဂိုလ်သည် ရှေးကာလ၌ များစွာသော စီးပွါးဥစ္စာနှင့် ပြည့်စုံပါသည်၊ ထိုစီးပွါးဥစ္စာအစုသည် အစဉ်သဖြင့် ကုန်ဆုံးပျက်ပြုံး၍ သွားသောအခါ ထိုစီးပွါးပျက်သော ပုဂ္ဂိုလ်သည် ရှေးနည်းအတိုင်း ကြံစည်၍ သာသနာဝန်ထမ်း ရဟန်းပြုခဲ့ပါသည်၊ ဤသည်ကား **ဘောဂပါရိဇုည** စည်းစိမ်ဥစ္စာတို့၏ ကုန်ခန်းခြင်း ပျက်စီးခြင်း ဖြစ်ပါသည်။

အရှင်ရဋ္ဌပါလမှာမူ ဘောဂပါရိဇုည တရားလည်း မရှိပါ၊ မကပ်ရောက်ပါ၊ ဤထုလ္လကောဋ္ဌိကအရပ်၌ အရှင်ရဋ္ဌပါလသည် လွန်စွာချမ်းသာသော လွန်စွာ ကြွယ်ဝသော သူဌေးသားတယောက်ပင် ဖြစ်ပါသည်၊ ထိုသို ဘောဂပါရိဇုည တရားမရှိပါဘဲလျက် အရှင်ရဋ္ဌပါလသည် အဘယ်ဓမ္မအချက်ကို သိ၍ မြင်၍ ကြား၍ အိမ်ရာတည်ထောင် လူ့ဘောင်မှ အိမ်ရာမထောင် ရဟန်းဘောင်သို့ သက်ဝင်ပါသနည်း။

၄။ အိုအရှင်ရဋ္ဌပါလ....၊ ဤလောက၌ အခြို့သော ပုဂ္ဂိုလ်သည် ရှေးအဘို့ ကာလဝယ် ဆွေမျိုးအပေါင်းတို့ ဝန်းရံလျက် တင့်တယ်စွာနေခဲ့ပါသည်။

နောက်အခါဝယ် အစဉ်သဖြင့် ဆွမျိုးအပေါင်းတို့ ကုန်ခန်းခြင်းသို့ ရောက်ရှိရာ ရှေးနည်းအတူပင် အကြံအစည်ဖြစ်၍ အိမ်ရာတည်ထောင် လူ့ဘောင်မှ အိမ်ရာမထောင် ရဟန်းဘောင်သို့ ဝင်ရောက်ကြပါသည်၊ ဤသည်ကိုပင် **ဥာ**တိပါရိဇုည ဆွမျိုးတို့၏ ယုတ်လျော့ခြင်း ဆွမျိုးတို့၏ ဆုံးရှုံးပျက်စီးခြင်းဟူ၍ ခေါ်ဆိုရပါသည်။

အရှင်ရဋ္ဌပါလမှာမူ ဤထုလ္လကောဋ္ဌိက အရပ်၌ ဆွဝန်းမျိုးလည် တင့်တယ်စွာ နေနိုင်ပါသည်၊ များစွာသော ဆွမျိုးအပေါင်း ခြံရံလျက် ရှိပါသည်၊ သို့ဖြစ်ပါ၍ အရှင်ဘုရားမှာ ဉာတိပါရိဇုညတရားလည်း မရှိခဲ့ပါ၊ သို့ပါလျက် အဘယ်ဓမ္မအချက်ကို မြင်သဖြင့် အဘယ်ဓမ္မအချက်ကို သိသဖြင့် အဘယ်ဓမ္မအချက်ကို ကြားသဖြင့် အိမ်ရာတည်ထောင် လူတို့ဘောင်မှ အိမ်ရာမထောင် ရဟန်းဘောင်သို့ ထွက်ခွါပါဘိသနည်း။

အို အရှင်ရဋ္ဌပါလ....၊ ဤဆိုအပ်ခဲ့ပြီးသော ဇရာပါရိဇုည ဗျာဓိပါရိဇုည ဘောဂပါရိဇုည ဉာတိပါရိဇုည တည်းဟူသော ပါရိဇုညတရားလေးပါး ရှိခဲ့ပါသည်၊ ဤပါရိဇုညတရားလေးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့မှ သာလျှင် သာသနာဝန်ထမ်း ရဟန်းပြုလေ့ရှိပါသည်။

အရှင်ဘုရားမှာမူ ပါရိဇုညတရားလေးပါးအနက် တပါးမျှပင် မရှိပါဘဲလျက် အဘယ်မည်သော ဓမ္မအချက်ကို သိတော်မူ မြင်တော်မူ ကြားတော်မူသဖြင့် အိမ်ရာတည်ထောင် လူတို့ဘောင်မှ အိမ်ရာမထောင် ရဟန်းဘောင်သို့ ထွက်မြောက်၍ ရဟန်းပြုတော်မူပါသနည်း ဟု မေးမြန်း လျှောက်ထားပါသည်။

ထိုအခါ အရှင်ရဋ္ဌပါလမထေရ်သူမြတ်က——

အတ္ထိ ခေါ် မဟာရာဇ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန စတ္တာရော ဓမ္မုဒ္ဒေသာ ဥဒ္ဒိဋ္ဌာ၊ ယေ အဟံ ဥတ္တာ စ ဒိသ္ဝာ စ သုတ္ဝာ စ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော-အစရှိသည်ဖြင့်——

ကောရဗျ မင်းကြီး....၊ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော သမ္မာသမ္ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောကြားတော်

မူသော ပရမတ္ထတရား သဘာဝဓမ္မတို့၏ မည်သူတဦးတယောက်မျှ ငြင်းဆန်တော်လှန်၍ မရနိုင်သော ထင်ရှားစွာဖော်ပြလျက်ရှိသော ဓမ္မအချက်ကြီးလေးမျိုးတို့ ရှိပါသည်၊ ထိုဓမ္မအချက်ကြီးလေးမျိုး **ဓမ္မဒ္ဒေသ**လေးမျိုးတို့ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်၊ ထိုဓမ္မဒ္ဒေသအချက်ကြီးလေးမျိုးကို သိလည်းသိ မြင်လည်းမြင် ကြားလည်းကြား၍ ငါသည် အိမ်ရာတည်ထောင် လူတို့ဘောင်မှ အိမ်ရာမဆောင် ရဟန်းဘောင်သို့ ရဟန်းပြုခဲ့ပါသည်။

ထိုဓမ္မဒ္ဒေသ ဓမ္မအချက်ကြီး လေးခုတို့ ဟူသည်မှာ—

၁။ **ဥပနီယျတိ လောကော အဒ္ဓုဝေါ**—ဤသတ္တလောက ရှိသမျှသော နတ် လူ ဗြဟ္မာ သတ္တဝါ အပေါင်းသည် နေ့ရှိသမျှ အချိန်ရှိသမျှ အိုခြင်းနာခြင်း တည်းဟူသော ဇရာမရဏ တရားသို့ တဖွေ့ဖွေ့ရှားရှား အစဉ်သဖြင့် သွား၍ နေပါသည်၊ မည်သည့် သတ္တဝါမျှ ခိုင်မာသော သတ္တဝါ မြဲသောသတ္တဝါ ဟူ၍ မရှိပါ၊ ဤအချက်ကိုလည်း ရှေးဦးစွာသော ဓမ္မဒ္ဒေသ အချက်ကြီးဟူ၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

၂။ **အတာဏော လောကော အနဘိဿရော**—ကောရဗျ မင်းတရား....၊ ဤသတ္တလောကကြီး တခုလုံးသည် လူဖြစ်စေ နတ်ဖြစ်စေ ဗြဟ္မာဖြစ်စေ စောင့်ရှောက်မည့်သူ အလျဉ်းကင်းမဲ့၍ နေပါသည်၊ ဘေးရန်ခပ်သိမ်းကို ကာကွယ်မည့်သူ အလျဉ်းကင်းမဲ့၍ နေပါသည်။ ဤအချက်ကိုလည်း ဒုတိယဓမ္မဒ္ဒေသ အချက်ကြီးဟူ၍ သဗ္ဗညုမြတ်စွာဘုရားဟောကြားတော်မူခဲ့ပါသည်။

၃။ **အဿကော လောကော သဗ္ဗံ ပဟာယ ဂမနီယံ**—ကောရဗျ မင်းတရား....၊ ခပ်သိမ်းသော ဥစ္စာဟူသမျှသည် ကိုယ်ပိုင်ဥစ္စာဟူ၍ တခုမျှ မရှိခဲ့တကား ကိုယ်ပိုင် ဟူ၍ ထင်မှတ်စေကာမူ စုတေသော ကာလဝယ် အလုံးစုံကိုပင် စွန့်ပယ်၍ သွားအပ်သော သဘောရှိခဲ့၏ တကား။ ဤအချက်ကို တတိယဓမ္မဒ္ဒေသ အချက်ကြီးဟူ၍ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါပေသည်။

၄။ **ဥနော လောကော အတိတ္တော တဏှာဒါသော**—နတ် လူ ဗြဟ္မာ သတ္တဝါ လောက ရှိသမျှသော ဗိုလ်လူအပေါင်းသည် အမြဲတစေယုတ်

လျက် ဟောက်လျက် အလိုမပြည့်လျက်ပင် ရှိကြပါပေသည်။ မည်သည့် အခါမျှ တင်းတိမ်ရောင့်ရဲ အားရသော မည်သည် မရှိကြ၊ တဏှာ၏ ကျွန်ဘဝမှ တဏှာခိုင်းရာ စေတိုင်းပါသည့် တဏှာ၏ ကျွန်ဘဝမှ မလွတ်မြောက်ဘဲ ရှိကြရသည်၊ ဤအချက်ကား စတုတ္ထမြောက်ဖြစ်သော ဓမ္မဒ္ဒေသ အချက်ကြီးဖြစ်ပါသည်၊ ဤဓမ္မဒ္ဒေသ အချက်ကိုလည်း သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

ကောရဗျ မင်းတရား....၊ ဤဆိုအပ်ပြီးသော ဓမ္မဒ္ဒေသ သဘာဝဓမ္မတိကပင်လျှင် မည်သူတဦးတယောက်မျှ ဟန့်တား၍ မရနိုင်သော သဘာဝကို ထင်စွာဖော်ပြသည့် ဓမ္မဒ္ဒေသ အချက်ကြီးလေးမျိုးကို ကိုယ်တိုင်လည်း သိ၍ဌင်း ကိုယ်တိုင်လည်းမြင်၍ဌင်း ကိုယ်တိုင်လည်း ကြားရ၍ဌင်း ငါသည် အိမ်ရာတည်ထောင် လူတို့ဘောင်မှ အိမ်ရာမထောင် ရဟန်းဘောင်၌ ရဟန်းပြုခဲ့ပါသည်ဟု မိန့်ကြားတော်မူခဲ့ပါသည်။

ဤသို့လျှင် ကောရဗျမင်းတရားသည် ပါရိဇုညတရားလေးပါးကို ဖော်ပြ၍ အရှင်ရဋ္ဌပါလ မထေရ်သူမြတ်၏ ရဟန်းပြုခြင်း၏အကြောင်းကို မေးမြန်းသော အဋ္ဌုပ္ပတ်ကြောင့် ဤရဋ္ဌပါလသုတ္တန်ဒေသနာတော်မြတ်ကို ရဋ္ဌပါလ မထေရ်သူမြတ် ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အထ ခေါ အာဝုသော အာယသ္မာ ရဋ္ဌပါလတ္ထေရော ရညော ကောရဗျဿ ကထံ ပဋိမံ ဓမ္မဒ္ဒေသံ ဝိတ္ထာရေတွာ ပကာသေသိ။

ဝိဿဇ္ဇနာ။ ။အထ ခေါ ဘဒ္ဒန္တေ အာယသ္မာ ရဋ္ဌပါလတ္ထေရော "တံ ကိံ မညသိ မဟာရာဇ တုံ ဝိသတိဝဿုဒ္ဒေသိကော ပိ ပဏ္ဏဝိသတိ-ဝဿုဒ္ဒေသိကော ပိ ဟတ္ထိသ္မိမ္ပိ ကတာဝ အဿသ္မိမ္ပိ ကတာဝ ရထသ္မိမ္ပိ ကတာဝိ ဓနုသ္မိမ္ပိ ကတာဝိ ထရုသ္မိမ္ပိ ကတာဝိ ဥရုဗလိ ဗာဟုဗလိ အလမတ္တော သင်္ဂါမာဝစရော" တိ ဧဝမာဒိနာ ပဋိမံ ဓမ္မဒ္ဒေသံ ဝိတ္ထာရေတာ ပကာသေသိ။

အမေး။ ။ဤသို့ လေးပါးသော ဓမ္မဒ္ဒေသ အချက်ကြီးလေးခုတို့ကို အရှင်ရဋ္ဌပါလက အကျဉ်းချုပ်အားဖြင့် ဟောပြပြီးသောအခါကာလ၌ ထို လေးပါးသော ဓမ္မဒ္ဒေသ အချက်ကြီးလေးချက်တို့တွင် ရှေးဦးစွာသော

ဓမ္မဒ္ဒေသကို အဘယ်ပုံ အဘယ်နည်းဖြင့် ခဲ့၍ ကောရဗျမင်းအား ဟောပြ တော်မူခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ ။ထိုသို့ ဓမ္မဒ္ဒေသ အချက်ကြီးလေးရပ်ကို အရှင်ရဋ္ဌပါလ မထေရ်သူမြတ် အကျဉ်းချုပ်အားဖြင့် ဟောကြားသောအခါ၌ ကောရဗျမင်းတရားက——

အို အရှင်ဘုရား ရဋ္ဌပါလ....၊ အရှင်ဘုရားသည် ဥပနိယျတိ လောကော အဒ္ဓုဝေါ၊ သတ္တလောကကြီးသည်ကား နေ့ရှိသမျှ အချိန်ရှိသမျှ အိုခြင်း သေခြင်း တည်းဟူသော ဇရာမရဏ တရားတို့ဘက်သို့ တရွေ့ရွှေ့ရှား အမြဲ တစေသွား၍ နေချေ၏၊ တစုံတခုသော သတ္တလောကမျှပင်လျှင် မြဲခိုင်သော သတ္တလောက မရှိဟူ၍ ဆိုတော်မူပါပေသည်၊ အရှင်ဘုရား ယခု အကျဉ်းချုပ် အားဖြင့် ဟောကြားအပ်သော စကား၏ အနက်အဓိပ္ပါယ်အကျယ်ကို အဘယ်သို့ သိမှတ်ရပါအံ့နည်း ဟု မေးမြန်းလျှောက်ထားပါသည်။

ထိုအခါ အရှင်ရဋ္ဌပါလမထေရ်သူမြတ်က တံ ကိံ မညသိ မဟာရာဇ-အစရှိသည်ဖြင့် မြတ်သော ကောရဗျမင်းတရား....၊ ယခုငါမေးမည့် စကားကို အသင် မင်းတရားသည် မည်သို့ သဘောထား မည်သို့ နှစ်သက်ပါသနည်း....၊ အသင် မင်းတရားသည် လွန်ခဲ့သော အသက်နှစ်ဆယ် အသက်အစိတ်အရွယ်က ဆင်အတတ်မှာလည်း တဘက်ကမ်းခတ်၊ မြင်းအတတ်, ရထားအတတ်, လေး အတတ်,သန်လျက်အတတ်တို့မှာလည်း တဘက်ကမ်းခတ် တတ်မြောက်ခဲ့သည် မဟုတ်ပါလော၊ လက်ရုံးအား ကိုယ်ခန္ဓာအားတို့နှင့် စွမ်းစွမ်းတမန် ပြည့်စုံသည် ဖြစ်၍ နေရာတကာ စွမ်းနိုင်သော သဘောရှိသည်ဖြစ်၍ စစ်မြေပြင်သို့ အကြိမ်ကြိမ်သက်ဆင်းခဲ့ဘူးသည် မဟုတ်ပါလော....၊ ဤသို့ မေးမြန်းသော အခါ ကောရဗျမင်းတရားက——

ရှေးအသက်နှစ်ဆယ် အစိတ်အရွယ်က မိမိသည် ဆင်အတတ် မြင်း အတတ် ရထားအတတ် လေးအတတ် သန်လျက်အတတ်တို့၌ တဘက်ကမ်း ခတ် တတ်မြောက်ခဲ့ကြောင်း စစ်မြေပြင်သို့ အကြိမ်ကြိမ် အဖန်ဖန် ဝင်နှဲ့ခဲ့ဘူး ကြောင်း ထိုစဉ်က မိမိကိုယ်ကို **ဣဒ္ဓိမန္တ** တန်ခိုးရှင်လောက်ပင် အထင်ကြီးရင့် ခဲ့ကြောင်း ပြန်ပြောင်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ အရှင်ရဋ္ဌပါလမထေရ်သူမြတ်က မြတ်သော ကောရဗျမင်းတရား....၊ ယခုအခါဝယ် အသင်သည် ထိုအသက်နှစ်ဆယ် အစိတ်အရွယ်တုန်းက ကဲ့သို့ ဆင်အတတ် မြင်းအတတ် ရထားအတတ် အစရှိသော အတတ်တို့၌ တဘတ်ကမ်းခတ် တတ်မြောက်စေကာမူ ရှေးအခါကလို **ဦရုဗလ, ဗာဟုဗလ** လက်ရုံးအား ကိုယ်ခန္ဓာအားတို့နှင့် စွမ်းစွမ်းတမန် စစ်မြေပြင်အရပ်သို့ ဝင်နိုင်ပါအုန်းမည်လော ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ ကောရဗျမင်းတရားက ထိုသို့ စစ်မြေပြင်အရပ်သို့ မဝင်နိုင်တော့ကြောင်း တပည့်တော်၏ အရွယ်မှာ ယခုအခါနှင့်၌ အသက်ရှစ်ဆယ်ရှိပြီ ဖြစ်ကြောင်း တပည့်တော်သည် တရံတခါ၌ ဤမည်သောအရပ်သို့ ခြေကို ချမည်ဟု ကြံစည်ပါလျက် ရည်မှန်းရာအရပ်သို့ ချေကို မချမိဘဲ အခြားတပါးသော အရပ်၌ပင် ခြေကိုချမိကြောင်း ပြန်ပြောင်းလျှောက်ထားပါသည်။

ထိုအခါ အရှင်ရဋ္ဌပါလမထေရ်သူမြတ်က ကောရဗျ မဟာရာဇာ....၊ ဤသင်၏ လက်တွေ့ဖြစ်သော ဓမ္မအချက်ကိုပင်လျှင် သဗ္ဗညူမြတ်စွာဘုရား ရည်ညွှန်းတော်မူ၍ **ဥပနိယျတိ လောကော အဒ္ဓုဝေါ သတ္တလောကရှိသမျှသော နတ်လူ ဗြဟ္မာ သတ္တဝါ အပေါင်းသည်ကား ဇရာမရဏဘက်သို့ တဖွေးဖွေးရှားရှား နေ့ရှိသမျှ အချိန်ရှိသမျှ သွား၍သာလျှင် နေကြသည် တစုံတယောက်သော သတ္တဝါမျှ မြဲခိုင်သော သတ္တဝါမရှိ** ဟူ၍ ဟောကြားတော်မူခဲ့ပါသည်ဟု မိန့်ကြားတော်မူပါသည်။

ထိုအခါ ကောရဗျ မင်းတရားသည်လည်း အစ္ဆရိယံ ဘော ရဋ္ဌပါလ၊ အဗ္ဘုတံ ဘော ရဋ္ဌပါလ-စသည်ဖြင့် အရှင်ရဋ္ဌပါလ ဟောကြားတော်မူအပ်သော ပဌမ ဓမ္မဒ္ဒေသ ဓမ္မအချက်ကြီးကို ကောင်းခြီးပေးကာ ထောက်ခံခဲ့ပါသည်။

ဤသို့လျှင် အရှင်ရဋ္ဌပါလ မထေရ်သူမြတ်သည် ရှေးဦးစွာသော ဓမ္မဒ္ဒေသ ဓမ္မအချက်ကို ကုရုတိုင်းအရှင် ကောရဗျမင်းတရားအား ကိုယ်တိုင် သက်သေထား၍ အကျယ်ဖွင့်ကာ ပြတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထံ ပနာဌသော အာယသ္မာ ရဋ္ဌပါလတ္ထေရော ရညော ကောရဗျဿ ဒုတိယမ္ပိ ဓမ္မဒ္ဒေသံ ဝိတ္ထာရေတ္ဝာ ပကာသေသိ။

ဝိဿဇ္ဇနာ။ ။“တံ ကိ ံ မညသိ မဟာရာဇ၊ အတ္ထိ တေ ကောစိ အနုသာယိ-
ကော အာဗာဓော”တိ ဝေမာဒိနာ ဘဋ္ဌေ အာယသ္မာ ရဋ္ဌ-
ပါလော ရညော ကောရဗ္ယဿ ဒုတိယံ ဓမ္မဒ္ဒေသံ ဝိတ္ထာ-
ရေတွာ ပကာသေသိ။

အမေး။ ။အရှင်ရဋ္ဌပါလ မထေရ်မြတ်သည် ကောရဗျ မင်းတရား အား နှစ်ခုမြောက်ဖြစ်သော ဒုတိယ ဓမ္မဒေသ အချက်ကြီးကိုလည်း ဘယ်ပုံ ဘယ်နည်းဖြင့် အကျယ်ခဲ့၍ ဟောပြတော်မူခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ ။ပဌမဓမ္မဒေသ အချက်ကို အကျယ်တဝင့် ဟောပြီးသော အခါ ကောရဗျမင်းတရားသည် အရှင်ရဋ္ဌပါလမထေရ်မြတ်ကို ဤသို့ လျှောက် ထားပါသည်။

အို အရှင်ရဋ္ဌပါလ....၊ အကျွန်ုပ်တို့၏တိုင်းပြည်မှာ ဘေးရန် လာရောက်က ကာကွယ်ဘို့ရန် အသင့်ပင် ဆင်တပ် မြင်းတပ် ရထားတပ် ခြေလျင်တပ်တို့ကို အထပ်ထပ်ချထားပြီး ဖြစ်ပါသည်၊ အရှင်ဘုရားသည်မူကား အတာဏော လောကော အနဘိဿရော-ဟု သတ္တလောကရှိသမျှသော နတ်လူ ဗြဟ္မာ သတ္တဝါအပေါင်းသည် စောင့်ရှောက်မည့်သူ ကင်းကွာ ကွယ်ကာမည့်သူ မရှိ ဟူ၍ မိန့်ကြားတော်မူပါသည်၊ အရှင်ဘုရား ယခုမိန့်ကြားသည့် အတာဏော လောကော အနဘိဿရော ဟူသော အကျဉ်းစကား၏ အကျယ်အနက် အဓိပ္ပါယ်ကို အဘယ်သို့ သိမှတ်ရပါအံ့နည်း ဟု တပန်မေးမြန်းလျှောက်ထား သောအခါ——

အရှင်ရဋ္ဌပါလ မထေရ်သူမြတ်သည် တံ ကိ ံ မညသိ မဟာရာဇ အစ ရှိသည်ဖြင့် ကောရဗျမင်းကြီး....ယခု ငါမေးမည့် စကားကို အသင်မင်းကြီး သည် မည်သို့ သဘောထားပါသနည်း....အသင်မင်းကြီး၏ သန္ဓာန်ဝယ် အခါ ခပ်သိမ်း **အနုသယကဲ့သို့ ကိန်းသည့် အနာရောဂါတခုမရှိပါလော** ဟု မေးမြန်း တော်မူပါသည်။

အို အရှင်ရဋ္ဌပါလ....၊ အကျွန်ုပ်၏ သန္ဓာန်ဝယ် အမြဲတစေ ကိန်းသော ရောဂါတခု ရှိပါသည်၊ တရံတခါဝယ် အကျွန်ုပ်၏ ဆွေသားမျိုးရင်း မိတ် သင်းပင်းတို့သည် လက်ပိုက်၍သာ ကြည့်ပြီးလျှင် ယခုအခါ ကောရဗျမင်း

ကား နတ်ရွာစံတော့မည် ဟူ၍ပင် ဝိုင်းဝန်းကြည့်ရှုရသော အခြေအနေသို့ပင် ရောက်ခဲ့ပါသည် ဟု ပြန်ပြောင်းလျှောက်ထားပါသည်။

ထိုအခါ ရဋ္ဌပါလမထေရ် သူမြတ်က ကောရဗ္ယမင်းကြီး....၊ ထိုသို့ အနာရောဂါ နှိပ်စက်သောအခါ အသင်သည် သင်၏ ဆွေသားမျိုးရင်း မိတ်သင်းပင်း တို့ အပေါ်၌ အို ဝါ၏ ဆွေသားမျိုးရင်း မိတ်သင်းဖင်းအပေါင်းတို့....လာကြ ပါကုန်၊ ငါ၏ ယခု ခံစားနေရသော အနာရောဂါကို အစုလိုက် အစုလိုက် ခွဲဝေ၍ ယူကြပါကုန်၊ သင်တို့ခွဲဝေ၍ယူလျှင် ငါ့မှာပေါ့ပါးသော ဝေဒနာကို ခံစားရ ပါလိမ့်မည်ဟု ပြောဆိုသော်လည်း ပြောဆိုသည့်အတိုင်း ရပါမည်လော....၊သို့ တည်းမဟုတ် ထိုဖြစ်ပေါ်လာသော ရောဂါဝေဒနာကို အသင်သည်ပင် ခံစား ရပါမည်လော ဟု မေးမြန်းတော်မူပါသည်။

ဆွေသားမျိုးရင်း မိတ်ခပင်းတို့နှင့် ထိုမိမိရရှိသော ရောဂါဝေဒနာကို ခွဲဝေ၍ ခံစားခြင်းငှါ မရကောင်း၊ မိမိသာလျှင် ထိုရောဂါဝေဒနာကို ခံစားရ ကြောင်း ကောရဗ္ယမင်း ပြန်ပြောင်းလျှောက်ထားသောအခါ—

အရှင်ရဋ္ဌပါလ မထေရ်သူမြတ်က ကောရဗ္ယမင်းကြီး....၊ ဤအချက်ကိုပင် ရည်ရွယ်တော်မူ၍ သဗ္ဗညုမြတ်စွာဘုရားက **အတာဏော လောကော အန-ဘိဿရော-သတ္တလောက ရှိသမျှသော နတ် လူ ဗြဟ္မာ သတ္တဝါအပေါင်းသည် စောင့်ရှောက်သူ ကင်းကွာ ကွယ်ကာမည့်သူမရှိ** ဟူ၍ ဟောကြားတော်မူရင်း ဖြစ်ပါသည်ဟု မိန့်ကြားတော်မူသောအခါ—

ကောရဗ္ယ မင်းတရားသည် ရှေးနည်းအတူပင် အစ္ဆရိယံ ဘော ရဋ္ဌပါလ အစရှိသည်ဖြင့် ကောင်းခြီးပေးကာ ဒုတိယဓမ္မဒ္ဒေသ အချက်ကိုလည်း ထောက်ခံပြန်ပါသည်။

ဤသို့လျှင် အရှင်ရဋ္ဌပါလ မထေရ်သူမြတ်သည် ကုရုတိုင်းရှင် ကောရဗ္ယ မင်းတရားအား ဤဒုတိယဓမ္မဒ္ဒေသ အချက်ကို အကျယ်တဝင့် ဖွင့်ပြဟော ကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထံ ပနာဝုသော အာယသ္မာ ရဋ္ဌပါလတ္ထေရော ရညော ကောရ-ဗ္ယဿ တတိယမ္ပိ ဓမ္မဒ္ဒေသံ ဝိတ္ထာရေတ္ဝာ ပကာသေသိ။

ဝိဿဇ္ဇနာ။ ။"တံ ကိံ မညသိ မဟာရာဇ၊ ယထာ တုံ ဧတရဟိ ပဥ္စဟိ ကာမဂုဏေဟိ သမပ္ပိတော သမင်္ဂီဘူတော ပရိစာရေသိ၊ လစ္ဆသိ တုံ ပရတ္ထာပိ ဧဝမေဝါဟံ ဣမေဟေဝ ပဥ္စဟိ ကာမဂုဏေဟိ သမပ္ပိတော သမင်္ဂီဘူတော ပရိစာရေမီ" တိ ဧဝမာဒိနာ ဘန္တေ အာယသ္မာ ရဋ္ဌပါလော ရညော ကောရဗ္ယဿ တတိယံ ဓမ္မဒေဿနံ ဝိတ္ထာရေတွာ ပကာသေသိ။

အမေး။ ။အရှင်ရဋ္ဌပါလ မထေရ်သူမြတ်သည် ကောရဗျမင်းအား သုံးခုမြောက် ဖြစ်သော တတိယဓမ္မဒေသ အချက်ကြီးကိုလည်း ဘယ်ပုံ ဘယ်နည်းဖြင့် အကျယ်ခွဲ၍ ဟောပြတော်မူခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ ။ဒုတိယ ဓမ္မဒေသ အချက်ကို အရှင်ရဋ္ဌပါလ အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူသောအခါ ကောရဗျမင်းတရားသည်—

အို အရှင် ရဋ္ဌပါလ....၊တပည့်တော်တို့၏ ဤကုရုတိုင်းမှာ တပည့်တော်တို့ ပိုင်ဆိုင်သည့် ဤနိုင်ငံအတွင်းမှာ မြေ၌ မြုပ်ထားအပ်သော ဥစ္စာ ဟင်းလင်း အပြင်၌ ထားအပ်သော ဥစ္စာ များစွာသော ရွှေငွေဥစ္စာတို့သည် ရှိကြပါသည်၊ အရှင်ဘုရားကလည်း အဿကော လောကော သဗ္ဗံ ပဟာဟ ဂမနီယံ-ဤသတ္တလောကကြီးမှာ ကိုယ်ပိုင်ဥစ္စာ ဟူ၍ မရှိဧဃျ။ အလုံးစုံကိုပင် စွန့်ပယ်၍ သွားရမည် ဟု အရှင်ဘုရား မိန့်ကြားတော်မူခဲ့ပါသည်၊ ထိုစကား၏ အနက် အဓိပ္ပါယ် အကျယ်ဝိတ္ထာရကို အဘယ်သို့ မှတ်ရပါအုံးနည်း ဟု တောင်းပန် လျှောက်ထားသောအခါ—

အရှင်ရဋ္ဌပါလမထေရ်သူမြတ်က တံ ကိံ မညသိ မဟာရာဇ-အစရှိသည် ဖြင့်—

မြတ်သော ကောရဗျမင်းကြီး ယခု ကျွန်ုပ် ပြောကြားမည့် စကားကို အသင်ကောရဗျမင်းသည် အသို့ မှတ်ထင်ပါသနည်း၊ မည်သို့ သဘောကျပါသနည်း၊ ဤယခုအခါ အသင်ကောရဗျမင်းသည် အာရုံငါးပါး ကာမဂုဏ် တရားတို့နှင့် တင့်တယ်စွာ စံပယ်၍ နေနိုင်ပါသည်၊ သင့်အဘို့ရာမှာ တမလွန် လောက ဟိုဘဝ၌လည်း ဤယခု ခံစားနေရသော အာရုံငါးပါး ကာမဂုဏ် တရားတို့ဖြင့်ပင် ငါသည် ဤနည်းအတူ တင့်တယ် စံပယ်၍ နေမည် ဟု ကြံစည်ပင် ကြံစည်သော်လည်း ထိုကြံစည်သည့်အတိုင်း အသင် ရနိုင်ပါမည်လော....

သို့တည်းမဟုတ် ဤမှာရှိရစ်သော မင်းစည်းစိမ်အဝဝတို့ကို သူတပါးတို့ကသာ စီရင်၍ အသင်မှာမူ ကံအားလျော်စွာ သွားရပါမည်လော ဟူ မေးမြန်းတော်မူသောအခါ—

ဤစည်းစိမ် ချမ်းသာတို့ကို တမလွန်လောကသို့ ယူဆောင်၍ မသွားနိုင်ကြောင်း ဤစည်းစိမ်ချမ်းသာတို့ကို မိမိကွယ်လွန်သောအခါဝယ် တပါးသော သူတို့သာလျှင် စီမံကြလိမ့်မည်ဖြစ်ကြောင်း မိမိမှာမူ ကံအားလျော်စွာသာ လျှင် လားရလိမ့်မည်ဖြစ်ကြောင်း ပြန်ပြောင်းလျှောက်ထားပါသည်။

ထိုအခါ အရှင်ရဋ္ဌပါလ မထေရ်သူမြတ်က ကောရဗျမင်းတရား.... ဤအချက်ကိုပင် ရည်စူးတော်မူ၍ သဗ္ဗညုမြတ်စွာဘုရားက **အဿကော လောကော သဗ္ဗံ ပဟာယ ဂမနီယံ-ဤသတ္တလောကကြီး တခုလုံးသည် ကိုယ်ပိုင်ဥစ္စာဟူ၍ မရှိ၊ ဤဘဝ ရရသမျှ ရှိရှိသမျှ ကိုယ်ပိုင်ဥစ္စာဟူ၍ မှတ်ထင်သမျှ အလုံးစုံကိုပင်လျှင် စွန့်ပယ်၍ တမလွန်လောကသို့ သွားရလိမ့်မည်** ဟူ၍ ဟောကြားတော်မူခဲ့ရင်း ဖြစ်ပါသည်ဟု မိန့်ကြားတော်မူပါသည်။

ထိုအခါလည်း ကောရဗျမင်းတရားသည် အစ္ဆရိယံ ဘော ရဋ္ဌပါလ၊ အဗ္ဘုတံ ဘော ရဋ္ဌပါလ-အစရှိသည်ဖြင့် ရွှေးနည်းအတူပင် တတိယဓမ္မဒ္ဒေသအချက်ကြီးကိုလည်း နှစ်လိုအားရမ်း ဝမ်းမြောက် ခြီးမွမ်းကာ လက်ခံပါသည်။

ဤသို့လျှင် အရှင်ရဋ္ဌပါလ မထေရ်သူမြတ် သည် သုံးခုမြောက်ဖြစ်သော ဓမ္မဒ္ဒေသ အချက်ကို ကုရုတိုင်းရှင် ကောရဗျမင်းတရားအား အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။စတုတ္ထမို့ ခေါ အာဝုသော ဓမ္မဒ္ဒေသံ အာယသ္မာ ရဋ္ဌပါလတ္ထေရော ရညော ကောရဗျဿ ကထေ ဝတ္ထာရေတ္ဝာ ပကာသေသ။

ဝိဿဇ္ဇနာ။ ။“တံ ကိံ မညသိ မဟာရာဇ၊ ဖိတံ ကုရုံ အဇ္ဈာဝသသီ”တိ ဇေမာဒိနာ ဘန္တေ အာယသ္မာ ရဋ္ဌပါလတ္ထေရော ရညော ကောရဗျဿ စတုတ္ထံ ဓမ္မဒ္ဒေသံ ဝိတ္ထာရေတ္ဝာ ပကာသေသိ။

အမေး။ ။လေးခုမြောက်ဖြစ်သော စတုတ္ထဓမ္မဒ္ဒေသ အချက်ကြီးကိုလည်း အရှင်ရဋ္ဌပါလမထေရ်သည် ကောရဗျမင်းအား ဘယ်ပုံ ဘယ်နည်းဖြင့် အကျယ်ခဲ့၍ ဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။လေးခုမြောက်ဖြစ်သော စတုတ္ထမမူဒ္ဒေသ အချက်ကို အရှင် ရဋ္ဌပါလမထေရ် သူမြတ်သည် တံ ကိ ံ မည်သိ မဟာရာဇ အစရှိသည်ဖြင့် ကောရဗျမင်းတရား....ယခု ငါမေးမည့် စကားကို သင်မည်သို့ မှတ်ထင်သနည်း အသင်သည် ယခုအခါဝယ် ပြည့်လည်းပြည့်စုံ ဝလည်းဝပြော သာလည်း သာယာလှသော ကုရုတိုင်းကြီးတခုလုံးကို စိုးအုပ်၍ နေသည် မဟုတ်ပါလော။

ဤသို့ မေးမြန်းသောအခါ စိုးအုပ်၍ နေပါကြောင်း ပြန်ပြောင်း လျှောက်ထားသည်တွင်—

အို ကောရဗျ မင်းတရား....၊ အရွှေအရပ်မှ သင်ယုံကြည်လောက်သော ယောကျ်ားတယောက်သည် သင့်ထံမှောက်သို့ လာရောက်သည် ဆိုပါစို့.... သင့်ထံမှောက်သို့ လာရောက်ပြီးလျှင် ယဋ္ဌေ မဟာရာဇ ဇာနေယျသိ-အို အရှင်မင်းတရား....ရှေနားတော်ဆင်ပါ၊ အရွှေအရပ်ဒေသ ဤမည်သော ဌာနဝယ် ကြီးစွာသော ဇနပုဒ်တခုရှိပါသည်၊ များစွာလည်းပြည့်စုံ များစွာ လည်း ကြွယ်ဝပါသည်၊ ဆင်ပေါင်း မြင်းပေါင်း ရထားပေါင်း ခြေလျင်ပေါင်း များစွာရှိပါသည်၊ ထိုအရပ်ဌာနဝယ် သိမ်းဆည်းဖွယ် အမျိုးသမီးတို့သည် လည်း များစွာ ရှိကြပါသည်၊ အို အရှင် မင်းတရား၊ အကျွန်ုပ် တောင်းပန် ပါသည်၊ ထိုအရပ်ဒေသသို့ သွားရောက်၍ တိုက်ခိုက်ပါလျှင် အနည်းငယ်မျှ သော ဗိုလ်ပါတို့ဖြင့် အောင်မြင်နိုင်ဘွယ်အကြောင်း ရှိပါသည်ဟု အသင်မင်း တရားအား အကျိုးလိုလားသော ယောကျ်ားတယောက်က လျှောက်ထား လျှင် အသင်မင်းတရားသည် အသို့ ပြုမည်နည်းဟု မေးမြန်းတော်မူပါသည်။

ထိုအခါ ကောရဗျ မင်းတရားက ထိုအရွှေအရပ်မှာရှိသည့် အလွန်အလွန် ကြွယ်ဝသော အလွန်အလွန် ပြည့်စုံသည့် ဇနပုဒ်ကိုလည်း အကျွန်ုပ်တို့သည် တိုက်ဖျက်အောင်နိုင်၍သာ စိုးအုပ်ပါမည်ဟုလျှောက်ထားပါသည် ထို့အတူ ပင် အနောက်အရပ် တောင်အရပ် မြောက်အရပ်မှ အကျိုးလိုလား ယုံကြည် သော ယောကျ်ားတယောက် လာရောက် လျှောက်ထားလျှင်လည်း ထို့အတူ ပင် ဖြစ်ဖြစ်သမျှ ရှိရှိသမျှ အနောက်အရပ် တောင်အရပ် မြောက်အရပ်က ဇနပုဒ်တိုင်းသားတို့ကို တိုက်ဖျက်၍သာလျှင် စိုးအုပ်လျက်သာလျှင် အကျွန်ုပ် နေပါမည် ဟု ပြန်ပြောင်းလျှောက်ထားပါသည်။

ကောရဗျမင်းတရား....၊ ဤယခု သင်လျှောက်ထားသည့်အတိုင်း သင်၏ ကိုယ်တိုင်လက်တွေ့ဖြစ်သည့်အတိုင်း **မည်သည့်အခါမျှ အလိုမပြည့်နိုင် တဏှာ**

၏ကျန်သော အမြဲတစေ ဖြစ်ရခြင်း အကြောင်းကို ဤသင်၏ ကိုယ်တွေ့သဘောကိုပင် ရည်ရွယ်တော်မူ၍ သဗ္ဗညုမြတ်စွာဘုရားက ဦးနော လောကော အတိတ္တော တဏှာဒါသော-ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။

ဤသို့ စတုတ္ထမြောက် ဓမ္မဒ္ဒေသ ဓမ္မအချက်ကို ဟောကြားတော်မူသော အခါလည်း ကောရဗျမင်းတရားသည် ရှေးနည်းအတူပင် အစ္ဆရိယံ ဘော ရဋ္ဌပါလ၊ အဗ္ဘုတံ ဘော ရဋ္ဌပါလ-အစရှိသည်ဖြင့် လက်ဖျစ်တီး၍ အံ့ခြိုး ကောင်းခြိုး ပေးပြီးလျှင် စတုတ္ထ ဓမ္မဒ္ဒေသ အချက်ကိုလည်း ထောက်ခံခဲ့ပါသည်။

ဤလျှောက်ဆိုအပ်ပြီးသောအတိုင်း ရဋ္ဌပါလ မထေရ်သူမြတ်သည် ကောရဗျမင်းတရားအား လေးခုမြောက်သော ဓမ္မဒ္ဒေသ အချက်ကို အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ရဋ္ဌပါလသုတ် ပြီး၏

မဃဒေဝသုတ်

ပုစ္ဆာ။ ။မဃဒေဝသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။မိထိလာယံ ဘန္တေ မဃဒေဝအမ္ဗဝနေ အာယသ္မန္တံ အာနန္ဒံ အာရဗ္ဘ ဘာသိတံ။ ဘဂဝါ ဘန္တေ အညတရသ္မိံ ပဒေသေ သိတံ ပါတ္ဝာကာသိ၊ အာယသ္မာ အာနန္ဒော ဘဂဝန္တံ တေဒဝေါစ "ကော နု ခေါ ဘန္တေ ဟေတု ကော ပစ္စယော ဘဂဝတော သိတဿ ပါတုကမ္မာယ၊ နု အကာရဏေန တထာဂတော သိတံ ပါတုကရောန္တီ"တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။မဃဒေဝ မည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။မိထိလာပြည် မဃဒေဝ သရက်ဥယျာဉ်၌ အရှင်အာနန္ဒာမထေရ်မြတ်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

မြတ်စွာဘုရားသည် မိထိလာပြည် မဃဒေဝ သရက်ဥယျာဉ်အတွင်း သီတင်းသုံးနေတော်မူသော အခါ တခုသောနေရာ၌ ပြုံးရွှင်မှုကို ထင်ရှားပြုတော်မူပါသည်၊ အရှင်အာနန္ဒာမထေရ်မြတ်သည် ပြုံးရွှင်တော်မူသော မြတ်စွာဘုရား၏ စွယ်တော်လေးဆူတို့မှ ဖြူဆွတ်သော သဒါတရောင်ခြည်တော်တို့ ကွန့်မြူးထွက်ကြသော အထိမ်းအမှတ်ဖြင့် မြတ်စွာဘုရား၏ ပြုံးရွှင်တော်မူခြင်းကို သိ၍ "ကော နု ခေါ ဘန္တေ ဟေတု ကော ပစ္စယော ဘဂဝတော သိတဿ ပါတုကမ္မာယ" အစရှိသည်ဖြင့်—

ဘုန်းတော်နေဝန်း ထွန်းပတော်မူသော မြတ်စွာဘုရား....၊ ရှင်တော်ဘုရား၏ ပြုံးရွှင်မှုကို ထင်စွာ ပြုခြင်း၏ အကြောင်းကား အဘယ်ပါနည်း ဘုရား၊ မြတ်စွာဘုရားတို့သည် အကြောင်းမရှိပဲ ပြုံးရွှင်မှုကို ထင်စွာပြုရိုး မရှိပါကုန် ဟု လျှောက်ထားမေးမြန်းခဲ့ပါသည်။

ထိုသို့ အရှင်အာနန္ဒာမထေရ်မြတ် မေးလျှောက်သော အဋ္ဌုပ္ပတ်ကြောင့် ဤမဃဒေဝ သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

မဃဒေဝသုတ် ပြီး၏

မဓုရသုတ်

ပုစ္ဆာ။ ။မဓုရသုတ္တံ ပနာဝုသော ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ဘာသိတံ၊

ဝိဿဇ္ဇနာ။ ။မဓုရာယံ ဘန္တေ ရာဇာနံ မာဓုရံ အဝန္တိပုတ္တံ အာရဗ္ဘ အာယသ္မတာ မဟာကစ္စာနတ္ထေရေန ဘာသိတံ၊ ရာဇာ ဘန္တေ မာဓုရော အဝန္တိပုတ္တော အာယသ္မန္တံ မဟာကစ္စာနံ ဧတဒဝေါစ "ဗြဟ္မဏာ ဘော ကစ္စာန ဧဝမာဟံသု ဗြာဟ္မဏော ဝဏ္ဏော ဟီနော အညော ဝဏ္ဏော။ ဗြာဟ္မဏော ဝဏ္ဏော သုက္ကော ဝဏ္ဏော၊ ကဏှော အညော ဝဏ္ဏော။ ဗြာဟ္မဏာဝ

သုဇ္ဈန္တိ၊ နော အပြာဟုဏာ။ ပြာဟုဏာဝ ပြဟ္မုနော ပုတ္တာ သြရသာ မုခတော ဇာတာ ပြဟ္မဇာ ပြဟ္မနိမ္မိတာ ပြဟ္မဒါယာဒါတိ။ ဣမ ဘဝံ ကစ္စာနော ကိမက္ခာယီ”တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။မဓုရမည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သောပုဂ္ဂိုလ်က ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်။

ဖြေ။ ။မဓုရာဇ်ပြည်အရပ်ဝယ် အဝန္တိမင်းသမီး၏ သားဖြစ်သော မဓုရမင်းကို အကြောင်းပြု၍ အရှင် မဟာကစ္စည်းမထေရ်မြတ် ဟောကြားတော်မူအပ်ပါသည်။

အဝန္တိမင်းသမီး၏သား မဓုရမင်းသည် အရှင်ကစ္စည်းထံ ချဉ်းကပ်၍၊ ပြာဟုဏာ ဘော ကစ္စာန ဝေမာဟံသု အစရှိသည်ဖြင့် “အို အရှင်ကစ္စည်း မထေရ်မြတ်....၊ ပြာဟုဏကိုဏ်းဝင် ပုဂ္ဂိုလ်တစုတို့က ဤလောကဝယ် ပုဏ္ဏားသာလျှင် မြတ်သော အမျိုးဖြစ်၍ တပါးသော အမျိုးတို့မှာ ယုတ်ညံ့ကြကြောင်း၊ ပုဏ္ဏားမျိုးသာလျှင် ဖြူစင်၍ တပါးသော အမျိုးတို့မှာ မည်းညစ်ကြောင်း၊ ပုဏ္ဏားမျိုးတို့သာလျှင် စင်ကြယ်၍ တပါးသော အမျိုးတို့မှာ မစင်ကြယ်ကြောင်း၊ ပုဏ္ဏားတို့သာလျှင် မဟာပြဟ္မာကြီး၏ ရင်၌ကြီးပွါး ခံတွင်းမှ မွေးဖွားသည့် ပြဟ္မဉ့သားဖြစ်ကြောင်း ပြောဆိုကြပါသည်။ ထိုသို့ ပြောဆိုရာ၌ အရှင် ကစ္စည်းသည် အဘယ်သို့ ဟောလေ့ရှိပါသနည်း ဟု မေးမြန်း လျှောက်ထားပါသည်။

ထိုသို့ မဓုရမင်း မေးလျှောက်သော အဋ္ဌုပ္ပတ်ကြောင့် ပုဏ္ဏားတို့ ထိုသို့ပြောဆိုခြင်းမှာ အသံသာရှိ၍ အနက်စစ် မဟုတ်ကြောင်း၊ အမျိုးလေးပါးလုံးပင် တူညီကြသည်ကို စီးပွါးရှိသော အမျိုးလေးပါး ဒုစရိုက်သုစရိုက်ပြုသော အမျိုးလေးပါး အဒိန္နာဒါန်မှုပြုသော အမျိုးလေးပါး ရဟန်းပြုသော အမျိုးလေးပါးတို့ဖြင့် ထင်ရှားစွာ ဖော်ပြ၍ ဤမဓုရသုတ္တန် ဒေသနာတော်မြတ်ကို အရှင်ကစ္စည်း မထေရ်မြတ် ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

မဓုရသုတ် ပြီး၏

ဗောဓိရာဇကုမာရသုတ်

ပုစ္ဆာ။ ။ဗောဓိရာဇကုမာရသုတ္တံ ပနာဒုဿော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ပဿင်္ဂနာ။ ။ဘဂ္ဂေသု ဘဒ္ဒေ သုသုမာရဂိရေ ဗောဓ ရာဇကုမာရ အာရဗ္ဘ ဘာသိတံ။ ဗောဓိ ဘဒ္ဒေ ရာဇကုမာရော ဘဂဝန္တံ ဧတဒဝေါစ "မယံ ခေါ ဘဒ္ဒေ ဧဝံ ဟောတိ။ နှ ခေါ သုခေန သုခံ အဓိဂန္တဗ္ဗံ၊ ဒုက္ခေန ခေါ သုခံ အဓိဂန္တဗ္ဗ"န္တိ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ဗောဓိရာဇကုမာရ မည်သော သုတ္တန်တရား ဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရား သခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အင္ဂုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဘဂ္ဂတိုင်း အဝင်အပါ သုသုမာရဂိရမြို့ အရပ်၌ ဗောဓိမင်းသားကို အကြောင်းပြု၍ သဗ္ဗညု မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

ဗောဓိမင်းသားသည် ဘုရားအမှူးရှိသော သံဃာတော်တို့ကို မိမိ၏ ကောကနဒ အမည်ရသော ပြာသာဒ်၌ ဆွမ်းလုပ်ကျွေးပြုစုပြီးသောအခါ သဗ္ဗညု မြတ်စွာဘုရားကို မယုံ ခေါ ဘဒ္ဒေ ဧဝံ ဟောတိ-အစရှိသည်ဖြင့် "ဘုန်းတော် အလွန်တရာကြီးမြတ်တော် မူလှသော မြတ်စွာဘုရား....၊ တပည့်တော်၏ စိတ်ထည်းမှာ **ချမ်းသာဖြင့် ချမ်းသာကို မရနိုင်၊ အဆင်းရဲခံခြင်းဖြင့်သာ ချမ်းသာကို ရနိုင်သည်** ဟု အကြံဖြစ်ပါသည်"ဟု မိမိအကြံဖြစ်ပုံကို ပြန်ပြောင်း လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညု မြတ်စွာဘုရားက ငါဘုရားအားလည်း ဤသို့ပင် အကြံဖြစ်ခဲ့ဘူးကြောင်း ပြန်ပြောင်း မိန့်တော်မူပြီးလျှင် သဗ္ဗညု မြတ်စွာဘုရားသည် တောထွက်တော်မူသည်မှ အစ ပဉ္စဝဂ္ဂီ မထေရ် ငါးဦးတို့အား အရဟတ္တဖိုလ် တည်ရောက်စေသော အကြောင်း အင္ဂုပ္ပတ္တိတို့ကို အကျယ်တဝင့် ဟောပြတော်မူခဲ့ပါသည်။

ဤသို့လျှင် ဗောဓိမင်းသား မိမိအကြံဖြစ်သည်ကို လျှောက်ထားသော အကြောင်း အဋ္ဌုပ္ပတ်ကြောင့် ဤ ဗောဓိရာဇကုမာရ သုတ္တန်ဒေသနာတော် မြတ်ကို သဗ္ဗညူ မြတ်စွာဘုရား ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဧဝံ ဝုတ္တော ခေါ အာဝုသော ဗောဓိ ရာဇကုမာရော ဘဂဝန္တံ ကထံ ပုစ္ဆိ၊ ကထဉ္စဿ ဘဂဝါ ဗျာကာသိ။

ဝိဿဇ္ဇနာ။ ။ဧဝံ ဝုတ္တော ဘဂဝန္တော ဗောဓိရာဇကုမာရော ဘဂဝန္တံ ဧတဒဝေါစ "ကိံ စိရေန နု ခေါ ဘဂဝန္တော ဘိက္ခူ တထာဂတံ ဝိနာယကံ လဘမာနော ယဿတ္ထာယ ကုလပုတ္တာ သမ္မဒေဝ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇန္တိ၊ တဒနုတ္တရံ ဗြဟ္မစရိယပရိယောသာနံ ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိကတ္ဝာ ဥပသမ္ပဇ္ဇ ဝိဟရေယျာ"တိ၊ ဘဂဝါ စ ဘဂ္ဂေ "တေန ဟိ ရာဇကုမာရ တံ-ယေဝေတ္ထ ပဋိပုစ္ဆိဿာမိ၊ ယထာ တေ ခမေယျ၊ တထာ နံ ဗျာကရေယျာသီ"တိ၊ ဧဝမာဒိနာ ဝိဘဇိတ္ဝာ ဗျာကာသိ။

အမေး။ ။ဤသို့ သဗ္ဗညူမြတ်စွာဘုရားသခင်သည် တောထွက်သည်မှ အစ တရားကျင့်သုံး အားထုတ်ခဲ့ပုံ ဘုရားဖြစ်တော်မူလာပုံ ပဉ္စဝဂ္ဂိငါးဦးတို့ အား တရားဟောပုံ အထိ အကြောင်းအရာတို့ကို ဟောပြသော အခါကာလ ဝယ် ဗောဓိမင်းသည် မြတ်စွာဘုရားသခင်ကို အဘယ်သို့ မေးမြန်း လျှောက် ထားခဲ့ပါသနည်း၊ မြတ်စွာဘုရားသခင်ကလည်း ဗောဓိမင်းအား ဘယ်ပုံ ဘယ် နည်းဖြင့် ဖြေကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤသို့ သဗ္ဗညူမြတ်စွာဘုရား တောထွက်တော်မူသည်မှ ပဉ္စဝဂ္ဂိ မထေရ် ငါးဦးတို့ အရဟာတ္တဖိုလ်တိုင် ပေါက်ရောက်သည်တိုင်အောင် ဓမ္မကထာအစဉ်ကို ဟောပြတော်မူလတ်သည်ရှိသော် ဗောဓိမင်းသားသည် ကိံ စိရေန နု ခေါ ဘဂ္ဂေ ဘိက္ခူ အစရှိသည်ဖြင့်—

ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ဤ သာသနာတော်ဝယ် သဗ္ဗညူမြတ်စွာဘုရား တည်းဟူသော ရွှေသွားခေါင်း ဆောင် အမှိသဟဲကို ရရှိသော သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တ အမျိုးကောင်းသား ရဟန်းတော်မထေရ်သူမြတ်သည် မည်မျှကြာလျှင် အရဟာတ္တဖိုလ်သို့ တိုင် မြောက် ရနိုင်ပါသနည်း ဟု မေးမြန်းလျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညူ မြတ်စွာဘုရားက တေန ဟိ ရာဇကုမာရ တံယေဝေတ္ထ ပဋိပုစ္ဆိဿာမိ - အစရှိသည်ဖြင့် "ဗောဓိမင်းသား.... သို့တပြီးကား သင့်ကို ပင်လျင် ဤအရာ၌ ငါဘုရား တဖန်ပြန်၍ မေးမြန်းမည်၊ သင်နှစ်သက် သည့်အတိုင်း ဖြေဆိုနိုင်ခွင့် ရှိသည်၊ အသင်သည် ဆင်စီးအတတ် ချုန်းကိုင် အတတ်၌ တဘက်ကမ်းခတ် တတ်မြောက်သည် မဟုတ်လော" ဟု မေးမြန်း တော်မူသောအခါ "တတ်မြောက်ပါကြောင်း" ပြန်ပြောင်း လျှောက်ထား ပါ သည်။

ထိုအခါ သဗ္ဗညူမြတ်စွာဘုရားက ဗောဓိမင်းသား....၊ ဤလောက၌ တစုံ တယောက်သော ယောကျ်ားသည် ဗောဓိမင်းသားကား ဆင်စီးအတတ် ချုန်း ကိုင်အတတ်ဝယ် တဘက်ကမ်းခတ် တတ်မြောက်သော သူတည်း၊ ငါသည် ဗောဓိမင်းသားထံသို့ သွားရောက်၍ ဆင်စီးအတတ် ချုန်းကိုင် အတတ်ကို သင်ယူအံ့ ဟု သင့်ထံသို့ လာရောက်သည် ဆိုပါစို့။

ထိုယောကျ်ားသည်ကား သင့်အပေါ်ဝယ် ယုံကြည်ခြင်း သဒ္ဓါတရား လည်း မရှိခဲ့၊ အနာရောဂါကလည်း ထူပြောခဲ့၊ ထိုယောကျ်ားသည် ပျင်းလည်း ပျင်းလှစွာ၏ လုံးဝလုံလလည်းမရှိ၊ ထိုယောကျ်ားသည် လွန်စွာ့ လွန်စွာ ကောက်ကျစ်စဉ်းလဲသောသူလည်း ဖြစ်၏၊ ထိုယောကျ်ားသည် ပညာဟူ၍ လုံးလုံးလျားလျား မရှိသူဖြစ်၏၊ ဤဆိုအပ်ပြီးသော အင်္ဂါငါးပါး မကောင်း သော လက္ခဏာ ငါးပါးနှင့် ပြည့်စုံသော ယောကျ်ားသည် သင်၏ အထံဝယ် ဆင်စီးအတတ် ချုန်းကိုင်အတတ်ကို တဘက်ကမ်းခတ် တတ်မြောက်အောင် သူတပါးနည်းတူ သင်ယူနိုင်ပါမည်လောဟု မေးမြန်းတော်မူပါသည်။

ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ဤလက္ခဏာ ငါးပါးနှင့် ပြည့်စုံသူကို မဆိုထားဘိ၊ ဤလက္ခဏာငါးပါး မ ကောင်းသော အင်္ဂါငါးပါးတို့ အနက် တပါးပါးသော လက္ခဏာနှင့် ပြည့်စုံ သော ယောကျ်ားပင်သော်လည်း အကျွန်ုပ်ထံ၌ ဆင်စီးအတတ် ချုန်းကိုင် အတတ်ကို တဘက်ကမ်းခတ် တတ်မြောက်အောင် သင်ကြား၍ မဖြစ်နိုင်ပါဟု ပြန်ပြောင်းလျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညူမြတ်စွာဘုရားက ဗောဓိမင်းသား....၊ ယောကျ်း တယောက်သည် အသင့်ထံသို့ ဆင်စီးအတတ် ချုန်းကိုင်အတတ် ကို သင်ယူဘို့

ရန် လာရောက်သည် ဆိုပါစို့။ ထိုယောကျ်ားသည် သင့်အား ယုံကြည်ခြင်း သဒ္ဓါတရားလည်း ရှိပါပေ၏၊ အနာရောဂါလည်း ကင်းစင်သူ ဖြစ်ပါပေ၏၊ အလွန်အလွန် ဖြောင့်မှန်သော ပုဂ္ဂိုလ်လည်း ဖြစ်ပါပေ၏၊ လွန်စွာ့ လွန်စွာ အားထုတ်အပ်သော လုံလ ဝီရိယလည်း ရှိပါပေ၏၊ ဉာဏ်ပညာလည်း ပါးရှားလှပါပေ၏။ ဗောဓိမင်းသား....၊ မည်သို့ သဘောကျသနည်း၊ ထိုသို့သဘောရှိသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော ယောကျ်ားသည် သင်၏ အထံဝယ် ဆင်စီးအတတ် ချွန်းကိုင်အတတ်ကို တဘက်ကမ်းခတ် တတ်မြောက်နိုင်ရာပါသလော ဟု မေးမြန်းတော်မူသောအခါ—

ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ယောကျ်ားကို မဆိုထားဘိ၊ ဤအင်္ဂါငါးပါး တို့အနက် တပါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ယောကျ်ားသည်ပင်လျှင် ဆင်စီးအတတ် ချွန်းကိုင်အတတ်ကို တဘက်ကမ်းခတ် တတ်မြောက်နိုင်ကြောင်း ပြန်ပြောင်းလျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဗောဓိမင်းသား....၊ ဤနည်းအတူပင်လျှင် ဤသာသနာတော်၌ သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တာ အမျိုးကောင်းသား ဖြစ်သောရဟန်းတော် အရှင်သူမြတ်အား—

(၁) ငါဘုရား၏ အပေါ်ဝယ် အရဟံ အစရှိသော ဂုဏ်တော်တို့ကို ယုံကြည်ခြင်း တည်းဟူသော သဒ္ဓါတရား။

(၂) အနာရောဂါကင်းရှင်းခြင်း။

(၃) ဖြူစင်ဖြောင့်မတ်သော စိတ်နှလုံးရှိခြင်း။

(၄) အားထုတ်အပ်သော လုံလဝီရိယရှိခြင်း။

(၅) ဥဒယတ္ထဂါမိနိ[၁] ဉာဏ်ပညာနှင့် ပြည့်စုံခြင်း။

၁။ **ဥဒယတ္ထဂါမိနီ** = ဥဒယ အတ္ထ ဂါမိနီ။
ဥဒယ = အဖြစ်။ အတ္ထ—အပျက်။ ဂါမိနီ—ပို့ဆောင်နိုင်ခြင်း။ အဖြစ် အပျက်ကို ထင်မြင်စွာ ပို့ဆောင်နိုင်သော ဥဒယဗ္ဗယဉာဏ်ကိုပင် ဆိုခြင်းဖြစ်သတည်း။

. ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တ အမျိုးကောင်းသားသည် ငါဘုရားတည်းဟူသော ရွှေဆောင်လည်းပြ ဥပနိဿယ အမှီတရဲကို ရရှိပါမူ ခုနစ်နှစ် အတွင်းမှာပင် အရဟတ္တဖိုလ်ပေါက် ရောက်နိုင်ပေသည်။

အို ဗောဓိမင်းသား....ခုနစ်နှစ်ကို ထားဘိဦး၊ ဤဆိုအပ်ခဲ့ပြီးသော ပဓာနိယင်္[1] အင်္ဂါငါးပါးနှင့် ပြည့်စုံသော သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တ အမျိုးကောင်းသားသည် ငါဘုရားတည်းဟူသော ရွှေဆောင်လမ်းပြ ဥပနိဿယ[2]ကို ရရှိပါမူ ခြောက်နှစ်အတွင်းသော်၎င်း ငါးနှစ် လေးနှစ် သုံးနှစ် နှစ်နှစ် တနှစ် အတွင်းသော်၎င်း ဗောဓိမင်းသား....၊တနှစ်ကို ထားဘိဦး၊ ခုနစ်လ,ခြောက်လ, ငါးလ, လေးလ, သုံးလ, နှစ်လ, တလအတွင်းသော်၎င်း၊ တလကိုလည်း ထားဘိဦး၊ လခဲ့အတွင်းမှာသော်၎င်း ခုနစ်ရက်အတွင်းမှာသော်၎င်း ခြောက်ရက်,ငါးရက်, လေးရက်,သုံးရက်, နှစ်ရက်, တနေ့နှင့် တညဉ့် အတွင်းမှာသော်၎င်း အရဟတ္တဖိုလ် ပေါက်ရောက်နိုင်ပေသည်။

ဗောဓိမင်းသား....၊တနေ့နှင့် တညဉ့်ဆိုသော အချိန်သည် ရှည်လျားလှသည် ထားဦးတော့၊ ဤသာသနာတော်၌ ဆိုအပ်ပြီးသော ပဓာနိယင်္ အင်္ဂါငါးပါးနှင့် ပြည့်စုံသော သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တ အမျိုးကောင်းသားသည် ငါဘုရားတည်းဟူသော ရွှေဆောင်လမ်းပြ ဝိနာယကကို ရရှိပါမူ နံနက်အခါ ဆုံးမအပ်သည်ရှိသော် ညအခါ၌ပင်လျှင် မင်္ဂဖိုလ်တရားထူးကို ရနိုင်သည်၊ ညအခါ ဆုံးမလိုက်လျှင် နံနက်အခါမှာပင် မင်္ဂဖိုလ်တရားထူးကို ရရှိနိုင်သည်ဟု မိန့်ကြားတော်မူပါသည်။

ဤသို့လျှင် ဗောဓိမင်းသား မေးမြန်းလျှောက်ထားသောအခါ သဗ္ဗညူမြတ်စွာဘုရားသည် ပဓာနိယင်္ တရားငါးပါးနှင့် ပြည့်စုံသော သဒ္ဓါပဗ္ဗဇိတ အမျိုးကောင်းသားတို့အား ဘုရားတည်းဟူသော အမှီကို ရရှိပါလျှင် ညကို တရားဟောက နံနက်၌ပင်လျှင် မင်္ဂဖိုလ်တရားထူး ရနိုင်ကြောင်း နံနက်၌ ဆုံးမအပ်သည်ရှိသော် ညမှာပင်လျှင် မင်္ဂဖိုလ်တရားထူးကို ရနိုင်ကြောင်း စိတ်ဖြာခဲ့ခြား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

.

၁။ ပဓာနိယင်္ = ကမ္မဋ္ဌာန်းအားထုတ်သော ယောဂီပုဂ္ဂိုလ်၏ အင်္ဂါကို ပဓာနိယင်္ ဟု ဆိုသည်။
၂။ ဥပနိဿယ = အမှီသဟဲ့ပြုခြင်းကို ဥပနိဿယ ဟု ဆိုသည်။

ပုစ္ဆာ။ ။ဣမဉ္စ ပနာဝုသော ဓမ္မဒေသနံ သုတ္ဝာ ဗောဓိရာဇကုမာရော ဣမိဿံ ဓမ္မဒေသနာယံ ပသန္နော ကိဒိသံ ပသန္နာကာရမကာသိ။

ဝိဿဇ္ဇနာ။ ။ဣမဉ္စ ပန ဘဒ္ဒန္တေ ဓမ္မဒေသနံ သုတ္ဝာ ဗောဓိရာဇကုမာရော “အဟော ဗုဒ္ဓါ အဟော ဓမ္မော အဟော ဓမ္မဿ သွာက္ခာတတာ၊ ယတြ ဟိ နာမ သာယမနုသိဋ္ဌော၊ ပါတော ဝိသေသံ အဓိဂမိဿတိ၊ ပါတမနုသိဋ္ဌော သာယံ ဝိသေသံ အဓိဂမိဿတိ” တိ ဧဝမာဒိနာ ဣမိဿံ ဓမ္မဒေသနာယံ ပသန္နော ပသန္နာကာရမကာသိ။

အမေး။ ။ဤသို့ မြတ်စွာဘုရားသခင်က ဗောဓိရာဇကုမာရ ဟု ခေါ်သော ဤသုတ္တန်တရားဒေသနာတော်ကို ဟောကြားတော်မူသော အခါ ကာလဝယ် ဗောဓိမင်းသားသည် ဤသုတ္တန်တရား ဒေသနာတော်ကို ကြားနာရ၍ ဤသုတ္တန်ဒေသနာတော်၌ ကြည်ညိုသဒ္ဓါ ဖြစ်ပေါ်လာသဖြင့် ကြည်ညိုသဒ္ဓါ ဖြစ်ပေါ်လာသော သူတို့၏ ပြုမြဲဖြစ်သော အဘယ်သို့သော အခြင်းအရာကို ပြုခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤဗောဓိရာဇကုမာရ သုတ္တန်ဒေသနာတော်မြတ်ကို ကြားနာရသောအခါ ဗောဓိမင်းသားသည် အဟော ဗုဒ္ဓါ အဟော ဓမ္မော အဟော ဓမ္မဿ သွာက္ခာတတာ အစရှိသည်ဖြင့် ဤသာသနာတော်၌ ညအခါ ဆုံးမလိုက်သည်ရှိသော် နံနက်အခါ၌လည်း မဂ်ဖိုလ်တရားထူးကို ရနိုင်ပါဘိသည်၊ နံနက်အခါ ဆုံးမအပ်သော အမျိုးကောင်းသားသည် ည၌၌ မဂ်ဖိုလ်တည်းဟူသော တရားထူးကို ရနိုင်ပါပေသည်။ ဘုန်းတော်အလှန်တရာ ကြီးမြတ်တော်မူလှသော သဗ္ဗညုမြတ်စွာဘုရားသည် အံ့ဩဘွယ်ရှိပါပေစ့၊ ရှင်တော်ဘုရား ဟောကြားအပ်သော တရားတော်သည်လည်း အံ့ဩဘွယ်ရှိပါပေစ့၊ တရားတော်၏ အစ,အလယ်,အဆုံး သီလ သမာဓိ ပညာ တည်းဟူသော သုံးပါးသော ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံပုံသည်ကား လှန်စွာ့ လှန်စွာ အံ့ဘွယ် ရှိပါပေစ့ ဟု လျှောက်ထားပါသည်။

ထိုအခါ ဗောဓိမင်းသား၏ အနီးနေ တပည့် သဠ္ဠိကာပုတ္တ အမည်ရသော လုလင်က အရှင်ဗောဓိမင်းသားသည် ဤသို့သော ခြီးမွမ်းပါသည်၊ သဗ္ဗညု မြတ်စွာဘုရားနှင့် တကွ တရား သံဃာတို့ကို ကား ယခုတိုင်ပင်

ကိုးကွယ်ရာ ဟူ၍ မဆည်းကပ်သေးပါ တကားဟူ၍ (သရဏဂုံမယူသေးပါ ဟု ဆိုလိုသည်) လျှောက်ထားပါသည်။

ထိုအခါ ဗောဓိမင်းသားက မာ ဟေဝံ သမ္မ သဉ္ဇီကာပုတ္တ အဝစ၊ မာ ဟေဝံ သမ္မ သဉ္ဇီကာပုတ္တ အဝစ-ဟု အချင်း သဉ္ဇီကာပုတ္တ....၊ ဤသို့မဆိုပါလင့်၊ အံ့ချင်းသဉ္ဇီကာပုတ္တ....၊ ဤသို့ မဆိုပါလင့်၊ ငါကိုယ်တိုင် နားဆတ်ဆတ်ကြားရဘူးသော အကြောင်းတခုမှာ-----

တခုသော အခါိန်က သဗ္ဗညူ မြတ်စွာဘုရားသည် ကောသမ္မီပြည် ဃောသိတာရုံကျောင်း၌ ကိန်းအောင်း မွေ့လျော် နေတော်မူဆဲ ဖြစ်ပါသည်၊ ထိုအခါိန်က ငါသည် အမိဝမ်းဝယ် ပဋိသန္ဓေ တည်နေခါိန် ဖြစ်ပါသည်၊ ထိုအခါ ငါ၏ မိခင်သည် မြတ်စွာဘုရားရှိရာ ကောသမ္မီပြည် ဃောသိတာရုံကျောင်းတော်သို့ သွားရောက်ပြီးလျှင် သဗ္ဗညူမြတ်စွာဘုရားကို ယောမေအယံ ဘန္တေ ကုစ္ဆိဂတော ကုမာရကော ဝါ ကုမာရိကာ ဝါ၊ သော ဘဂဝန္တံ သရဏံ ဂစ္ဆတိ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ၊ ဥပါသကာ တံ ဘဂဝါ ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ ဟု ---

ဘုန်းတော်ကြီးမြတ်တော် မူလသော မြတ်စွာဘုရား....၊ တပည့်တော်၏ဝမ်း၌တည်သော အကြင် သူသည် သတ္တိသားပင် ဖြစ်စေ သတ္တိသမီးပင် ဖြစ်စေ ထိုသတ္တိသား ထိုသတ္တိသမီးသည် ယနေ့ကပင် အစပြု၍ ရှင်တော်ဘုရားကိုဌင်း တရားတော်ကိုဌင်း သံဃာတော်ကိုဌင်း ကိုးကွယ်ရာ ပုန်းအောင်းရာ လည်းလျောင်းရာ ဟူ၍ ဆည်းကပ်ပါသည်၊ သိမှတ်ပါသည်၊ ထိုတပည့်တော်၏ အဇ္ဈတ္တကိုယ်တွင်းဝယ်ရှိသော ပဋိလိုမ်ကို သတ္တိသားပင် ဖြစ်စေ သတ္တိသမီးပင် ဖြစ်စေ ဗုဒ္ဓ ဓမ္မ သံဃ သရဏကို တည် ဥပါသကာ ဥပါသိကာ ဟူ၍ (ဗုဒ္ဓဘာသာဝင် ဟူ၍)မှတ်တော်မူပါမည့်အကြောင်း လျှောက်ထားခဲ့ပါသည်။

ဤအကြောင်းကို ငါ၏ မယ်တော် ငါ့အား ပြန်ကြား ပြောဆိုခဲ့ဘူးပါသည်၊ ဤသည်ကား ငါ၏ အမိဝမ်းတွင်း ပဋိသန္ဓေ တည်နေစဉ် အခါကပင်လျှင် ပဌမသရဏကို တည်ခဲ့ခြင်းဖြစ်ပါသည်။

အို သဉ္ဇီကာပုတ္တ....၊ တခုသော အခါိန်အခါက ဤဘဂ္ဂတိုင်း သုသုမာရဂိရမြို့သို့ သဗ္ဗညူမြတ်စွာဘုရား ကြွလာတော်မူပါသည်၊ ထိုအခါက ငါသည်

အထိန်းတော်တို့၏ ရင်ခွင်ဝယ် နေရသော အရွယ်မျှ ဖြစ်ပါသည်၊ ထိုအခါ ငါ့ကို အထိန်းတော်က ဘုရားထံ မှောက်သို့ သွားရောက်ပြီးလျှင် အယံ ဘန္တေ ဗောဓိရာဇကုမာရော ဘဂဝန္တံ သရဏံ ဂစ္ဆတိ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ၊ ဥပါသကံ တံ ဘဂဝါ ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ-ဟု---

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ ဤဗောဓိမင်းသားသည် ရှင်တော်ဘုရားကိုဂုဏ်း တရားတော်ကိုဂုဏ်း သံဃာတော်ကိုဂုဏ်း ကိုးကွယ်ရာ ပုန်းအောင်းရာ လည်းလျောင်းရာ ဟူ၍ သံသရာဝဋ်မှ ကယ်တင်ပေတတ် အပါယ်ဒုက္ခကို ဟန့်တားပေတတ်သော ဝတ္ထု ဟူ၍ သိပါသည် မှတ်ပါသည် ဆည်းကပ်ပါသည်၊ ထိုဗောဓိမင်းသားကို သရဏဂုံတည် ဥပါသကာ ဟူ၍ (ဗုဒ္ဓဘာသာဝင်ဟူ၍) ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားသည် မှတ်ယူတော်မူပါ ဘုရား ဟု လျှောက်ထားပါသည်။

ဤသည်ကား ငါ၏ ခလေးအရွယ် မသိစဉ်က ပင်လျှင် ဒုတိယ သရဏဂုံ တည်ခဲ့ခြင်း ခံယူခဲ့ခြင်း ဖြစ်ပါပေသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ တပည့်တော်သည် ယခုအခါ သုံးကြိမ်မြောက်လည်း ဘုရားကိုဂုဏ်း တရားကိုဂုဏ်း သံဃာတော်ကိုဂုဏ်း ကိုးကွယ်ရာ ဆည်းကပ်ရာ အပါယ်ဘေးမှ ကင်းဝေးအောင် ညွှန်ပြတတ်သူ အဓမ္မမှ ဆည်ထုတ်တတ်ပေသော ရတနာစစ် ရတနာမှန် ဟူ၍ ဆည်းကပ်ပါသည် ကိုးကွယ်ပါသည် သိပါသည် ၊ တပည့်တော်ကို ယနေ့မှစ၍ အသက်ရှိသမျှ ကာလပတ်လုံး သရဏဂုံတည် ဥပါသကာ ဒါယကာဟူ၍ မှတ်ယူတော် မူပါဘုရားဟု လျှောက်ထားပါသည်။

ဤသို့လျှင် ဗောဓိမင်းသားသည် ဤသုတ္တန် ဒေသနာတော်မြတ်ကို ကြားနာရ၍ ဤဓမ္မ ဒေသနာဌ် လွန်စွာ ကြည်ညိုခြင်း ဖြစ်ဘိရကား ကြည်ညိုသော ပဂ္ဂိုလ်တို့ ပြုမြဲ ပြောမြဲ ဖြစ်သော အခြင်းအရာကို ဤ လျှောက်ဆို အပ်ခဲ့ ပြီးသော အတိုင်း ပြုခဲ့ ပြောခဲ့ပါသည် အရှင်ဘုရား။

ဗောဓိရာဇကုမာရသုတ် ပြီး၏

အင်္ဂုလိမာလသုတ်

ပုစ္ဆာ။ ။အင်္ဂုလိမာလသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ
ကိ သ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ အာယသ္မန္တံ အင်္ဂုလိမာလတ္ထေရံ အာရဗ္ဘ
ဘာသိတံ။ အာယသ္မာ ဘဒ္ဒေ အင်္ဂုလိမာလတ္ထေရော ဘဂဝန္တံ
ဧတဒဝေါစ. "ဣဓာဟံ ဘဒ္ဒေ ပုဗ္ဗဏှသမယံ နိဝါသေတ္ဝာ
ပတ္တစီဝရမာဒါယ သာဝတ္ထိံ ပိဏ္ဍာယ ပါဝိသိံ၊ အဒ္ဒသံ ခေါ
အဟံ ဘဒ္ဒေ သာဝတ္ထိယံ သပဒါနံ ပိဏ္ဍာယ စရမာနော
အညတရံ ဣတ္ထိံ မူဠှဂဗ္ဘံ ဝိဿာတဂဗ္ဘံ ဒိသ္ဝာန မယ္ဟံ ဧတ-
ဒဟောသိ "ကိလိဿန္တိ ဝတ ဘော သတ္တာ၊ ကိလိဿန္တိ ဝတ
ဘော သတ္တာ"တိ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။အင်္ဂုလိမာလ မည်သော သူတ္တန်တရားဒေသနာတော်ကို သဗ္ဗညူ မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်း အဋ္ဌုပ္ပတ္တိကြောင့် ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် အရှင်အင်္ဂုလိမာလ မထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

အရှင်အင်္ဂုလိမာလ မထေရ်သူမြတ်သည် ဘုရားထံမှောက်သို့ ဆည်းကပ် ပြီးလျှင် "ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ တပည့်တော် သည် နံနက် အခါက သပိတ်သင်္ကန်းကိုယူ၍ သာဝတ္ထိပြည်အတွင်းသို့ ဆွမ်းခံ လှည့်လည်ခဲ့ပါသည်၊ ထို ဆွမ်းခံလှည့်လည်သော တပည့်တော်သည် သာဝတ္ထိပြည်အတွင်းဝယ် တယောက်သော အမျိုးသမီး တွေ့ဝေသောကိုယ် ဝန်ဇာတ်ရှိသည်ကို မြင်ခဲ့ပါသည်၊ သို့မြင်သောအခါ တပည့်တော်၏ စိတ် သန္တာန် ဝယ် ကိလိဿန္တိ ဝတ ဘော သတ္တာ ကိလိဿန္တိ ဝတ ဘော သတ္တာ ဟု သတ္တဝါတို့သည်ကား လွန်စွာ လွန်စွာ ပင်ပန်းလှကုန်စွာတကား၊ လွန်စွာ လွန်စွာ သတ္တဝါတို့သည် ပင်ပန်း ငြစ်နွမ်းကြကုန်တကား ဟူ၍ အကြံဖြစ်ပါ သည်"ဟု လျှောက်ထားပါသည်။

ဤသို့ အဂုံလိမာလ မထေရ် လျှောက်ထားသော အကြောင်း အဋ္ဌုပ္ပတ်ကြောင့် ဤအင်္ဂုလိမာလ သုတ္တန် ဒေသနာတော်မြတ်ကို သဗ္ဗညူ မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အင်္ဂုလိမာလသုတ် ပြီး၏

ပိယဇာတိကသုတ်

ပုစ္ဆာ။ ။ပိယဇာတိကသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ အညတရံ ဂဟပတိ ံ အာရဗ္ဘ ဘာသိတံ၊ သာဝတ္ထိယံ ဘဒ္ဒေ အညတရဿ ဂဟပတိဿ ဇေကပုတ္တကော ပိယော မနာပေါ ကာလင်္ကတော ဟောတိ၊ တဿ ကာလံ ကိရိယာယ နေဝ ကမ္မန္တာ ပဋိဘန္တိ၊ န ဘတ္တံ ပဋိဘာတိ၊ သော အာဠာဟနံ ဂန္ဓာ ကန္ဒတိ "ကဟံ ဇေကပုတ္တက ကဟံ ဇေကပုတ္တကာ"တိ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ပိယဇာတိက မည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော် ၎-ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညူ မြတ်စွာဘုရားသည် အဘယ်အရပ် ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် သားသေသူ သူကြွယ်တယောက်ကို အကြောင်းပြု၍ သဗ္ဗညူမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

သာဝတ္ထိပြည် အရပ်ဝယ် တယောက်သော သူကြွယ်၏ ချစ်အပ် စိတ်နှလုံးကို ပွားစေတတ်သော တဦးတည်းသော သားသည်ကွယ်လွန်ခဲ့ပါသည်။ ထိုသို့ သားသေခြင်းဟူသော အကြောင်းကြောင့် ထိုသူကြွယ်၏ စိတ်၌ပြုနေကျဖြစ်သော အိမ်မှုကိစ္စ စားနေကျဖြစ်သော အစာ အာဟာရတို့ကို မနှစ်သက်နိုင် မထင်နိုင်ဘဲ ရှိပါသည်။ ထိုသူကြွယ်သည် သုသာန်အရပ်သို့သွား၍ "ချစ်လှစွာသော တယောက်ထည်းသော သား....၊ချစ်သား အဘယ် အရပ်မှာနည်း"ဟု ငိုကြွေးမြည်တမ်းခဲ့ပါသည်။

ထိုသို့သော အကြောင်းအဋ္ဌုပ္ပတ်ကြောင့် ဤပိယဇာတိက သုတ္တန် ဒေသနာတော်မြတ်ကို သောကပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသ တရားတို့သည် ချစ်အပ်သော ဝတ္ထုကြောင့် ဖြစ်ပေါ်ကြကြောင်းကို ထင်စွာပြ၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပိယဇာတိကသုတ် ပြီး၏

ဗာဟိတိကသုတ်

ပုစ္ဆာ။ ။ဗာဟိတိက သုတ္တံ ပနာဝုသော ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ ရာဇာနံ ပသေနဒိံ ကောသလံ အာရဗ္ဘ အာယသ္မတာ အာနန္ဒတ္ထေရေန ဓမ္မဘဏ္ဍာဂါရိကေန ဘာသိတံ။ ရာဇာ ဘဂ္ဂေ ပသေနဒိ ကောသလော အာယသ္မန္တံ အာနန္ဒံ ဧတဒဝေါစ "ကိံ နု ခေါ ဘဂ္ဂေ အာနန္ဒ သောဘဂဝါ တထာရူပံ ကာယသမာစာရံ သမာစရေယျ၊ ယ္ဝဿ ကာယသမာစာရော ဩပါရမ္ဘော သမဏောဟိ ဗြာဟ္မဏောဟိ"တိ၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ဗာဟိတိက မည်သော သုတ္တန်တရားတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် ပသေနဒိကောသလ မင်းကို အကြောင်းပြု၍ တရားဘဏ္ဍာစိုးဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ်မြတ် ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူခိုက်ဖြစ်ပါသည်။ ထိုအခါ သာဝတ္ထိပြည် တွင်း၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းခံရာမှ ဖဲခဲ့ပြီးလျှင် နေမ့နန်းတည့် အချိန်၌ ပုဗ္ဗာရုံကျောင်းသို့ ကြွတော်မူသော အရှင် အာနန္ဒာ မထေရ်မြတ်ကို ထိုအချိန်မှာပင် ဇကပုဏ္ဏရိကဆင်ကိုစီး၍ သာဝတ္ထိပြည်မှ ထွက်လတ်သော ပသေနဒိ

ကောသလမင်းကြီး မြင်တော်မူ၍ မင်းချင်းတယောက်ကို စေလွှတ်ပြီးလျှင် အရှင်အာနန္ဒာကို အစိရဝတီ မြစ်ကမ်းသို့ ပင့်စေ၍ ရောက်ရှိလျှင် "ကိံ နု ခေါ ဘန္တေ အာနန္ဒ သော ဘဂဝါ တထာရူပံ ကာယသမာစာရံ သမာ-စရေယျ" အစရှိသည်ဖြင့်----

အရှင်ဘုရား အာနန္ဒာ....ပညာရှိသော ရဟန်း ပုဏ္ဏားတို့ ကဲ့ရဲ့စဉ်စွဲဘွယ် ဖြစ်သော ကိုယ်အကျင့် (ကာယသမာစာရ) ကို ထိုမြတ်စွာဘုရားသည် ကျင့်ရာပါအံ့လော-ဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

ထိုသို့ ပသေနဒီကောသလမင်းတရား လျှောက်ထား မေးမြန်းသော အကြောင်းအင်္ဂါပွတ်ကြောင့် မြတ်စွာဘုရားသည် ပညာရှိရဟန်း ပုဏ္ဏားတို့ ကဲ့ရဲ့စဉ်စွဲဘွယ်ဖြစ်သော ကိုယ်အကျင့် နုတ်အကျင့် စိတ်အကျင့်တို့ကို မဂ်ဖြင့် ပယ်သတ်ပြီး ဖြစ်သောကြောင့် ကျင့်တော်မမှုကြောင်း နှင့် ပညာရှိ ရဟန်း ပုဏ္ဏားတို့ ကဲ့ရဲ့အပ် မကဲ့ရဲ့အပ်သော ကိုယ်အကျင့် နုတ်အကျင့် စိတ်အကျင့် တို့ကို အကျယ်တဝင့် ဖွင့်ပြ၍ ဤဗာဟိတိကသုတ္တန် ဒေသနာတော်မြတ်ကို တရားဘဏ္ဍာစိုး ဖြစ်တော်မူသော အရှင်အာနန္ဒာ မထေရ်မြတ် ဟောကြား တော်မူအပ်ပါသည် အရှင်ဘုရား။

ဗာဟိတိကသုတ် ပြီး၏

ဓမ္မစေတိယသုတ်

ပုစ္ဆာ။ ။ဓမ္မစေတိယသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကေန သဒ္ဓိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သက္ကေသု ဘန္တေ မေဒါဠုပေ နာမ သက္ယာနံ နိဂမေ ရညာ ပသေနဒိနာ ကောသလေန သဒ္ဓိံ ဘာသိတံ။

အမေး။ ။ရိုသေပူဇော်ထိုက်သော ဂုဏ်ကျေးဇူး တရားတို့ကို ဖေါ်ပြရာ ဖြစ်၍ ဓမ္မစေတိယ ဟု ခေါ်ဆိုအပ်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်၌ အဘယ်ပုဂ္ဂိုလ်နှင့် တကွ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရိုသေပူဇော်ထိုက်သော ဂုဏ်ကျေးဇူးတရားတို့ကိုဖော်ပြရာ ဖြစ်သော ဓမ္မစေတိယ သုတ္တန်ဒေသနာတော်မြတ်ကို သက္ကတိုင်း အဝင်အပါ မေဒါဋ္ဌပ အမည်ရသော သကျသာကီဝင် မင်းတို့၏ နိဂုံးဌ် ပသေနဒီကောသလ မင်းတရားနှင့်တကွ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဓမ္မစေတိယသုတ် ပြီး၏

ကဏ္ဍကတ္ထလသုတ်

ပုစ္ဆာ။ ။ကဏ္ဍကတ္ထလသုတ်ံ ပနာဝုသော ဘဂဝတာ ကတ္ထ ကေန သဒ္ဓိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ဥရုဉ္ဉာယံ ဘန္တေ ကဏ္ဍကတ္ထလေ မိဂဒါယေ ရညော ပသေနဒိ-နာ ကောသလေန သဒ္ဓိံ ဘာသိတံ။

အမေး။ ။ကဏ္ဍ ကတ္ထလ မည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင် သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်နှင့်တကွ ဟောကြားတော်မူခဲ့ပါ သနည်း ငါ့ရှင်။

အဖြေ။ ။ဥရုဉ္ဉာပြည်အရပ်ဝယ် ကဏ္ဍကတ္ထလ အမည်ရသော သားတို့အား ဘေးမဲ့ပေးရာ ကုန်းအပြင်၌ ကောသလတိုင်းကို အစိုးရသော ပသေနဒီ ကောသလမင်းတရားနှင့် တကွ ဤကဏ္ဍကတ္ထလသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ကဏ္ဍကတ္ထလသုတ် ပြီး၏

ဗြဟ္မာယုသုတ်

ပုစ္ဆာ။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန ဗြဟ္မာယုသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ဝိဒေဟသု ဘန္တေ မိထိလာယံ မဃဒေဝအမ္ဗဝနေ ဗြဟ္မာယုံ ဗြာဟ္မဏံ အာရဗ္ဘ ဘာသိတံ။ ဗြဟ္မာယု ဘန္တေ ဗြာဟ္မဏော ဘဂဝန္တံ ဥပသင်္ကမိတ္ဝာ အဋ္ဌပဥ္ဉာနိ ပုစ္ဆိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍။ ပ။ ထိုမြတ်စွာဘုရားရှင်သည် ဗြဟ္မာယု မည်သော သူတ္တန်တရားဒေသနာကို အဘယ် အရပ်ဒေသ၌ အဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဝိဒေဟတိုင်း အင်အပါ မိထိလာပြည်အရပ်ဝယ် မဃဒေဝ သရက်ဥယျာဉ်၌ ဗြဟ္မာယုပုဏ္ဏားကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် ဝိဒေဟတိုင်း၌ များစွာသော ရဟန်းတော် အပေါင်း ခြံရုံလျက် ဒေသစာရီ ကြွချီတော်မူဆဲ ဖြစ်ပါသည်၊ ထိုအခါ အသက် တရာ့နှစ်ဆယ်ရှိသော ဗြဟ္မာယု ပုဏ္ဏားဆရာကြီးသည် မိထိလာပြည်အရပ်၌ နေထိုင်လျက်ရှိပါသည်။

ထိုအခါ ဗြဟ္မာယုပုဏ္ဏားသည် ဤလောက၌ ဘုရားဟူ၍ ဝန်ခံသော ပုဂ္ဂိုလ်တို့သည် များလှချေကုန်၏၊ ရဟန်းကြီးဂေါတမသည် ဘုရားစင်စစ် ဟုတ် မဟုတ်ကို အန္တေဝါသိက တပည့်အား စုံစမ်းစေလွှတ်ပြီးမှ ဘုရားထံ မှောက် ဆည်းကပ်ရောက်မည်ဟု ကြံစည်ပြီးလျှင် ဗေဒင်သုံးပုံ တဘက်ကမ်း ရောက် တတ်မြောက်ပြီးသော မိမိ၏ အန္တေဝါသိကတပည့် ဥတ္တာရလုလင်ကို သဗ္ဗညု မြတ်စွာဘုရားထံသို့ စေလွှတ်၍ သုံးဆယ့်နှစ်ရပ်သော ဗာတ္တိံသ-ပဝရမဟာပုရိသ လက္ခဏာတော်ကြီးတို့နှင့် ပြည့်စုံသည် မပြည့်စုံသည်ကိုငင်း ဣရိယာပုထ်လေးပါး အစစ အရာရာ၌ ဘုရားရှင်တို့၏ အမူအရာနှင့် ပြည့်စုံပုံ မပြည့်စုံပုံကိုငင်း စုံစမ်းရန် စေလွှတ်လိုက်ပါသည်။ .

ထိုအခါ ဥတ္တာရလုလင်သည် မြတ်စွာဘုရား ခရီးဒေသစာရီ ကြွချီရာ အရပ်သို့ သွားရောက်၍ ခုနစ်လပတ်လုံး သဗ္ဗညုမြတ်စွာဘုရား၏ သုံးဆယ့် နှစ်ရပ်သော မဟာပုရိသ လက္ခဏာတော် ကြီးတို့ကိုလည်း စုံစမ်းခဲ့ပါသည်၊ ကြွတော်မူသောအခါ ရပ်တော်မူသောအခါ မြို့တွင်း ရွာတွင်း ဝင်တော်မူသော

အခါ ဆွမ်းဘဉ်းပေးတော်မူသောအခါ ဆွမ်းစားပြီးတော်မူသောအခါ အရုံတွင်း နေတော်မူသောအခါ ပရိသတ် လေးပါးတို့အား တရားဟောတော်မူသောအခါ စသည်တို့၌ သဗ္ဗညုမြတ်စွာဘုရား၏ ကာယကံ အမှုအရာ ဝစီကံ အမှုအရာ အလုံးစုံတို့ကို ခုနစ်လတိုင်တိုင် စုံစမ်းပြီးလျှင် ဗြဟ္မာယု ဆရာကြီး ထံမှောက် ပြန်ရောက်၍ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်နှင့် ပြည့်စုံကြောင်း၊ ဘုရားတို့၏ အပြုအမူနှင့် ပြည့်စုံကြောင်းပြန်ပြောင်း လျှောက်ထားပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် အစဉ်သဖြင့် ခရီးဒေသစာရီ ကြွချီတော်မူလာသော အခါ မိထိလာပြည်အရပ်သို့ ရောက်တော်မူပါသည်၊ မိထိလာပြည် မဃဒေဝ သရက်ဥယျာဉ်၌ ဘုရားရှင် သီတင်းသုံးနေတော်မူသောအခါ မိထိလာပြည်သား များစွာသော ပဏ္ဍားသူကြွယ်တို့သည် ဘုရားထံမှောက် သွားရောက်ဖူးမျှော်ကြပါကုန်သည်၊ ဗြဟ္မာယုပဏ္ဍားသည်လည်း များစွာသော တပည့်ပရိသတ် အခြံအရံတို့ဖြင့် ဘုရားထံမှောက် သွားရောက်၍ သဗ္ဗညုမြတ်စွာဘုရားအား ရှစ်ပါးသော ပြဿနာတို့ကို မေးလျှောက်ပါသည်။

ဤသို့လျှင် ဗြဟ္မာယုပဏ္ဍား ရှစ်ပါးသော အမေးပုစ္ဆာ ပြဿနာတို့ကို မေးလျှောက်သော အကြောင်း အဋ္ဌုပ္ပတ်ကြောင့် ဤဗြဟ္မာယု သုတ္တန် ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။တတ္ထ အာဝုသော ဥတ္တရော မာဏဝေါ ကထံ ဘဂဝတော ဒ္ဝတ္တိံသ-
မဟာပုရိသလက္ခဏေဟိ သမန္နာဂတတံ အတ္တနော အာစရိယဿ
ဗြဟ္မာယုဿ ဗြာဟ္မဏဿ သမ္ပဋိဝေဒေသိ။

ဝိဿဇ္ဇနာ။ ။တတ္ထ ဘန္တေ ဥတ္တရော မာဏဝေါ "သုပ္ပတိဋ္ဌိတပါဒေါ ခေါ
ပန သော ဘဝံ ဂေါတမော၊ ဣဒမ္ပိ တဿ ဘောတော
ဂေါတမဿ မဟာပုရိသဿ မဟာပုရိသလက္ခဏံ ဘဝတိ" တိ
ဝေမာဒိနာ ဘဂဝတော ဒ္ဝတ္တိံသမဟာပုရိသလက္ခဏေဟိ
သမန္နာဂတတံ အတ္တနော အာစရိယဿ ဗြဟ္မာယုဿ ဗြာဟ္မ-
ဏဿ သမ္ပဋိဝေဒေသိ။

အမေးအဖြေ ၅-၇

မဟာပုရိသလက္ခဏာတော် (၃၂)ပါး

အမေး။ ။ထို ဇဟွာယု သုတ္တန် နိဒါန်းစကားရပ်၌ ဇဟွာယု အမည်ရှိသော ပုဏ္ဏားဆရာကြီးက လွတ်လိုက်သည်ဖြစ်၍ မြတ်စွာဘုရားအထံသို့ လာရောက်ပြီးလျှင် ခုနစ်လပတ်လုံး ဘုရား ဟုတ်,မဟုတ် သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတို့နှင့် ပြည့်စုံသည် မပြည့်စုံသည်ကို စုံစမ်းသော ဥတ္တရလုလင်သည် မြတ်စွာဘုရား အထံတော်ဝယ် အပြည့်အစုံ စုံစမ်းပြီးလျှင် မိမိဆရာအထံသို့ ပြန်ရောက်သော အခါကာလ၌ ဘုရားရှင်တို့မှာ ပြည့်စုံမြဲဖြစ်သော ယောကျ်ားမြတ်တို့၏ ၃၂-ပါးသော မဟာပုရိသလက္ခဏာတို့နှင့် မြတ်စွာဘုရားသခင်အား ကောင်းစွာပြည့်စုံပုံ အခြင်းအရာကို မိမိဆရာ ဖြစ်သော ဇဟွာယုပုဏ္ဏားကြီးအား အဘယ်သို့လျှင် ပြန်ကြားအစီရင်ခံခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဥတ္တရလုလင်သည် ဇဟွာယုဆရာပုဏ္ဏား၏ အထံသို့ ပြန်ရောက်၍ သုပ္ပတိဋ္ဌိတပါဒေါ ခေါ ပန သော ဘဝံ ဂေါတမော၊ ဣဒမ်ပိ တဿ ဘောတော ဂေါတမဿ မဟာပုရိသဿ မဟာပုရိသလက္ခဏံ ဘဝတိ-အစရှိသည်ဖြင့်—

(၁) အို ဆရာကြီး....ထိုအရှင်ကြီးဂေါတမသည် ညီညွတ်သော ဖဝါးအပြင်လည်း ရှိတော်မူပါပေသည်၊ ဤသို့ ညီညွတ်သော ဖဝါးအပြင် ရှိတော်မူခြင်းသည်လည်း ထိုအရှင်ကြီးဂေါတမ၏ ဘုရားအလောင်းအလျာတို့ ပြည့်စုံမြဲ ဖြစ်သော မဟာပုရိသ လက္ခဏာတော်ကြီး တရပ်ပင် ဖြစ်ပါပေသည်။

(၂) အို ဆရာကြီး....ထိုအရှင်ကြီး ဂေါတမ၏ ဖဝါးတော် နှစ်ပြင်တို့၌ တရာ့ရှစ်ကွက် စက်လက္ခဏာ အစုံ ပါလျက် ရှိပါသည်။ ဤသို့ တရာ့ရှစ်ကွက် စက်လက္ခဏာအစုံပါခြင်းသည်လည်း မဟာပုရိသတို့၏ လက္ခဏာတရပ်ပင် ဖြစ်ပါပေသည်။

(၃) အို ဆရာကြီး ဇဟွာယု....ထိုရဟန်းကြီးဂေါတမသည် ရှည်လျားသော ဖနောင့်တော်လည်း ရှိပါပေသည်။

(၄) ထိုရဟန်းကြီးဂေါတမသည် ရှည်လျားသွယ်ပျောင်းသော ခြေချောင်းတော် လက်ချောင်းတော်လည်း ရှိပါပေသည်။

(၅) ထိုရဟန်းကြီးဂေါတမသည် နူးညံ့၍ နုပျိုသော လက်ဖဝါး ခြေဖဝါး လက်ချောင်းတော် ခြေချောင်းတော်လည်း ရှိပါပေသည်။

(၆) ထိုရဟန်းကြီး ဂေါတမသည် ရွှေဇာကွန်ရက် ဖွဲ့ရှက်သကဲ့သို့သော လက်ဖဝါးတော် ခြေဖဝါးတော် ရှိတော်မူပါပေသည်။

(၇) ထိုရဟန်းကြီး ဂေါတမ၏ ဖမျက်တော်သည် ခြေတော်၏ လေးပုံတုံ့ သုံးပုံမြောက်၌ ရောက်သည် ဖြစ်ပါသည်၊ ဖမျက်တော်သည် တပါးသော သူတို့ကဲ့သို့ နံပါး၌ မတည်ဘဲ အထက်သို့ မျက်နှာတော်ကိုမော်၍ ဖူးနေသည့် ပမာ ဖမျက်တော်သည် အထက်သို့ လှည့်သော မျက်နှာရှိ၍ နေပါပေသည်။

(၈) ထိုရဟန်းကြီး ဂေါတမ၏ သလုံးမြင်းသားတော်သည် ဧဏီ မည်သော သားကောင်၏ သလုံး စပါးဖုံးကဲ့သို့ ပြည့်ဖြိုးလှပါပေသည်။

(၉) ထိုရဟန်းကြီး ဂေါတမသည် မတ်မတ်ရပ်တော်မူလျက်ပင် ကိုယ်တော်ကို မကိုင်း မညွတ်ဘဲ ပုဆစ်ဒူးဝန်းတော်တို့ကို နှစ်ဘက်သော လက်တော်တို့ဖြင့် သုံးသပ်တော်မူနိုင်ပါပေသည်။

(၁၀) ထိုရဟန်းကြီးဂေါတမသည် အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ဆဒ္ဒန် ဆင်မင်း၏ အင်္ဂါနိမိတ်ကဲ့သို့ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော မဟာပုရိသ အင်္ဂါတော်မြတ်နှင့်လည်း ပြည့်စုံတော်မူပါပေသည်။

(၁၁) ထိုရဟန်းကြီးဂေါတမသည် ရွှေရောင်အဆင်း ဝါဝင်းသော ကိုယ့် ရေနှင့်လည်း ပြည့်စုံတော်မူပါပေသည်၊

(၁၂) ထိုရဟန်းကြီး ဂေါတမသည် နူးညံ့သိမ်မွေ့သော အရေတော်နှင့် လည်း ပြည့်စုံပါသည်၊ အရေတော်၏လည်း လွန်စွာ့ လွန်စွာ နူးညံ့သိမ်မွေ့ခြင်း ကြောင့်ပင်လျှင် ဗာဟိရမှ မြူမှုန့်တို့သည် ကိုယ်တော်သို့ မကပ်ရောက်ကုန်ဘဲ ရှိပါသည်။

(၁၃) ထိုရဟန်းကြီး ဂေါတမအား မွေးညှင်းတော် တတ္တင်း တတ္တင်း၌ တဆူ တဆူမျှသော မွေးညှင်းတော်တို့သည် ပေါက်ရောက်၍ မျက်နှာတော်ကို မော်၍ ဖူးသည့်ပမာ အထက်သို့ လှည့်သောအဖျား ရှိကြပါကုန်သည်။

(၁၄) မွေးညှင်းတော်တိုင်း မွေးညှင်းတော်တိုင်း သည် တပါးသော သူတို့ကဲ့သို့ အောက်သို့ ကုပ်ခြင်း ဘေးသို့ တိမ်းရှဲ့နေခြင်း အလျဉ်းမရှိ မျက်နှာ

တော်ကို မော်၍ ဖူးသည့်ပမာ အမြဲတစေ အဆက်သို့ ထောင်လျက် ရှိနေပါသည်။

(၁၅) ထိုရဟန်းကြီးဂေါတမသည် ဗြဟ္မာမင်းကဲ့သို့ ဖြောင့်စင်းသော ကိုယ်တော်လည်း ရှိပါပေသည်။

(၁၆) ထိုရဟန်းကြီးဂေါတမကား လက်ဖမိုးတော် နှစ်ဘက် ခြေဖမိုးတော် နှစ်ဘက် ပခုံးတော် နှစ်ဘက် လည်ကုပ်တော် တည်းဟူသော ခုနစ်ပါးသော ဌာနတို့၌ ပြည့်ဖြိုးသော အသားဆိုင်နှင့်လည်း ပြည့်စုံတော်မူပါပေသည်။

(၁၇) ထိုရဟန်းကြီး ဂေါတမကား ရေစိမ်းကြောင်း မထင် ပြည့်ဖြိုးသော ကျောရိုးအသားပြင် ရှိတော်မူပါပေသည်။

(၁၈) ထိုရဟန်းကြီး ဂေါတမကား အလံနှင့် အရပ်တော် ညီမျှသော အဝန်းအဝိုင်းနှင့် ပြည့်စုံတော်မူပါပေသည်။

(၁၉) ထိုရဟန်းကြီး ဂေါတမကား ရှေ့မုရိုးစည်ပမာ လုံးဝန်းသော လည်တိုင်တော်နှင့်လည်း ပြည့်စုံတော်မူပါပေသည်။

(၂၀) ထိုရဟန်းကြီး ဂေါတမအား အထက်သို့ ထောင်သော အရသာကို ဆောင်နိုင်သော ခုနစ်ထောင်သော အကြောတို့သည် စု၍နေပါကုန်သည်။

(၂၁) ထိုရဟန်းကြီး ဂေါတမသည် ခြင်္သေ့မင်း၏ ရှေ့ထက်ဝက် ကိုယ်ပမာကဲ့သို့ လုံးဝန်းခိုင်မာ တောင့်တင်းသော ကိုယ်ခန္ဓာနှင့်လည်း ပြည့်စုံတော်မူပါပေသည်။

(၂၂) ထိုရဟန်းကြီးဂေါတမကား ခြင်္သေ့၏အောက်မေးကဲ့သို့ ပြည့်ဖြိုးသော အထက်မေးတော် အောက်မေးတော်နှင့် လည်း ပြည့်စုံတော်မူပါပေသည်။

(၂၃) ထိုရဟန်းကြီးဂေါတမကား လေးဆယ်တိတိပြည့်သော သွားတော်လည်း ရှိပါပေသည်။

(၂၄) မကဲ့သော သွားတော်လည်း ရှိပါပေသည်။

(၂၅) ညီညွတ်သော သွားတော်အစဉ်လည်း ရှိပါပေသည်။

(၂၆) ဖြိုစင်သော စွယ်တော်လေးဆူလည်း ရှိတော်မူပါပေသည်။

(၂၇) နှူးညံ့ ရှည်လျားဖြူ ပြန့်ကျယ်သော လျှာတော်လည်း ရှိပါပေသည်။

(၂၈) လျှာတော် အင်္ဂါလက္ခဏာ ကောင်းမွန်တော် မူခြင်းကြောင့် ပင်လျှင် ဗြဟ္မာမင်း၏ အသံကဲ့သို့ သာယာသော အသံတော်နှင့်လည်း ပြည့်စုံတော်မူပါပေသည်။

(၂၉) လွန်စွာ မည်းနက်သော အရောင်ငါးမျိုးတောက်ပသော မျက်လုံးတော်နှင့်လည်း ပြည့်စုံတော်မူပါပေသည်။

(၃၀) ဖွားသစ်စ နွားငယ်၏ မျက်ဝန်းကဲ့သို့ နူးညံ့ပြည့်ဖြိုးသော မျက်ဝန်းတော်လည်း ရှိပါပေသည်။

(၃၁) မျက်မှောင်တော် နှစ်ခုတို့၏ အလည်၌ ဥဏ္ဏလုံမွေ့ရှင်တော် ပေါက်ရောက်လျက် ရှိပါပေသည်။

(၃၂) နဖူးသင်းကျစ်တော်နှင့်လည်း ပြည့်စုံလျက် ရှိပါပေသည် ဟု—

ဥတ္တရလုလင်သည် မိမိ၏ ဆရာ ဗြဟ္မာယုပုဏ္ဏားအား သဗ္ဗညုမြတ်စွာဘုရား၏ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်တို့နှင့် ပြည့်စုံတော်မူပုံ အလုံးစုံကို ဤပုံ ဤပန်း ပြန်ကြားလျှောက်ထားခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အပရမိပိ အာဒုသော ဥတ္တရော မာဏဝေါ ဘဂဝတော ဂမနကာလေ ကိဒိသံ ပါသာဒိကံ အာကာရံ ဒိသ္ဝာ စ သလ္လက္ခေတ္ဝာ စ အတ္တနော အာစရိယဿ ဗြဟ္မာယုဿ ဗြာဟ္မဏဿ သမ္မဋ္ဌဝေဒေသိ။

ဝိဿဇ္ဇနာ။ ။အပရမိပိ ဘန္တေ ဥတ္တရော မာဏဝေါ ဘဂဝတော ဂမနကာလေ ပဌမံ ဒက္ခိဏံ ပါဒုဒ္ဓရဏာဒိကံ အာကာရံ ဒိသ္ဝာ စ သလ္လက္ခေတ္ဝာ စ အတ္တနော အာစရိယဿ ဗြဟ္မာယုဿ ဗြာဟ္မဏဿ သမ္မဋ္ဌဝေဒေသိ။

အမေး။ ။ထိုမှတပါးလည်း ဥတ္တရမည်သော လုလင်သည် မြတ်စွာဘုရားသခင် ကြွချီတော်မူသောအခါ ကာလ၌ အဘယ်သို့သော ကြည်ညိုဘွယ်

ပါသာဒိက ဖြစ်သော အခြင်းအရာကို တွေ့ရမြင်ရ မှတ်သားခဲ့ပြီးလျှင် ဆရာဖြစ်သော ဗြဟ္မာယုပုဏ္ဏားကြီးအား ဘယ်ပုံ ဘယ်နည်းဖြင့် ပြန်ကြားလျှောက်ထားခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုမှတပါး ဥတ္တရလုလင်သည် သဗ္ဗညုမြတ်စွာဘုရား ကြွသွားတော်မူသောအခါ ကာလတို့၌ ရှေးဦးစွာ လက်ျာခြေတော်ကို ချီတော်မူခြင်း,

မဝေးလွန်းသောအရပ်၌ ခြေတော်ကို ချတော်မူခြင်း,

မနီးလွန်းသော အရပ်၌ ခြေတော်ကို ချတော်မူခြင်း,

ဒူးဝန်းတော်တခုဖြင့် ဒူးဝန်းတော်တခုကို ပွတ်တိုက်၍ မသွားခြင်း,

ဖမျက်တော် တခုဖြင့် ဖမျက်တော်တခုကို ပွတ်တိုက်၍ မသွားခြင်း,

ထိုသို့ ကြွသွားတော်မူသောအခါ နှေးနှေးကွေးကွေး ကြွသွားတော်မမူခြင်း,

အလွန်အလွန် လျှင်မြန်စွာ ကြွသွားတော်မမူခြင်း,

သို့ ကြွသွားတော် မူသောအခါ အောက်ဖြစ်သော ကိုယ်တော်အစိတ်ကလျှင် လှုပ်ရှား၍ အထက်ဖြစ်သော ကိုယ်တော်အစိတ်မှာမူ မြင်းမိုရ်တောင်ပမာ ခိုင်ခန့်တည်ကြည်တော်မူခြင်း,

ကြတော်မူ၍ ကြည့်ရှုတော်မူသောအခါ၌လည်း အထက်သို့ မော်၍ ကြည့်တော်မမူခြင်း,

အောက်သို့လည်း ငုံ့၍ ကြည့်တော်မမူခြင်း,

နံပါးမျက်နှာတို့ကိုလည်း ကြည့်တော်မမူခြင်း,

အကယ်၍ နောက်ဌာနသို့ ကြည့်တော်မူလိုလျှင် ဆင်ပြောင်၏ပမာ ကိုယ်တော်တခုလုံး လှည့်လည်၍ ကြည့်တော်မူခြင်း,

ဤသို့ စသည် များစွာသော သဗ္ဗညုမြတ်စွာဘုရား၏ ကြွချီတော်မူသောအခါ၌ ကြည်ညိုဘွယ်သော ပါသာဒိက အခြင်းအရာတို့ကို ကိုယ်တိုင် တွေ့မြင် မှတ်သားခဲ့၍ မိမိ၏ ဆရာဖြစ်သော ဗြဟ္မာယု ပုဏ္ဏားအား ပြန်ကြား လျှောက်ထားခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အပရမိ္မိ အာဝုသော ဥတ္တရော မာဏဝေါ ဘဂဝတော အန္တရဃရံ ပဝိသနကာလေ ကီဒိသံ ပါသာဒိကံ အာကာရံ ဒိဿာ စ သလ္လက္ခေ-တ္ဝာ စ အတ္တနော အာစရိယဿ ဗြဟ္မာယုဿ ဗြာဟ္မဏဿ သမ္ပဇ္ဇိဝေဒေသိ။

ဝိဿဇ္ဇနာ။ ။အပရမိ္မိ ဘန္တေ ဥတ္တရော မာဏဝေါ ဘဂဝတော အန္တရဃရံ ပဝိသနကာလေ နကာယဿ ဥန္နမနာဒိကံ ပါသာဒိကံ ဒိဿာ စ သလ္လက္ခေတ္ဝာ စ အတ္တနော အာစရိယဿ ဗြဟ္မာယုဿ ဗြာဟ္မဏဿ သမ္ပဇ္ဇိဝေဒေသိ။

အမေး။ ။ထိုမှတပါးလည်း ဥတ္တရလုလင်သည် မြတ်စွာဘုရားသခင် ရှာတွင်းသို့ ကြွချီတော်မူသောအခါ ဝင်တော်မူသောအခါ ကာလ၌အဘယ်သို့သော ကြည်ညိုဘွယ် အခြင်းအရာကို တွေ့ရ မြင်ရ မှတ်သားခဲ့ပြီးလျှင် မိမိ၏ ဆရာဖြစ်သော ဗြဟ္မာယုပုဏ္ဏားကြီးအား ဘယ်ပုံဘယ်နည်းဖြင့် ပြန်ကြား လျှောက်ထားခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ ။ထိုမှတပါးလည်း ဥတ္တရလုလင်သည် သဗ္ဗညုမြတ်စွာဘုရား၏ မြို့တွင်းသို့ ရှာတွင်းသို့ ကြွသွားတော်မူသောအခါ မြို့တံခါး ရှာတံခါး အိမ်တံခါးစသည်တို့၏ လွန်စွဲ လွန်စွာ မြင့်နေခြင်းကြောင့် ကိုယ်တော်ကို တမင်မြင့်၍ ဝင်ရမူမရှိခြင်း,

မြို့တံခါး ရှာတံခါး အိမ်တံခါးစသည်တို့၏ လွန်စွဲ လွန်စွာသေးငယ်နေသောကြောင့် ကိုယ်တော်ကို တမင်တခင် နှိမ့်၍ ဝင်တော်မူရခြင်း၏ မရှိခြင်း,။

အိမ်တွင်းသို့ ရောက်တော်မူ၍ နေရာ၌ထိုင်တော်မူမည့်ကြံလျှင် ထိုင်မည့် နေရာ၏ အနီးအပါးသို့ ရောက်မှသာလျှင် ကိုယ်တော်ကို လှည့်တော်မူခြင်း။

ထိုင်သောအခါ၌လည်း လက်ဖြင့်ထောက်၍ ထိုင်တော်မမူခြင်း။

ထိုင်သော အခါ၌လည်း လက်ဖြင့် မေးကို ထောက်၍ မနေခြင်း။

မည်သူ တဦးတယောက်မျှ ကြောက်ရွံ့ပုံမရှိဘဲ ရဲရဲရင့်ရင့် ဝံ့ဝံ့စားစား မိမိထိုင်သောနေရာ၌ အာရုံငါးပါးတို့၏ ဆိတ်ရာ ဥပဓိတို့၏ ဆိတ်ရာ နိဗ္ဗာန်

သို့ ပင် စိတ်ညှတ်တော်မူ၍ ထိုင်နေတော်မူပုံ အခြင်းအရာ အစရှိသော သဗ္ဗညုမြတ်စွာဘုရား၏ ကြည်ညိုဘွယ်ကောင်းလှသော ပါသာဒိက အခြင်းအရာစုကို ကိုယ်တိုင်တွေ့မြင် မှတ်သားခဲ့ရသည့် အတိုင်း မိမိ၏ ဆရာဖြစ်သော ဗြဟ္မာယု ပဏ္ဍားအား ပြန်ကြားသိစေပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အပရမ်ပိ အာဝုသော ဥတ္တရော မာဏဝေါ ဘဂဝတော ဘောဇန-ကာလေ ကိဒိသံ ပါသာဒိကံ အာကာရံ ဒိသ္ဝာ စ သလ္လက္ခေတ္ဝာ စ အတ္တနော အာစရိယဿ ဗြဟ္မာယုဿ ဗြာဟ္မဏဿ သမ္မုဋ္ဌ-ဝေဒေသိ။

ဝိဿဇ္ဇနာ။ ။အပရမ်ပိ ဘန္တေ ဥတ္တရော မာဏဝေါ ဘဂဝတော ဘောဇန-ကာလေ ပတ္တောဒကာဒိကံ ပဋိဂ်ဟဏာဒိကာလေ နု ပတ္တဿ ဥန္နမနာဒိကံ ဘဂဝတော ပါသာဒိကံ အာကာရံ ဒိသ္ဝာ စ သလ္လက္ခေတ္ဝာ စ အတ္တနော အာစရိယဿ ဗြဟ္မာယုဿ ဗြာဟ္မဏဿ သမ္မုဋ္ဌဝေဒေသိ။

အမေး။ ။ထိုမှတပါးလည်း ဥတ္တရလုလင်သည် မြတ်စွာဘုရားသခင် ဆွမ်းဘုဉ်းပေးတော်မူသော အခါကာလ၌ အဘယ်သို့သော ကြည်ညိုဘွယ် အခြင်းအရာစုကို တွေ့မြင်မှတ်သားခဲ့ ပြီးလျှင် မိမိဆရာဖြစ်သော ဗြဟ္မာယု ပဏ္ဍားကြီးအား ဘယ်ပုံဘယ်နည်းဖြင့် ပြန်ကြား ပြောဆိုခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုမှတပါးလည်း ဥတ္တရလုလင်သည် သဗ္ဗညုမြတ်စွာဘုရား၏ ဆွမ်းစားတော်မူခါနီးအခါ ကာလဝယ် သပိတ်ဆေးရေကို ခံတော်မူသော အခါကာလ၌ သပိတ်တော်ကို မြှောက်၍ သပိတ်ဆေးရေကို ခံတော်မမူခြင်း။

သပိတ်တော်ကို လွန်စွာ့ လွန်စွာ အောက်သို့ချ၍ သပိတ်ဆေးရေကို ခံတော်မမူခြင်း။

သပိတ်တော်ကို ရေလျှံသော ပုဂ္ဂိုလ်၏ရှေ့ရှုသို့ထား၍ သပိတ်ဆေးရေကို ခံတော်မမူခြင်း။

သပိတ်တော်ကို လှည်းလှဲ၍ သပိတ်ဆေးရေကို ခံတော်မမူခြင်း။

မနည်းလွန်း မများလွန်းသော သပိတ်ဆေးရေကို သာ ခံတော်မူခြင်း။

သပိတ်ဆေးရေကို သပိတ်သို့ ရောက်ရှိသောအခါ၌လည်း သပိတ်၌ ခုလုခုလု အသံကိုပြု၍ သပိတ်တော်ကို ဆေးကြောတော် မမူခြင်း။

သာယာညှင်းပြောင်း, အသံကို မဖြစ်စေမူ၍ သပိတ်တော်ကို ဆေးကြောတော်မူခြင်း။

သပိတ်တော် ဆေးကြောပြီးသောအခါ၌ သပိတ်ဆေးရေ စွန့်သွန်စရာ ခွက်မရှိခဲ့သည်ရှိသော် မနီးလွန်း မဝေးလွန်းသော အရပ်၌သာလျှင် သပိတ်ဆေးရေကို အသာအယာ စွန့်တော်မူခြင်း။

အကယ်၍ သပိတ်ဆေးရေ ခံခွက်ရှိသည်ရှိသော် ထိုသပိတ်ဆေးရေ ခံခွက်ဝယ် သူတဦးတယောက်တို့ ကိုင်သောအခါ ရေကို မကိုင်မိအောင် သတိကြီးစွာထား၍ သပိတ်ဆေးရေကို ဆေးရေခံခွက်၌ စွန့်သွန်တော်မူခြင်း။

ဆွမ်းကို အလှူခံတော်မူသောအခါ၌လည်း ဆွမ်းလှူသော ပုဂ္ဂိုလ်နှင့် နီးနီးကပ်ကပ် သပိတ်တော်ကိုမြှောက်၍ ဆွမ်းကို ခံယူတော်မမူခြင်း။

သပိတ်တော်ကို လွန်စွာ့ လွန်စွာ အောက်သို့ နှိမ့်ချ၍လည်း ဆွမ်းကို ခံတော်မမူခြင်း။

သပိတ်တော်ကို ဆွမ်းလှူသော သူသို့ ရှေးရှု၍ အလွန်အလွန် နီးကပ်အောင် ထပေးပြီး မှ ဆွမ်းကို ခံတော်မမူခြင်း။

သပိတ်တော်ကို လက်ဝဲ လက်ျာ လှည်းလှဲ၍ ဆွမ်းကို ခံတော်မမူခြင်း။

ဆွမ်းကို ခံယူရာ၌လည်း မများလွန်း မနည်းလွန်း ကိုယ်တော်မြတ် မျှတရုံသော ဆွမ်းကိုသာ ခံတော်မူခြင်း။

ဆွမ်း၏ လေးဘို့ တဘို့မျှသော ဟင်းကိုသာ ခံတော်မူခြင်း။

ဆွမ်းကို ဘဉ်းပေးတော်မူသော အခါ၌လည်း ဟင်းကို စက်ဆုပ်၍ ဆွမ်းချည်းဘဉ်းပေးတော်မမူခြင်း။

ဆွမ်းကို စက်ဆုပ်၍ ဟင်းကိုချည်း ဘဉ်းပေးတော် မမူခြင်း။

ဆွမ်းနှင့် ဟင်းကို အမျှပြု၍သာ ဘဉ်းပေးတော်မူခြင်း။

နောက်ဆုံး ဆွမ်းလုပ်နှင့် နောက်ဆုံးဟင်းတို့သည် အညီအမျှ ဖြစ်၍ နေခြင်း။

ဆွမ်းဘဉ်းပေးသော အခါကာလ၌လည်း နေဝ ဒဝါယ နှ မဒါယ နှ မဏ္ဍနာယ—အစရှိသော ပစ္စဝေက္ခနာ၌ လာရှိသည့်အတိုင်း အင်္ဂါရှစ်ပါးရှိသော ဆွမ်းကိုသာ ဘုဉ်းပေးတော်မူခြင်း။

ဤသို့ စသည် မျှားစွာသော သဗ္ဗညုမြတ်စွာဘုရား၏ ကြည်ညိုဘွယ် အခြင်းအရာတို့ကို ကိုယ်တိုင်တွေ့မြင်မှတ်သားခဲ့ရ၍ မိမိမှတ်သားခဲ့ရသည့် အတိုင်း ဆရာဖြစ်သော ဗြဟ္မာယုပုဏ္ဏားကြီးအားလည်း ဤအကြောင်းအရာ အလုံးစုံတို့ကို ပြန်ပြောင်းလျှောက်ထားခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အပရမ်ပိ အာဝုသော ဥတ္တရော မာဏဝေါ ဘဂဝတော ဘုတ္တာဝိ-
ကာလေ ကီဒိသံ ပါသာဒိကံ အာကာရံ ဒိသ္ဝာ စ သလ္လက္ခေတ္ဝာ စ
အတ္တနော အာစရိယဿ ဗြဟ္မာယုဿ ဗြာဟ္မဏဿ သမ္ပဒိဇေဒေသိ
ဝိဿဇ္ဇနာ။ ။အပရမ်ပိ ဘန္တေ ဥတ္တရော မာဏဝေါ ဘဂဝတော ဘုတ္တာဝိ-
ကာလေ ပတ္တောဒနာဒိကံ ပဋိဂ္ဂဏှာဒိကာလေ နှ ပတ္တဿ ဥန္နှ-
မနာဒိကံ ပါသာဒိကံ အာကာရံ ဒိသ္ဝာ စ သလ္လက္ခေတ္ဝာ စ
အတ္တနော အာစရိယဿ ဗြဟ္မာယုဿ ဗြာဟ္မဏဿ သမ္ပဒိ-
ဇေဒေသိ။

အမေး။ ။ထိုမှတပါးလည်း ဥတ္တရလုလင်သည် မြတ်စွာဘုရားသခင် ဆွမ်းဘဉ်းပေးတော်မူပြီးသောအခါကာလ၌ အဘယ်သို့သော ကြည်ညိုဖွယ် အခြင်းအရာစုကို တွေ့မြင်မှတ်သားခဲ့ပြီးလျှင် မိမိ၏ ဆရာဖြစ်သော ဗြဟ္မာယု ပုဏ္ဏားကြီးအား ဘယ်ပုံ ဘယ်နည်းဖြင့် ပြန်ကြားလျှောက်ထားခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုမှတပါးလည်း ဥတ္တရလုလင်သည် သဗ္ဗညုမြတ်စွာဘုရား ဆွမ်းစားပြီးတော်မူသောအခါ ကာလ၌ သပိတ်ဆေးရန်ရေကို ခံယူတော်မူသောအခါ ရှေးနည်းအတူပင် သပိတ်တော်ကို အလွန်မြင့်၍ မခံခြင်း အလွန် နှိမ့်၍ မခံခြင်း အစရှိသော အခြင်းအရာကိုဂုဏ်း။

သပိတ်တော်ကို ဆေးကြောသောအခါ၌လည်း ခုလုခုလု အသံကိုပြု၍ ဆေးကြောတော်မမူခြင်း။

သာယာညှင်းပြောင်း သပိတ်တော်ကို ဆေးကြောတော်မူခြင်း။

သပိတ်တော် ဆေးပြီးလျှင် လက်တော်လည်း ဆေးပြီးဖြစ်ခြင်း။

လက်တော်ကို ဆေးပြီးလျှင် သပိတ်တော်လည်း ဆေးပြီး ဖြစ်ခြင်း ဤသို့ စသည့် ရှေးအခြင်းအရာစုကိုဎင်း။

ဆွမ်းဘုဉ်းပေးပြီးတော်မူသော အခါကာလ၌ သဗ္ဗညုမြတ်စွာဘုရား သည် အနည်းငယ်မျှ ဆိတ်ဆိတ်နေတော်မူခြင်း။

ကာလ ရှည်လျားစွာ ဆိတ်ဆိတ်နေတော်မမူခြင်း။

ဆွမ်းအနုမောဒနာ ပြုရန် အချိန်ကာလမတိုင်မီ ဗာဟိရက စကားတို့ကို တသောသော ပြောဆိုမှုဖြင့် အချိန်ကို မကုန်စေခြင်း။

ဆွမ်းအနုမောဒနာ ပြုချိန်ကာလတိုင်ရောက်သော အခါ၌ အနုမောဒနာ ဆွမ်းတရားဟောတော်မူခြင်း။

ထိုသို့ ဆွမ်းတရားဟောတော်မူသောအခါ၌လည်း ယခုကျွေးသော ဆွမ်း ကို မြောက်လည်း မြောက်ပင့်တော်မမူခြင်း။

ကဲ့လည်း ကဲ့ရဲ့ရွှတ်ချ အပြစ်တင်တော်မမူခြင်း။

နောက်တဖန် ဤဆွမ်းမျိုးကိုလည်း တောင့်တတော်မမူခြင်း။

ဤသို့ စသည့် မျှားစွာသော သဗ္ဗညုမြတ်စွာဘုရား၏ ဆွမ်းစားပြီးသော အခါကာလ ပြုတော်မူသမျှသော ပါသာဒိက အခြင်းအရာတို့ကို ကိုယ်တိုင် တွေ့မြင်မှတ်သားခဲ့၍ မိမိ၏ ဆရာဖြစ်သော ဗြဟ္မာယုပုဏ္ဏားအား ဤပုံ ဤပန်း ပြန်ကြားလျှောက်ထားခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အပရမိုဿ အာဝုသော ဥတ္တရော မာဏဝေါ ဘဂဝတော စီဝရ-ဓာရဏေ စ အာရာမဂတကာလေ စ ဓမ္မဒေသနာကာလေ စ သဗ္ဗညုရိယာပထေသု စ ကီဒိသံ ပါသာဒိကံ အာကာရံ ဒိသ္ဝာ စ သလ္လက္ခေတ္ဝာ စ အတ္တနော အာစရိယဿ ဗြဟ္မာယုဿ ဗြာဟ္မ-ဏဿ သမ္ပဋိဝေဒေသိ။

ဝိဿဇ္ဇနာ။ ။အပရမ်ိ ဘန္တေ ဥတ္တရော မာဏဝေါ ဘဂဝတော စီဝရဓာရဏ-
ကာလေ စ အာရာမဂတကာလေ စ သဗ္ဗေသု စ ဣရိယာ-
ပထေသု နာ အစ္ဆုဂ္ဂဒါဒိကံ ပါသာဒိကံ အာကာရံ ဒိဿာ စ
သလ္လက္ခေတွာ စ အတ္တနော အာစရိယဿ ဗြဟ္မာယုဿ ဗြာဟ္မ-
ဏဿ သမ္ပဒေသိ။

အမေး။ ။ထိုမှတပါးလည်း ဥတ္တရလုလင်သည် မြတ်စွာဘုရားသခင်၏
သင်္ကန်းဝတ်ရုံတော်မူသောအခါ၌ရှင်း ကျောင်းတိုက်အရံသို့ ကြွလာတော်မူ
သောအခါ၌ရှင်း ကျောင်းတိုက်အရံအတွင်းဝယ် တည်နေတော်မူသောအခါ
၌ရှင်း တရားဟောတော်မူသောအခါ၌ရှင်း အလုံးစုံသော ဣရိယာပုထ်
လေးပါးတို့၌ရှင်း ခုနစ်လပတ်လုံး နေ့စဉ်နေ့တိုင်း စုံစမ်းကြည့်ရှု၍ ဘယ်သို့
သော ကြည်ညိုဘွယ် အခြင်းအရာစုကို ကိုယ်တိုင်တွေ့မြင် မှတ်သားခဲ့ပြီးလျှင်
မိမိဆရာဖြစ်သော ဗြဟ္မာယုပုဏ္ဏားကြီးအား အဘယ်သို့လျှင် ပြန်ကြား
အစီရင်ခံခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုမှတပါးလည်း ဥတ္တရလုလင်သည် သဗ္ဗညုမြတ်စွာဘုရား
၏ သင်္ကန်းကိုင်တော်မူသောအခါ ကာလစသည်၌ သင်္ကန်းလည် ကုပ်တော်ကို
မေးစိတိုင်ရောက်မျှ မြှင့်၍ သင်္ကန်းရုံတော်မမူခြင်း။

ခြေမျက်စိတိုင် သင်္ကန်းကိုတိုက်၍ သင်္ကန်းလွန်စွာနှိမ့်၍ ရုံတော်မမူ
ခြင်း ဤသို့ စသည့် သင်္ကန်းဝတ်ရုံပုံ၌ အပြစ်မရှိပုံကိုငင်း။

မြို့တွင်းရွာတွင်းမှ ပြန်ကြွတော်မူသောအခါကာလ၌ ကိုယ်တော်နှင့်
အတူပါလာသော ပရိသတ်ကို စွန့်ပစ်၍ ကြွသွားတော်မမူဘဲ ကြယ်တကာ
တို့၏အလယ်ဝယ် လမင်းကဲ့သို့တင့်တယ်စွာ ရဟန်းအပေါင်းခြံရံလျက်
ကျောင်းတော်သို့ ပြန်ကြွတော်မူကြောင်း။

ကျောင်းတော်အတွင်းသို့ ရောက်ရှိတော်မူသောအခါ၌လည်း ခင်း
ထားအပ်သော နေရာ၌ နေတော်မူ၍ ခြေတော်ကို ဆေးကြောတော်မူ
ကြောင်း။

ခြေတော်ကိုတန်းဆာဆင်ဘို့ရန် ရည်သန်၍ ဆေးကြောတော်မူခြင်း
မဟုတ် သေနာသနဝတ်ကို ရည်ညွှန်းတော်မူ၍ ခြေတော်ကို ဆေး
ကြောတော်မူကြောင်း။

ခြေတော်ဆေးပြီးလျှင် ခင်းထားအပ်သော နေရာ၌ ကမ္မဋ္ဌာန်း အာရုံကို ရှေးရှု စိတ်တော်ကို ညွတ်တော်မူ၍ ထက်ဝယ်ဖွဲ့ခဲ့ နေတော်မူပါ ကြောင်း။

သို့နေတော်မူသော သဗ္ဗညုမြတ်စွာဘုရား၏ အခြင်းအရာမှာ မည်သူ တဦးတယောက်ကိုမျှ မိမိ၏ ပင်ပန်းဆင်းရဲရုန် အလို့ငှါငင်း သူတပါး၏ပင်ပန်း ဆင်းရဲရန် အလို့ငှါငင်း မိမိသူတပါး နှစ်ဦးသားတို့ ဆင်းရဲရန် အလို့ငှါငင်း စေ့ဆော်တော်မူပုံမရကြောင်း ကြံစည်တော်မူပုံမရကြောင်း။

စင်စစ်မှာမူ မိမိသူတပါး အကျိုးများဘို့ရန်သာလျှင် ကြံစည်စဉ်းစား၍ နေတော်မူပါကြောင်း။

ရောက်ရှိလာသော ပရိသတ်တို့အားလည်း တရားနှင့် လျော်သော စကားဖြင့် ပြတော်မူကြောင်း။

ပရိသတ် ကိုလည်း မောင်းမဲတော်မမူကြောင်း။

ပရိသတ်ကိုလည်း မြောက်ပင့်တော်မမူခြင်း---

တရားဟောတော်မူသောအခါ၌ (၁) သိလှယ်ခြင်း (၂) နာဘူယ်ခြင်း (၃) သာယာခြင်း (၄) တခဲနက်ရှိုခြင်း (၅) ပရိသတ်အပြင်သို့ အသံမထွက်ခြင်း (၆) လုံးဝန်းခြင်း (၇) ပဲ့တင်ထပ်ခြင်း (၈) နက်နဲခြင်း တည်းဟူသော အင်္ဂါရှစ်ဖော်နှင့် ပြည့်စုံတော်မူခြင်းကိုဂုဏ်း။

ထိုအင်္ဂါရှစ်ပါးနှင့် ပြည့်စုံတော်မူသော အသံတော်သည် ပရိသတ်ရှိသလောက်သာလျှင် သွား၍ ပရိသတ်ပြင်ပသို့ တဆံချည်မျှ မရောက်ကြောင်း စသည်ကိုဂုဏ်း။

တရားနာပြီးသော ပရိသတ်တို့ ပြန်သွားသောအခါ သဗ္ဗညုမြတ်စွာဘုရား မြင်တော်မူလောက်သော ဥပစာ အတွင်း သဗ္ဗညုမြတ်စွာဘုရားသို့သာ ရှေးရှုဦးညွတ်၍ နောက်ဆုတ်ပြန်ကြကြောင်း။

လမ်းခရီးသို့ ရောက်သောအခါလည်း သဗ္ဗညုမြတ်စွာဘုရား ဟော လိုက်သော တရားကို စွန့်ပစ်၍ မသွားကြဘဲ သဗ္ဗညုမြတ်စွာဘုရား ဟောကြား သော တရားကိုသာလျှင် တရားစကား ဆွေးနွေးကာ ဆွေးနွေးကာဖြင့် တရားတော်ကို မစွန့်ဘဲ ပြန်သွားခြင်းစသော အကြောင်း။

ထိုမှတပါး ဣရိယာပုထ်လေးပါးတို့၌ ဘုရားစင်စစ် ပီသပုံအကြောင်းတို့ကို ၎င်း။

အကျွန်ုပ်သည် ဉာဏ်ပညာနည်းသူဖြစ်၍ ဤမျှသာလျှင် မှတ်မိပါသည်၊ ထိုအရှင်ကြီးဂေါတမသည်ကား ဤမျှမက များလှစွာသော အသခ်ျယျ အပမေယျ ဘုရားဂုဏ်နှင့် ပြည့်စုံသူပါတည်း ဟု ဥတ္တရလုလင်သည် သဗ္ဗညူ မြတ်စွာဘုရား၏ ဣရိယာပုထ်လေးပါးဝယ် ကြည်ညိုဘွယ်သော အခြင်းအရာစုကို ကိုယ်တိုင် တွေ့မြင် မှတ်သားခဲ့၍ မိမိ၏ ဆရာဖြစ်သော ဗြဟ္မာယု ပုဏ္ဏားအား ပြန်ကြားလျှောက်ဆိုခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဥ္ဆာဝုသော ဗြဟ္မာယု ဗြဟ္မဏော ဘဂဝန္တံ ပုစ္ဆိ၊ ကထဥ္ဆသ ဘဂဝါ ဗျာကာသိ။

ဝိဿဇ္ဇနာ။ ။“ကထံ ခေါ ဗြာဟ္မဏော ဟောတိ၊ ကထံ ဘဝတိ ဝေဒဂူ။ တေဝိဇ္ဇော ဘော ကထံ ဟောတိ၊ သောတ္တိယော ကိန္တိ ဝုစ္စတိ။ အရဟံ ဘော ကထံ ဟောတိ၊ ကထံ ဘဝတိ ကေဝလီ။ မုနိ စ ဘော ကထံ ဟောတိ၊ ဗုဒ္ဓေါ ကိန္တိ ပဝုစ္စတိ”တိ—

ဧဝံ ခေါ ဘန္တေ ဗြဟ္မာယု ဗြာဟ္မဏော ဘဂဝန္တံ ပဉ္ဍံ အပုစ္ဆိ။ ဘဂဝါ ဘန္တေ—

“ပုဗ္ဗေနိဝါသံ ယော ဝေဒိ၊ သဂ္ဂါပါယဉ္စ ပဿတိ။
အထော ဇာတိက္ခယံ ပတ္တော၊ အဘိညာဝေါသိတော မုနိ။
စိတ္တံ ဝိသုဒ္ဓံ ဇာနာတိ၊ မုတ္တံ ရာဂေဟိ သဗ္ဗသော။
ပဟီနဇာတိမရဏော၊ ဗြဟ္မစရိယဿ ကေဝလီ။
ပါရဂူ သဗ္ဗဓမ္မာနံ၊ ဗုဒ္ဓေါ တာဒိ ပဝုစ္စတိ”တိ—

ဧဝံ ခေါ ဘန္တေ ဘဂဝါ ဗြဟ္မာယုဿ ဗြာဟ္မဏဿ ဝိဘင်္ဂံတ္ဝာ ဗျာကာသိ။

အမေး။ ။ဗြဟ္မာယု မည်သော ဆရာပုဏ္ဏားကြီးသည် ဥတ္တရလုလင် ပြောဆိုသော ဘုရား၏ ဂုဏ်တော်များကို ကြားနာပြီးသည့် နောက်ကာလ၌ မြတ်စွာဘုရားထံသို့ လာရောက်၍ မြတ်စွာဘုရား၌ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာနှင့် ပြည့်စုံသည် မပြည့်စုံသည်ကို စုံစမ်းပြီး သည့်နောက် မြတ်စွာဘုရားသခင်အား အဘယ်သို့လျှင် မေးမြန်း လျှောက်

ထားခဲ့ပါသနည်း၊ မြတ်စွာဘုရားကလည်း ထိုဗြဟ္မာယုပုဏ္ဏားကြီအား အဘယ်သို့လျှင် ဝေဘန်၍ ဖြေကြားတော်မူခဲ့ပါသနည်း ပါရှင်။

အဖြေ။ ။ဗြဟ္မာယု ပုဏ္ဏားသည် ကထံ ခေါ ဗြာဟ္မဏော ဟောတိ၊ ကထံ ဘဝတိ ဝေဒဂူ-အစရှိသော ဂါထာနှစ်ပိုဒ်တို့ဖြင့်—

(၁) မည်သို့ မည်ပုံ အင်္ဂါနှင့် ပြည့်စုံမှု ဗြာဟ္မဏ အမည်ရကြောင်း။
(၂) မည်သို့သော အင်္ဂါနှင့် ပြည့်စုံမှု ဝေဒဂူ အမည်ရကြောင်း။
(၃) တဝိဇ္ဇ အမည်ရကြောင်း။
(၄) သောတ္တိယ အမည်ရကြောင်း။
(၅) အရဟာ-ရဟန္တာ ဟူ၍ ခေါ်ဆိုနိုင်ကြောင်း။
(၆) ဗြဟ္မစရိယ မြတ်သော အကျင့်ကို ကြင်းမဲ့ဥဿုံ ကျင့်ပြီးကြောင်း။
(၇) မည်သို့သော အင်္ဂါနှင့် ပြည့်စုံမှု မုနိမည်ကြောင်း။
(၈) မည်သို့သော ဂုဏ်အင်္ဂါနှင့် ပြည့်စုံမှု သမ္မာသမ္ဗုဒ္ဓ ဘုရားဟူ၍ ခေါ်ဆိုရကြောင်း တည်းဟူသော ပြဿနာ ရှစ်ပါးကို မေးမြန်းခဲ့ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည်လည်း ပုဗ္ဗေနိဝါသံ ယော ဝေဒိ၊ သဂ္ဂါပါယဉ္စ ပဿတိ-အစရှိသော နှစ်ဂါထာတို့ဖြင့် အကြင်ပုဂ္ဂိုလ်သည် ပုဗ္ဗေနိဝါသဉာဏ် ဒိဗ္ဗစက္ခုဉာဏ် အာသဝက္ခယဉာဏ် တည်းဟူသော ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံ၏ ထိုပုဂ္ဂိုလ်မျိုးကို **တေဝိဇ္ဇပုဂ္ဂိုလ်** ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုရကြောင်း အစရှိသည့် အဆုံး၌ ပါရဂူ သဗ္ဗမမ္မာနံ၊ ဗုဒ္ဓေါ တာဒီ ပဝုစ္စတိ-ဟု ခပ်သိမ်းသော တရားတို့ အပေါ်ဝယ် အာဘိညာပါရဂူ ပရိညာပါရဂူ ပဟာနပါရဂူ ဘာဝနာပါရဂူ သစ္ဆိကိရိယပါရဂူ ခပ်သိမ်းသော သမာပတ်တို့၌ သမာပတ္တိ ပါရဂူ တည်းဟူသော ပါရဂူခြောက်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကိုမှ သမ္မာသမ္ဗုဒ္ဓ ဘုရား ဟူ၍ ခေါ်ဆိုနိုင်ကြောင်း ရှစ်ပါးသော ပြဿနာတို့ကို သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသည် ထိုဗြဟ္မာယုပုဏ္ဏားအား ပြည့်စုံစွာ ဖြေကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဣမဉ္စ ပနာဝုသော ဘဂဝတော ဗျာကရဏံ သုတ္ဝာ ဗြဟ္မာယု ဗြာဟ္မဏော ဘဂဝတိ ကိဒိသံ နိပစ္စကာရံ အကာသိ၊ ကထဉ္စသ ဘဂဝါ ပုနပိ အနုပုဗ္ဗိံ ဓမ္မကထံ ကထေသိ။

ဝိဿဇ္ဇနာ။ ။ကျမဉ္စ ပန ဘန္တေ ဘဂဝတော ဗျာကရဏံ သုတ္ဝာ ဇြဟ္မာယု ဇြာဟ္မဏော ဥဒ္ဒာယသာသနာ ဧကံသံ ဥတ္တရာသင်္ဃံ ကရိတ္ဝာ ဘဂဝတော ပါဒေသု သိရသာ နိပတိတ္ဝာ ဘဂဝတော ပါဒါနိ မုခေန စ ပရိစုမ္ဗတိ၊ပါဏိဟိ စ ပရိသမ္ဗာဟတိ၊နာမဉ္စ သာဝေတိ "ဇြဟ္မာယု အဟံ ဘော ဂေါတမ ဇြာဟ္မဏော၊ ဇြဟ္မာယု အဟံ ဘော ဂေါတမ ဇြာဟ္မဏော"တိ၊ ဧဝံ ပရမနိပစ္စကာရံ အကာသိ၊ ဘဂဝါ စ ဘန္တေ ဒါနကထံ သီလကထံ သဂ္ဂကထံ ကာမာနံ အာဒီနဝံ သြကာရံ သံကိလေသံ နေက္ခမ္မေ အာနိသံသံ ပကာသေသိ၊ ဧဝံ ဓေါ ဘန္တေ ဇြဟ္မာယုဿ ဇြာဟ္မဏဿ ဘဂဝါ အနုပုဗ္ဗိံ ကထံ ကဍေသိ။

အမေး။ ။ဤသို့ မြတ်စွာဘုရား ဖြေကြားလိုက်သော အဖြေဝိဿဇ္ဇနာ တရားတော်ကို ကြားနာရသော ဇြဟ္မာယုပုဏ္ဏားသည် မြတ်စွာဘုရား၌ အဘယ်သို့လျှင် ရိုသေတုပ်ဝပ်ခြင်းကို ပြုခဲ့ပါသနည်း၊ မြတ်စွာဘုရားသခင်က လည်း ထို့ဇြဟ္မာယု ပုဏ္ဏားအား နောက်ထပ်ဆက်လက်၍ အစဉ်အတိုင်းသော တရားစကားကို အဘယ်သို့လျှင် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤသို့ သဗ္ဗညုမြတ်စွာဘုရား ရှစ်ပါးသော ပြဿနာတို့ကို ဖြေကြားတော်မူသည်ကို ကြားလတ်၍ ဇြဟ္မာယုပုဏ္ဏားသည် မိမိပါသော အပေါ်ရုံ အဝတ်ကို လက်ကတော့ စမ္ပာယ်တင်သည်ကိုပြု၍ မြတ်စွာဘုရား၏ ခြေတော်အစုံတို့၌ တုပ်ဝပ်ပြီးလျှင် မြတ်စွာဘုရား၏ ခြေတော်တို့ကို ခံတွင်း ဖြင့်လည်း စုပ်ခဲ့ပါပေသည်၊ မိမိ၏ လက်ဝဲ လက်ျာ တည်းဟူသော နှစ်ဘက် သော လက်တို့ဖြင့်လည်း လွန်စွာ့ လွန်စွာ ဆုပ်နယ်မှု ပြုခဲ့ပါသည်၊ မိမိ၏ နှစ်ဘက်သော လက်တို့ဖြင့် ဆုပ်နယ်ပြီးလျှင် ဇြဟ္မာယု အဟံ ဘော ဂေါတမ ဇြာဟ္မဏော၊ အို အရှင်ကြီး ဂေါတမ....အကျွန်ုပ်သည်ကား ဇြဟ္မာယု ပုဏ္ဏား ဖြစ်ပါသည်၊ အို အရှင်ကြီး ဂေါတမ....အကျွန်ုပ်သည်ကား ဇြဟ္မာယု ပုဏ္ဏား ဖြစ်ပါသည်ဟု မိမိ၏ အမည် ရင်းကိုလည်း သဗ္ဗညုမြတ်စွာဘုရားအထံမှောက်၌ ဝပ်စင်း၍ လျှောက်ထားခဲ့ ပါသည်။

ထို့အခါ စည်းဝေးမိနေကြသော မိထိလာပြည်သား ဇြာဟ္မဏအများတို့ သည်ပင်လျှင် လွန်စွာ အံ့အဲ့ ဖြစ်ကြရပါသည်။ "အံ့ဘွယ်ရှိစွတကား၊ ဇြဟ္မာယု

ပုဏ္ဏားသည် ဤမိထိလာပြည်၌ လွန်စွာ ထင်ရှား ကျော်ကြား၍ ပရိသတ် အခြံအရံများသူ စီးပွါးဥစ္စာ များသူ ဖြစ်ပါလျက် ဤမျှလောက်ပင် သဗ္ဗညူ မြတ်စွာဘုရား၌ အတိုင်းထက် အလွန် ရိုသေသော အခြင်းအရာကို ပြုပါဘိသည်၊ အံ့ဘွယ်ရှိပါပေစွ တကား ဟု "ဝိုင်းဝန်း၍ အံ့ခြိုးကြပါသည်။

ထိုအခါ သဗ္ဗညူမြတ်စွာဘုရားက "ဗြဟ္မာယုပုဏ္ဏား.... သင်သည် ငါဘုရား၏ အပေါ်၌ ကြည်ညိုသောစိတ်ကို ထင်စွာပြအပ်ပြီ၊ မိမိ၏ နေရာ၌ ပြန်၍ နေပါ" ဟု မိန့်ကြားတော်မူသည်တွင် ဗြဟ္မာယုပုဏ္ဏားသည် မိမိ၏ နေရာ၌ ပြန်၍ နေပါသည်။

ထိုအခါ သဗ္ဗညူမြတ်စွာဘုရားသည် ဗြဟ္မာယုပုဏ္ဏားအား **ဒါနကထာ သီလကထာ သဂ္ဂကထာ ကာမာနံ အာဒီနဝကထာ ဩကာရကထာ သံကိ-လေသကထာ နေက္ခမ္မေ အာနိသံသကထာ**-တည်းဟူသော သဗ္ဗညူမြတ်စွာဘုရားတို့ ဟောတော်မူမြဲ တရားအစဉ်ဖြစ်သည့် ဒါနနှင့်စပ်သော တရားစကား သီလနှင့် စပ်သော တရားစကား ထိုဒါနသီလတို့ကြောင့် ရောက်ရသော နတ်ရွာသုဂတနှင့်စပ်သော တရားစကား ထိုနတ်ရွာသုဂတဘုံတို့၌ ရရှိသော အာရုံငါးပါး ကာမဂုဏ်တရားတို့၏ အပြစ်ဒေါသ အာဒီနဝကြီးပုံကို ဖော်ပြသော ကာမာနံ အာဒီနဝ တရားစကား ထိုကာမတရားတို့၏ ယုတ်ညံ့ပုံကို ဖော်ပြသော ဩကာရ ထိုကာမတရားတို့၏ ညစ်ညူးပုံကို ဖော်ပြသော သံကိလေသဓမ္မကထာ အာရုံငါးပါး ကာမဂုဏ်တရားတို့မှ ထွက်မြောက်ရခြင်း၏ အကျိုးအာနိသင်ကို ဖော်ပြသော နေက္ခမ္မေ အာနိသံသကထာ တည်းဟူသော သဗ္ဗညူမြတ်စွာဘုရားတို့ ဟောမြဲအစဉ်ဖြစ်သည့် ဓမ္မကထာစဉ်ကို ဟောကြားတော်မူခဲ့ပါသည်။

ဤသို့လျှင် ဗြဟ္မာယုပုဏ္ဏားသည် ဤအဖြစ်ကားကို ကြား၍ ဤလျှောက်ဆိုအပ်ပြီးသည့်အတိုင်း သဗ္ဗညူမြတ်စွာဘုရား၌ လွန်စွာ လွန်စွာ တုပ်ဝပ်ရိုသေသော အခြင်းအရာကိုလည်း ပြခဲ့ပါသည်၊ ဤလျှောက်ဆိုအပ်ပြီးသောအတိုင်း သဗ္ဗညူမြတ်စွာဘုရားသည်လည်း ဗြဟ္မာယုပုဏ္ဏားအား တရားဒေသနာအစဉ်ကို ဟောတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဣမဉ္စ ပနာဝုသော ဓမ္မဒေသနံ သုတ္ဝာ ဗြဟ္မာယုဿ ဗြာဟ္မဏဿ ကိဒိသော ဓမ္မာဘိသမယော အဟောသိ။

အမေးအဖြေ ၅-၈

ဝိဿဇ္ဇနာ။ ။ကုမဉ္ဇ ပန ဘန္တေ ဓမ္မဒေသနံ သုတ္ဝာ ဗြဟ္မာယုသ ဗြာဟ္မ-ဏသ တသ္မိံ ယေဝ အာသနေ ဝိရဇံ ဝိတမလံ ဓမ္မစက္ခုံ ဥဒပါဒိ "ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မ" န္တိ။

အမေး။ ။ဤတရားဒေသနာတော်ကို ကြားရနာရှု၍ ဗြဟ္မာယုပုဏ္ဏား အား အဘယ်သို့သော တရားထူးကို ရခြင်း သိခြင်းသည် ဖြစ်ခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤလျှောက်ဆိုပြီးသောအတိုင်း ဒါနကထာ သီလကထာ သဂ္ဂကထာ ကာမာနံ အာဒီနဝ ဩကာရ သံကိလေသ နေက္ခမ္မေ အာနိသံသ-ကထာ-တည်းဟူသော ဒေသနာ အစင်ကို ကြားနာရ၍ ဗြဟ္မာယုပုဏ္ဏား အား ထိုနေရာ၌ပင်လျှင် "ခပ်သိမ်းသော ဖြစ်ဖြစ်သမျှ တရားအစုသည် ချုပ်ခြင်း ပျက်ခြင်း သဘောရှိချေစွတကား" ဟု တစုံတယောက်သော လူနတ် ဗြဟ္မာတို့မှ ဖျက်၍မရနိုင်သော ဖျက်၍မရနိုင်အောင် အသိဉာဏ် ပိုင်နိုင်သည့် အနာဂါမိမဂ်ဖိုလ်တိုင်အောင်သော တရားထူးကို ရခြင်း ဖြစ်ခဲ့ပါသည် အရှင် ဘုရား။

ဗြဟ္မာယုသုတ် ပြီး၏

သေလသုတ်

ပုစ္ဆာ။ ။သေလသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။အင်္ဂုတ္တရာပေသု ဘန္တေ အာပဏော နာမ အင်္ဂုတ္တရာပါနံ နိဂမေ သေလံ ဗြာဟ္မဏံ အာရဗ္ဘ ဘာသိတံ။ သေလော ဘန္တေ ဗြာဟ္မဏော သပရိသော ဘဂဝန္တံ ဥပသင်္ကမိတ္ဝာ ဘဂဝန္တံ သမ္မုခါ သာရုပ္ပါဟိ ဂါထာဟိ အဘိတ္ထဝိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။သေလ မည်သော သုတ္တန်တရား ဒေသနာတော်ကို ဘုန်း တော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည်

အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။အင်္ဂုတ္တရာပတိုင်း အဝင်အပါ အာပဏနိုဂုံး၌ သေလပုဏ္ဏားကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်းတော်ပေါင်း ထောင့်နှစ်ရာငါးဆယ် ခြံရုံတော်မူ၍ အင်္ဂုတ္တရာပတိုင်း၌ ခရီးဒေသစာရီ ကြွချီတော်မူသဖြင့် အာပဏနိုဂုံး၌ သီတင်းသုံး နေတော်မူဆဲအခါ ကေဏိယအမည်ရှိသော ဆံကျစ်ရသေ့သည် နောက်တနေ့ဝယ် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်နှင့်တကွ သေလပုဏ္ဏားနှင့်တကွ တပည့်ပရိသတ်တို့အား ဆွမ်းကျွေးပြုစုရန် စီမံ စိုင်းပြင်း၍ နေဆဲရှိပါသည်။

ထိုအခါ သေလပုဏ္ဏားသည် တပည့် ပရိသတ် လုလင်ပေါင်း သုံးရာနှင့်တကွ ကေဏိယ ဆံကျစ်ရသေ့အထံ သွားရောက်၍ မျှားစွာသော ဗဟုကိစ္စ အဝဝတို့ ပြုနေပုံကို မြင်ရသဖြင့် မေးမြန်းသောအခါ သဗ္ဗညုမြတ်စွာဘုရား အား နက်ဖြန်ခါ၌ ဆွမ်းကျွေးရန် ပင့်ဖိတ်ထားပြီးကြောင်း ပြန်ပြောင်း ပြော ဆိုသည်တွင်—

"ဗုဒ္ဓေါ"တိ ဘော ကေဏိယ ဝဒေသိ-အို ကေဏိယ ရသေ့....၊ သင်သည် **ဘုရားဟူ၍** ပြောဆိုပါသလော?

"ဗုဒ္ဓေါ"တိ ဘော သေလ ဝဒါမိ-အို ဆရာ သေလ....၊ အကျွန်ုပ်သည် **ဘုရားဟူ၍** ပြောဆိုပါသည် ဟု—

နှစ်ကြိမ်တိုင်မြောက် ပြန်ပြောင်းမေးမြန်းပြီးလျှင် **ဘုရားဟူသော အသံမျှ လောကဝယ် ကြားဘို့ရန် ခဲယဉ်းလှပေသည်၊** အို ကေဏိယရသေ့....၊ ယခုအခါဝယ် ထိုမြတ်စွာဘုရားသည် အဘယ်အရပ်၌ ရှိသနည်း ဟု မေးမြန်း သည်တွင်—

ကေဏိယရသေ့သည်လည်း လက်ျာလက်ရုံးကို မြှောက်၍ ယေနေသာ ဘော သေလ နီလဇနရာဇီ-အစရှိသည်ဖြင့် အို ဆရာ သေလ ပုဏ္ဏား....၊ အကြင် အရပ်၌ စိမ်းညိုသော တောအရေးရှိပါသည်၊ ထိုအရပ်၌ သဗ္ဗညုမြတ်စွာ ဘုရားသည် သီတင်းသုံး စံနေတော်မူပါကြောင်း ပြန်ပြောင်း လျှောက်ထား သည်တွင်—

သေလပဏ္ဏားသည် တပည့် ပရိသတ် သုံးရာနှင့် တကွ သင်္ဃာ မြတ်စွာဘုရားထံမှောက်သို့ ရောက်ရှိ၍ သုံးဆယ့်နှစ်ရုပ်သော မဟာပုရိသ လက္ခဏာတော်တို့ကို စူးစမ်းရှာဖွေပြီးသောအခါ ၌ မဟာပုရိသလက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးနှင့် ပြည့်စုံသည်ကား မှန်ပေပြီ၊ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့သည် မိမိတို့၏ ကျေးဇူးဂုဏ်ကို ချီးကျူးခဲ့သည်ရှိသော် သမ္မာသမ္ဗုဒ္ဓ စင်စစ် ဖြစ်ကြောင်း ဝန်ခံကြရိုး ဖြစ်သည်၊ ယခုအခါ ငါသည်လည်း သင်္ဃာမြတ်စွာဘုရား၏ ကျေးဇူးဂုဏ်တို့ကို ချီးကျူးအံ့ဟု အောက်မေ့ပြီးလျှင်—

ပရိပုဏ္ဏကာယော သုရုစိ၊ သုဇာတော စာရုဒဿနော။
သုဝဏ္ဏဝဏ္ဏောသိ ဘဂဝါ၊ သုသုက္ကဒါဋ္ဌောသိ ဝီရိယဝါ။
နရဿ ဟိ သုဇာတဿ၊ ယေ ဘဝန္တိ ဝိယဉ္ဇနာ။
သဗ္ဗေ တေ တဝ ကာယသ္မိံ၊ မဟာပုရိသလက္ခဏာ။

ဤသို့ စသည့် ခြောက်ပိုဒ်သော ဂါထာတို့ဖြင့် သင်္ဃာမြတ်စွာဘုရား၏ မျက်မှောက်တော်မှာပင် ဘုရားရှင်၏ ကျေးဇူးဂုဏ်တို့ကို ချီးကျူးခဲ့ပါသည်။

ထိုသို့ ချီးကျူးလျှောက်ထားသော အကြောင်းအင်္ဂျုပ္ပတ်ကြောင့် ဤသေလသုတ္တန်ဒေသနာတော်မြတ်ကို သင်္ဃာမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

သေလသုတ် ပြီး၏

အဿလာယနသုတ်

ပုစ္ဆာ။ ။အဿလာယနသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အဿလာယနံ မာဏဝံ အာရဗ္ဘ ဘာသိတံ၊ အဿလာယနော ဘန္တေ မာဏဝေါ မဟာတာ ဗြာဟ္မဏကဏေန သဒ္ဒိံ ဘဂဝန္တံ ဥပသင်္ကမိတ္ဝာ ဧတဒဝေါစ "ဗြာဟ္မဏာ ဘော ဂေါတမ ဧဝမာဟံသု 'ဗြာဟ္မဏောဝ သေဋ္ဌော ဝဏ္ဏော၊ ဟီနော အညော ဝဏ္ဏော။ ဗြာဟ္မဏောဝ သုက္ကော ဝဏ္ဏော၊

ကဏ္ဍော အဓိညော ဝဏ္ဏော။ ဗြာဟ္မဏော သုဇ္ဈန္တိ၊ နော အဗြာဟ္မဏော။ ဗြာဟ္မဏော ဗြဟ္မုနော ပုတ္တော သြရသော မုခတော ဇာတော ဗြဟ္မဇော ဗြဟ္မနိမ္မိတော ဗြဟ္မဒါယာဒါ'တိ၊ ဣဓ ဘဝံ ဂေါတမော ကိမာဟာ"တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။အဿလာယန မည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်းဘုရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ တဆယ့်ခြောက်နှစ်မျှ အရွယ်နုနယ်လှသော ဗေဒင်သုံးပုံကို ဆောင်ခဲ့သော အဿလာယနလုလင်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သာဝတ္ထိပြည်၌ သဗ္ဗညုမြတ်စွာဘုရား သီတင်းသုံးနေတော်မူသောအခါ အတိုင်းတိုင်း အပြည်ပြည်မှ ဗြာဟ္မဏများစွာတို့သည် သာဝတ္ထိပြည်၌ တစုံတခုသော ကိစ္စကြောင့် စည်းဝေးရောက်နေဆဲ ရှိကြပါသည်။ ထိုပုဏ္ဏားတို့သည် မိမိတို့ ကိုယ်၌က သဗ္ဗညုမြတ်စွာဘုရားနှင့် ဝါဒစကား ပြိုင်ဆိုင်ငြင်းခုံခြင်းငှါ မစွမ်းနိုင်ကြဘဲ အဿလာယန အမည်ရှိသော တဆယ့်ခြောက်နှစ်အရွယ် နုနယ်လှသော ဗေဒင်သုံးပုံကို ဆောင်သော ပုဏ္ဏားလုလင်သို့ ချဉ်းကပ်၍ သုံးကြိမ်တိုင်တိုင် တိုက်တွန်းတောင်းပန်ကြပြီးလျှင် ရဟန်းကြီး ဂေါတမနှင့် ဝါဒစကား နှီးနှောပြောဆိုစေလိုကြောင်း ဝိုင်းဝန်းပြောဆိုကြပါသည်။

အဿလာယနလုလင်ငယ်သည်လည်း အို ဆရာတို့....၊ ရဟန်းကြီး ဂေါတမသည် ဟုတ်မှန်သော ဓမ္မကိုသာ ဟောဆိုလေ့ရှိပါပေသည်၊ ဟုတ်မှန်သော ဓမ္မကိုသာ ဟောဆိုတော်မူသော ရဟန်းကြီးဂေါတမနှင့် အကျွန်ုပ်သည် ဝါဒစကား မပြိုင်ဆိုပါ ဟု အကြိမ်ကြိမ် တောင်းပန်ပါသော်လည်း သုံးကြိမ်တိုင်အောင်ပင် တောင်းပန်၍မရသဖြင့် အကျွန်ုပ် တောင်းပန်၍ မရဘဲကို၊ သို့စေကာ အကျွန်ုပ်သည် ရဟန်းကြီး ဂေါတမထံမှောက်သို့ သွားရောက်၍ မေးလျှောက်စေသော်လည်း အကျွန်ုပ်သည် နိုင်ဘို့ရန် အကြောင်းမရှိကြောင်း

ပြောဆိုခဲ့၍ များစွာသော ဗြာဟ္မဏပရိသတ် အပေါင်း ခြံရုံလျက် သဗ္ဗညူ ဘုရားထံမှောက်သို့ ရောက်ရှိပြီးလျှင် ဗြာဟ္မဏာ ဘော ဂေါတမ ဧဝမာဟံသု-အစရှိသည်ဖြင့်—

အို အရှင်ကြီးဂေါတမ.... ဤလောက၌ ဗြာဟ္မဏကိုဏ်းဝင် ပဂ္ဂိုလ်ခပ်သိမ်း တို့က ဤသို့ ပြောဆိုကြပါသည်၊ “ပဏ္ဏားမျိုးသည်သာလျှင် စင်ကြယ်သော အမျိုးဖြစ်ချေသည်၊ ပဏ္ဏားမျိုးမှ တပါးသော အမျိုးတို့သည် စင်ကြယ်သော အမျိုး မဟုတ်ကြကုန်။ပဏ္ဏားမျိုးတို့သည်သာလျှင် မြတ်သော အမျိုးတိ ဖြစ်ကုန်၏၊တပါးသောအမျိုးတို့သည် မြတ်သော အမျိုး မဟုတ်ကုန်။ ပဏ္ဏားမျိုးတို့ သည်သာလျှင် သံသရာဗဒ္ဓက်မှ စင်ကြယ်နိုင်ကုန်သည်၊ တပါးသော အမျိုး တို့သည် မစင်ကြယ်နိုင်ကုန်။ ပဏ္ဏားမျိုးတို့သည်သာလျှင် ဗြဟ္မာမင်း၏ သား ဖြစ်ကြကုန်၏၊ ဗြဟ္မာမင်း၏ ရင်တွင်းဠှ ကြီးပွါးကြသော ပဂ္ဂိုလ်တို့ ဖြစ်ကြ သည်၊ ဗြဟ္မာမင်း၏ ရင်တွင်းဠှ ကြီးပွါး၍ ဗြဟ္မာမင်း၏ ခံတွင်းမှ ဖွားကြသော ဗြဟ္မဉအမှုခံထိုက်တဲ့ ပဂ္ဂိုလ်တို့ ဖြစ်သည်” ဟု ပြောဆိုကြပါကုန်သည်။ ဤစကားဝယ် အရှင်ကြီးဂေါတမသည်ကား မည်သို့ ဆိုလိုပါသနည်း ဟု လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညူမြတ်စွာဘုရားသည် ဗြာဟ္မဏဖြစ်စေ ခတ္တိယဖြစ်စေ ဂဟ ပတိ ဝေဿ သုဒ္ဒ ဖြစ်စေ အမျိုးလေးပါးလုံးပင်လျှင် ဒုစရိုက်ကိုပြုက အမျိုး လေးမျိုးလုံးပင်လျှင် အပါယ်သို့ ကျရောက်ရမည်ဖြစ်ကြောင်း၊ သုစရိုက်ကို ပြုက အမျိုးလေးပါးလုံးပင်လျှင် သုဂတိ နတ်ရွာသို့ သွားရမည် ဖြစ်ကြောင်း စသည်ကို အဿလာယန ပဏ္ဏား၏ နှုတ်ဖျားမှပင်လျှင် ဝန်ခံလာအောင် မေးမြန်းတော်မူပြီး၍ ကိုယ်တော်မြတ်၏ ဝါဒကို တည်စေတော်မူခဲ့ပါသည်၊ အဆုံးဠှလည်း **အသိတ ဒေဝလ** ရသေ့၏ ဝတ္ထုဖြင့် အဿလာယနပဏ္ဏားအား ဆုံးမတော်မူခဲ့ပါသည်။

ဤသို့လျှင် အဿလာယနလုလင် သဗ္ဗညူမြတ်စွာဘုရားထံမှောက် လာ ရောက်၍ ဗြာဟ္မဏပဏ္ဏားတို့သာလျှင် စင်ကြယ်သော အမျိုးဖြစ်ကြောင်း လျှောက်ထားသော အကြောင်းအဋ္ဌုပ္ပတ်ကြောင့် ဤအဿလာယန သုတ္တန် ဒေသနာတော်မြတ်ကို သဗ္ဗညူမြတ်စွာဘုရားဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အဿလာယနသုတ် ပြီး၏

ဃောဋ္ဌမုခသုတ်

ပုစ္ဆာ။ ။ဃောဋ္ဌမုခသုတ္တံ ပနာဝုသော ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ဗာရာဏသိယံ ဘန္တေ ခေမိယမ္ဗဝနေ ဃောဋ္ဌမုခံ ဗြာဟ္မဏံ အာရဗ္ဘ အာယသ္မတာ ဥဒေနေန ဘာသိတံ။ ဃောဋ္ဌမုခေါ ဘန္တေ ဗြာဟ္မဏော အာယသ္မန္တံ ဥဒေနံ စက်မန္တံ အနုစက်မ-မာနော ဧဝမာဟ "အမ္ဘော သမဏ နတ္ထိ ဓမ္မိကော ပရိဗ္ဗဇော၊ ဧဝံ မေ ဇတ္ထ ဟောတိ၊ တဉ္စ ခေါ ဘဝန္တံရူပါနံ ဝါ အဒဿနာ၊ ယော ဝါ ပနေတ္ထ ဓမ္မာ"တိ၊တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ဃောဋ္ဌမုခ မည်သော သူတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က ဟောကြားထားခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဗာရာဏသီပြည် ခေမိယ သရက်ဥယျာဉ်အတွင်း၌ ဃောဋ္ဌမုခ အမည်ရှိသော ပုဏ္ဏားကို အကြောင်းပြု၍ အရှင်ဥဒေနမထေရ်သူမြတ် ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဃောဋ္ဌမုခ ပုဏ္ဏားသည် အရှင်ဥဒေန မထေရ်သူမြတ် စကြံ့ကြွတော်မူသည့်နောက်မှ အတူလိုက်ပါ စကြံ့သွားပြီး အမ္ဘော သမဏ နတ္ထိ ဓမ္မိကော ပရိဗ္ဗဇော၊ ဧဝံ မေ ဇတ္ထ ဟောတိ-အစရှိသည်ဖြင့်—

အို ရဟန်းတော် အရှင်သူမြတ်....၊ဤလောကငယ် တရားနှင့် လျော်သော ရဟန်းပြုခြင်း မည်သည် မရှိ ဟူ၍ အကျွန်ုပ်သည် ရှေးကမှတ်ထင်ခဲ့ပါသည်၊ ထိုသို့ မှတ်ထင်ခြင်းမှာလည်း အရှင်ဘုရားတို့ကဲ့သို့ သဘော ရှိသော ရဟန်းတော်ကို မမြင်ရခြင်းကြောင့်ဝင်း အရှင်ဘုရားတို့၏ တရားသဖြင့် ဆုံးမရာ ဤသာသနာတော်၌ မှန်မြတ်သော တရားစကားကို မကြားရခြင်းကြောင့်ဝင်း အကျွန်ုပ် ဤသို့ အထင်မှား အယူမှား ဖြစ်ခဲ့ပါသည် ဟု လျှောက်ထားပါသည်။

ဤသို့ လျှောက်ထားသော အခါ၌ အရှင်ဥဒေနမထေရ်သည် ဃောဋမုခ ပဏ္ဏားအား **အတ္တန္တပပုဂ္ဂိုလ် ပရန္တပပုဂ္ဂိုလ် ဥဘယန္တပပုဂ္ဂိုလ် နေဝအတ္တန္တပ နပရန္တပပုဂ္ဂိုလ် လေးပါးတို့ကို** အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူခဲ့ပါသည်။

ဤသို့လျှင် ဃောဋမုခပဏ္ဏား လျှောက်ထားသော အကြောင်း အဋ္ဌုပ္ပတ်ကြောင့် ဤဃောဋမုခသုတ္တန် ဒေသနာတော်မြတ်ကို အရှင်ဥဒေန မထေရ်သူမြတ် ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဃောဋမုခသုတ် ပြီး၏

စင်္ကီသုတ်

ပုစ္ဆာ။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန စင်္ကီသုတ္တံ ကတ္ထ
ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ကောသလေသု ဘဂ္ဂေ သြပါသာဒေ နာမ ကောသလာနံ နိဂမေ ကာပဋိကံ မာဏဝံ အာရဗ္ဘ ဘာသိတံ၊ ကာပဋိကော ဘဂ္ဂေ မာဏဝေါ ဘဂဝန္တံ ဧတဒဝေါစ "ယဒိဒံ ဘော ဂေါတမ ဗြာဟ္မဏာနံ ပေါရာဏံ မန္တပဒံ ဣတိဟိတိဟပရမ္ပရာယ ပိဋ္ဌကသမ္မဒါယ၊ တတ္ထ စ ဗြာဟ္မဏာ ဧကံသေန နိဋ္ဌံ ဂစ္ဆန္တိ 'ဣဒမေဝ သစ္စံ မောဃမညန္တိ၊ ဣဓ ဘဝံ ဂေါတမော ကိမာဟာ"တိ၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုမြတ်စွာဘုရားသခင်သည် စင်္ကီမည်သော သူတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ကောသလတိုင်း အဝင်အပါ သြပါသာဒ မည်သော ပဏ္ဏား ရွာ၏ မြောက်အရပ်ဝယ် တည်ရှိသော အင်ကြင်းတော၌ ကာပဋိက အမည် ရှိသော ပဏ္ဏားလုလင်ကို အကြောင်းပြု၍ ဟောတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် ကောသလတိုင်း အဝင်အပါ ဩပါသာဒ ရှာ၏ မြောက်၌ တည်ရှိသော အင်ကြင်းတော၌ သီတင်းသုံး စံနေတော်မူ သော အခါ ဩပါသာဒရှာသား စင်္ကိုပုဏ္ဏားသည် များစွာသော ဩပါသာဒ ရှာသား ပုဏ္ဏားသူကြွယ်တို့နှင့် မြတ်စွာဘုရားထံမှောက်သို့ လာရောက်ဆည်း ကပ်ကြပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် အရွယ်ကြီးကုန် ကြီးကုန်သော ပုဏ္ဏားတို့နှင့် စကားနှီးနှော ပြောဆိုနေဆဲ ရှိပါသည်၊ သို့ အရွယ် ကြီးကုန် ကြီးကုန်သော ပုဏ္ဏားတို့နှင့် စကားနှီးနှော ပြောဆိုသောအခါဝယ် ကာပဋိက အမည်ရသော ဗေဒင်သုံးပုံကို တဘက်ကမ်းခတ် တတ်မြောက်ပြီးသော ဩပါ သာဒ ရှာသား တဆယ့်ခြောက်နှစ် အရွယ်ရှိသော ပုဏ္ဏားသူငယ်သည် မြတ်စွာ ဘုရားနှင့် အရွယ်ကြီးရင့်သော ပုဏ္ဏားတို့ စကား ပြောဆိုသည့် အကြား အကြားဝယ် ဝင်ရောက်၍ ပြောဆိုခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက အရွယ်ကြီးရင့်သော ပုဏ္ဏားတို့နှင့် စကားပြောဆိုနေဆဲဖြစ်ကြောင်း စကားပြီးဆုံးသော အချိန်ကာလကို စောင့်ဆိုင်းငံ့လင့်စေလိုကြောင်း ကာပဋိကအား မိန့်ကြားတော်မူသည်တွင် စင်္ကိုပုဏ္ဏားကြီးက——

အရှင်ကြီးဂေါတမ....၊ ဤကာပဋိက လုလင်ငယ်သည် ပညာရှိသူ မှန်ပါပေသည်၊ အမျိုးကောင်းသားလည်း မှန်ပါပေသည်၊ ဗဟုသုတနှင့် ပြည့်စုံသူလည်း မှန်ပါပေသည်၊ ကောင်းသောစကား ပီပင်သော စကားကို ပြောကြားတတ်သူလည်း မှန်ပါပေသည်၊ ဤကာပဋိက လုလင်ငယ်သည် အရွယ်ပင် ငယ်စေကာမူ ရှင်ကြီးဂေါတမနှင့် ဝါဒ ပြိုင်ဆိုင် ပြောဆိုခြင်းငှါ စွမ်းနိုင်သောသူ ဖြစ်ပါသည် ဟု လျှောက် ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားအား ဤကာပဋိက လုလင်ငယ်သည် ပုဏ္ဏားတို့၏ ဗေဒင်သုံးပုံနှင့် စပ်သော စကားကို ငါဘုရားအား လျှောက်ထား လိမ့်မည်ဟု အကြံဖြစ်တော်မူပါသည်၊ ကာပဋိက လုလင်ငယ်သည်လည်း သဗ္ဗညုမြတ်စွာဘုရား မိမိဘက်သို့ မျက်နှာမူသောအချိန်၌ အမေးပုစ္ဆာ ပြဿနာကို မေးအံ့သောငှါ စောင့်ဆိုင်း၍ နေပါသည်၊ အကြင်အခါ မြတ်စွာ ဘုရားသည် ကာပဋိကလုလင်ငယ်ရှိရာဘက်သို့ မျက်နှာတော်မူပါ၏၊ ထိုအခါ

ကာပဋိကလုလင်ငယ်သည် ယဒိဒံ ဘော ဂေါတမ ဗြာဟ္မဏာနံ ပေါရာဏ မန္တပဒံ-အစရှိသည်ဖြင့်—

အို အရှင်ကြီးဂေါတမ၊ ပုဏ္ဏားတို့၏ ဤသို့ ဤသို့ဟူ၍ အဆက်ဆက် ဆင်းသက်လာသော သင်ခြင်း ကြားခြင်း အားဖြင့်လည်း ပြည့်စုံလာသော ရှေးဦးဖြစ်သော ဗေဒင်သုံးပုံအစုစကားရပ်သည် ရှိပါ၏၊ ဤဗေဒင်သုံးပုံ၌ ပုဏ္ဏားတကာတို့သည် တခုသော အဘိုအစုအားဖြင့် ဤဗေဒင်သုံးပုံလာ စကားရပ်သည်သာလျှင် မှန်ကန်၏၊ တပါးသော စကားသည် အချည်းနှီးသာတည်း ဟု ပြောဆိုကြပါသည်၊ တခုသော အဘိုအားဖြင့် ယုံကြည်ခြင်းသို့ ရောက်ကြပါသည်၊ ဤအရာ၌ အရှင်ကြီးဂေါတမသည် မည်သို့ ပြောဆိုလိုပါသေးသနည်း ဟု လျှောက်ထားခဲ့ပါသည်။

ထိုသို့သော အကြောင်းအခွင့်ပွတ်ကြောင့် ဤစကြီသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

စင်္ကြီသုတ် ပြီး၏

သေကာရီသုတ်

ပဒစ္ဆေဒ။ ။သေကာရီသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သေကာရိံ ဗြာဟ္မဏံ အာရဗ္ဘ ဘာသိတံ၊ သေကာရီ ဘန္တေ ဗြာဟ္မဏော ဘဂဝန္တံ ဥပသင်္ကမိတ္ဝာ ဧတဒဝေါစ “ဗြာဟ္မဏာ ဘော ဂေါတမ စတသော ပါရိစရိယာ ပညပေန္တိ၊ ဗြာဟ္မဏဿ ပါရိစရိယံ ပညပေန္တိ၊ ခတ္တိယဿ ပါရိစရိယံ ပညပေန္တိ၊ ဝေဿဿ ပါရိစရိယံ ပညပေန္တိ၊ သုဒ္ဒဿ ပါရိစရိယံ ပညပေန္တီ”တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။သေကာရီ မည်သော သုတ္တန် တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်

သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့ သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် သုကာရီ အမည်ရှိသော ပုဏ္ဏား ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သုကာရီပုဏ္ဏားသည် သဗ္ဗညုဘုရားထံမှောက်သို့ ချဉ်းကပ်၍ ဗြာဟ္မဏော ဘော ဂေါတမ စတဿော ပါရိစရိယာ ပညပေန္တိ-အစရှိသည်ဖြင့် —

အို အရှင်ကြီးဂေါတမ....၊ ပုဏ္ဏားတို့သည် လေးမျိုးသော ပြုစုလုပ်ကျွေး ဆည်းကပ်ခြင်းကို (လူတန်းစား လေးမျိုး ခဲ့ခြားခြင်းကို) ပညတ်ဟောကြား ကြပါကုန်သည်။

(၁) **ဗြာဟ္မဏ**ဇာတ်ဝင် ပုဂ္ဂိုလ်တယောက်ယောက်အား ဗြာဟ္မဏ ဇာတ်ဝင် ပုဂ္ဂိုလ်သည်ရင်း ခတ္တိယဇာတ်ဝင် ပုဂ္ဂိုလ်သည်ရင်း ဝေဿဇာတ်ဝင် ပုဂ္ဂိုလ်သည်ရင်း သုဒ္ဒဇာတ်ဝင်ပုဂ္ဂိုလ်သည်ရင်း ဆည်းကပ်ခစားပြုစုလုပ်ကျွေး ရမည် ဟူ၍ရင်း။

(၂) **ခတ္တိယ**ဇာတ်ရှိသ ပုဂ္ဂိုလ်အား ခတ္တိယဇာတ်ရှိသော ပုဂ္ဂိုလ်သည် ရင်း ဝေဿဇာတ်ရှိသော ပုဂ္ဂိုလ်သည်ရင်း သုဒ္ဒဇာတ်ရှိသော ပုဂ္ဂိုလ်သည်ရင်း ဆည်းကပ်ခစားပြုစုလုပ်ကျွေးရမည် ဟူ၍ရင်း။

(၃) **ဝေဿ**ဇာတ်ရှိသူပုဂ္ဂိုလ်အား ဝေဿဇာတ်ရှိသောပုဂ္ဂိုလ် သုဒ္ဒ ဇာတ်ရှိသောပုဂ္ဂိုလ်နှစ်မျိုးက ပြုစုလုပ်ကျွေး ဆည်းကပ်ခစားအပ်၏ ဟူ၍ ရင်း။

(၄) **သုဒ္ဒ**ဇာတ်ရှိသော ပုဂ္ဂိုလ်အားမူ သုဒ္ဒဇာတ်ရှိသော ပုဂ္ဂိုလ်ကသာ ဆည်းကပ်ခစား ပြုစုလုပ်ကျွေးအပ်၏ ဟူ၍ရင်း ပညတ်ကြပါသည်။

လူတန်းစားလေးမျိုး။ ။၁—ဗြာဟ္မဏဇာတ် = ပုဏ္ဏားဇာတ်ဝင် (ယခုခေတ် ''ဘရာဟမင်'' Brahman)။ ၂—ခတ္တိယဇာတ် = မင်းမျိုး။ ၃—ဝေဿဇာတ် = သူဌေး, သူကြွယ်, ကုန်သည် ဧခါ လူလတ်တန်းစားမျိုး။ ၄—သုဒ္ဒဇာတ် = ကြောမဲ့, နင်းပြား, ဆင်းရဲသားလူတန်းစား မျိုးဟုအယူတ်, အမြက်အစဉ်အားဖြင့် ဗြာဟ္မဏတို့ခဲ့ခြားသတ်မှတ်၍အယူသည်းခဲ့ကြလေသည်။

ဤအရာ၌ အရှင်ကြီးဂေါတမသည် မည်သို့ ပြောဆိုလိုပါသနည်း? ဟု မေးမြန်းလျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက——

သေကာရိပုဏ္ဍား....၊ ဤသို့ ဖြာဟမ္မဏတို့ရှိသော ပုဂ္ဂိုလ်တို့က ဤသို့ ပြုစုလုပ်ကျွေး ဆည်းကပ်မှုကို ခွင့်ပြုပါသလား ဟု မေးမြန်းတော်မူသည်တွင်——

“သတ္တလောကကြီး တခုလုံးက လက်ခံခွင့် မပြုနိုင်ကြောင်း”ပြန် ပြောင်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက စီးပွါးဥစ္စာမရှိသော ဆင်းရဲသားပုဂ္ဂိုလ် အား မိမိသဘောမတူပါဘဲလျက် သား ငါးကို ပေး၍ သား ငါး၏ အဘိုးကို တောင်းသကဲ့သို့ ထိုအတူလျှင် ဖြာဟမ္မဏတို့သည် လောကကြီးက လက်ခံ ခွင့်ပြုမှု မရှိပါဘဲလျက် လောကကြီး၏ လက်ခံခွင့်ပြု သဘောတူညီချက်ကို မရရှိပါဘဲလျက် လေးမျိုးသော ဆည်းကပ် ခစား ပြုစုလုပ်ကျွေးခြင်းကို ပညတ်၍ ထားကြကုန်ဘိသည်။

ငါဘုရားမှာမူကား ခပ်သိမ်းသော ပုဂ္ဂိုလ်ကိုပင် ဆည်းကပ်အပ်၏ ဟူ၍ လည်း မဟောဆို၊ ခပ်သိမ်းသော ပုဂ္ဂိုလ်ကိုပင်လည်း မဆည်းကပ် မခစား ဟူ၍ လည်းမဟောဆို၊ စင်စစ်မှာမူ ခတ္တိယဇာတ်ရှိသူကိုဖြစ်စေ ဖြာဟမ္မဏဇာတ် ရှိသူကိုဖြစ်စေ ဝေဿဇာတ်ရှိသူကိုဖြစ်စေ သုဒ္ဒဇာတ်ရှိသူကိုဖြစ်စေ မင်းကို ဖြစ်စေ ပုဏ္ဏားကို ဖြစ်စေ သူကြွယ်ကို ဖြစ်စေ ဆင်းရဲသားကို ဖြစ်စေ အကြင်ပုဂ္ဂိုလ်ကို ဆည်းကပ်ခစား ပြုစုလုပ်ကျွေးသော ပုဂ္ဂိုလ်အား အကျိုး စီးပွါး မလျော့ပါး မဆုတ်ယုတ်ရာ၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်ကို ခစား ဆည်းကပ် ပြုစုလုပ်ကျွေး၏ ဟူ၍သာလျှင် ငါဘုရားဟောဆိုသည်။

အကြင်သို့သဘောရှိသော မင်းကိုဖြစ်စေ ပုဏ္ဏားကိုဖြစ်စေ သူကြွယ်ကို ဖြစ်စေ ဆင်းရဲသားကိုဖြစ်စေ ဆည်းကပ်ခစား ပြုစုလုပ်ကျွေးသောပုဂ္ဂိုလ်

၁။ ဤသုတ်လာ, ဤမေးခွန်းပြဿနာမျှားဖြင့် ဗုဒ္ဓသာသနာတော်သည် သတ္တဓလောကသား, လူထုအများစုကြီးက လိုလားလက်ခံသည့် ဥပဒေပညတ်ချက်ကိုသာ အသိအမှတ်ပြုကြောင်း၊ လိုလားနှစ်သက်ကြောင်း ပေါ်လွင်ပြတ်သားရှင်းလင်းနေသဖြင့် ဗုဒ္ဓသာသနာတော်သည် အာဏာရှင်, နိုင်ထက်စီးနင်း, ဓားမိုးစဲနှစ်ကိုမလိုလားဘဲ ဒီမိုကရေစီအုပ်ချုပ်ရေး သဘော သွားကိုသာ လက်ခံကြောင်း ခန့်မှန်းနိုင်ပါသည်။

အား အကျိုးစီးပွါး လျှော့ပါး ဆုတ်ယုတ်ခဲ့ပါမူ ထိုသို့သဘောရှိသော မင်း ပုဏ္ဏား သူကြွယ် ဆင်းရဲသား ကိုမူကား မဆည်းကပ်အပ် မဆည်းကပ်စကောင်း မလုပ်ကျွေးစကောင်း ဟူ၍သာလျှင် ငါဘုရား ဟောဆိုတော် မူသည် အစရှိသည်ဖြင့် ဓမ္မကထာကို အကျယ်တဝင့် ဟောပြရာဖြစ်သော ဤသေ ကာရီ သုတ္တန်ဒေသနာတော်မြတ်ကို ဆိုအပ်ပြီးသော အကြောင်းအဋ္ဌုပ္ပတ် ကြောင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

သေကာရီသုတ် ပြီး၏

ဓနဥ္ဇာနိသုတ်

ပုစ္ဆာ။ ။ဓနဥ္ဇာနိသုတ္တံ ပနာဝုသော ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘဒ္ဒေ့ ဓနဥ္ဇာနိံ ဗြာဟ္မဏံ အာရဗ္ဘ အာယသ္မတာ သာရိပုတ္တတ္ထေရေန ဓမ္မသေနာပတိနာ ဘာသိတံ၊ ဓနဥ္ဇာနိ ဘဒ္ဒေ့ ဗြာဟ္မဏော ပမာဒဝိဟာရံ ဝိဟာသိ၊ တသ္မိံ ဘဒ္ဒေ့ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ဓနဥ္ဇာနိ မည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က ဟောကြားထားခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် ဓနဥ္ဇာနိ အမည်ရှိသော ပုဏ္ဏားကို အကြောင်းပြု၍ တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ် သူမြတ် ဟောကြားတော်မူအပ်ပါသည်။

ရာဇဂြိုဟ်ပြည်အရပ်ဝယ် ဓနဥ္ဇာနိ အမည်ရှိသော ပုဏ္ဏားသည် ရှေးအခါ ကာလက ရတနာသုံးပါးကို ဆည်းကပ်ခြင်း ကောင်းမှုကုသိုလ်ကို ပြုခြင်း အစရှိသည်ဖြင့် မမေ့မလျော့ မပေါ့မဆ နေခဲ့ပါသော်လည်း သဒ္ဓါတရားရှိသူ အိမ့်ရှင်ပုဏ္ဏားမ စုတေကွယ်လွန်သည်မှ နောက်ကာလ၌ သဒ္ဓါတရားမဲ့သူ

ပုဏ္ဏားမတဉီးကိုယူ၍ မိမိကိုယ်တိုင်လည်း ကောင်းမှုကုသိုလ်ပြုခြင်း စသည်တို့၌ မေ့လျော့သောနေခြင်းဖြင့် နေခဲ့ပါပြီ။

ထိုသို့ ဓနဉ္ဇာနိပုဏ္ဏား ရှေးအခါက မမေ့မလျော့နေခဲ့ပါလျက် နောက်ကာလဝယ် မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် ကောင်းမှုကုသိုလ်ကံတို့ကို မပြုဘဲနေခြင်းဟူသော အကြောင်းအင်္ဂါပွတ်ကြောင့် တရားစစ်မှုးဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်သူမြတ်သည် ဤဓနဉ္ဇာနိသုတ္တန် ဒေသနာတော်မြတ်ကို ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အထ ခေါ အာဝုသော အာယသ္မာ သာရိပုတ္တတ္ထေရော ဓမ္မသေနာပတိ ကထံ ဓနဉ္ဇာနိ ံ ဗြာဟ္မဏံ ပုစ္ဆိ၊ ကထဉ္စ သော အာယသ္မတော သာရိပုတ္တတ္ထေရဿ ဓမ္မသေနာပတိဿ အာရောစေသိ။

ဝိဿဇ္ဇနာ။ ။"ကစ္စာသိ ဓနဉ္ဇာနိ အပ္ပမတ္တော"တိ၊ ဧဝံ ခေါ ဘန္တေ အာယသ္မာ သာရိပုတ္တတ္ထေရော ဓမ္မသေနာပတိ ဓနဉ္ဇာနိ ံ ဗြာဟ္မဏံ ပုစ္ဆိ၊ ဓနဉ္ဇာနိ စ ဘန္တေ ဗြာဟ္မဏော "ကုတော ဘော သာရိပုတ္တ အမှာကံ အပ္ပမာဒေါ၊ ယေသံ နော မာတာပိတရော ပေါသေတဗ္ဗာ"တိ၊ ဧဝမာဒိနာ အာယသ္မတော သာရိပုတ္တဿ ဓမ္မသေနာပတိဿ အာရောစေသိ။

အမေး။ ။ထိုသို့ ဓနဉ္ဇာနိပုဏ္ဏားသည် ကုသိုလ်ကောင်းမှုတရားတို့၌ မေ့မေ့လျော့လျော့ ဖြစ်၍ နေသော အခါကာလဝယ် တရားစစ်သူကြီး ဖြစ်သော အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ဓနဉ္ဇာနိပုဏ္ဏားကို အဘယ်ကဲ့သို့ မေးမြန်းစစ်ဆေးတော်မူခဲ့ပါသနည်း၊ ထိုသို့ မေးမြန်းစစ်ဆေးအပ်သော ဓနဉ္ဇာနိပုဏ္ဏားသည်လည်း တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာမထေရ်မြတ်အား မိမိ၏ မှန်ကန်သော အကြောင်းအရာကို ဘယ်ပုံ ဘယ်နည်းဖြင့် ပြန်ကြားလျှောက်ထားခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဓနဉ္ဇာနိပုဏ္ဏားကို အရှင်သာရိပုတ္တရာ မထေရ်သူမြတ်သည် ကစ္စာသိ ဓနဉ္ဇာနိ အပ္ပမတ္တော ဟူ၍ ဓနဉ္ဇာနိပုဏ္ဏား....အသို့နည်း ရှေးအခါကကဲ့သို့ ပင် ကုသိုလ်ကောင်းမှုတရားတို့၌ မမေ့မလျော့ မပေါ့မဆဘဲ ရှိပါ၏လော ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ မနဥ္ဇာနိပုဏ္ဏားက ကုတော ဘော သာရိပုတ္တ အမှာကံ အပ္ပမာဒေါ၊ ယေသံ နော မာတာပိတရော ပေါသေတဗ္ဗာ-အစရှိသည်ဖြင့် —

၁။ အို အရှင်ဘုရား သာရိပုတ္တရာ....၊အကြင်တပည့်တော်တို့သည် မိခင် ဘခင် ကျေးဇူးရှင်တို့ကိုလည်း ပြုစုလုပ်ကျွေးရပါကုန်သေးသည်။

၂။ သားမယားကိုလည်း ပြုစုလုပ်ကျွေးရပါသေးသည်။

၃။ အိမ်မှာရှိသော ကျွန်ယောကျ်ား ကျွန်မိန်းမ အမှုလုပ်များကိုလည်း ပြုစုလုပ်ကျွေးကြရပါကုန်သေးသည်။

၄။ အဆွေခင်ပွန်း ချစ်ကျမ်းဝင်သော သူတို့၏ အမှုကိစ္စကိုလည်း လုံလစိုက်ထုတ် ပြုလုပ်ကြရပါကုန်သေးသည်။

၅။ ဆွေရင်းမျိုးစပ်သော ပုဂ္ဂိုလ်တို့၏ အမှုကိစ္စကိုလည်း ပြုစုလုပ်ကျွေးကြရပါကုန်သေးသည်။

၆။ ညှဉ်သည်တို့အားလည်း ညှဉ်သည်နှင့်ဆိုင်ရာ ဝတ္တရားတို့ကိုလည်း ပြုစုလုပ်ကျွေးကြရပါကုန်သေးသည်။

၇။ စုတိပြတ်ကျွ သေလွန်လေပြီးသော ဆွေရင်း မျိုးရင်းတို့အတွက်လည်း ကုတ်ဟီးထမင်း ပေးလှူခြင်း အစရှိသည်ဖြင့် ပြုဘွယ်ကိစ္စ အဝဝတို့ကို ပြုလုပ်ကြရပါကုန်သေးသည်။

၈။ ဆိုင်ရာ ဆိုင်ရာ နတ်တို့ကိုလည်း နတ်တို့နှင့်စပ်သော ပုဗ္ဗေဝ်ပသမှု အဝဝကိုလည်း ပြုစုကြရပါကုန်သေးသည်။

၉။ မင်းတို့နှင့်ဆိုင်ရာ ပြုဘွယ်ကိစ္စ အဝဝတို့ကိုလည်း ပြုစုကြရပါကုန်သေးသည်။

၁၀။ ထိုမှတပါး မိမိတို့၏ ဤခန္ဓာကိုယ်ကိုလည်း ပြည့်ဖြိုးအောင် တိုးပွါးအောင် စောင့်ရှောက်ကြရပါကုန်သေးသည်။

သို့စဉ်မျှ ကိစ္စများလှသော ကြောင့်ကြများလှသော တပည့်တော်တို့မှာ အဘယ်မှာလျှင် မမေ့မလျော့ မပေါ့မဆ **အပ္ပမာဒ** တရားကို လက်ကိုင်ထားနိုင်ကုန်ပါအံ့နည်း၊ **ရသလို ဖြစ်သလိုနည်းဖြင့်သာ တရားသည် မတရားသည်ကို**

နားမလည်၊ စီးပွါးဥစ္စာ ရရသမျှကိုသာလျှင် ဆည်းပူးရှာမှီးကြရပါသည်။ တပည့်တော်မှာ ကုသိုလ်တရား၌ မမေ့မလျော့ခြင်း အပွမာဒတရား အဘယ်မှာလျှင် ဖြစ်၍ ရပါအံ့နည်း ဘုရား ဟု လျှောက်ထားခဲ့ပါသည်။

ဤသို့လျှင် အရှင်သာရိပုတ္တရာ မထေရ်သူမြတ် မေးမြန်းတော်မူလတ်သောအခါ ဓနဥ္ဇာနိပုဏ္ဏားသည် ဆယ်ပါးသော အကြောင်းအရာတို့ကို ဖော်ပြ၍ မိမိ၏ အပွမာဒ တရားလက်လှတ်ကြောင်း ဟုတ်မှန်သည့်အတိုင်း ပြန်ပြောင်းလျှောက်ထားခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဧဝံ ဝုတ္တေ ခေါ အာဝုသော အာယသ္မာ သာရိပုတ္တတ္ထေရော ဓမ္မသေနာပတိ ဓနဥ္ဇာနိဿ ဗြာဟ္မဏဿ ကိဒိသံ ဓမ္မကထံ ကထေသိ။

ဝိဿဇ္ဇနာ။ ။ဧဝံ ဝုတ္တေ ဘန္တေ အာယသ္မာ သာရိပုတ္တတ္ထေရော ဓမ္မသေနာပတိ "တံ ကိံ မညသိ ဓနဥ္ဇာနိ၊ ဣဓေကစ္စော မာတာပိတူနံ ဟေတု အဓမ္မစာရ ဝိသမစာရ အာသာ၊ တမေန အဓမ္မစရိယာ ဝိသမစရိယာဟေတု နိရယံ နိရယပါလာ ဥပကဍ္ဎယျု" န္တိ၊ ဧဝမာဒိနာ ဓနဥ္ဇာနိဿ ဗြာဟ္မဏဿ ဓမ္မကထံ ကထေသိ။

အမေး။ ။ဤသို့ ငါ့ရှင်ဖြဆိုသည့်အတိုင်း ဓနဥ္ဇာနိပုဏ္ဏားက မိဘကို ပြုစုရခြင်း သားမယားကို စောင့်ရှောက်လုပ်ကျွေးရခြင်း အစရှိသော ဆယ်ပါးသော အကြောင်းတို့ကြောင့် တရားသည် မတရားသည် ကို ဂရုမစိုက်နိုင်ဘဲ ရသလိုနည်းဖြင့် စီးပွါးရှာ၍ အသက်မွေးရကြောင်း၊ သို့ဖြစ်၍ မမေ့မလျော့နေခြင်း အပွမာဒတရားကို မကျင့်ဆောင်နိုင်ကြောင်း အမှန်အတိုင်း အရှင် သာရိပုတ္တရာမထေရ်အား လျှောက်ကြားသော အခါကာလဝယ် တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာမထေရ်မြတ်က ထိုဓနဥ္ဇာနိပုဏ္ဏားအား လွန်စွာသနားသော ကရုဏာစိတ်ဓာတ်ဖြင့် အဘယ်သို့လျှင် တရားစကားကို ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။တံ ကိံ မညသိ ဓနဥ္ဇာနိ၊ ဣဓေကစ္စော မာတာပိတူနံ ဟေတု အဓမ္မစာရီ ဝိသမစာရီ အာသာ-အစရှိသည်ဖြင့် ဓမ္မသေနာပတိ တရားစစ်မှူး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်သူမြတ်သည်

ဓနဥ္ဇာနိပုဏ္ဏား.... ယခုငါမေးမည့် စကားကို သင် မည်သို့ သဘောကျ မှတ်ထင်ပါသနည်း။ ဤလောက၌ သင်တို့လို အခြို့သော ပုဂ္ဂိုလ်တို့သည် မိဘကို အကြောင်းပြု၍ မိဘကို အကြောင်းပြကာဖြင့် တရားနှင့်မလျော်မညီမညွတ်သော ဒုစရိုက်မှုဖြင့် စီးပွါးရှာမှီးမှုကို ပြုသည်ဆိုပါစို့။

ထိုသို့ မတရားသဖြင့် စီးပွါးရှာမှီးသော ပုဂ္ဂိုလ်ကို မတရားကျင့်ခြင်း၊ တရားနှင့် မညီမညွတ်သော အကြောင်းကိုကျင့်ခြင်း ဟူသော အကြောင်းကြောင့် ငရဲထိန်းပုဂ္ဂိုလ်တို့က စုတေသည်မှ နောက်ကာလဝယ် ငရဲပြည်သို့ ဆွဲဆောင်ခေါ်ယူကြသောအခါ ထိုမတရားစီးပွါးရေးသမားသည် "အို.... အမောင်တို့.... အကျွန်ုပ်သည်ကား ကိုယ်ရေးကိုယ်တာအတွက်မဟုတ်ပါ၊ မိဘတို့အတွက် မတရားသော စီးပွါးရှာခြင်းဖြင့် စီးပွါးရှာခဲ့ပါသည်၊ ကျွန်ုပ်ကို ငရဲသို့ မဆွဲကြပါကုန်လင့်"ဟု ပြောဆိုသော်လည်း ရနိုင်ပါမည်လော?။

သို့တည်းမဟုတ် မိခင် ဘခင်တို့ကပင် "အို အချင်း ငရဲထိန်းတို့....ဤသူသည်ကား ငါတို့ မိခင် ဘခင်တို့ အတွက် အဓမ္မစရိယာ ဝိသမစရိယာ နည်းအားဖြင့် မတရားသော နည်းလမ်းဖြင့် စီးပွါးကို ရှာမှီးခဲ့ခြင်း ဖြစ်ပါသည်၊ ဤသူကို ငရဲပြည်သို့ မဆောင်ကြပါကုန်လင့်"ဟု မိခင် ဘခင်တို့က ပြောဆိုသော်လည်းရပါမည်လော? ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ ဓနဥ္ဇာနိပုဏ္ဏားသည် "မိမိကိုယ်တိုင် ပြောသော်လည်း ပြော၍ မရ၊ မိခင် ဘခင် ကျေးဇူးရှင်တို့က ပြောသော်လည်း ပြော၍ မရနိုင်ကြောင်း စင်စစ်သော်မူ ငိုကြွေးမြည်တမ်းစဉ်မှာပင်လျှင် ထိုသည့် မတရားစီးပွါးရှာသော ပုဂ္ဂိုလ်ကို ငရဲထိန်းပုဂ္ဂိုလ်တို့သည် ငရဲပြည်သို့ ဆွဲဆောင်ကုန်မည်သာ ဖြစ်ကြောင်း" ပြန်ပြောင်းလျှောက်ထားခဲ့ပါသည်။

ဤနည်းအတူလျှင် သားမယား ဟူသော အကြောင်း, ကျွန်ယောကျ်ားကျွန်မိန်းမ အမှုလုပ်ဟူသော အကြောင်း, မိတ်သဒ်ဟဟူသောအကြောင်း, ဆွေရင်း မျိုးရင်း ဟူသောအကြောင်း, ဥစ္စာသည်ဟူသောအကြောင်း, တမလွန်လောက စုတေကြပြီးသော ဆွေဟောင်း မျိုးဟောင်းတို့ ဟူသော အကြောင်း, မင်းဟူသောအကြောင်း, ကိုးကွယ်ရာနတ်ဟူသောအကြောင်း, မိမိကိုယ်ရေးကိုယ်တာဟူသောအကြောင်း, ဤအကြောင်းများကြောင့်လည်း

မတရားသဖြင့် စီးပွါးရှာမှု စသည်ကို ပြုသောပုဂ္ဂိုလ်သည် စုတေသည်မှ နောက် ကာလဝယ် ငရဲထိန်းတို့က ငရဲသို့ဆောင်ကြကုန်သည်ရှိသော် ခန္ဓာကိုယ် ပြည့်ဖြိုးရေးအတွက် အဓမ္မစရိယာ ဝိသမစရိယာ ခေါ်သော မတရားသောအကျင့် တရားနှင့်မလျော်သောအကျင့်ကို ကျင့်ခဲ့ပါသည်ဟု ပြန်ပြောင်းပြောဆိုသော်လည်း မိမိကိုယ်တိုင်က ပြောဆိုသည်ဖြစ်စေ, တစုံတယောက် ကြားလူက ငင်ချောက်၍ ပြောသည်ဖြစ်စေ လွှဲခွင့်ရနိုင်ရန် ရှိသလော ဟု မေးမြန်းတော်မူပါသည်။

ထိုသို့လည်း လွှဲခွင့်ရနိုင်ရန် မရှိကြောင်း ဝိုင်းကြူး မြည်တမ်းစဉ်မှာပင် နိရယပါလ အမည်ရသော ငရဲထိန်းတို့သည် ထိုဒုစရိုက်သမား, မတရားစီးပွါးရှာသူကို ငရဲဘုံသို့ ဆွဲဆောင်ကြမည်သာဖြစ်ကြောင်း ပြန်ပြောင်းလျှောက်ထားခဲ့ပါသည်။

ဤသို့လျှင် သာရိပုတ္တရာမထေရ်သူမြတ်သည် နေဠာနိပုဏ္ဏားအား မိမိ ဟူသော အကြောင်းနှင့် တကွ မိဘ အစရှိသော ဆယ်ရပ်သော အကြောင်း တို့ကြောင့် အမွေစရိယာ ဝိသမစရိယာ ခေါ်သော မတရားသဖြင့် ကျင့်ခြင်း တရားလက်လွှတ် တရားနှင့်မညီမညွတ် ကျင့်ခြင်း ဟူသော အကြောင်း ကြောင့် တမလွန်လောကဘဝ နိရယဒုက္ခမှ မည်သည့်နည်းနှင့်မျှ ကင်းလွှတ်နိုင် ဖွယ်ရာမရှိကြောင်းကို အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ပုန ပိ အာဝုသော အာယသ္မာ သာရိပုတ္တတ္ထေရော ဓမ္မသေနာပတိ ကထံ နေဠာနိဿ ဗြာဟ္မဏဿ အပရေန ပိ ပရိယာယေန အန္ဓသာသနံ အဒါသိ။

ဝိဿဇ္ဇနာ။ ။ပုန ပိ ဘန္တေ အာယသ္မာ သာရိပုတ္တတ္ထေရော ဓမ္မသေနာပတိ “တံ ကိံ မညသိ ဓနဉ္ဇာနိ၊ ယော ဝါ မာတာပိတူနံ ဟေတု အမွေစာရီ ဝိသမစာရီ အဿ၊ ယော ဝါ မာတာပိတူနံ ဟေတု ဓမ္မစာရီ သမစာရီ အဿ၊ ကတမံ သေယျော”တိ၊ ဧဝမာဒိနာ ဓနဉ္ဇာနိဿ ဗြာဟ္မဏဿ အပရေန ပိ ပရိယာယေန သြဝါဒမဒါသိ။

အမေး။ ။တရားစစ်သူကြီး ဖြစ်သော အရှင်သာရိပုတ္တရာမထေရ်မြတ်သည် မတရားသဖြင့် စီးပွါးရှာခြင်း တည်းဟူသော အကြောင်းကြောင့် အပါယ်ငရဲသို့ ကျရောက်ရခြင်းကို ဟောကြားတော်မူပြီးလျှင် ထိုနောက်တဖန် ထပ်မံ၍ အခြားတပါးသော နည်းပရိယာယ်ဖြင့်လည်း ဓနဥ္ဇာနီ ပုဏ္ဏားကြီး အား အဆုံးအမ ဩဝါဒကို ဘယ်ပုံ ဘယ်နည်းဖြင့် ပေးခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။တရားစစ်မှူး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မဟာထေရ်မြတ်သည် တံ ကိ ံ မည်သည် ဓနဥ္ဇာနီ၊ ယော ဝါ မာတာပိတူနံ ဟေတု အဓမ္မစာရီ ဝိသမစာရီ အာဿ အစရှိသည်ဖြင့်—

ဓနဥ္ဇာနိပုဏ္ဏား.... ယခု ငါမေးမည့် စကားကို သင် မည်သို့ မှတ်ထင်သဘောသက်ဝင်ပါသနည်း၊ အကြင် ပုဂ္ဂိုလ်တယောက်သည် မိခင် ဘခင် ဟူသော အကြောင်းကြောင့် အဓမ္မစရိယာ ဝိသမစရိယာခေါ်သော မတရားသော နည်းလမ်းဖြင့် စီးပွါးရှာခြင်း အစရှိသော အမှုကို ပြုရာပါသည်။

အကြင် ပုဂ္ဂိုလ်တယောက်သည်ကား မိခင် ဘခင် ကျေးဇူးရှင်ဟူသော အကြောင်းကြောင့် ဓမ္မစရိယာ သမစရိယာ တည်းဟူသော တရားနှင့်မျှတစွာ တရားနှင့် အညီအညွတ် စီးပွါးရှာခြင်း အစရှိသော အမှုကို လိုက်နာပြုကျင့်ခဲ့ပါသည်။

ထိုသူနှစ်ယောက်တို့ဘဝင် အဘယ်ပုဂ္ဂိုလ်သည် အထူးသဖြင့် ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော လောကဌ် ခြိမ့်မ်းအပ်သောသူ ဖြစ်ပါသနည်း ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ ဓနဥ္ဇာနိပုဏ္ဏားက အရှင်သာရိပုတ္တရာ.... ထိုသူနှစ်ယောက်တို့တွင် အကြင်သူသည် မိခင် ဘခင် ဟူသော အကြောင်းကြောင့် အဓမ္မစရိယ ဝိသမစရိယ တည်းဟူသော မတရားသော စီးပွါးရှာခြင်း အစရှိသော အမှုကို ဖယ်ရှား၍ ဓမ္မစရိယာ သမစရိယာ တည်းဟူသော တရားနှင့် အညီအညွတ် ကျင့်ခြင်း တရားနှင့် ညီမျှစွာ ကျင့်ခြင်း တရားသဖြင့် စီးပွါးရှာခြင်း အစရှိသော အမှုကို ပြုပါသည်၊ ထိုပုဂ္ဂိုလ်သည်သာလျှင် ပစ္စုပ္ပန် တမလွန် နှစ်တန်သောလောကဌ် ခြိမ့်မ်းအပ်ကြောင်း ပြန်ပြောင်းလျှောက်ထားပါသည်။

ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်သူမြတ်က ဤလောကဝယ် ဓမ္မစရိယာ သမစရိယာ တရားမျှတသော နည်းလမ်းဖြင့်လည်း မိခင် ဘခင်

ကျေးဇူးရှင်တို့ကို စီးပွါးရှာဖွေ၍ ပြုစုကျွေးမွေးနိုင်ကြောင်း တရားမျှတသော နည်းလမ်းဖြင့် စီးပွါးရှာဖွေ၍ ကုသိုလ်ကောင်းမှုကို ပြုစုနိုင်ကြောင်း ပြန်ပြောင်း မိန့်ကြားတော်မူခဲ့ပါသည်။

ဤနည်း ဤပုံလျှင် သား မယား ဟူသော အကြောင်း, ကျွန်ယောကျ်ား ကျွန်မိန်းမဟူသော အကြောင်း မိတ်သဟာယဟူသောအကြောင်း, ဆွေမျိုးရင်းချာဟူသော အကြောင်း, တမလွန်လောက ပြောင်းကြပြီးသော ဆွေဟောင်း မျိုးဟောင်း ဟူသော အကြောင်း, ညှဉ်သည်အာဂန္တုဟူသော အကြောင်း, မိမိကိုးကွယ်ရာနတ်ဟူသောအကြောင်း,မင်းဟူသောအကြောင်း, မိမိ၏ ခန္ဓာကိုယ် ဟူသော အကြောင်းကြောင့် အဓမ္မစရိယာ ဝိသမစရိယာ နည်းအားဖြင့် စီးပါးရှာခြင်း စသည်ကို ပြုသော ပုဂ္ဂိုလ်နှင့် မိမိ၏ ခန္ဓာကိုယ် ဟူသော အကြောင်းကြောင့် တရားမျှတသော နည်းလမ်းဖြင့် စီးပွါးရှာခြင်း ကို ပြုသောပုဂ္ဂိုလ် ဤသူနှစ်ယောက်တို့တွင် အဘယ်ပုဂ္ဂိုလ်သည် ပစ္စုပ္ပန် တမလွန် ခြိုးမှမ်းအပ်သော ပုဂ္ဂိုလ်ဖြစ်ပါသနည်းဟု မေးမြန်းတော်မူပါသည်။

မိမိ ခန္ဓာကိုယ် ဟူသော အကြောင်းကြောင့် တရားမျှတသော နည်းလမ်းဖြင့်သာ စီးပွါးရှာခြင်း စသည်ကို ပြုစုသော ပုဂ္ဂိုလ်အားသာ ခြိုးမှမ်း အပ်ပါကြောင်း ဓနဥ္ဇာနိပုဏ္ဏား ပြန်ပြောင်းလျှောက်ထားသည်တွင်—

ဤလောကဝယ် မိမိ ကိုယ်ကို မွေးမြူရေးအတွက် တရားသဖြင့် စီးပွါး ရှာဘို့ရန် နည်းလမ်းတွေ များစွာရှိကြောင်း ဤသို့ တရားသဖြင့် စီးပွါးရှာမှီး၍ မိမိကိုယ်ကိုလည်း မွေးမြူနိုင်ကြောင်း တမလွန်လောက သံသရာအတွက်လည်း ကုသိုလ်ကောင်းမှုတို့ကို ပြုနိုင်ရန် အကြောင်းရှိကြောင်း မိန့်ကြားတော်မူပါသည်။

ဤသို့လျှင် တရားစစ်မှုး ဖြစ်တော်မူသော သာရိပုတ္တရာမထေရ်သူမြတ်သည် ဓနဥ္ဇာနိပုဏ္ဏားအား တပါးသော နည်းလမ်း ဥပါယ်ဖြင့်လည်း အဆုံးအမ ဩဝါဒ အနုသာသနီစကား ကရုဏာရှေ့ထား၍ ပေးသနားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အပရဘာဂေ ပိ အာဝုသော အာယသ္မာ သာရိပုတ္တတ္ထရော ဓမ္မ-သေနာပတိ ကထံ ဓနဥ္ဇာနိဿ ဗြာဟ္မဏဿ မရဏသမယေ ဓမ္မ-ကထံ ကထေသိ၊ ကထဥ္ဆဿ အဘိသမ္ဘရာယော အဟောသိ။

ဝိဿဇ္ဇနာ။ ။အာပရဘာဂေ ပိ ဘန္တေ အာယသ္မာ သာရိပုတ္တတ္ထေရော ဓမ္မ-သေနာပတိ မနဥ္ဇာနိဿ ဗြာဟ္မဏဿ မရဏသမယေပိ စတ္တာ-ရော ဗြဟ္မဝိဟာရေ ဒေသေသိ၊ မနဥ္ဇာနိ စ ဘန္တေ ဗြာဟ္မ-ဏော ကာယဿ ဘေဒါ ပရံ မရဏာ ဗြဟ္မလောကူပဂေါ အဟောသိ။

အမေး။ ။ဤသို့ ငါ့ရှင် ဖြေဆိုခဲ့သည့်အတိုင်း တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်သူမြတ်သည် မနဥ္ဇာနိ မည်သော ပုဏ္ဏားအား ဓမ္မစရိယာ သမစရိယာ မည်သော တရားသော နည်းလမ်းဖြင့် ပစ္စည်းရှာခြင်း စသည်ကို ပြုလုပ်၍ ကုသိုလ်ကောင်းမှုတရား၌ မမေ့မလျော့စေရန် အဆုံးအမသြဝါဒပေးခဲ့ပြီးလျှင် အတန်ကြာသော နောက်အခါကာလ၌လည်း တရားစစ်သူကြီး ဖြစ်သော အရှင်သာရိပုတ္တရာမထေရ်မြတ်သည် မနဥ္ဇာနိ မည်သော ပုဏ္ဏားကြီး၏ အသက်တမ်းကုန်၍ စုတေခါနီး သေခါနီးဖြစ်သော အခါကာလဝယ် အဘယ်ပုံ အဘယ်နည်းဖြင့် တရားကို ဟောကြားတော်မူခဲ့ပါသနည်း၊ မနဥ္ဇာနိ မည်သော ထိုပုဏ္ဏားကြီးအားလည်း နောင်တမလွန်ဘဝသို့ လားရခြင်းသည် အဘယ်သို့ သဘောရှိခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤသို့ ဓမ္မစစ်မှုး ဖြစ်တော်မူသော သာရိပုတ္တရာမဟာထေရ်မြတ်သည် ဆယ်ရပ်သောဌာနတို့၌ပင်လျှင် ဓဋ္ဌကထာ ဟောကြားတော်မူပြီးသည်၏အဆုံး၌ မနဥ္ဇာနိပုဏ္ဏားသည် အရှင်သာရိပုတ္တရာ မထေရ်သူမြတ်၏တရားစကားကို နှစ်လိုအားရမ်း ဝမ်းမြောက်ဝမ်းသာ သာဓု အနုမောဒနာခေါ်၍ ဖယ်ရှားသွားခဲ့ပါသည်။

နောက်အရွယ်ရင့်ရော်၍ စုတိပြတ်ကြွေ သေခါနီးကာလ မရဏန္တိကဝေဒနာ[1] မနဥ္ဇာနိပုဏ္ဏားအား စံရောက်သောအခါ၌ လုလင်တယောက်ကို စေလွှတ်၍ အရှင်သာရိပုတ္တရာ မထေရ်သူမြတ်ကို ပင့်စေပါသည်၊ အရှင်သာရိပုတ္တရာမထေရ်မြတ်သည်လည်း မနဥ္ဇာနိပုဏ္ဏား၏ မရဏာညောင်စောင်းလျောင်းရာဌာနသို့ ကိုယ်တိုင် ကြွရောက်တော်မူ၍ ဂိလာနပုစ္ဆက[2]အဖြစ်ဖြင့် ကိုယ်တိုင်မေးမြန်းတော်မူပါသည်။

၁။ မရဏန္တိကဝေဒနာ = သေအံ့သောဘ၀ါဖြစ်ပွါးသည့်ရောဂါဝေဒနာ။
၂။ ဂိလာနပုစ္ဆက = လူမမာသတင်းမေးပုဂ္ဂိုလ်။

ရောဂါဝေဒနာ.မသက်သာကြောင်း တိုးဘို့ရန် အရိပ်သာလျှင် ထင်မြင်ကြောင်း ဆုတ်ယုတ်ဘို့ အရိပ်မထင်မြင်ကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင် မရဏန္တိက ဝေဒနာ နှိပ်စက်သည်ကို သိမြင်တော်မူသဖြင့် အရှင်သာရိပုတ္တရာမထေရ်သူမြတ်သည်—

ဓနဉ္ဉာနိပုဏ္ဏား....သင်၏ အသိဉာဏ်ဝယ် ငရဲပြည်နှင့် တိရစ္ဆာန်ပြည်သည် အဘယ်ဘုံက မြတ်ပါသနည်း ဟု မေးမြန်းသောအခါ တိရစ္ဆာန်ပြည်က မြတ်ပါကြောင်း ပြန်ပြောင်းလျှောက်ထားပါသည်။

တိရစ္ဆာန်ဘုံနှင့် ပြိတ္တာဘုံ၊ ပြိတ္တာဘုံနှင့် အသူရကာယ်ဘုံ၊ အသူရကာယ်ဘုံနှင့်လူ့ဘုံ၊ လူ့ဘုံနှင့် စတုမဟာရာဇ်၊ စတုမဟာရာဇ်နှင့် တာဝတိံသာ၊ တာဝတိံသာနှင့် ယာမာ၊ ယာမာဘုံနှင့် တုသိတာဘုံ၊ တုသိတာဘုံနှင့် နိမ္မာနရတိဘုံ၊ ဓနဉ္ဉာနိပုဏ္ဏား....နိမ္မာနရတိဘုံနှင့် ပရနိမ္မိတဝသဝတ္တိဘုံ နှစ်ဘုံရှိသည့်အနက် အဘယ်ဘုံသည် ပို၍မြတ်ပါသနည်း ဟု မေးမြန်းတော်မူသောအခါ ပရနိမ္မိတဝသဝတ္တီဘုံသည် ပို၍မြင့်မြတ်ပါကြောင်း ပြန်ပြောင်းလျှောက်ထားခဲ့ပါသည်။

တဖန် အရှင်သာရိပုတ္တရာ မထေရ်သူမြတ်က ဓနဉ္ဉာနိပုဏ္ဏား....ပရနိမ္မိတဝသဝတ္တီဘုံနှင့် ဗြဟ္မာ့ပြည်သည် မည်သည့်ဘုံကသာလွန်၍မြင့်မြတ်ပါကြောင်း ပြန်ပြောင်းမေးမြန်းတော်မူသည်တွင်—

ဗြာဟ္မဏတို့၏ အယူဝါဒ၌ ဗြဟ္မာ့ပြည်ကို လွန်စ့ဲ လွန်စ့ဲ စဲ့လန်းသည်အား လျှောက်ပတ်စ့ဲ—

အရှင်သာရိပုတ္တရာ မထေရ်သူမြတ်ဘုရား.... ဗြဟ္မာ့ပြည်ကို မိန့်တော်မူပါသလား ဘုရား ဟု နှစ်ကြိမ် သုံးကြိမ် ထပ်ဆင့်၍ မေးမြန်းပါသည်။

ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်သူမြတ်သည် "ဤဓနဉ္ဉာနိပုဏ္ဏားကား ဗြာဟ္မဏဇာတ်ဝင်ပီပီ ဗြဟ္မာ့ပြည်ကို လွန်စ့ဲ ကောင့်တပုံ ရပေသည်" ဟု ဗြဟ္မာ့ပြည်ရောက်ကြောင်း မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ တည်းဟူသော ဗြဟ္မဝိဟာရ ဗြဟ္မာ့ပြည်ရောက်ကြောင်း အကျင့်ပဋိပတ်ကို အကျယ်တဝင့် ဟောကြားတော်မူပြီးလျှင် နေရာမှထ၍ ဖဲတော်မူခဲ့ပါသည်။

အရှင်သာရိပုတ္တရာ ကြွတော်မူ၍ မကြာမြင့်မီပင်လျှင် ထိုမနုဉ္ဉာနိပုဏ္ဏားသည်လည်း ကိုယ်ခန္ဓာပျက်၍ စုတေသည်မှ နောက်ကာလဝယ် ဗြဟ္မာ့ပြည်သို့ ကပ်ရောက်ခဲ့ပါသည်။

ဤသို့လျှင် မနုဉ္ဉာနိပုဏ္ဏားအား စုတေခါနိုး ကာလ၌ ဓမ္မစစ်မှုး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်သူမြတ်သည် ဗြဟ္မဝိဟာရတရား လေးပါးကို ဟောကြားတော်မူခဲ့ပါသည်၊ မနုဉ္ဉာနိပုဏ္ဏားသည်လည်း ဤလျှောက်ဆို အပ်ပြီးသည့်အတိုင်း စုတေသည်မှ နောက်ကာလဝယ် ဗြဟ္မာ့ပြည်သို့ ကပ်ရောက်ခဲ့ပါသည် အရှင်ဘုရား။

မနုဉ္ဉာနိသုတ် ပြီး၏

ဝါသေဋ္ဌသုတ်

ပုစ္ဆာ။ ။ဝါသေဋ္ဌသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ဣစ္ဆာနင်္ဂလေ ဘဒ္ဒေ ဝါသေဋ္ဌံ မာဏဝံ အာရဗ္ဘ ဘာသိတံ။ ဝါသေဋ္ဌော ဘဒ္ဒေ မာဏဝေါ ဘဂဝန္တံ ဂါထာဟိ အဇ္ဈဘာသိ —

"အနုညာတပဋိညာတာ၊ တေဝိဇ္ဇာ မယမသ္မုဘော။
အဟံ ပေါက္ခရသာတိဿ၊ တာရုက္ခဿာယံ မာဏဝေါ။
တေဝိဇ္ဇာနံ ယဒက္ခာတံ၊ တတြ ကေဝလိနေသ္မသေ။
ပဒကသ္မာ ဝေယျာကရဏာ၊ ဇပေ အာစရိယသာဒိသာ။
တေသံ နော ဇာတိဝါဒသ္မိံ၊ ဝိဝါဒေါ အတ္ထိ ဂေါတမ။
ဇာတိယာ ဗြာဟ္မဏော ဟောတိ၊ ဘာရဒ္ဒါဇော ဣတိ ဘာသတိ။
အဟဉ္စ ကမ္မုနာ ဗြူမိ၊ ဧဝံ ဇာနာဟိ စက္ခုမ။
တေန သင်္ကောမ ဉာပေတုံ၊ အညံမညံ မယံ ဥဘော။
ဘဝန္တံ ပုဋ္ဌုမာဂမာ၊ သမ္ဗုဒ္ဓံ ဣတိ ဝိဿုတံ။
စက္ခုံ ယထာ ခယာတီတံ၊ ပေစ္စ ပဋ္ဌလိကာ ဇနာ။
ဝန္ဒမာနာ နမဿန္တိ၊ ဧဝံ လောကသ္မိံ ဂေါတမံ။

စက္ခုံ လောကေ သမုပ္ပန္နံ၊ မယံ ပုစ္ဆာမ ဂေါတမံ။
ဇာတိယာ ဗြာဟ္မဏော ဟောတိ၊ ဥဒါဟု ဘဝတိ ကမ္မုနာ။
အဇာနတံ နော ပဗြူဟိ၊ ယထာ ဇာနေမု ဗြာဟ္မဏန္တိ။
တသ္မိံ ဘန္တေ ဝဏ္ဏာသ္မိံ ဘာသိတံ။

အမေး။ ။ဝါသေဋ္ဌမည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော် ၆-ပါးနှင့်ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဣစ္ဆာနင်္ဂလအရပ်ဝယ် ဝါသေဋ္ဌပုဏ္ဏားလုလင်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

မြတ်စွာဘုရားသခင် ဣစ္ဆာနင်္ဂလတောအုပ်၌ သီတင်းသုံးနေတော်မူစဉ် ပေါက္ခရသာတိဆရာကြီး၏တပည့်ဖြစ်သော ဝါသေဋ္ဌပုဏ္ဏားလုလင်နှင့် တာရုက္ခဆရာကြီး၏တပည့်ဖြစ်သော ဘာရဒ္ဒွါဇပုဏ္ဏားလုလင်တို့ ဇာတ်ကြောင့် ဗြာဟ္မဏဖြစ်သည် အကျင့်သီလကံကြောင့် ဗြာဟ္မဏဖြစ်သည် အငြင်းပွါးကြ၍ ဘုရားထံမှောက်လာရောက်ကြပြီးလျှင် ဝါသေဋ္ဌပုဏ္ဏားလုလင်က “အနုညာတပဋိညာတာ၊ တေဝိဇ္ဇာ မယမသ္မုဘော” အစရှိသော (၇)ဂါထာတို့ဖြင့် မိမိတို့၏ ဂုဏ်ထူးနှင့်တကွ အငြင်းပွါးပုံကိုဖော်ပြ၍ မြတ်စွာဘုရား၏ ကျေးဇူးဂုဏ်တို့ကို ချီးကျူးလျက် ဇာတ်ကြောင့်ပင် ဗြာဟ္မဏဖြစ်လေသလော သို့မဟုတ် အကျင့်သီလကံကြောင့်ပင် ဗြာဟ္မဏဖြစ်လေသလော ဟု မေးမြန်းလျှောက်ထားပါသည်။

ထို့သို့ ဝါသေဋ္ဌပုဏ္ဏားလျှောက်ထားမေးမြန်းသောအကြောင်းအဋ္ဌုပ္ပတ်ကြောင့် ဇာတ်ကြောင့် ဗြာဟ္မဏ အဗြာဟ္မဏ မဖြစ်နိုင် ကံကြောင့်သာ ဗြာဟ္မဏ မည်သောသူ မမည်သောသူ ဖြစ်နိုင်ကြောင်း အချုပ်အားဖြင့် အာသာဝေါကုန်ခမ်း ရဟန္တာဖြစ်မှသာ ဗြာဟ္မဏစင်စစ် ဖြစ်နိုင်ကြောင်း အကျယ်တဝင့် ဂါထာတို့ဖြင့် ဖွင့်ပြ၍ ဤဝါသေဋ္ဌသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဝါသေဋ္ဌသုတ် ပြီး၏

သုဘသုတ်

ပုစ္ဆာ။ ။သုဘသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယ ဘန္တေ သုဘ မာဏဝ တောဒေယျပုတ္တ အာရဗ္ဘ ဘာသိတံ။ သုဘော ဘန္တေ မာဏဝေါ တောဒေယျပုတ္တော ဘဂဝန္တံ ဥပသင်္ကမိတ္ဝာ တေဒဝေါစ "ပြာဟ္မဏာ ဘော ဂေါတမ ဧဝမာဟံသု' ဂဟဋ္ဌော အာရာဓကော ဟောတိ ဥဘယံ ဓမ္မံ ကုသလံ၊ နု ပဗ္ဗဇိတော အာရာဓကော ဟောတိ ဥဘယံ ဓမ္မံ ကုသလန္တိ၊ ဣဓ ဘဝံ ဂေါတမော ကိမာဟာ" တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။သုဘမည်သောသုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အာဘယ်အရပ်ဒေသ၌ အာဘယ်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ အာဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် တောဒေယျပုဏ္ဏား၏သား သုဘလုလင်ကိုအကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။ သုဘလုလင်သည် မြတ်စွာဘုရားထံမှောက်ဆည်းကပ်၍ ပြာဟ္မဏာ ဘော ဂေါတမ ဧဝမာဟံသု အစရှိသည်ဖြင့်—

အိုအရှင်ကြီးဂေါတမ....ပြာဟ္မဏဇာတ်ရှိသူ ခပ်သိမ်းသော သူတို့ကပင် လျှင် လူဝတ်ကြောင်သည် မင်္ဂိုလ်အား လျောက်ပတ်သော ကောင်းမှုကုသိုလ်တရားကို ပြီးစေနိုင်သည်၊ ရဟန်းအဖြစ်သို့ ကပ်ရောက်သော ပုဂ္ဂိုလ်သည် မင်္ဂိုလ်အား လျောက်ပတ်သော နိဗ္ဗာန်အား လျောက်ပတ်သော ကုသိုလ်တရားကို မပြီးစေနိုင် မပွါးများနိုင် ဟူ၍ ပြောဆိုကြပါသည်။

ဤသို့ ပြာဟ္မဏတို့ ပြောဆိုသော စကား၌ အရှင်ဂေါတမသည် မည်သို့ဆိုလိုပါသနည်း ဟု လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညူမြတ်စွာဘုရားက—

သုဘလုလင်....ငါဘုရားသည် ဤနေရာ၌ ခဲ့ခြမ်းစိတ်ဖြာ၍သာ ဟောဆိုလေ့ရှိသည်၊ ဤအရာဝယ် တခုသောစကားကို သာ ပြောကြားလေ့ရှိသည် မဟုတ်၊

သုဘလုလင်....ငါဘုရားသည် အသုံးစုံသောချင်ကိုင်း လူကိုင်း အလုံးစုံသော ရှင်လူတို့၏ပင် မိစ္ဆာပဋိပတ္တိတည်းဟူ သော ဖောက်ဖောက်ပြန်ပြန် မှားမှားယွင်းယွင်း အကျင့် ပဋိပတ်ကို ငါဘုရားခြိမ့်မိမ်းတော်မမူ။

ဤလောကဝယ်လူပင်ဖြစ်စေ ရှင်ပင်ဖြစ်စေ ကောင်းမြတ်သော သမ္မာပဋိပတ်ကို ကျင့်ကြံသည်ရှိသော် နိဗ္ဗာန်မင်္ဂဖိုလ်အား လျောက်ပတ်သော ကောင်းမှုကုသိုလ်တရားကို ပြီးစေနိုင်ပေသည်။

လူဖြစ်စေ ရှင်ဖြစ်စေ သမ္မာပဋိပတ္တိနှင့် ကောင်းမြတ်သော အကျင့် ပဋိပဒါနှင့် မပြည့်စုံဘဲ ဖောက်ပြန်မှားယွင်းသော မိစ္ဆာပဋိပဒါကို ကျင့်ကြံသူ ဖြစ်ပါမူကား လူပင်ဖြစ်ဖြစ် ရှင်ပင်ဖြစ်ဖြစ် နိဗ္ဗာန်မင်္ဂဖိုလ်အား လျော်သော ကုသိုလ်တရားကို ပြီးစေနိုင်မည် မဟုတ်ကြောင်း ပြန်ပြောင်း မိန့်ကြားတော်မူခဲ့ပါသည်။

ဤသို့လျှင် သုဘလုလင် လျှောက်ထားသော အကြောင်းကြောင့် ဤသုဘသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညူမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ပုန ပိ အာဝုသော သုဘော မာဏဝေါ တောဒေယျပုတ္တော ကထံ ဘဂဝန္တံ ပုစ္ဆိ၊ ကထဥ္စဿ ဘဂဝါ ဝိဘဇ္ဇ ဗျာကာသိ၊

ဝိဿဇ္ဇနာ။ ။“ဗြာဟ္မဏာ ဘော ဂေါတမ ဧဝမာဟံသု ‘မဟဋ္ဌမိဒံ မဟာ-ကိစ္စံ မဟာဓိကရဏံ မဟာသမာရမ္ဘံ၊ ဃရာဝါသကမ္မဋ္ဌာနံ မဟပ္ဖလံ ဟောတိ။ အပဋ္ဌမိဒံ အပကိစ္စံ အပါဓိကရဏံ အပ-သမာရမ္ဘံ၊ ပဗ္ဗဇ္ဇာ ကမ္မဋ္ဌာနံ အပဖလံ ဟောတီ’တိ။ ဣဓ ဘဝံ ဂေါတမော ကိမာဟာ”တိ။ ဧဝံ ဝေါ ဘန္တေ သုဘော မာဏဝေါ တောဒေယျပုတ္တော ပုန ပိ ဘဂဝန္တံ ပုစ္ဆိ။ ဘဂဝါ စ ဘန္တေ “ဧတ္ထာပိ ခေါ အဟံ မာဏဝ ဝိဘဇ္ဇဝါဒေါ၊ နာဟ-မေတ္ထ ကေဝလိဝါဒေါတိ” ဧဝမာဒိနာ ဝိဘဇ္ဇ ဗျာကာသိ။

အမေး။ ။တောဒေယျပုဏ္ဏား၏ သားဖြစ်သော သုဘလုလင်သည် ပဌမမေးခွန်းကို မြတ်စွာဘုရား ဝေဘန်၍ ဖြေကြားသောအခါကာလဝယ် တဖန် ထပ်၍လည်း အဘယ်သို့သော အမေးပုစ္ဆာကို မေးမြန်းလျှောက်ထား ပါသနည်း။မြတ်စွာဘုရားသခင်ကလည်း ထိုသုဘလုလင်အား အဘယ်သို့လျှင် ဝေဘန်ခဲ့ခြား၍ ဖြေကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။တောဒေယျပုဏ္ဏား၏သား သုဘလုလင်သည် တဖန် ထပ် လျှောက်၍ ဗြာဟ္မဏာ ဘော ဂေါတမ ဝေမာဟံသု အံစရိုံသည်ဖြင့်—

အို အရှင်ကြီးဂေါတမ.... ဗြာဟ္မဏဇာတ်ရှိသူတို့က လူဝတ်ကြောင်တို့၏ ကမ္မဋ္ဌာန်းအလုပ် အားထုတ်ခြင်းသည် ကိစ္စလည်း အလွန် များလှသည်၊ အားထုတ်ရခြင်းလည်း လွန်စွာ့ လွန်စွာ အားထုတ်ရခြင်း ဖြစ်သည်၊ အကျိုး လည်း အလွန်များသည် ဟူ၍ ပြောဆိုကြပါသည်။

ရဟန်း ဖြစ်သော ပုဂ္ဂိုလ်တို့၏ ကမ္မဋ္ဌာန်း အလုပ်သည်ကား ကိစ္စ နည်းပါး၍ အကျိုးလည်း နည်းပါးလှသည်ဟု ပြောဆိုကြပါသည်။ ဤစကားရပ်၌ အရှင်ကြီးဂေါတမသည် မည်သို့ ဆိုလိုပါသနည်း ဟု တဖန် ဧမးမြန်းလျှောက် ထားခဲ့ပါသည်။

ထိုအခါသဗ္ဗညုမြတ်စွာဘုရားက ဧတ္ထာပိ ခေါ အဟံ မာဏဝ ဝိဘင်္ဂဝါဒေါ အစရိုသည်ဖြင့်—

သုဘလုလင်....ဤအရာ၌လည်း ငါဘုရားကား ခဲ့ခြမ်းစိတ်ဖြာ၍သာလျှင် ဟောကြားလေ့ ရှိပေသည်။ ငါဘုရားသည် ဤအရာ၌လည်း တခွန်းတည်း တစုတည်း တဖို့တည်း ပြောကြားလေ့မရှိပေ။

ဤလောကဝယ် လူတို့၏ကိစ္စ၌လည်း လေးမျိုးပင် ရှိပေသည်။

၁။ လယ်သမားတို့သည် ပြုလုပ်အပ်သော အမှုကိစ္စသည်ကား အလွန် အလွန်ကိစ္စများ၍ မပြည့်စုံ မလုံလောက် အကြောင်းမညီညွတ်ခဲ့သော် အကျိုး တရားကား နည်းနည်းပါးပါးသာလျှင် ရရှိခဲ့ပေသည်။

၂။ လယ်သမားတို့၏ အလုပ်သည်ပင်လျှင် ကိစ္စများလှ၍ အကယ်၍ အကြောင်းညီညွတ်ပြည့်စုံပါမူ များစွာသောအကျိုးကို ရရှိနိုင်ပေသည်။

၃။ ကုန်သည်၏ အလုပ်သည်ကား နည်းပါးသော ကိစ္စရှိ၍ အကြောင်း မညီညွတ်လျှင် အနည်းငယ်မျှ အကျိုးရပေသည်။

၄။ ကုန်သည်၏ ကိစ္စသည်ပင်လျှင် (ကုန်သည် အလုပ်သည်ပင်လျှင်) နည်းပါးသောကိစ္စရှိ၍ အကြောင်းညီညွတ်သော် များစွာသော အကျိုးကို ရရှုနိုင်ပေသည်။

လောကဋ္ဌ အလုပ်ကိစ္စသည် လေးမျိုး လေးစား ဤဆိုအပ်ပြီးသော နည်းအတိုင်း ပြားသကဲ့သို့ ထို့အတူ သာသနာတော်နှင့် စပ်သွယ်ရာ ကမ္မဋ္ဌာန်း အလုပ်ကိုလည်း ငါဘုရားသည် လေးမျိုးလေးစား ပင် ပညတ်ဟောကြားပေသည်။

၁။ လူဝတ်ကြောင်တို့ ကမ္မဋ္ဌာန်းအလုပ် ပြုလုပ်ရခြင်းမှာ ကိစ္စအလွန် တရာ များပြား၍ အာယ်၍ အထမမြောက် မပြည့်စုံခဲ့ပါလျှင် အကျိုးတရား နည်းနည်းပါးပါးသာ ရရှိပေသည်။

၂။ ထိုလူဝတ်ကြောင်တို့သည်ပင်လျှင် ကမ္မဋ္ဌာန်းအလုပ် ကြိုးပမ်း အားထုတ်သော အခါ ကိစ္စဝိဇ္ဇကား များပြားလှ၍ အကြောင်းညီညွတ်ပါမူ အရဟတ္တဖိုလ်တိုင်အောင် မြားမြောက်သော အကျိုးကို ရနိုင်ပေသည်။

၃။ သာသနာဝန်ထမ်း ရဟန်းတော်တို့၏ ကမ္မဋ္ဌာန အလုပ်သည်မူကား အလုပ်ကိစ္စနည်းပါး၍ အကြောင်းမညီညွတ်လျှင် အကျိုး နည်းနည်းပါးပါးသာ ရနိုင်ပေသည်။

၄။ ထိုသာသနာဝန်ထမ်း ရဟန်းတော်တို့၏ ကမ္မဋ္ဌာန အလုပ်သည် ပင်လျှင် အကြောင်းညီညွတ်ပါက ကိစ္စနည်းပါး၍ များစွာသော အကျိုးကို ရနိုင်ပေသည်၊ အရဟတ္တဖိုလ်တိုင်ရောက်အောင် လူတို့ကဲ့သို့ပင် များစွာသော အကျိုးကို ရနိုင်ပေသည်။

ဤသို့လျှင် ကမ္မဋ္ဌာန အလုပ်ကိုလည်း လူတို့၏ ကမ္မဋ္ဌာနအလုပ် ရဟန်းတို့၏ ကမ္မဋ္ဌာနအလုပ် နှစ်မျိုးနှစ်စားကိုပင်လျှင် နှစ်ပါးစီ ဝေဘန်၍ ဝိဘင်္ဂ ဝါဒိပိဋကတ် ဟောကြားတော်မူခဲ့ကြောင်း သဗ္ဗညုမြတ်စွာဘုရား သုဘလုလင်အား စိတ်ဖြာခဲ့ခြား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

သုဘသုတ်ပြီး၏

သင်္ဂါရဝသုတ်

ပုစ္ဆာ။ ။သင်္ဂါရဝသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ကောသလေသု ဘန္တေ စာ္ဍလိကပေ္ပ နာမ ဂါမေ သင်္ဂါရဝံ မာဏဝံ အာရဗ္ဘ ဘာသိတံ၊ သင်္ဂါရဝေါ ဘန္တေ မာဏဝေါ ဘဂဝန္တံ တေဒဝေါစ "သန္တိ ဓေါ ဘော ဂေါတမ ဧကေ သမဏဗြာဟ္မဏာ ဒိဋ္ဌမဂ္ဂဘိညာဝေါသာနပါရမိပ္ပတ္တာ အာဒိ-ဗြဟ္မစရိယံ ပဋိဇာနန္တိ။ တတြ ဘော ဂေါတမ ယေ ဧတ သမဏဗြာဟ္မဏာ ဒိဋ္ဌမဂ္ဂဘိညာဝေါသာနပါရမိပ္ပတ္တာ အာဒိဗြဟ္မစရိယံ ပဋိဇာနန္တိ၊ တေသံ ဘဝံ ဂေါတမော ကတမော"တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။သင်္ဂါရဝမည်သော သူတွန်တရားဒေသနာတော်ကို သဗ္ဗညူ မြတ်စွာဘုရားသခင်သည် အဘယ် အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကိုအကြောင်း ပြု၍ ဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ကောသလတိုင်းအဝင်အပါ စဉ္ဆလိမည်သောရွာ၌ သင်္ဂါရဝ လုလင်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သင်္ဂါရဝ လုလင်သည် သဗ္ဗညူမြတ်စွာဘုရား စဉ္ဆလိရွာသို့မငြာက်မီ ကောသလတိုင်း၌ ခရီးဒေသစာရီ ကြွချီတော်မူသော အခိုက် ထိုသင်္ဂါရဝ လုလင်၏ မရီးတော် ဖြစ်သော .ဓနဉ္ဇာနီပုဏ္ဏေးမသည် မတော်တဆ ချွတ်ချော်တိမ်းလဲသော အခါတို့၌ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ-ဟု ဘုရားရှင်ကိုသာ ရည်ညွှန်း၍ ဥဒါန်းကျူးရင့်သည်ကို မခံမရပ်နိုင် ဖြစ်၍—

ဤဓနဉ္ဇာနီပုဏ္ဏေးမသည် တဝိဇ္ဇပုဏ္ဏားတို့ ထင်ရှားရှိသည်ဖြစ်ပါလျက် တဝိဇ္ဇပုဏ္ဏားတို့ကို လွှမ်းမိုးဘိ၏တကား၊ ထိုဦးပြည်းရဟန်း၏ ဂုဏ်ကျေးဇူးစကားကိုသာ ပြောဆိုဘိ၏တကား ဟူ၍ ရေရွတ်ပြောဆို ခဲ့ပါသည်။

ထိုအခါ မနုဉ္ဇာနီပုဏ္ဏေးမက “အမောင်သည် သဗ္ဗညုမြတ်စွာဘုရား၏ သီလ သမာဓိ ပညာဂုဏ်ကို မသိသေး၍သာ ဤသို့ သဗ္ဗညုမြတ်စွာဘုရားအား ရေရွတ်ကောင်းသည် ဟူ၍ မှတ်ထင်သည်၊ အကယ်၍ သဗ္ဗညုမြတ်စွာဘုရား၏ သီလ သမာဓိ ပညာဂုဏ်ကို သိပါမူ ဤသို့ ရေရွတ်ကောင်းသည်ဟု မမှတ်ထင်ရာဟု ပြန်ပြောင်းပြောဆိုခဲ့ပါသည်။

ထိုအခါ သင်္ဂါရဝလုလင်က အကြင်အခါ၌ သင်၏ဆရာ ရဟန်းကြီး ဂေါတမသည် စဉ္ဆလိရွာသို့ရောက်လာ၏၊ ထိုအခါ ငါ့အား ပြန်ကြားပြောဆို ပါလေဟု မှာထားပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် အစဉ်သဖြင့် ခရီးဒေသစာရီ ကြွချီတော်မူသောအခါ စဉ္ဆလိရွာသို့ ရောက်ရှိတော်မူပါသည်။ မနုဉ္ဇာနီပုဏ္ဏေးမသည်လည်း သဗ္ဗညုမြတ်စွာဘုရား စဉ္ဆလိရွာသို့ ရောက်လာတော်မူပြီဖြစ်ကြောင်း ပြန်ပြောင်းပြောဆိုသည်တွင် သင်္ဂါရဝလုလင်သည် သဗ္ဗညုမြတ်စွာဘုရား ထံမှောက်သို့ သွားရောက်၍ သန္ဓိ ဘော ဂေါတမ ဧကေ သမဏဗြာဟ္မဏာ အစရှိသည်ဖြင့်—

အို အရှင်ကြီးဂေါတမ.... ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားတို့သည် ဒိဋ္ဌမွေမျက်မှောက်ပစ္စုပ္ပန် ဘဝ၌ပင်လျှင် အသိဉာဏ်၏ အထူး၌အထိပ် အဆုံးသို့ရောက်၍ **အာဒိဗြဟ္မစရိယ** အမည်ရှိသော မြတ်သောအကျင့်ကို ရ၏ဟု ဝန်ခံကြပါကုန်သည်။ သို့ ဝန်ခံကြသော ပုဂ္ဂိုလ်တို့တွင် အရှင်ဂေါတမကား အဘယ်ပုဂ္ဂိုလ်မျိုး ဖြစ်ပါသနည်း ဟု လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက **ဒိဋ္ဌမွေအဘိညာဝေါသာနပါရမိပ္ပတ္တ** ဟူ၍ ဝန်ခံကြသော ပုဂ္ဂိုလ်တို့၏ အထူးအပြားကို ငါဘုရားခဲ့ခြားစိတ်ဖြာ၍ သိမြင်ပါသည်။

၁။ သင်္ဂါရဝလုလင်.... ဤလောက၌ သင်တို့လို တဝိဇ္ဇာဗြာဟ္မဏတို့လို အချို့သော ပုဂ္ဂိုလ်တို့သည် တဆင့်ကြား **အနုဿဝ**မျှဖြင့် ဒိဋ္ဌမွေအဘိညာဝေါသာနပါရမိပ္ပတ္တ-မျက်မှောက်ဘဝမှာပင်လျှင် အသိဉာဏ်၏ အဆုံးအထူး၌ အထိပ်သို့ရောက်၍ မြတ်သောအကျင့်ကို ငါကျင့်သုံးပြီးပြီ ဟူ၍ သူတဆင့်ကြားဖြင့် ဝန်ခံသူမျှားလည်း ရှိကြပါပေသည်၊ ဤလည်း တမျိုး ဖြစ်ပေသည်။

၂။ သင်္ဂါရဝပုဏ္ဏားအခါ ရဟန်းပုဏ္ဏားတို့သည်ကား အဆင့်ကြား မဟုတ်ဘဲ သူတပါးတို့အား ယုံကြည်သဖြင့် သဒ္ဓါမျှဖြင့် **တက္ကီ**သမားတို့ကဲ့သို့ မျက်မှောက် ပစ္စုပ္ပန် ဘဝဋ္ဌပင်လျှင် အသိဉာဏ်၏ အထွဋ်အထိပ်သို့ ရောက်၍ မြတ်သောအကျင့်ကို ကျင့်သုံးပြီးကြောင်း ဝန်ခံကြပေသည်၊ ဤကားဒုတိယပုဂ္ဂိုလ်မျိုး ဖြစ်ပေသည်။

၃။ သင်္ဂါရဝပုဏ္ဏားအခါ ဤလောကဌ် တကယ်ပညာရှိသော အခြို့သော ပုဂ္ဂိုလ်တို့သည် ရှေးကတကြိမ်တဖန် တရံတခါမျှ မကြားစဘူးသော သိသင့်သိထိုက်သော အဘိညေယျတရားတို့ကို ကိုယ်တိုင်မျက်မှောက် ဆိုက်ရောက်သိမြင်ပြီးမှ မျက်မှောက် ပစ္စုပ္ပန်ဘဝဌ် အသိဉာဏ်၏ အထွဋ်အထိပ်ဖြစ်သော အရဟတ္တဖိုလ်သို့ရောက်ကြောင်း ဝန်ခံကြသူ ရှိပေသည်။ ဤကား တတိယပုဂ္ဂိုလ်ဖြစ်ပါသည်။

ဤသို့လျှင် ဒိဋ္ဌဓမ္မအဘိညာဝေါသာန ပါရမီပွတ္တာဇန်ခံကြသူ ပုဂ္ဂိုလ် သုံးမျိုး သုံးစား ရှိသည့်အနက် ငါဘုရားသည်ကား ကိုယ်တိုင်ပင်လျှင် ရှေးက မကြားဘူးသောတရား မသိဘူးသောတရား တို့ကို သယမ္ဘူဉာဏ်ဖြင့် ကိုယ်တိုင် သိပြီးမှ မျက်မှောက်ပစ္စုပ္ပန်ဘဝဌ် အသိဉာဏ်၏ အထွဋ်အထိပ် အရဟတ္တမဂ် အရဟတ္တဖိုလ်ဉာဏ်သို့ ရောက်သည်ဟု ဝန်ခံသော ပုဂ္ဂိုလ်မျိုးဖြစ်ကြောင်း သဗ္ဗညုမြတ်စွာဘုရား တောထွက်တော်မူသည်မှစ၍ အရဟတ္တဖိုလ်တိုင်မြောက် သဗ္ဗညုတဉာဏ်တော်ကို ရသည် ရောက်သည်တိုင်အောင် အကျယ်တဝင့် ဖွင့်ပြဟောကြားရာဖြစ်သော ဤသင်္ဂါရဝသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် ကောသလတိုင်းအဝင်အပါ စဉ့်လိကပွဂ္ဂဒ္ဒါ သင်္ဂါရဝ အမည်ရသော ဗြာဟ္မဏလုလင်ငယ်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

သင်္ဂါရဝသုတ်ပြီး၏

မင်္ဂလိမပဏ္ဏာသအဖေးအဖြေ ပြီးပြီ

ဥပရိပဏ္ဏာသပါဠိတော် အမေးအဖြေ

ဒေဝဒဟသုတ်

ပုစ္ဆာ။ ။တေနာဝုသော ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာ-သမ္မုဒ္ဓေန ဒေဝဒဟသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သင်္ကေသု ဘန္တေ ဒေဝဒဟော နာမ သက္ယာနံ နိဂမေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော ဥယျဉ်ခင်းပါး တရားအလုံးစုံကို အကုန်အစင် ကိုယ်တော်တိုင်ပင် သိမြင်တော်မူပြီးသော ဘုန်းတော်ခြောက်ပါးသခင် ထိုဘုရားရှင်သည် မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသပါဠိတော်၌ ရှေးဦးစွာ သံဂါယနာတင်၍ ထားသော ဒေဝဒဟမည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤလောကဝယ် ရှိကြသည့် **ပုဗ္ဗေကတဟေတု**[1] အယူရှိသော ပုဂ္ဂိုလ်တို့၏ အခြေအမြစ်မရှိပုံ အလုံးစုံကိုငင်း ထိုပုဗ္ဗေကတဟေတု အယူရှိသော ပုဂ္ဂိုလ်တို့၏လည်း ပစ္စုပ္ပန်ဘဝ၌ပင် ဆယ်ပါးသော ဌာနတို့၌ အကဲ့ရဲ့ခံရပုံကိုငင်း **မဇ္ဈိမပဋိပဒါ ဖြစ်ပါသော** ဤသာသနာ၌မူ ဆယ်ပါးသော ဌာနတို့ဖြင့် အခြိုးအမှမ်းခံရပုံကိုငင်း အကျယ်တဝင့် ဖွင့်ပြဟောကြားရာဖြစ်သော ဤဒေဝဒဟ သုတ္တန်ဒေသနာတော်မြတ်ကို သင်္ကတိုင်း အဝင်အပါ ဒေဝဒဟပြည်အရပ်၌ များစွာသော ဓမ္မပဋိဂ္ဂါဟက ရဟန်းတော်တို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဒေဝဒဟသုတ် ပြီး၏

ပဥ္စတ္တယသုတ်

ပုစ္ဆာ။ ။ပဥ္စတ္တယသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ။

၁။ ပုဗ္ဗေကတဟေတု-ရှေးဘဝတို့ကပြုခဲ့သည့်ကံကုသာ လွဲချယ်ကြည်သည့်အယူမျိုး "လူမတန် ကံကို ချ" ဟူသောစကားသည် ဤဒိဋ္ဌိကိုရည်ညွှန်းထားသည်။

အမေး။ ။ပဋ္ဌာန်တယမည်သော သုတ္တန်တရားဒေသနာတော်ကိုဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် မျှားစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ဤလောက၌ ထင်ရှားရှိကြသော ပုဗ္ဗာန္တာနုဒိဋ္ဌိ[1] အပရန္တာနုဒိဋ္ဌိ[2] အဝဝတို့ကို စိတ်ဖြာ ခွဲခြားဟောကြားရာဖြစ်သော ဤပဋ္ဌာန်တယသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပဋ္ဌာန်တယသုတ် ပြီး၏

ကိန္တိသုတ်

ပုစ္ဆာ။ ။ကိန္တိသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ပိသိနာရာယံ ဘဒ္ဓေ ဗလိဟရဏေ နာမ ဝနသဏ္ဍေ သမ္ဗဟုလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ။

အမေး။ ။ကိန္တိ မည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ပိသိနာရာ အမည်ရှိသော ပြည်အရပ်၌ မျှားစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ ကိန္တိအမည်ရှိသော ဤသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

၁။ ပုဗ္ဗန္တာနုဒိဋ္ဌိ-သံသရာ၏ ရှေအစွန်းကို ကြံဆ၍ အယူမှားဖြစ်သော ဒိဋ္ဌိ။
၂။ အပရန္တာနုဒိဋ္ဌိ သံသရာ၏ နောက်အစွန်းကို ကြံဆ၍ အယူမှားဖြစ်သော ဒိဋ္ဌိ။

ပုစ္ဆာ။ ။တတ္ထ အာဝုသော ဘဂဝါ ကထံ ပဌမံ ဘိက္ခူ။ ပဋိပုစ္ဆိတ္ဝာ ဩဝါဒ-
မဒါသိ၊ ယော ဗဟုဇနဿ အတ္ထာယ ဟိတာယ သုခါယ သံဝတ္တတိ။

ဝိဿဇ္ဇနာ။ ။တတ္ထ ဘန္တေ ဘဂဝါ "ကိန္တိ ဝေါ ဘိက္ခဝေ မယိ ဟောတိ၊
စိဝရဟေတု ဝါ သမဏော ဂေါတမော ဓမ္မံ ဒေသေတိ၊ ပိဏ္ဍ-
ပါတဟေတု ဝါ၊သေနာသနဟေတု ဝါ၊ဣတိဘဝါဘဝဟေတု ဝါ
သမဏော ဂေါတမော ဓမ္မံ ဒေသေတီ"တိ ဘိက္ခူ။ ပုစ္ဆိတ္ဝာ
"တသ္မာတိဟ ဘိက္ခဝေ ယေ ဝေါ မယာ ဓမ္မာ အဘိညာ
ဒေသိတာ။ သေယျထိဒံ၊ စတ္တာရော သတိပဋ္ဌာနာ စတ္တာရော
သမ္မပ္ပဓာနာ စတ္တာရော ဣဒ္ဓိပါဒါ ပဉ္စိန္ဒြိယာနိ ပဉ္စ ဗလာနိ
သတ္တ ဗောဇ္ဈင်္ဂါ အရိယော အဋ္ဌင်ိကော မဂ္ဂေါ။ တတ္ထ သဗ္ဗေ-
ဟေဝ သမဂ္ဂေဟိ သမ္မောဒမာနေဟိ အဝိဝဒမာနေဟိ သိက္ခိ-
တဗ္ဗံ" ဧဝမာဒိနာ ဘန္တေ. ဘိက္ခူနံ ဩဝါဒမဒါသိ။

အမေး။ ။ကိန္တိမည်သော ထိုသုတ္တန်တရားဒေသနာတော်၌ ဘုန်း
တော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည်
ရဟန်းတော်တို့ကို ရှေးဦးစွာ ဘယ်ပုံဘယ်နည်းဖြင့် မေးမြန်းတော်မူ၍ ရဟန်း
ရှင် လူ များစွာသော ပုဂ္ဂိုလ်တို့၏ အကျိုးစီးပွါးချမ်းသာကို ဖြစ်စေနိုင်သော
အဆုံးအမ ဩဝါဒကို အဘယ်ပုံ အဘယ်နည်းဖြင့် ပေးသနားတော်မူခဲ့ပါ
သနည်း ငါ့ရှင်။

အဖြေ။ ။ထို ကိန္တိမည်သော သုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညု
မြတ်စွာဘုရားသည် ကိန္တိ ဝေါ ဘိက္ခဝေ မယိ ဟောတိ-အစရှိသည်ဖြင့် "ချစ်
သား ရဟန်းတို့....သင်ချစ်သားတို့အား ငါဘုရား၏ အပေါ်၌ မည်သို့သော
စိတ်အကြံအစည်ဖြစ်ကြသနည်း၊သင်္ကန်း ဟူသော အကြောင်းကြောင့် ရဟန်း
ကြီး ဂေါတမသည် တရားမမှကို ဟောပြ၏ဟူ၍တည်းဖြစ်လေသလော?၊
ဆွမ်းဟူသောအကြောင်း၊ ကျောင်းဟူသောအကြောင်း၊ တမလွန်လောက၌
ကြီးပွါးရေးဟူသော အကြောင်းကြောင့် ရဟန်းကြီး ဂေါတမသည် တရား
တော်ကို ဟောပြတော်မူ၏ ဟူ၍တည်း သင်ချစ်သားတို့၏ စိတ်သန္တာန်ဝယ်
အကြံဖြစ်ကြသလော? ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ များစွာသော ရဟန်းတော်တို့က နှ ခေါ် နော ဘန္တေ ဘဂဝတိ-
အစရှိသည်ဖြင့် "ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....

တပည့်တော်တို့အား ရှင်တော်ဘုရားအပေါ် ၌ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် သက်နှံးဟူသော အကြောင်း ကြောင့်ဂုင်း ဆုမ်းဟူသော အကြောင်းကြောင့်ဂုင်း ကျောင်းဟူသော အ ကြောင်းကြောင့်ဂုင်း ဤသို့လျှင် တမလွန်လောက၌ သဂ္ဂသမ္ပတ္တိ စသည် ရလိမ့်မည်ဟု မြော်ကိုးခြင်း ဟူသော အကြောင်းကြောင့်ဂုင်း တရားဓမ္မ ဟောပြသည် ဟူ၍ တပည့်တော်တို့ အကြံအစည်မဖြစ်ပါ” ဟု လျှောက် ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဤသို့ ပစ္စည်းလေးပါးနှင့်တကွ တမ လွန် လောကဝယ် သဂ္ဂသမ္ပတ္တိအစရှိသော အကြောင်းကြောင့် ငါဘုရားသည် တရားမဟောဟူ၍ အကြံအစည် ဖြစ်ခဲ့ပါလျှင် သင်ချစ်သားတို့ သန္တာန်ဝယ် မည်သို့ အကြံဖြစ်သနည်းဟု တဖန် ထပ်ဆင့်၍ မေးမြန်းတော်မူပါသည်။

ထိုအခါ မျှားစွာသော ရဟန်းတော်တို့က “ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် နတ် လူ ဗြဟ္မာ သတ္တဝါတို့အား ကြီးမားလှသော မဟာကရုဏာတော်ရင်း ဖြစ်တော်မူပါပေသည်။ မဟာ ကရုဏာတော် လုံ့ဆော်တော်မူခြင်းကြောင့် ပင်လျှင် သံသရာဝဋ်ဆိုး ကျွတ်ရာ လွတ်ရာဖြစ်သော ကျွတ်ရာ ကျွတ်ကြောင်း လွတ်ရာလွတ်ကြောင်း ဖြစ်သော တရားကောင်းကို ဟောပြတော်မူပါသည်”ဟု အကြံအစည် ဖြစ်ပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင်—

တသွာတိဟ ဘိက္ခဝေ ယေ ဝေါ မယာ ဓမ္မာ အဘိညာ ဒေသိတာ-အစ ရှိသည်ဖြင့် ချစ်သား ရဟန်းတို့.... သင်ချစ်သားတို့သည် ငါဘုရား၏ အပေါ် ၌ အာမိသကို မြော်ခေါ်တော်မမူဘဲ မဟာကရုဏာတော်ပြဋ္ဌာန်း၍ တရားဒေသ နာကို ဟောတော်မူ၏ ဟု သင်ချစ်သားတို့ အကြံဖြစ်သည်၊ သင်ချစ်သားတို့ သည် အကြင့်ကြောင့် အကြံဖြစ်ပါပေ၏၊ ထို့ကြောင့်ပင် သင်ချစ်သားတို့သည် အကြင်သတိပဋ္ဌာန် သမ္မပ္ပဓာန် ဣဒ္ဓိပါဒ် ဣန္ဒြေ ဗိုလ် ဗောဇ္ဈင် မဂ္ဂင် တည်းဟူ သော ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့ကို ငါဘုရားသည် သူတပါးတို့ အား ယုံကြည်ခြင်းသဒ္ဓါ သူတပါးတို့ထံမှ တဆင့်ကြားခြင်း အနုဿဝ အစ ရှိသော မ ိုင်မာသော အကြောင်းဖြင့် ဟောပြထားသည်မဟုတ်၊ စင်စစ်မှာမူ

၁။ သဂ္ဂသမ္ပတ္တိ-နတ်စည်းစိမ်။

ကိုယ်တိုင်ပင်လျှင် သယမ္ဘူဉာဏ်ဖြင့် ပိုင်းပိုင်းခြားခြား ထိုးထိုးထွင်းထွင်း သိမြင်တော်မူ၍ ဟောပြအပ်ပြီး ဖြစ်သည်၊ ထိုငါဘုရား ဟောပြအပ်ပြီးသော သတိပဋ္ဌာန်လေးပါး သမ္မပ္ပဓာန်လေးပါး ဣဒ္ဓိပါဒ်လေးပါး ဣန္ဒြေငါးပါး ဗိုလ်ငါးပါး ဗောဇ္ဈင်ခုနစ်ပါး မဂ္ဂင်ရှစ်ပါးတည်းဟူသော ဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါးတို့၌ အလုံးစုံသော သင်ချစ်သားတို့သည် အညီအညွတ် ငြင်းခုံခြင်း မရှိကြဘဲ နှစ်လိုအားရမ်း ဝမ်းမြောက်ကြကုန်သည်ဖြစ်၍ ကျင့်ကြံပွါးများ အားထုတ်ကြရမည်။

ထိုသို့ သင်ချစ်သားတို့သည် အညီအညွတ် နှစ်လိုအားရမ်း ဝမ်းမြောက် ဝမ်းသာ ဗောဓိပက္ခိယ ဓမ္မရတနာတို့ကို သဒ္ဓါရှင်လန်း ကြိုးပမ်းဖြည့်စမ်းနေကြ ကုန်စဉ်ပင် နှစ်ပါးသော ရဟန်းတော်တို့မှာ မတော်တဆ အဘိဓမ္မ အမည် ရသော ဤဗောဓိပက္ခိယတရားရတနာ၌ ငြင်းခုံမှု တခုခု ဖြစ်ပေါ်လာခဲ့သည် ရှိသော် သို့ငြင်းခုံရာ၌ သင်ချစ်သားတို့၏ စိတ်သန္တာန်မှာ ဤမထေရ်မြတ် နှစ်ပါးတို့ ငြင်းခုံကြသော အရာဝယ် အနက်အားဖြင့်လည်း ကဲ့ပြားလျက် ရှိချေသည်။ သဒ္ဒါအားဖြင့်လည်း ကဲ့ပြားလျက် ရှိချေသည် ဟု သင်ချစ်သား တို့ ဉာဏ်ဝယ် အကယ်၍ အကြံဖြစ်သည် ဖြစ်ပါအံ့၊ ထိုသို့ ကြံစည်မိပါလျှင် ထိုရဟန်းနှစ်ပါးအနက် ဆိုလွယ် ဆုံးမလွယ်သော ရဟန်းတပါးထံမှောက်သို့ သွားရောက်၍—

> အရှင်ဘုရားတို့သည် ဤမည် ဤမည်သော ဗောဓိပက္ခိယဓမ္မအရာ၌ ငြင်းခုံမှု ဖြစ်ကြပါသည်၊ သို့ငြင်းခုံမှု ဖြစ်ရာဝယ် ဤမည် ဤမည်သော အကြောင်းကြောင့် အနက်အားဖြင့်လည်း ကဲ့ပြားလျက်ရှိပါသည်၊ သဒ္ဒါအားဖြင့်လည်း ကဲ့ပြားလျက် ရှိပါသည်၊ ဤအနက်သဒ္ဒါကဲ့ပြားရာ၌ အရှင်ဘုရားတို့သည် ငြင်းခုံခြင်းငှါ မထိုက်တန်ပါ ဘုရား ဟု သာယာညွတ်ပြောင်း တောင်းပန်လျှောက်ထားရမည်။

ထို့အတူပင်လျှင် ကျန်တပက္ခဝယ် ဆိုလွယ် ဆုံးမလွယ်သော ရဟန်း၏ အထံသို့လည်း သွားရောက်၍ ဤနည်းအတူပင် လျှောက်ထားရမည်၊ ဤသို့ လျှောက်ထားပြီးလျှင် မကောင်းသဖြင့် သင်ယူအပ်သော ပုဒ် အက္ခရာအနက် အဓိပ္ပါယ်တို့ကို မကောင်းသောအားဖြင့် အမှတ်ပြုပြီးလျှင် ကောင်းစွာ သင်ယူ အပ်သော ပုဒ် အက္ခရာ အနက် အဓိပ္ပါယ်တို့ကိုပင် ကောင်းသောအားဖြင့် မှတ်ယူ၍ အကြင်သို့သော အခြင်းအရာအားဖြင့် ဓမ္မဝိနယ အမည်ရှိသော တရား

သော လမ်းမှန် ဝိနည်းလမ်းကြောင်းသည် ဖြစ်၏၊ ထိုဓမ္မဝိနယလမ်းမှန်၌သာ လျှင် သင် ချစ်သားတို့ နေရမည်ဟူ၍ဂုဏ်း။

ရဟန်းနှစ်ပါး ငြင်းခုံရာဝယ် အနက်အားဖြင့် ကဲ့ပြား၍ သဒ္ဒါအားဖြင့် တူရာ၌ဂုဏ်း သဒ္ဒါအားဖြင့်သာ ကဲ့ပြား၍ အနက်အားဖြင့်ကား တူရာ၌ဂုဏ်း သဒ္ဒါအနက် နှစ်ပါးစုံပင် တူညီရာ၌ဂုဏ်း ဤနည်းအတူ ငြင်းခုံမှုကို မပြုဘို့ရန် တောင်းပန်လျှောက်ထားဘို့ရန်အကြောင်း သဗ္ဗညုမြတ်စွာဘုရား ဆုံးမစကား မိန့်ကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော ဘဂဝါ တတ္ထ ဒုတိယမ္ပိ ဘိက္ခူနံ ဩဝါဒံ အဒါသိ။ ယော ဗဟုဇနဿ အတ္ထာယ ဟိတာယ သုခါယ သံဝတ္တတိ။

ဝိဿဇ္ဇနာ။ ။တတ္ထ ဘန္တေ ဘဂဝါ "တေသဉ္စ ဝေါ ဘိက္ခဝေ သမဂ္ဂါနံ သမ္မောဒမာနာနံ အဝိဝဒမာနာနံ သိက္ခတံ သိယာ အညတရဿ ဘိက္ခုနော အာပတ္တိ၊ သိယာ ဝိတိက္ကမော။ တတ္ထ ဘိက္ခဝေ နု ဇောဒနာယ တရတမ္ပ ပဋိလော ဥပပရိက္ခ-တမ္ပေဟာ"တိ ဝေမာဒိနာ ဘိက္ခူနံ ဒုတိယမ္ပိ ဩဝါဒမဒါသိ။

အမေး။ ။ထိုကိန္တိမည်သော သုတ္တန်တရားဒေသနာတော်၌ သဗ္ဗညုမြတ်စွာဘုရားသခင်သည် များစွာသော လူရှင်ရဟန်းတို့အား အကျိုးစီးပွားခြမ်းသာတွေ့ကို ဖြစ်ပေါ်စေ နိုင်သော အဆုံးအမ ဩဝါဒကို ဒုတိယအကြိမ် ထပ်မံ၍လည်း အဘယ်ပုံ အဘယ်နည်းဖြင့် ရဟန်းတော်တိအား ပေးသနား တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုကိန္တိမည်သော သုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် တေသဉ္စ ဝေါ ဘိက္ခဝေ သမဂ္ဂါနံ သမ္မောဒမာနာနံ အဝိဝဒမာနာနံ သိက္ခတံ သိယာ အညတရဿ ဘိက္ခုနော အာပတ္တိ၊ သိယာ ဝိတိက္ကမော- အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့....ဤသို့လျှင် သင်ချစ်သားတို့ အား အညီအညွတ် ဝမ်းမြောက် ဝမ်းသာ ဓမ္မ အဓမ္မ စသည် ငြင်းခုံမှုမရှိကြဘဲ ကောင်းစွာ သိက္ခာသုံးပါးကို ကျင့်ကြံကြကုန်စဉ် တပါးပါးသော ရဟန်း အား အာပတ်သင့်မှု သိက္ခာပုဒ် လွန်ကျူးမှု အကယ်၍ ဖြစ်ပေါ်လာလျှင် ရှေးဦးစွာ အဆောတလျှင် ထိုရဟန်းကို သံဃာ့ဘောင်သို့ သွင်း၍ စောဒနာ

မှုကို မပြုရ၊ ရှေးဦးစွာ ပုဂ္ဂိုလ်ကို ထောက်ထား နှိုင်းချိန်ရမည်၊ အကယ်၍ ပုဂ္ဂိုလ်ကို ထောက်ထား နှိုင်းချိန် စဉ်းစားသောအခါ သင် ချစ်သားတို့၏ စိတ်သန္ဓာန်ဝယ်—

"ဤ ပုဂ္ဂိုလ်ကို ငါတို့သည် ဓမ္မအားဖြင့် ဖြောင်းဖျ၍ ပြောဆိုလျှင် ငါတို့အားလည်း ပင်ပန်းဘွယ်မရှိ၊ ဤပုဂ္ဂိုလ်သည်လည်း အမျက်ထွက်ဘွယ် မရှိ၊ ဤ ပုဂ္ဂိုလ်ကား အမျက်ဒေါသမရှိ အေးမြ ချမ်းကြည်သော သဘော ရှိပါပေသည်၊ စွဲမြဲသော မိစ္ဆာအယူလည်းမရှိ ငါတို့သည် ဤပုဂ္ဂိုလ်ကို အကုသိုလ်မှ ထ-စေ၍ ကုသိုလ်တရား၌ တည်စေခြင်းငှါ စွမ်းနိုင်ကုန်သည်" ဟု သင်ချစ်သားတို့ အကြံဖြစ်ပါမူ ထိုကဲ့သို့သော ရဟန်းအား ဓမ္မဝိနယကို ဖော်ပြ၍ ပြောဆိုခြင်းငှါ သင့်ပေသည်။ (၁)

ထိုမှတပါး သင်ချစ်သားတို့ စဉ်းစား၍ ဤပုဂ္ဂိုလ်ကို ဓမ္မဝိနယသိက္ခာပုဒ်ကိုပြ၍ ပြောဆိုလျှင် ငါ့မှာမူကား ပင်ပန်းခြင်း နှမ်းနယ်ခြင်း မရှိချေ၊ ထိုပုဂ္ဂိုလ်မှာမူကား အမျက်ဒေါသ ထွက်ခြင်း တရားဖြစ်သော်မူ ဖြစ်လေရာ၏၊ သို့သော်မူ ဤ ပုဂ္ဂိုလ်သည်ကား စွဲမြဲသော မိစ္ဆာအယူရှိသူမဟုတ် စွန့်လွှတ်သော ပုဂ္ဂိုလ်ဖြစ်ချေသည်၊ ဤပုဂ္ဂိုလ် အမျက်ထွက်ခြင်းကား မပြောပလောက် အနည်းငယ်မျှသာဖြစ်ချေသည်၊ စင်စစ်သော်မူ ငါဆုံးမသြဝါဒပေးသည့်အတွက် များစွာသောကုသိုလ်တရားတို့ကို ရနိုင်ခွင့်ရှိသည်၊ငါသည် ဤ ပုဂ္ဂိုလ်ကို အကုသိုလ်မှ ထစေ လွှတ်စေ၍ ကုသိုလ်တရား၌ တည်စေခြင်းငှါ စွမ်းနိုင်သည် ဟု အကြံရှိပါမူ ထိုကဲ့သို့သော သဘောရှိသော ပုဂ္ဂိုလ်ကိုလည်း သင်ချစ်သားတို့ ဆုံးမစကား ပြောကြားသင့်ပေသည်။ (၂)

ထိုမှတပါး အကြင်ပုဂ္ဂိုလ်ကို ဆုံးမစကား ပြောကြားသည်ရှိသော် မိမိကား ပင်ပန်း၏၊ ထိုပုဂ္ဂိုလ်ကား အမျက်ထွက်မည်မဟုတ် စွဲလမ်းသော အယူလည်း ရှိပေ၏၊ စွန့်နိုင်ခဲသော အယူလည်းရှိပါပေ၏၊ သို့စေကာမူ ငါသည် ဤ ပုဂ္ဂိုလ်ကို အကုသိုလ်မှ ထစေ-လွှတ်စေ၍ ကုသိုလ်တရား၌ တည်စေခြင်းငှါ စွမ်းနိုင်ရုပါသည်၊ ငါ၏ ပင်ပန်းခြင်းကား မပြောပလောက် အနည်းငယ်မျှသာ ဖြစ်ချေသည်၊ ဤပုဂ္ဂိုလ်ရရှိသော ကုသိုလ်တရားတို့ကား များပြားလှသည် ဟု အကယ်၍ အကြံဖြစ်မူ ထိုပုဂ္ဂိုလ်မျိုးကိုလည်း ဓမ္မဝိနယသိက္ခာပုဒ်ကိုဖော်ပြ၍ ဆုံးမပြောဆို သင့်ပေသည်။ (၃)

ထိုမှတပါး အကြင်ပုဂ္ဂိုလ်ကို ဆုံးမသည်ရှိသော် မိမိလည်း ပင်ပန်း၏၊ ထိုပုဂ္ဂိုလ်လည်း အမျက်ထွက်၏၊ စွန့်နိုင်ခဲသော အစဲ့လမ်းလည်းရှိ၏၊ ထိုပုဂ္ဂိုလ်အား ငါသည် အကယ်၍ ဆုံးမပါမူ ဤ အကုသိုလ်တရားမှထစေ၍ လွတ်စေ၍ ကုသိုလ်တရား၌ တည်စေခြင်းငှါ စွမ်းနိုင်ကား စွမ်းနိုင်ရာ၏ ဟု အကြံဖြစ်ပါမူကား ငါ၏ပင်ပန်းခြင်း ထိုပုဂ္ဂိုလ်၏ အမျက်ထွက်ခြင်းကား အနည်းငယ်မျှ မပြောပလောက်သာလျှင် ဖြစ်ချေသည်၊ စင်စစ်သော်မူ ကုသိုလ်တရားတို့ကား များစွာဖြစ်ချေသည် ဟု အကြံဖြစ်ပါမူကား ထို့ကဲ့သို့သော ပုဂ္ဂိုလ်ကိုလည်း သင်ချစ်သားတို့သည် သိက္ခာပုဒ်ကို ဖော်ပြ၍ ဆုံးမစကား ဟောကြားခြင်းငှါ သင့်ပေသည်။ (၄)

အကြင်ပုဂ္ဂိုလ်ကို ဆုံးမသည်ရှိသော် မိမိလည်း ပင်ပန်းနွမ်းနယ်၏၊ ထိုပုဂ္ဂိုလ်လည်း အမျက်ထွက်၏၊ စွန့်လည်း စွန့်နိုင်ခဲသော အယူရှိ၏၊ မိမိကိုယ် တိုင် မည်သို့ပင် ဆုံးမသော်လည်း ဆုံးမလို့ ရနိုင်ဘွယ်အကြောင်းမမြင်ပါမူကား ထို့ကဲ့သို့သော ပုဂ္ဂိုလ်အပေါ် ဝယ် လျစ်လျူရှုမှု တည်းဟူသော ဥပေက္ခာတရားကို လွန်၍ မကျင့်ရာဟု သဗ္ဗညုမြတ်စွာဘုရားသည် လေးပါးသော ပုဂ္ဂိုလ်တို့၌ အဆုံးအမ ဩဝါဒပေးရန်ကိုဎင်း တပါးသောပုဂ္ဂိုလ် အပေါ်၌ အဆုံးအမ ဩဝါဒပေးရန်ကိုဎင်း ရဟန်းတော်အရှင်မြတ်တို့အား ဩဝါဒစကား ပေးသနားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဥ္ဆာဝုသော ဘဂဝါ တတ္ထ တတိယမွိ ဘိက္ခူန်ံ ဩဝါဒံ အဒါသိ၊ ယော ဗဟုဇနဿ အတ္ထာယ ဟိတာယ သုခါယ သံဝတ္တတိ။

ဝဿဇနာ။ ။“တေသဥ္ဆ ဝေါ ဘိက္ခဝေ သမဂ္ဂါနံ သမ္မောဒမာနာနံ အဝိဝဒ-မာနာနံ သိက္ခတံ အညမညဿ ဝစီသံဟာရော ဥပ္ပဇ္ဇေယျ ဒဠ္ဎပဒ္ဒါသော စေတသော အာဃဿာတော အပ္ပစ္စယော အနဘိရဒ္ဓိ”တိ ဧဝမာဒိနာ ဘန္တေ ဘဂဝါ တတ္ထ တတိယမွိ ဘိက္ခူန်ံ ဩဝါဒမဒါသိ။

အမေး။ ။ထို ကိန္တိသုတ္တန်တရားဒေသနာတော်၌ သဗ္ဗညု မြတ်စွာဘုရားသခင်သည် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အား အကျိုးကျေးဇူး ချမ်းသာ ဖြစ်ထွန်းစေနိုင်သော အဆုံးအမ ဩဝါဒကို ရဟန်းတော်တို့အား သုံးကြိမ်မြောက်လည်း အဘယ်သို့ ပေးသနားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို ကိန္ဒိသုတ္တန်ဒေသနာတော်၌မြတ်၌ သဗ္ဗညူ မြတ်စွာဘုရားသည် ဤသို့ အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ဓမ္မအမွေ စသည် ငြင်းခုံမှုမရှိကြဘဲ သိက္ခာသုံးပါးကို ကျင့်ကြံအားထုတ်ကြကုန်သော သင်ချစ်သားတို့၏ အတွင်းဝယ် အကြောင်းမလျော်သဖြင့် တဘက်နှင့်တဘက် ချေပစ်ကုန်းတိုက်စကားတို့ ရွေ့ရှားသွားလာမှု အကယ်၍ ဖြစ်ခဲ့သော် သံဃာနှစ်သင်း နှစ်ပင်း မတော်တဆ အကယ်၍ ကဲ့ပြားခဲ့သည်ရှိသော် သို့ ကဲ့ပြားရာ၌ တဘက်ဂုဏ်းဝင် သံဃာတို့တွင် အကြင်ပုဂ္ဂိုလ်ကား ဆိုလွယ် ပြောလွယ် ဆုံးမလွယ်သော သုဝစ ပုဂ္ဂိုလ်တည်း ဟု သိရာ၏၊ ထိုပုဂ္ဂိုလ်သို့ ချဉ်းကပ်ပြီးလျှင်—

အရှင်ဘုရား....တပည့်တော်တို့ ယခုကဲ့သို့ အငြင်းအခုံမှု ဖြစ်ပွားနေသည်ကို သဗ္ဗညူ မြတ်စွာဘုရား သိတော်မူပါမူကား နှစ်သက်တော်မူရာပါအံ့လော၊ မနှစ်သက်တော်မူရာပါအံ့လော ? ဟု မေးမြန်းရပေမည်။

သို့ မေးမြန်းသောအခါ ထို သုဗ္ဗစ [၁] ရဟန်းသည် ကောင်းစွာ ဖြေကြားလျှင် ယခုကဲ့သို့ ဝစီသံဟာရ [၂] စကားတွေ ဒီဘက်စကား ဟိုရောက်, ဟိုဘက်စကား ဒီရောက်ဖြင့် ကသောက်ကရောက်ဖြစ်၍ နေခြင်း၊ ငြင်းခုံခိုက်ရန်မှု ဖြစ်နေခြင်းကို သဗ္ဗညူမြတ်စွာဘုရား သိမြင်တော်မူပါမူ နှစ်သက်တော်မမူရာပါဟု ကောင်းစွာ ဖြေကြားသော ရဟန်းသည် ဤပုံဤပန်းသာ ဖြေကြားရချိမ့်မည်။

ထိုသို့ဖြေကြားလျှင် ထိုရဟန်းကို တဖန် ဆက်လျှောက်၍ "အရှင်ဘုရား ဤသို့သဘော ရှိသော ငြင်းခုံမှုကို မပယ်ဖျောက်ဘဲ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါမည်လော" ဟု တဆင့်တက်၍ မေးမြန်းလျှောက်ထားရမည်။

ဆိုဆုံးမလွယ်သော သုဗ္ဗစ ရဟန်းတော် အရှင်သူမြတ်သည် "ဤသို့သဘောရှိသော ငြင်းခုံမှု ခိုက်ရန်မှုကို မပယ်ဖျောက်ဘဲ နိဗ္ဗာန်ရောက်ကြောင်းအကျင့် ကောင်းကို ပြီးစေနိုင်မည် မဟုတ်" ဟူ၍ ကောင်းစွာဖြေကြားသော် မှန်ကန်စွာ ဖြေကြားလျှင် ဖြေကြားရချိမ့်မည်။

ထိုမှတပါး တဘက်သော ပက္ခတ္တင်ရှိသော ရဟန်းတို့တွင်လည်း အကြင် ရဟန်းကို သုဗ္ဗစရဟန်း ဆိုဆုံးမလွယ်သော ရဟန်းဟူ၍ သိအပ် မှတ်အပ်၏၊

၁။ သုဗ္ဗစ-ပြောရ, ဆိုရ လွယ်ကူသောပုဂ္ဂိုလ်။
၂။ ဝစီသံဟာရ-စကားကို သယ်ယူဆောင်ပို့ခြင်း။

ထိုရဟန်းသို့ ချဉ်းကပ်၍ လည်း ကျိန်းအတူပင် နှစ်ကြိမ်တိုင်တိုင်လျှောက်ထားရမည် ဟု သဗ္ဗညူ မြတ်စွာဘုရားသည် ကျွဲ ကိန္တို့ သူတန် ဒေသနာတော် မြတ်၌ ရဟန်းတော်အရှင်မြတ်တို့အား သုံးကြိမ်မြောက်လည်း အဆုံးအမ သြဝါဒစကား ပေးသနားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။တေနာဝုသော ဘိက္ခုနာ ဧဝံ သတ္ထု သြဝါဒါနုသာသနိကာရိနာ အာယသ္မာ နု တေ ဘိက္ခု အကုသလာ ဝုဋ္ဌာပေတ္ဝာ ကုသလေ ပတိဋ္ဌာပေတီတိ ပရေဟိ ပုဋ္ဌေန ကထံ သမ္မာ ဗျာကရမာနေန ဗျာကာတဗ္ဗံ၊

ဝိဿဇ္ဇနာ။ ။“ကွဓာဟံ အာဝုသော ယေန ဘဂဝါ တေနုပသင်္ကမိံ၊ တဿ မေ ဘဂဝါ ဓမ္မံ ဒေသေသိ၊ တာဟံ ဓမ္မံ သုတ္ဝာ တေသံ ဘိက္ခူနံ အဘာသိံ၊ တံ တေ ဘိက္ခူ ဓမ္မံ သုတ္ဝာ အကုသလာ ဝုဋ္ဌဟိံသု ကုသလေ ပတိဋ္ဌဟိံသူ”တိ။ ဧဝံ ခေါ ဘန္တေ တေန ဘိက္ခုနာ ဧဝံ သတ္ထု သြဝါဒါနုသာသနိကာရိနာ ပရေဟိ ပုဋ္ဌေန သမ္မာ ဗျာကရမာနေန ဗျာကာတဗ္ဗံ။

အမေး။ ။ထိုကိန္တိသုတ္တန် တရားဒေသနာတော်၌ မိန့်တော်မူသော အဆုံးအမ သြဝါဒ နှင့်အညီ ကဲ့ပြား၍ နေသော နှစ်ဦးနှစ်ပက္ခတို့ကို ညီညွတ်စေရန် စေ့စပ်ရေးကို ဆောင်ရွက်သော တစုံတယောက်သော ရဟန်းကို အခြားသော ပဂ္ဂိုလ်တို့က ထိုသို့ ကဲ့ပြားလျက် မညီမညွတ်ဖြစ်နေသော ပဂ္ဂိုလ်တို့ကို ညီညွတ်အောင်ပြု၍ အကုသိုလ်အဘို့မှ ထစေ၍ ကုသိုလ်အဘို့၌ တည်အောင် ပြုလုပ်ဆောင်ရွက်သည်မှာ အရှင်ဘုရားပင် မဟုတ်ပါလောဟု အခြားသော ပဂ္ဂိုလ်တို့က မေးမြန်းခဲ့လျှင် ထို မေးမြန်းသော ပဂ္ဂိုလ်တို့ အား အတ္ထုက္ကံသန ပရဝမ္ဘန မဖြစ်စေဘဲ ဖြေကြားသင့်သည့်အတိုင်း နည်းလမ်းမှန်စွာ ဖြေကြားသော်သူသည် ဘယ်ပုံ ဘယ်နည်းဖြင့် ဖြေကြားရမည်ဟု မြတ်စွာဘုရားက ညွှန်ပြတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ကွဓာဟံ အာဝုသော ယေန ဘဂဝါ တေနုပသင်္ကမိံ-အစရှိသည်ဖြင့် “ငါ့ရှင်တို့....ငါသည် အကြင်အရပ်၌ မြတ်စွာဘုရား ရှိတော်မူပါ၏။ ထိုမြတ်စွာဘုရား ရှိရာအရပ်သို့ ဆည်းကပ်ခဲ့ပါပြီ၊ သို့ဆည်းကပ်သော ငါ့အား သဗ္ဗညူမြတ်စွာဘုရားသည် ဝိဝါဒပျောက်ငြိမ်းရာ ပျောက်ငြိမ်း

ကြောင်း တရားကောင်းကို ဟောပြတော်မူခဲ့ပါသည်၊ ထိုငါသည် သဗ္ဗညူ မြတ်စွာဘုရားအထံမှ ကြားနာရသော တရားစကားကို အချင်းချင်း ခိုက်ရန် ငြင်းခုံမှုဖြစ်နေကြသော ထိုရဟန်းတော်တို့အား ငါသည် ပြောကြားခဲ့ ပါသည်။ ထိုရဟန်းတော် အရှင်သူမြတ်တို့သည်လည်း ငါလျှောက်ထားသည့် သဗ္ဗညူမြတ်စွာဘုရား၏ တရားစကားကို ကြားကြနာကြားရသဖြင့် ဝိဝါဒ တည်းဟူသော အဂကုသိုလ်တရားမှ ထကုန် လွတ်ကုန်တော်မူကြပါပေကုန်သည်၊ သတိပဋ္ဌာန် သမ္မပ္ပဓာန် အစရှိသော ဗောဓိပက္ခိယတရား၌ တည်တော်မူကြပါ ပေကုန်သည်” ဟု ထိုမြတ်စွာဘုရား၏ အဆုံးအမ သြဝါဒကို လိုက်နာကျင့်ကြံ သော ပုဂ္ဂိုလ်ကို တပါးသော ရဟန်းတော်တို့က သံဃာတော် ညီညွတ်အောင် အရှင်ဘုရားသည် စောင့်ဆောင်တော်မူသည် မဟုတ်ပါလော ဟု မေးမြန်းလျှင် မိမိကိုယ်ကိုလည်း မြှောက်ပင့်ရာ မရောက်အောင် သူတပါးတို့အားလည်း နှိမ့်ချရာ မရောက်အောင် ကျင်လျှောက်ဆိုအပ်ပြီးသောအတိုင်း ကောင်းစွာ ဖြေ ကြားသော်မူ ဖြေကြားရမည် ဖြစ်ပါသည် အရှင်ဘုရား။

ကိန္တိသုတ် ပြီး၏

သာမဂါမသုတ်

ပုစ္ဆာ။ ။သာမဂါမသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သက္ကေသု ဘန္တေ သာမဂါမေ နာမ သက္ယာနံ နိဂမေ အာယသ္မန္တဉ္စ အာနန္ဒံ အာယသ္မန္တဉ္စ စုန္ဒံ အာရဗ္ဘ ဘာသိတံ၊ အာယသ္မာ စ ဘန္တေ အာနန္ဒော အာယသ္မာ စ စုန္ဒော ယေန ဘဂဝါ တေနုပသင်္ကမိံသု၊ ဥပသင်္ကမိတ္ဝာ ဘဂဝန္တံ အဘိဝါ-ဒေတ္ဝာ ဧကမန္တံ နိသီဒိံသု၊ ဧကမန္တံ နိသိန္နော ခေါ အာယသ္မာ အာနန္ဒော ဘဂဝန္တံ ဧတဒဝေါစ “အယံ ဘန္တေ စုန္ဒော သမဏုဒ္ဒေသော ဧဝမာဟ ‘နိဂဏ္ဌော ဘန္တေ နာဋ-ပုတ္တော ပါဝါယံ အဓုနာ ကာလင်္ကတော၊ တဿ ကာလင်္ကိရိ-ယာယ ဘိန္နာ နိဂဏ္ဌာ ဒွေဓိကဇာတာ ဘဏ္ဍနဇာတာ ကလဟ-ဇာတာ ဝိဝါဒါပန္နာ အညမညံ မုခသတ္တီဟိ ဝိတုဒန္တာ ဝိဟ-

ရန္တိ။ပ။ ဘိန္နထူပေ အပ္ပဋိသရဏော'တိ။ တဿ မ'သ္မံ ဘန္တေ ဧဝံ ဟောတိ 'မာဟေဝ ဘဂဝတော အစ္ဆယေန သံဃေ ဝိဝါဒေါ ဥပ္ပဇ္ဇီ၊ သ္စာဿ ဝိဝါဒေါ ဗဟုဇနအဟိတာယ ဗဟုဇန-အသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာန'န္တိ"။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ငြင်းခုံခြင်း၏ အကြောင်းရင်း ဖြစ်သော ဝိဝါဒမူလ ခြောက်ပါးတို့ကိုလည်း အဓိကရဏ်း လေးပါးတို့ကိုလည်း သမထခုနစ်ပါးတို့ကို လည်း ထိုသမထခုနစ်ပါးဖြင့် အဓိကရဏ်းလေးပါး မူခင်းကိစ္စတို့ကို ငြိမ်းစေပုံကို လည်း စည်းလုံးညီညွတ်ခြင်းကို ဖြစ်စေတတ်သော သာရဏီယတရားခြောက်ပါး တို့ကိုလည်း အကျယ်ဝေဘန်၍ ပြရာဖြစ်သော သာမဂ္ဂါမမည်သော သုတ္တန် ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါရှင်။

အဖြေ။ ။သက္ကတိုင်း အဝင်အပါ သာမဂ္ဂါမ အမည်ရှိသော သာကီဝင် မင်းတို့၏ နိဂုံးအရပ်၌ အရှင်အာနန္ဒာမထေရ်နှင့် အရှင်သာရိပုတ္တရာ၏ တူ ဖြစ်သော စုန္ဒ မထေရ်သူမြတ်ကို အကြောင်းပြု၍ ဟောကြားတော်မူပါသည်။

စုန္ဒ မထေရ်သူမြတ်သည် ပါဝါပြည်၌ ဝါကပ်သီတင်းသုံးနေသောအခါ နာဋပုတ္တတက္ကဒန်းဆရာကြီးသည် စုတိပြတ်ကြွ သေလွန်ခဲ့ပါသည်။ နာဋ ပုတ္တဆရာကြီး စုတိပြတ်ကြွ သေလွန်ခဲ့သည်ရှိသော် ထိုနာဋပုတ္တဆရာကြီး၏ တပည့်အပေါင်းတို့ အချင်းချင်း ငြင်းခုံမှု ဖြစ်ကြ၍ တလမ်းတည်းမှာပင် နှစ်ယောက်အဘူတက္က မသွားနိုင်လောက်သော အခြေသို့ ရောက်ခဲ့ပါသည်။

နိဂဏ္ဌဆရာကြီး၏ တပည့်ဖြစ်သော လူဒါယကာတို့သည်လည်း နိဂဏ္ဌ၏ တပည့်ဖြစ်သော တက္ကဒန်းတို့၌ ငြိုးငွေ့သောသဘော တပ်ခြင်းကင်းသော သဘော ဆုတ်နစ်သောသဘော ရှိကြပါကုန်သည်။

စုန္ဒ မထေရ်သည် ပါဝါပြည်၌ ဝါကျတ်၍ သဗ္ဗညုမြတ်စွာဘုရားသီတင်း သုံးရာ သာမဂ္ဂါမနိဂုံးသို့ လာရောက်ပြီးလျှင် ရှင်အာနန္ဒာထံမှောက်သို့ သွား ရောက်၍ ဤလျှောက်ဆိုအပ်ပြီးသော အကြောင်းအရာကို ရှင်အာနန္ဒာ အား လျှောက်ထားပါသည်။

ထိုအခါ ရှင်အာနန္ဒာ မထေရ်သူမြတ်သည် ငါ့ရှင်စုန္ဒ.... ဤစကား တည်းဟူသော တရားတော်၏ အဘိုးအခ လက်ဆောင်သည် ငါတို့အား ရရှိခဲ့လေပြီ၊ ယခုပင် သဗ္ဗညုမြတ်စွာဘုရားထံမှောက်သို့ ဤအကြောင်းအရာကို လျှောက်ထားကြကုန်အံ့ ဟု တိုင်ပင်ညီညွတ်ပြီးလျှင် ရှင်အာနန္ဒာမထေရ် သူမြတ်နှင့်တကွ အရှင်စုန္ဒမထေရ်သူမြတ်တို့သည် သဗ္ဗညုမြတ်စွာဘုရားထံမှောက်သို့ သွားရောက်ကြပါကုန်သည်။

သဗ္ဗညုမြတ်စွာဘုရားထံမှောက်သို့ ရောက်ရှိသောအခါ အရှင်အာနန္ဒာမထေရ်သည် အယံ ဘန္တေ စုန္ဒော သမဏုဒ္ဒေသော ဧဝမာဟ-အစရှိသည်ဖြင့် ဘုန်းတော်ကြီးမြတ်တော်မူလှသော သဗ္ဗညုမြတ်စွာဘုရား.... ဤစုန္ဒမည်သော သမဏုဒ္ဒေသ သမဏုဒ္ဒေသ ဟူ၍ သံဃာတော်အပေါင်းက ခေါ်ယူကြသော မထေရ်သူမြတ်သည် ဤသို့ ပြောဆိုပါသည်—

အရှင်ဘုရား ပါဝါပြည်၌ နာဠန္ဒပုတ္တဆရာကြီးသည် ယခုအခါ ကွယ်လွန်ခဲ့ပါပြီ၊ နာဠန္ဒပုတ္တဆရာကြီး၏ ကွယ်လွန်ခြင်းကြောင့် ၎င်း၏တပည့်များသည် နှစ်ခြိမ်း ကဲ့ပြီးလျှင် အချင်းချင်း နှုတ်လှံထိုးလျက်ရှိကြပါသည်၊ အချင်းချင်း သတ်မလောက် ပြတ်မလောက် ဖြစ်ခဲ့ကြပါသည်၊ နိဂဏ္ဌဆရာကြီး၏ တပည့်သာဝကဖြစ်သော လူတို့သည်လည်း နိဂဏ္ဌဆရာကြီး၏တပည့်ဖြစ်သော တက္ကဒုန်းတို့အပေါ်၌ ငြီးငွေ့သောသဘော တပ်ခြင်းကင်းသောသဘော ဆုတ်နစ်ခြင်းသဘောရှိ၍ နေကြပါကုန်သည်၊ ကိုးကွယ်ရာမဲ့သော ဆောက်တည်ရာမဲ့သော နိဂဏ္ဌသာသနာ၌ ဤသို့ ဖြစ်၍ နေပါသည် ဟု ပြောဆိုပါသည်။

“ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူလှသော မြတ်စွာဘုရား ထိုသတင်းစကားကို ကြားရသောအခါ တပည့်တော်၏ စိတ်သန္တာန်၌ သဗ္ဗညုမြတ်စွာဘုရားအကယ်၍ ပရိနိဗ္ဗာန်စံတော်မူသွားသည်ရှိသော် အကြင်သို့သဘောရှိသော ခိုက်ရန်မှု ငြင်းခုံမှုသည် မျှားစ့ဉ်သော နတ် လူ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ အစီးအပွါးမဲ့ ချမ်းသာမဲ့ရန် အလိုဌ် မျှားစ့ဉ်သော နတ်လူဗြဟ္မာသတ္တဝါအပေါင်းတို့၏ အကျိုးမဲ့ ဖြစ်စိမ့်သောဌ် ဖြစ်ရာ၏၊ ထိုသို့သဘောရှိသော ငြင်းခုံခြင်းသည် ဤသာသနာတော်၌ မဖြစ်ပါစေလင့် ဟု အကြံဖြစ်ပါသည်ဘုရား ဟု” လျှောက်ထားပါသည်။

ထိုသို့ သဗ္ဗညုမြတ်စွာဘုရားအား အရှင်အာနန္ဒာလျှောက်ထားသော အကြောင်း အဋ္ဌုပ္ပတ်ကြောင့် ဤသာမဂါမ သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူခဲ့ပါသည် အရှင်ဘုရား။

သာမဂါမသုတ် ပြီး၏

သုနက္ခတ္တသုတ်

ပုစ္ဆာ။ ။သုနက္ခတ္တသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ဝေသာလိယံ ဘန္တေ သုနက္ခတ္တံ လိစ္ဆဝိပုတ္တံ အာရဗ္ဘ ဘာသိတံ၊ သုနက္ခတ္တော ဘန္တေ လိစ္ဆဝိပုတ္တော ဘဂဝန္တံ ဥပသင်္ကမိတ္ဝာ ဧတဒဝေါစ "သုတံ မေတံ ဘန္တေ သမ္မဟုလေဟိ ကိရ ဘိက္ခူဟိ ဘဂဝတော သန္တိကေ အညာ ဗျာကတာ ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊နာပရံ ဣတ္ထတ္တာယာတိ ပဇာနာ-မာတိ။ ကစ္စိ တေ ဘန္တေ ဘိက္ခူဟိ သမ္မဒေဝ အညံ ဗျာကံသု၊ ဥဒါဟု သန္တေတ္ထေကစ္စေ ဘိက္ခူဟိ အဓိမာနေန အညံ ဗျာကံ-သူ" တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ကာမဂုဏ်ငါးပါးဌ် စိတ်ဝင်စားနေသော ပုဂ္ဂိုလ်တို့၏စိတ် ဖြစ်ပုံအနေအထားကိုလည်း အာနေဉ္ဇသမာပတ်အရာဌ် စိတ်ဝင်စားနေသော ပုဂ္ဂိုလ်တို့၏ စိတ်ဖြစ်ပုံအနေအထားကိုလည်း အာကိဉ္စညာ သမာပတ်, နေဝ-သညာနာသညာသမာပတ်အရာတို့ဌ် စိတ်ဝင်စားနေသော ပုဂ္ဂိုလ်တို့၏ စိတ် ဖြစ်ပုံ အနေအထားကိုလည်း ဥပဓိလေးပါးကုန်ရာဖြစ်သော နိဗ္ဗာန်ဌ်လုတ် မြောက်၍ နေသော ရဟန္တာပုဂ္ဂိုလ်၏ စိတ်ဖြစ်ပုံအနေအထားကိုလည်း ဤသို့ အဆင့်ဆင့်ဖြင့် မြတ်သောပုဂ္ဂိုလ် အမျိုးမျိုးတို့၏ စိတ်ဖြစ်ပုံအနေအထား တို့ကို အခြေအမြစ်နှင့်တကွ အကျယ်ဖော်ပြရာဖြစ်သော သုနက္ခတ္တ မည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသဌ် အဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြား တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဝေသာလီပြည်အရပ်၌ လစ္ဆဝီမင်းသားဖြစ်သော သုနက္ခတ္တ မည်သော ရဟန်းကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား ဝေသာလီပြည် မဟာဝုန်တော၌ သီတင်းသုံးနေတော် မူသောအခါ များစွာသော ရဟန်းတော်တို့သည် ဘုရားထံမှောက်သို့ လာ ရောက်၍—

ခီဏာ ဇာတိ-တပည့်တော်အား ဘဝ ပဋိသန္ဓေကုန်ပါပြီ။

ဝုသိတံ ဗြဟ္မစရိယံ-တပည့်တော်သည် မဂ်တည်းဟူ သော မြတ်သော အကျင့်ကို အရဟတ္တာမဂ်ပေါက် ကျင့်သုံးအပ်ပါပြီ။

ကတံ ကရဏီယံ-ဤသာသနာဝယ် ပြုဘွယ်ကိစ္စအဝဝတို့ကို တပည့် တော် ပြုအပ်ပြီးပါပြီ။

နာပရံ ဣတ္ထတ္တာယာတိ ပဇာနာမိ-တပည့်တော်မှာ ဤခန္ဓာကိုယ်မှ နောက်တဖန်ဘဝသစ်ဝယ် တဖန်ဖြစ်ဘို့ရန် ခန္ဓာအသစ် မရှိတော့ပါ ဟူ၍ အသိဉာဏ် ပေါ်ပေါက်ပါသည် ဟု များစွာသော ရဟန်းတော် တို့သည် မြတ်စွာဘုရား ထံမှောက်သို့ လာရောက်၍ အရဟတ္တဖိုလ်သို့ ရောက်ကြောင်း လျှောက်ထားကြပါသည်။

ထိုအခါ သုနက္ခတ္တ အမည်ရှိသော လိစ္ဆဝီမင်းသား ရဟန်းတော်မြတ် သည် သဗ္ဗညုမြတ်စွာဘုရား ထံမှောက်သို့ ချဉ်းကပ်၍ သုတံ မေတံ ဘန္တေ အစရှိသည်ဖြင့်။

ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူလှသော မြတ်စွာဘုရား များ စွာသော ရဟန်းတော်မြတ်တို့သည် မြတ်စွာဘုရားထံမှောက်သို့ လာရောက်၍ ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာမ-ဟူ၍ မိမိတို့ကိုယ် မိမိတို့ အရဟတ္တဖိုလ်သို့ ရောက်ကြောင်း လျှောက်ထားကြသည်ဟု တပည့်တော် ကြားသိရပါသည်။

ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ထိုလျှောက်ထားသမျှသော ရဟန်းတော်တို့ အလုံးစုံသည် ပင်လျှင် ကောင်း မွန်စွာ မှန်ကန်စွာ အရဟတ္တဖိုလ်ကို ဖြေကြား လျှောက်ထားကြသည် မည်ပါ သလား။ သို့မဟုတ်မူ ဤရဟန်းတို့အနက် မိမိကိုယ် မိမိတို့ အရဟတ္တဖိုလ်သို့

ရောက်သည်ဟု ထင်မှတ်၍ အရဟတ္တဖိုလ်သို့ ရောက်သည့်အနေ လျှောက်ထားသော အချို့သော ရဟန်းတော်တို့လည်း ရှိပါသလား ဟု မေးမြန်း လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညူ မြတ်စွာဘုရားက ဤသို့ လျှောက်ထား ကြသော ရဟန်းတို့အနက် အချို့သော ရဟန်းတို့မှာ စင်စစ် ဧကန် ပင် အရဟတ္တဖိုလ် ပေါက် မျက်မှောက် ပြုကြသည်ဖြစ်ကြောင်း အချို့သော ရဟန်းတော် အရှင်သူမြတ်တို့မှာမူကား အရဟတ္တဖိုလ်သို့ပင် မပေါက်ရောက်ရသေးသော် လည်းပေါက်ရောက်ပြီ ဟု ထင်မှတ်သော **အဓိမာန**[1]ဖြင့် လျှောက်ဆိုကြ ကြောင်း။ ထိုရဟန်းတော် နှစ်ပါးတို့အနက် မိမိတို့ အရဟတ္တဖိုလ်သို့ မ ရောက်သေးပဲ ဇရောက်သည်ဟု ထင်မှတ်၍ အရဟတ္တဖိုလ်ရောက်ပါပြီ ဟု လျှောက်ထားကြသော အကျင့်ပဋိပတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့အား ငါ ဘုရားသည် တရားဟောဘို့ အကြံဖြစ်ခဲ့ပါသည်။

ငါဘုရားသည် ပဋိပန္နက ပုဂ္ဂိုလ်တို့အား တရားဟောဘို့ရန် အကြံ ဖြစ်နေစဉ် မှာပင်လျှင် ဤ သာသနာတော်၌ အချို့သော မင်္ဂလိမရ ကိစ္စမပြီး အချည်းနှီးသော ပုဂ္ဂိုလ်တို့သည် ပြဿနာတော့ကို ဆင်ကာ ပြင်ကာ စီရင်ကာဖြင့် ငါဘုရားထံမှောက်သို့ လာရောက်၍ မေးလျှောက်ကြပေသည်။

ထိုသို့ ပြဿနာတော့ကို တမင်တခင် စီကာ ဖန်ကာဖြင့် မိမိတို့ကိုယ်တိုင် ကလည်း ဓမ္မအလုပ်ကို အားမထုတ်ကြဘဲ ငါဘုရားထံမှောက်သို့ ပြဿနာတော့ ကို မေးလျှောက်ကြသော ရဟန်းတော်တို့ကို အကြောင်းပြု၍ ပဋိပန္နက အမည်ရသော ကုလပုတ္တ စင်စစ် ရဟန်းတော်တို့အား တရားဟောဘို့ရန် စိတ်အကြံပင်သော်လည်းဖောက်ပြန်ရမည်ကဲ့သို့ ဖြစ်ရသည်ဟု မိန့်ကြားတော် မူသောအခါ——

သုနက္ခတ္တ လိစ္ဆဝီမင်းသား ရဟန်းတော် အရှင်သူမြတ်သည် ဧတဿ ဘဂဝါ ကာလော ဧတဿ သုဂတ ကာလော-အစရှိသည်ဖြင့် ဘုန်းတော်ကြီး မြတ်တော်မူလှသော မြတ်စွာဘုရား....တရားဟောတော်မူရန် ကာလတိုင် ပါပြီ ဟု တောင်းပန်လျှောက်ထားသဖြင့် အာရုံငါးပါး ကာမဂုဏ်တရားတည်း ဟူသော လောကာမိသ ၌ စိတ်ညွတ်သောပုဂ္ဂိုလ် အာကာသာနဉ္စာယတန

၁။ အဓိမာန-ရမည်ဟု ထင်မှတ်နေခြင်း။

ဝိညာဏဉ္စာယတနစျာန်တည်းဟူသော အာနေဉ္ဇသမာပတ်၌ စိတ်ညွတ်သော ပုဂ္ဂိုလ် အာကိဉ္စညာယတနသမာပတ်၌ စိတ်ညွတ်သောပုဂ္ဂိုလ် နေဝသညာ-နာသညာယတနသမာပတ်၌ စိတ်ညွတ်သောပုဂ္ဂိုလ် နိဗ္ဗာန်၌ စိတ်ညွတ်သော ပုဂ္ဂိုလ် ဤပုဂ္ဂိုလ်လေးမျိုးတို့၏ စိတ်နေ စိတ်ထားဖြစ်ပုံကိုအကျယ်တဝင့် ဖွင့်ပြဟောကြားရာဖြစ်သော ဤ သုနက္ခတ္တ သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် ဝေသာလီပြည်အရပ်ဝယ် သဗ္ဗညူမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

သုနက္ခတ္တသုတ် ပြီး၏

အာနေဉ္ဇသပ္ပါယသုတ်

ပုစ္ဆာ။ ။အာနေဉ္ဇသပ္ပါယသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ကုရူသု ဘန္တေ ကမ္မာသဓမ္မေ နာမ ကုရုနံ နိဂမေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ။

အမေး။ ။အာနေဉ္ဇသမာပတ်သို့ ဆိုက်ရောက်စေတတ်သော အကျင့်ဖြစ်၍ အာနေဉ္ဇသမာပတ်နှင့် သင့်လျော်သော အာနေဉ္ဇသပ္ပါယ မည်သော အကျင့်ပဋိပတ်တို့ကို ပြရာဖြစ်သောကြောင့် အာနေဉ္ဇသပ္ပါယ မည်သော သုတ္တန်ဒေသနာတော်ကို သဗ္ဗညူ မြတ်စွာဘုရားသခင်သည် အဘယ် အရပ်ဒေသ၌ အဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။အာနေဉ္ဇသမာပတ်သို့ ဆိုက်ရောက်ရာ ဆိုက်ရောက်ကြောင်း လေးနက်သော အကျင့်ပဋိပတ်ကို ဖော်ပြရာဖြစ်၍ အာနေဉ္ဇသပ္ပါယ အမည် ရသည့် နက်နဲလှသော သုတ္တန်ဒေသနာတော်မြတ်ကို နက်နဲသောဓမ္မကို လေ့လာ လိုက်စားလေ့ရှိသော ကုရုတိုင်းသူတို့၏ နေရာ ကုရုတိုင်းအဝင်အပါ ကမ္မာသဓမ္မ နိဂုံးအရပ်၌ မျှားစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညူမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်အရှင်ဘုရား။

အာနေဉ္ဇသပ္ပါယသုတ် ပြီး၏

အမေးအဖြေ ၅-၁၁

ဂဏကမောဂ္ဂလ္လာနသုတ်

ပုစ္ဆာ။ ။ဂဏကမောဂ္ဂလ္လာနသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဂဏကမောဂ္ဂလ္လာနံ ဗြာဟ္မဏံ အာရဗ္ဘ ဘာသိတံ၊ဂဏကမောဂ္ဂလ္လာနော ဘန္တေ ဗြာဟ္မဏော ဘဂဝန္တံ ဥပသင်္ကမိတ္ဝာ ဧတဒဝေါစ "သေယျာထာပိ ဘော ဂေါတမ ဣမသ္မာ မိဂါရမာတုပါသာဒသ္မာ ဒိသ္မတိ အနုပုဗ္ဗသိက္ခာ အနုပုဗ္ဗကိရိယာ အနုပုဗ္ဗပဋိပဒါ ယဒိဒံ ယာဝ ပစ္ဆိမသော-ပါနကဋ္ဌေဝရာ။ပ။ သက္ကာ နုခေါ ဘော ဂေါတမ ဣမသ္မိံယေဝ ဓမ္မဝိနယေ ဧဝမေဝ အနုပုဗ္ဗသိက္ခာ အနုပုဗ္ဗကိရိယာ အနုပုဗ္ဗပဋိပဒါ ပညပေတု"န္တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ဂဏကမောဂ္ဂလ္လာနမည်သော သုတ်တွန် တရား ဒေသနာ တော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘယ်အရပ်၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ် သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းအရပ်ဝယ် ဂဏကမောဂ္ဂလ္လာန အမည်ရသော ဂဏန်းတတ်သော ဗြာဟ္မဏကို အကြောင်းပြု၍ ဟောကြား တော်မူအပ်ပါသည်။

ဂဏန်းသင်္ချာဖြင့် အသက်မွေးလေ့ရှိသော ဂဏကမောဂ္ဂလ္လာန အမည် ရသော ပုဏ္ဏားသည် သဗ္ဗညုမြတ်စွာဘုရားထံမှောက်သို့ သွားရောက်ပြီးလျှင် သေယျထာပိ ဘော ဂေါတမ ဣမသ္မာ မိဂါရမာတုပါသာဒသ္မာ အနုပုဗ္ဗသိက္ခာ အနုပုဗ္ဗကိရိယာ အနုပုဗ္ဗပဋိပဒါ-အစရှိသည်ဖြင့်—

အို အရှင်ကြီးဂေါတမ.... ဤယခု တပည့်တော်တို့ နေကြသည့် မိဂါရ မာတု ပြာသာဒ်၏ပင်လျှင် အစဆုံးသော အောက်ထစ်ဆုံးဖြစ်သော လှေခါး ထစ် တိုင်အောင်ပင် အစဉ်အတိုင်း ပြုလုပ်ရမှု ဖန်တီးရမှု စီရင်ရမှု မျက်မြင် ကိုယ်တွေ့ဖြစ်ပါသည်၊ ဤမိဂါရမာတု ပြာသာဒ်မျိုးကို ဖန်တီးပြုလုပ်မည် ကြံ စည်လျှင် ရှေးဦးစွာ အုတ်မြစ်မှစ၍ အစဉ်သဖြင့် တက်ကြရပါသည်။

ထို့မှတပါးလည်း လေးအတတ်ကို လေ့လာသော ပုဂ္ဂိုလ်တို့ အဘို့မှာလည်း လေးအတတ်ကို အစဉ်သဖြင့်သာ သင်ယူကြရပါသည်၊ ဗြာဟ္မဏတို့၏ ဗေဒင်ပညာမှာလည်း ထို့နည်းအတူပင် အစဉ်သဖြင့် တဆင့်ထက်တဆင့် တက်ကာ တက်ကာ သင်ယူကြရပါသည်။

အကျွန်ုပ်တို့၏ ဂဏန်းအတတ်မှာလည်း ထို့အတူပင် တစ် နှစ် သုံး လေး ဂဏန်းရေတွက်ပုံမှစ၍ အစဉ်သဖြင့် ဂဏန်းတွက်နည်းကို သင်ကြား ပြသကြရပါသည်။

အို အရှင်ကြီးဂေါတမ....ဤနည်းအတူပင်လျှင် တရားသဖြင့် ဆုံးမရာ ဤအရှင်ဘုရားသာသနာ၌ အစဉ်သဖြင့် ကျင့်ခြင်း အနုပုဗ္ဗသိက္ခာ အစဉ်သဖြင့် အားထုတ်ရခြင်း အနုပုဗ္ဗပဋိပဒါ အစဉ်သဖြင့် ပွါးများရခြင်း အနုပုဗ္ဗကိရိယာတို့ကို ပညတ်ဟောထား သူတပါးတို့အား သိစေခြင်းငှါ စွမ်းနိုင်ပါအံ့လော ဟု မေးမြန်းလျှောက်ထားပါသည်။

ထို့အခါ သဗ္ဗညုမြတ်စွာဘုရားက သင်္ကာ ဗြာဟ္မဏ ဣမသ္မိံ ဓမ္မဝိနယေ အနုပုဗ္ဗသိက္ခာ အနုပုဗ္ဗကိရိယာ အနုပုဗ္ဗပဋိပဒါ-အစရှိသည်ဖြင့်—

ဂဏကမောဂ္ဂလ္လာန အမည်ရသော ပုဏ္ဏား....ဤဓမ္မဝိနယ သာသနာတော်၌လည်း အစဉ်အတိုင်း ကျင့်စဉ်ကို သူတပါးတို့အား သိသာအောင် ထင်ရှားပြောကြားခြင်းငှါ တတ်နိုင်ပေသည် စွမ်းနိုင်ပေသည်။

ဂဏကမောဂ္ဂလ္လာနပုဏ္ဏား.... လောက ဥပမာအားဖြင့် လိမ်မာလှသော မြင်းထိန်းယောကျ်ားသည် အာဇာနည် မြင်းတခုကို ရသည် ဆိုပါစို့။ ထို မြင်းထိန်းယောကျ်ားသည် ရှေးဦးစွာ ထိုအာဇာနည်မြင်းအား **မုခါဓါန** အမည်ရသော ဆက်ကို သွင်းထားခြင်းတည်းဟူသော ပဌမအလုပ်ဖြင့် ပြုလုပ်ပေသည်၊ ဆက်ကို ခွန့်ပြီး သွင်းပြီးလျှင် အထက် အထက်ဖြစ်သော အာဇာနည်မြင်းတို့၏ ပြုလုပ်ရမည့်အမူအရာ ကိစ္စအဝဝတို့ကို သင်ကြားပြသ ဆုံးမခဲ့ပေသည်။

ထို့အတူပင်လျှင် ငါဘုရားတည်းဟူသော လိမ်မာလှသော မြင်းထိန်းယောကျ်ားသည်လည်း သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တ အမျိုးကောင်းသား တည်းဟူသော အာဇာနည်မြင်းကို ရရှိခဲ့သည်ရှိသော်—

ချစ်သားရဟန်း.... ဤသာသနာတော်ငယ် ရှေးဦးစွာ သီလနှင့် ပြည့်စုံအောင်ကျင့်ကြံရမည်ဟု ရှေးဦးစွာ သီလသံဝရ[1]ဥ် ဆောက်တည်စေသည်။

သီလသံဝရ တည်းဟူသော ဆက်ကြိုးတပ်ပြီးသော အခါဝယ် ထိုသီလသံဝရဖြင့် ယဉ်ကျေးပြီးသော ရဟန်းတော်အရှင်သူမြတ်အား တဆင့်တက်၍ ဣန္ဒြိယသံဝရသီလ[2]ကို စောင့်ထိန်းနိုင်ဘို့ရန် ဆုံးမပြန်သည်။

ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံပြီးသော ရဟန်းတော်အရှင် သူမြတ်တို့အား ဘောဇနေ မတ္တညုတာ[3] ဂုဏ်နှင့် ပြည့်စုံအောင် ဆုံးမပြန်သည်။

ထိုဂုဏ်နှင့် ပြည့်စုံပြီးသော ရဟန်းတော်တို့အား ဇာဂရိယာနုယောဂ တည်းဟူသော နိုးချပ်မှု တနေ့အဘို့ရာဝယ် တနေ့ပတ်လုံး စင်္ကြံသွားခြင်းရပ်ခြင်း ဣရိယာပုထ်ဖြင့် အချိန်ကို တရားကိုသုံး၍ ကုန်စေပြီးမှ ညဉ့်ဦးယံ အခါ မိုးသောက်ယံအခါတို့ဥ်လည်း ထိုအတူ စင်္ကြံသွားခြင်း ရပ်ခြင်း တည်းဟူသော ဣရိယာပုထ်နှစ်ပါးဖြင့်ပင်လျှင် တရားနှလုံးသုံး၍ ညဉ့်လည်ယံ တယံဥ်သာလျှင် သတိသမ္ပဇဉ်နှင့်ယှဉ်၍ အိပ်ရခြင်း တည်းဟူသော ဇာဂရိယာနုယောဂအလုပ်ဥ် တဖန်အားထုတ်ရန် တိုက်တွန်းပြန်သည် ကျင့်ကြံစေပြန်သည်။

သို့ဇာဂရိယာနုယောဂ အလုပ်နှင့် ပြည့်စုံပြီးသော ရဟန်းတော်အရှင်သူမြတ်ကို သတိသမ္ပဇဉ်နှင့်ပြည့်စုံအောင် ဆုံးမပြန်သည်။

ဤသို့ သတိသမ္ပဇဉ်နှင့် ပြည့်စုံပြီးသော ရဟန်းတော်အား ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်၍ သမထဘာဝနာတို့ကို ပွါးများ၍ နီဝရဏတရားတို့ကို ခွါဘို့ရန် တဖန် ဆုံးမပြန်သည်၊ နီဝရဏတရားတို့ကို ခွါပြီးသောအခါ ပဌမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် တို့ကို အပ္ပနာပေါက် ရရောက်အောင် ကြိုးစားပွါးများဘို့ရန် ငါဘုရားသည် ဆုံးမပြန်သည်။

ဂဏကမောဂ္ဂလ္လာနပုဏ္ဏား.... ဤသာသနာတော်ဝယ် သိက္ခာသုံးရပ်ကို ကျင့်ဆဲဖြစ်သော ပုဂ္ဂိုလ်တို့အဘို့ ဤနည်းအစဉ်ဖြင့်ပင်လျှင် ငါဘုရားသည် အဆုံးအမ သြဝါဒကို ပေးပေသည်။

၁။ သီလသံဝရ-ပါတိမောက်လာ သိက္ခာပုဒ်တို့ကိုစောင့်ထိန်းမှု။

၂။ ဣန္ဒြိယသံဝရသီလ-ဣန္ဒြေခြောက်ပါး တံခါးကြီးခြောက်ပေါက်မှ အကုသိုလ် ဒုစရိုက်တွေပေါ်မလာအောင် စောင့်ထိန်းမှု။

၃။ ဘောဇနေ မတ္တညုတာ-ဘောဇဉ်၌ အတိုင်းအရှည်သိရှိမှု။

ရဟန်းကိစ္စ ပြုပြီးတော်မူကြသော ရဟန်းတော်အရှင်မြတ်တို့ အဘိမှာမူ ဤပဌမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်တို့သည် ဒိဋ္ဌမ္မမျက်မှောက်ဘဝ၌ ချမ်းသာစွာနေဘို့ရန် ဝင်စားကြပါသည်ဟု သဗ္ဗညူ မြတ်စွာဘုရား မိန့်ကြားတော်မူခဲ့ပါသည်။

ဤသို့လျှင် ဂဏ္ဍကမောဂ္ဂလ္လာန်အမည်ရှိသော ဂဏ်းဆရာပုဏ္ဏား၏ မေးမြန်းလျှောက်ထားသော အကြောင်း အဋ္ဌုပ္ပတ်ကြောင့် ဤဂဏ္ဍကမောဂ္ဂလ္လာန သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညူမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဧဝံ ဝုတ္တော ခေါ အာဝုသော ဂဏ္ဍကမောဂ္ဂလ္လာနော ဗြာဟ္မဏော ဘဂဝန္တံ ကိ ံ အဝေါစ၊ ကထဉ္စဿ ဘဂဝါ ဗျာကာသိ။

ဝိဿဇ္ဇနာ။ ။ဧဝံ ဝုတ္တော ဘန္တေ ဂဏ္ဍကမောဂ္ဂလ္လာနော ဗြာဟ္မဏော ဘဂဝန္တံ တေဒဝေါစ "ကိ ံ နု ခေါ ဘောတော ဂေါတမဿ သာဝကာ ဘောတာ ဂေါတမေန ဧဝံ သြဝဒိယမာနာ ဧဝံ အနုသာသိ-ယမာနာ သဗ္ဗေ အစ္ဆန္တံ နိဋ္ဌံ နိဗ္ဗာနံ အာရာဓေန္တိ၊ ဥဒါဟု ကေစ္စေ နာရာဓေန္တီ"တိ၊ ဘဂဝါ စ ဘန္တေ "အပ္ပေကစ္စေ ခေါ ဗြာဟ္မဏ မမ သာဝကာ မယာ ဧဝံ သြဝဒိယမာနာ ဧဝံ အနု သာသိယမာနာ အစ္ဆန္တံ နိဋ္ဌံ နိဗ္ဗာနံ အာရာဓေန္တိ၊ ကေစ္စေ နာရာဓေန္တီ" တိ ဧဝမာဒိနာ ဂဏ္ဍကမောဂ္ဂလ္လာနဿ ဗြာဟ္မ-ဏဿ ဗျာကာသိ။

အမေး။ ။ဤသို့လျှင် သဗ္ဗညူမြတ်စွာဘုရားသခင်သည် ဤသာသနာတော်၌ သီလ သိက္ခာမှစ၍ အရဟတ္တမဂ် အရဟတ္တဖိုလ်တိုင်အောင် အဆင့်ဆင့် အနုပုဗ္ဗသိက္ခာ အစဉ်အတိုင်း ကျင့်ကြံလေ့လာမှုရှိကြောင်းကို ဟောကြားတော်မူသောအခါ ကာလ၌ ဂဏ္ဍကမောဂ္ဂလ္လာန် ပုဏ္ဏားသည် မြတ်စွာဘုရားသခင်ကို အဘယ်သို့သောစကားကို လျှောက်ထား မေးမြန်းပြန်ပါသနည်း၊ မြတ်စွာဘုရားသခင်ကလည်း ထို့ဂဏ္ဍကမောဂ္ဂလ္လာန်ပုဏ္ဏားအား အဘယ်သို့လျှင် ဖြေကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤသို့သဗ္ဗညူမြတ်စွာဘုရားသည် ဤမေ့ဝိနယသာသနာ၌လည်း အနုပုဗ္ဗသိက္ခာ အနုပုဗ္ဗကိရိယာ အနုပုဗ္ဗပဋိပဒါတို့ အရဟတ္တဖိုလ်တိုင်

ရောက်အောင် ရှိခြေကြောင်း မိန့်ကြားတော် မူသည်ရှိသော် ဂဏကမောဂ္ဂလ္လာန် ပုဏ္ဏားသည်—

အို အရှင်ကြီး ဂေါတမ....အသို့နည်း အရှင်ကြီး ဂေါတမ၏တပည့်သား သာဝကတို့သည် အရှင်ကြီးဂေါတမက ဤသို့ဆုံးမ ဤသို့ကံမြစ်အပ်ကုန်သည် ရှိသော် အလုံးစုံပင်လျှင် နိဗ္ဗာန်တည်းဟူသော အကျိုးတရားကို ပြီးစေကြပါကုန်သလော။ သို့မဟုတ် အခချို့သော ပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်တည်းဟူသော အကျိုးတရားကို ပြီးစေကြ၍ မပြီးစေသော ပုဂ္ဂိုလ်များကော ရှိပါ သေးသလား ဟူ၍ မေးလျှောက်ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဂဏကမောဂ္ဂလ္လာန ပုဏ္ဏား....ငါဘုရား၏ တပည့်သား သာဝကတို့တွင် အခချို့သော သာဝကတို့သည် ဤသို့ ငါဘုရား ဆုံးမကံမြစ်သည်ရှိသော် စင်စစ် ငြိမ်းအေးပြီး ပြီးဆုံးပြီးဖြစ်သော နိဗ္ဗာန် အကျိုးကိုပြီးစေကြပေသည်၊ အခချို့မူကား မပြီးစေဘဲရှိကြပေသည် ဟု မိန့်ကြားသည်တွင် တဖန်ထပ်လျှောက်၍—

အို အရှင်ကြီးဂေါတမ....အကြင့်ကြောင့်နိဗ္ဗာန်သည်လည်း ထင်ရှားရှိ၏၊ နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းကောင်းသည်လည်း ထင်ရှားရှိ၏၊ နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းကောင်းကို ပြသသူ ဟောကြားသူ အရှင်ကြီး ဂေါတမသည်လည်း ထင်ရှားရှိ၏၊ သို့ပါလျက် အဘယ်အကြောင်းကြောင့် အရှင်ကြီးဂေါတမ၏ တပည့်တို့တွင် အခချို့သော ပုဂ္ဂိုလ်တို့ကသာ နိဗ္ဗာန်သို့ ရောက်၍ အခချို့သော ပုဂ္ဂိုလ်တို့က နိဗ္ဗာန်သို့မရောက်ဘဲရှိကြပါသနည်း ဟု တဖန်ပြန်ပြောင်း လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက တေန ဟိ ဗြာဟ္မဏ တံယေဝေတ္ထ ပဋိ-ပုစ္ဆိဿာမိ-အစရှိသည်ဖြင့် သို့တပြီးကား ဂဏကမောဂ္ဂလ္လာန ပုဏ္ဏား....ဤအရာဝယ် သင့်ကိုပင် တဖန်ပြန်၍ ငါမေးမည် သင်နှစ်သက်သည် အတိုင်း ဖြေဆိုနိုင်ခွင့်ရှိပေသည်၊ ဂဏကမောဂ္ဂလ္လာန ပုဏ္ဏား....သင်သည် ရာဇဂြိုဟ် ပြည်သို့ သွားရာသွားကြောင်းဖြစ်သော လမ်းခရီး၌ လိမ်မာသည်မဟုတ်ပါလော ဟု မေးမြန်းတော်မူပါသည်။

လိမ်မာပါကြောင်း ပြန်ပြောင်း လျှောက်ထားသည်တွင် ဂဏကမောဂ္ဂလ္လာန ပုဏ္ဏား....တစုံတယောက်သော ယောကျ်ားသည် သင့်ထံသို့လာ

ရောက်၍ ရာဇဂြိုဟ်ပြည်သို့ သွားရာလမ်းကြောင်းကို မေးသည်ဆိုပါစို့၊ သင်ကလည်း ထိုယောကျ်ားကို အမောင် ဤလမ်းဖြင့် သွားပါချေ၊ဤလမ်းဖြင့် အနည်းငယ်မျှ သွားမိသည်ရှိသော် ဤမည်သောရွာကိုတွေ့ပါလိမ့်မည်၊ ထိုရွာမှတဆင့် အနည်းငယ် တမှုဟုတ်ခန့် တခဏခန့် သွားသည်ရှိသော် ဤမည်သော နိဂုံးကို တွေ့ပါလိမ့်မည်၊ ထိုမည်သော နိဂုံးရွာမှ တဆင့် သွားသည်ရှိသော် အမောင်သည် ရာဇဂြိုဟ်ပြည်အရပ်၏ တင့်တယ်မှုတွေ့ မြေအစဉ်၏ တင့်တယ်မှုတွေ့ တော၏ တင့်တယ်မှုတွေ့ အမောင်မြင်ရပါလိမ့်မည် ဟု ရာဇဂြိုဟ်ပြည်သွားရာလမ်းကို အသင်ဂဏကမောဂ္ဂလ္လာနပုဏ္ဏားသည် အပြည့်အစုံ အကုန်ပင် ညွှန်ကြားလိုက်သည်ဆိုပါစို့။

ထိုယောကျ်ားသည် အသင်ဂဏကမောဂ္ဂလ္လာနပုဏ္ဏား ညွှန်ကြားသည့်လမ်းအတိုင်း မသွားမူ၍ လမ်းလွဲကိုယူပြီးလျှင် မျက်နှာလွဲ၍ သွားခဲ့ရာပေသည်၊ ဤကား ယောကျ်ားတယောက် ဖြစ်ပေသည်။

ထိုမှတပါး နောက်တယောက်သော ယောကျ်ားသည်လည်း ရာဇဂြိုဟ်လမ်းခရီးကို အသင်ဂဏကမောဂ္ဂလ္လာန ပုဏ္ဏားအား မေးမြန်းလျှင် အသင်ကရှေးနည်းအတူပင် ဖြေသည်ကိုဆိုပါစို့၊ ထိုနောက်ယောကျ်ားသည်ကား ဖြောင့်ဖြောင့်ပင်လျှင် ရာဇဂြိုဟ်ပြည်အရပ်သို့ ရောက်သွားသည် ဆိုပါစို့၊

ထိုသို့ ရောက်ရာ၌ အသင်ပြောသည့်အတိုင်း ရာဇဂြိုဟ်ပြည်လည်းအထင်အရှားရှိနေသည်၊ ရာဇဂြိုဟ်ပြည်သို့ သွားရာလမ်းကြောင်းကြီးသည်လည်း အထင်အရှားရှိနေသည်၊ ရာဇဂြိုဟ်ပြည်သို့ ညွှန်ပြသည့် အသင်ဂဏကမောဂ္ဂလ္လာန ပုဏ္ဏားလည်း အထင်အရှားရှိနေပါလျက် အဘယ့်ကြောင့် ထိုသူနှစ်ယောက်တို့တွင် ပဌမယောကျ်ားကား ရာဇဂြိုဟ်ပြည်အရပ်သို့ မရောက်ဘဲ ဒုတိယယောကျ်ားသာလျှင် အဘယ့်ကြောင့် ရာဇဂြိုဟ်ပြည်အရပ်သို့ ရောက်ရပါသနည်း ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ ဂဏကမောဂ္ဂလ္လာန ပုဏ္ဏားက အို အရှင်ကြီး ဂေါတမ အကျွန်ုပ်သည် ဤအရပ်၌ အဘယ်မှာလျှင် ဘာကို ပြုစုမ်းနိုင်ပါအံ့နည်း၊ စင်စစ်မှာမူ အကျွန်ုပ်သည်ကား မှန်ကန်သော ရာဇဂြိုဟ်ပြည်သို့ သွားရာလမ်းကြောင်းကိုသာလျှင် အကျွန်ုပ် ညွှန်ကြားရမည့်သူဖြစ်ပါသည်၊အကျွန်ုပ်၏တာဝန်သည်ကား ရာဇဂြိုဟ်ပြည်သို့သွားရာ လမ်းကြောင်းကို မှန်မှန်ညွှန်ကြားဘို့ရန်သာ အကျွန်ုပ်၏တာဝန် ဖြစ်ပါသည် ဟု ပြန်ပြောင်း လျှောက် ထား ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားကလည်း ထိုအတူပင် ဂဏကမောဂ္ဂလ္လာန ပုဏ္ဏား ငါဘုရားသည် နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းကို အမှန် ညွှန်ပြ ဘို့ရန်သာ ငါဘုရား၏ တာဝန်ဖြစ်ပေသည်၊ နိဗ္ဗာန်ရောက်ကြောင်း လမ်း ကောင်း အမှန်ကို ငါဘုရားညွှန်ကြားပြသည် ဖြစ်ပါလျက် တချို့သော ပုဂ္ဂိုလ် တို့ နိဗ္ဗာန်သို့ မရောက် တချို့သော ပုဂ္ဂိုလ်တို့ နိဗ္ဗာန်သို့ ရောက်ရာ၌ အဘယ် မှာလျှင် ငါဘုရား ပြုပြင်နိုင်အံ့ တတ်နိုင်အံ့နည်း ဟု ပြန်ပြောင်း မိန့်ကြား တော် မူပါသည်။

ဤသို့လျှင် သဗ္ဗညုမြတ်စွာဘုရားသည် ဂဏကမောဂ္ဂလ္လာန ပုဏ္ဏားအား ရာဇဂြိုဟ်ပြည်အရပ်သို့ သွားသော လမ်းခရီး ပုစ္ဆာ ဥပမာဖြင့် စိတ်ဖြာ ခွဲခြား ဖြေကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဣမဉ္စ ပနာဝုသော ဓမ္မဒေသနံ သုတ္ဝာ ဂဏကော မောဂ္ဂလ္လာနော ဣမသ္မိံ ဓမ္မဝိနယေ ပသန္နော (၀)ဒိသံ ပသန္နာကာရမကာသိ။

ဝိဿဇ္ဇနာ။ ။ဣမဉ္စ ပန ဘန္တေ ဓမ္မဒေသနံ သုတ္ဝာ ဂဏကမောဂ္ဂလ္လာနော ဗြာဟ္မဏော "ယေ မေ ဘော ဂေါတမ ပုဂ္ဂလာ အသဒ္ဓါ ဇီဝိကတ္ထာ နု သဒ္ဓါ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတာ"တိ ဧဝမာဒိနာ ဣမသ္မိံ ဓမ္မဝိနယေ ပသန္နော ပသန္နာကာရ-မကာသိ။

အမေး။ ။ဤဂဏကမောဂ္ဂလ္လာနသုတ္တန် တရားဒေသနာတော်ကို ကြားနာရသဖြင့် ဂဏကမောဂ္ဂလာန်ပုဏ္ဏားသည် ဤမြတ်စွာဘုရား၏ သာ သနာတော်၌ ကြည်ညိုသဒ္ဓါဖြစ်ပေါ်လာ၍ ကြည်ညိုသဒ္ဓါဖြစ်သော သူတို့၏ ပြုမြဲဖြစ်သော အဘယ်သို့သော အခြင်းအရာကို ထင်ရှားဖော်ပြခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤသို့ ဂဏကမောဂ္ဂလ္လာန သုတ္တန်တရားဒေသနာတော်ကို ကြားနာရ၍ ဂဏကမောဂ္ဂလ္လာနပုဏ္ဏားသည် ယေ မေ ဘော ဂေါတမ ပုဂ္ဂလာ အသဒ္ဓါ ဇီဝိကတ္ထာ-အစရှိသည်ဖြင့်—

အို အရှင်ကြီးဂေါတမ.... ဤလောက၌ အခြို့သောပုဂ္ဂိုလ်တို့သည် သဒ္ဓါ တရားကင်းမဲ့ကြပါကုန်သည်၊ အသက်မွေးမှု ဟူသော အကြောင်းကြောင့် ဤသာသနာတော်တွင်းသို့ ဝင်ရောက်၍ နေကြပါကုန်သည်၊ မကောင်းသော

ကျေးဇူးမဲ့တို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့နှင့် အရှင်ကြီးဂေါတမသည်ကား နေတော်မမူခဲ့ပါတကား။ သဒ္ဓါတရားနှင့်ပြည့်စုံသော သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တ အမျိုးကောင်းသားတို့နှင့် သာလျှင် အရှင်ကြီးဂေါတမသည် နေတော်မူသူ ဖြစ်ပါပေသည်။

အိုအရှင်ကြီးဂေါတမ....ဤလောက၌ ရှိသမျှသော အမြစ်နှံသာ အမျိုးမျိုးတို့တွင် အကျော်နှံသည် အမြတ်ဆုံးဖြစ်ဘိသကဲ့သို့ဌင်း အနှစ်နှံသာ အမျိုးမျိုးတို့တွင် လည်း စန္ဒကူးနီအနှံသည် အမြတ်ဆုံးဖြစ်သကဲ့သို့ဌင်း ပန်းပွင့်နှံသာ အမျိုးမျိုးတွင် မြတ်လေးပန်းပွင့်အနှံသည် အမြတ်ဆုံးဖြစ်သကဲ့သို့ဌင်း ထို့အတူ ဤလောကဝယ် ထင်ရှားရှိကြသော ဓမ္မတို့အနက် အရှင်ကြီးဂေါတမ၏ ဓမ္မသည်ကား အမြတ်ဆုံးဖြစ်ပါပေသည်။

အဘိက္ကန္တံ ဘော ဂေါတမ အဘိက္ကန္တံ ဘော ဂေါတမ- အိုအရှင်ကြီးဂေါတမ....အရှင်ကြီးဂေါတမ၏ ဓမ္မဒေသနာကား လှန်စဉ့် လှန်စဉ် နှစ်သက်ဖွယ် ရှိပါပေသည်။ အရှင်ကြီးဂေါတမကား လှန်စဉ်နှစ်သက်ဖွယ် ကျေနပ်ဖွယ် ကြည်ညိုဖွယ်ကောင်းသော ပုဂ္ဂိုလ်ဖြစ်ပါပေသည်။

အိုအရှင်ကြီးဂေါတမ.... လောကဥပမာအားဖြင့် မျက်နှာအောက်သို့ပြု၍ ထားအပ်သော ဝတ္ထုကို မျက်နှာဝကိုဖော်၍ ပြသကဲ့သို့ဌင်း တစုံတခု ဖုံးလွှမ်း၍ ထားသောဝတ္ထုကို ဖွင့်လှစ်၍ပြသကဲ့သို့ဌင်း မျက်စိလည်လမ်းမှား သောသူအား လက်ကိုဆွဲ၍ လမ်းမှန်ကို ညွှန်ကြားပြသသကဲ့သို့ဌင်း အမိုက်မှောင် အတွင်းဝယ် မျက်စိအမြင်ရှိသူတို့ မြင်လိမ့်မည်ဟု ရည်ရွယ်ပြီးလျှင် ဆီမီးတန်ဆောင် စိုက်ဆောင်ထွန်းညှိသကဲ့သို့ဌင်း ဤအတူ လျှင် အရှင်ကြီးဂေါတမသည် များစွာသော အကြောင်းတို့ဖြင့် အကျွန်ုပ် သိရာသိကြောင်း ဓမ္မကထာတို့ကို ဟောပြတော်မူပါပေသည်။

အို အရှင်ကြီးဂေါတမ....အကျွန်ုပ်သည် ယနေ့မှစ၍ အရှင်ကြီးဂေါတမကိုဌင်း တရားတော်ကိုဌင်း သံဃာတော်ကိုဌင်း ကိုးကွယ်ရာဟူ၍ အပါယ်သို့ရောက်ကြောင်း အကုသိုလ်တရားတို့ကို ပယ်ရှား၍ နတ်ရွာနိဗ္ဗာန်သို့ရောက်ကြောင်း ကုသိုလ်တရားတို့ကို ညွှန်ပြတတ်သော ရတနာစစ် ရတနာမှန်ဟူ၍ အကျွန်ုပ် ဆည်းကပ်ပါသည် သိပါသည်၊ ယနေ့မှစ၍ အကျွန်ုပ်ကို သရဏာဂုံ

တည် ဥပါသကာ ဟု မှတ်တော်မူပါဟူ၍ ဂဏကမောဂ္ဂလ္လာနပုဏ္ဏားသည် ဤမမ္ပဝိနယသာသနာတော်၌ သဒ္ဓါတရား ဖြစ်ပ္ပါးရာဘိကား သဒ္ဓါတရားဖြစ်ပ္ပါးသော ပုဂ္ဂိုလ်တို့ ပြုမြဲပြောမြဲဖြစ်သော ခြိုးမှမ်းပုံ သရဏကုံ ခံယူပုံ အခြင်းအရာ အလုံးစုံကို အကုန်အစင် ပြုလုပ်ပြောဆိုခဲ့ပါသည် အရှင်ဘုရား။

ဂဏကမောဂ္ဂလ္လာနသုတ် ပြီး၏

ဂေါပကမောဂ္ဂလ္လာနသုတ်

ပုစ္ဆာ။ ။ဂေါပကမောဂ္ဂလ္လာနသုတ္တံ ပနာဝုသော ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘဂ္ဂေ ဂေါပကမောဂ္ဂလ္လာနံ ဗြာဟ္မဏံ အာရဗ္ဘ အာယသ္မတာ အာနန္ဒတ္ထေရေန မမ္မဘဏ္ဍာဂါရိကေန ဘာသိတံ၊ ဂေါပကမောဂ္ဂလ္လာနော ဘဂ္ဂေ ဗြာဟ္မဏော အာယသ္မန္တံ အာနန္ဒံ တေဒဂေါစ “အတ္ထိ နု ခေါ ဘော အာနန္ဒ ကောဘိက္ခုပိ တေဟိ ဓမ္မေဟိ သဗ္ဗေန သဗ္ဗံ သဗ္ဗထာ သဗ္ဗံ သမနုဿဂတော၊ ယေဟိ ဓမ္မေဟိ သမနုဿဂတော သော ဘဝံ ဂေါတမော အဟောသိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ”တိ၊ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ဂေါပကမောဂ္ဂလ္လာန မည်သော သူတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်မည်သော အင္ဒုပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က ဟောကြားထားခဲ့ပါပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် ဂေါပကမောဂ္ဂလ္လာန အမည်ရှိသော မင်းကျမ်းဝင်သော ပုဏ္ဏားကို အကြောင်းပြု၍ တရားဘဏ္ဍာစိုး ဖြစ်တော်မူသော အရှင်အာနန္ဒာ မထေရ်သူမြတ် ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူ၍ မကြာမြင့်မီ ပဌမသံဂါယနာတင်ရန် ဆဲဆဲကာလဝယ် ဓမ္မဘဏ္ဍာဂါရိက ဖြစ်တော်မူသော အရှင်

အာနန္ဒာမထေရ်သူမြတ်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစံနေတော်မူဆဲဖြစ်ပါသည်။

ထိုအခါဝယ် အဇာတသတ်မင်းတရားသည် စဏ္ဍုပဇ္ဇောတမင်းမှ ရုံရှားကြောက်လန့်သဖြင့် မိမိမြို့ကို အခိုင်အမာ ပြုပြင်နေဆဲဖြစ်ပါသည်။

တနေ့သောအခါ ရှင်အာနန္ဒာသည် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံသွားဘို့ရန် စောလှသေးသဖြင့် ဂေါပကမောဂ္ဂလ္လာနပုဏ္ဏား၏ အလုပ်လုပ်ရာဌာနသို့ ကြွရောက်တော်မူပါသည်။ ဂေါပကမောဂ္ဂလ္လာနပုဏ္ဏားသည်လည်းတေ့ ခေါ် ဘဝံ အာနန္ဒော-အစရှိသည်ဖြင့် ဆီးကြို၍ နေရာထိုင်ခင်း ပေးပြီးလျှင် သင့်တင့်လျောက်ပတ်သော အရပ်၌ ထိုင်နေပါသည်။

တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေပြီးသော ဂေါပကမောဂ္ဂလ္လာနပုဏ္ဏားလည်း ဤလောကဝယ် ဆ သတ္ထာရ[1] ဆရာကြီးတို့သည် အသက်ထင်ရှားရှိစဉ်ကာလ၌ ဘုရားဟူ၍ ဝန်ခံကြပါသည်။ ထို ဆသတ္ထာရ ဆရာကြီးတို့ စုတိပြတ်ကြွသေလွန်သောကာလ၌ ထိုဆရာကြီးတို့၏ တပည့်တပန်းများကား တကဲ့တပြား ကဲ့ပြားခဲ့ကြပါသည်။

ရဟန်းကြီးဂေါတမမှာမူ မြင့်မြတ်သော အသမ္ဘိန္နခတ္တိယ မင်းမျိုးမှ ရဟန်းပြုတော်မူခဲ့ပါပေသည်။ ရဟန်းကြီးဂေါတမ သက်တော်ထင်ရှားရှိစဉ်ကပင် ဖြစ်ပေါ် သမျှသော အဓိကရဏ်းတို့သည် တခဏအတွင်း၌ ပင်လျှင် ငြိမ်းပျောက်ကြပါကုန်သည်၊ ယခုအခါ ရဟန်းကြီးဂေါတမ ပရိနိဗ္ဗာန်စံတော်မူသော ကာလ၌လည်း ရဟန်းကြီးဂေါတမ၏ တပည့်တပန်းဖြစ်သော များစွာသော ရဟန်းတော်တို့သည် မြင့်မိုရ်တောင်ကို ပင်သော်မှ တုန်လှုပ်စေနိုင်သော လေနီကြမ်းကဲ့သို့ ဤသေမင်းသည် သဗ္ဗညုမြတ်စွာဘုရားရှင်ကိုသော်မှ ဘဝတမလွန် စွန့်သွန်စေခဲ့လေပြီ။ မြင့်မိုရ်တောင်ကို တိုက်ခတ်သော လေနီကြမ်း၏ ရှေ့ဝယ် မြက်သစ်ရက်အပေါင်းသည် အဘယ်မှာလျှင် ထောက်တည်ရာရနိုင်အံ့နည်း။ ထိုအတူ သဗ္ဗညုမြတ်စွာဘုရားကိုပင်သော်မှ မရှက်သောသေမင်းသည် သူနှယ် ငါဟန် သာမန်လူတို့အား အဘယ်မှာ ရှက်ကြောက်အံ့နည်း ဟု ပြင်းစွာသော သတိသံဝေဂ ရရှိကြသဖြင့် အရှင်ကြီးဂေါတမ၏

၁။ ဆသတ္ထာရ။ ဆ-ခြောက်ဦးသော။ သတ္ထာရ-ဆရာကြီးများ။ တိတ္ထိဆရာကြီးများကိုဆိုလိုသည်။

တပည့်သားသာဝကတို့သည် ရွေးကန့်ဉ့်မခြား တညီတညွတ်တည်း သူတော်တရားကို ပွားများကျင့်သုံးလျက် ရှိကြပါပေသည်။

ထိုသို့ သူတော်တရား ပွါးများကျင့်သုံးလျက် တညီတညွတ်တည်း သဒ်တင်းသုံးတော်မူနိုင်ကြခြင်း၏ အကြောင်းရင်းကို ငါသည် အာနန္ဒာ မထေရ်မြတ်အား မေးလျှောက်အံ့ဟု အကြံဖြစ်ပြီးလျှင် အတ္ထိ နု ခေါ် ဘော အာနန္ဒ ကောဘိက္ခုပိ တေဟိ ဓမ္မေဟိ သဗ္ဗေန သဗ္ဗံ သဗ္ဗထာ သဗ္ဗံ သမန္နာဂတော-အစရှိသည်ဖြင့်—

အို အရှင်ဘုရား အာနန္ဒာ.... အကြင်သဗ္ဗညုတဂုဏ်ကျေးဇူးတော်နှင့် ပြည့်စုံတော်မူသည့်အတွက် ရဟန်းကြီးဂေါတမသည် နတ် လူ ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်၍ သမ္မာသမ္ဗုဒ္ဓစင်စစ် ဖြစ်တော်မူခဲ့ပါပေသည်၊ ထိုရဟန်းကြီး ဂေါတမကဲ့သို့ပင်လျှင် သဗ္ဗညုတဂုဏ်ကျေးဇူးတို့နှင့် ခြင်းရာညီသုံ ပြည့်စုံကြွယ်ဝသော ရဟန်းတော်တပါးသည် အရှင်ဘုရားတို့၏ သာသနာတော်၌ ထင်ရှားရှိပါသလော ဟု မေးမြန်းလျှောက်ထားပါသည်။

ထိုအခါ အရှင်အာနန္ဒာမထေရ်သူမြတ်က နတ္ထိ ခေါ် ဘော ဗြာဟ္မဏ ဧက-ဘိက္ခုပိ တေဟိ ဧမ္မေဟိ သဗ္ဗေန သဗ္ဗံ သဗ္ဗထာ သဗ္ဗံ သမန္နာဂတော-အစရှိ ရှိသည်ဖြင့်—

ဂေါပကမောဂ္ဂလ္လာနပုဏ္ဏား.... အကြင်သဗ္ဗညုတဉာဏ် ကျေးဇူးတော် တို့နှင့် ပြည့်စုံတော်မူသည့်အတွက် ထိုဘုန်းတော်ခြောက်ပါးရှိတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အရဟံဂုဏ်သခင် သမ္မာသမ္ဗုဒ္ဓဂုဏ်သခင် ဖြစ်တော်မူပါပေ၏။ ထိုသဗ္ဗညုတဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသော ဘုရားနှင့် ဂုဏ်ရည်တူသော တစုံတယောက်သော ရဟန်းမျှပင်လည်း ယခုအခါ မရှိနိုင်ပါ။

ဂေါပကမောဂ္ဂလ္လာနပုဏ္ဏား.... ငါဆိုသော စကားသည် မှန်ကန်လှပါပေသည်၊ ထိုသဗ္ဗညုမြတ်စွာဘုရားသည် မဖြစ်ပေါ်သေးသော နိဗ္ဗာန်ရောက်ကြောင်း အင်္ဂဂိုက လမ်းကောင်းကိုလည်း ဖြစ်ပေါ်စေတော်မူတတ်ပါပေသည်၊ နတ်နှင့်တကွသော သတ္တလောကကြီးတခုလုံးတွင် မည်သူ တဦးတယောက်မျှ ထုတ်ဖော်၍ မဟောပြနိုင်သော နိဗ္ဗာနဂါမိနိပဋိပဒါ အင်္ဂဂိုကမဂ္ဂင် တည်းဟူသော နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းကိုလည်း ဟောပြတော်မူတတ်ပါပေသည်။

ထိုသဗ္ဗညုမြတ်စွာဘုရားသည်ကား နိဗ္ဗာန်ရောက်ကြောင်း အင်္ဂဝိက လမ်းကောင်းကို ကိုယ်တိုင်လည်း ပိုင်းပိုင်း ခြားခြား ထိုးထိုးထွင်းထွင်း သိ မြင်တော်မူပါပေသည်၊ ထိုသဗ္ဗညုမြတ်စွာဘုရား ညွှန်ပြသည့် လမ်းနောက်သို့ သာလျှင် ယခုအခါ သာဝကတစုတို့သည် လိုက်ပါကြရကုန်သည်ဟု ပြန်ပြောင်း ပြောကြားခဲ့ပါသည်။

ဤသို့လျှင် ဂေါပကမောဂ္ဂလ္လာန ပုဏ္ဏား လျှောက်ထားသော အ ကြောင်း အင်္ဂုပ္ပတ်ကြောင့် ဤဂေါပကမောဂ္ဂလ္လာန သုတ္တန် ဒေသနာတော် မြတ်ကို ဓမ္မဘဏ္ဍာဂါရိကဖြစ်တော်မူသော အာနန္ဒာမထေရ်သူမြတ်ဟောကြား တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ အာယသ္မတာ အာနန္ဒတ္ထေရေန ဓမ္မဘဏ္ဍာ-
ဂါရိကေန ဘိက္ခုနော ပသာဒနီယာ ဓမ္မာ ပကာသိတာ၊ ယေ
တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန
အက္ခာတာ။ ယေဟိ စ သမန္နာဂတံ ဘိက္ခုံ အညေ ဘိက္ခူ။ သက္က-
ရေယျုံ ဂရုံ ကရေယျုံ မာနေယျုံ ပူဇေယျုံ သက္ကတ္ဝာ ဂရုံ ကတ္ဝာ
ဥပနိဿာယ ဝိဟရေယျုံ။

ဝိဿဇ္ဇနာ။ ။ဣဓ ဗြာဟ္မဏ ဘိက္ခု သီလဝါ ဟောတိ၊ ပါတိမောက္ခသံဝရ-
သံဝုတော ဝိဟရတိ အာစာရဂေါစရသမ္ပန္နော အဏုမတ္တေသု
ဝဇ္ဇေသု ဘယဒဿာဝီ၊ သမာဒါယ သိက္ခတိ သိက္ခာပဒေသု၊
ဗဟုဿုတော ဟောတိ သုတဓရော သုတသန္နိစယော၊ ယေမေ
ဓမ္မာ အာဒိကလ္လာဏာ မဇ္ဈေကလ္လာဏာ ပရိယောသာန-
ကလ္လာဏာ သာတ္ထံ သဗ္ယဉ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ
ဗြဟ္မစရိယံ အဘိဝဒန္တိ၊ တထာရူပာသ ဓမ္မာ ဗဟုဿုတာ
ဟောန္တိ ဓာတာ ဝစသာ ပရစိတာ မနသာနုပေက္ခိတာ ဒိဋ္ဌ-
ယာ သုပ္ပဋိဝိဒ္ဓါတိ ဧဝမာဒိနာ ဘန္တေ တတ္ထ အာယသ္မတာ
အာနန္ဒတ္ထေရေန ဓမ္မဘဏ္ဍာဂါရိကေန ဒသ ပသာဒနီယာ ဓမ္မာ
ပကာသိတာ။ ယေ တေန ဘဂတာ ဇာနတာ ပဿတာ
အရဟတာ သမ္မာသမ္ဗုဒ္ဓေန အက္ခာတာ၊ ယေဟိ သမန္နာဂတံ
ဘိက္ခုံ ဧတရဟိ ဘိက္ခူ။ သက္ကရေယျုံ ဂရုံ ကရေယျုံ မာနေယျုံ
ပူဇေယျုံ သက္ကတ္ဝာ ဂရုံ ကတ္ဝာ ဥပနိဿာယ ဝိဟရေယျုံ။

အမေး။ ။ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကိုခံတော်မူထိုက်သော ဥယျမံ ငါးပါးတရားအလုံးစုံ တို့ကို အကုန်အစင် သိမြင်တော်မူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားသခင်သည် ရဟန်းတော်များ၏ ကြည့်ညိုဘွယ်ရာဖြစ်သော ပဿာဒနီယဂုဏ် ပဿာဒနီယကျေးဇူးတရားတို့ကို ဟောကြားထားထော်မူခဲ့ကုန်၏၊ ယင်း ပဿာဒနီယဂုဏ် ပဿာဒနီယဓမ္မတို့နှင့် ပြည့်စုံနေသော ရဟန်းကို အခြားသောရဟန်းတို့သည် အရိုအသေပြုကုန်ရာ၏ အလေးအမြတ်ပြုကုန်ရာ၏ မြတ်နိုးကုန်ရာ၏ ပူဇော်ကုန်ရာ၏။ ယင်း ပဿာဒနီယဓမ္မ ကြည့်ညိုဘွယ်ရာဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ရဟန်းကို အခြားတပါးသော ရဟန်းတို့သည် အရိုအသေပြု၍ အလေးအမြတ်ပြု၍ အမှီတံကဲပြု၍ နေထိုင်ကုန်ရာ၏၊ ဤသို့အမှီတံကဲပြုလောက်ရိုသေလောက် မြတ်နိုးလောက်သော ပဿာဒနီယဂုဏ်ကျေးဇူးတရားတို့ကို ဓမ္မဘဏ္ဍာဂါရိက တရားဘဏ္ဍာစိုးဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ်မြတ်သည် ထိုဂေါမက သုတ္တန်ဒေသနာတော်၌ အဘယ်သို့လျှင် ထုတ်ဖော်၍ ဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုဂေါပကမောဂ္ဂလ္လာန သုတ္တန် ဒေသနာတော်မြတ်၌ လျှောက်ဆိုအပ်ပြီးသော အတိုင်း ဂေါပကမောဂ္ဂလ္လာနပုဏ္ဏားနှင့် ရှင်အာနန္ဒာမထေရ်သူမြတ်တို့ စကားလက်စမပြတ်မီပင် မဂဓမင်း၏ အမတ်ချုပ်ကြီးဖြစ်သော ဝဿကာရပုဏ္ဏားသည် ဂေါပကမောဂ္ဂလ္လာန ပုဏ္ဏား၏ အလုပ်လုပ်ရာ အရပ်သို့ ရောက်လာ၍ ရှင်အာနန္ဒာထံမှောက်သို့ သွားရောက်ပြီးလျှင် စကားနှီးနှောပြောဆို ပြီး၍ တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေပြီးလျှင် “ကာယ နုတ္ထ ဘော အာနန္ဒ ဧတရဟိ ကထာယ သန္နိသိန္နာ၊ကာ စ ပန ဝေါ အန္တရာကထာ ဝိပ္ပကတာ-အစရှိသည်ဖြင့်—

အို အရှင်ဘုရားအာနန္ဒာ.... အရှင်ဘုရားတို့သည် ယခုအခါ အဘယ်စကားဖြင့် အရှင်ဘုရားနှင့် မောဂ္ဂလ္လာနပုဏ္ဏားတို့ စည်းဝေးတော် မူကြပါကုန်သနည်း၊ အရှင်ဘုရားတို့ပြောဆို၍ မပြီးသေးသောစကား လက်စ မပြတ်သေးသောစကားသည်ကား အဘယ်စကားဖြစ်ပါသနည်း ဟု မေးလျှောက်ပါသည်။

ထိုအခါ အရှင်အာနန္ဒာမထေရ်သူမြတ်သည် ဝဿကာရပုဏ္ဏား.... ဤနေရာမှာ ငါ့ကို ဂေါပကမောဂ္ဂလ္လာနပုဏ္ဏားက သဗ္ဗညုမြတ်စွာဘုရားနှင့်

ဂုဏ်ရည်ထပ်မျှတူသော ရဟန်းတော်တပါး ဤသာသနာတော်၌ ရှိပါသလား ဟု မေးမြန်းလျှောက်ထားပါသည်၊ မရှိကြောင်း ငါပြန်ပြောင်း ပြောဆိုနေဆဲ စကားလက်စမပြတ်သေးမီပင်လျှင် အသင်ဝဿကာရပုဏ္ဏားရောက်ရှိ၍ လာပါသည် ဟု ပြန်ကြားမိန့်ဆိုတော်မူသောအခါ ဝဿကာရပုဏ္ဏားသည်—

အတ္ထိ နု ခေါ ဘော အာနန္ဒ ကောဘိက္ခုပိ တေန ဘောတာ ဂေါတမေန ဌပိတော အယံ ဝေါ မမစ္ဆယေန ပဋိသရဏံ ဘဝိဿတီတိ၊ ယံ တုမ္ဟေ ဇေတရဟိ ပဋိပါဒေယျာထ- အစရှိသည်ဖြင့် “အိုအရှင်အာနန္ဒာ....ထိုအရှင်ကြီးဂေါတမသည် ဤရဟန်းကား ငါဘုရားကွယ်လွန်သည့်နောက်ကာလ၌ သင်ချစ်သားတို့၏ ကိုးစားရာဖြစ်လိမ့်မည်” ဟု ပရိနိဗ္ဗာန် စံတော်မူခင်ပင် ကိုယ်တော် အရာထားခဲ့သော ရဟန်းတပါးသော်လည်း ဤသာသနာတော်၌ ရှိပါသလော”ဟု မေးမြန်းလျှောက်ထား ပါသည်။

ထိုသို့ သဗ္ဗညုမြတ်စွာဘုရား ကိုယ်တော်စားထားခဲ့သော ရဟန်းတော်တပါးဟူ၍ မရှိကြောင်း ပြန်ပြောင်းမိန့်ဆိုသည်တွင်—

အတ္ထိ ပန ဘော အာနန္ဒ ကောဘိက္ခုပိ သံဃေန သမ္မတော သမ္မဟုလေဟိ ထေရေဟိ ဘိက္ခူဟိ ဌပိတော “အယံ နော ဘဂဝတော အစ္စယေန ပဋိသရဏံ ဘဝိဿတီ”တိ၊ ယံ တုမ္ဟေ ဇေတရဟိ ပဋိပါဒေယျာထ ဟု “အို အရှင်ဘုရား အာနန္ဒာ.... ထိုသို့ မရှိပါမူ ဤရဟန်းသည် သဗ္ဗညုမြတ်စွာဘုရား လွန်တော်မူပြီးသည်မှ နောက်ကာလဝယ် ငါတို့၏ ကိုးစားရာ ဖြစ်လိမ့်မည်ဟု သံဃာတော်အရှင်မြတ်တို့က သမုတ်၍ ထားအပ်သော ရဟန်းတော်တပါးသော်လည်း အရှင်ဘုရားတို့ သာသနာဝယ် ရှိပါသလော။ ယင်းရဟန်းကိုပင် အမှီပြု၍ အရှင်ဘုရားတို့သည် ယခုအခါ နေကြပါကုန်သလော ဟု မေးမြန်းလျှောက်ထားသောအခါလည်း ထိုသို့ သံဃာတော်က ပဋိဿရဏ[1] ဟူ၍ သမုတ်ထားသော ရဟန်းမရှိကြောင်း ပြန်ပြောင်းမိန့်ကြားတော်မူသည်တွင်

ဧဝံ အပ္ပဋိသရဏော စ ပန ဘော အာနန္ဒ ကော ဟေတု သာမဂ္ဂိယာ ဟု အို အရှင်ဘုရား အာနန္ဒာ....ဤသို့ ကိုးကွယ်ရာ မရှိသော ဤဓမ္မဝိနယ

၁။ ပဋိဿရဏ မှီခိုအားထားရာ ရဟန်းကု ဆိုလိုသည်။

သာသနာ၌ အရှင်ဘုရားတို့ ဤမျှလောက် ညီညီညွတ်ညွတ် နေနိုင်ခြင်း၏ အကြောင်းရင်းကား အဘယ်ပါနည်း ဟု မေးမြန်းလျှောက်ထားပါသည်။

ထိုအခါ အရှင်အာနန္ဒာ မထေရ်သူမြတ်က နာ ခေါ် မယံ ဗြာဟ္မဏ အပ္ပဋိသရဏာ၊ သပ္ပဋိသရဏာ မယံ ဗြာဟ္မဏ ဓမ္မပ္ပဋိသရဏာ ဟု ဝဿကာရပဏ္ဏား.... ငါတို့သည် ကား ကိုးကွယ်ရာမဲ့ကြသူတို့ မဟုတ်ပါကုန်၊ ငါတို့သည် ကား ကိုးကွယ်ရာ ထင်ရှားရှိကြသော ပုဂ္ဂိုလ်တို့ ဖြစ်ပေသည်။ ငါတို့သည် တရားတော်လျှင် ကိုးကွယ်ရာရှိကြကုန်သည်ဟု ပြန်ကြားမိန့်ဆိုတော်မူပါသည်။

ထိုအခါ ဝဿကာရပဏ္ဏားက အရှင်ဘုရား မိန့်ကြားတော်မူအပ်သော တရားတော်၏ အနက်အဓိပ္ပါယ်ကို အဘယ်သို့ သိမှတ်ရပါအံ့နည်းဟု ပြန်ပြောင်း မေးလျှောက်သည်တွင်—

ဝဿကာရပဏ္ဏား.... သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော သမ္မာသမ္ဗုဒ္ဓ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သက်တော် ထင်ရှားရှိတော်မူစဉ်ကာလကပင် ရဟန်းတော်အရှင်သူမြတ်တို့အား ပညတ်၍ ထားအပ်သော သိက္ခာပုဒ်တော်တရားရှိပါသည်၊ ဖော်ပြ၍ ထားခဲ့သော ပါတိမောက်များ ထင်ရှားရှိပါသည်၊ ထိုငါတို့သည် ယခုအခါ၌ တဆယ့်ငါးရက် တဆယ့်လေးရက် ဥပုသ်နေ့ဝယ် ဂါမခေတ်[1] တခုအတွင်း သီတင်းသုံးနေသော သံဃာတော်တို့ တစုတည်း တပေါင်းတည်း စုဝေးကြပါသည်။

သို့ စုဝေးပြီးလျှင် သဗ္ဗညုမြတ်စွာဘုရား၏ အာဏာပါတိမောက်[2] ဖြစ်သော ပါတိမောက်ကို နှုတ်ရဆောင်သော ပုဂ္ဂိုလ်ကပင် ပြကြပါသည်၊ ထို သံဃအစည်းအဝေး၌ အကြင် ရဟန်းအား အာပတ်သင့်မှု တစုံတခု သိက္ခာပုဒ်ကို လွန်ကျူးမှု ရှိခဲ့ငြားအံ့၊ ထိုရဟန်းအား တရားအားလျော်စွာ ပင်လျှင် ကုစားကြပါကုန်သည်၊ ထိုရဟန်း၏ စိတ်မှာလည်း ဤအရှင်သူမြတ်တို့သည် ငါ့ကို ကံပြုသည်ဟု မမှတ်ထင် တရားတော် သဘောအတိုင်းသာလျှင် ဝိနည်းကံ အတိုင်းသာလျှင် ကံပြုသည်ဟူ၍ မှတ်ယူပါသည်။

၁။ ဂါမခေတ် ရွာတခု၏ ဥပစာ, နယ်နိမိတ်။

၂။ အာဏာပါတိမောက်-ပညတ်ချက်အာဏာဖြင့် ဟောထားသည့် ပါတိမောက်။

ဤသို့ မိန့်ကြားတော်မူသည်တွင် ဝဿကာရပုဏ္ဏားသည် အိုအရှင် အာနန္ဒာ....ဤသာသနာတော်၌ အရှင်ဘုရားတို့သည် အရိုအသေပြု၍ မြတ်နိုး၍ ပူဇော်၍ နေရမည့် အရိုအသေပြု၍ အလေးအမြတ်ပြု၍ နေရန် သမုတ်ထားသော ရဟန်းတော်တပါး ရှိပါသလား ဟု မေးမြန်းလျှောက်ထားပါသည်။

သမုတ်၍ ထားအပ်သော ရဟန်းတော်ဟူ၍ မရှိပါကြောင်း ပြန်ပြောင်း မိန့်ကြားတော်မူသည်တွင်—

အရှင်ဘုရား မိန့်ကြားသော စကားတော်၏ အနက်အဓိပ္ပါယ်ကို အဘယ်သို့ မှတ်ယူရပါအံ့နည်း ဟု ပြန်ပြောင်းမေးလျှောက်ပါသည်။ ထိုအခါ ဓမ္မဘဏ္ဍာဂါရိက တရားဘဏ္ဍာစိုး ဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ်သူမြတ်က အတ္ထိ ခေါ ဗြာဟ္မဏ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ဒဿ ပသာဒနီယာ ဓမ္မာ အက္ခာတာ-အစရှိသည်ဖြင့်—

ဝဿကာရပုဏ္ဏား.... သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုမြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ဖြင့် ဟောကြားတော်မူအပ်သော **ပသာဒနီယ** ကျေးဇူးဂုဏ် ဆယ်ပါးတို့သည် အထင်အရှား ရှိကြပါကုန်သည်။

ထိုပသာဒနီယ ကျေးဇူးဂုဏ် ဆယ်ပါးတို့ အကြင်မထေရ်သူမြတ်သန္တာန်၌ ထင်ရှားရှိကြပါကုန်သည်၊ ထိုပသာဒနီယ ကြည်ညိုလောက်သော ကျေးဇူးဂုဏ် ဆယ်ပါးနှင့် ပြည့်စုံသော မထေရ်သူမြတ်ကိုပင် ငါတို့သည် သမ္မုတိ ဟူ၍ အသီးအခြား မထားဘဲ ဓမ္မဂရုအားဖြင့် ကြည်ညိုဘွယ် ဂုဏ်ဆယ်ပါးနှင့် ပြည့်စုံသော မထေရ်သူမြတ်ကို အရိုအသေပြုကြပါကုန်သည်၊ အလေးအမြတ်ပြုကြပါကုန်သည်၊ မြတ်နိုးကြပါကုန်သည်၊ ပူဇော်ကြပါကုန်သည်၊ အရိုအသေပြုကာ အလေးအမြတ်ပြုကာ မှီတင်း၍ နေကြပါကုန်သည်။

ထိုကြည်ညိုဘွယ်ကိုဆောင်သော ပသာဒနီယ ကျေးဇူးဂုဏ် ဆယ်ပါးတို့ ဟူသည်မှာ—

(၁) ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံခြင်း။

(၂) ဗဟုဿုတနှင့် ပြည့်စုံခြင်း။

(၃) ပစ္စည်းလေးပါးတို့၌ ရရသမျှသော ပစ္စည်းတို့ဖြင့် ရောင့်ရဲလွယ်ခြင်း သန္တုဋ္ဌိ ကျေးဇူးတပါး။

(၄) ပဌမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် တည်းဟူသော အာဘိစေတသိက စျာန်လေးမျိုးတို့ကို မငြိုမငြင် မပင်မပန်း အလိုရှိသလို ဝင်စားနိုင်သော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူခြင်း။

(၅) ပုဗ္ဗေနိဝါသာနုဿတိဉာဏ်။

(၆) ဒိဗ္ဗစက္ခုဉာဏ်။

(၇) ဣဒ္ဓိဝိဓဉာဏ်။

(၈) စေတောပရိယဉာဏ်။

(၉) ဒိဗ္ဗသောတဉာဏ်။

(၁၀) အာသဝက္ခယဉာဏ်။

ဟူ၍ ပသာဒနီယ ကြည်ညိုဘွယ်ကို ဆောင်နိုင်သော ဂုဏ်ကျေးဇူး ဆယ်ပါးရှိကြပါသည်။

ဤဂုဏ်ကျေးဇူး ဆယ်ပါးနှင့် ပြည့်စုံသော ရဟန်းတော်အရှင်သူမြတ်ကို ဤသာသနာတော်ဝယ် ထင်ရှားရှိကြသော ထေရနဝမဇ္ဈိမ ဖြစ်ကြသော ငါတို့သည် အရိုအသေပြုကြပါကုန်သည်၊ မြတ်နိုးပူဇော်ကြပါကုန်သည်၊ အရိုအသေပြု၍ အလေးအမြတ်ပြု၍ မှီတင်းနေထိုင်ကြပါသည် ဟု ဓမ္မဘဏ္ဍာစိုး ဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ်သူမြတ်သည် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ပသာဒနီယ ကြည်ညိုဘွယ် ဂုဏ်ဆယ်ပါးတို့ကို ဝဿကာရ မည်သော ပဋ္ဌားအား စိတ်ဖြာခဲ့ခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဧဝံ ဝုတ္တေ ခေါ အာဝုသော ဝဿကာရော ဗြာဟ္မဏော မဂဓမဟာ-မတ္တော ကိဒိသံ ပသံသာဝစနံ ကထေသိ၊ ကထဉ္စသ အာယသ္မာ အာနန္ဒတ္ထေရော ဓမ္မဘဏ္ဍာဂါရိကော တံ ဝစနံ ပဋိသောဓေတ္ဝာ ပကာသေသိ။

ဝိဿဇ္ဇနာ။ ။ဧဝံ ဝုတ္တေ ဝဿကာရော ဗြာဟ္မဏော မဂဓမဟာမတ္တော ဥပနန္ဒံ သေနာပတိံ အာမန္တေသိ "တံ ကိံ မညသိ ဘဝံ သေနာပတိ၊ ယဒိ မေ ဘောန္တော သက္ကာတဗ္ဗံ သက္ကရောန္တိ၊ ဂရုံ ကာတဗ္ဗံ ဂရုံ ကရောန္တိ၊ မာနေတဗ္ဗံ မာနေန္တိ၊ ပူဇေတဗ္ဗံ ပူဇေန္တိ" တိ ဧဝမာဒိကံ ပသံသာဝစနံ ကထေသိ၊ အာယသ္မာ စ ဘန္တေ အာနန္ဒော "န စ ခေါ ဗြာဟ္မဏ သော ဘဂဝါ သဗ္ဗံ စျာနံ ဝဏ္ဏေသိ၊ န ပိ သော ဘဂဝါ သဗ္ဗံ စျာနံ န ဝဏ္ဏေသိ" တိ ဧဝမာဒိနာ တံ ဝစနံ ပဋိသောဓေတ္ဝာ ပကာသေသိ။

အမေး။ ။ဤသို့ အရှင်အာနန္ဒာ မထေရ်မြတ်က ကြည်ညိုဘွယ်ရာ ဖြစ်သော ပသာဒနီယ ဂုဏ်အင်္ဂါဆယ်ပါး တရားတို့ကို ဟောကြားတော်မူသော အခါကာလ၌ မဂဓတိုင်း၏ အမတ်ကြီးဖြစ်သော ဝဿကာရပုဏ္ဏားသည် ခြိုးမှမ်းစကားကို အဘယ်သို့လျှင် ပြောဆိုပါသနည်း။ အရှင်အာနန္ဒာမထေရ် မြတ်ကလည်း ထိုဝဿကာရ မဂဓတိုင်း အမတ်ကြီး၏ ခြိုးမှမ်းစကားကို အဘယ် သို့လျှင် သုတ်သင်ရှင်းလင်း၍ ဟောပြပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤသို့ ရှင်အာနန္ဒာမထေရ်သူမြတ်က သီလသမ္ပဒါ, ဗဟုသုတ, သန္တောသ, စျာနလာဘိတာ, အဘိညာဉ်ခြောက်ပါး ဤဆယ်ပါးသော ကြည်ညိုဘွယ်ရာ ကျေးဇူးဂုဏ်တို့ကို အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူ သောအခါ မဂဓတိုင်းသူတို့၏ အမတ်ချုပ်ဖြစ်သော ဝဿကာရပုဏ္ဏားသည် မိမိအနီးအပါး၌ ရှိသော ဥပနန္ဒ စစ်သူကြီးကို တံ ကိံ မညသိ ဘဝံ သေနာပတိ-အစရှိသည်ဖြင့်—

အရှင်ဥပနန္ဒ စစ်သူကြီးသည် အကျွန်ုပ်ပြောမည့် ယခု စကားကို မည်သို့ မှတ်ထင်ပါသနည်း၊ ယင်းသို့ ရှင်အာနန္ဒာ မိန့်တော်မူသည့် အတိုင်း ဆိုလျှင် ဤသာသနာဝန်ထမ်း ရဟန်းတော် အရှင်မြတ်တို့သည် ရှိသေထိုက်သော ပုဂ္ဂိုလ်ကို ရှိသေကြကုန်သည်၊ အလေးအမြတ်ပြုထိုက် သော ပုဂ္ဂိုလ်ကို အလေး အမြတ် ပြုတော်မူကြကုန်သည်၊ မြတ်နိုးထိုက် သော ပုဂ္ဂိုလ်, ပူဇော်ထိုက်သော ပုဂ္ဂိုလ်ကို ပူဇော်တော်မူကြကုန်သည် မဟုတ်ပါလော ဟု မေးမြန်းပါသည်။

ဥပနန္ဒ စစ်သူကြီးသည်လည်း ယင်းသို့ ဖြစ်သည်ရှိသော် ရဟန်းတော် အချင်သူမြတ်တို့သည် အရှိအသေပြုထိုက် အလေးအမြတ်ပြုထိုက် မြတ်နိုးထိုက် ပူဇော်ထိုက်သော ပုဂ္ဂိုလ်ကိုပင်လျှင် အရှိအသေပြုကြ အလေးအမြတ်ပြုကြ မြတ်နိုးကြ ပူဇော်ကြခြင်း ဖြစ်ပါပေသည်။ ဤသို့ ပသာဒနီယ ကျေးဇူးဂုဏ် ဆယ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကိုမှ အရှိအသေ အလေးအမြတ် မြတ်နိုးမှု ပူဇော်မှု မပြုကြပါလျှင် အဘယ်သို့သော ပုဂ္ဂိုလ်ကို အရှိအသေ အလေး အမြတ် မြတ်နိုးမှု ပူဇော်မှု ပြုဘွယ်ရှိပါအံ့နည်း။ အဘယ်ပုဂ္ဂိုလ်ကို အရှိုအသေ ပြုကာ အလေးအမြတ်ပြုကာ မြတ်နိုးကာ ပူဇော်ကာ မှီတွယ်၍ နေစရာ ရှိပါအံ့နည်း ဟု ပြန်ပြောင်းပြောဆိုပါသည်။

ထိုအခါ ဝဿကာရပုဏ္ဏားသည် အရှင်အာနန္ဒာမထေရ်သူမြတ်ကို ကဟံ ပန ဘဝံ အာနန္ဒော ဧတရဟိ ဝိဟရတိ-ဟု ယခုအခါ အရှင်အာနန္ဒာမထေရ် သည် အဘယ်အရပ်၌ နေတော်မူပါသနည်း ဟု မေးလျှောက်ပါသည်။

ထိုအရှင်အာနန္ဒာမထေရ်သူမြတ်က ဝေဠုဝန်ကျောင်း၌ နေတော်မူ ကြောင်း ပြန်ပြောင်းမိန့်ဆိုသည်တွင် အရှင်အာနန္ဒာမထေရ်သူမြတ်ဘုရား.... ဝေဠုဝန်ကျောင်းသည် အပွသဒ္ဒ, အပွနိဇ္ဈါသ, ဝိဇနဝါတ, မနုဿရာဟသေ-ယျက, ပဋိသလ္လာနသာရုပ္ပ မဖြစ်ပါလော။ လူသူတို့၏ အသံမှ ဆိတ်မှ ရဟန်း တော် အချင်သူမြတ်တို့ ကိန်းအောင်းခြင်းငှါ လျောက်ပတ်သော ဂုဏ်အင်္ဂါနှင့် ပြည့်စုံသည် မဟုတ်ပါလော ဟု မေးမြန်းလျှောက်ထားသောအခါ ရှင်အာနန္ဒာ မထေရ်သူမြတ်လည်း——

အသင် ဝဿကာရပုဏ္ဏားတို့ကဲ့သို့သော အစောင့်အရှောက်ကိုရသဖြင့် ဤဝေဠုဝန်ကျောင်းသည် လူတို့၏အသံမှ တိတ်ဆိတ်၍ ရဟန်းတော်အရှင် သူမြတ်တို့ တကိုယ်တည်း ကိန်းအောင်း၍ နေခြင်းငှါ ထိုက်လျောက်ပတ် ကြောင်း ပြန်ပြောင်းမိန့်တော်မူသည်တွင်——

အို အရှင်ဘုရား အာနန္ဒာ....ဤဝေဠုဝန်ကျောင်းသည် အရှင်ဘုရားတို့ ကဲ့သို့သော စျာနလာဘီ စျာနရတီ ပုဂ္ဂိုလ်တို့ဖြင့် လွန်စွာ့ လွန်စွာ တင့်တယ်၍ တကိုယ်တည်း ကိန်းအောင်း၍ လျောက်ပတ်ကြောင်း ပြန်ပြောင်းလျှောက်ဆို ပြီးလျှင် ဧကမိဒါဟံ ဘော အာနန္ဒ သမယံ သော ဘဂဝံ ဂေါတမော ဝေသာ-လိယံ ဝိဟရတိ မဟာဝနေ ကူဋာဂါရသာလာယံ-အစရှိသည်ဖြင့်——

အို အရှင်ဘုရား အာနန္ဒာ.... အခါတပါးဝယ် အရှင်ဘုရားတို့၏ ဆရာဖြစ်တော်မူသော အရှင်ဂေါတမသည် ဝေသာလီပြည် မဟာဝုန်တော၌ သီတင်းသုံးနေတော်မူပါသည်။ ထိုအခါ အကျွန်ုပ်သည် ရဟန်းကြီးဂေါတမရှိရာအရပ်သို့ ချဉ်းကပ်ပါသည်၊ ထိုအရပ်၌ လည်း ရဟန်းကြီးဂေါတမသည် များစွာသော အကြောင်းဖြင့် စကားထာ စကန်တရားနှင့်စပ်သော ကျေးဇူးစကားကို ဟောကြားတော်မူပါပေသည်။ ထိုရဟန်းကြီးဂေါတမသည် အမြဲတစေ စကန်ဝင်စားလေ့ရှိပါတော်မူပေသည်။

သဗ္ဗဉ္ဉု ပန သော ဘဝံ ဂေါတမော စကန် ဝဏ္ဏော်သိ-ထိုရဟန်းကြီးဂေါတမသည်ကား အလုံးစုံသော စကန်ဝင်စားမှု စုံးစုံးစိုက်စိုက် အာရုံကို ရှု့ အလုံးစုံကိုပင်လျှင် ကျေးဇူးစကားကိုပြောကြားတော်မူသည်ဟု ခဲခြမ်းခြင်း မရှိဘဲ ခြိုးမှမ်းသောအနေ ပြန်ကြားလျှောက်ဆိုခဲ့ပါပေသည်။

ထိုအခါ အရှင်အာနန္ဒာမထေရ်သူမြတ်က န စ ခေါ ဗြာဟ္မဏ သော ဘဂဝါ သဗ္ဗံ စကန် ဝဏ္ဏော်သိ၊ နပိ သော ဘဂဝါ သဗ္ဗံ စကန် န ဝဏ္ဏော်သိ-အစရှိသည်ဖြင့် အို ဝဿကာရပုဏ္ဏား.... ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားသခင်သည် သင်ပြောဆိုသည့်အတိုင်း စကန ဟူ၍ ခေါ်ဆိုသည့် အလုံးစုံသော ကောင်းကောင်းဆိုးဆိုး အာရုံဝယ် စံစံမြဲမြဲ စုံးစုံးစိုက်စိုက် ရှုခြင်းကို ခြိုးမှမ်းတော်မူလေ့မရှိပါ၊ အလုံးစုံသော အာရုံကို စံစံစိုက်စိုက် စိုက်စိုက်စုံးစုံး ရှုခြင်းကို မခြိုးမှမ်းသည်လည်း မဟုတ်ပါ၊ ခြိုးမှမ်းသင့်သော အာရုံကို စိုက်စိုက်စုံးစုံးရှုမှုကို ခြိုးမှမ်းတော်မူပါသည်၊မခြိုးမှမ်းသင့်သော အာရုံကို စိုက်စိုက်စုံးစုံး ရှုမှုကိုကား သဗ္ဗညုမြတ်စွာဘုရား ခြိုးမှမ်းတော်မမူပါ။

အို ဝဿကာရပုဏ္ဏား.... အဘယ်သို့သဘောရှိသော အာရုံသို့ စိုက်စိုက်စုံးစုံးရှုမှုကို သဗ္ဗညုမြတ်စွာဘုရား မခြိုးမှမ်းသနည်းဟူမူ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကာမစ္ဆန္ဒ သောင်းကျန်းသည်ဖြစ်၍ ဗျာပါဒသောင်းကျန်းသည် ဖြစ်၍ ထိနမိဒ္ဓသောင်းကျန်းသည်ဖြစ်၍ ဥဒ္ဓစ္စကုက္ကုစ္စ သောင်းကျန်းသည် ဖြစ်၍ ဝိစိကိစ္ဆာတရား သောင်းကျန်းသည် ဖြစ်၍ ကာမစ္ဆန္ဒ, ဗျာပါဒ, ထိနမိဒ္ဓ, ဥဒ္ဓစ္စ ကုက္ကုစ္စ, ဝိစိကိစ္ဆာ တရားတို့ နှိပ်စက်အပ်သော စိတ်နှလုံးဖြင့်သာ နေလေ့ရှိပါသည်။

ထိုကာမစ္ဆန္ဒ, ဗျာပါဒ, ထိနမိဒ္ဓ, ဥဒ္ဓစ္စကုက္ကုစ္စ, ဝိစိကိစ္ဆာ, တည်းဟူသော နီဝရဏတရားတို့၏ လွတ်ရာလွတ်ကြောင်း ထွက်မြောက်ရာ ထွက်မြောက်

ကြောင်း တရားကိုကား မသိဘဲရှိပါသည်။ ထိုကာမစ္ဆန္ဒ, ဗျာပါဒ, ထိနမိဒ္ဓ, ဥဒ္ဓစ္စကုက္ကုစ္စ, ဝိစိကိစ္ဆာ တည်းဟူသော နိဝရဏတရားတို့နှင့် ပြည့်စုံသော စိတ်ရှိသည်ဖြစ်၍ ကာမအကြံကို စူးစူးစိုက်စိုက် ကြံစည်ခြင်း ဗျာပါဒ အကြံကို စူးစူးစိုက်စိုက် ကြံစည်ခြင်း ထိနမိဒ္ဓအကြံ ဥဒ္ဓစ္စ ကုက္ကုစ္စအကြံ ဝိစိကိစ္ဆာအကြံကို စူးစူးစိုက်စိုက် ကြံစည်ခြင်း တည်းဟူသော ဤနိဝရဏအကြံမျိုး နိဝရဏစူးစူးစိုက်စိုက် အာရုံကို ရှုကြည့်မျိုးကိုကား သဗ္ဗညုမြတ်စွာဘုရားသည် ခြိုးမှမ်းတော်မမူခဲ့ပါ။

အို ဝဿကာရပုဏ္ဏား....အဘယ်သို့ သဘောရှိသော အာရုံ၌ စိုက်စိုက်စူးစူး မြဲမြဲမြံမြံရှုမှုကို သဗ္ဗညုမြတ်စွာဘုရား ခြိုးမှမ်းတော်မူပါသနည်း ဟူမူ ဤသာသနာတော်၌ သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တ အမျိုးကောင်းသားသည် ဝတ္ထုကာမ ကိလေသာကာမတို့မှ ဆိတ်ပြီးလျှင် ဝိတက်ဝိစာရနှင့် တကွသော ပီတိနှင့်ယှဉ်သော သုခရှိသော ရူပါဝစရပဌမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်တို့ကို ဝင်စား၍ နေပါသည်။

ဤသို့ ကသိုဏ်း အစရှိသော အာရုံတို့၌ ရူပါဝစရပဌမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်တို့ဖြင့် စိုက်စိုက်စူးစူး အာရုံ၌ တည်ငြိမ်စွာ ရှုမှု တည်းဟူသော စျာန်ကျေးဇူးကိုသာလျှင် ငါတို့၏ ဆရာ ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရား ခြိုးမှမ်းတော်မူပါသည် ဟု မမှဘဏ္ဍာဂါရိက တရားဘဏ္ဍာစိုး ဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ်သူမြတ်သည် ဝေဿကာရပုဏ္ဏား မဝေမခြမ်း မခဲ့မခြား ပြောကြားအပ်သော ထိုစကားကို စိတ်ဖြာသုတ်သင်၍ ရှင်းလင်းပြတော်မူခဲ့ပါသည်အရှင်ဘုရား။

ဂေါပကမောဂ္ဂလ္လာနသုတ် ပြီး၏

မဟာပုဏ္ဏမသုတ်

ပုစ္ဆာ။ ။မဟာပုဏ္ဏမသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ သင်္ဃမတ္တာနံ ပဓာနိယဘိက္ခူနံ သံဃတ္ထေရံ ဘိက္ခုံ အာရဗ္ဘ ဘာသိတံ၊ အညတရော ဘန္တေ

သဋ္ဌိမတ္တာနံ ပဓာနိယဘိက္ခူနံ သံဃတ္ထေရော ဘိက္ခူ ဥဒ္ဒာ-
ယာသနာ ကေံသံ စိဝရံ ကတ္ဝာ ယေန ဘဂဝါ တေနဥ္ဇလိံ
ပဏာမေတ္ဝာ ဘဂဝန္တံ တေဒဂေါစ “ပုဋ္ဌယျာဟံ ဘန္တေ
ဘဂဝန္တံ ကိဉ္စိဒေဝ ဒေသံ၊ သစေ မေ ဘဂဝါ ဩကာသံ
ကရောတိ ပဥ္ဉသ ဝေယျာကရဏာယာ”တိ၊ တသ္မိံ ဘန္တေ
ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။တဆယ့်ငါးရက်မြောက် လပြည့် ဥပုသ်နေ့၌ ဟောသော တရားဖြစ်ခြင်းကြောင့် မဟာပုဏ္ဏမာ အမည်ရသော သုတ္တန်တရားဒေသနာတော်မြတ်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းအရပ်ဝယ် ခြောက်ကျိပ်မျှ အတိုင်းအရှည်ရှိသော ယောဂါဝစရ ကမ္မဋ္ဌာန်းအလုပ် အားထုတ်တော်မူကြသည့် ပဓာနိယ ရဟန်းတော် မထေရ်တို့၏သံဃထေရ်ဖြစ်တော်မူသော ရဟန္တာ မထေရ်သူမြတ်တပါးကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၏ ဟင်းလင်းအပြင် လွင်တီးခေါင်ဝယ် လပြည့်နေ့ လရောင်၏အောက်၌ များစွာသော ရဟန်းအပေါင်း ခြံရုံ၍ သီတင်းသုံးနေတော်မူဆဲ ရှိပါသည်။

ထိုအခါ ခြောက်ကျိပ်မျှသော ယောဂါဝစရ ကမ္မဋ္ဌာန်းအလုပ် အားထုတ်တော်မူကြသည့် ပဓာနိယ ရဟန်းတော်တို့၏ ရှေ့သွားခေါင်းဆောင် ဖြစ်တော်မူသော သံဃမထေရ်သူမြတ်ကြီးသည် မိမိထိုင်နေရာမှ ထပြီးလျှင် ကိုယ်ဝတ်စံပယ်တင်၍ ဘုန်းတော်ခြောက်ပါးရှိတော်မူသော သဗ္ဗညုမြတ်စွာဘုရား ဘက်သို့ လက်အုပ်ချီပြီးလျှင် ပုဋ္ဌယျာဟံ ဘန္တေ ဘဂဝန္တံ ကိဉ္စိဒေဝ ဒေသံ အစရှိသည်ဖြင့်—

ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော သဗ္ဗညုမြတ်စွာဘုရားသည် တပည့်တော်အား အမေးပုစ္ဆာ ပြဿနာဖြေဆိုဘို့ရန် အကယ်၍ ခွင့်ပြုတော်မူပါမူကား တပည့်တော်သည် ရှင်တော်ဘုရားကို

တစုံတခုသော ပုစ္ဆာပြဿနာကို မေးလျှောက်လိုပါသည် ဟု လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက တေန ဟိ တုံ ဘိက္ခု သကေ အာသနေ နိသီဒိတ္ဝာ ပုစ္ဆ၊ ယဒါကင်္ခသိ-သို့တပြိုးကား ချစ်သားရဟန်း.... မိမိနေရာ၌ နေပြီးလျှင် သင်ချစ်သားအလိုရှိရာ မေးနိုင်သည်ဟု မိန့်ကြားတော်မူခဲ့ပါသည်။

ထိုအခါ ထိုပဓာနိယသံဃမထေရ်သည် မိမိနေရာ၌ ထိုင်နေပြီးလျှင် ဥပါဒါနက္ခန္ဓာနှင့်စပ်သော အမေးပုစ္ဆာ ပြဿနာ ထိုဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ မူလအကြောင်းရင်း ဖြစ်သော အမေးပုစ္ဆာ ပြဿနာ ဥပါဒါနက္ခန္ဓာငါးပါးတို့နှင့် ဥပါဒါန်တို့၏ အာရုံ အာရမ္မဏိက အကြောင်းအကျိုးအားဖြင့် ဆက်သွယ်ပုံကို ဖော်ပြသော ပုစ္ဆာ, ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ တဏှာ၏ ကဲ့ပြားပုံကို ဖော်ပြသော ပုစ္ဆာ, ခန္ဓာ ငါးပါးဟူ၍ ပညတ်ရခြင်း ပညတ်ဘို့ရန် ခန္ဓာတို့၏ အပိုင်းအခြားကို မေးမြန်းသောပုစ္ဆာ ဤသို့ စသည့် ဆယ်ရပ်သော ပုစ္ဆာတို့ဖြင့် သဗ္ဗညုမြတ်စွာဘုရားအား မေးလျှောက်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည်လည်း မေးတိုင်း မေးတိုင်းပင် ခဲခြမ်းစိတ်ဖြာဖြေဆိုတော်မူခဲ့ပါသည်။

ဤသို့လျှင် ခြောက်ကျိပ်သော ပဓာနိယ ရဟန်းတော်တို့၏ နာယကဥက္ကဋ္ဌဖြစ်တော်မူသော သံဃမထေရ်ရဟန်းကို အကြောင်းပြု၍ ဤမဟာပဋ္ဌာန သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

မဟာပဋ္ဌာနသုတ် ပြီး၏

စုဠပဋ္ဌာနသုတ်

ပုစ္ဆာ။ ။စုဠပဋ္ဌာနသုတ်တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒန္တေ သမ္မဟုလေ ဘိက္ခု။ အာရဗ္ဘ ဘာသိတံ။

အမေး။ ။စူဠပုဏ္ဏမ မည်သော သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညူမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းအရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ အသပ္ပုရိသအင်္ဂါနိ ဝိဘဇိတ္ဘာ ပကာသိတာနိ။

ဝိဿဇ္ဇနာ။ ။အသပ္ပုရိသော ဘိက္ခဝေ အဿဒ္ဓမ္မသမန္နာဂတော ဟောတိ၊ အသပ္ပုရိသဘတ္တိ ဟောတိ၊ အသပ္ပုရိသစိန္တီ ဟောတိ၊ အသပ္ပုရိသမန္တီ ဟောတိ၊ အသပ္ပုရိသဝါစော ဟောတိ၊ အသပ္ပုရိသကမ္မန္တော ဟောတိ၊ အသပ္ပုရိသဒိဋ္ဌိ ဟောတိ၊ အသပ္ပုရိသဒါနံ ဒေတိတိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ အဋ္ဌ အသပ္ပုရိသအင်္ဂါနိ ဝိဘဇိတ္ဘာ ပကာသိတာနိ။

အမေး။ ။ထိုစူဠပုဏ္ဏမ သုတ္တန်ဒေသနာတော်၌ သဗ္ဗညုမြတ်စွာဘုရားသခင်သည် အသပ္ပုရိသ သူတော်မဟုတ် သူယုတ်မာ၏ ဂုဏ်အင်္ဂါတို့ကို အဘယ်သို့လျှင် ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုစူဠပုဏ္ဏမ သုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် အသပ္ပုရိသော ဘိက္ခဝေ အဿဒ္ဓမ္မ သမန္နာဂတော ဟောတိ-အစရှိသည်ဖြင့်—

၁။ ချစ်သား ရဟန်းတို့....သူတော်မဟုတ် ယုတ်မာသော သူသည် ခုနစ်ပါးသော အဿဒ္ဓမ္မတို့နှင့်လည်း ပြည့်စုံ၏။

၂။ သူတော်မဟုတ် သူယုတ်မာတို့ကို ဆည်းကပ်ခြင်းလည်း ရှိ၏။

၃။ သူတော်မဟုတ် သူယုတ်မာတို့၏ အကြံအစည်ကိုသာလျှင် ကြံစည်လေ့ ရှိ၏။

၄။ သူတော်မဟုတ် သူယုတ်မာတို့၏ အတိုင်အပင်ကိုသာလျှင် တိုင်ပင်လေ့ ရှိ၏။

၅။ သူတော်မဟုတ် သူယုတ်မာတို့၏ ဝစီဒုစရိုက်လေးပါး စကားကို သာလျှင် ပြောဆိုလေ့ ရှိ၏။

၆။ သူတော်မဟုတ် သူယုတ်မာတို့၏ ကာယဒုစရိုက်သုံးပါး မကောင်းမှု များကိုသာ ပြုလုပ်လေ့ ရှိပေ၏။

၇။ သူတော်မဟုတ် သူယုတ်မာတို့၏ အယူဖြစ်သော နတ္ထိက အယူကို ယူတတ်ပေ၏။

၈။ သူတော်မဟုတ် သူယုတ်မာတို့၏ အလှူဒါနမျိုး လှူပုံမျိုးဖြစ်သည့် အသက္ကစ္စဒါန, အသဟတ္ထိကဒါန, အစိတ္တီကတဒါန, အပဝိဒ္ဓဒါနမျိုးကို ပေးလှူတတ်ပေ၏ ဟူ၍ ထိုစဋ္ဌပဏ္ဏာမ သုတ္တန် ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် ရှစ်ပါးသော အသပ္ပုရိသ ဂုဏ် အင်္ဂါတို့ကို စိတ်ဖြာ ခဲ့ခြားဟောကြားတော် မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထံ ပနာဝုသော ဘဂဝတာ တတ္ထ သပ္ပုရိသအင်္ဂါနိ ဝိဘတ္တာ ပကာသိတာနိ။

ဝိဿဇ္ဇနာ။ ။သပ္ပုရိသော ဘိက္ခဝေ သဒ္ဓမ္မသမန္နာဂတော ဟောတိ၊ သပ္ပုရိသဘတ္တိ ဟောတိ၊ သပ္ပုရိသစိန္တီ ဟောတိ၊ သပ္ပုရိသ-မန္တီ ဟောတိ၊ သပ္ပုရိသဝါစော ဟောတိ၊ သပ္ပုရိသကမ္မန္တော ဟောတိ၊ သပ္ပုရိသဒိဋ္ဌိ ဟောတိ၊ သပ္ပုရိသဒါနံ ဒေတိတိ ဧဝ-မာဒိနာ ဘန္တေ ဘဂဝတာ တတ္ထ အင်္ဂဝိဓာနိ သပ္ပုရိသင်္ဂါနိ ဝိဘတ္တာ ပကာသိတာနိ။

အမေး။ ။ထိုစဋ္ဌပဏ္ဏာမသုတ္တန် ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသခင်သည် သပ္ပုရိသ သူတော်ကောင်း ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါတို့ကို အဘယ်သို့လျှင် ဝေဘန်၍ ဟောပြတော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုစဋ္ဌပဏ္ဏာမ သုတ္တန် ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် သပ္ပုရိသော ဘိက္ခဝေ သဒ္ဓမ္မသမန္နာဂတော ဟောတိ-အစရှိသည်ဖြင့်——

၁။ ချစ်သားရဟန်းတို့....သူတော်ကောင်း စင်စစ် အမှန် ဖြစ်သော ပုဂ္ဂိုလ်သည်ကား သဒ္ဓါ, ဟိရိ, ဩတ္တပ္ပ, ဗာဟုသစ္စ, ဝီရိယ, သတိ, ပညာ တည်း

ဟူသော သူတော်ကောင်း တရား ခုနစ်ပါးနှင့်လည်း ပြည့်စုံပေ၏၊ ဤကား သူတော်ကောင်းတို့၏ အင်္ဂါတပါး ပင်ဖြစ်ပေ၏။

၂။ သူတော်ကောင်း စင်စစ် ဖြစ်သော ပုဂ္ဂိုလ်သည် ထိုဆိုအပ်ပြီးသော သူတော်တရား ခုနစ်ပါးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့ကိုသာလျှင် မိတ်ဆွေဖွဲ့ခြင်း ရှိပါပေ၏၊ ဤကား အင်္ဂါတပါး ဖြစ်ပေသည်။

၃။ သူတော်ကောင်း ဖြစ်သော ပုဂ္ဂိုလ်သည် မိမိ သူတပါး နှစ်ဦးသားတို့ မပင်ပန်းဘို့ရန် ချမ်းသာဘို့ရန် ကြံစည်လေ့ရှိပါပေ၏၊ ဤလည်း အင်္ဂါတပါး ဖြစ်ပေသည်။

၄။ မိမိ သူတပါး နှစ်ဦးသားတို့ မပင်ပန်းဘို့ရန် ချမ်းသာဘို့ရန် အတွက် တိုင်ပင်လေ့ရှိပါပေ၏၊ ဤကား အင်္ဂါတပါး ဖြစ်ပေသည်။

၅။ သူတော်ကောင်းဖြစ်သော ပုဂ္ဂိုလ်သည် ဝစီဒုစရိုက်လေးပါးမှ ရှောင်ရှား၍ အပြစ်လွတ်ကင်းသောစကားကို ပြောကြားလေ့ရှိပါပေ၏၊ ဤကား သူတော်ကောင်း၏ အင်္ဂါတပါး ဖြစ်ပေသည်။

၆။ ကာယဒုစရိုက်သုံးပါးကို ရှောင်ရှား၍ ကာယသုစရိုက် သုံးပါးကို လိုက်စားလေ့ရှိပါပေ၏၊ ဤလည်း အင်္ဂါတပါး ဖြစ်ပေသည်။

၇။ သူတော်ကောင်းဖြစ်သော ပုဂ္ဂိုလ်သည် အတ္ထိဒိန္နံ, အတ္ထိယိဋ္ဌံ, အတ္ထိဟုတံ, အစရှိသည်ဖြင့် ဆယ်ပါးသော အကြောင်းဝတ္ထုရှိသော သမ္မာအယူကို လည်း ယူလေ့ရှိပါပေ၏၊ ဤကား အင်္ဂါတပါး ဖြစ်ပေသည်။

၈။ သူတော်ကောင်း စင်စစ် ဖြစ်သော ပုဂ္ဂိုလ်သည် ပစ္စည်းဥတ္ထုနှင့် တကွ အလှူခံ ပုဂ္ဂိုလ်တို့အားလည်း ရှိသေစွာ ပေးလှူလေ့ရှိပါပေ၏၊ မိမိ ကိုယ်တိုင်ကိုယ်ကျ သာဟတ္ထိကမြောက်လည်း ပေးလှူလေ့ရှိပါပေ၏၊ အလှူဝတ္ထု အလှူခံပုဂ္ဂိုလ်တို့၌ စိတ်ရှိသည် ရှိသေသည်ကိုပြု၍လည်း ပေးလှူတတ်ပါပေ၏၊ မစ္ဆန့်ပစ်အပ်သော သဘောရှိသည်ဖြစ်၍ မရက်မစက် မြတ်မြတ်နိုးနိုး ပေးလှူတတ်သော သဘောရှိပါပေ၏၊ ဤလည်းအင်္ဂါတပါးဖြစ်ပေသည်ဟု သဗ္ဗညုမြတ်စွာဘုရားသည် ထိုစူဠပဉ္ဇာမမည်သောသုတ္တန်ဒေသနာတော်မြတ်၌ ရှစ်ရပ်သော သူတော်ကောင်းတို့၏ အကြောင်းအင်္ဂါလက္ခဏာတို့ကို စိတ်ဖြာခဲ့ခြင်း ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

စူဠပဉ္ဇာမသုတ် ပြီး၏

အနုပဒသုတ်

ပုစ္ဆာ။ ။အနုပဒသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ၊ သမ္မဟုလာ ဘန္တေ ဘိက္ခူ။ အာယသ္မတော သာရိပုတ္တသ္ဣ ဓမ္မသေနာပတိသ္ဣ သဘာဂါ တသ္မိံ သမယေ သန္ဒိပတိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ပဌမစျာန် အစရှိသော တခု တခုသော စျာန်စိတ္တုပ္ပါဒ်၌ အတ္ထင်းဝင်သော ဝိတက် ဝိစာရ ပီတိ သုခ အစရှိသော တရားတို့ကို အစဉ် အတိုင်း ဝိပဿနာရှုသောကြောင့်၎င်း ပဌမစျာန် ဒုတိယစျာန် အစရှိသော စျာန်သမာပတ်တို့ကို အစဉ်အတိုင်း ဝင်စား၍ အစဉ်အတိုင်း ဝိပဿနာရှုသော ကြောင့်၎င်း **အနုပဒ** မည်သော ဝိပဿနာကို ဖော်ပြရာ ဖြစ်သောကြောင့် အနုပဒသုတ်ဟု ခေါ်ဆိုအပ်သော ဤသုတ္တန်တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် မျှားစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုရှင်တော်ဘုရား လက်ထက်တော်အခါဝယ် ဤအနုပဒသုတ္တန် ဒေသနာတော်မြတ်ကို မဟောရမီ ရှေးအဘိုကာလ၌ အရှင်မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ်၏ တန်ခိုးဣဒ္ဓိပါဋိဟာ ကြီးမြတ်တော်မူခြင်းတည်း ဟူသော အကြောင်းသည်လည်း ရှင်လူအပေါင်းတို့၏ သန္တာန်ဝယ် လွန်စွာထင်ရှားခဲ့ပါသည်။

အရှင်မဟာကဿပမထေရ်သူမြတ်၏ ဓုတင်ကို ဆောင်ခြင်း တည်းဟူသော ဂုဏ်ကျေးဇူးသည်လည်း ထင်ရှားခဲ့ပါသည်။

အရှင်အနုရုဒ္ဓါမထေရ်သူမြတ်၏ ဣဒ္ဓိဝိဓအဘိညာဉ်ကို ရရှိကြောင်းလည်း ထင်ရှားခဲ့ပါသည်။

အရှင်ဥပါလိမထေရ်သူမြတ်၏ ဝိနယရေ ဂုဏ်အင်္ဂါသည်လည်း ထင်ရှားခဲ့ပါသည်။

အရှင်ရေဝတ၏ စျာန်ဝင်စားလေ့ရှိခြင်း စျာန်တရားဌ် မေ့လျော်လေ့ရှိခြင်း တည်းဟူသော ဂုဏ်ကျေးဇူးသတင်းလည်း ထင်ရှားလှပါသည်။

အရှင်အာနန္ဒာမထေရ်သူမြတ်၏ ဗဟုဿုတနှင့် ပြည့်စုံမှု တည်းဟူသော ဂုဏ်ကျေးဇူးသတင်းလည်း လွန်စွာ့ လွန်စွာ ထင်ရှားလျက်ရှိပါသည်။

အရှင်သာရိပုတ္တရာမထေရ်သူမြတ်၏ ဉာဏ်ပညာတော်ကြီးရင့်မှု တည်းဟူသော ပညာမဟတ္တတာ ဂုဏ်ကျေးဇူးကား ထုတ်ဖော်၍ မပြောကြားသမျှ မည်သည့်အခါမျှ ထင်ရှားနိုင်မည် မဟုတ် ဖြစ်ပါသည်။

ထို့ကြောင့်ပင် သဗ္ဗညုမြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာမဟာထေရ်သူမြတ်၏ ဉာဏ်ပညာကြီးမြတ်တော်မူပုံကို အကျယ်တဝင့် ထုတ်ဖော်ပြဆိုတော်မူဘို့ရန် ရှင်သာရိပုတ္တရာနှင့် သဘောတူညီ၍ ရှင်သာရိပုတ္တရာ၏ အကျိုးစီးပွါးတို့ကို လိုလားသော သဘာဂပရိသတ် ရဟန်းတို့ အစည်းအဝေးကို စည်းဝေးမိသောအခါကို သဗ္ဗညုမြတ်စွာဘုရား စောင့်ဆိုင်းလျက် ရှိပါသည်။

ဤအနုပဒသုတ္တန် ဒေသနာတော်မြတ်ကို ဟောဘို့ရန် ကြိုက်ကြုံသော နေ့၌ကား ရှင်သာရိပုတ္တရာ၏ သဘာဂ သဘောတူသော အကျိုးစီးပွါးကို လိုလားကြသော များစွာသော ရဟန်းပရိသတ်တို့သည် သဗ္ဗညုမြတ်စွာဘုရား မျက်မှောက်၌ စည်းဝေးနေဆဲရှိကြပါသည်။

ဤသို့လျှင် အရှင်သာရိပုတ္တရာမထေရ်သူမြတ်၏ အကျိုးစီးပွါးကို လိုလားသော သဘာဂရဟန်းတော်များကို စည်းဝေးခြင်း တည်းဟူသော အကြောင်းကြောင့် ဤအနုပဒသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ အာယသ္မတော သာရိပုတ္တသ္သ ဓမ္မသေနာပတိသ္သ အနုပဒဓမ္မဝိပဿနာ ဝိတ္ထာရေန ဝိဘဇိတ္ဘာ ပကာသိတာ။

ဝိဿဇ္ဇနာ။ ။ပဏ္ဍိတော ဘိက္ခဝေ သာရိပုတ္တော မဟာပညော ဘိက္ခဝေ သာရိပုတ္တော ပုထုပညော ဘိက္ခဝေ သာရိပုတ္တော ဟာသ-

ပညော ဘိက္ခဝေ သာရိပုတ္တော တိက္ခပညော ဘိက္ခဝေ သာရိ-ပုတ္တော ဇဝနပညော ဘိက္ခဝေ သာရိပုတ္တော နိဗ္ဗေဓိကပညော ဘိက္ခဝေ သာရိပုတ္တော သာရိပုတ္တော ဘိက္ခဝေ အစ္ဆုမာသံ အနုပဒမေမ္မဝိပဿနံ ဝိပဿတိတိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ အာယသ္မတော သာရိပုတ္တဿ ဓမ္မသေနာပတိဿ အနုပဒမေမ္မဝိပဿနာ ဝိတ္ထာရေန ပကာသိတာ။

အမေး။ ။ထိုအနုပဒသုတ္တန် တရားဒေသနာတော်၌ သဗ္ဗညုမြတ်စွာဘုရားသခင်သည် တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်၏ အနုပဒဝိပဿနာရှုပုံကို အဘယ်ပုံ အဘယ်နည်းဖြင့် အကျယ်ဝေဘန်၍ ဟောပြတော်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုအနုပဒသုတ္တန် ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် ပဏ္ဍိတော ဘိက္ခဝေ သာရိပုတ္တော မဟာပညော ဘိက္ခဝေ သာရိ-ပုတ္တော-အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....သာရိပုတ္တရာသည် ပညာရှိလှပါပေသည်၊ ကြီးမြတ်သော ပညာနှင့်လည်း ပြည့်စုံလှပါပေသည်၊ မြေကြီးအထုကဲ့သို့ ပုံကျယ်သော ပညာ ရှင်လန်းထက်မြက်သောပညာ လျင်မြန်သောပညာ ထက်သန်သော ပညာ ကိလေသာခပ်သိမ်း လောဘအစုအဝေး ဒေါသအစုအဝေး မောဟအစုအဝေးတို့ကို ဖောက်ခဲ့နိုင်သော နိဗ္ဗေဓိကဉာဏ်ပညာနှင့်လည်း ပြည့်စုံလှပါပေသည်။

ချစ်သား ရဟန်းတို့....သာရိပုတ္တရာသည် သာဝကသာမန်တို့ကဲ့သို့ ရုပ်နာမ် ဓမ္မတို့ကို အပေါင်းလိုက် အစုလိုက် ကလာပ သမ္မသန တရားဖြင့် ပိပဿနာ ရှုသည်မဟုတ်ပေ၊ စင်စစ်သော်ကား ဓမ္မသေနာပတိဖြစ်သော ငါ၏ ချစ်သား သာရိပုတ္တရာမထေရ်သူမြတ်သည် တရားတို့ကို အစဉ်အတိုင်း တရားလုံးတခုစီ တခုစီဖြင့် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာယဉ်တင်၍ ဝိပဿနာရှုပေသည်။ ဤဆိုလတ္တံ့ သည်ကား သာရိပုတ္တရာ၏ အနုပဒဓမ္မဝိပဿနာဖြစ်သည်ဟု မိန့်တော်မူပြီးလျှင်—

ဣဓ ဘိက္ခဝေ သာရိပုတ္တော ဝိဝိစ္စေဝ ကာမေဟိ-အစရှိသည်ဖြင့် "ချစ်သား ရဟန်းတို့.... ဤသာသနာတော်၌ သာရိပုတ္တရာသည် ဝတ္ထုကာမ ကိလေ

သာကာမတို့မှ ဆိတ်ပြီးလျှင် ဝိတက်ဝိစာရနှင့် တကွ ဖြစ်သော ပီတိသုခ ရှိသော ပဌမစျာန်ကို ဝင်စားပေသည်။

ထိုပဌမစျာန်မှ ထသောအခါ၌ ထိုပဌမစျာန်အတွင်းဝယ် ပါရှိသော ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဖဿ ဝေဒနာ သညာ စေတနာ စိတ္တ မနသိကာရ အဓိမောက္ခ ဆန္ဒ ဤသို့သဘောရှိသော စျာန်၏ အတွင်းဝယ် ဖြစ်ပေါ်သမျှသော စျာန်တရားတို့ကို အစဉ်အတိုင်း တလုံးစီ တလုံးစီ သုံးသပ် ဆင်ခြင်ပေသည်၊ ပိုင်းခြားမှတ်သားပေသည်။

ဤသို့ ပိုင်းခြားမှတ်သားပြီးလျှင် ထိုစျာန်အတွင်းက ဖြစ်ပွါးသမျှသော စျာန်တရား တခု တခုတို့ကို စျာန်တရား တခု တခုတို့၏ အဖြစ်ဥပါဒ်ကိုလည်း ထင်ထင်လင်းလင်း သိမြင်ပေသည်၊ တည်နေပုံ ဋ္ဌိကိုဌင်း ပျက်စီးပုံ ဘင်ကိုဌင်း ထင်ထင်လင်းလင်း သိမြင်ပေသည်။

ထိုစျာန်အတွင်း၌ ဖြစ်ပွါးသမျှသော နာမ်တရား ထိုစျာန်အတွင်း၌ ဖြစ်ပွါးသမျှသော ရုပ်တရားတို့ကို ဧဝံ ကိရ မေ ဓမ္မာ အဟုတ္ဝာ သမ္ဘောန္တိ၊ ဟုတ္ဝာ ပဋိဝေဓေန္တိ-ဟု ဤစျာန်အတွင်း၌ ဖြစ်ပွါးသမျှသော တရားတို့သည် နဂိုရိုက တခုသောအရပ်ဝယ် တစုတဝေးတည်ရှိပြီးမှ ဖြစ်လာသည်မဟုတ်၊ စင်စစ်သော်မူ အကြောင်းတို့ကြောင့် အကြောင်းအားလျော်စွာသာလျှင် နဂိုရှိကမရှိဘဲ ဖြစ်ပွါး၍ လာကြသည်၊ ဖြစ်ပွါးပြီးသောအခါ၌လည်း ကြာမြင့်စွာ မတည်၊ ခဏတာမျှ တည်ပြီးလျှင် ဘင်ခဏအားဖြင့် ချုပ်ပျောက်ကြသည်ဟု ထိုစျာန်အတွင်း ဖြစ်ပွါးသမျှသော ရုပ်နာမ်ဓမ္မတို့ကို တရားလုံးတခုစီ အစဉ်အတိုင်းအားဖြင့် ဥဒယဗ္ဗယဉာဏ်ဖြင့် ရှုဆင်ခြင်ပေသည်။

ဤအတူ ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် အာကာသာနဉ္စာယ-တနစျာန် ဝိညာဏဉ္စာယတနစျာန် အာကိဉ္စညာယတနစျာန် နေဝသညာ နာသညာယတနစျာန် ထိုစျာန်မှထသောအခါ၌လည်း ထိုစျာန်အတွင်း ဖြစ်သော နေဝသညာ နာသညာယတန သညာနှင့် ဖဿ ဝေဒနာ သညာ စေတနာ စိတ္တ တည်းဟူသော ဖဿပဉ္စမက တရားအစု ဤနေပသညာ နာသညာယတန စျာန်အတွင်း ဖြစ်ပွါးသမျှသော တရားအစုတို့ကိုလည်း တစုစီ တခုစီ ဉာဏ်ပညာဖြင့် ပိုင်းခြားပြီးမှ ဥဒယဗ္ဗယဉာဏ်ဖြင့် ဆင်ခြင်ပေသည်။

ထိုသို့ နေဝသညာ နာသညာယတနစျာန်အတွက် ဆင်ခြင်ပြီးသောအခါ၌ နိရောဓသမာပတ်ကို ဝင်စားပေသည်၊ နိရောဓသမာပတ်မှ ထသောအခါ၌လည်း ထိုနိရောဓသမာပတ်အတွင်း ဖြစ်ပျံးသမျသော ကမ္မဇကာယ ဥတုဇကာယ အာဟာရဇကာယ တည်းဟူသော တိဇကာယရုပ်အပေါင်းတို့ကို တခုစီ တခုစီ ဥဒယဗ္ဗယဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်ပေသည်။

ထိုသို့ နိရောဓသမာပတ်အတွင်း ဖြစ်ပျံးသမျသော တိဇကာယတို့အား အနုပဒဝိပဿနာဖြင့် ရှုဆင်ခြင်ပြီးသောကာလဝယ် သူကရက္ခတ အမည်ရသော လိုဏ်၌ ဝေဒနာနုပဿနာတရားကို ဆင်ခြင်ရင်းပင် သာရိပုတ္တရာသည် အာသဝက္ခယဉာဏ် အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်သို့ ရောက်ခဲ့ပေသည် ဟု သဗ္ဗညုမြတ်စွာဘုရားသည် တရားစစ်မှူး ဖြစ်တော်မူသော အရှင် သာရိပုတ္တရာမထေရ်သူမြတ်၏ အနုပဒဓမ္မဝိပဿနာကို စိတ်ဖြာခဲ့ခြင်း ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

အနုပဒသုတ် ပြီး၏

ဆဗ္ဗိသောဓနသုတ်

ပုစ္ဆာ။ ။တေနာဝုသော။ပ။ သမ္မာသမ္ဗုဒ္ဓေန ဆဗ္ဗိသောဓနသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဂ္ဂေ သမ္မဟုလေ ဘိက္ခူ အာရဗ္ဘ ဘာသိတံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုမြတ်စွာဘုရားသခင်သည် ခီဏာ ဇာတိ ဝုသိတံ ဗြဟ္မစရိယံ ကတံ ကရဏီယံ-စသည်ဖြင့် "ဘဝဖြစ်ရမှု ကုန်ပြီ တရားကျင့်သုံးရန်မှု ပြီးဆုံးပြီ ရဟန်းတို့၏ ပြုကျင့်အပ်သော အကျင့်ကို ပြုခြင်းကိစ္စ ပြီးပြီ စသည်ဖြင့် **ရဟန္တာဖြစ်ကြောင်းကို ဝန်ခံသော ပုဂ္ဂိုလ်** ရှိခဲ့သော် ထိုရဟန္တာ ဟု ဝန်ခံသောပုဂ္ဂိုလ် အား တကယ် အစစ်အမှန်တိုင်း ဟုတ်သည် မှန်သည် မဟုတ်သည် မမှန်သည်ကို စုံစမ်းမေးမြန်းရန်အလို့ငှါ ခြောက်ပါးသောဌာနတို့၌ မေးမြန်းစုံစမ်းပုံကိုဎင်း၊ ထိုသို့ အမေးအမြန်းခံရသော ပုဂ္ဂိုလ်သည် တကယ်စစ်စစ် ရဟန္တာဖြစ်၍နေခဲ့သော် အမှန်အတိုင်း ပြန်ကြား၍ ဖြေပုံကိုဎင်း ခြောက်ပါးသောဌာနတို့၌ သုတ်သင်ရှင်းလင်း၍

ဖော်ပြရာ ဖြစ်သောကြောင့်ဆဗ္ဗိသောဓနမည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌မျှားစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်အရှင်ဘုရား။

ဆဗ္ဗိသောဓနသုတ် ပြီး၏

သပ္ပါရိသသုတ်

ပုစ္ဆာ။ ။သပ္ပါရိသသုတ်ံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ။

အမေး။ ။သပ္ပါရိသအစစ်ကို ဖော်ပြရာ ဖြစ်သောကြောင့် သပ္ပါရိသမည်သော သုတ္တန်တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် မျှားစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သူတော်ကောင်းတို့၏တရား သူတော်မဟုတ် သူယုတ်တို့ ကျင့်အပ်သောတရား သူတော်မဟုတ် သူယုတ်တို့ ကျင့်ကြံအပ်သော နှစ်ဆယ့်ခြောက်ပါးသော ဌာနတို့၌ မိမိကိုယ်ကို မြောက်ပင့်၍ ပြောကြားခြင်း အတွက်ကံသန, သူတပါးတို့အား နှိမ့်ချ၍ ပြောကြားခြင်း ပရဝမ္ဘန တည်းဟူသော အသပ္ပါရိသ သူတော်မဟုတ် သူယုတ်တို့၏ တရားကိုဌင်း နှစ်ဆယ့်ခုနစ်ပါးသော အရာဌာနတို့၌မိမိကိုယ်ကိုလည်း မမြောက်မမြင့် သူတပါးတို့ကိုလည်းလည်း မနှိမ့်ချခြင်း တည်းဟူသော သပ္ပါရိသဓမ္မ သူတော်ကောင်းတို့၏ တရားကိုဌင်း အကျယ်တဝင့်ဖွင့်ပြဟောကြားရာဖြစ်သော သပ္ပါရိသသုတ္တန် ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် မျှားစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

သပ္ပါရိသသုတ် ပြီး၏

အမေးအဖြေ ၅-၁၃

သေဝိတဗ္ဗာသေဝိတဗ္ဗသုတ်

ပုစ္ဆာ။ ။သေဝိတဗ္ဗာသေဝိတဗ္ဗသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကေန သဒ္ဓိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ အာယသ္မတာ သာရိပုတ္တတ္ထေရေန ဓမ္မသေနာပတိနာ သဒ္ဓိံ ဘာသိတံ။

အမေး။ ။မှီဝဲအပ်သောတရား မမှီဝဲအပ်သောတရားတို့ကို ဖော်ပြရာ ဖြစ်သောကြောင့် သေဝိတဗ္ဗာသေဝိတဗ္ဗ အမည်ရှိသော သုတ္တန်တရားဒေသနာ တော်မြတ်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်နှင့် အတူတကွ ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် တရားစစ်မှူး ဖြစ်တော်မူသော သာရိပုတ္တရာမထေရ်သူမြတ်နှင့် အတူတကွ အကြင်သို့သဘောရှိသော ကာယ-သမာစာရ ဝစီသမာစာရ မနောသမာစာရ စိတ်၏ ဖြစ်ခြင်း ပညာကိုရခြင်း အယူကိုရခြင်း အတွေဘောကိုရခြင်း အကြင်သို့သဘောရှိသော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ အကြင်သို့သဘောရှိသော သက်န်း ဆွမ်း ကျောင်း ရွာ နိဂုံး မြို့ ဇနပုဒ် ပုဂ္ဂိုလ်ကို မှီဝဲသည်ရှိသော် အကုသိုလ်တရားတို့ တိုးပွါးရာ၏၊ ကုသိုလ်တရားတို့ ယုတ်လျော့ရာ၏၊ ထိုသို့သဘောရှိသော ကာယသမာစာရ စသည်ကို မမှီဝဲအပ်ဟူ၍ငင်း အကြင်သို့ သဘောရှိသော ကိုယ်အကျင့် နှုတ်အကျင့် စိတ်၏အကျင့် မနောသမာစာရ စိတ်၏ဖြစ်ခြင်း ပညာကိုရရှိခြင်း အယူကိုရရှိခြင်း အတွေဘောကိုရရှိခြင်း အကြင်သို့သဘော ရှိသော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ အကြင်သို့သဘော ရှိသော သက်န်း ဆွမ်း ကျောင်း ရွာ နိဂုံး ဇနပုဒ် မြို့ ပုဂ္ဂိုလ်ကို မှီဝဲအပ်သည် ရှိသော် အကုသိုလ်တရားတို့ ယုတ်လျော့၍ ကုသိုလ်တရားတို့ တိုးပွါးရာ၏၊ ထိုသို့သဘောရှိသော ကာယသမာစာရ စသည်တို့ကို မှီဝဲအပ်၏ ဟူ၍ငင်း အကျဉ်းအားဖြင့် သဗ္ဗညုမြတ်စွာဘုရား အကျယ်အားဖြင့် အရှင်သာရိပုတ္တရာ နှင့်တကွ သဗ္ဗညုမြတ်စွာဘုရားတို့ ၃၄ ပြဟောကြားရာဖြစ်သော ဤသေဝိတဗ္ဗာ သေဝိတဗ္ဗသုတ္တန်တရားဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် သဗ္ဗညု မြတ်စွာဘုရားနှင့် တကွ ဓမ္မစစ်မှူး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ် သူမြတ်တို့ စိတ်ဖြာခဲ့ခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

သေဝိတဗ္ဗာသေဝိတဗ္ဗသုတ် ပြီး၏

ဗဟုဓာတုကသုတ်

ပုစ္ဆာ။ ။ဗဟုဓာတုကသုတ္တံ ပနာဝုသော ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ။

အမေး။ ။ဗဟုဓာတုကမည်သော သုတ္တန်တရား ဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ပဏ္ဍိတဝိမံသက အမည်ရအောင် ဓာတုကုသလ အာယ-တနကုသလ ပဋိစ္စသမုပ္ပါဒကုသလ ဌာနာဌာနကုသလတည်းဟူသော ဓာတ် အရာ၌ လိမ်မာခြင်း အာယတနအရာ၌ လိမ်မာခြင်း ပဋိစ္စသမုပ္ပါဒအရာ၌ လိမ်မာခြင်း အကြောင်း ဟုတ်သည် မဟုတ်သည်၌ လိမ်မာခြင်း တည်းဟူသော ဉာဏ်ပညာလေးပါးတို့ကို အကျယ်တဝင့် ဖွင့်ပြဟောကြားရာဖြစ်သော အထူးအားဖြင့် ဓာတ်တဆယ့်ရှစ်ပါး ဓာတ်ခြောက်ပါး ဓာတ်သုံးပါး ဓာတ် နှစ်ပါးတို့ကို အကျယ်တဝင့် အများဆုံး ဝေဘန်ရာဖြစ်သောကြောင့် ဗဟု-ဓာတုက အမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ် ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟော ကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဗဟုဓာတုကသုတ် ပြီး၏

ဣသိဂိလိသုတ်

ပုစ္ဆာ။ ။ဣသိဂိလိသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဣသိဂိလိသ္မိံ ပဗ္ဗတေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ။

မဟာစတ္တာရီသကသုတ်

ပုစ္ဆာ။ ။မဟာစတ္တာရီသကသုတ်ံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ။

အမေး။ ။မဟာစတ္တာရီသကမည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ အကုသိုလ် ပကွဏ္ဏ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိ, မိစ္ဆာဉာဏ, မိစ္ဆာဝိမုတ္တိ တည်းဟူသော ဆယ်ရပ်သော အရင်းခံ တရား။

ထိုတရားတို့ကို အခြေခံပြု၍ ဖြစ်ပွါးသော များစွာသော အကုသိုလ် တရားတို့တည်း ဟူသော အကုသိုလ်အစု ဆယ်ပါး။

ထိုထိုဆယ်ရပ်သော အကုသိုလ်တရားတို့ကို ပယ်ရှားမှုန်လွှင့်နိုင်တတ်သော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ, သမ္မာဉာဏ, သမ္မဝိမုတ္တိ တည်းဟူသော အရင်းခံ ဖြစ်သော ကုသိုလ် တရား ဆယ်ပါး။

ထိုကုသိုလ်တရား ဆယ်ပါးတို့တွင် တပါးတပါးကို အကြောင်းပြု၍ ဖြစ်သော များစွာသော ကုသိုလ် တရား အစုဆယ်ပါးတည်း ဟူသော လေးဆယ်အတိုင်း အရှည်ရှိသော အကုသိုလ်တရားနှင့် ကုသိုလ် တရားတို့ကို အကျယ်ဟောကြားရာဖြစ်သောကြောင့် မဟာစတ္တာရီသက အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

မဟာစတ္တာရီသကသုတ် ပြီး၏

အာနာပါနဿတိသုတ်

ပုစ္ဆာ။ ။အာနာပါနဿတိသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ၊ ထေရာ ဘန္တေ ဘိက္ခူ။ နဝေ ဘိက္ခူ။ သြဝဒန္တိ အနုသာသန္တိ၊ အပ္ပေကစ္ခေ ထေရာ ဘိက္ခူ။ ဒဿပိ ဘိက္ခူ။ သြဝဒန္တိ အနုသာသန္တိ၊ အပ္ပေကစ္ခေ ထေရာ ဘိက္ခူ။ ဝီသမ္ပိ ဘိက္ခူ။ သြဝဒန္တိ အနုသာသန္တိ၊ အပ္ပေကစ္ခေ ထေရာ ဘိက္ခူ။ တိံသမ္ပိ ဘိက္ခူ။ သြဝဒန္တိ အနုသာသန္တိ၊ အပ္ပေကစ္ခေ ထေရာ ဘိက္ခူ။ စတ္တာရီသမ္ပိ ဘိက္ခူ။ သြဝဒန္တိ အနုသာသန္တိ၊ တေ စ ဘန္တေ နဝါ ဘိက္ခူ။ ထေရေဟိ ဘိက္ခူ။ဟိ သြဝဒိယမာနာ အနုသာသိယမာနာ ဥဠာရံ ပုဗ္ဗေနာပရံ ဝိသေသံ ဇာနန္တိ၊ တသ္မာ ဘန္တေ ဝတ္ထုသ္မာ ဘာသိတ။

အမေး။ ။အာနာပါနဿတိ ဘာဝနာကို အကျယ် ဟောပြရာဖြစ်သောကြောင့် အာနာပါနဿတိသုတ္တန်ဟု ခေါ်ဆိုအပ်သော တရား ဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းအရပ်၌ သီတင်းသုံးနေတော်မူသောအခါ များစွာသော ရဟန်းတို့ကို အကြောင်း ပြု၍ ဟောကြား တော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံး မွေ့လျော်နေတော်မူသောအခါ မထေရ်ကြီးဖြစ်တော်မူကြကုန်သော ရဟန်းတော် အရှင်သူမြတ်တို့သည် သီတင်းငယ်ဖြစ်သော ရဟန်းတော်အရှင်သူမြတ်တို့ကို အဆုံးအမ သြဝါဒ ပေးတော်မူကြပါကုန်သည်၊ ကံမြစ်တော်မူကြပါကုန်သည်။

တခ္ဆိုသော မထေရ်ကြီးတို့သည် တကျိပ်သော ရဟန်းငယ်တို့ကို ဆုံးမ သြဝါဒ ပေးတော်မူကြပါသည်၊ ကံမြစ်တော်မူကြပါသည်။ အခ္ဆိုသော မထေရ်ကြီးတို့သည်ကား သုံးကျိပ်အတိုင်းအရှည်ရှိသော ရဟန်းငယ်တို့ကို အခ္ဆိုသောမထေရ်ကြီးတို့သည်ကား လေးကျိပ်အရေအတွက်ရှိသော ရဟန်း ငယ်တို့ကို အဆုံးအမ သြဝါဒ ပေးတော်မူကြပါကုန်သည်၊ ကံမြစ်တော် မူကြပါကုန်သည်။

သီတင်းငယ် ဖြစ်သော ထိုရဟန်းတို့သည် မထေရ်ကြီးတို့က ဆုံးမကံ မြစ်ကြအပ်ကုန်သည်ဖြစ်၍ ရှေးဖြစ်သော သီလဝိသုဒ္ဓိအစရှိသော တရားအထူး ထက် လွန်မြတ်သော မြင့်မြတ်သော ကရဏာဝိပဿနာအစရှိသော နောက် ဖြစ်သော တရားအထူးကို သိကြရကြပါကုန်သည်။

ဤသို့သော အကြောင်းအဋ္ဌုပ္ပတ်ကြောင့် ဤသုတ္တန်ဒေသနာတော် မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အာနာပါနဿတိသုတ် ပြီး၏

ကာယဂတာသတိသုတ်

ပုစ္ဆာ။ ။ကာယဂတာသတိသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ၊ သမ္မဟုလာနံ ဘန္တေ ဘိက္ခူနံ ပစ္ဆာဘတ္တံ ပိဏ္ဍပါတပဋိက္ကန္တာနံ ဥပဋ္ဌာနသာလာယံ သန္နိသိန္နာနံ သန္နိပတိတာနံ အယမန္တရ-ကထာ ဥဒပါဒိ "အစ္ဆရိယံ အာဝုသော၊ အဗ္ဘုတံ အာဝုသော၊ ယာဝဉ္ဇိဒံ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ကာယဂတာသတိ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဝုတ္တာ မဟာနိသံသာ"တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ကာယဂတာသတိ ဘာဝနာကို အကျိုးအာနိသင်နှင့်တကွ အကျယ်ပြရာဖြစ်သောကြောင့် ကာယဂတာသတိသုတ္တန်ဟု ခေါ်ဆိုအပ်သော တရားဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အင္ဂုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူသောအခါ များစွာသော ရဟန်းတော်အရှင်မြတ်တို့အား နေလွဲအခါ ဆွမ်းခံရာမှ ဖဲတော်မူခဲ့ကြ၍ ညီမူစည်းဝေးရာ တန်ဆောင်းဝန်း၌ တညီတညွတ်တည်း စည်းဝေးတော်မူကြကုန်စဉ် မိမိတို့ နှလုံးသွင်းရင်း အားထုတ်ရင်း ကမ္မဋ္ဌာန်းစကား၏ အကြား အကြားဝယ် ဤသို့ သဘောရှိသော စကားတခုဖြစ်ပါသည်။

ငါ့ရှင်တို့....လက်ဖျစ်တီး၍ အံ့ခြိုးခြင်းငှါ ထိုက်ပါပေစ့၊ ငါ့ရှင်တို့ မဖြစ်စဘူး အထူးဖြစ်ပါပေစ့၊ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် ဥယျဓံတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ထိုမြတ်စွာဘုရားသည် ကောင်းစွာလေ့လာပွါးများအပ်သည်ရှိသော် အကြိမ်များစွာလေ့လာပွါးများအပ်သည်ရှိသော် ကာယဂတာသတိသည် အကျိုးကြီးလှ အာနိသင်ကြီးလှ၏ ဟူ၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် ဟု ကမ္မဋ္ဌာန်းနှလုံးသွင်းမှုမှ အကြားဖြစ်သော တရားနှင့် စပ်ယှဉ်သော စည်းဝေးနှီးနှော စကားဖြစ်ကြပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ညနေချမ်းအခါ တပါးတည်း ကိန်းတော်မူရာမှ ထတော်မူလတ်၍ ညီမူ စည်းဝေးရာ စရပ်သို့ ကြွရောက်တော်မူပြီးလျှင် ကာယနုဿတိ ဘိကၡဝေ တေရဟိ ကထာယ သန္နိသိန္နာ-အစရှိသည်ဖြင့် ချစ်သားတို့....ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးနေကြကုန်သနည်း ဟု မေးမြန်းတော်မူလတ်သော် ဤမည်သော စကားဖြင့် စည်းဝေးနေကြပါကြောင်း ပြန်ပြောင်း လျှောက်ထားသည်တွင် သဗ္ဗညုမြတ်စွာဘုရား

သည် ကာယဂတာသတိ ဘာဝနာကို အကျယ်ထက်အကျယ် ဝေဘန် ဟောပြ၍ အဆုံးဝယ် ဆယ်ဝသော အကျိုးတို့ကို အရဟတ္တဖိုလ်တိုင် ဖော်ပြရာဖြစ်သော ဤကာယဂတာသတိသုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် သာဝတ္ထိပြည်အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ကာယဂတာသတိသုတ် ပြီး၏

သန်ဒါရုပပတ္တိသုတ်

ပုစ္ဆာ။ ။သန်ဒါရုပပတ္တိသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ။

အမေး။ ။သန်ဒါရုပပတ္တိ မည်သော သုတ္တန်ဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သန်ဒါရုပပတ္တိ သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ သန်ဒါရုပပတ္တိယော ဝိဘင်္ဂတ္ထာ ပကာသိတာ။

ဝိဿဇ္ဇနာ။ ။ဣဓ ဘိက္ခဝေ ဘိက္ခု သဒ္ဓါယ သမန္နာဂတော ဟောတိ၊ သီလေန သမန္နာဂတော ဟောတိ၊ သုတေန သမန္နာဂတော ဟောတိ၊ စာဂေန သမန္နာဂတော ဟောတိ၊ ပညာယ သမန္နာဂတော ဟောတိ၊ တဿ ဧဝံ ဟောတိ "အဟော ဝတာဟံ ကာယဿ ဘေဒါ ပရံ မရဏာ ခတ္တိယမဟာသာလာနံ သဟဗ္ယတံ ဥပပဇ္ဇေယ္ယ"န္တိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ သန်ဒါရုပပတ္တိယော ဝိဘင်္ဂတ္ထာ ပကာသိတာ။

အမေး။ ။ထိုသခ်ၤါရူပတ္တိ သုတ္တန်တရားဒေသနာတော်၌ သဗ္ဗညု မြတ်စွာဘုရားသမင်သည် ပုညာဘိသခ်ၤါရ ဟု ခေါ်သော ကုသိုလ်ကောင်းမှု၏ အစွမ်းအာနုဘော်ကြောင့် သုဂတိဘဝ၌ ကပ်ရောက်၍ ဖြစ်ပုံတို့ကို အဘယ်ပုံ အဘယ်နည်းဖြင့် အကျယ်ဝေဘန်၍ ဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုသခ်ၤါရူပပတ္တိ သုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညု မြတ်စွာဘုရားသည် သခ်ၤါရူပပတ္တိ ံ ဝေါ ဘိက္ခဝေ ဒေသေဿာမိ-အစရှိသည်ဖြင့်—

ချစ်သားတို့....ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး၏ ဖြစ်ခြင်းမဟုတ် ရုပ်နာမ်ဓမ္မသခ်ၤါရုတို့၏ ဖြစ်ပုံကို အကျယ်တဝင့်ဟောပြမည်၊ ထိုစကားကို နားထောင်ကြကုန်၊ ကောင်းမွန်စွာ နှလုံးသွင်းကြကုန်၊ အကျယ်ဝေဘန်၍ ဟောပြအံ့ဟု တိုက်တွန်းတော်မူပြီးလျှင်—

ဣမ ဘိက္ခဝေ ဘိက္ခု သဒ္ဓါယ သမန္နာဂတော ဟောတိ၊ သီလေန သမန္နာဂတော ဟောတိ-အစရှိသည်ဖြင့် ချစ်သားရဟန်းတို့.... ဤသာသနာတော်၌ ရဟန်းတော်အရှင်သူမြတ်သည် သဒ္ဓါ သီလ သုတ စာဂ ပညာ တည်းဟူသော ဤတရားငါးမျိုးနှင့် ဝန်းကျင်ညီသုံ ပြည့်စုံသည် ဖြစ်ပေ၏၊ ထို ပုဂ္ဂိုလ်၏ စိတ်သန္တာန်ဝယ် ငါသည် ဤခန္ဓာကိုယ် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် ခတ္တိယမဟာသာလ မျိုးဖြစ်ကုန်သော များသော စည်းစိမ်ဥစ္စာရှိသော မင်းတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရမူကား ကောင်းလေစွ ဟု အကြံအစည်ဖြစ်ရာ၏။

ထို သဒ္ဓါ သီလ သုတ စာဂ ပညာ တည်းဟူသော တရားပေါင်း ငါးမျိုးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ထိုစိတ်ကို အကြိမ်ကြိမ် အဖန်ဖန် ပွါးများ၍ ဘဝတမလွန် စုတေလတ်သည်ရှိသော် မိမိရည်သန်တောင့်တအပ်သော ပတ္ထနာအတိုင်း ခတ္တိယမဟာသာလမျိုး၌ ဖြစ်နိုင်ကြောင်း။ ဤသဒ္ဓါ သီလ သုတ စာဂ ပညာ တည်းဟူသော တရားငါးပါးသည် ခတ္တိယ မဟာသာလသို့ ကပ်ရောက်ကြောင်း အကျင့်ပဋိပတ်ဖြစ်ကြောင်းကိုဌင်း ထို့အတူ ဗြာဟ္မဏမဟာသာလ ဂဟပတိမဟာသာလ စတုမဟာရာဇ်ဘုံ တာဝတိံသာ ယာမာ တုသိတာ နိမ္မာနရတိ ပရနိမ္မိတဝသဝတ္တိဘုံ သဟဿဗြဟ္မာဘုံ ဒ္ဝိသဟဿဗြဟ္မာဘုံ၊ တိသဟဿ၊ စတုသဟဿ၊ ပဉ္စသဟဿ ဗြဟ္မာဘုံ၊ ပဉ္စသဟဿ

ဖြဟ္မာဘုံ၊ ဒဿသဟဿဖြဟ္မာဘုံ၊ သတသဟဿ ဖြဟ္မာဘုံသို့ ရောက်ကြောင်း ပရိတ္တာဘာ အပ္ပမာဏာဘာ အာဘာဿရာ သုဘာ အပ္ပမာဏသုဘာ သုဘကိဏ္ဏာဘုံသို့ ဝေဟပ္ဖုလ်ဘုံသို့ အကနိဋ္ဌဘုံသို့ သုဒ္ဓါဝါသငါးဘုံသို့ရင်း အာကာသာနဉ္စာယတန ဝိညာဏဉ္စာယတန အာကိဉ္စညာယတန နေဝသညာနာသညာယတန တည်းဟူသော ဘဝင်ဘုံသို့ရင်း ရောက်ကြောင်းအကျင့် ပဋိပတ် ဖြစ်ပုံကိုရင်း ထို့ထက်အလွန်အားဖြင့် ဤ သဒ္ဓါ သီလ သုတ စာဂ ပညာ တည်းဟူသော အကျင့်တရား ငါးပါးတို့နှင့် ဝန်းကျင်ညီသုံ ပြည့်စုံသော သဒ္ဓါ ပဗ္ဗဇိတ ကုလပုတ္တ အမျိုးကောင်းသားသည် မိမိအလိုရှိပါမူကား အာသဝတရားတို့၏ ကုန်ရာဖြစ်သော အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်ကိုပင် သော်လည်း ရယူနိုင်ကြောင်း အကျယ်တဝင့် အပိုင်းကဏ္ဍ အသီးအသီးတို့ဖြင့် စိတ်ဖြာခွဲခြား သခ်ါရုပပတ္တိသဘောတရားကို သဗ္ဗညုမြတ်စွာဘုရား ဟော ကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

သခ်ါရုပပတ္တိသုတ် ပြီး၏

စုဠဒုက္ခက္ခန္ဓသုတ်

ပုစ္ဆာ။ ။စုဠဒုက္ခက္ခန္ဓသုတ်တွင် ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ အာယသ္မန္တံ အာနန္ဒံ အာရဗ္ဘ ဘာသိတံ၊ အာယသ္မာ ဘဒ္ဒေ အာနန္ဒော သာယန္ဟသမယံ ပဋိသလ္လာနာ ဝုဋ္ဌိတော ဘဂဝန္တံ ဧတဒဝေါစ “ကေမိဒံ ဘဒ္ဒေ သမယံ ဘဂဝါ သက္ကေသု ဝိဟရတိ နဂရကံ နာမ သက္ယာနံ နိဂမော၊ တတ္ထ မေ ဘဒ္ဒေ ဘဂဝတော သမ္မုခါ သုတံ၊ သမ္မုခါ ပဋိဂ္ဂဟိတံ၊ သုညတာဝိဟာရေနာဟံ အာနန္ဒ ဧတရဟိ ဗဟုလံ ဝိဟရာမိတိ၊ ကစ္စိ မေတံ ဘဒ္ဒေ သုဿုတံ သုဂ္ဂဟိတံ သုမနသိကတံ သုပဓာရိတ”န္တိ၊ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။စုဠဒုက္ခက္ခန္ဓသုတမည်သော သုတ္တန်ဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သောအဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်းဟု မေးခြင်းငှာ။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် အာနန္ဒာမထေရ်သူမြတ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူသောအခါ ရှင်အာနန္ဒာမထေရ်သူမြတ်သည် ညနေချမ်းအခါ တပါးတည်း ဖလသမာပတ်ဖြင့် ကိန်းအောင်းရာမှ ထတော်မူခဲ့၍ သဗ္ဗညုမြတ်စွာဘုရားထံမှောက်သို့ သွားရောက်တော်မူပြီးလျှင်—

ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားသည် အခါတပါးက သက္ကတိုင်း နဂရက အမည်ရှိသော သာကီဝင်မင်းတို့၏ နိဂုံး၌ သီတင်းသုံးနေတော်မူပါသည်။

ထိုနဂရကနိဂုံး၌ သီတင်းသုံးနေသောအခါ ရှင်တော်ဘုရား၏ ထံတော်မှ ပင် “ချစ်သား အာနန္ဒာ....ယခုအခါ၌ ငါဘုရားသည် သုညတာဝိဟာရဖြင့် အမျှားဆုံးနေသည်” ဟူ၍ ရှင်တော်ဘုရား မိန့်ကြားသည်ကို ဘုရားတပည့်တော်ကြားအပ် နာအပ်ဘူးပါသည်၊ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ထိုတပည့်တော် ကြားအပ် နာအပ်သောစကားသည် ကြားမိ နာခဲ့မိသည့်အတိုင်း ကောင်းစွာကြားအပ်သောစကား ကောင်းစွာမှတ်အပ်သောစကား ကောင်းစွာနှလုံးသွင်းအပ်သောစကားဖြစ်ပါ၏လော ဟု မေးမြန်းလျှောက်ထားပါသည်။

ထိုသို့ ရှင်အာနန္ဒာမထေရ်သူမြတ် မေးလျှောက်သော အကြောင်းအဋ္ဌုပ္ပတ်ကြောင့် ကာမသညာ၏ဆိတ်ပုံ, အရညသညာ၏ဖြစ်ပုံ, အရညသညာ၏ဆိတ်ပုံ, သုဉ်းပုံ, ပထဝီသညာ၏ဖြစ်ပုံ, ပထဝီသညာ၏ဆိတ်ပုံ, အာကာသာနဉ္စာယတနသညာ၏ဖြစ်ပုံ, ဤသို့စသည်ဖြင့် အရဟတ္တဖိုလ်တိုင်ရောက်အောင် အောက်အောက်သညာတို့ဆိတ်သုဉ်း၍ အထက်ထက်သိမ်မွေ့သောသညာတို့ဖြစ်ပုံကို အကျယ်တဝင့် ဖွင့်ပြဟောကြားရာ ဖြစ်သော ဤစုဥသုညတသုတ်တန် ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

စုဥသုညတသုတ် ပြီး၏

မဟာသုညတသုတ်

ပုစ္ဆာ။ ။မဟာသုညတသုတ္တံ ပနာဝုတော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ
ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သက္ကေသု ဘဒ္ဒေ္ဓ ကပိလဝတ္ထုသ္မိံ အာယသ္မန္တံ အာနန္ဒံ
အာရဗ္ဘ ဘာသိတံ၊ အာယသ္မာ ဘဒ္ဒေ္ဓ အာနန္ဒော သမ္မဟ-
လေဟိ ဘိက္ခူဟိ သဒ္ဓိံ ဃဋ္ဋာယ သက္ကဿ ဝိဟာရေ စိဝရကမ္မံ
ကရောတိ၊ တသ္မိံ ဘဒ္ဒေ္ဓ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။မဟာသုညတမည်သော သုတ္တန်တရား ဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သက္ကတိုင်း အဝင်အပါ ကပိလဝတ်ပြည်အရပ်၌ ရှင်အာနန္ဒာ မထေရ်သူမြတ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း တိုက်ဝယ် သီတင်းသုံးနေတော်မူသောအခါ ဓမ္မဘဏ္ဍာစိုးဖြစ်တော်မူသော ရှင်အာနန္ဒာမထေရ်သူမြတ်သည် များစွာသော ရဟန်းတော်တို့နှင့်အတူတက္ခဏ ဃဋ္ဋာမည်သော သာကီဝင်မင်း၏ကျောင်းဝယ် သင်္ကန်းချုပ်လုပ်ဆဲ ရှိနေပါသည်။

ထိုအခိုက် သဗ္ဗညုမြတ်စွာဘုရားသည် ကာဠခေမကာမည်သော သာကီဝင်၏ ကျောင်းသို့ သွားရောက်တော်မူသောအခါ များစွာသော အိပ်ရာတို့ ခင်းထားသည်ကို တွေ့ရှိ၍ ဤကျောင်း၌ များစွာသော အိပ်ရာတို့ ခင်းထားကုန်၏၊ဤကျောင်း၌ များစွာသော ရဟန်းအပေါင်းတို့ နေကုန်၏ ဟု စဉ်းစားတော်မူပြီးလျှင် ရှင်အာနန္ဒာတို့ သင်္ကန်းချုပ်ရာဖြစ်သော ဃဋ္ဋာမည်သော သာကီဝင်၏ကျောင်းသို့ ကြွရောက်တော်မူ၍ ခင်းထားအပ်သော နေရာ၌ ထိုင်ပြီးလျှင် ရှင်အာနန္ဒာတို့အား စကားနှိုးနှောပြောဆိုတော်မူသောအခါ ကာဠခေမကသာကီဝင်၏ကျောင်း၌ များစွာသောနေရာကိုတွေ့ရှိခဲ့ကြောင်း၊ ထိုကျောင်း၌ များစွာသော ရဟန်းတို့သည် နေကြသလော ဟု မေးမြန်း

တော်မူသောအခါ များစ္ဘာကုန်သောရဟန်းတို့သည် ကာဠခေမက သာကီဝင်၏ ကျောင်းဌ်နေကြကြောင်း ယခုအခါ သင်္ကန်းချုပ်လုပ်ဆဲဖြစ်၍ ရဟန်းတော်တို့၏ အိပ်ရာနေရာတို့ကို မသိမ်းဆည်းမိပါကြောင်း၊ ရဟန်းတော် အရှင်မြတ်များဘက်မှ ရှင်အာနန္ဒာသည် ထောက်ပံ့ဘိသက္ခဲသို့ လျှောက်ထားခဲ့ပါသည်။

ထိုအခါသဗ္ဗညုမြတ်စ္ဘာဘုရားသည် အပေါင်းလိုက် အစုလိုက်မှေ့လျော်ပျော်ပိုက်၍ နေခြင်းတည်းဟူသော ဂဏသင်္ဂီကာရာမရှိသော ပုဂ္ဂိုလ်တို့အား အထက်ဖြစ်သော စျာန်မင်္ဂိုလ်တရားတို့ကို မရနိုင်ကြောင်း အကျယ်တဝင့် ဖွင့်ပြဟောကြားရာဖြစ်သော ဤမဟာသုညတ သုတ္တန်ဒေသနာတော်မြတ်ကို ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် သဗ္ဗညုမြတ်စ္ဘာဘုရား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

မဟာသုညတသုတ် ပြီး၏

အစ္ဆရိယအဘ္ဘုတသုတ်

ပုစ္ဆာ။ ။အစ္ဆရိယအဘ္ဘုတသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန သဒ္ဓိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ အာယသ္မတာ အာနန္ဒတ္ထေရေန မေဘဏ္ဍာဂါရိကေန သဒ္ဓိံ ဘာသိတံ။ သမ္မဟုလာနံ ဘန္တေ ဘိက္ခူနံ ပစ္ဆာဘတ္တံ ပိဏ္ဍပါတပဋိက္ကန္တာနံ ဥပဋ္ဌာနသာလာယံ သန္နိသိန္နာနံ သန္နိပတိတာနံ အယမန္တရကထာ ဥဒပါဒိ "အစ္ဆရိယံ အာဝုသော၊ အဗ္ဘုတံ အာဝုသော တထာဂတဿ မဟိဒ္ဓိကတာ မဟာနုဘာဝတာ။ ယတြ ဟိ နာမ တထာဂတော အတီတေ ဗုဒ္ဓေ ပရိနိဗ္ဗုတေ ဆိန္နပပဉ္စေ ဆိန္နဝဋ္ဋုမေ ပရိယာဒိန္နဝေန္ဒ္ဓေ သဗ္ဗဒုက္ခဝိတိဝတ္တေ ဇာနိဿတိ။ ဧဝံဇစ္စာ တေ ဘဂဝန္တော အဟေသုံ ဣတိပိ၊ ဧဝံနာမာ တေ ဘဂဝန္တော အဟေသုံ ဣတိပိ၊ ဧဝံဂေါတ္တာ တေ ဘဂဝန္တော အဟေသုံ ဣတိပိ၊ ဧဝံသီလာ တေ ဘဂဝန္တော အဟေသုံ ဣတိပိ၊ ဧဝံဓမ္မာ တေ ဘဂဝန္တော အဟေသုံ ဣတိပိ၊

ဧဝံပညာ တေ ဘဂဝန္တော အဟေသုံ ဣတိပိ၊ ဧဝံဝိဟာရီ တေ ဘဂဝန္တော အဟေသုံ ဣတိပိ၊ ဧဝံဝိမုတ္တာ တေ ဘဂဝန္တော အဟေသုံ ဣတိဖိ”တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။အစ္ဆရိယအဗ္ဘုတမည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်ပုဂ္ဂိုလ်နှင့် အတူတကွ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ ဓမ္မဘဏ္ဍာစိုး ဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ်မြတ်နှင့် အတူတကွ ဟောကြားတော်မူအပ်ပါသည်။ သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော်နေတော်မူစဉ် နေလွဲအခါဆွမ်းခံရာမှ ဖဲခွဲကြ၍ တကွညီမူ စည်းဝေးရာ ဓမ္မသာလာ၌ တညီတညွတ်တည်း စည်းဝေးတော်မူကြသော များစွာသော ရဟန်းတော်တို့အား ဤဆိုလတ္တံ့သောအတိုင်း တရားစကား၏ အကြား အကြား၌ စကားနိုးနှော ပြောဆိုခြင်း ဖြစ်ခဲ့ပါသည်။ “ငါ့ရှင်တို့....ရှေးဘုရားတို့ အတူလာခြင်း ကောင်းတော်မူသော မြတ်စွာဘုရားသည် လွန်တော်မူကြပြီး ပရိနိဗ္ဗာန်စံတော်မူကြပြီး ကုသိုလ်အကုသိုလ်ကံကို ဖြတ်တောက်ပြီး ကိလေသဝဋ်ကုန်ပြီး ဝိပါကဝဋ်ကို လွန်မြောက်ပြီး ဖြစ်တော်မူကြသည့် မြတ်စွာဘုရားတို့ကို ထိုမြတ်စွာဘုရားတို့သည် ဤသို့ ခတ္တိယဇာတ် ဗြာဟ္မဏဇာတ် ရှိတော်မူကြကုန်၏ ဟူ၍ငင်း ထိုမြတ်စွာဘုရားတို့သည် ဤသို့ ဤသို့ အမည်ရှိကုန်၏ဟူ၍ငင်း ဤသို့ ဤသို့သော အနွယ် ဤသို့ ဤသို့သော သီလ သမာဓိ ပညာ ရှိကုန်၏ ဟူ၍ငင်း ဤသို့ နိရောဓသမာပတ်ဖြင့် နေတော်မူကြကုန်၏ဟူ၍ငင်း ဤသို့ ဝိမုတ္တိငါးပါးနှင့် ပြည့်စုံတော်မူကုန်၏ဟူ၍ငင်း ကြင်းမဲ့ကုန်စင် သိမြင်တော်မူရကား မြတ်စွာဘုရား၏ တန်ခိုးတေဇော် အာနုဘော်ကြီးမြတ်သည်၏ အဖြစ်သည် အံ့ဘွယ်ရှိပါပေစ့၊ မဖြစ်စဘူး အထူးဖြစ်ပါပေစ့” ဟု အန္တရကထာစကား ထင်ရှားဖြစ်ခဲ့ပါသည် ထို့သို့သော အကြောင်းအဋ္ဌုပ္ပတ်ကြောင့် မြတ်စွာဘုရားသည် အံ့

ဘုယ်တို့ကို အကျယ်ဖော်ပြရာ ဤအစ္ဆရိယအဗ္ဘုတ သုတ္တန်ဒေသနာတော်မြတ်ကို အရှင်အာနန္ဒာနှင့် အတူတကွ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အစ္ဆရိယအဗ္ဘုတသုတ် ပြီး၏

ဗာကုလသုတ်

ပုစ္ဆာ။ ။ဗာကုလသုတ္တံ ပနာဝုသော ကတ္ထ ကံ အာရဗ္ဘ ကေန ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘဒ္ဒေ အစေလံ ကဿပံ အာရဗ္ဘ အာယသ္မတာ ဗာကုလတ္ထေရေန ဘာသိတံ။

အမေး။ ။ဗာကုလမည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်မည်သော ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်မည်သော ပုဂ္ဂိုလ်က ဟောကြားခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် အစေလကဿပ အမည်ရသော (အရှင်ဗာကုလ၏ လူဖြစ်စဉ်က မိတ်ဆွေဖြစ်သူ) အဝတ်မလှမ်း ကဿပတက္ကဒုန်းကို အကြောင်းပြု၍ အရှင်ဗာကုလမထေရ်သူမြတ် ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဗာကုလသုတ် ပြီး၏

ဒန္တဘူမိသုတ်

ပုစ္ဆာ။ ။ဒန္တဘူမိသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘဒ္ဒေ ဇယသေနံ ရာဇကုမာရံ အာရဗ္ဘ ဘာသိတံ။ ဇယသေနော ဘဒ္ဒေ ရာဇကုမာရော အစိရဝတံ သမဏုဒ္ဒေသံ ဥပသင်္ကမိတ္ဝာ ဧတဒဝေါစ "သုတံ မေတံ ဘော အဂ္ဂိဝေဿန ဣဓ ဘိက္ခု အပ္ပမတ္တော အာတာပီ ပဟိတတ္တော ဝိဟရန္တော

ဖုံသေယျ စိတ္တဿ ကေဂုတ”န္တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ဒန္တဘူမိမည်သော သုတ္တန်တရားဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် ဗိမ္ဗိသာရမင်းတရား၏ သားဖြစ်သော ဇယသေနမင်းသားကိုအကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော်နေတော်မူသောအခါ အစိရဝတ အမည်ရသော သာမဏေသည် တောကျောင်း ကမ္မဋ္ဌာန်းကျောင်းတခုဝယ် သီတင်းသုံးနေဆဲရှိပါသည်။

ထိုအခါဝယ် ဗိမ္ဗိသာရမင်းတရား၏ သားဖြစ်သော ဇယသေနမင်းသားသည် အညောင်းပြေ အညာပြေ အစဉ်သဖြင့် ခရီးလျှောက်၍ သွားသောအခါ အစိရဝတသာမဏေထံသို့ရောက်၍ အစိရဝတသာမဏေနှင့် ဝမ်းမြောက်ဝမ်းသာစကား နှီးနှောပြောဆိုပြီးလျှင် အစိရဝတသာမဏေကို ဤသို့ လျှောက်ဆိုပါသည်။

သုတံ မေတံ ဘော အဂ်ဝေဿန “ဣဓ ဘိက္ခု အပ္ပမတ္တော အာတာပီ ပဟိတတ္တော ဝိဟရန္တော ဖုံသေယျ စိတ္တဿ ကေဂုတံ” ဟု အို အဂ်ဝေဿန အနှယ်၌ ဖြစ်ပါပေသော အရှင်အစိရဝတ.... ဤသာသနာတော်၌ ရဟန်းတော်သည် မမေ့မလျော့သည်ဖြစ်၍ ကိလေသာတို့ကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍ နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ ကမ္မဋ္ဌာန်းအလုပ် အားထုတ်၍ နေသည်ရှိသော် စိတ်၏တည်ကြည်ခြင်း စျာန်သမာပတ်သို့ ရောက်သည်ဟူ၍ အကျွန်ုပ်ကြားဘူးပါသည်။ ထိုစကားသည် မှန်ပါသလော ဟု မေးမြန်းလျှောက်ထားပါသည်။

ထိုအခါ အစိရဝတသာမဏေက ဝေမေတံ ရာဇကုမာရ၊ ဝေမေတံ ရာဇကုမာရ အစရှိသည်ဖြင့် အို ဇယသေနမင်းသား.... ဤ သင်ကြားသည့် အတိုင်း ဤသာသနာတော်၌ ရဟန်းတော်အရှင်သူမြတ်သည် မမေ့မလျော့

သော အပ္ပမာဒ တရား လက်ရှိထားသည် ဖြစ်၍ ကိလေသာတို့ကို ပူပန်စေတတ်သော လုံလ ဝီရိယနှင့် ပြည့်စုံ၍ ကမ္မဋ္ဌာန်းအာရုံ၌ နေသည် ဖြစ်ပါ မူကား စျာန် သမာပတ် သမာဓိကိုရောက်နိုင် ရနိုင်ပါသည် ဟု ပြန်ကြား မိန့်ဆို တော်မူပါသည်။

ထိုအခါ ဇယသေနမင်းသားက သာဓု မေ ဘဝံ အဂ်ဂိဝေဿနော ယထာ-သုတံ ယထာပရိယတ္တံ ဓမ္မံ ဒေသေတု-ဟု “အကျွန်ုပ် တောင်းပန်ပါသည် အဂ်ဂိဝေဿနအနွယ်၌ဖြစ်သော အရှင်အစိရဝတသာမဏေသည် အကျွန်ုပ်အား မိမိကြားဘူး မိမိသင်ခဲ့ဘူးသော တရားကို ဟောကြားတော်မူပါ” ဟု တောင်း ပန်လျှောက်ထားပါသည်။

ထိုအခါ အစိရဝတသာမဏေက “ငါသည် အသင် ဇယသေနမင်းသား အား တရားမဟောနိုင်ပါ၊ ငါသည် ဟောစေကာမူ အသင်သည် သိမည်မ ဟုတ်ပါ” ဟု ပြန်ကြားမိန့်ဆိုတော်မူပါသည်။

ထိုအခါ ဇယသေနမင်းသားက သိချင်လည်း သိပါလိမ့်မည်၊ အရှင် ဘုရားသည် အကျွန်ုပ်အား အရှင်ကြားဘူး သင်ဘူးသောတရားကိုဟောကြား တော်မူပါ ဟု ပြန်ကြားလျှောက်ထားသောအခါ “ငါသည် ငါ သင်ဘူး ကြားဘူးသော တရားကို ဟောကြားပါမည်၊ သို့သော် အသင်သည် မိမိ သိသောအရာကို သိသည့်အတိုင်း နေပါ၊ မသိသောအရာကို ငါအားတဖန် ပြန်ကြားမေးမြန်းခြင်း မပြုပါလင့်” ဟု မိန့်ဆိုတော်မူပါသည်။

ထိုအခါ ဇယသေနမင်းသားလည်း မိမိတရားကြားနာသောအခါ သိ လျှင် ကောင်းပါသည်၊ မသိလျှင် မိမိဘာသာ မိမိနေပါမည် ဟု ပဋိညာဉ် ပြုသည်တွင် အစိရဝတသာမဏေသည်လည်း ကသိဏ်းဝန်းကို ထူထောင်သည် မှ အစ အပ္ပနာဘာဝနာ အပ္ပနာသမာဓိ စျာနသမာဓိသို့ရောက်သည်တိုင် အောင် မိမိကြားနာဘူး မိမိသင်ကြားဘူးခဲ့သည့်အတိုင်း ဓမ္မကထာကို ဟော ကြားခဲ့ပါသည်။

ထိုအခါ ဇယသေနမင်းသားသည် အဋ္ဌာနမေတံ ဘော အဂ်ဂိဝေဿန အနဝကာသော ယံ ဘိက္ခု အပ္ပမတ္တော အာတာပီ ပဟိတတ္တော ဝိဟရေန္တော ဖုသေယျ စိတ္တဿ ဧကဂ်တံ-ဟု “ဤသာသနာတော်၌ ရဟန်းတော်သည် ယခု အတိုင်း မမေ့မလျော့သည်ဖြစ်၍ ကိလေသာကို ပူပန်စေတတ်သော လုံလ

ဝိရိယနှင့် ပြည့်စုံသည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် သမထကမ္မဋ္ဌာန်းဖြင့် နေသော်လည်း စိတ်၏ တည်ငြိမ်ခြင်း စျာန်သမာပတ်သို့ ရောက်နိုင်ဘို့ရန် အကြောင်းမရှိ၊ အခွင့်မဟုတ် ဟူ၍ ပြောကြားပြီးလျှင် အစိရဝတသာမဏေစကားကို ဝမ်းပန်းမသာ ဟန့်တား၍ သာလျှင် ပြန်သွားခဲ့ပါသည်။

ဤသို့လျှင် ဇယသေနမင်းသား ဤသာသနာတော်အတွင်းဝယ် ဝင်ရောက်၍ မိမိနှင့် မထိုက်မလျောက်သော တရားစကားကို ကြားနာပြီးလျှင် မိမိနှင့်မတော်မလျော်သောစကားကို ပြောကြားခြင်း ဟူသော အဋ္ဌုပ္ပတ်ကြောင့် ဤဒန္ဓဘူမိသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ အစိရဝတသ္မာ သမဏုဒ္ဒေသသ္မာ သမဿာသေတ္ဝာ ဓမ္မဒေသနာနယော ပကာသိတော။

ဝိဿဇ္ဇနာ။ ။တံ ကုတေတ္ထ အဂ္ဂိဝေဿန လဗ္ဘာ၊ ယံ တံ နေက္ခမ္မေန ဉာတဗ္ဗံ နေက္ခမ္မေန ဒဋ္ဌဗ္ဗံ နေက္ခမ္မေန ပတ္တဗ္ဗံ နေက္ခမ္မေန သစ္ဆိကာတဗ္ဗံ၊ တံ ဝတ ဇယသေနော ရာဇကုမာရော ကာမမဇ္ဈေ ဝသန္တော ကာမေ ပရိဘုဉ္ဇန္တော ကာမဝိတက္ကေဟိ ခဇ္ဇမာနော ကာမ-ပရိဠာဟေန ပရိဍယ္ဟမာနော ကာမပရိယေသနာယ ဥဿုကော ဥဿတိ ဝါ ဒက္ခတိ ဝါ သစ္ဆိ ဝါ ကရိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတီတိ ဧဝံ ခေါ ဘန္တေ ဘဂဝတော အစိရဝတသ္မာ သမဏုဒ္ဒေသသ္မာ သမဿာသေတ္ဝာ၊ သေယျထာပိဿု အဂ္ဂိ-ဝေဿန ဒဠှ ဟတ္ထိဒမ္မာ ဝါ အဿဒမ္မာဝါ ဂေါဒမ္မာ ဝါ သုဒန္တာ သုဝိနီတာတိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ အစိရ-ဝတသ္မာ သမဏုဒ္ဒေသသ္မာ ဒေသနာနယော ပကာသိတော။

အမေး။ ။ထိုဒန္ဓဘူမိသုတ္တန်တရားဒေသနာတော်၌ သဗ္ဗညုမြတ်စွာဘုရားသခင်သည် အစိရဝတမည်သော သာမဏေအား သက်သာရာကို ရအောင် ပြောကြားမိန့်ဆိုတော်မူပြီးလျှင် အဘယ်သို့လျှင် တရားဟောပုံနည်းနိဿယကို ဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုဒန္တဘူမိသုတ္တန်. .ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် တံ ကုတေတ္ထ အဂ်ိဝေဿန လဗ္ဘာ-အစရှိသည်ဖြင့်—

အဂ်ိဝေဿန အနန္တယ်၌ ဖြစ်သော ချစ်သား အစိရဝတ သာမဏေ.... အကြင်စျာန်သမာပတ်တရားကို အာရုံငါးပါး ကာမဂုဏ်တရားတို့မှ ထွက် မြောက်သော နေက္ခမ္မဂုဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့သာလျှင် သိအပ် မြင်အပ် ရောက်အပ် မျက်မှောက်ပြုအပ်ပေသည်။

ထိုသို့ အာရုံငါးပါး ကာမဂုဏ်တရားတို့မှ ထွက်မြောက်ခြင်း နေက္ခမ္မဂုဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့မှသာ သိအပ် မြင်အပ် ရောက်အပ် မျက်မှောက်ပြုအပ်သော စျာန်သမာပတ် တရားကို အာရုံငါးပါး ကာမဂုဏ်တရားတို့၏ အလည်မှာပင်နေလျက် အာရုံငါးပါး ကာမဂုဏ်တရားတို့ကိုပင် သုံးစွဲနေပါလျက် အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ကြံစည်ခြင်း ကာမဝိတက် တည်းဟူသော ပိုးလောက်တို့သည် အကိုက်အခဲ ခံနေရပါလျက် ကာမတဏှာ တည်းဟူသော ပူလောင်ခြင်းဖြင့် ထက်ဝန်းကျင် ပူလောင်နေသည် ဖြစ်ပါလျက် အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ရှာမှီးခြင်း၌ လေ့ကျက်နေသူဖြစ်ပါသော ဤဇယသေနမင်းသားသည် သိဘို့ရန် မြင်ဘို့ရန် မျက်မှောက်ပြုဘို့ရန် အကြောင်းမရှိနိုင်ပေ၊ ထိုသို့ သိမြင် မျက်မှောက်ပြုဘို့ရန် အကြောင်းကို အဘယ်မှာလျှင် ဇယသေနမင်းသားအား ရနိုင်ပါအံ့နည်း ဟု သဗ္ဗညုမြတ်စွာဘုရားသည် အစိရဝတသာမဏေအား သက်သာရာရစေပြီးလျှင်—

သေယျထာပိဿု အဂ်ိဝေဿန ဒ္ဒ ဟတ္ထိဒမ္မာ ဝါ အဿဒမ္မာ ဝါ-အစရှိသည်ဖြင့် ချစ်သား အဂ်ိဝေဿနအနန္တယ်၌ဖြစ်သော အစိရဝတသာမဏေ.... လောကဥပမာအားဖြင့် ယဉ်ကျေးအောင် ဆုံးမပြီးသော ဆင်နှစ်စီး မြင်းနှစ်စီး နွားတရှဉ်းသည်လည်း ရှိသည်ဆိုပါစို့.... ယဉ်ကျေးအောင် မဆုံးမရသေးသော ဆင်နှစ်စီး မြင်းနှစ်စီး နွားတရှဉ်းသည်လည်း ရှိသည်ဆိုပါစို့။

ချစ်သား အဂ်ိဝေဿန....ယခု ငါဘုရား မေးမည်စ်ကားကို သင်ချစ်သား အဘယ်သို့ သဘောကျမှတ်ထင်ပါသနည်း၊ အကြင် ယဉ်ကျေးအောင် ဆုံးမအပ်ပြီးသော ဆင်နှစ်စီး မြင်းနှစ်စီး နွားတရှဉ်းတို့သည် မိမိတို့ ပင်ကိုယ်ကပင် ယဉ်ကျေးကြပြီးဖြစ်၍ ယဉ်ယဉ်ကျေးကျေးဖြင့်ပင်လျှင် ယဉ်ကျေးသော ဆင် မြင်း နွားတို့၏ ပြုလုပ်ဖွယ်ရာ အမှုကိစ္စကို . ပြုလုပ်သည် မဟုတ်ပါလော၊

ယဉ်ကျေးသော ဆင် မြင်း နွားတို့ ရောက်ရာ ဘူမိသို့ ရောက်ကြပါမည် မဟုတ်လော ဟု မေးမြန်းတော်မူပါသည်။

ယဉ်ယဉ်ကျေးကျေးဖြင့်ပင် ရောက်နိုင်ပါကြောင်း ပြန်ပြောင်းဝန်ခံခဲ့ပါသည်။

ချစ်သား အဂ္ဂိဝေဿနအနှယ်၌ဖြစ်သော အစိရဝတသာမဏော.... ယခု ငါဘုရားမေးမည့်စကားကို သင်ချစ်သား မည်သို့ မှတ်ထင်ပါသနည်း၊ ဤယခု ယဉ်ကျေးပြီးသော ဆင်နှစ်စီး မြင်းနှစ်စီး နွားတရှဉ်းတို့ကဲ့သို့ ယဉ်ကျေးအောင် မဆုံးမရသေးသော ဆင်နှစ်စီး မြင်းနှစ်စီး နွားတရှဉ်းတို့သည် မိမိတို့ကိုယ်၌က မယဉ်ကျေးကြပါဘဲလျက် ယဉ်ကျေးသော ဆင်မြင်းနွားတို့ ပြုလုပ်အပ် ဆောင်ရွက်အပ်သော အမှုကိစ္စကို ပြုလုပ်ဆောင်ရွက်နိုင်ကြပါမည်လော ဟု မေးမြန်းတော်မူပါသည်။

မပြုလုပ် မဆောင်ရွက်နိုင်ပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင်—

အဂ္ဂိဝေဿနအနှယ်၌ဖြစ်သော အစိရဝတ ချစ်သား.... ဤနည်းအတူပင်လျှင် အကြင်စျာန်သမာပတ်တရားကို ယဉ်ကျေးအောင် ဆုံးမပြီးသော ဆင် မြင်း နွားတို့နှင့် တူသော ဣန္ဒြေ ခြောက်ပါး တံခါးတို့၌ ယဉ်ကျေးအောင် ဆုံးမပြီးသော အမျိုးကောင်းသားတို့သည်သာလျှင် ရောက်အပ် သိအပ် မျက်မှောက်ပြုအပ်သော တရားဖြစ်ကြပေသည်။

ထိုသို့ ဣန္ဒြေခြောက်ပါး ယဉ်ကျေးအောင် ဆုံးမပြီးသော သဗ္ဗညု မြတ်စွာဘုရား၏ သားတော်တို့သည်သာလျှင် သိအပ် မြင်အပ် ရောက်အပ် မျက်မှောက်ပြုအပ်သော စျာန်မဂ်ဖိုလ်တရားကို အာရုံငါးပါး၏အလည်၌ နေလျက် အာရုံငါးပါးတို့ကို သုံးစားလျက် အာရုံငါးပါး၌ ကြံစည်ခြင်း တည်းဟူသော ကာမဝိတက်တည်းဟူသော ပိုးလောက်တို့ ကိုက်ခဲခံနေရပါလျက် အာရုံငါးပါး တည်းဟူသော ကာမမီးပူတို့ဖြင့် ထက်ဝန်းကျင် ပူလောင်နေသည် ဖြစ်ပါလျက် ကာမအရာမျိုးကိုသာလျှင် လှုံ့လှဲကြိုးကုတ် အားထုတ်နေသော ဇယသေနမင်းသားသည် အဘယ်မှာလျှင် ဆိုအပ်ပြီးသော စျာန်သမာပတ် သမာဓိတို့ကို သိနိုင် မြင်နိုင် မျက်မှောက်ပြုနိုင်ပါအံ့နည်း သင်ချစ်သား။

ဥပမာ တနည်းသော်ကား သင်ချစ်သား.... ဤလောက၌ တခုသော ရွာနိုဂုံး၏ အနီးအပါးဝယ် မြင့်မားလှသော တောင်ကြီးတခုရှိသည်ဆိုပါစို့.... ထိုအခါ ထိုရွာ နိဂုံးအတွင်းမှ နှစ်ယောက်သော သူငယ်ချင်းတို့သည် အချင်းချင်း လက်တွဲကာ ထိုတောင်ရှိရာအရပ်သို့ သွားရောက်ကြသည်ဆိုပါစို့....ထို တောင်ခြေသို့ ရောက်သောအခါ တယောက်သော သူငယ်ချင်းသည် တောင်ပေါ်သို့ တက်၍ တောင်ထိပ်၌ ရပ်တည်ပြီးလျှင် အရပ်လေးမျက်နှာကို ကြည့်ရှုသည်၊ တယောက်သော သူငယ်ချင်းသည်ကား တောင်၏အောက်မှာပင် တည်နေသည် ဆိုပါစို့။

ထိုအခါ တောင်၏အောက်မှာ တည်နေသော သူငယ်ချင်းက တောင်ထိပ်၌ ရပ်တည်နေသော သူငယ်ချင်းကို "အို အချင်း သူငယ်ချင်း.... အသင်သည် တောင်ထိပ်၌တည်လျက် အဘယ်အရာဝတ္ထုမျိုးတွေ့ကို မြင်ပါသနည်း" ဟု မေးမြန်းသည်ရှိသော် တောင်ထိပ်၌ တည်နေသော သူငယ်ချင်းက——

အို အချင်း မိတ်ဆွေ.... ဤမည် ဤမည်သော မြို၏ တင့်တယ်မှု တောတောင်၏ တင့်တယ်မှု ရေမြေ၏ တင့်တယ်မှု ရေကန်၏ တင့်တယ်မှု အစုစုတို့ကို ပတ်ဝန်းကျင် အရပ်လေးမျက်နှာ၌ ငါမြင်ပါသည်ဟု ပြောဆိုသည်ရှိသော် တောင်အောက်၌နေသော သူငယ်ချင်းက "ဤသို့ မြင်နိုင်ဖွယ်အကြောင်း မရှိပါ ဟု" မိမိမမြင်သဖြင့် ပြန်ပြောင်းပြောဆိုခဲ့ပေသည်။

ထိုအခါ တောင်ထိပ်၌နေသော သူငယ်ချင်းသည် တောင်အောက်သို့ ဆင်း၍ ထိုတောင်အောက်၌ရှိသော သူငယ်ချင်းကိုတွဲ၍ တောင်ထိပ်သို့ ခေါ်ဆောင်ပြီးလျှင် အနည်းငယ်မျှ အပန်းဖြေစေပြီးမှ ထိုသူငယ်ချင်းက အရပ်လေးမျက်နှာသို့ ကြည့်စေပြီးလျှင် "သူငယ်ချင်း....အသင်သည် ပတ်ဝန်းကျင် အရပ်လေးမျက်နှာ၌ အဘယ်အရာဝတ္ထုမျိုးကို မြင်ပါသနည်း" ဟု မေးမြန်းပေသည်။

ထိုအခါ မိမိမြင်သည့် မြို၏ တော၏ တောင်၏ ရေကန်၏ တင့်တယ်ခြင်းအစုစုတို့ကို ပြန်ပြောင်းပြောဆိုသောအခါ "အို အချင်း သူငယ်ချင်း....အသင်သည် ဤသို့ မြို၏ တင့်တယ်ခြင်း တော တောင် ရေမြေ၏ တင့်တယ်ခြင်း ရေကန်၏ တင့်တယ်ခြင်းကို မြင်နိုင်ရန် အကြောင်းမရှိ ဟု ယခုတင်ကပင်လျှင် သင်ပြောဆိုခဲ့သည်၊ယခုပင်လျှင်အသင်သည် မြို၏တင့်တယ်ခြင်း တောတောင်

၏ တင့်တယ်ခြင်း ရေကန်၏ တင့်တယ်ခြင်း မြေ၏တင့်တယ်ခြင်း အစုကို မြင်ရသည်ဟု ပြောပြန်သည်၊ ရွှေစကား နောက်စကား မညီပါတကား ဟု ပြန်ကြားပြောဆိုသောအခါ——

ထိုသူငယ်ချင်းသည် "အိုအချင်း မိတ်ဆွေ....ယခင်က အဘယ်မှာ ထိုသို့မပြောဆိုဘဲ ရှိပါအံ့နည်း၊ ဤတောင်ကြီးသည် ငါ့အား အရပ်လေးမျက်နှာတို့ကို မမြင်ဘို့ရန်ဖုံးကွယ်၍ ထားခဲ့ပါသည်ဟု" ပြန်ကြားပြောဆိုခဲ့ပေသည်။

ထိုအတူပင်လျှင် အဂိုဝေဿန အန္ဓယ်၌ ဖြစ်သော ချစ်သား အဂိုဝေဿန....ဇယသေနမင်းသားအား ဤတောင်ကြီးထက်ပင် အဆအရာ အထောင် အသောင်း အသိန်းမက ကြီးကျယ်ထူထပ်လှသော အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကြီး ဖုံးအုပ်လျက် ရှိပေသည်။ သို့ အဝိဇ္ဇာ အမိုက်မှောင် ဖုံးအုပ်လျက်ရှိသော ဇနသေနမင်းသားသည် အဘယ်မှာလျှင် အာရုံငါးပါး ကာမဂုဏ်တရားတို့မှ ထွက်မြောက်သော ဂုဏ်ရည်နှင့်ပြည့်စုံသော ပဂ္ဂုလ်တို့မှ သိအပ် မြင်အပ် ရောက်အပ် မျက်မှောက်ပြုအပ်သည့် စျာန်မဂ်ဖိုလ်တရားကို မျက်မှောက်ပြုနိုင်ပါအံ့နည်း၊ မပြုနိုင်သည်သာတည်း။

အဂိုဝေဿနအန္ဓယ်၌ဖြစ်သော ချစ်သားအစိရဝတ.... အသင်သည် ဇယသေနမင်းသားအား ဤဥပမာနှစ်ပါးကို ဖော်ပြ၍ အကယ်၍ တရားဟောဆိုခဲ့သည်ဖြစ်ပါမူ ဇယသေနမင်းသားသည် သင်၏တရားကို သဒ္ဓါကြည်ညို ယုံကြည်မှု ဖြစ်ရာပေသည်။ ကြည်ညိုသောအခြင်းအရာကိုလည်း ပြုရာပေသည်ဟု သဗ္ဗညုမြတ်စွာဘုရားသည် အစိရဝတသာမဏေအား ဓမ္မကထာ ဒေသနာ ဟောပုံနည်းကို ကရုဏာရွှေထား ပေးသနားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဥ္စာဝုသော တတ္ထ ဘဂဝါ ဒ္ဒေ ဥပမာယော ဒဿေတ္ဝာ တတုတ္တရိ ဓမ္မဒေသနံ ပဝဓေ့တိ။

ဝိဿဇ္ဇနာ။ ။သေယျထာပိ အဂိုဝေဿန ရာဇာခတ္တိယော မုဒ္ဓါဝသိတ္တော နာဂဝနိကံ အာမန္တေတိတိ ဝေမာဒိနာ ဘန္တေ ဘဂဝါ ဥတ္တရိပိ ဓမ္မဒေသနံ ပဝဓေ့သိ။

အမေး။ ။ထိုဒန္တဘူမိ သုတ္တန်တရားဒေသနာတော်၌ ယခုငါ့ရှင် ဖြဆိုသည့်အတိုင်း နှစ်ခုသော ဥပမာတို့ကို ပြတော်မူပြီးလျှင် ထို့နောက် ထို့ထက်

အလွန် တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်ပုံ အဘယ်နည်းဖြင့် တိုးပွါး၍ ဟောကြားတော်မူခဲ့ပြန်ပါသနည်းငါ့ရှင်။

အဖြေ။ ။သဗ္ဗညု မြတ်စွာဘုရားသည် လျှောက်ဆိုအပ်ပြီးသော အတိုင်း ဥပမာနှစ်ပါးဖြင့် ဒေသနာတော်နည်းကို ပေးသနားတော်မူသည်မှ နောက်၌ သေယျထာပိ အဂ်ိဝေဿန ရာဇာ ခတ္တိယော မုဒ္ဓါဝသိတ္တော နာဂ-ဝနိကံ အာမန္တေတိ-အစရှိသည်ဖြင့် အဂ်ိဝေဿန အနုယ်၌ဖြစ်သောချစ်သား.... လောကဥပမာအားဖြင့် မုဒ္ဓါဘိသိက်ခံယူပြီးသောမင်းသည် ဆင်ထိန်းအရာ ဆင်ဖမ်းအရာ လိမ်မာသော ယောကျ်ားကို ဤသို့ ပြောဆိုရာသည်။

အချင်း လိမ္မာလှစွာသော ဆင်ဖမ်းသမား.... ငါ၏မင်းစီးဆင်ကို ယူ၍ ဆင်တောသို့ သွားရောက်ပြီးလျှင် တောမှ ဆင်ရိုင်းကို ဆွဲဆောင်ခဲ့ပါ၊ သိမ်း ဆောင်ခဲ့ပါ ဟူ၍ စေခိုင်းရာသည်။

ထိုအခါ ထိုဆင်ဖမ်းသမားသည် ကောင်းပါပြီ ဟု ဝန်ခံ၍ မင်း၏ စီး တော်ဆင်ကို ယူဆောင်ပြီးလျှင် ဆင်တောသို့ သွားရောက်၍ တောဆင်ရှိရာ အရပ်သို့ ချဉ်းကပ်ပြီးလျှင် မင်း၏ ယဉ်စွာသော ဆင်ဖြင့် ထိုရိုင်းပြစွာသော တောဆင်ကို ဖွဲ့နှောင်၍ လွှင်ပြင်သို့ ထုတ်ခဲ့ပေသည်။ လွှင်ပြင်သို့ ရောက်ရှိပါ ကြောင်း မင်းအား ပြန်ကြားပြောဆိုသောအခါ ထိုမင်းတရားက “အသင် ဆင်ဖမ်းယောကျ်ား....ဤရိုင်းပြသောဆင်ကို တော၌ဖြစ်သော အလေ့အကျင့် တော၌ဖြစ်သော အကြံအစည် တော၌ ဖြစ်သော အမူအရာတို့ ပပျောက်၍ လူတို့နှစ်သက်အပ်သော ချစ်ခင်အပ်သော အလေ့အကျင့်နှင့် ပြည့်စုံအောင် အဆုံးမှာ မင်းစီးဆင် ဖြစ်အောင် မင်းအသုံးအဆောင် ဆင်မြောက်အောင် သင်ကြားပါ ဆုံးမပါ” ဟု မိန့်ကြားလေရာသည်။

ထိုအခါ ထိုဆင်ဖမ်းယောကျ်ား ဆင်ထိန်းသမားသည် ဘုရင်မင်းတရား မိန့်ကြားသည့်အတိုင်း ထိုတောမှ ရောက်ပြီးဖြစ်သော ဆင်ကို ချည်တိုင်၌ ဖွဲ့ နှောင်သည်မှအစ အစစ အရာရာ ယဉ်ကျေးသည့် မင်းစီးဆင်မြောက်အောင် ဆုံးမရာပါသည်။

ထိုအတူလျှင် အဂ်ိဝေဿနအနုယ်၌ဖြစ်သော သင်ချစ်သား....ဤ လောက၌ ငါဘုရားသည် ပွင့်ပေါ်၍ လာပေသည်၊ သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တ အမျိုးကောင်းသားသည် ငါဘုရား၏ တရားကို ကြားနာရ၍ အိမ်ရာတည်

ထောင် လူတို့ဘောင်မှ ထွက်မြောက်ပြီးလျှင် ရဟန်းပြုခဲ့ပေသည်၊ ဤသို့ ရဟန်းပြုခြင်းသည် အာရုံငါးပါး ကာမဂုဏ်တရား တည်းဟူသော တောအုပ်ထည်းမှ သာသနာတော် တည်းဟူသော လွင်တီးခေါင်သို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပေသည်။

ထိုသာသနာတော် တည်းဟူသော လွင်တီးခေါင် လွင်ပြင်အရပ်သို့ ရောက်ရှိပြီးသော အမျိုးကောင်းသားကို ငါဘုရားသည် သီလသံဝရ ဣန္ဒြိယသံဝရ အစရှိသော အထက် အထက်ဖြစ်သော ယဉ်ကျေးသော တရားတို့ကို ဖော်ပြ၍ လိုက်နာကျင့်သုံးရန် ဆုံးမခဲ့ပေသည်။ နောက်ဆုံးဝယ်အရဟတ္တဖိုလ် တိုင်မြောက်အောင် ဆုံးမခဲ့ပေသည်။

သို့ အရဟတ္တဖိုလ်တိုင်မြောက် ရောက်လတ်သောအခါ အလုံးစုံ ရှိရှိသမျှသော ဣဋ္ဌ အနိဋ္ဌ လောကဓံတို့ကို သည်းခံနိုင်သော စွမ်းရည်နှင့် ပြည့်စုံပေသည် ဟု သဗ္ဗညုမြတ်စွာဘုရားသည် ဗုဒ္ဓဗျာဒိမှ အစ အရဟတ္တဖိုလ်ကျအောင် အထက်၌ ဒေသနာဓမ္မကို တိုးပွါးခဲ့ဖြူထွင်၍ ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ဒန္တဘူမိသုတ် ပြီး၏

ဘူမိဇသုတ်

ပုစ္ဆာ။ ။တေနာဝုသော ။ပ။ သမ္မာသမ္ဗုဒ္ဓေန ဘူမိဇသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘဂ္ဂေ ဇယသေနံ ရာဇကုမာရံ အာရဗ္ဘ ဘာသိတံ၊ ဇယသေနော ဘဂ္ဂေ ရာဇကုမာရော အာယသ္မန္တံ ဘူမိဇံ တေဒဝေါစ “သန္တိ ဘော ဘူမိဇ ဧကေ သမဏဗြာဟ္မဏာ ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော ‘အာသဇ္ဇပိ ကရိတ္ဝာ ဗြဟ္မစရိယံ စရန္တိ၊ အဘဗ္ဗာ ဖလဿ အဓိဂမာယ။ အနာသဇ္ဇပိ ကရိတ္ဝာ ဗြဟ္မစရိယံ စရန္တိ၊ အဘဗ္ဗာ ဖလဿ အဓိဂမာယ။ အာသဇ္ဇ အနာသဇ္ဇပိ ကရိတ္ဝာ ဗြဟ္မစရိယံ စရန္တိ၊ အဘဗ္ဗာ ဖလဿ

အဓိဂမာယ။ နေဝါသံ နာနာသဉ္ဆေပိ ကရိတ္ဝာ ဗြဟ္မစရိယံ စရန္တိ၊ အဘဗ္ဗာ ဖလဿ အဓိဂမာယာ'တိ။ ဣဓ ဘောတော ဘူမိဇဿ သတ္ထာ ကိံဝါဒီ ကိမက္ခာယီ"တိ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုဘုရားရှင်သည် ဘူမိဇမည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် ဇယသေနမင်းသားကိုအကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းဝယ် ကိန်းအောင်းမွေ့လျော်နေတော်မူသောအခါ ဇယသေနမင်းသား၏ ဦးရီးတော် ဖြစ်တော်မူသော အရှင်ဘူမိဇ မထေရ်သူမြတ်သည် ဇယသေနမင်းသား၏ စံအိမ်တော်သို့ ကြွရောက်၍ ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူပါသည်။

ထိုအခါ ဇယသေနမင်းသားသည် အရှင်ဘူမိဇရှိရာ အရပ်သို့ လာရောက်၍ တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေပြီးလျှင် သန္တိ ဘော ဘူမိဇ ဧကော သမဏဗြာဟ္မဏော ဧဝံ ဝါဒိနော-အစရှိသည်ဖြင့်—

အို အရှင်ဘုရား ဘူမိဇ....ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားတို့သည် ဤသို့ပြောဆိုကြ ဤသို့ အယူရှိကြပါသည်၊ အာသာရှိ၍ပင်ဖြစ်စေ အာသာမရှိမူ၍ပင် ဖြစ်စေ အာသာရှိရှိ မရှိရှိ, အာသာရှိသည်လည်း မဟုတ် မရှိသည် မဟုတ်၍ဖြစ်စေ မြတ်သောအကျင့်ကို ကျင့်သုံးစေကာမူ အကျိုးကို ရဘို့ရန် မထိုက်ဟူ၍ ပြောကြားကြ အယူရှိကြပါကုန်သည်။ ဤအရာဝယ် အရှင်ဘုရား၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် အဘယ်ကဲ့သို့ ဟောကြား၍ အဘယ်ကဲ့သို့ ဖြေကြားလေ့ရှိပါသနည်းဟု လျှောက်ထားပါသည်။

ထိုအခါ အရှင်ဘူမိဇမထေရ်သူမြတ်က နဒေါ မေ တံ ရာဇကုမာရ ဘဂဝတော သမ္မုခါ သုတံ၊ သမ္မုခါ ပဋိဂ္ဂဟိတံ-အစရှိသည်ဖြင့်—

ဇယသေနမင်းသား ....ဤယခု သင်လျှောက်ထားသော စကားရပ်ကို ငါသည် သဗ္ဗညုမြတ်စွာဘုရား၏ မျက်မှောက်တော်မှ ကြားလည်းမကြားဘူးပါ၊ သင်လည်း မသင်ယူဘူးပါ။ သို့စေကာမူ အာသာရှိသည်ကိုပြု၍ မသင့်သော အကြောင်းဖြင့် မြတ်သောအကျင့်ကို ကျင့်သုံးပါမူ အကျိုးကိုရခြင်းငှါ မထိုက်တန်ပါ၊ အာသာမရှိမူ၍ဖြစ်စေ အာသာ ရှိ မရှိ နှစ်ပါးစုံ ရော၍ ဖြစ်စေ အာသာရှိသည်မဟုတ် မရှိသည်မဟုတ် နှစ်ပါးစုံဖြင့်ဖြစ်စေ မသင့်သော အယောနိသော အကြောင်းဖြင့် ဗြဟ္မစရိယကို ကျင့်သုံးကြပါမူကား အကျိုးဖိုလ်ကို ရဘို့ရန် မထိုက်တန်ပါကုန်။

အာသာရှိသည်ဖြစ်၍ ဟုတ်မှန်သော ယောနိသော အကြောင်းဖြင့် မြတ်သောအကျင့်ကို ကျင့်သုံးကြပါကုန်မူကား အကျိုးဖိုလ်ကို ရခြင်းငှါ ထိုက်လှပါကုန်သည်၊ အာသာမရှိမူ၍ ဖြစ်စေ အာသာ ရှိ မရှိ နှစ်ပါးရော၍ ဖြစ်စေ အာသာ မရှိမဟုတ် ရှိမဟုတ်အားဖြင့်ဖြစ်စေ ဟုတ်မှန်သော ယောနိသော အကြောင်းဖြင့် မြတ်သောအကျင့်ကို ကျင့်ကြံကြပါကုန်မူ အကျိုးဖိုလ်ကို ရခြင်းငှါ ထိုက်တန်ကြပါကုန်သည် ဟု ဤသို့ဟောဘို့ရန် အကြောင်းသာ ထင်ရှားရှိပေသည်။

အိုဇယသေနမင်းသား....ငါသည်သဗ္ဗညု မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ဤစကားကို မကြားရသော်လည်း ယခုငါပြောဆိုခဲ့သည့်အတိုင်း သဗ္ဗညုမြတ်စွာဘုရား ဟောဆိုဘို့ရန် အကြောင်းရှိပေသည် ဟု မိန့်ကြားတော်မူပါသည်။

ထိုအခါ ဇယသေနမင်းသားက သစေ ခေါ ဘော တော ဘုမိဇသ သတ္ထာ ဧဝံဝါဒီ ဧဝမက္ခာယီ-အစရှိသည်ဖြင့်—

အကယ်၍ အရှင်ဘုမိဇ၏ ဆရာဘုရားသည်၊ ယခုအရှင်ဘုရားပြောကြားသည့်အတိုင်းဟောကြားတော်မူလေ့ရှိပါမူ **စင်စစ်ပင်လျှင်အရှင်ဘုရား၏ဆရာဘုရားသည် ဤလောကဝယ် ထင်ရှားရှိသမျှသော သမဏဗြာဟ္မဏအမည်ခံ ရဟန်းပုဏ္ဏားတကာတို့၏ ဦးထိပ်ကိုင်၍ တည်သကဲ့သို့ တည်တော်မူပါလိမ့်မည်** ဟု လျှောက်ထားပြီးလျှင် မိမိအဘို့ရန်ဆောင်ယူအပ်သော ဆွမ်းအုပ်ဖြင့် အရှင်ဘုမိဇ မထေရ်သူမြတ်အား ပြုစုလုပ်ကျွေးခဲ့ပါသည်။

ဤသို့လျှင် ဇယသေနမင်းအား လျှောက်ထားသော အကြောင်း အဋ္ဌုပ္ပတ်ကြောင့် ဤဘူမိဇသုတ္တန်ဒေသနာတော်မြတ်ကို ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တထာ ဘဂဝတာ အာယသ္မတော ဘူမိဇတ္ထေရဿ တံ ဗျာကရဏံ သမနုဇာနိတ္ဝာ တတုတ္တရိ ဓမ္မဒေသနာနယော ပရိပူရေတ္ဝာ ပကာသိတော။

ဝိဿဇ္ဇနာ။ ။တဋ္ဌ တံ ဘူမိဇ ဧဝံ ပုဋ္ဌော ဧဝံ ဗျာကရမာနော ဝုတ္တဝါဒိ စေဝ မေ ဟောသိ၊ နု စ မံ အဘူတေန အဗ္ဘာစိက္ခိသိ၊ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ အာယသ္မတော ဘူမိဇဿ တံ ဝစနံ သမနုဇာနိတ္ဝာ "ယေဟိ ကေဟိစိ ဘူမိဇ သမဏာ ဝါ ဗြာဟ္မဏာ ဝါ မိစ္ဆာဒိဋ္ဌိနော မိစ္ဆာသင်္ကပ္ပါ မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တာ မိစ္ဆာအာဇီဝါ မိစ္ဆာဝါယာမာ မိစ္ဆာသတီ မိစ္ဆာသမာဓိနော၊ တေ အာသန္နေပိ ကရိတ္ဝာ ဗြဟ္မစရိယံ စရန္တိ၊ အဘဗ္ဗာ ဖလဿ အဓိဂမာယာ"တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ အာယသ္မတော ဘူမိဇဿ ဥတ္တရိ ဒေသနာနယော ပရိပူရေတ္ဝာ ပကာသိတော။

အမေး။ ။ထိုဘူမိဇသုတ္တန်တရားဒေသနာ၌ သဗ္ဗညုမြတ်စွာဘုရား သခင်သည် ဇယသေနမင်းသားအား အရှင်ဘူမိဇမထေရ်က တောင့်တချက် မြော်လင့်ချက် အာသာရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ နည်းလမ်းမမှန်ဘဲ အား ထုတ်ကျင့်ကြံလျှင် အကျိုးကို မရနိုင်ကြောင်း၊ နည်းလမ်းမှန်ကန်စွာ ကျင့်ကြံလျှင် အကျိုးကို ရနိုင်ကြောင်း အကျဉ်းချုံး၍ ဖြေကြားခဲ့သော စကားကို မြတ်စွာဘုရားက ခွင့်ပြုတော်မူပြီးလျှင် ထို့ထက်အလွန် တရားဟောရန် နည်း ဥပဒေသကို မြတ်စွာဘုရားသခင်သည် အဘယ်ပုံ အဘယ်နည်းဖြင့် ဖြည့်စွက်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤသို့ အရှင်ဘူမိဇမထေရ်သူမြတ်သည် ဇယသေနမင်းသား အား အာသာရှိ၍ဖြစ်စေ အာသာမရှိမူ၍ ဖြစ်စေ ရံခါအာသာရှိ ရံခါအာသာ မရှိမူ၍ ဖြစ်စေ အာသာရှိသည်လည်း မဟုတ် မရှိသည်မဟုတ်၍လည်း ဖြစ်စေ

အယောနိသော မသင့်သောနည်းလမ်းဖြင့် မြတ်သောအကျင့်ကို ကျင့်သုံးပါမူ အကျိုးဖိုလ်ကို မရနိုင်ပါ။ ယောနိသော နည်းလမ်းမှန်ကန်ဖြင့် မြတ်သော အကျင့်ကို ကျင့်သုံးပါမူ အကျိုးဖိုလ်တရားကို ရနိုင်ပါသည် ဟု ဇယသေန မင်းအား မိန့်ကြားတော်မူပြီးလျှင် ကျောင်းတော်သို့ရောက်၍ သဗ္ဗညုမြတ်စွာဘုရားထံမှောက်သို့ သွားရောက်တော်မူပြီးလျှင် အကြင်မျှလောက် မိမိနှင့် ဇယသေနမင်းသားတို့ စကားနှိုးနှော ပြောဆိုမှုဖြစ်ပါသည်။ ထိုမျှလောက်သော ပြောပုံ ဆိုပုံ ဖြေကြားပုံ အလုံးစုံတို့ကို သဗ္ဗညုမြတ်စွာဘုရားအား လျှောက်ထားပြီးလျှင်—

ကစ္စာဟံ ဘန္တေ ဧဝံ ပုဋ္ဌော ဧဝံ ဗျာကရမာနော ဝုတ္တဝါဒီ စေဝ ဘဂဝတော ဟောမိ-အစရှိသည်ဖြင့် ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... တပည့်တော်သည် ဤသို့ မေးအပ်သည်ဖြစ်၍ ဤသို့ဖြေကြားခဲ့ပါသည်။ သို့ဖြေကြားသော တပည့်တော်သည် ရှင်တော်ဘုရား ဟောကြားအပ်သော စကားကိုပင်လျှင် တသွေမတိမ်း လိုက်နာ၍ ဟောကြားအပ်သည် မည်ပါသလားဘုရား ဟူ၍ လျှောက်ထားသောအခါ သဗ္ဗညုမြတ်စွာဘုရားသည်—

တဋ္ဌ တုံ ဘူမိဇ ဧဝံ ပုဋ္ဌော ဧဝံ ဗျာကရမာနော ဝုတ္တဝါဒီ စေဝ မေ ဟောသိ-အစရှိသည်ဖြင့် ချစ်သား ဘူမိဇ....သင်ချစ်သားသည် ဤသို့ မေး၍ ဤသို့ဖြေအပ်သည်ရှိသော် ငါဘုရားဟောအပ်သော စကားကိုပင်လျှင် ထပ်မျှမသွေ တဖန်နောက်လိုက်၍ ဟောအပ်သည် မည်ပါပေသည် အစရှိသည်ဖြင့် အရှင်ဘူမိဇ၏ စကားကို ခွင့်ပြုတော်မူပြီးလျှင် ယေဟိ ကေစိ ဘူမိဇ သမဏာဝါ ဗြာဟ္မဏာ ဝါ မိစ္ဆာဒိဋ္ဌိနော မိစ္ဆာသင်္ကပ္ပါ မိစ္ဆာဝါစာ-အစရှိသည်ဖြင့်—

ချစ်သား ဘူမိဇ....ဤလောက၌ မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပ မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တ မိစ္ဆာအာဇီဝ မိစ္ဆာဝါယာမ မိစ္ဆာသတိ မိစ္ဆာသမာဓိ တည်းဟူသော မိစ္ဆာမဂ္ဂင်တို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် အာသာရှိ၍ဘဲဖြစ်စေ အာသာမရှိမူ၍ပင်ဖြစ်စေ ရံခါအာသာရှိ ရံခါအာသာမရှိမူ၍ပင်ဖြစ်စေ အာသာရှိသည်မဟုတ် မရှိသည်မဟုတ်မူ၍ပင် ဖြစ်စေ မြတ်သောအကျင့် ဗြဟ္မစရိယကို ကျင့်သုံးစေကာမူ အကျိုးဖိုလ်ကို ရခြင်းငှါ မထိုက်တန်ပေ။ အ

ကြောင်းသော်ကား ဤသို့ မိစ္ဆာမဂ္ဂင်ကို ရှေသွားပြု၍ ဗြဟ္မစရိယအမည်ခံ အကျင့်ကို ကျင့်ကြံခြင်းသည် အကျိုးဖိုလ်ကို ရဘို့ရန် အကြောင်းမဟုတ်နိုင်။

ချစ်သား ဘူမိဇ....လောက ဥပမာအားဖြင့် ဆီကို အလိုရှိသော ယောကျ်ားတယောက်သည် များစွာသော သဲမှုန့်တို့ကို ဆုံအတွင်းဝယ် ထည့်သွင်း၍ ရေနွေးဖြင့် ဆွတ်ကာ ဖျန်းကာ ကြိတ်လေရာသည်၊ သို့ပင် ကြိတ်စေကာမူ အာသာရှိ၍ ကြိတ်သည်ဖြစ်စေ အာသာမရှိ၍ကြိတ်သည်ဖြစ်စေ အာသာရှိ မရှိ ရုံခါအာသာရှိ ရုံခါအာသာမရှိမူ၍ သဲကိုကြိတ်သည်ဖြစ်စေ အာသာရှိသည်လည်းမဟုတ် မရှိသည်လည်း မဟုတ်ဘဲ သဲကိုကြိတ်သည်ဖြစ်စေ မည်သည့်နည်းလမ်းမျှဖြင့်ဆီကို မရနိုင်။ အကြောင်းသော်ကား သဲကို ကြိတ်ခြင်းသည် ဆီကိုရခြင်း၏အကြောင်းရင်းမဟုတ် ဤလည်းအတူငင်း။

ချစ်သား ဘူမိဇ....ဥပမာ တနည်းသော်ကား ဤလောက၌ နွားနို့ကို အလိုရှိသော ယောကျ်ားတယောက်သည် သားငယ်ရှိသော နွားမ၏ ဦးချိုကို အာသာရှိ၍ ဖြစ်စေ၊ အာသာမရှိမူ၍ပင် ဖြစ်စေ ရုံခါအာသာရှိ ရုံခါအာသာ မရှိမူ၍ ပင်ဖြစ်စေ အာသာရှိသည်လည်းမဟုတ် မရှိသည်လည်း မဟုတ်ပင် ဖြစ်စေ မည်မျှ ညှစ်စေကာမူ နွားနို့ရဘို့ရန် အကြောင်းမရှိနိုင်သကဲ့သို့ငင်း။

ချစ်သား ဘူမိဇ....ဥပမာ တနည်းသော်ကား ဤလောက၌ ဆီဥကို အလိုရှိသော ယောကျ်ားသည် ဆီဥကိုရကြောင်းမဟုတ်သည့်ရေကို ဇလုံအင်ဒုံ စသည်၌ ထည့်သွင်း၍ မွှေတံဖြင့် မည်မျှပင် မွှေသော်လည်း အာသာရှိ၍ မွှေသည်ဖြစ်စေ အာသာမရှိ၍ မွှေသည်ဖြစ်စေ အာသာရှိ မရှိအားဖြင့် မွှေသည်ဖြစ်စေ၊ အာသာရှိသည်မဟုတ် မရှိသည်မဟုတ်မူ၍ မွှေသည်ဖြစ်စေ မည်သည့်နည်းနှင့်မျှ ဆီဥကို မရနိုင်ဘိသကဲ့သို့ငင်း။

ချစ်သား ဘူမိဇ....ဥပမာတနည်းသော်ကား ဤလောက၌ မီးကို အလိုရှိသော ယောကျ်ားသည် မီးရှာရန်အလို့ငှါ အလွန်တရာ စိုစွတ်လှသော အစေး မကုန်ခမ်းသေးသော ထင်းတုံး ထင်းစိုကို မီးပွတ်ခုံ ပွတ်ကျေဖြင့် အာသာရှိ၍ ဖွတ်သည်ဖြစ်စေ အာသာမရှိမူ၍ပင် ပွတ်သည်ဖြစ်စေ ရုံခါအာသာရှိ မရှိအနေဖြင့် ပွတ်သည်ဖြစ်စေ အာသာရှိသည်မဟုတ် မရှိသည်မဟုတ် ပွတ်သည်ဖြစ်စေ မည်သည့်နည်းနှင့်မျှ မီးကို ရခြင်းငှါ မထိုက်သကဲ့သို့ငင်း။

ထို့အတူလျှင် မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပ မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တ မိစ္ဆာ-အာဇီဝ မိစ္ဆာဝါယာမ မိစ္ဆာသတိ မိစ္ဆာသမာဓိ တည်းဟူသော မိစ္ဆာမဂ္ဂင် ရှစ်ပါးနှင့် ပြည့်စုံကြသော သမဏဗြာဟ္မဏတို့သည် အာသာရှိ၍ဖြစ်စေ အာသာမရှိမူ၍ ဖြစ်စေ အာသာ ရှိမရှိ နှစ်ပါးစုံရောရ၍ဖြစ်စေ အာသာ ရှိသည်လည်း မဟုတ် မရှိသည်လည်း မဟုတ်မူ၍ ဖြစ်စေ ဗြဟ္မစရိယ အမည်ခံ သူတို့၏ အကျင့်ကို ကျင့်ကြံစေကာမူ နည်းလမ်းမဟုတ်သည့်အတွက် အကျိုး ဖိုလ်ကို ရခြင်းငှါ မထိုက်တန်။

ချစ်သား ဘူမိဇ....မှန်ကန်သော သုက္ကပက္ခဒေသနာကို ဖော်ပြရမူ ဤသာသနာတော်၌ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ အစရှိသော မဇ္ဈိမပဋိပဒါအကျင့် ဖြစ်သော မဂ္ဂင်ရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းပုဏ္ဏားတို့သည် အာသာရှိ၍ ဖြစ်စေ အာသာမရှိမူ၍ဖြစ်စေ အာသာ ရှိ မရှိ နှစ်ပါးရောရ၍ ဖြစ်စေ အာသာ မရှိသည်လည်း မဟုတ် ရှိသည်လည်း မဟုတ်မူ၍ ဖြစ်စေ မြတ်သောအကျင့်ကို ကျင့်သုံးပါမူ ယောနိသော နည်းလမ်း အင္ဂဏိကမဂ္ဂပဋိပဒါ မှန်ကန်သဖြင့် အကျိုးဖိုလ်ကို ရခြင်းငှါ ထိုက်တန်ပေသည်။

ချစ်သား ဘူမိဇ....လောကဥပမာအားဖြင့် ဆီကိုအလိုရှိသောယောကျ်ား သည် နှမ်းမှုန့်တို့ကို ဆုံ၌ ထည့်၍ ရေနွေးဖြင့် ဆုတ်ကာ ဖျန်းကာ အကြိမ်ကြိမ် အဖန်ဖန် ကြိတ်အပ်သည်ရှိသော် အာသာရှိ၍ ကြိတ်သည်ဖြစ်စေ အာသာ မရှိမူ၍ ကြိတ်သည်ဖြစ်စေ အာသာရှိ မရှိ နှစ်ပါးရောရ၍ ကြိတ်သည်ဖြစ်စေ အာသာရှိသည်လည်း မဟုတ် မရှိသည်မဟုတ်မူ၍ပင် ဖြစ်စေ နည်းလမ်းမှန် ကန်သဖြင့် နှမ်းမှုန့်ကို ကြိတ်သောယောကျ်ားသည် ဆီကိုရနိုင်သကဲ့သို့ပင်း။

ဥပမာ တနည်းသော်ကား ချစ်သား ဘူမိဇ....ဤလောက၌ နွားနို့ကို အလိုရှိသော အမျိုးကောင်းသား ယောကျ်ားသည် နွားငယ် သားငယ်ရှိသော နွားမ အမိ၏ နို့တိုင်မှ အာသာရှိ၍ဖြစ်စေ အာသာမရှိမူ၍ ဖြစ်စေ အာသာ ရှိ မရှိ နှစ်ပါးရောရ၍ဖြစ်စေ အာသာရှိသည်မဟုတ် မရှိသည်မဟုတ်မူ၍ဖြစ်စေ နွားနို့ကို အကြိမ်ကြိမ် အဖန်ဖန် ညှစ်သည်ရှိသော် နွားနို့ကို ရခြင်းငှါ ထိုက်သကဲ့သို့ပင်း။

ဥပမာ တနည်းသော်ကား ချစ်သား ဘူမိဇ.... ဤလောက၌ ဆီဥကို အလိုရှိသော အမျိုးကောင်းသား ယောကျ်ားသည် ဆီဥကို ရရာရကြောင်း

ဖြစ်သော ဒိန်ခဲကို အိုးခွက် ဇလုံ အင်ဒုံ စသည်တို့၌ ထည့်သွင်းပြီးလျှင် မွှေတံဖြင့် အကြိမ်ကြိမ် အဖန်ဖန် မွှေအပ်သည်ရှိသော် အာသာရှိ၍ဘဲမွှေမွှေ အာသာမရှိမူ၍ဘဲမွှေမွှေ ရံခါအာသာရှိ မရှိအားဖြင့် မွှေမွှေ အာသာရှိသည် မဟုတ် မရှိသည်မဟုတ်မူ၍တည်းဘဲ မွှေမွှေ နည်းမှန် လမ်းကျ မွှေအပ်သည် ဖြစ်ရကား ဆီဥကို ရသကဲ့သို့ဂုဏ်း။

ဥပမာ တနည်းသော်ကား ချစ်သား ဘူမိဇ.... မီးကို အလိုရှိသော အမျိုးကောင်းသား ယောကျ်ားသည် ခြောက်သွေ့သော ထင်း အစေးအညှော် ကုန်ပြီးသော ထင်းခြောက်ကို မီးပွတ်ခုံ ပွတ်ကျော်ဖြင့် မွှေအပ်သည်ရှိသော် အာသာရှိ၍ ဖြစ်စေ အာသာမရှိမူ၍ဖြစ်စေ ရံခါ အာသာရှိ မရှိမူ၍ဖြစ်စေ အာသာရှိသည်မဟုတ် မရှိသည်မဟုတ်မူ၍ဖြစ်စေ အဖန်ဖန် အထပ်ထပ် မီးပွတ်ခုံ ပွတ်ကျော်ဖြင့် မွှေအပ်သည်ရှိသော် မီးကို ရသကဲ့သို့ဂုဏ်း။

ထို့အတူလျှင် ဤသာသနာတော်၌ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ အစရှိသော အဋ္ဌင်္ဂိကအရိယမဂ္ဂင်နှင့် ပြည့်စုံကြသော ပုဂ္ဂိုလ်တို့သည် အာသာရှိ၍ပင် ဖြစ်စေ အာသာမရှိ၍ပင် ဖြစ်စေ ရံခါ အာသာရှိ ရံခါအာသာမရှိမူ၍ပင် ဖြစ်စေ အာသာရှိသည်လည်း မဟုတ် မရှိသည်မဟုတ်မူလည်း ဖြစ်စေ မြတ်သော အကျင့်ကို ကျင့်သုံးပါမူကား အကျိုးဖြစ်သော ဖိုလ်လေးပါးတရားတို့ကို ရနိုင်ပေသည်။

ချစ်သား ဘူမိဇ....ချစ်သား၏ ဥာဏ်ဝယ် ဤလေးတန်သော ဥပမာတို့သည် ဇယသေနမင်းသားအား အထင်အရှား ထင်လင်းစွာဟောကြားခဲ့ပါမူ ဇယသေနမင်းသားသည် သင်ချစ်သား၏ စကားကို အကြွင်းမဲ့ လက်ခံ ကြည်ညိုလေရာ၏၊ ကြည်ညိုသည့်အတိုင်း ကြည်ညိုသော အခြင်းအရာကိုပြုရာ၏ဟု သဗ္ဗညုမြတ်စွာဘုရားသည် အရှင်ဘူမိဇမထေရ်သူမြတ်အား အထက်၌လည်း ဓမ္မဒေသနာ ဟောပုံ နည်းလမ်းကို ဤသို့ ထည့်စွက်၍ ပြတော်မူခဲ့ပါသည် အရှင်ဘုရား။

ဘူမိဇသုတ် ပြီး၏

အနုရုဒ္ဓသုတ်

ပုစ္ဆာ။ ။အနုရုဒ္ဓသုတ္တံ ပနာဝုသော ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ပဉ္စကဉ်ံ ထပတိံ အာရဗ္ဘ အာယသ္မတာ အနုရုဒ္ဓတ္ထေရေန ဘာသိတံ၊ ပဉ္စကဉ်ေါ ဘန္တေ ထပတိ အာယသ္မန္တံ အနုရုဒ္ဓံ တေဒဝေါစ "ဣမ မံ ဘန္တေ ထေရာ ဘိက္ခူ။ ဥပသက်ံမိတ္ဝာ ဧဝမာဟံသု 'အပ္ပမာဏံ ဂဟပတိ စေတောဝိမုတ္တိံ ဘာဝေဟီ'တိ၊ ကေစ္စေ ထေရာ ဧဝမာဟံသု 'မဟဂ္ဂတံ ဂဟပတိ စေတောဝိမုတ္တိံ ဘာဝေဟီ'တိ၊ ယာ စာယံ ဘန္တေ အပ္ပမာဏာ စေတောဝိမုတ္တိ ယာ စ မဟဂ္ဂတာ စေတောဝိမုတ္တိ၊ ဣမေ ဓမ္မာ နာနတ္ထာ စေဝ နာနာဗျဉ္ဇနာ စ၊ ဥဒါဟု ကေတ္ထာ ဗျဉ္ဇနမေဝ နာနန္တိ" တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။အနုရုဒ္ဓမည်သော သူတော်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် ပဉ္စကင်္ဃလက်သမားကို အကြောင်းပြု၍ အရှင်အနုရုဒ္ဓါမထေရ်မြတ် ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသာဝတ္ထိပြည်မှန်ဇေတဝန်ကျောင်း၌ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ ပဉ္စကင်္ဃအမည်ရှိသော လက်သမားကြီးသည် ယောကျ်ားတယောက်ကို ရှင်အနုရုဒ္ဓါထံသို့ စေလွှတ်၍ နောက်တနေ့ (နက်ဖန်ခါ)ရှင်အနုရုဒ္ဓါအမှူးရှိသော ရဟန်းတော်လေးပါး မိမိအိမ်သို့ ဆွမ်းစားကြွရန်နှင့် မိမိမှာ မင်းမှုကိစ္စ များလှသူဖြစ်ပါ၍ ရှင်အနုရုဒ္ဓါသည် စောစီးစွာ ကြွလာရန် ပင့်ဖိတ်၍ နောက်တနေ့ ရှင်အနုရုဒ္ဓါ ကြွရောက်တော်မူလာသည်ကို ဆွမ်းပြုစုပြီးလျှင် တင့်အပ်လျောက်ပတ်သောအရပ်၌နေ၍ ရှင်အနုရုဒ္ဓါမထေရ်မြတ်ကို ဣမ မံ ဘန္တေ ထေရာ ဘိက္ခူ။ ဧဝမာဟံသု-အစရှိသည်ဖြင့်—

အို အရှင်အနုရုဒ္ဓါဘုရား....တပည့်တော်ထံသို့ ကြွရောက်၍ အခွါမထေရ်တို့က အပ္ပမာဏစေတောဝိမုတ္တိ[1] တရားကို ပွါးများရမည် ဒါယကာ ဟု မိန့်ကြားတော်မူကြပါသည်၊ အခွါမထေရ်တို့ကမူ မဟဂ္ဂတစေတောဝိမုတ္တိ[2] တရားကို ပွါးများရမည် ဒါယကာ ဟု မိန့်ကြားတော်မူကြပါသည်။ အရှင်ဘုရား.... အပ္ပမာဏစေတောဝိမုတ္တိ မဟဂ္ဂတစေတောဝိမုတ္တိတရား ဤနှစ်ပါးတို့သည် အနက်သဒ္ဒါ နှစ်ဖြာလုံးပင် ကဲ့ပြားကြပါကုန်သလော။ သို့မဟုတ် သဒ္ဒါသာ ကဲ့ပြား၍ အနက်အားဖြင့် တူကုန်၏ ဟု မှတ်ရပါအံ့လော ဟူ၍ လျှောက်ထားမေးမြန်းခဲ့ပါသည်။

ထိုသို့ ပဥ္စကဂ်လက်သမားဆရာ မေးမြန်းလျှောက်ထားသော အဋ္ဌုပ္ပတ်ကြောင့် ဤအနုရုဒ္ဓသုတ္တန်ဒေသနာတော်မြတ်ကို အရှင်အနုရုဒ္ဓါမထေရ်မြတ်ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အနုရုဒ္ဓသုတ် ပြီး၏

ဥပက္ကိလေသသုတ်

ပုစ္ဆာ။ ။ဥပက္ကိလေသသုတ္တံ ပနာဝုဿော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ပါစီနဝံသဒါယေ ဘဒ္ဒေ အာယသ္မန္တံ အနုရုဒ္ဓတ္ထေရံ အာရဗ္ဘ ဘာသိတံ။

အမေး။ ။ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရရန် အားထုတ်သော ပုဂ္ဂိုလ်အား တွေ့ကြုံရတတ်သော ဥပက္ကိလေသအန္တရာယ် (၁၁)ပါးတို့ကို ဖော်ပြရာ ဖြစ်သောကြောင့် ဥပက္ကိလေသမည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

၁။ ဗြဟ္မဝိဟာရစျာန်ကို အပ္ပမာဏစေတောဝိမုတ္တိ ခေါ်၏။
၂။ ကသိဏ်းဝန်းကို အာရုံပြုသော ကသိဏစျာန်ကို မဟဂ္ဂတစေတောဝိမုတ္တိ ခေါ်၏။

အဖြေ။ ။ပါစိနဝံသတောအုပ်၌ အနုရုဒ္ဓါမထေရ်မြတ်ကို အကြောင်းပြု၍ ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရရန် အားထုတ်သော ပုဂ္ဂိုလ်အား တွေ့ကြုံရတတ်သော (၁) ဝိစိကိစ္ဆာ (၂) အမနသိကာရ (၃) ထိနမိဒ္ဓ (၄) ဆမ္ဘိတတ္တ (၅) ဥပ္ပိလ (၆) ဒုဋ္ဌုလ္လ (၇) အစ္ဆာရဇ္ဇဝိရိယ (၈) အတိလီနဝိရိယ (၉) အဘိဇပ္ပါ (၁၀) နာနာတ္တသညာ (၁၁) အတိနိဗ္ဗာယိတတ္တ-တည်းဟူသော ညစ်ညူးကြောင်း အန္တရာယ် (၁၁) ပါးတို့ကို ဖော်ပြရာ၌ဥပက္ကိလေသသုတ္တန်ဒေသနာတော်မြတ်ကို သဇ္ဈညူမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဥပက္ကိလေသသုတ် ပြီး၏

ဗာလပဏ္ဍိတသုတ်

ပုစ္ဆာ။ ။ဗာလပဏ္ဍိတသုတ်ံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ။

အမေး။ ။အကျိုးအပြစ်နှင့်တကွ ဗာလ ပဏ္ဍိတ မည်သော လူမိုက်လူလိမ်မာတို့၏ အကြောင်းအရာကို ဖော်ပြရာဖြစ်သောကြောင့် ဗာလပဏ္ဍိတ မည်သော သုတ္တန်တရားဒေသနာတော်ကို သဇ္ဈညူမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ များစွာသော ရဟန်းတို့ကိုအကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ ဗာလဿ ဗာလလက္ခဏာနိ စ
ဗာလဿ ဒိဋ္ဌေဝ ဓမ္မေ ဒုက္ခဒေါမနဿပဋိသံဝေဒနာ စ
ပကာသိတာ။

ဝိဿဇ္ဇနာ။ ။တီဏိမာနိ ဘိက္ခဝေ ဗာလဿ ဗာလလက္ခဏာနိ ဗာလနိမိတ္တာနိ
ဗာလာပဒါနာနိ။ ကတမာနိ တီဏိ။ ဣဓ ဘိက္ခဝေ ဗာလော

ဒုစ္စိန္တိတစိန္တီ စ ဟောတိ ဒုဘ္ဘာသိတဘာသီ စ ဒုက္ကဋကမ္မ-ကာရီ စာတိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ ဗာလဿ ဗာလလက္ခဏာနိ စ ဗာလဿ ဒိဋ္ဌေဝ ဓမ္မေ ဒုက္ခဒေါမနဿပဋိ-သံဝေဒနာ စ ပကာသိတာ။

အမေး။ ။ထိုဗာလပဏ္ဍိတမည်သော သုတ္တန်ဒေသနာတော်၌ သဗ္ဗညူ မြတ်စွာဘုရားသခင်သည် ဗာလမည်သော မလိမ်မာသော သူ့ လူမိုက်၏ လက္ခဏာတို့ကိုရင်း ဗာလမည်သော လူမိုက်၏ မျက်မှောက်ပစ္စုပ္ပန်ဘဝ၌ပင် လျှင် တွေ့ကြုံခံစားရသော ဒုက္ခ ဒေါမနဿ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ကို တွေ့ကြုံခံစားရပုံကိုရင်း အဘယ်ပုံ အဘယ်နည်းဖြင့် ဟောပြတော်မူခဲ့ပါ သနည်းဘုရှင်။

အဖြေ။ ။ထိုဗာလပဏ္ဍိတမည်သော သုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညူမြတ်စွာဘုရားသည် တီဏိမာနိ ဘိက္ခဝေ ဗာလဿ ဗာလလက္ခဏာနိ ဗာလနိမိတ္တာနိ ဗာလာပဒါနာနိ-အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....မလိမ်မာသော လူမိုက်၏ လူမိုက်ဟူ၍ မှတ်ယူ ကြောင်း လက္ခဏာ, လူမိုက်ဟူ၍ သိမှတ်ကြောင်း နိမိတ်, လူမိုက်တို့၏ အကျင့် အပဒါန် ဤတရားတို့ကား သုံးမျိုးတို့ ဖြစ်သည်။ သုံးမျိုးတို့ ဟူသည်မှာ ဤလောက၌ မလိမ္မာသော သူမိုက်သည်—

(က) မိမိ သူတပါး ဆင်းရဲဘို့ရန် မိမိ သူတပါး ပင်ပန်းဘို့ရန် ကြံစည်ခြင်း တည်းဟူသော မကောင်းသော အကြံအစည်ကိုသာ ကြံစည်လေ့ရှိသည်။

(ခ) မိမိ သူတပါး ဆင်းရဲဘို့ရန် မိမိ သူတပါး ပင်ပန်းဘို့ရန် မကောင်းသော ဝစီဒုစရိုက် စကားကိုသာလျှင် ပြောကြားလေ့ရှိသည်။

(ဂ) မကောင်းသော ကာယဒုစရိုက်အမှုကိုသာ ပြုကျင့်လေ့ရှိသည်။

ဤသို့ မကောင်းသော မနောကံ မကောင်းသော ဝစီကံ မကောင်းသော ကာယကံတို့ကို ပြုခြင်း ပြောခြင်း ကြံခြင်းသည်ပင်လျှင် ဗာလ ဟူ၍ သိ ကြောင်း လက္ခဏာ, ဗာလဟူ၍ မှတ်နိုင်ကြောင်းနိမိတ်, ဗာလတို့၏အကျင့် အပဒါန်ပင် ဖြစ်တော့သည်၊ ဤလက္ခဏာသုံးပါး အကယ်၍ မရှိပါမူ ပညာရှိ ပုဂ္ဂိုလ်တို့သည် ဤသူကား ဗာလ လူမိုက်ဟူ၍ အဘယ်သို့သော အကြောင်း

ဖြင့် သိနိုင်ကုန်အံ့နည်း၊ သူမိုက်တို့သန္တာန်ဝယ် ဤသုံးတန်သော ဗာလလက္ခဏာ ထင်ရှားမြဲသောကြောင့်ပင်လျှင် ပညာရှိ ပုဂ္ဂိုလ်တို့သည် ဤလက္ခဏာသုံးပါးကို ထောက်ထား၍ ဤသူကား လူမိုက်တည်းဟု သိကြရပေသည်ဟု ဗာလတို့၏ လက္ခဏာသုံးပါးကို ထင်ရှားစွာပြတော်မူပြီးလျှင် —

သ ခေါ သော ဘိက္ခဝေ ဗာလော တိဝိဓံ ဒိဋ္ဌေဝ ဓမ္မေ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ-အစရှိသည်ဖြင့် —

ချစ်သားတို့....ထိုဆိုအပ်ပြီးသော လူမိုက်တို့၏ လက္ခဏာနှင့်ပြည့်စုံသော မလိမ်မာသော လူမိုက်သည် ခုဝတ္တမာန် ပစ္စုပ္ပန်ဘဝ၌ပင်လျှင် သုံးပါးသော ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ကို ခံစားရတော့သည်၊ ထိုသုံးပါးသောကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ဟူသည်မှာ —

(၁) ဤလောက၌ ဗာလသည် မလိမ်မာသော သူမိုက်သည် ပါဏာတိပါတ အစရှိသော ဒုစရိုက်ကို ပြု၍ထားပေသည်။ ထိုမလိမ်မာသော သူမိုက်သည် ပဲ့လမ်းသဘင်ပရိသတ်အလယ်၌ ဖြစ်စေ လမ်းခရီးအလယ်၌ဖြစ်စေ တည်နေလေ့ရှိသည်။

ထိုအခါ ထိုဌာန၌ရှိသော လူစု လူဝေးတို့သည် ပါဏာတိပါတအစရှိသော ဒုစရိုက် မကောင်းမှုတို့၏ အပြစ်စကားကို ပြောကြားကြသည်။ ထိုသို့ လူအပေါင်းတို့ ဒုစရိုက်၏အပြစ်စကား ပြောကြားတိုင်ပင်သောအခါ မလိမ်မာသောသူမိုက်၏ စိတ်သန္တာန်ဝယ် ဤသို့ အကြံဖြစ်သည်။

ဤယခု လူထုပြောဆို၍နေသော အပြစ်တင်ပြ၍နေသော ပါဏာတိပါတ အစရှိသော ဒုစရိုက်တို့သည် ငါ့သန္တာန်၌ ထင်ရှားရှိကုန်သည်၊ ငါသည်ကား ဤဒုစရိုက်တို့၌သာလျှင် အမြဲမွေ့လျော်သူ ဖြစ်ပေသည် ဟူ၍ မိမိ၏ ဒုစရိုက်မှုတို့ကို တွေးကာ တွေးကာ တွေးတိုင်း တွေးတိုင်း ဆင်ခြင်တိုင်း ဆင်ခြင်တိုင်း လူထုဗိုလ်ပုံတို့၏အလယ်ငယ် ကိုယ်၏ဆင်းရဲမှု စိတ်၏ဆင်းရဲမှုကို ခံစားရပါသည်။ဤကားမျက်မှောက်ဘဝ၌ ဒုက္ခဒေါမနဿကို ရှေးဦးစွာခံစားရခြင်း ဖြစ်သည်။

(၂) ချစ်သား ရဟန်းတို့....ထိုမှတပါး မလိမ်မာသောလူမိုက် ဒုစရိုက်သမားသည် ဤလောက၌ ထိုထိုမင်းတို့သည် မကောင်းမှု ရာဇဝတ်မှုကို ပြုကျင့်

လေ့ရှိသော ခိုးသားကို ဖမ်းယူ၍ နှင်တံ တံပြာတို့ဖြင့် ရိုက်ခြင်း ကြိမ်လုံး တို့ဖြင့် ခတ်ခြင်း မကျည်းနှစ် ရှားနှစ် အစရှိသော ဒုတ်တို့ဖြင့် ရိုက်နှက်ခြင်း လက်ကိုဖြတ်ခြင်း ခြေကိုဖြတ်ခြင်း လက်ခြေကိုဖြတ်ခြင်း နှာခေါင်းကိုဖြတ်ခြင်း နားကိုဖြတ်ခြင်း နား နှာခေါင်း နှစ်ပါးစုံတို့ကို ဖြတ်ခြင်း အစရှိသော အထူးထူး အထွေထွေသော ကမ္မကရဏ (ကံကြမ္မာ)မှုတို့ကို ပြုလုပ်ကြသည်ကို မလိမ်မာသော ဒုစရိုက်သမား လူမိုက်သည် မြင်ရာသည်၊ ထိုသို့မြင်ရသော ဒုစရိုက်သမား လူမိုက်အား ဤသို့သော အကြံအစည်ဖြစ်ပေါ်လာသည်။

အကြင်သို့သဘောရှိသော ဒုစရိုက် မကောင်းမှု အကုသိုလ်ကံ ဟူသော အကြောင်းကြောင့် ဤခိုးသားကို ဖမ်းယူပြီးလျှင် မင်းတို့သည် အမျိုးမျိုးသော ကမ္မကရဏ(ကံကြမ္မာ)အမှုဘို့ကို ပြုကြပါကုန်သည်။ ထိုသို့ ကမ္မကရဏ ကံကြမ္မာအမှုတို့ကို ပြုလုပ်ကြောင်း မကောင်းသောဒုစရိုက်မှု အလုံးစုံတို့သည် ငါ့သခင်ဘုရား အကြိမ်ကြိမ်အဖန်ဖန် ဖြစ်ခဲ့ပါသည်၊ ငါသည်ကား ဤဒုစရိုက်မှုတို့၌ပင်လျှင် အမြဲတစေ ထင်ရှားနေပါပေသည်ဟု မိမိ၏ဒုစရိုက်မှုတို့ကို တွေးလိုက်တိုင်း ဆင်ခြင်လိုက်တိုင်း ပင်လျှင် ကိုယ်၏ပင်ပန်းခြင်း စိတ်၏ဆင်းရဲခြင်း တည်းဟူသော ဒုက္ခဒေါမနဿကို ခံစားရသည်၊ ဤကား ပစ္စုပ္ပန်ဘဝ၌ နှစ်ခု မြောက် ဒုက္ခဒေါမနဿကို ခံစားရပုံဖြစ်သည်။

(၃) ချစ်သား ရဟန်းတို့....ထိုမှတပါး ဤလောကဝယ် ညနေချမ်း အချိန်ကာလ၌ ထိုထိုတောင်ထွဋ်တို့၏ အရိပ်သည် မြေပြင်၌ ထင်မြဲဖြစ်သကဲ့သို ထို့အတူ ပါဏာတိပါတ အစရှိသော ဒုစရိုက်အမှုကို ပြုလုပ်လိုက်စားလေ့ရှိသော လူမိုက်အား စုတိပြတ်ကြွေ သေခါနီးသော ကာလဝယ် မရဏညောင်စောင်း လျောင်းသောအခါ ထိုထိုမိမိ ရှေးကာလကပြုခဲ့သမျှသော ပါဏာတိပါတအစရှိသော ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်တို့သည် ဆိုင်ရာ ဆိုင်ရာ ဒွါရတို့၌ ထင်မြင်၍လာတော့သည်။ထိုအခါ ထိုလူမိုက်အား——

ငါသည်ကား လူ့အဖြစ်ကို အရတော်ပါလျက် ကောင်းမှုကုသိုလ်တို့ကို မပြုမိခဲ့ချေတကား၊ မကောင်းမှု အကုသိုလ်တို့ကိုသာ ငါသည် ပြုမှားခဲ့ချေပြီတကား ဟု ပြင်းစွာစိုးရိမ်ခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ရင်ပတ်စည်တီး မြည်တမ်းခြင်း တွေဝေခြင်း ဖြစ်ခဲ့ရသည်။

ဤကား သုံးခုမြောက်သော လူမိုက်၏ ပစ္စုပ္ပန်ဘဝ၌ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းကို ခံစားရပုံ ဖြစ်သည်ဟု သဗ္ဗညုမြတ်စွာဘုရားသည် မလိမ်မာ

သောလူမိုက် ဒုစရိုက်သမား၏ ခုဝတ္တမာန် ပစ္စုပ္ပန်ဘဝဝယ် သုံးပါးသော ဌာနဌ်ိ ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်း ဒုက္ခဒေါမနဿကို ခံစားရပုံ အခြင်း အရာကို စိတ်ဖြာခဲ့ခြား ဟောကြားတော်မူခဲ့ပါသည့် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဥ္စာဝုသော တတ္ထ ဘဂဝတာ ဗာလဿ သမ္မူရာယော စ တတ္ထ နိရယေ ဗာလဿ ဒုက္ခဒေါမနဿပ္ပဋိသံဝေဒနာ စ ပကာသိတာ။

ဝိဿဇ္ဇနာ။ ။သ ခေါ သော ဘိက္ခဝေ ဗာလော ကာယေန ဒုစ္စရိတံ စရိတ္ဝာ ဝါစာယ ဒုစ္စရိတံ စရိတ္ဝာ မနသာ ဒုစ္စရိတံ စရိတ္ဝာ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိ ံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ တိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ ဗာလဿ သမ္မူရာယော စ တတ္ထ စ ဗာလဿ နိရယေ ဒုက္ခဒေါမနဿပ္ပဋိသံဝေဒနာ ပကာသိတာ။

အမေး။ ။ထိုဗာလပဏ္ဍိတ သုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညူ မြတ်စွာဘုရားသခင်သည် ဗာလမည်သော ထိုသူမိုက်၏ သေသည်မှ နောက်ကာလ၌ တမလွန်ဘဝသို့ လားရောက်ရပုံကိုငင်း ထိုတမလွန်ဘဝ ငရဲဘုံ၌ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ကို တွေ့ကြုံခံစား၍ နေရပုံကိုငင်း အဘယ်ပုံ အဘယ်နည်းဖြင့် ထင်ရှားဖော်ပြခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုဗာလပဏ္ဍိတ သုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညူ မြတ်စွာဘုရားသည် သ ခေါ သော ဘိက္ခဝေ ဗာလော ကာယေန ဒုစ္စရိတံ စရိတ္ဝာ ဝါစာယ ဒုစ္စရိတံ စရိတ္ဝာ မနသာ ဒုစ္စရိတံ စရိတ္ဝာ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိ ံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ-အစရှိသည်ဖြင့်—

ချစ်သားတို့....ထိုမလိမ်မာသော လူမိုက်သည် ဤဝတ္တမာန် ပစ္စုပ္ပန်ဘဝ၌ ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက် တို့ကို ပြုကျင့်လိုက်စား မှားခဲ့သည် ဖြစ်၍ ကိုယ်ခန္ဓာပျက်သည်မှ နောက်ကာလဝယ် မကောင်းသော သူတို့၏ လားရာဖြစ်သော အပါယ်ဒုဂ္ဂတိ ငရဲဘုံသို့ ပဋိသန္ဓေကပ်ရောက်၍ နေရပေသည်။

ချစ်သား ရဟန်းတို့....အကြင်ဌာနကို ကေန္တ အလိုမရှိအပ်၊ ကေန္တ မနှစ်သက်အပ်၊ ကေန္တ စိတ်နှလုံးကို မပျံးစေတတ်တဲ့ အရာဟူ၍ ပြောဆိုလျှင် ငရဲကိုသာလျှင် ပြောဆိုဘွယ်ရာရှိသည်။

ချစ်သား ရဟန်းတို....ဤငရဲပြည်လောကဌ် ဆင်းရဲဒုက္ခကား လွန်စဥ့် လွန်စဥ် များလှသည်၊ ဥပမာပြုဘို့ရန်ပင် မလွယ်လှ ဟု သဗ္ဗညုမြတ်စွာဘုရား အရိပ်အမြွက်မျှ မိန့်ကြားတော်မူသည်တွင် အနုသန္ဓေစကားရပ်ဌ လိမ်မာလှသော ရဟန်းတပါးသည် သဗ္ဗညုမြတ်စွာဘုရားအား——

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ဥပမာပြုနိုင်ဘို့ရန်ကား စွမ်းနိုင်ရာပါသလား ဟု လျှောက်ထားသောအခါ "စွမ်းနိုင်ကြောင်း" သဗ္ဗညုမြတ်စွာဘုရား မိန့်ကြားတော်မူပြီးလျှင်——

ချစ်သား ရဟန်းတို့....ဤလောကဌ် တစုံတယောက်သော မင်းတရား သည် မကောင်းမှု အကုသိုလ်ကိုပြုသော ခိုးသားယောကျ်ားကို မင်းချင်းတို့ ဖမ်းယူလာသဖြင့်——

အို အမောင်တို့....ဤခိုးသားယောကျ်ားကို မြို့ပြင်သို့ထုတ်၍ နံနက်အခါ ဝယ် တရာသော လှံမတို့ဖြင့် ထိုးဆဲကြကုန်ဟူ၍ အမိန့်တော်မှတ်ထားလေရာ သည်၊ မင်းချင်းယောကျ်ားတို့သည်လည်း မင်း၏ အမိန့်အတိုင်း လှံမတရာ တို့ဖြင့် ထိုးဆဲကြကုန်လေရာသည်၊ နေ့လည်အခါဌ်လည်း ထို့အတူ လှံမတရာတို့ ဖြင့် ထိုးဆဲဘို့ရန် အမိန့်တော်မှတ်သားပြန်လေရာသည်၊ ညချမ်းအခါဌ်လည်း ထို့အတူ လှံမတရာတို့ဖြင့် ထိုးဆဲဘို့ရန် အမိန့်မှတ်သားလေရာသည်။

အမိန့်မှတ်သားသည့်အတိုင်း မင်းချင်းယောကျ်ားတို့သည် ညချမ်းအခါ ဌ်လည်း လှံမတရာတို့ဖြင့် ထိုခိုးသားယောကျ်ားကို ထိုးဆဲကြကုန်လေရာ သည်။

ချစ်သား ရဟန်းတို့....ယခု ငါဘုရား မေးမည့်စကားကို အသင် ချစ်သားတို့ အသို့ မှတ်ထင်ကြသနည်း၊ ထိုခိုးသားယောကျ်ားသည် နံနက် အခါ လှံမတရာ နေ့လည်အခါ လှံမတရာ ညအခါ လှံမတရာ တည်းဟူသော လှံအစင်းပေါင်း သုံးရာကိုဖြင့် အထိုးအဆဲ ခံရခြင်း ဟူသော အကြောင်း ကြောင့် ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်းကို ရောက်ရာသည် မဟုတ် လော ဟု မေးမြန်းတော်မူသောအခါ——

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... လှံအစင်းသုံးရာ ကို မဆိုထားဘိ တစင်း တစင်းသော လှံမဖြင့် ထိုးဆဲခံရလျှင်ပင် ကြီးစွာသော

ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်းကို ခံစားရပါသည်ဘုရား ဟု လျှောက်ထားကြပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် တလက်ဆွမ်းမျှသော ကျောက်စရစ်ခဲတို့ကို လက်ဝါးတော်ပေါ်သို့တင်၍ ချစ်သား ရဟန်းတို့....အဘယ်သို့မှတ်ဆင်ကြကုန်သနည်း၊ ဤယခု ငါဘုရား၏ လက်ဝါးတော်ပေါ်၌ တည်ရှိသော ကျောက်စရစ်ခဲတို့နှင့် ဟိမဝန္တာတောင်ဝယ် တည်ရှိသော ကျောက်စရစ်ခဲတို့သည် အဘယ်ကမျှားသနည်း ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ ရဟန်းတော်တို့က ဟိမဝန္တာမှာရှိသော ကျောက်စရစ်ခဲတို့နှင့် နှိုင်းစာလျှင် ဘုန်းတော်ခြောက်ပါးရှိတော်မူသော သဗ္ဗညုမြတ်စွာဘုရား၏ လက်ဝါးတော်ပေါ်၌ တင်၍ထားသော ကျောက်စရစ်ခဲကား အရေအတွက် သိမျှပင် မရောက်နိုင်ရှိပါသည်ဟု ပြန်ကြားလျှောက်ထားကြပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ချစ်သား ရဟန်းတို့.... ဤနည်းအတူပင်လျှင် ငရဲပြည်သို့ရောက်ရှိရသော ငရဲသားသတ္တဝါတို့၏ ဒုက္ခနှင့် နှိုင်းစာလျှင် လုံမသုံးရာဖြင့် နံနက်အခါ နေ့အခါ ညအခါ အကြိမ်ကြိမ် အဖန်ဖန် အထိုးအဆဲခံရသော ယောကျ်ားဖြစ်၏ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု တည်းဟူသော ဒုက္ခဒေါမနဿကား ငရဲသား၏ ဒုက္ခဒေါမနဿကို ထောက်စာလျှင် မရေတွက်နိုင်လောက်ပေ၊ အဆ အရာ အထောင် အသောင်း အသိန်း အသန်း အရေအတွက်သို့မျှလည်း မကပ်ရောက်နိုင်ဟု မိန့်ကြားတော်မူပြီးလျှင် ဆက်လက်၍—

ချစ်သား ရဟန်းတို့....ထိုငရဲသား သတ္တဝါ ငရဲဘုံသို့ရောက်ရှိသောအခါ ငရဲထိန်းပုဂ္ဂိုလ်တို့သည် အလျှံတပြောင်ပြောင် တောက်လောင်သော မြေအပြင်၌ လှဲပြီးလျှင် လက်ျာလက်၌ရင်း လက်ဝဲလက်၌ရင်း လက်ျာခြေ၌ရင်း လက်ဝဲခြေ၌ရင်း ရင်ပတ်၌ရင်း ဤငါးပါးသော ဌာနတို့၌ ထန်းလုံးခန့် အတိုင်းအရှည်ရှိသော သံ တံကျင်တို့ဖြင့် စိုက်ကြခြင်း တည်းဟူသော ပဉ္စဝိဓ ဗန္ဓနကမ္မကရဏကို ပြုကြကုန်တော့သည်၊ သို့ပြုရာ၌ သည်းစွာသော ဆင်းရဲဒုက္ခကို ထိုငရဲသား ခံစားရတော့သည်၊ သို့ပင်ခံစားရစေကာမူ အကြင်မျှလောက် အကုသိုလ်ကံမကုန်သေး ထိုမျှလောက် ထိုငရဲသားသည် စုတေ့ပြတ်ကြေ သေလွန်သည် ဟု မရှိသေး ။

ချစ်သား ရဟန်းတို့....ဤသို့ ပဥ္စဝိဓဗန္ဓနမည်သော ကမ္မကရဏကို ပြုပြီးသည်ရှိသော် ငရဲထိန်းတို့သည် ငရဲသားကိုလှဲ၍ကြီးစွာသော ဓားမတို့ဖြင့် သစ်လုံးပမာ ရွေကြတော့သည်။ ထိုအခါလည်း ပြင်းစွာသော ဒုက္ခဒေါမနဿကို ခံစားရသည်။ သို့စေကာမူ အကုသိုလ်ကံ မကုန်သေးသမျှ ထိုငရဲသား သတ္တဝါသည် စုတိပြတ်ကြွေ သေလွန်သည်ဟူ၍မရှိ။

ချစ်သား ရဟန်းတို့....ထိုသို့ရွေပြီးသောအခါ ထိုငရဲသားသတ္တဝါကို ငရဲထိန်းတို့သည် ဦးခေါင်းဇောက်ထိုးထား၍ ကြီးစွာသော ပဲကွပ်တို့ဖြင့် အကြိမ်ကြိမ် အထပ်ထပ် ရွေကြပြန်ကုန်သည်၊ ထိုအခါလည်း သည်းစွာသော ဒုက္ခကို ခံစားရသည်၊ သို့စေကာမူ အကုသိုလ်ကံ မကုန်သေးသမျှ ထိုငရဲသားသည် စုတိပြတ်ကြွေ သေလွန်သော မည်သည် မရှိ။

ထိုသို့ ရွေပြီးသောအခါ ချစ်သား ရဟန်းတို့....ငရဲထိန်းတို့သည် ထိုငရဲသားကို အလျှံတပြောင်ပြောင် တောက်လောင်သော ငရဲရထားဦးယှဉ်၍ကာ ပြီးလျှင် အလျှံတပြောင်ပြောင် တောက်လောင်သော သံမြေအပြင်၌ အစုန်အဆန် သွားလာဘို့ရန် မောင်းနှင်ကြတော့သည်၊ ထိုအခါလည်း သည်းစွာသော ဒုက္ခကို ခံစားရသည်၊ အကြင်မျှလောက် အကုသိုလ်ကံ မကုန်သေး၊ ထိုမျှလောက် စုတိပြတ်ကြွေ သေလွန်သော မည်သည် မရှိ ဟူ၍ ဤသို့ စသည် ဟောကြားတော်မူပြီးလျှင် သဗ္ဗညုမြတ်စွာဘုရားသည် အဆုံးဌ—

အနေကပရိယာယေနပိ ခေါ အဟံ ဘိက္ခဝေ နိရယကထံ ကထေယျံ၊ ယာဝဉ္စိဒံ ဘိက္ခဝေ န သုကရာ အက္ခာနေန ပါပုဏိတုံ ယာဝ ဒုက္ခာ နိရယာ-ဟု—

ချစ်သား ရဟန်းတို့....ငါဘုရားသည် များစွာသော အကြောင်းအရာတို့ကို ထုတ်ကာ ထုတ်ကာဖြင့် ငရဲဘုံ၌ ရောက်သောသတ္တဝါ ငရဲသားသတ္တဝါတို့၏ ဆင်းရဲဒုက္ခခံနေရပုံ အကြောင်းအရာကို ငါဘုရားဟောစေကာမူ ဟောကြားခြင်းဖြင့်လည်း အဆုံးသို့ရောက်အောင် ဟောကြားခြင်းငှါ စွမ်းနိုင်ဘို့ မလွယ်ကူ၊ လွန်စွာ့ လွန်စွာ ငရဲပြည်ကား ဆင်းရဲလှပေသည်ဟု သဗ္ဗညုမြတ်စွာဘုရားသည် ထိုဒုစရိုက်သမား လူမိုက်သား၏ တဖန်လွန်လောကဝယ် နိရယဘုံ၌ ဒုက္ခဒေါမနဿ ခံစားရပုံကို အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဥ္စာဝုသော တတ္ထ ဘဂဝတာ ဗာလဿ တိရစ္ဆာနယောနိယံ ဒုက္ခဒေါမနဿပ္ပဋိသံဝေဒနာ ပကာသိတာ။

ဝိဿဇ္ဇနာ။ ။သန္တိ ဘိက္ခဝေ တိရစ္ဆာနဂတာ ပါဏာ တိဏဘက္ခာ တေ အလ္လာနိပိ တိဏာနိ သုက္ခာနိပိ တိဏာနိ ဒန္တဲ့လ္လေဟကံ ခါဒန္တိတိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ ဗာလဿ တိရစ္ဆာနယောနိယံ ဒုက္ခဒေါမနဿပ္ပဋိသံဝေဒနာ ပကာသိတာ။

အမေး။ ။ထိုဗာလပဏ္ဍိတ သုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသခင်သည် ဗာလမည်သော ထိုလူမိုက်၏ တိရစ္ဆာန်ဘုံသို့ ရောက်၍ တိရစ္ဆာန်မျိုး၌ ဖြစ်လျက် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့နှင့် တွေ့ကြုံရခံစားနေရပုံကို အဘယ်ပုံ အဘယ်နည်းဖြင့် ထင်ရှားဖော်ပြတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုဗာလပဏ္ဍိတသုတ္တန် ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် သန္တိ ဘိက္ခဝေ တိရစ္ဆာနဂတာ ပါဏာ တိဏဘက္ခာ-အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....မြက်ကိုစားသော တိရစ္ဆာန်တို့သည်၎င်း မစင်အညစ်အကြေးကို စားကြသော တိရစ္ဆာန်တို့သည်၎င်း အမိုက်မှောင်ထည်းမှာပင် ဖြစ်၍ အမိုက်မှောင်ထည်းမှာနေ အမိုက်မှောင်ထည်းမှာပင် သေကြရသော တိရစ္ဆာန်အမျိုးမျိုးတို့သည်၎င်း ရေထည်းမှာပင် ဖြစ်ပွါး၍ ရေထည်းမှာပင်နေ ရေထည်းမှာပင် သေကြရသော တိရစ္ဆာန်အမျိုးမျိုးတို့သည်၎င်း မစင်အညစ်အကြေးတို့မှာပင် ဖြစ်ပွါး၍ မစင်အညစ်အကြေးတို့မှာပင် နေ၍ မစင်အညစ်အကြေးတို့မှာပင် သေကြရသော မျေားစွာသော တိရစ္ဆာန်တို့သည်၎င်း ထင်ရှားရှိကြကုန်သည်။

ချစ်သား ရဟန်းတို့....ထိုမလိမ်မာသော လူမိုက် ဒုစရိုက်သမားသည် ဤလူ့ပြည်လောက၌ မွန်မြတ်လှစွာသော အရှင်သာတို့ကို ခဲအပ် စားအပ် မျိုအပ် သုံးဆောင်အပ်သည် ဖြစ်ပါလျက် လူ့ဘဝကို ရောင်းစားသည့်ပမာ ကာယ, ဝစီ, မနော တည်းဟူသော ဒုစရိုက်တို့ကို မပြုထိုက် မပြုမှားသင့်ဘဲ ပြုမှား ကျင့်မှား ပြောမှားသည်ဖြစ်သောကြောင့် စုတိပြတ်ကြွ သေလွန်

သည်မှ နောက်ကာလဝယ် လွန်စွဲ့ လွန်စွာ ဆင်းရဲလှသည့် ဖော်ပြရာပါ မြက်ကို စားရသော တိရစ္ဆာန်အမျိုး ဖော်ပြရာပါ မစင်ကို စားရသော တိရစ္ဆာန်အမျိုး ဖော်ပြရာပါ အမိုက်မှောင်၌ မှာပင်ဖြစ်၍ အမိုက်မှောင်ထည်း မှာပင်နေ၍ အမိုက်မှောင်ထည်းမှာပင်သေရသော တိရစ္ဆာန်မျိုး ရေ၌ဖြစ် ရေ၌နေ ရေ၌သေရသော တိရစ္ဆာန်မျိုး မစင်အညစ်အကြေး၌ဖြစ် မစင်အညစ် အကြေး၌နေ မစင်အညစ်အကြေး၌ သေရသော တိရစ္ဆာန်မျိုး၌ ဖြစ်ရသည်။

အနေကပရိယာယေနပိ ခေါ အဟံ ဘိက္ခဝေ တိရစ္ဆာနယောနိကထံ ကထေယျံ-အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့....များစွာသော အကြောင်း ဖြင့် ငါဘုရားသည် တိရစ္ဆာန်ဘုံဘဝ၏ ဒုက္ခကထာကို ဟောပြသော်လည်း ဟောကြားခြင်းဖြင့် ကုန်နိုင်ဘွယ်ရာမရှိ၊ တိရစ္ဆာန်ဘုံသည်ကား လွန်စွဲ့ လွန်စွာ ဆင်းရဲလှပေသည် ဟု သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် ဒုစရိုက်သမား ထိုလူမိုက်သား၏ တမလွန်ဘဝဝယ် တိရစ္ဆာနယောနိ၌ ဒုက္ခဒေါမနဿ ခံစား ရပုံကို စိတ်ဖြာခဲ့ခြား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ ဗာလေန သကိ ံ ဝိနိပါတဂတေန ပုန မနုဿတ္တဒုလ္လဘတာ ပကာသိတာ။

ဝိဿဇ္ဇနာ။ ။သေယျထာပိ ဘိက္ခဝေ ပုရိသော ကေစ္ဆိဂ္ဂလံ ယုဂံ မဟာသမုဒ္ဒေ ပက္ခိပေယျ၊ တမေနံ ပုရတ္ထိမော ဝါတော ပစ္ဆိမေန သံဟရေ-ယျ၊ တံ ဇဝေမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ ဗာလေန သကိ ံ ဝိနိပါတဂတေန ပုန မနုဿတ္တဿ ဒုလ္လဘတာ ပကာသိတာ။

အမေး။ ။ထိုဗာလပဏ္ဍိတသုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသခင်သည် ဤ လူ့ပြည် လောက၌ လူတို့၏ချမ်းသာဖြင့် သုံးဆောင်ခံစားလျက် ချမ်းသာလျက်နေသော ဗာလအမည်ရသော ထိုသူမိုက်သည် မကောင်းမှု ဒုစရိုက်၏အစွမ်းဖြင့် တကြိမ်တခါ လူ့ပြည်လောကမှ ပျက်စီး ဆုံးရှုံး၍ အပါယ်လေးပါးသို့ ကျရောက်သွားခဲ့သည်ရှိသော် တဖန် လူအဖြစ်သို့ ပြန်၍ ရရန် အလွန်အမင်း ခဲယဉ်းပုံကို ဘယ်ပုံ ဘယ်နည်းဖြင့် မြတ်စွာဘုရား သည် ဖော်ပြတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို့ဗာလပဏ္ဍိတသုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညူ မြတ်စွာဘုရားသည် သေယျထာပိ ဘိက္ခဝေ ပုရိသော ဧကစ္ဆိဂ္ဂလံ ယုဂံ မဟာသမုဒ္ဒေ ပက္ခိပေယျ-အစရှိသည်ဖြင့် —

ချစ်သား ရဟန်းတို့....ဤလောက၌ ဥပမာအားဖြင့် ယောကျ်းတယောက်သည် တပေါက်တကွင်းသာရှိသော ထမ်းပိုးကြီးတခုကို မဟာသမုဒ္ဒရာထည်း၌ ပစ်ချလိုက်သည် ဆိုပါစို့။

ထိုတပေါက်တကွင်းသာရှိသော ထမ်းပိုးကြီးကို အရွေအရပ်မှ တိုက်ခတ်သော လေသည် အနောက် အရပ်သို့ရောက်အောင်၊ အနောက်အရပ်မှ တိုက်ခတ်သောလေသည် အရွေအရပ်သို့ ပို့ဆောင်၊ တောင်အရပ်မှ တိုက်ခတ်သော လေသည် မြောက်အရပ်သို့၊ မြောက်အရပ်မှ တိုက်ခတ်သောလေသည် တောင်အရပ်သို့ ပို့ဆောင်သဖြင့် ထိုတပေါက်တကွင်းသာရှိသော ထမ်းပိုးကြီးသည်ကား သမုဒ္ဒရာအတွင်းဝယ် ဓထောက်ရာ တည်ရာမရ အရပ်လေးမျက်နှာမှ တိုက်ခတ်သော လေတို့ဖြင့် လှည့်လည်၍ နေသည်ဆိုပါစို့။

ထိုသမုဒ္ဒရာအတွင်းဝယ် အနှစ်ဘရာ တရာလွန်မှ တကြိမ် တကြိမ်သာ ပေါ်သော လိပ်ကန်းကြီးတကောင်သည် ရှိသည်ဆိုပါစို့။

ချစ်သား ရဟန်းဘို့....ထို အနှစ် တရာ တရာမှ တခါ တခါသာ ပေါ်သော ထိုလိပ်ကန်းသည် ယခုဖော်ပြရာပါ ထောက်ရာ တည်ရာမရသော ထမ်းပိုး၏ အပေါက်အဝှင်းဝယ် မိမိဦးခေါင်းစွပ်မိနိုင်ရာပါသလော ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ ရဟန်းတော် အရှင်မြတ်တို့က စွပ်မိနိုင်ဘွယ်ရာအကြောင်းမရှိနိုင်ပါ၊ သို့စကားမူ နှစ်ပရိစ္ဆေဒပေါင်း များစွာ ကာလလွန်သော် မတော် တဆ စွပ်မိတန် စွပ်မိရာပါသည့်ဘုရား ဟု လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညူမြတ်စွာဘုရားက ချစ်သားရဟန်းဘို့ ....တကြိမ်တဖန် တရံတခါမျှ လူ့ပြည်လောကက ချွတ်ယွင်း၍ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကယ်ဘည်းဟူသော အပါယ်လေးပါး ဝိနိပါတ ဘေးသင့်၍ ဖရိုဖရဲကျရောက်သွားသော ဒုစရိုက်သမား ငမိုက်သားသည် နောက်တဖန်လူ့ဘဝကို ပြန်ရဘို့ရန် ဤလိပ်ကန်းကြီး ထမ်းပိုးကွင်း၌ စွပ်မိဘို့ရန် ခဲယဉ်းသည်ထက်ပင် ခဲယဉ်းလှဘိကြောင်း သဗ္ဗညူမြတ်စွာဘုရားသည် **လိပ်ကန်းထမ်းပိုးစွပ်** ဥပမာဖြင့်

တကြိမ်တဖန် တရံတခါမျှ ဝိနိပါတဘေးသင့်သော သူမိုက်၏ နောက်ထပ်တဖန်လူ့ဘဝကို ရဘို့ရန် အရေး ဝေးလှပါကြောင်း စိတ်ဖြာခဲ့ခြားဟောကြားတော်မူခဲ့ပါသည်အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ ဗာလဿ ကဒါစိ ကရဟစိ ဒီဃဿ အဒ္ဓုနော အစ္စယေန မနုဿတ္တံ အာဂတဿပိ ဒုက္ခ-ဗဟုလတာ ပကာသိတာ။

ဝိဿဇ္ဇနာ။ ။သ ဧဝါ သော ဘိက္ခဝေ ဗာလော သစေ ကဒါစိ ကရဟစိ ဒီဃဿ အဒ္ဓုနော အစ္စယေန မနုဿတ္တံ အာဂစ္ဆတိတိ ဧဝ-မာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ ဗာလဿ ကဒါစိ ကရဟစိ ဒီဃဿ အဒ္ဓုနော အစ္စယေန မနုဿတ္တံ အာဂတဿပိ ဒုက္ခ-ဗဟုလတာ ပကာသိတာ။

အမေး။ ။ထိုဗာလပဏ္ဍိတ သုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် ယခင်က ဖြေဆိုခဲ့သည့်အတိုင်း ဗာလမည်သော လူမိုက်ဒုစရိုက်သမားသည် မကောင်းမှု၏ အစွမ်းဖြင့် အပါယ်လေးဘုံသို့ကျရောက်၍ အနှစ်သိန်းပေါင်းများစွာ သန်းပေါင်းများစွာ ကာလအလွန်ကြာသဖြင့် တရံတခါ ကံအားလျော်စွာ လူ၏အဖြစ်သို့ ပြန်၍ ရောက်လာခဲ့သော် ထိုသို့လူ့ဘဝသို့ရောက်လာသော အခါကာလ၌လည်း အလွန်တရာ ဆင်းရဲဒုက္ခများပြားပုံကို မြတ်စွာဘုရားသခင်သည် အဘယ်ပုံ အဘယ်နည်းဖြင့် ထင်ရှားဖော်ပြတော်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုဗာလပဏ္ဍိတ သုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် သ ဧဝါ သော ဘိက္ခဝေ ဗာလော သစေ ကဒါစိ ကရဟစိ ဒီဃဿ အဒ္ဓုနော အစ္စယေန မနုဿတ္တံ အာဂစ္ဆတိ-အစရှိသဖြင့်—

ချစ်သားရဟန်းတို့ ....ထိုဒုစရိုက်သမား လူမိုက်သားသည် တရံတခါကုသိုလ်ကံပင့်ဆောက်သဖြင့် ရှည်လျားလှစွာဇသာနှစ်ပရိစ္ဆေဒလွန်မြောက်သည့်အခါမှ လူ့ပြည်သို့ရောက်ရပါသော်လည်း ဤလူ့လောကဝယ် ယုတ်ညံ့လှသော အမျိုးဟူ၍ ခေါ်ဆိုသမုတ်အပ်သည့် ဒွန်းစက္ကာ အစရှိသော အမျိုး၌ ဖြစ်ရသည်။

ထို၌ဒုန်းစတ္တာ အစရှိသော ယုတ်ညံ့သောအမျိုး၌ ဖြစ်လာပါသော်လည်း သူတပါးတို့ မကြည့်ဝံ့ မရှုဝံ့လောက်အောင်ပင် ဆိုးသွမ်းသော အဆင်းနှင့်လည်း ပြည့်စုံလှပေသည်၊ ထိုမျှသာမကသေး ထိုယုတ်မာသော အမျိုး၌ ဖြစ်ပြီးလျှင် စားဖွယ် သောက်ဖွယ် ဝတ်ဖွယ် အစရှိသည်တို့ကို မစားရ, စားရမဝတ်ရ, ဝတ်ရဖြင့် လွန်စွာလွန်စွာ ငြိုငြင်ပင်ပန်း ဆင်းရဲလှပါပေသည်။

ထိုသူမိုက်သားသည် ဤလူ့ပြည်လောကသို့ ရောက်ရှိရပါသော်လည်း သတိသံဝေဂကိုမရနိုင်ဘဲ တဖန်ထပ်၍ ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်တို့ကို ပြုမှား, ကျင့်မှား, ကြံမှား, ပြောမှား, လိုက်စားမိမှားသဖြင့် တဖန်စုတိပြတ်ကြွေသေလွန်သည်မှ နောက်ကာလငယ် ငရဲဘုံသို့ ရောက်ရပြန်ပေသည်။

ချစ်သားရဟန်းတို့....ကြွေအန်သမားသည် တကြိမ်တည်း တလက်တည်း ဖြင့်စီးပွါးဥစ္စာ သားသမီးပါ ဆုံးရှုံးသည့်အပြင် မိမိပါ အနှောင်အဖွဲ့ခံရသည့် အခြေမျိုးသို့ ရောက်သည်ဆိုပါစို့....၊ ထို ကြွေအန်သမား၏ ထိုတလက် သောဆုံးရှုံးခြင်းကား ပြောပလောက်သော ဆုံးရှုံးခြင်းမဟုတ်။

စင်စစ်သော်မူ ဤမလိမ်မာသောသူမိုက် ဒုစရိုက်သမားသည် ကာယဝစီမနောဒုစရိုက်ကို ပြုလိုက်မှားမိသဖြင့် တကြိမ်တဖန် တရံတခါမျှ ငရဲသို့ ကျလိုက်ရခြင်းက သာလွန်၍ အဆုံးရှုံးကြီး ဆုံးရှုံးခြင်းဖြစ်ပေသည် ဟုသဗ္ဗညူမြတ်စွာဘုရားသည် ထိုဒုစရိုက်သမား ငမိုက်သား၏ တရံတခါမျှ လူ့ပြည်သို့ လာရောက်ရပါသော်လည်း ဆင်ရဲများပြားလှသည်၏ အဖြစ်ကို စိတ်ဖြာခဲ့ခြားဟောပြတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ ပဏ္ဍိတာသ ပဏ္ဍိတလက္ခဏာနိ စ ပဏ္ဍိတာသ ဒိဋ္ဌဝ ဓမ္မေ သုခသောမနဿပဋိသံဝေဒနာ စ ပကာသိတာ။

ဝိဿဇ္ဇနာ။ ။တီဏိမာနိ ဘိက္ခဝေ ပဏ္ဍိတာသ ပဏ္ဍိတလက္ခဏာနိ ပဏ္ဍိတ-နိမိတ္တာနိ ပဏ္ဍိတာပဒါနာနိ။ ကတမာနိ တီဏိ။ဣဓ ဘိက္ခဝေ ပဏ္ဍိတော သုစိန္တိတစိန္တီ စ ဟောတိ သုဘာသိတဘာသီ စ သုကတကမ္မကာရီ စာတိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ

ပဏ္ဍိတသ ပဏ္ဍိတလက္ခဏာနိ စ ဒိဋ္ဌေဝ ဓမ္မေ ပဏ္ဍိတသ သုခသောမနဿပဋိသံဝေဒနာ စ ပကာသိတာ။

အမေး။ ။ထိုဗာလပဏ္ဍိတမည်သော သူတွန်တရားဒေသနာတော် မြတ်၌ ပဏ္ဍိတမည်သော လူလိမ်မာ ပညာရှိ၏ မှတ်သားကြောင်း လက္ခဏာ တို့ကိုလည်း ထိုပဏ္ဍိတမည်သော လူလိမ်မာပညာရှိ၏ မျက်မှောက်ဘဝ၌ပင် လျှင် ကိုယ်၏ချမ်းသာခြင်း စိတ်၏ချမ်းသာခြင်း ဝမ်းမြောက်ဝမ်းသာခြင်းတို့ ကို ခံစားရပုံတို့ကိုလည်း မြတ်စွာဘုရားသခင်သည် အဘယ်ပုံ အဘယ်နည်းဖြင့် ထင်ရှားဖော်ပြခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုဗာလပဏ္ဍိတမည်သော သူတွန်ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် တီဏိမာနိ ဘိက္ခဝေ ပဏ္ဍိတသ ပဏ္ဍိတလက္ခဏာနိ ပဏ္ဍိတနိမိတ္တာနိ ပဏ္ဍိတာပဒါနာနိ-အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့ ....ပညာရှိလူလိမ်မာ၏ လူလိမ်မာဟူ၍ မှတ်သား ကြောင်း, လူလိမ်မာဟူ၍ သိနိုင်ကြောင်း, လူလိမ်မာတို့၏ အကျင့် အပဒါန် တရားတို့သည်ကား သုံးမျိုးတို့ ရှိကြသည်၊ ထိုသုံးမျိုးတို့ဟူသည်မှာ—

(၁) မိမိသူတပါး နှစ်ဦးသားတို့ မပင်ပန်းဘို့ရန် ချမ်းသာဘို့ရန် ကြံစည်ခြင်းတပါး။

(၂) မိမိသူတပါး နှစ်ဦးသားတို့ ချမ်းသာစေတတ်သည့် ဝစီသုစရိုက် စကားကိုသာ ပြောကြားခြင်းတပါး။

(၃) မိမိသူတပါး နှစ်ဦးသားတို့ ချမ်းသာတရား ပွါးစေတတ်သည့် ကာယသုစရိုက်တရားတို့ကိုသာ ပြုလုပ်ခြင်းတပါး။

ဤသို့သုံးပါးရှိသည်ဟု ပညာရှိတို့၏လက္ခဏာကို ဖော်ပြတော်မူပြီး လျှင်—

သ ခေါ သော ဘိက္ခဝေ ပဏ္ဍိတော တိဝိဓံ ဒိဋ္ဌေဝ ဓမ္မေ သုခံ သောမနဿံ ပဋိသံဝေဒေတိ-အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....ထိုပညာရှိလူလိမ်မာသည် ခုဝတ္တမာန် ပစ္စုပ္ပန်ဘဝ၌ ပင်လျှင် သုံးပါးသောအကျိုးတရား ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာ ခြင်း,သုခသောမနဿတရားတို့ကို ခံစားရပုံကို ယခင်လျှောက်ဆိုအပ်ပြီးသော

ဗာလသူမိုက်တို့မှ အပြန်အားဖြင့် သုံးပါးစိတ်ဖြာ ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ ပဏ္ဍိတဿ သမ္မုခာ ယော စ တတ္ထ သဂ္ဂေ သုခသောမနဿပဋိသံဝေဒနာ စ ပကာသိတာ။

ဝိဿဇ္ဇနာ။ ။သ ခေါ သော ဘိက္ခဝေ ပဏ္ဍိတော ကာယေန သုစရိတံ စရိတ္ဝာ ဝါစာယ မနသာ သုစရိတံ စရိတ္ဝာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတီတိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ ပဏ္ဍိတဿ သမ္မုခာယော စ သဂ္ဂေ စ ပဏ္ဍိတဿ သုခသောမနဿပဋိသံဝေဒနာ ပကာသိတာ။

အမေး။ ။ထိုဗာလပဏ္ဍိတ သုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသခင်သည် ပဏ္ဍိတမည်သော လူလိမ်မာပညာရှိ၏ နောင်တမလွန်ဘဝကိုငင်း ထိုတမလွန်ဘဝနတ်ပြည်၌ ကိုယ်ချမ်းသာ စိတ်ချမ်းသာ တို့ကို ခံစားရပုံကိုငင်း အဘယ်သို့လျှင် ထင်ရှားဟောပြောခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ ။ထိုဗာလပဏ္ဍိတ သုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် သ ခေါ သော ဘိက္ခဝေ ပဏ္ဍိတော ကာယေန သုစရိတံ စရိတ္ဝာ ဝါစာယ သုစရိတံ စရိတ္ဝာ မနသာ သုစရိတံ စရိတ္ဝာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ-အစရှိသည်ဖြင့်——

ချစ်သားရဟန်းတို့....ထိုပဏ္ဍိတအမည်ရသော ပညာရှိသူတော်ကောင်းသည် ကာယဝစီမနောတည်းဟူသော သုစရိုက်သုံးပါးကို ပွါးများအားထုတ်၍ ကိုယ်ခန္ဓာပြတ်ကြွေစုတေသည်မှ နောက်ကာလဝယ် ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ရွာသို့ရောက်ရာသည်။

ချစ်သားရဟန်းတို့....ကေန်စင်စစ် အလိုရှိအပ် ကေန်စင်စစ် နှစ်သက်ဖွယ်ရှိတတ် ကေန်စင်စစ် စိတ်နှလုံးကို ပွါးစေတတ်သည့် အရပ်ဌာနဟူ၍ ပြောဆိုပါမူ နတ်ရွာကိုသာ ပြောဆိုရန်ရှိ၏။

ချစ်သားရဟန်းတို့....နတ်ရွာချမ်းသာကား လွန်စွာလွန်စွာချမ်းသာလှပေသည်၊ ဥပမာပင် ဆောင်ပြုဘို့ရန် မလွယ်ကူကြောင်း မိန့်ကြားတော်မူပါသည်။

ထိုအခါ၌ အနုသန္ဓေ စကား၌ လိမ်မာလှသော ရဟန်းတပါးသည် သဗ္ဗညုမြတ်စွာဘုရား....နတ်ရွာချမ်းသာကို ဥပမာအားဖြင့် ပြနိုင်ပါသလားဟု လျှောက်ထားသည်တွင် ပြနိုင်ကြောင်း ပြန်ပြောင်းမိန့်တော်မူပြီးလျှင် သဗ္ဗညုမြတ်စွာဘုရားသည် ဆင်ရတနာ,မြင်းရတနာ, စကြာရတနာ,ပတ္တမြားရတနာ, မိဖုယားရတနာ, သူဌေးရတနာ, သားကြီးရတနာတည်းဟူသော ရတနာခုနစ်ပါး ဣဒ္ဓိလေးပါးနှင့်ပြည့်စုံသော စကြဝတေးမင်းတရား၏ ဒိဋ္ဌမမ္မ ပစ္စုပ္ပန် ဘဝ၌ပင်လျှင် ချမ်းသာသုခ စိတ်၏ချမ်းသာခြင်း သောမနဿကိုရပုံကို အကျယ်တဝင့်ဖော်ပြပြီးလျှင်—

ချစ်သားရဟန်းတို့....ဤဆိုအပ်ပြီးသောအတိုင်း စကြဝတေးမင်းတရားသည် စကြာရတနာ အစရှိသော ရတနာခုနစ်ပါး ဣဒ္ဓိလေးပါးနှင့် ပြည့်စုံသော ထိုစကြာမင်းတရားသည် ထိုရတနာခုနစ်ပါး ဣဒ္ဓိလေးပါးတို့ကို သုံးစားရခြင်းဟူသော အကြောင်းကြောင့် သုခ သောမနဿကို ရရာသည့် မဟုတ်လောဟု မေးတော်မူသောအခါဝယ်—

ဣဒ္ဓိလေးပါး ရတနာခုနစ်ပါးကို မဆိုထားပါဘိ တပါးတပါးဖြင့်ပင်လျှင် စကြဝတေးမင်းတရားသည် ကြီးစွာသော သုခသောမနဿကို ခံစားနိုင်ပါသည်ဟု ရဟန်းတို့ ပြန်ပြောင်းလျှောက်ထားသောအခါ သဗ္ဗညုမြတ်စွာဘုရားသည် ရှေးနည်းအတူပင်လျှင် တလက်ဆုံမ်းမျှသော ကျောက်စရစ်ခဲကို လက်တော်ပေါ် သို့တင်ယူ၍ ရဟန်းတော်တို့အား ပြပြီးလျှင်—

ချစ်သားရဟန်းတို့....သင်ချစ်သားတို့သည် အဘယ်သို့မှတ်ထင်ကုန်သနည်း ။ ယခုငါဘုရားလက်တော်ပေါ် ၌ရှိသော ကျောက်စရစ်ခဲနှင့်ဟိမဝန္တာတောင်ကြီးသည် မည်သည်က ကြီးကျယ်သနည်းဟု မေးမြန်တော်မူခဲ့ပါသည်။

ထိုအခါ ရဟန်းတော် အရှင်သူမြတ်တို့က ဟိမဝန္တာတောင်ကို စာလျှင် သဗ္ဗညုမြတ်စွာဘုရား၏ လက်တော်အတွင်း ရောက်နေသော ကျောက်ခဲကား မပြောပလောက်ပါ ဟူ၍ ပြန်ပြောင်းလျှောက်ထားသည်တွင်—

ချစ်သား ရဟန်းတို့....ဤနည်းအတူပင်လျှင် နတ်ပြည်သုခကို နှိုင်းစာထောက်ထားက ယခု ငါဘုရားဟောပြခဲ့သည့် စကြဝတေးမင်းတရား၏ သုခချမ်းသာက ငါဘုရား၏ လက်တွင်းမှာရှိသော ကျောက်ခဲမျှသာ မပြောပလောက် ဟူ၍ ဥပမာပင် ပြတို့ရန် ခဲယဉ်းလှကြောင်း အဆုံးဝယ်—

အမေးအဖြေ ၅ -၁၆

အနေကပရိယာယေနပိ ခေါ အဟံ ဘိက္ခဝေ သဂ္ဂကထံ ကထေယျံ၊ ယာဝဇီဝဉ္စ ဘိက္ခဝေ အက္ခာနေန နာ ပါပုဏိတုံ၊ ယာဝ သုခါ သဂ္ဂါ-ဟူ၍—

ချစ်သား ရဟန်းတို့....ငါဘုရားသည် အခြားတပါးသော ဓမ္မကထာကို မဟောကြားဘဲ နတ်ရွာနှင့်စပ်သော တရားစကားကိုသာ ဟောကြားစေကာမူ အင်မတန်ကြီးကျယ်လှ အင်မတန်ချမ်းသာလှသည့် သဂ္ဂကထာကို ဟောဆိုခြင်းဖြင့် ကုန်နိုင်ရန် မရှိကြောင်း မိန့်မှာတော်မူခဲ့ပါသည်။

ဤသို့လျှင် သဗ္ဗညုမြတ်စွာဘုရားသည် ပညာရှိ သူတော်ကောင်း၏ တမလွန်လောကကိုဌင်း ထိုတမလွန်လောက၌ သဂ္ဂသမ္ပတ္တိချမ်းသာကို ခံစံရသဖြင့် ကာယိယသုခ စေတသိကသုခတို့ကို ရပုံကိုဌင်း စိတ်ဖြာခဲ့ခြားဟောပြတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ ပဏ္ဍိတာသ ကဒါစိ ကရဟစိ ဒီဃာသ အဒ္ဓုနော အစ္စယေန မနုဿတ္တံ အာဂတာသပိ သုခ-ဗဟုလတာ ပကာသိတာ။

ဝိဿဇ္ဇနာ။ ။သ ခေါ သော ဘိက္ခဝေ ပဏ္ဍိတော သစေ ကဒါစိ ကရဟစိ ဒီဃာသ အဒ္ဓုနော အစ္စယေန မနုဿတ္တံ အာဂစ္ဆတိ၊ ယာနိ တာနိ ဥစ္စာကုလာနိ ခတ္တိယမဟာသာလကုလံ ဝါ ဗြာဟ္မဏ-မဟာသာလကုလံ ဝါ ဂဟပတိမဟာသာလကုလံ ဝါ တထာ-ရူပေ ကုလေ ပစ္စာဇာယတိတိ ဇဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ ပဏ္ဍိတာသ ကဒါစိ ကရဟစိ ဒီဃာသ အဒ္ဓုနော အစ္စယေန မနုဿတ္တံ အာဂတာသပိ သုခဗဟုလတာ ပကာသိတာ။

အမေး။ ။ထိုဗာလပဏ္ဍိတ သုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသခင်သည် ပဏ္ဍိတ မည်သော ထိုလူလိမ်မာ ပညာရှိ၏ နတ်ပြည်၌ရောက်၍ အနှစ်သိန်းပေါင်းများစွာ သောင်းပေါင်းများစွာ အလွန့်အလွန် ကြာရှည်စွာသော အခါကာလ၌ တရံတခါ လူ့ဘုံ လူ့ဘဝ၌ ပြန်ရောက်၍ လာခဲ့သည်ရှိသော် ထိုသို့ လူ့ဘုံလူဘဝသို့ ပြန်ရောက်၍လာသော အခါကာလ၌လည်း ချမ်းသာ များပုံ အကြောင်းအရာကို မြတ်စွာဘုရားသခင်သည် အဘယ်ပုံ အဘယ်နည်းဖြင့် ထင်ရှားဖော်ပြခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို့ဗာလပဏ္ဍိတသုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် သ ဓေါ သော ဘိက္ခဝေ ပဏ္ဍိတော သစေ ကဒါစိ ကရဟစိ ဒီဃသ အဒ္ဓုနော အစ္စယေန မနုဿတ္တံ အာဂစ္ဆတိ-အစရှိသည်ဖြင့်

ချစ်သား ရဟန်းတို့....ထို့ပညာရှိ လူလိမ်မာသည် ရှည်လျားစွာသော အနှစ်အရာအထောင် အသောင်း အသိန်း အသန်းမက အကုဋေတို့ လွန်မြောက်သဖြင့် တရံတခါ လူ့ပြည်သို့ လာရောက်ပြန်သည်ရှိသော် ဤလူ့ပြည် လောကဝယ် မြတ်သောအမျိုးဟူ၍ ခေါ်ဆိုပညတ်ရသည့် ခတ္တိယမဟာသာလ ဗြာဟ္မဏမဟာသာလ ဂဟပတိမဟာသာလ အမည်ရသည့် များစွာသော စည်းစိမ်ဥစ္စာရှိသည့် မင်းမျိုး ပုဏ္ဏားမျိုး သူကြွယ်မျိုးတို့၌သာလျှင် ဖြစ်ရပေသည်။

မင်းမျိုး ပုဏ္ဏားမျိုး သူကြွယ်မျိုးတို့၌ ဖြစ်ရသော အခါ၌လည်း လူသူလေးပါးတို့ ကြည့်၍ မရောင့်ရဲ တင်းမတိမ်နိုင်လောက်အောင် လှပတင့်တယ်သော ရုပ်အဆင်းနှင့်လည်း ပြည့်စုံပေသည်။ အဝတ် အစားအစာ အသုံးအဆောင်မှစ၍ လိုရာမတ ပြည့်စုံလှပါပေသည်။

ထို့မှတပါး ထို့ပညာရှိ သူတော်ကောင်းသည် ထို့သို့ သမ္ပတ္တိဥဿုံကျေးဇူးဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ကာယသုစရိုက် သုံးပါး ဝစီသုစရိုက်လေးပါး မနောသုစရိုက် သုံးပါးတို့ကို ထပ်တလဲလဲပွါးများပြီးလျှင် စုတိပြတ်ကြွေသေလွန်သည်မှ နောက်ကာလဝယ် တဖန် နတ်ပြည်သို့ပင် သွားရောက်ရပြန်ပေသည်။

ချစ်သား ရဟန်းတို့....လောကဥပမာအားဖြင့် ကြွေအံသမားသည် တကြိမ်တဖန် တရံတခါ နိုင်လိုက်ခြင်းအားဖြင့် ဝမ်းမြောက်ခြင်း ဖြစ်ရပါသည်။ ထို့ကြွေအန်သမား၏ တကြိမ်တဖန် နိုင်လိုက်ခြင်းဖြင့် များစွာသော ဥစ္စာနှစ်ကို စည်းစိမ်အစုကို ရရှိခြင်းထက် ပညာရှိ သူတော်ကောင်း၏ ဤလူ့ပြည်မှ ကာယ ဝစီ မနောသုစရိုက်တို့ကို ပွါးများ၍ နတ်ပြည်လောကသို့ တက်ရောက်ရခြင်းသည် ထို့ကြွေအန်သမား ကြွေတလက်မျှ နိုင်ရခြင်းထက် အဆအရာအထောင် အသောင်း အသိန်း အသန်းမက ကျေးဇူးများလှပေသည် ဟု သဗ္ဗညုမြတ်စွာဘုရားသည် ပညာရှိသူတော်ကောင်း၏ တကြိမ် တဖန် အနှစ်အရာ အထောင် အသောင်း အသိန်း အသန်း အကုဋေလွန်မြောက်သော

အခါကာလ ဤလူ့ပြည်သို့ရောက်ရပြန်သော်လည်း ဤလူ့ပြည်၌ စီးပွါး ချမ်းသာနှင့် ပြည့်စုံပုံကိုၵင်း ဤလူ့ပြည်မှ တဖန် နတ်ပြည်သို့ ပြန်သွားပုံကိုၵင်း စိတ်ဖြာခဲ့ခြင်း ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဗာလပဏ္ဍိတသုတ် ပြီး၏

စူဠကမ္မဝိဘင်္သုတ်

ပုစ္ဆာ။ ။တေနာဝုသော ဇာနတာ ပဿတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန စူဠကမ္မ-ဝိဘင်္သုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ သုဘံ မာဏဝံ တောဒေယျပုတ္တံ အာရဗ္ဘ ဘာသိတံ။ သုဘော ဘဒ္ဒေ မာဏဝေါ တောဒေယျပုတ္တော ဘဂဝန္တံ ဥပသင်္ကမိတ္ဝာ တေဒဝေါစ "ကော နု ခေါ ဘော ဂေါတမ ဟေတု ကော ပစ္စယော၊ ယေန မနုဿာနံယေဝ သတံ မနုဿဘူတာနံ ဒိဿန္တိ ဟီနပဏီတတာ။ ဒိဿန္တိ ဟိ ဘော ဂေါတမ မနုဿာ အပ္ပါယုကာ၊ ဒိဿန္တိ ဒီဃာယုကာ။ ဒိဿန္တိ ဗဟ္ဝါဗာဓာ၊ ဒိဿန္တိ အပ္ပါဗာဓာ။ ဒိဿန္တိ ဒုဗ္ဗဏ္ဏာ၊ ဒိဿန္တိ ဝဏ္ဏဝန္တော။ ဒိဿန္တိ အပ္ပေသက္ခာ၊ ဒိဿန္တိ မဟေသက္ခာ။ ဒိဿန္တိ အပ္ပဘောဂါ၊ ဒိဿန္တိ မဟာဘောဂါ။ဒိဿန္တိ နီစကုလီနာ၊ ဒိဿန္တိ ဥစ္စာကုလီနာ။ ဒိဿန္တိ ဒုပ္ပညာ၊ ဒိဿန္တိ ပညဝန္တော။ ကော နု ခေါ ဘော ဂေါတမ ဟေတု ကော ပစ္စယော၊ ယေန မနုဿာနံယေဝ သတံ မနုဿဘူတာနံ ဒိဿန္တိ ဟီနပဏီတတာ"တိ တသ္မိံ ဘဒ္ဒေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ ထိုမြတ်စွာဘုရားသည် ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးပေးပုံကို ဝေဘန်ဟောပြရာဖြစ်သော ကြောင့် စူဠကမ္မဝိဘင်္မည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ် အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိ ကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ငယ် တောဒေယျပုဏ္ဏား၏ သား သုဘလုလင်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းအရပ်၌ ကိန်းအောင်းမွေလျော် နေတော်မူလပ်သောအခါ တောဒေယျပုဏ္ဏား၏သား သုဘလုလင်သည် သဗ္ဗညုမြတ်စွာဘုရားရှိရာ အရပ်သို့ ချဉ်းကပ်ပြီးလျှင် ကောနု ခေါ် ဘော ဂေါတမ ဟေတု ကော ပစ္စယော၊ ယေန မနုဿာနံယေဝ သတံ မနုဿဘူတာနံ ဒိဿန္တိ ဟိနပဏီတတာ-အစရှိသည်ဖြင့်—

အို အရှင်ကြီး ဂေါတမ....အကြင်သို့သော အကြောင်းကြောင့်လူဖြစ်ကြကုန်သော သတ္တဝါတို့ချင်း အတူဘူ ဖြစ်ကြပါကုန်လျက် အယုတ်အမြတ်တို့သည် ထင်ရှားစွာ တွေ့မြင်ရပါသည်။

၁။ အို အရှင်ကြီးဂေါတမ....အသက်တိုသော သတ္တဝါတို့လည်း ရှိကြပါသည်။

၂။ အသက်ရှည်သော သတ္တဝါတို့ကိုလည်း မြင်ရပါသည်။

၃။ အနာများသော သတ္တဝါတို့ကိုလည်း မြင်ရပါသည်။

၄။ အနာ နည်းသော သတ္တဝါတို့ကိုလည်း မြင်ရပါသည်။

၅။ အဆင်းမလှသော သတ္တဝါတို့ကိုလည်း မြင်ရပါသည်။

၆။ အဆင်းလှသော သတ္တဝါတို့ကိုလည်း မြင်ရပါသည်။

၇။ တန်ခိုး အရှိန်အဝါ အခြံအရံ နည်းပါးသော သတ္တဝါတို့ကိုလည်း မြင်ရပါသည်။

၈။ တန်ခိုးအရှိန်အဝါ အခြံအရံ များပြားသော သတ္တဝါတို့ကိုလည်း မြင်ရပါသည်။

၉။ စည်းစိမ်ဥစ္စာ နည်းပါးသော သတ္တဝါတို့ကိုလည်း မြင်ရပါသည်။

၁၀။ စည်းစိမ်ဥစ္စာ များပြားသော သတ္တဝါတို့ကိုလည်း မြင်ရပါသည်။

၁၁။ ယုတ်ညံ့သော အမျိုးဌာ ဖြစ်သော သတ္တဝါတို့ကိုလည်း မြင်ရပါသည်။

၁၂။ မြတ်သော အမျိုးဌာ ဖြစ်သော သတ္တဝါတို့ကိုလည်း မြင်ရပါသည်။

၁၃။ ပညာ နည်းပါးသော လူသတ္တဝါတို့ကိုလည်း မြင်ရပါသည်။

၁၄။ ပညာ ကြီးမားသော လူသတ္တဝါတို့ကိုလည်း မြင်ရပါသည်။

အို အရှင်ကြီးဂေါတမ....အကြင်သို့သော အကြောင်းကြောင့် လူလူချင်း အတူတူ ဖြစ်ပါလျက် အယုတ် အမြတ် အားဖြင့် ကဲ့ပြား၍ နေသည်တို့ကို မြင်ရပါကုန်သည်။ ထိုသို့ လူလူချင်း အတူတူ ဖြစ်ပါလျက် အယုတ် အမြတ် အားဖြင့် ကဲ့ပြား ခြားနားခြင်း၏ ဇနကအကြောင်း ဥပတ္ထမ္ဘကအကြောင်း ကား အဘယ်ပါနည်း ဟု တဆယ့်လေးရပ်သော ပြဿနာတို့ကို သဗ္ဗညူ မြတ်စွာဘုရားအား လျှောက်ထားမေးမြန်းခဲ့ပါသည်။

ဤသို့ တောဒေယျပုဏ္ဏား၏သား သုဘလုလင် မေးလျှောက်ခြင်း တည်းဟူသော အဋ္ဌုပ္ပတ်ကြောင့် ဤစဋ္ဌကမ္မဝိဘင်္ဂ် သုတ္တန်ဒေသနာတော်မြတ် ကို သဗ္ဗညူမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ သတ္တာနံ ဒီဃာယုကအပ္ပါယုက-
သံဝတ္တနကကမ္မာနိ ဝိဘတ္တာ ပကာသိတာနိ။

ဝိဿဇ္ဇနာ။ ။ဣဓ မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ ပါဏာတိပါတီ ဟောတိ၊ လုဒ္ဒါ လောဟိတပါဏိ ဟတပဟတေ နိဝိဋ္ဌော အဒယာပန္နော ပါဏဘူတေသူတိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ အပ္ပါယုကဒီဃာယုကသံဝတ္တနကာနိ ကမ္မာနိ ဝိဘတ္တာ ပကာသိတာနိ။

အမေး။ ။ထိုစဋ္ဌကမ္မဝိဘင်္ဂ် သုတ္တန် တရားဒေသနာတော်မြတ်၌ ဘုန်း တော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညူမြတ်စွာဘုရားသည် သတ္တဝါ တို့၏ အသက်ရှည်ကြောင်း ဖြစ်သောကံ အသက်တိုကြောင်း ဖြစ်သောကံ ဤကံနှစ်မျိုးတို့ကို အဘယ်သို့လျှင် ဝေဘန်၍ ဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုစဋ္ဌကမ္မဝိဘင်္ဂ်သုတ္တန် ဒေသနာတော်မြတ်၌ သဗ္ဗညူ မြတ်စွာဘုရားသည် ဣဓ မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ ပါဏာတိ-ပါတီ ဟောတိ၊ လုဒ္ဒါ လောဟိတပါဏိ-အစရှိသည်ဖြင့်—

သုဘလုလင် ....ဤလောက၌ အခွံရှိသော မိန်းမ အခွံရှိသောယောကျ်ား သည် သူ့အသက်ကို သတ်လေ့ရှိပေသည်၊ ကြမ်းတန်းသော စိတ်နှလုံး ရှိပေသည်၊ လက်၌ သွေးသံရဲရဲ ရှိလှပေသည်၊ ခပ်သိမ်းသော သတ္တဝါတို့၌

သနားခြင်း ကင်းမဲ့သည် ဖြစ်၍ ပါဏာတိပါတ ဒုစရိုက်အမှုကို ပြု၍ နေပေသည်၊ ထိုပါဏာတိပါတ ဒုစရိုက်သမားသည် စုတိပြတ်ကြွေ သေလွန်သည်မှ နောက် ကာလဝယ် မကောင်းသော သူတို့၏ လားရာ အပါယ်နိရယသို့ ရောက်ရပေသည်၊ ထိုပါဏာတိပါတကံ၏ အစွမ်းကြောင့် အပါယ်နိရယဘုံ ငရဲဘုံသို့ ကျရောက်ရသည်၊ အကယ်၍ ငရဲဘုံသို့ မကျရောက်ဘဲ လူ့ပြည် လောကသို့ တပါးသော အပရာပရိယကုသိုလ်ကံ၏ ထောက်ပံ့ချက်ကြောင့် ရောက်စေကာမူ ထိုသူပြုခဲ့သော ပါဏာတိပါတဒုစရိုက် အမှုကြောင့် ဤလူ့ပြည်လောကဌ် အသက်တိုခြင်း ဖြစ်ရပေသည်။

သုဘ လုလင်....ပါဏာတိပါတ ဒုစရိုက် အမှုသည်ကား အသက်တိုခြင်းကို ဖြစ်စေတတ်သော မကောင်းသော မိစ္ဆာအကျင့် ပဋိပတ်ပေတည်း။

သုဘလုလင်....ထိုမှတပါး ဤလောကဌ် အချို့သော အမျိုးကောင်းသမီး အမျိုးကောင်းသားတို့သည် ပါဏာတိပါတဒုစရိုက်ကို ရှောင်၍ ပါဏာတိပါတ ဒုစရိုက်ကို ပယ်ရှားဖျောက်၍ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ရှားကြကုန်သည်၊ ထိုအမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည်မှ နောက်ကာလဝယ် ကောင်းသောသူတို့၏ လားရာ နတ်ရွာ သုဂတိသို့ ရောက်ကြရကုန်သည်။

အကယ်၍ နတ်ရွာသုဂတိသို့ မရောက်ဘဲ လူ့ပြည်လောကသို့ ပဋိသန္ဓေ တည်နေကပ်ရောက်သည်ရှိသော် ထိုပုဂ္ဂိုလ်တို့သည် အာယုကပ်ပတ်လုံး တည် နိုင်သော ရှည်လျားသော အသက်ရှိကြပေသည်။

သုဘလုလင်....ပါဏာတိပါတမှ ရှောင်ကြဉ်ခြင်း တည်းဟူသော သုစရိုက် တရားသည် အသက်ရှည်လျားခြင်းကို ဖြစ်ပွါးစေတတ်သည်၊ ကောင်းမြတ် သော သမ္မာပဋိပဒါ ဖြစ်ပေသည် ဟု သဗ္ဗညုမြတ်စွာဘုရားသည် လူ့ပြည် လောကဝယ် သတ္တဝါတို့ အသက်တိုခြင်းကို ဖြစ်စေတတ်သော အကုသိုလ်ကံ အသက်ရှည်ခြင်းကို ဖြစ်စေတတ်သော ကုသိုလ်ကံ နှစ်ပါးတို့ကို စိတ်ဖြာခဲ့ခြား ပြသတော်မူခဲ့ပါသည် အရှင်ဘုရား။

ပဋ္ဌာ။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ သတ္တာနံ အပ္ပါဗာဓတ္တှါဗာဓ-
သံဝတ္တနကကမ္မာနိ ဝိဘဇိတ္တှာ ပကာသိတာနိ။

ဝိဿဇ္ဇနာ။ ။ဣဓ မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ သတ္တာနံ ဝိဟေဌကဇာတိကော ဟောတိ ပါဏိနာ ဝါ လေဋ္ဌုနာဝါ ဒဏ္ဍေနဝါ သတ္ထေန ဝါတိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ သတ္တာနံ အပ္ပါဟာဓဗ္ဗဝုါဟာဓသံဝတ္တနကကမ္မာနိ ဝိဘဇိတ္ဝာ ပကာသိတာနိ။

အမေး။ ။ထိုစဉ္ဍကမ္မဝိဘင်္ဂသုတ္တန်တရား ဒေသနာတော် မြတ်၌ သဗ္ဗညူ မြတ်စွာဘုရားသခင်သည် သတ္တဝါတို့၏ အနာရောဂါကင်းရှင်းခြင်း ကျန်းမာခြင်းကို ဖြစ်စေတတ်သောကံ သတ္တဝါတို့၏ အနာရောဂါ များပြားခြင်း မကျန်းမာခြင်းကို ဖြစ်စေတတ်သော ကံတို့ကို အဘယ်သို့လျှင် ဝေဘန်ခဲ့ခြင်း၍ ဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုစဉ္ဍကမ္မဝိဘင်္ဂသုတ္တန် ဒေသနာတော်မြတ်၌ သဗ္ဗညူ မြတ်စွာဘုရားသည် ဣဓ မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ သတ္တာနံ ဝိဟေဌကဇာတိကော ဟောတိ-အစရှိသည်ဖြင့်—

သုဘလုလင်....ဤလောက၌ အချို့သော မိန်းမ ယောကျ်ားတို့သည် သူတဘက်သား သတ္တဝါတို့ကို လက်ဖြင့်သော်၎င်း တုတ်ဖြင့်သော်၎င်း ခဲ လုံတံဖြင့်သော်၎င်း မားလက်နက် စသည်ဖြင့်သော်၎င်း သူတဘက်သား ပင်ပန်းအောင် ညှဉ်းပမ်းနှိပ်စက်တတ်သော သဘောရှိပါပေ၏။

ထိုသို့ သူတဘက်သား ပင်ပန်းနွမ်းနယ်အောင် ညှဉ်းပမ်းနှိပ်စက်တတ်သော ဝိဟေဌက အကုသိုလ်ကံ အစွမ်းကြောင့် ထိုဝိဟေဌက အကုသိုလ်သမား မိန်းမ ယောကျ်ားသည် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် အပါယ်ဒုဂ္ဂတိငရဲဘုံ၌ ပဋိသန္ဓေကပ်ငြိရပေသည်။

အကယ်၍ ငရဲဘုံ၌ မကပ်ရောက်ဘဲ အပရာပရိယကုသိုလ်ကံ တပါးပါး ထောက်ပံ့ချက်ကြောင့် လူ့ပြည်လောကသို့ ရောက်ဧကာမူ ထိုသို့ သူတပါး တိအား ညှဉ်းပန်းနှိပ်စက်ခဲ့သော ဝိဟေသာ အကုသိုလ်ကံ အစွမ်းကြောင့် လူ့ပြည်လောကဝယ် အနာရောဂါများပြားခြင်း မကျန်းမာခြင်း တည်းဟူသော အကျိုးတရားကို ခံစားရပေသည်။

သုဘလုလင်....သူတပါးတို့အား ညှဉ်းပန်းနှိပ်စက်ခြင်း တည်းဟူသော ဝိဟေသာအကုသိုလ်ကံ တရားသည်ကား အနာရောဂါ များပြားခြင်း မကျန်း

မာခြင်းကို ဖြစ်စေတတ်သော ဖောက်ပြန်မှုးယွင်းသော အကျင့်ပဋိပတ် ဖြစ်ပေသည်။

သုဘလုလင်....ဤလောက၌ အချို့သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် သူတဘက်သား သတ္တဝါတို့အား လက်ဖြင့်သော်၎င်း ခဲဖြင့်သော်၎င်း တုတ်လှံကဲဖြင့်သော်၎င်း တစုံတခု လက်နက်ဖြင့်သော်၎င်း တစုံတခု ညှဉ်းပန်းနှိပ်စက်မှုကို မပြု ကြပေ။

ထိုသို့ ဝိဟိံသာ အကုသိုလ်တရားမှ ရှောင်ရှားလေ့ရှိကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည် စုတိပြတ်ကြွ သေလွန်သည်မှ နောက်ကာလဝယ် နတ်ရှာသုဂတိသို့ ရောက်ရပေသည်။

အကယ်၍ လူ့ပြည်လောက၌ ပဋိသန္ဓေတည်နေရသည်ရှိသော် ထို ဝိဟိံသာ အကုသိုလ်တရားမှ ရှောင်ရှား၍ အဝိဟိံသတည်းဟူသော ကုသိုလ် တရားကို ပွါးများအားထုတ်ခဲ့သော အမျိုးကောင်းသား အမျိုးကောင်းသမီး သည် အနာရောဂါကင်းစင် ကျန်းမာခြင်းဂုဏ်နှင့်ပြည့်စုံခဲ့ပေသည်။

သုဘလုလင်....အဝိဟိံသခေါ်သော သူတပါးတို့အား မညှဉ်းပန်း မနှိပ်စက်ခြင်းသည် အနာရောဂါကင်းရှင်းခြင်း ကျန်းမာခြင်းကို ဖြစ်စေတတ် သော ကောင်းမြတ်သော အကျင့် ပဋိပတ်ဖြစ်ပေသည် ဟု သဗ္ဗညုမြတ်စွာ ဘုရားသည် သတ္တဝါတို့၏ အနာရောဂါကင်းရှင်းခြင်း ကျန်းမာခြင်းကို ဖြစ်စေ တတ်သော ကုသိုလ်ကံ အနာရောဂါထူပြောခြင်း မကျန်းမာခြင်းကို ဖြစ်စေ တတ်သော အကုသိုလ်ကံတို့ကို စိတ်ဖြာခဲ့ခြားပြသတော်မူခဲ့ပါသည် အရှင် ဘုရား။

ပုဆ္ဆာ။ ။ကထဥ္စာဝုသော တတ္ထ ဘဂဝတာ သတ္တာနံ သုဝဏ္ဏဒုဗ္ဗဏ္ဏသံဝတ္တ-
နကကမ္မာနိ ဝိဘဇိတ္ဘာ ပကာသိတာနိ။

ဝိဿဇ္ဇနာ။ ။ဣဓ မာဏဝ ကေစ္စော ဣတ္ထိ ဝါ ပုရိသော ဝါ ကောဏော ဟောတိ ဥပါယာသဗဟုလော၊ အပ္ပမို ဝုတ္တော သမာနော အဘိသဇ္ဇတိ ကုပ္ပတိ ဗျာပဇ္ဇတိ ပတိဋ္ဌီယတိ၊ ကောပဉ္စ ဒေါ-သဉ္စ အပ္ပစ္စယဉ္စ ပါတုကရောတိတိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ သတ္တာနံ သုဝဏ္ဏဒုဗ္ဗဏ္ဏသံဝတ္တနကကမ္မာနိ ဝိဘဇိတ္ဘာ ပကာသိတာနိ။

အမေး။ ။ထို့ပုဒ္ဂကမ္မဝိဘင်္ဂ် သုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသခင်သည် သတ္တဝါတို့၏ ရုပ်ရေအဆင်း လှုပတင့်တယ်ခြင်းကို ဖြစ်စေတတ်သောကံ, သတ္တဝါတို့၏ ရုပ်ရေအဆင်း မလှုပ မတင့်တယ်ခြင်း အရုပ်အဆင်း ဆိုးဝါးခြင်းကို ဖြစ်စေတတ်သော ကံတို့ကို အဘယ်သို့လျှင် ဝေဘန်ခဲ့ခြင်း၍ ဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို့ပုဒ္ဂကမ္မဝိဘင်္ဂ် သုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် ဣဓ မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ ကောဓနော ဟောတိ ဥပါယာသဗဟုလော-အစရှိသည်ဖြင့်—

သုဘလုလင်....ဤလောက၌ အခွါသော ယောနိသော မနသိကာရ မရှိကြသော မိန်းမယောကျ်ားသည် အမျက်ထွက်လေ့ရှိပေသည်၊ သူတပါးတို့အား ပူပန်အောင် နှိပ်စက်လေ့ရှိပေသည်၊ အနည်းငယ်မျှ သူတပါးတို့က ပြောသည်ကိုပင် ယမ်းပုံမီးကျပမာကဲ့သို့ လွန်စွာလွန်စွာ အမျက်ထွက်လေ့ ရှိပေသည်၊ အမျက်ထွက်ခြင်း, ပြစ်မှားခြင်း,မနှစ်သက်ခြင်းကို ထင်စွာ ပြုတတ်ပေသည်။

သုဘလုလင်....ဤဆိုအပ်ပြီးသော အမျက်ကြီးသောပုဂ္ဂိုလ်သည် ထို အမျက်ကြီးမှုဟူသော အကုသိုလ်ဒုစရိုက်ကံကြောင့် စုတိပြတ်ကြွ သေလွန်သည်မှ နောက်ကာလဝယ် ငရဲဘုံသို့ ကျရောက်ရပေသည်။

အကယ်၍ အပရာပရိယ ကုသိုလ်ကံ ထောက်မသဖြင့် ငရဲဘုံသို့မကျရောက်ဘဲ လူ့ပြည်လောက၌ ပဋိသန္ဓေတည်နေရစေကာမူ ထိုပုဂ္ဂိုလ်သည် ထို ဘဝကဆည်းပူးခဲ့သော အမျက်ထွက်ခြင်း အမျက်ကြီးခြင်းတည်းဟူသော အကုသိုလ်ကံကြောင့် အရုပ်အဆင်း မလှုပခြင်းဖြစ်ရပေသည်။

သုဘလုလင်....အမျက်ထွက်ခြင်းသည်ကား အရုပ်အဆင်း မလှုပခြင်းကို ဖြစ်စေတတ်သည့် မကောင်းသော အကျင့်ပင်ဖြစ်ပေတည်း။

သုဘလုလင်....ထို့ပြတပါး ဤလောက၌ အခွါသော ယောနိသော မနသိကာရနှင့်ပြည့်စုံသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် အမျက်ထွက်ခြင်း ကင်းကြပါပေကုန်သည် ပူပန်ခြင်းကင်းကြပါပေကုန်သည်၊ တပါးသောသူတို့က များစွာပင် မခံနိုင်ဘွယ်ရာ အပြစ်စကားပြောကြားကြပါသော်လည်း အမျက်ကို သိုသိပ်၍ သည်းခံလေ့ ရှိကြပါပေသည်။

သုဘလုလင်....ဤသို့ အမျက်ဒေါသကို ပယ်ရှားရ၍ သည်းခံခြင်း ခန္တီတရားကိုပွါးများသော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည် စုတိပြတ်ကြွေသေလွန်သည်မှ နောက်ကာလဝယ် ကောင်းသော သူတို့၏ လားရာ နတ်ရှာသုဂတိသို့ ရောက်ရပေသည်။

အကယ်၍ လူ့ပြည်လောကဝယ် တဖန်ဘဝပဋိသန္ဓေ တည်နေပြန်လျှင် လည်း ထိုသို့သည်းခံခြင်းတည်းဟူသော ကောင်းမှုကုသိုလ်ကံ၏ အာနုဘော် ကြောင့် သူမတူတန် တင့်တယ် လှပသော အဆင်းနှင့်ပြည့်စုံရပေသည်။

သုဘလုလင်....အမျက်မထွက် သည်းခံခြင်းတည်းဟူသော ကောင်းမှု ကုသိုလ်တရားသည်ကား ရုပ်ရေအဆင်း လှပခြင်းကို ဖြစ်စေတတ်သည့် ကောင်းမြတ်သော အကျင့်ပဋိပတ်ဖြစ်ပေသည်ဟု သဗ္ဗညုမြတ်စွာဘုရားသည် သတ္တဝါတို့၏ ရုပ်ရေအဆင်း လှပတင့်တယ်ခြင်းကို ဖြစ်စေတတ်သော ကုသိုလ်ကံ,သတ္တဝါတို့၏ ရုပ်ရေအဆင်း မလှပခြင်းကို ဖြစ်စေတတ်သော အကုသိုလ်ကံ ဤနှစ်တန်တို့ကို ဝေဘန်ခဲ့ခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ သတ္တာနံ မဟာသက္ခအပ္ပေသက္ခ-သံဝတ္တနကကမ္မာနိ ဝိဘတ်တ္ထာ ပကာသိတာနိ။

ဝိဿဇ္ဇနာ။ ။ဣဓ မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ ဣဿာမနကော ဟောတိ၊ ပရလာဘသက္ကာရ ဂရုကာရ မာနနဝန္ဒန ပူဇာသု ဣဿတိ ဥပဒုဿတိ ဣဿံ ဗန္ဓတိတိ ဧဝမာဒိနာ ဘဂဝန္တံ တတ္ထ ဘဂဝတာ သတ္တာနံ အပ္ပေသက္ခမဟာသက္ခသံဝတ္တနကာနိ ကမ္မာနိ ဝိဘတ်တ္ထာ ပကာသိတာနိ။

အမေး။ ။ထိုစုဋ္ဌကမ္မဝိဘင်္သုတ်ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ် စွာဘုရားသခင်သည် သတ္တဝါတို့၏နောက်လိုက် အခြွေအရံပေါများ၍ အရှိန် အဝါ တန်ခိုးအာနုဘော် ကြီးမားခြင်း နောက်လိုက် အခြွေအရံ နည်းပါး၍ အရှိန်အဝါ သြဇာနည်းပါးခြင်းတို့ကို ဖြစ်စေတတ်သော ကံနှစ်မျိုးတို့ကို အဘယ်သို့လျှင် ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုစုဋ္ဌကမ္မဝိဘင်္ သုတ်တန်ဒေသနာတော်မြတ်၌ မြတ်စွာ ဘုရားသည် ဣဓ မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ ဣဿာမနကော ဟောတိ-အစရှိသည်ဖြင့်——

သုဘလုလင်....ဤလောက၌ အယောနိသော မနသိကာရ အရင်းခံရှိကြသော အချို့သော မိန်းမ ယောကျ်ားသည် သူတပါးတို့၏ လာဘ်လာဘ ပူဇော်သက္ကာရအရိုအသေပြုခြင်း ဂရုကာရ (အလေးအမြတ် အပြုခံရခြင်း) မာနန(မြတ်နိုးခြင်း) ရှိခိုးခြင်း(ဝန္ဒနာ) ပူဇော်ခြင်း(ပူဇနာ)တို့၌ မနာလို ဝန်တိုသော စိတ်နှလုံးရှိကြပေသည်။

သုဘလုလင်....ဤဆိုအပ်ပြီးသော သူတပါးတို့၏ လာဘ သက္ကာရ သိလောက အစရှိသော ကောင်းသောပြည့်စုံခြင်း သမ္မတ္တိတို့၌ မနာလိုဝန်တို ဣဿာတရား ကြီးပွါးခြင်း တည်းဟူသော အကုသိုလ်ကံကြောင့် ထိုမိန်းမ ယောကျ်ားသည် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် ငရဲဘုံသို့ ကပ်ရောက်ရပေသည်။

အကယ်၍ အပရာပရိယ ကုသိုလ်ကံ ထောက်မသဖြင့် လူ့ပြည်လောက၌ ဘဝပဋိသန္ဓေ တည်နေစေကာမူ ထိုဣဿာတရား ပွါးများခဲ့သော အကုသိုလ်ကံရှင် ပုဂ္ဂိုလ်သည် ဤလူ့ပြည်လောက၌ နောက်လိုက် အခြွေအရံ နည်းပါးခြင်း တန်ခိုးအရှိန်အဝါ နည်းပါးခြင်း တည်းဟူသော အပေသက္ခ အပြစ်တရားတို့ကို ခံစားရပေသည်။

သုဘလုလင် ....သူတပါးတို့၏ စည်းစိမ်ချမ်းသာကို မမြိန်နှိုင် တငြူစူဝန်ရှိခြင်း တည်းဟူသော ဣဿာအကုသိုလ်တရားသည် တန်ခိုးအရှိန်အဝါ နည်းပါးခြင်း အခြွေအရံ နည်းပါးခြင်းကို ဖြစ်စေတတ်သည့် မကောင်းသော မိစ္ဆာပဋိပတ် ဖြစ်ပေသည်။

သုဘလုလင်....ထို့မှတပါး ဤလောက၌ ယောနိသော မနသိကာရ အရင်းခံ ရှိကြသော အမျိုးကောင်းသမီး အမျိုးကောင်းသား တို့သည် သူတပါးတို့၏ လာဘ်လာဘ သူတပါးတို့၏ ပူဇော်သက္ကာရ သူတပါးတို့၏ အရိုအသေပြုခြင်း ဂရုကာရ မြတ်နိုးခြင်း မာနန ရှိခိုးခြင်း ပူဇော်ခြင်း တည်းဟူသော သူဘပါးတို့၏ သမ္မတ္တိ၌ တငြူစူစောင်းမြောင်းခြင်း မနာလိုခြင်း တည်းဟူသော ဣဿာတရားကို ပယ်ရှားကြပါပေကုန်သည်၊ ဣဿာတရားကို ဟန့်တားကြပါပေကုန်သည်။

ထိုသို့ ဣဿာတရားကို ပယ်ရှား ဟန့်တားကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် စုတိပြက်ကြွေ သေလွန်သည်မှ နောက်ကာလဝယ်

နတ်ရွာသုဂတိသို့ရောက်ကြရပါသည်။ လူ့ပြည်လောကဌ် ဘဝ ပဋိသန္ဓေတည်နေပြန်ပါလည်း ထိုဣဿာတရားကို ပယ်ရှားသော အမျိုးကောင်းသား အမျိုးကောင်းသမီး အပေါင်းတို့သည် အခြေအရံ ပရိသတ် များပြားခြင်း တန်ခိုးအရှိန်အဝါ ကြီးမားခြင်း တည်းဟူသော အကျိုးတရားတို့ကို ခံစားရပေသည်။

သုဘလုလင်....သူတပါးစည်းစိမ်ကို မမြိန်နိုင်ခြင်း အညိုးကြီး ညှိုး၍ ငြူစူစောင်းမြောင်းခြင်း တည်းဟူသော ဣဿာတရားမှ လွတ်လွတ်ရှောင်ရှားခြင်း တည်းဟူသော ကောင်းမှု ကုသိုလ်တရားသည် တန်ခိုးအရှိန်အဝါ ကြီးမားခြင်း တည်းဟူသော မဟာသက္ခဂုဏ်ကို ဖြစ်စေတတ်သော ကောင်းမြတ်သော အကျင့် ပဋိပတ် ဖြစ်ပါပေသည် ဟု သဗ္ဗညုမြတ်စွာဘုရားသည် အခြေအရံ နောက်လိုက် များပြားခြင်း တန်ခိုးအရှိန်အဝါ ကြီးမားခြင်းကို ဖြစ်စေတတ်သော ကုသိုလ်ကံ အခြေအရံ နောက်လိုက်နည်းပါးခြင်း, တန်ခိုးအရှိန်အဝါ နည်းပါးခြင်းကို ဖြစ်တတ်သော အကုသိုလ်ကံ ဤနှစ်တန်တို့ကို ဝေဘန်စိတ် ဖြာခဲ့ခြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ မဟာဘောဂအပ္ပဘောဂ-သံဝတ္တနကကမ္မာနိ ဝိဘဇိတ္ဝာ ပကာသိတာနိ။

ဝိဿဇ္ဇနာ။ ။ဣဓ မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ န ဒါတာ ဟောတိ၊ သမဏဿ ဝါ ဗြာဟ္မဏဿ ဝါ အန္နံ ပါနံ ဝတ္ထံ ယာနံ မာလာဂန္ဓ ဝိလေပနံ သေယျာဝသထပဒီပေယျာနိ ဒေ-မာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ မဟာဘောဂအပ္ပဘောဂ-သံဝတ္တနကကမ္မာနိ ဝိဘဇိတ္ဝာ ပကာသိတာနိ။

အမေး။ ။ထိုစူဠဥကမ္မဝိဘင်္သုတ်တန် တရားဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသခင်သည် သတ္တဝါတို့၏ စည်းစိမ် ဥစ္စာ ပေါများ၍ ချမ်းသာကြွယ်ဝခြင်းကို ဖြစ်စေတတ်သောကံ သတ္တဝါတို့၏ စည်းစိမ်ဥစ္စာ ရှားပါး၍ ဆင်းရဲနွမ်းပါးခြင်းကို ဖြစ်စေတတ်သောကံတို့ကို အဘယ်သို့လျှင် ဝေဘန်ခဲ့ခြား၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုစူဠဥကမ္မဝိဘင်္သုတ်တန် ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် ဤမ မာဏဝ ဧကစ္စော ဤတ္ထီ ဝါ ပုရိသော ဝါ န ဒါတာ

ဟောတိ သမဏာသ ဝါ ဗြာဟ္မဏာသ ဝါ အန္နံ ပါနံ ဝတ္ထံ ယာနံ မာလာဂန္ဓ-ဝိလေပနံ သေယျာဝသထပဒီပေယျ-အစရှိသည်ဖြင့်—

သုဘလုလင်.... ဤလောက၌ ယောနိသောမနသိကာရ မရှိကြသော အခွါသော မိန်းမယောကျားသည် ရဟန်းပုဏ္ဏား သူမြတ်များအား စားဖွယ် သောက်ဖွယ် ဝတ်ဖွယ် ယာဉ်အမျိုးမျိုး ပန်း နံ့သာ နံ့သာ ပျော်ငး အိပ်ရာ နေရာ ကျောင်း ဆီမီး တည်းဟူသော လှူရန် လှူဖွယ်ဝတ္ထု ဆယ်ပါးတို့ကို တရံတခါမျှ မလှူမတန်းမိဘဲ ရှိခဲ့ပေသည်။

ထိုသို့ အလှူဒါန လုံးဝ မရှိသော ပုဂ္ဂိုလ်သည် မလှူတန်းမှုကို အကြောင်းပြု၍ အကုသိုလ်ဒုစရိုက် တရားတို့ကို သာလျှင် ဆည်းပူးပွါးများခဲ့ပေသည်။

ထိုအကုသိုလ် ဒုစရိုက်တရားတို့ကြောင့် ထိုပုဂ္ဂိုလ်သည် စုတိပြတ်ကြွေသေလွန်သည်မှ နောက်ကာလဝယ် မကောင်းသောဘဝရဲဒုဂ္ဂတိသို့ ရောက်ရပါသည်၊ ကုသိုလ်ကံ အပရာပရိယကံဟောင်း ထောက်မ၍ လူ့ပြည်လောကသို့ ဘဝပဋိသန္ဓေ အကယ်၍ တည်နေစေကာမူ ရွေးအတိတ်ဘဝက လှူဘွယ် ဆယ်ရပ် ဝတ္ထုတို့ကို မလှူခဲ့ခြင်း တည်းဟူသော အကြောင်းကြောင့် လူ့ပြည် လောကဝယ် စီးပွါးဥစ္စာ ခေါင်းပါးခြင်း ဆင်းရဲနွမ်းပါးခြင်း ဖြစ်ရပေသည်။

သုဘလုလင်....အတိတ် သံသရာ ဘဝက လှူဘွယ်ဆယ်မျိုးတို့ကို မလှူရက် မတန်းရက် မပေးရက် မစွန့်ရဲယ တည်းဟူသော အကုသိုလ်တရားသည် ဤဘဝဝယ် စီးပွါးချမ်းသာ နည်းပါးခြင်း၏ အကြောင်း စီးပွါးချမ်းသာ နည်းပါးခြင်းကို ဖြစ်စေတတ်သော မကောင်းသော မိစ္ဆာပဋိပတ် ဖြစ်ပါပေသည်။

သုဘလုလင်....ဤလောက၌ အခွါသော ယောနိသော မနသိကာရနှင့် ပြည့်စုံသော အမျိုးကောင်းသား အမျိုးကောင်းသမီး သည် မိမိတို့၏ နောက်သို့ လိုက်ပါစေတတ်သော အနုဂါမိက ရွှေအိုးကို မြှပ်နှံအံ့ ဟု ယောနိသော မနသိကာရ အရင်းခံဖြင့် အလှူခံပုဂ္ဂိုလ် ရဟန်းပုဏ္ဏားတို့အား စားဖွယ်ကိုင်း သောက်ဖွယ်ကိုင်း ဝတ်ဖွယ်ကိုင်း ဘိနပ် အစရှိသော ယဉ်ရထားကိုင်း ပန်း နံ့သာ နံ့သာပျော်ငးကိုင်း အိပ်ရာ နေရာ ကျောင်း ဆီမီးကိုင်း ဤဆို

အပ်ပြီးသော လျှာဘွယ် ဆယ်ရပ်တို့ကို သဒ္ဒါကြည်ဖြူ လျှာဒါန်းပူဇော်လေ့ ရှိပါပေသည်။

ထိုသို့ ဒါနအရှင် ဖြစ်သော အမျိုးကောင်းသား အမျိုးကောင်းသမီး သည် ထိုဒါနကောင်းမှုကုသိုလ်ကံကြောင့် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် နတ်ရွာသုဂတိသို့ရောက်ရသည်၊ လူ့ပြည်လောကဌ် ဘဝ ပဋိသန္ဓေ တည်နေသောအခါလည်း ထိုဒါနကောင်းမှု ကုသိုလ်ကံ၏ အာနုဘော်ကြောင့် သူမတူတန် လောက်ငံ ကုံလုံ ပြည့်စုံကြွယ်ဝသော အတွင်းအပ အသုံးအဆောင် စည်းစိမ်ချမ်းသာတို့နှင့် ပြည့်စုံပေသည်။

သုဘလုလင်....ဒါနကောင်းမှု ကုသိုလ်တရားသည်ကား အတွင်းအပ အသုံးအဆောင် စည်းစိမ်ချမ်းသာတို့ကို ဖြစ်စေတတ်သော ကောင်းမြတ် သော အကျင့်ပဋိပတ် ဖြစ်ပေသည် ဟု သဗ္ဗညုမြတ်စွာဘုရားသည် ဤလူ့ပြည် လောကဝယ် သတ္တဝါတို့၏ စည်းပုံးဥစ္စာ နည်းပါး ဆင်းရဲနွမ်းပါးခြင်းကို ဖြစ်စေတတ်သော အကုသိုလ်ကံ စီးပွါးဥစ္စာ များပြားခြင်းကို ဖြစ်စေတတ် သော ကုသိုလ်ကံ ဤနှစ်တန်တို့ကို ဝေဘန်စိတ်ဖြာ ဟောကြားတော်မူအပ် ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ သတ္တာနံ ဥစ္စာကုလီန နီစကုလီန-သံဝတ္တနကကမ္မာနိ ဝိဘတ္တာ ပကာသိတာနိ။

ဝိဿဇ္ဇနာ။ ။ဣဓ မာဏဝ ဧကစ္စော ဣတ္ထိ ဝါ ပုရိသော ဝါ ထဒ္ဒါ ဟောတိ အတိမာနီ အာဘိဝါဒေတဗ္ဗံ နာ အာဘိဝါဒေတိ၊ ပစ္စုဋ္ဌာတဗ္ဗံ နာ ပစ္စုဋ္ဌေတိ၊ အာသနာရဟာဿ နာ အာသနံ ဒေတိ၊ မဂ္ဂါရဟာဿ နာ မဂ္ဂံ ဒေတိ၊ သက္ကာတဗ္ဗံ နာ သက္ကရောတိ၊ ဂရုကာတဗ္ဗံ နာ ဂရုကရောတိ၊ မာနေတဗ္ဗံ နာ မာနေတိ၊ ပူဇေတဗ္ဗံ နာ ပူဇေတိတိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ သတ္တာနံ ဥစ္စာကုလီန-နီစကုလီနသံဝတ္တနကကမ္မာနိ ဝိဘတ္တာ ပကာသိတာနိ။

အမေး။ ။ထိုစူဠကမ္မဝိဘင်္သုတ်တွင် ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသခင်သည် သတ္တဝါတို့၏ မြင့်မြတ်သော အထက်တန်းအမျိုး၌ ဖြစ်ခြင်းကို ဖြစ်စေတတ်သော ကံ ယုတ်နိမ့်သော အောက်တန်းစားအမျိုး၌

ဖြစ်ခြင်းကို ဖြစ်စေတတ်သော ကံတို့ကို အဘယ်သို့လျှင် ဝေဘန်ခဲ့ခြင်း၍ ဟောကြားတော်မူခဲ့ပါသနည်း ဘုရှင်။

အဖြေ။ ။ထို့စဉ်ကမ္မဝိဘင်္ဂသုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာ ဘုရားသခင်သည် ဣဓ မာဏဝ ကေစ္စော ဣတ္ထိ ဝါ ပုရိသော ဝါ ထဒ္ဒါ ဟောတိ အတိမာနီ-အစရှိသည်ဖြင့်—

သုဘလုလင်....ဤလောက၌ ယောနိသော မနသိကာရ အစရှိသော အခြို့သော မိန်းမ ယောကျ်ားသည် မာန်မာန၏ အစွမ်းအားဖြင့် ခက်ထန်ပေသည်၊ အလွန် အလွန် မိမိကိုယ်ကို အထင်ကြီးကြပေသည်၊ ရှိခိုးသင့်သော ပုဂ္ဂိုလ်ကိုလည်း ရှိမခိုး၊ ခရီးဦး ကြိုဆိုသင့်သော ပုဂ္ဂိုလ်ကိုလည်း ခရီးဦး မကြိုဆိုဘဲ ဖြစ်ခဲ့ပေသည်၊ နေရာပေးခြင်းငှါ ထိုက်သော ပုဂ္ဂိုလ်ကိုလည်း နေရာမပေး၊ လမ်းခရီးပေးခြင်းငှါ ထိုက်သော သက်ကြီးရွယ်ရင့် ဂုဏ်သိက္ခာကြီးမားသော ပုဂ္ဂိုလ်တို့အားလည်း လမ်းခရီးကို မပေးဘဲ နေခဲ့သည်၊ အရှိအသေ ပြုသင့်သော ပုဂ္ဂိုလ်ကို အရှိအသေမပြု၊ အလေးအမြတ်ပြုသင့်သော ပုဂ္ဂိုလ်ကို အလေးအမြတ်မပြု၊ မြတ်နိုးသင့်သော ပုဂ္ဂိုလ်ကို မမြတ်နိုး၊ ပူဇော်သင့်သောပုဂ္ဂိုလ်ကို မပူဇော်ဘဲ ရှိပေသည်။

သုဘလုလင်.... ဤဆိုအပ်ပြီးသော မာန်မာန ကြီးမားခြင်း တည်းဟူသော အကြောင်းကြောင့် ထိုသတ္တဝါသည် စုတိပြတ်ကြွ သေလွန်သည်မှ နောက်ကာလ၌ အပါယ်ဒုဂ္ဂတိ နိရယငရဲသို့ ကပ်ရောက်ရပေသည်။

အကယ်၍ အပရာပရိယကုသိုလ်ကံ ဟောင်း ထောက်ပံ့သဖြင့် လူ့ပြည် လောကဝယ် ဘဝ ပဋိသန္ဓေ တည်နေရပြန်ပါသော်လည်း ထိုသို့ သဘော ရှိသော မာန်မာန ကြီးပွါးသော ပုဂ္ဂိုလ်သည် ယုတ်ညံ့သော ဒွန်းစဏ္ဍာမျိုး အစရှိသော အမျိုးဌ်သာလျှင် ဖြစ်ပွါးရပေသည်။

သုဘလုလင်....မာန်မာန ခက်ထန်ခြင်း တည်းဟူသော အကုသိုလ်တရားသည်ကား ယုတ်မာသော အမျိုးဌ် ဖြစ်စေတတ်သည့် မကောင်းသောအကျင့် ပဋိပတ် ဖြစ်ပေသည်။

သုဘလုလင်....ထို့မှတပါး ဤလောက၌ ယောနိသော မနသိကာရ အရင်းခံရှိကြသော အမျိုးကောင်းသမီး အမျိုးကောင်းသားတို့သည် ရှိခိုးသင့်သော ပုဂ္ဂိုလ်ကိုလည်း ရိုသေမြတ်နိုး ရှိခိုးပါပေသည်၊ ခရီးဦး ကြိုဆိုသင့်

သော ပုဂ္ဂိုလ်ကိုလည်း ခရီးဦး ကြိုဆိုပါပေသည်၊ နေရာပေးခြင်းငှါ ထိုက်သော ဂုဏ်ဝုစို့ ဝယဝုစို့ ပုဂ္ဂိုလ်တို့အားလည်း နေရာတရိုတသေ ပေးခဲ့ပါပေသည်၊ လမ်းခရီးပေးသင့်သော ဂုဏ်ဝုစို့ ဝယဝုစို့ ပုဂ္ဂိုလ်တို့အား လမ်းခရီးပေးခဲ့ပါပေသည်၊ အရိုအသေ ပြုထိုက်သော ပုဂ္ဂိုလ်ကို အရိုအသေ ပြုပါပေသည်၊ အလေးအမြတ် ပြုထိုက်သော ပုဂ္ဂိုလ်ကို အလေးအမြတ်ပြုပါပေသည်၊ မြတ်နိုးထိုက်သော ပုဂ္ဂိုလ်ကို မြတ်နိုးပါပေသည်၊ ပူဇော်ထိုက်သော ပုဂ္ဂိုလ်ကို ပူဇော်ပါပေသည်။

သုဘလုလင်....ထိုသို့သော အမျိုးကောင်းသား အမျိုးကောင်းသမီးသည် အရိုအသေပြုခြင်း မာန်မာန နည်းပါးခြင်း တည်းဟူသော ကောင်းမှုကုသိုလ်ကံကြောင့် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် ဒေဝဂတိဘဝ၌ ပဋိသန္ဓေ တည်နေရပါသည်၊ လူ့ပြည်လောကဝယ် ဘဝပဋိသန္ဓေတည်နေသော အခါ၌လည်း ထိုသို့ နိဝါတ နိမာန မဂ််လာတရားနှင့် ပြည့်စုံသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည် မင်းမျိုး ပုဏ္ဏားမျိုး အစရှိသော မြင့်မြတ်သော အမျိုးဘ၌သာလျှင် ဘဝပဋိသန္ဓေ တည်နေရပါပေသည်။

သုဘလုလင်....မာန်မာန တရားကို နှိမ့်ချခြင်း တည်းဟူသော ကောင်းမှုကုသိုလ်တရားသည်ကား မြတ်သောအမျိုးဘ၌ ဖြစ်ပွါးစေတတ်တဲ့ ကောင်းမှုကောင်းမြတ်သောအကျင့် ပဋိပတ်ပါပေတည်း ဟု သဗ္ဗညုမြတ်စွာဘုရားသည် သတ္တဝါတို့၏ မြတ်သောအမျိုးဘ၌ ဖြစ်စေတတ်သော ကောင်းမှုကုသိုလ်ကံ ယုတ်ညံ့သည့် ဒုန်းစက္ကာအစရှိသော အမျိုးဘ၌ ဖြစ်စေတတ်သည့် မကောင်းမှုအကုသိုလ်ကံ ဤနှစ်တန်တို့ကို ဝေဘန်ခဲ့ခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုဆ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ သတ္တာနံ မဟာပညဒုပ္ပညသံဝတ္တနကကမ္မာနံ ဝိဘတ္တံ ပကာသိတာနံ။

ဝိဿဇ္ဇနာ။ ။ဣမ မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ သမဏံ ဝါ ဗြာဟ္မဏံ ဝါ ဥပသင်္ကမိတ္ဝာ နု ပရိပုစ္ဆိတာ ဟောတိ "ကိံ ဘန္တေ ကုသလံ၊ ကိံ အကုသလံ။ ကိံ သာဝဇ္ဇံ၊ ကိံ အနဝဇ္ဇံ။ ကိံ သေဝိတဗ္ဗံ၊ ကိံ နု သေဝိတဗ္ဗံ။ ကိံ မေ ကရိယမာနံ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ ဟောတိ၊ ကိံ ဝါ ပန မေ

ကရိယမာနံ ဒိဿရတ္တံ ဟိတာယ သုခါယ ဟောတီ”တိ ဧဝ-
မာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ သတ္တာနံ မဟာပညဒုပ္ပဥ-
သံဝတ္တနကကမ္မာနိ ဝိဘဇိတ္ဝာ ပကာသိတာနိ။

အမေး။ ။ထို့စဉ်ကမ္မဝိဘင်္ဂသုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညူ မြတ်စွာဘုရားသခင်သည် သတ္တဝါတို့၏ အသိအလိမ်မာ ဉာဏ်ပညာ ကြီးမားခြင်းကို ဖြစ်စေတတ်သောကံ သတ္တဝါတို့၏ အသိအလိမ်မာ ဉာဏ်ပညာ နည်းပါးခြင်းကို ဖြစ်စေတတ်သော ကံတို့ကို အဘယ်သို့လျှင် ဝေဘန်ခဲ့ခြင်း၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို့စဉ်ကမ္မဝိဘင်္ဂ သုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညူ မြတ်စွာဘုရားသည် ဣဓ မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ သမဏံ ဝါ ဗြာဟ္မဏံ ဝါ ဥပသင်္ကမိတ္ဝာ နံ ပရိပုစ္ဆိတာ ဟောတိ ကိံ ဘန္တေ ကုသလံ ကိံ အကုသလံ-အစရှိသည်ဖြင့်—

သုဘလုလင်....ဤလောကဝယ် အယောနိသောမနသိကာရ အရင်းခံရှိကြသော အခြို့သော မိန်းမယောကျ်ားသည် ပညာရှိသော ရဟန်းပုဏ္ဏား သူမွန် သူမြတ်တို့ထံသို့ ချဉ်းကပ်ပြီးလျှင် ကိံ ဘန္တေ ကုသလံ-အရှင်ဘုရား.... အဘယ်တရားသည် အပြစ်မရှိသော တရား,ကုသိုလ်တရား ဖြစ်ပါသနည်း၊ အဘယ်တရားသည် အပြစ်ရှိ၍ မကောင်းသော အကျိုးကို ပေးတတ်သည့် အကုသိုလ်တရား ဖြစ်ပါသနည်း။ အဘယ်တရားသည် အပြစ်ရှိသော တရား အဘယ်တရားသည် အပြစ်မရှိသော တရား ဖြစ်ပါသနည်း၊ အဘယ်တရားသည် မှီဝဲအပ်သောတရား အဘယ်တရားသည် မမှီဝဲအပ်သောတရား ဖြစ်ပါသနည်း၊ အဘယ်တရားကို တပည့်တော်ပြုသည်ရှိသော် ရှည်လျားစွာသော နေ့ညဉ့်အခါကာလပတ်လုံး အကျိုးမဲ့ အစီးအပွါးမဲ့ ဖြစ်ပါအံ့နည်း၊ အဘယ်သို့ သဘောရှိသော တရားကို တပည့်တော် လိုက်စားပြုလုပ်သည်ရှိသော် ရှည်လျားစွာသော နေ့ညဉ့်ပတ်လုံး စီးပွါးချမ်းသာ ဖြစ်ဘို့ရန် ဖြစ်ပါသနည်းဟု မေးမြန်းခြင်း လျှောက်ထားခြင်း ဆွေးနွေးခြင်းကို အလျဉ်းမပြုခဲ့ပေ။

ထို့သို့ ကုသိုလ် အကုသိုလ် စသည်ကို မေးမြန်းလျှောက်ထား ဆွေးနွေးခြင်း အဆံလျဉ်းမရှိသော အလျဉ်းမပြုခဲ့သော ပုဂ္ဂိုလ်သည် ကောင်းမှု မကောင်းမှုကိုမျှ မသိသဖြင့် မကောင်းသောမိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပ အစရှိသော မိစ္ဆာ

မဂ္ဂင်တို့ကိုသာ လိုက်မှားမိခဲ့သဖြင့် စုတိပြတ်ကြွေ သေလွန်သည်မှ နောက် ကာလဝယ် နိရယ ခေါ်သော ငရဲဘုံသို့ ပဋိသန္ဓေ တည်နေကပ်ရောက်ရ တော့သည်။

အကယ်၍ အပရာပရိယကုသိုလ်ကံ ထောက်မသဖြင့် လူ့ပြည်လောက ၌ ဘဝပဋိသန္ဓေ တည်နေရပါသော်လည်း ထိုသို့ ကုသိုလ် အကုသိုလ် အစ ရှိသော တရားတို့ကို မေးမြန်းခြင်း, စူးစမ်းခြင်း, ဆွေးနွေးခြင်း အလျဉ်းမရှိ သော ပဂ္ဂိုလ်သည် ပညာနည်းပါးသည့် အန္ဓဗာလပုဂ္ဂိုလ် ဖြစ်ရပေသည်။

သုဘလုလင်....ကုသိုလ်အကုသိုလ် အစရှိသော တရားတို့ကို မမေးမြန်း မဆွေးနွေး မစုံစမ်းခြင်း သည်ပင်လျှင် ဤလူ့ပြည်လောက၌ ပညာနည်းပါး ခြင်းကို ဖြစ်စေတတ်သော အကုသိုလ်ကံ ဖြစ်ပေသည်။

သုဘလုလင်....ထိုမှတပါး ဤလောက၌ ယောနိသောမနသိကာရ မတတ် ခံ ကောင်းမွန်းသော အမျိုးကောင်းသမီး အမျိုးကောင်းသားသည် ပညာရှိ သော ရဟန်းသူမြတ် ပုဏ္ဏားသူမြတ်တို့ထံ ချဉ်းကပ်ပြီးလျှင် "အိုအရှင်ဘုရား တို့....ကုသိုလ်တရား ဟူသည် အဘယ်တရား ဖြစ်ပါသနည်း၊ အဘယ်တရားသည် အကုသိုလ်တရား ဖြစ်ပါသနည်း။အဘယ်တရားသည် အပြစ်ရှိ၍ အဘယ်တရား အပြစ်မရှိပါသနည်း၊ အဘယ်တရားသည် မှိုင်အပ်သော တရားဖြစ်ပါသနည်း၊ အဘယ်တရားသည် မမှိုင်အပ်သော တရားဖြစ်ပါသနည်း၊ တပည့်တော်သည် ဘယ်ပုံ ဘယ်ပန်း လိုက်နာပြုကျင့်သည်ရှိသော် ရှည်လျားစွာသော နေ့ညဉ့် ပတ်လုံး အစဉ်းပွါးမဲ့ ချမ်းသာမဲ့ဘို့ရန် ဖြစ်ပါသနည်း၊ မည်သို့ မည်ပုံ မည်ပန်း ကောင်းမြတ်သော မဂ္ဂင်လမ်းဖြင့် မည်သို့ ကျင့်ကြုံပွါးများ အားထုတ်သည် ရှိသော် ရှည်လျားစွာသော နေ့ညဉ့်ပတ်လုံး စီးပွါးချမ်းသာ ဖြစ်ဘွယ်ရာရှိပါ သနည်း ဟု မေးမြန်းလျှောက်ထား စုံစမ်း စဉ်းစားလေ့ရှိပါပေသည်။

သုဘလုလင်....ဤသို့ ကောင်းမှု မကောင်းမှု ကုသိုလ် အကုသိုလ် အစရှိ သော တရားတို့ကို မြေးမြန်းစီစစ် လျှောက်ထားဆွေးနွေး စုံစမ်းလေ့ရှိသော အမျိုးကောင်း သားသမီးပုဂ္ဂိုလ်သည် ရှောင်ရမည့်တရား ပွါးများရမည့် တရားကို ပိုင်းခြားစွာသိပေသည်၊ သိသည့်အတိုင်း ရှောင်အပ် ပယ်အပ်သော တရားတို့ကို ရှောင်ခဲ့ ပယ်ခဲ့ပါပေသည်၊ ပွါးသင့် ပွါးထိုက်သော တရားတို့ကို ပွါးများအားထုတ်ပါပေသည်။

ထို့သို့ ပယ်သင့် သော တရားတို့ကို ပယ်ရှား ပို့ဆောင်သောတရားတို့ကို ပို့ဆောခဲ့ခြင်း တည်းဟူသော အကြောင်းကြောင့် ထိုအမျိုးကောင်းသား အမျိုးကောင်းသမီးသည် စုတိပြတ်ကြွေ သေလွန်သည်၌ နောက်ကာလဝယ် နတ်ရွာသုဂတိ၌ ပဋိသန္ဓေတည်နေကပ်ရောက်ရပါတော့သည်။

လူ့ပြည်လောက၌ ဘဝပဋိသန္ဓေ တည်နေရလျှင်လည်း သူမတူတန် ထက်သန်သော ပဋိဘာန် ဉာဏ်အမြင်နှင့် ပြည့်စုံပါတော့သည်။

သုဘလုလင်....ဤဆိုအပ်ပြီးသော အတိုင်း ကုသိုလ် အကုသိုလ် အစရှိသော တရားတို့ကို မေးမြန်းစီစစ် ထောက်လှမ်း ဆွေးနွေးစုံစမ်းခြင်းသည်ကား ဤလူ့ပြည်လောကဝယ် သူမတူတန် ပဋိဘာန် ဉာဏ်အမြင် ကြီးပွါးခြင်း၏ အကြောင်း,ပဋိဘာန် ဉာဏ်အမြင် တို့ကို ဖြစ်စေတတ်သည့် ကောင်းမြတ်သော အကျင့်ပဋိပတ် ဖြစ်ပါပေသည် ဟု သဗ္ဗညုမြတ်စွာဘုရားသည် သတ္တဝါတို့၏ ဉာဏ်ပညာ ကြီးပွါးခြင်းကို ဖြစ်စေတတ်သော ကုသိုလ်ကံ,ဉာဏ်ပညာ ခေါင်းပါးခြင်းကို ဖြစ်စေတတ်သော အကုသိုလ်ကံ ဤနှစ်တန်တို့ကို ဝေဘန်ခဲ့ခြားဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

စူဠကမ္မပိဘင်္သုတ် ပြီး၏

ကုန္ဒြိယဘာဝနာသုတ်

ပုစ္ဆာ။ ။ကုန္ဒြိယဘာဝနာသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ဂဇင်္ဂလာယံ ဘန္တေ ဥတ္တရံ နာမ မာဏဝံ ပါရာသိဝိယန္တေဝါသိံ အာရဗ္ဘ ဘာသိတံ၊ ဥတ္တရော ဘန္တေ မာဏဝေါ ပါရာသိဝိယန္တေဝါသီ ဘဂဝတာ ပုဋ္ဌော ဘဂဝန္တံ တေဒဝေါစ "ကုဓ ဘော ဂေါတမ စရ္ဟုနာ ရူပံ နု ပဿတိ၊သောတေန သဒ္ဒံ နု သုဏာတိ။ ဧဝံ ဧေါ ဘော ဂေါတမ ဒဿေတိ ပါရာသိဝိယော ဗြာဟ္မဏော သာဝကာနံ ကုန္ဒြိယဘာဝန"န္တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။မြတ်သော ဂုဏ္ဒြေတို့ကို ပွါးများကြောင်း ဘာဝနာကို ဟောရာ ဖြစ်သောကြောင့် ကုန္ဒြိယ ဘာဝနာ မည်သောသုတ္တန်တရားဒေသနာ တော်မြတ်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာ ဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အင္ဒုပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဂဇင်္ကလ နိုင်ုံးအရပ်ဝယ် ပါရာသိုဝိယပုဏ္ဏား၏ အနီးနေ အန္တေဝါသိက တပည့်ဖြစ်ပါသော ဥတ္တရလုလင်ကို အကြောင်းပြု၍ ဟောကြား တော်မူအပ်ပါသည်။

ပါရာသိုဝိယ ပုဏ္ဏား၏ အနီးနေ အန္တေဝါသိကတပည့် ဖြစ်သော ဥတ္တရ လုလင်သည် သဗ္ဗညုမြတ်စွာဘုရားထံမှောက်သို့ သွားရောက်၍ ဂမ်းမြောက် ဝမ်းသာ စကားပြောကြားပြီးလျှင် တင့်အပ်လျောက်ပတ်သောအရပ်၌ ထိုင်နေ ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဒေသေတိ ဥတ္တရ ပါရာသိုဝိယော ဗြာဟ္မဏော သာဝကာနံ ကုန္ဒြိယဘာဝနံ—

ဥတ္တရလုလင်....သင်တို့၏ ဆရာဖြစ်သော ပါရာသိုဝိယပုဏ္ဏားသည် မိမိ၏ တပည့်သား သာဝကတို့အား ဂုဏ္ဒြေတို့ကို ယဉ်ကျေးအောင် ဆုံးမပုံ ဂုဏ္ဒြေ တို့ကို ပွါးများပုံကို ဟောကြားပါသလော ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ ဥတ္တရလုလင်က အကျွန်ုပ်တို့၏ ဆရာဖြစ်သော ပါရာသိုဝိယ ပုဏ္ဏားသည် ဂုဏ္ဒြေတို့ကို ယဉ်ကျေးအောင် ဆုံးမပုံ ပွါးများပုံ ကုန္ဒြိယဘာဝနာ ကို ဟောကြားပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင် ဘယ်ပုံဘယ်ပန်း ဟောကြားပါသနည်း ဟု သဗ္ဗညုမြတ်စွာဘုရား တဆင့် မေးမြန်းတော်မူပြန် ပါသည်။

ထိုအခါ ဥတ္တရလုလင်သည် ဣဓ ဘော ဂေါတမ စက္ခုနာ ရူပံ န ပဿတိ သောတေန သဒ္ဒံ န သုဏာတိ-အစရှိသည်ဖြင့်—

အို အရှင်ကြီး ဂေါတမ....ဤလောက၌ တစုံတယောက်သော သူသည် မျက်စိဖြင့် အဆင်းရူပါရုံကို မကြည့်ရှု နားဖြင့် အသံ သဒ္ဒါရုံကို မကြားနာ ဤသို့လျှင် အကျွန်ုပ်တို့၏ ဆရာဖြစ်သော ပါရာသိုဝိယ ပုဏ္ဏားသည် စက္ခု

သောတတည်းဟူသော ဣန္ဒြေတို့ကို စောင့်စည်းပုံ ဣန္ဒြေတို့ကို ပွါးများပုံတို့ကို မျက်စိဖြင့် ရူပါရုံကို မကြည့်ရ၊ နားဖြင့် သဒ္ဒါရုံ အသံကို မကြားရဟူ၍ ဆိုးမဟောပြပါကြောင်း ပြန်ပြောင်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ဥတ္တရလုလင်....သင်၏ဆရာ ပါရာသိဝိယ ပုဏ္ဏား ပြောစကားအတိုင်းသာဆိုလျှင် မျက်စိဖြင့် ရူပါရုံကို မကြည့်ရုံမျှဖြင့် စက္ခုန္ဒြေကို ယဉ်ကျေးအောင် ဆုံးမပြီး ပွါးများပြီး ဖြစ်ခဲ့ပါလျှင် ပဋိသန္ဓေကပင် ကန်းခဲ့သော မျက်မမြင် သူကန်းသည် အဆင်းရူပါရုံကို မမြင်နိုင် မကြည့်ရူပါရကား စက္ခုန္ဒြေကို ပွါးများပြီးသား ဖြစ်လေရာ၏။

ပဋိသန္ဓေကပင် နားပင်းခဲ့သော ပုဂ္ဂိုလ်သည် နားဖြင့် သဒ္ဒါရုံကို မကြား နာရကား သင့်ဆရာ ပါရာသိဝိယ ပုဏ္ဏားပြောစကား အတိုင်းသာဆိုလျှင် ပဋိသန္ဓေကပင် နားပင်းခဲ့သော ပုဂ္ဂိုလ်သည် သောတိန္ဒြေကို ယဉ်ကျေးအောင် ဆုံးမခြင်း ပွါးများခြင်း ဣန္ဒြိယဘာဝနာကိုပွါးများပြီးသား ဖြစ်လေရာ၏ ဟူ၍ မိန့်ကြားတော်မူပါသည်။

ထိုအခါ ဥတ္တရလုလင်သည် ဆိတ်ဆိတ်သာ နေခဲ့ပါပေသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ရှင်အာနန္ဒာ မထေရ်သူမြတ်အား အညထာ ခေါ် အာနန္ဒ ဒေသေတိ ပါရာသိဝိယော ဗြာဟ္မဏော သာဝကာနံ ဣန္ဒြိယဘာဝနံ-အစရှိသည်ဖြင့်—

ချစ်သား အာနန္ဒာ....ပါရာသိဝိယ ပုဏ္ဏားသည် တရားဘဘောမှ တပါး သော အခြင်းအရာအားဖြင့် ဣန္ဒြိယဘာဝနာကို မိမိ၏ တပည့်သား သာဝက တို့အား ဟောပြနေပေသည်၊ ငါဘုရားတို့၏ အဆုံးအမ သဲဝါဒဖြစ်သော ဤသာသနာတော်၌ အတုမရှိ လွန်မြတ်သော ဣန္ဒြိယဘာဝနာကား တမျိုး တစား တခြားသာလျှင် ဖြစ်ပေသည် ဟု အရိပ်အမြွက်မျှ မိန့်ဟတော်မူလျှင် ရှင်အာနန္ဒာ မထေရ်သူမြတ်သည် ဧတဿ ဘဂဝါ ကာလော ဧတဿ သုဂတ ကာလော-အစရှိသည်ဖြင့်—

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ဣန္ဒြိယဘာဝနာ ဣန္ဒြေခြောက်ပါး တံခါးကြီး ခြောက်ပေါက်ကို လုံခြုံအောင် ဆုံးမပုံ,စောင့် စည်းပုံ,ပိတ်ဆို့ပုံ,ပွါးများပုံကို ဟောကြားတော်မူဘို့ရန် အချိန်အခါတန်ပါပြီ၊

သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူသည်ကို ရဟန်းတော်တို့သည်သင်ယူမှတ်သားကြပါကုန်လိမ့်မည် ဟု တောင်းပန်လျှောက်ထားခဲ့ပါသည်။

ထိုသို့ တောင်းပန်လျှောက်ထားသောအခါ ဣန္ဒြိယ ဘာဝနာတည်းဟူသော ပဌမကဏ္ဍ၊ သေက္ခပဋိပဒါတည်းဟူသော ဒုတိယကဏ္ဍ၊ အရိယဘာဝိတိန္ဒြိယ တည်းဟူသော တတိယကဏ္ဍ ဤအခန်း သုံးပိုင်းဖြင့် ဣန္ဒြိယဘာဝနာသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်သော အဋ္ဌုပ္ပတ်ကြောင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဣန္ဒြိယဘာဝနာသုတ် ပြီး၏

ဥပရိပဏ္ဏာသပါဠိတော် ပြီး၏

မဇ္ဈိမနိကာယ်အဓေးအစြေ ပြီးပြီ

